www.burmeseclassic.com

# မဟူရာ

(လှိုင်ကော်)

## အတိုင်းမသိ ချစ်မိသည့်ဝန်



NYI NYI

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**မဟူရာ**(လှိုင်ကော်)

အတိုင်းမသိချစ်မိသည့်ဝန်

ာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၁၆၀၄၀၇
က်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၄၃၀၅၀၇

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ၊
ဒုတိယအကြိမ်
တန်ဖိုး - ၃၀/-
အုပ်ရေ - ၅၀၀အုပ်

တ်ဝေသူ . . . ဦးကျော်လှိုင်(ဝ၃၈၈၇) စေတနာစာပေ
အမှတ်(၅၃)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၃)လမ်း၊ ရန်ကုန်။


ခြံလည်းကျယ် အပင်လည်းစုံ
ဥယျာဉ်လေးလည်းလှပကာ
မြက်ခင်းပြင်ကျယ်ပြန့်ပြန့်နှင့်
ကြည်နူးစရာ ဤခြံကျယ်ကြီးကို
ဖေဖေ မျက်စိကျကာ
လွန်ခဲ့သည့် အပတ်ကပဲ ဝယ်ခဲ့သည်၊
ဆင်ဝင်ကြီးကြီး အဟန့်ထည်ထည်နှင့်
အခန်းကို ကြီးလည်းကြီး
ထုထည်လည်း ကောင်းလွန်းလှပါသည့်
နှစ်ထပ်တိုက် ဖြူဖြူကြီးကို
ဖေဖေ နှစ်နှစ်သက်သက်လည်း ဖြစ်လှချေသည် . . .။



www.burmeseclassic.com

www.burmeseclassic.com

မောင်သာသိလေတဲ့ အချစ်များရယ်က
တနှင်းစရာ ဘယ်မှာမရှိနိုင်စွမ်းတာမို့
ဝန်ထုပ်ပမာ ရင်မှာဖိစီးကြချေရဲ့
ခင် ငုံကာ တစ်ချက်ကြည့်ရင်ဖြင့်
ယောက်ချင့်စွာ မြင်နိုင်လောက်ပါရဲ့
အတိုင်းမသိလေတဲ့
မောင့်ရဲ့ . . . ချစ်မိတဲ့ဝန်ကိုပါခင် . . .
ဩော် . . .
အတိုင်းမသိ ချစ်မိသည့်ဝန်ကိုပါ . . . ခင် . . .။ ။





## နိုင်ငံတော်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | နို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | နို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | နို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# မဟူရာ
## (လှိုင်ကော်)

## အတိုင်းမသိ ချစ်မိသည့်ဝန်



စီစဉ်သူ
မောင်ကျော်လှိုင်


စေတနာစာပေ

www.burmeseclassic.com


www.burmeseclassic.com











ဝိညာဉ်ခန္ဓာ ပျက်ကြွေသွားကာမှ
မြတ်နိုးစွာဝေယျက်ထားလေတဲ့
မောင့်အချစ်တွေ ယှဉ်တွဲစွာ ထွက်ခွာသွားချေမပေါ့
ယုံကြည်တော့ ချစ်တဲ့ခင် ...။

နွေးထွေးစွာ ဆုပ်ကိုင်ထားလေမလားရယ်လို့
ပေးကမ်းလာ မောင့်လက်ဖဝါးတွေကိုဖြင့်
လှမ်းလင့်လို့ ခင်မယူငင်
မတွယ်ငင် ခင်လေငြင်းချေတော
ပျက်ကြွေပေါ့ ဘဝအစဉ် ...။

မောင်သာ့သိလေတဲ့ အချစ်များရယ်က
တုန္နိုင်းစရာ ဘယ်မှာမရှိနိုင်စွမ်းတာမို့
ဝန်ထုပ်မှုပမာ ရင်မှာ ဖိစီးကြချေရဲ့
ခင်ငဲ့ကာ တစ်ချက်ကြည့်ရင်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထောက်ချင့်စွာ မြင်နိုင်လောက်ပါရဲ့


အတိုင်းမသိလေတဲ့

မောင့်ရဲ့ … ချစ်မိတဲ့ ဝန်ကိုပါခင် …။

ကြော် …

အတိုင်းမသိ ချစ်မိသည့်ဝန်ကိုပါ … ခင် … ။ ။

❤ ❤ ❤





မင်းရဲ့အကြောင်းတွေကို တွေးနေရတာလောက် ကြည်နူးအေးချမ်းစေတဲ့အရာ မရှိဘူး ထားထားတိုး။

မင်းဟာ ငါ့နှလုံးသားကို ပိုင်စိုးတဲ့ အင်ပါယာအရှင် သခင်မတစ်ပါးပါပဲ။

မင်းရဲ့ ဟန့်တားသံသဲ့သဲ့ဟာ ငါ့ရဲ့ ဖြစ်လိုတဲ့ဆန္ဒကို တန့်ရပ်သွားစေနိုင်စွမ်းသလို …။

မင်းရဲ့ တိုက်တွန်းသံဟာလည်း ငါ့ရဲ့ဆန္ဒနဲ့ ဆန့်ကျင်နေတဲ့အရာကို ဖြစ်မြောက်အောင် လုပ်ဆောင်စေနိုင်စွမ်းပါတယ် ထားထားတိုး။

ဒါပေမဲ့ …

မင်းကို ချစ်မြတ်နိုးမိ … စွဲလမ်းတမ်းမက်မိရပါတဲ့ ငါ့စိတ်ဆန္ဒကိုတော့ဖြင့် တန့်ရပ်ပယ်ဖျက်စေဖို့ကိုတော့ ဘယ်လိုမှ မင်း ဟန့်တားလို့ ရနိုင်မှာမဟုတ်ဘူး ထားထားတိုး။

မင်းကို ချစ်ရတဲ့စိတ်ဟာ ငါ့တစ်ကိုယ်လုံး သွေးကြောအနှံ့ စီးပျံ့လို့ … မင်းကို ချစ်ရတဲ့စိတ်နဲ့ ငါ့ဘဝဟာ တစ်သားတည်း ဖြစ်နေတယ်။

လူ့ဘဝခန္ဓာကို သက်ဝင်စေတဲ့ ဝိညာဉ်ဆိုတဲ့ အရာမှာ မင်းကို ချစ်တဲ့စိတ်တွေဟာ ကြိုးစိုးသက်ဝင်နေတာ။

www.burmeseclassic.com



ငါ့ဘ၀ဝိညာဉ်ခန္ဓာ ပျက်ကြွေသွားခါမှ အဲဒီအချစ်ဟာ ငါနဲ့ အတူ လူ့လောကကြီးထဲက ထွက်ခွာသွားမှာပါ ထားထားတိုး။

မင်းကို ဘယ်လိုမှ မစွန့်လွှတ်နိုင်တဲ့ … မခွဲခွာနိုင်တဲ့ ငါ့ချစ်စိတ်ဟာ မင်းကို ဆုံးရှုံးခံလိုက်ရမှာကို ချောက်ချောက်ချားချား ဖြစ်နေရတယ်။

ဘာလို့ဆို …

မင်းဟာ ငါကသာ ချစ်မိရတဲ့သူ …။

မင်းဆီက အချစ်ကို တောင့်တောင့်တတ တမ်းတမ်းမက်မက် မျှော်လင့်စွာ၊ အို … မျှော်လင့်ခြင်းမက မျှော်လင့်နေမိတဲ့သူကိုး။

မင်းရဲ့ ငြင်းပယ်မှုတွေကို ငါ ချောက်ချားစွာ လက်ခံနေရလေ … မင်းကို ချစ်မိတဲ့စိတ်တွေရဲ့ ဖိစီးညှဉ်းပန်းမှုတွေဟာ ဝန်ပိခြင်းမက ငါ့ကိုယ်အနံ့ ဖြစ်တည်လာရလေပါ။

မင်းကို အတိုင်းအဆမဲ့ … အတိုင်းမသိ ချစ်ရပါတဲ့ အချစ်တွေကြောင့် မင်းကို ငါ ချစ်နေမိခြင်းဟာ …

အတိုင်းမသိ ချစ်မိသည့်ဝန်အဖြစ် ငါ့ကို ဖိစီးနေကြပြီ ထားထားတိုး။

ငါဟာ မင်းရဲ့အချစ်ကို … မင်းကို .. ပိုင်ဆိုင်နိုင်ဖို့အတွက် အရာရာကို ပေးဆက်ရဲသူ ဖြစ်လာတယ်။

လုပ်ဆောင်ရဲသူလည်း ဖြစ်လာတယ်။

ဆင်ခြင်တုံတရားတွေ တစ်ခါတစ်ခါ လွင့်လွင့်စဉ်စဉ် ဖြစ်လာတတ်တယ်။ ငါဟာ ငါ့အချစ်ရဲ့ စေစားမှုအောက်



မှာ ပြားပြားဝပ် ရှုံးနှင့်နေရတဲ့ လူတစ်ယောက်ဖြစ်ခြင်းမက ဖြစ်လာတယ်။

ငါ့ရင်ထဲက နူးညံ့သိမ့်မွေ့နေတဲ့ အချစ်ဟာ မုန်တိုင်းလိုရင်မှာ မွေလာတယ်။ အဲဒါ ဘာကြောင့်လဲ သိလား။

ငါ့နှလုံးသားကို မမြင်တတ်၊ မသိနိုင်လွန်းပါတဲ့ မင်း သိရဲ့လား။

အတိုင်းမသိ ချစ်မိသည့်ဝန် ကြောင့်ပါ ထားထားတိုး။

အတိုင်းမသိ ချစ်မိသည့်ဝန်ကြောင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

သိရီမြိုင်သို့ သူတို့မိသားစု ပြောင်းလာရသည့် ရက်တွင်၊ ပထမဆုံး စိတ်အဝင်စားကြီး ဝင်စားမိသည်က တစ်ဖက်ခြံမှ အိမ်အိုကြီးကိုပါ။

ဆယ့်လေးနှစ် အရွယ်မို့ အိမ်မှာ သူ့ကို ကလေးလိုပဲ အားလုံးသဘောပိုက်ထားကြသည်။

အိမ်မှာ ထားသိုနေရာချသည့် ကိစ္စတိုင်းမှာ ဘယ်အရာကိုမှ သူ ဝင်ပါခွင့်မရ။

မေမေက လှမ်းတားလိုက်။

လေးလေးဖေက လှမ်းဟန့်လိုက်။

အန်ကယ်ဂျက်က လက်ကာပြလိုက်နှင့် သူ့မှာ ဘေးထွက် ထိုင်ကြည့်နေရသည့်အဖြစ်။

"ဟော ... မိုးလေး ဆာပြီလား"

မီးဖိုဘက်ဝင်လာတော့ မီးဖိုမှာ ချွေးတစ်လုံးလုံးနှင့် ချက်ပြုတ်နေသည့် ဒေါ်ကြီးအိက ပါးဖောင်းဖောင်းတွေ ပိုမို့တက်



လာအောင်ရယ်ရင်း မေးတော့ သူ ခေါင်းခါသည်။ ထိုင်ခုံပုလေးမှာ ထိုင်ချရင်းမှ ...

"မိတူးရော၊ လေးလေးဖေရော၊ အန်ကယ်ဂျက်ရော၊ မေမေရော ဧည့်ခန်းထဲမှာ ပစ္စည်းတွေ နေရာချရင်း အလုပ်များနေကြတာ ဒေါ်ကြီးရဲ့၊ မိုးကိုကျတော့ ဘာမှ ပေးမလုပ်ဘူး၊ ထိမိမယ် ခိုက်မိမယ် ကျကွဲမယ်နဲ့ လှမ်းတားနေကြတာပဲ၊ ကဲ ... မိုး မီးဖိုမှာ လုပ်ကူမယ်"

ဟု ပြောလည်းပြော။ ကြက်သွန်လှီးဓားကို ကောက်ကိုင်ကာ ဂေါ်ဖီထုပ်ကို ရှေ့မှာယူချလိုက်ကာနှင့် ဒေါ်ကြီးအိ မျက်လုံးဝိုင်းဝိုင်းလေးတွေ ပိုဝိုင်းကျသွားအောင် ပြူးကြည့်မိလျက်မှ လက်တကာကာနှင့် ...

"အလိုတော် လက်ချောင်းပါ အဆစ်ပါသွားပါ့မယ် မိုးရယ်၊ မီးဖိုချောင်အလုပ်ဆိုတာ မိန်းမတွေ အလုပ်ကွယ့်၊ သွား ... သွား ... ခြံထဲမှာ ရန်လုံနဲ့ သွားဆော့ချေ"

ဟု ပြောလည်းပြော။ သူ့လက်ထဲမှ ဓားကို ချော့ပြီးနှင့် လှမ်းယူသိမ်းတော့ မျက်မှောင်ကုတ်ကျရင်းမှ ...

"မိုးကို ခွေးနဲ့ပဲ အတူနေခိုင်းနေတာပဲ၊ ခွေးနဲ့ သူငယ်ချင်းလုပ်ဆော့၊ ခွေးနဲ့ပြေး၊ ဒါပဲ လုပ်နေရတာ၊ ကြာရင် မိုးနားရွက်တွေကုပ်ပြီး အစွယ်ထွက် အမြီးပေါက်မယ်"

ဟု ဂျစ်တူးသံနှင့် ပြောတော့ ဒေါ်ကြီးအိ မျက်စိပေါက်ပိတ်အောင်ရယ်သည်။

သူ့နားရွက်လေးတွေကို လှမ်း၍ ချစ်စနိုးကိုင်ကြည့်ရင်းမှ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ အမွေးလေးတွေတောင် အညိုရောင် ဖွားဖွား လေးတွေ ထွက်လာသလိုပဲ"

ဟုဆက်စ,နေတော့ သူ ထရပ်သည်။

ဒူးဆစ်အုပ်ဘောင်းဘီ အညိုစင်းပါသော မီးခိုးရောင် ချည်ထည်အထူစား ပွပွကြီးနှင့် အညိုရောင် ချည်ထည်ရှပ်လက်တိုလေးကို ဝတ်ထားသည့် ပုံစံဖြင့် မျက်မှောင်လေး ကုပ်ကျနေသော တင်မိုးညိုကို ခေါင်းလေးပွတ်၍ ကလေးတစ်ယောက်လိုပဲ ဒေါ်ကြီးအိ ရယ်နေသည်။

"သွားမယ် ဒေါ်ကြီးရာ၊ မိုး လုပ်ကူပေးချင်တာကို ဘယ်သူမှ ပေးမလုပ်ကြဘူး၊ မိုးက လူပျော့ လူညံ့ ကျနေတာပဲ၊ မိတူးတောင် လုပ်ကိုင်တတ်တဲ့ ဥစ္စာ၊ မိုးက မိတူးထက်တောင် သုံးလကြီးသေးတယ်၊ ဘာလို့ မလုပ်တတ်ရမှာလဲ"

ဟု မျက်နှာညိုညိုနှင့်ပြောတော့ ဒေါ်ကြီးအိ လက်ကာရင်းမှ ...

"လူကြီးလေးပါတော် ... လူကြီးလေးပါ၊ ဟုတ်ပါသတဲ့၊ ဒါပေမဲ့ ဒီလူကြီးလေးရဲ့ ဖေဖေက ဒီလူကြီးလေးကို အရမ်းချစ်၊ ထိမိခိုက်မိမှာ စိုးရိမ်နဲ့ သည်းသည်းလှုပ်နေတာကိုကျတော့ သတိထားဦးမှပေါ့ လူကြီးလေးရယ်၊ ရှင့်လက် ဓားထိရင် မေးခိုင်ပိုးဝင်မှာ ကြောက်တာနဲ့၊ ကျုပ် မပြောပြတတ်တဲ့ ရောဂါတွေဝင်ပြီး လက်ချောင်းတွေ အသားပုပ်တယ်ဆိုလား ဘာလား ဖြစ်မှာကြောက်ရတာနဲ့ ကျုပ်က လူကြီးလေးရဲ့ ဖေဖေကို ကြောက်ရတာဆိုတော့



ထိခိုက်ရှနာဖြစ်မယ့်ကိစ္စ အားလုံးကို ကြိုကြိုတင်တင် ကာဗာလုပ်ထားရတာပါတော်"

ဟု ပြောတော့ သူ စိတ်အိုက်ရသည်ပါပဲ။

ဖေဖေက သည်လိုပါပဲ။ ဓားထိမှာလည်း အရမ်းစိုးရိမ်သည်။ ကျိုးပဲ့မှာလည်း အရမ်းစိတ်ပူသည်။ ဒေါ်ကြီးတို့ကိုလည်း ဖေဖေ သင်ပေးထားသည်။ မီးဖိုထဲ သူ့ဝင်ကူတာမျိုး ပေးမလုပ်ဖို့။

ဘာထူးသည်လဲ။ ခြံထဲယျာဉ်ထဲမှာ ပန်းစို[illegible] ဘာမျိုးလည်း မလုပ်ရ။

ခြေထောက် ပေါက်ပြားထိမည်တဲ့။

ပညာတတ်ဖို့ အရေးကြီးသည်တဲ့။

ဖေဖေ့လက်ငုပ်လက်ရင်း စီးပွားရေးကို ဇောက်ချ၍ လုပ်ကိုင်နိုင်မည် လူတော်တစ်ယောက်ဖြစ်ဖို့ပဲ အရေးကြီးသည်တဲ့။

သစ်ပင်ပန်းပင်စိုက်တာ လူငှား၍ ရသည်တဲ့။

စီးပွားရေး အမြင်ကျယ်ဖို့။ လူတော်ဖြစ်ဖို့ဆိုတာက မိမိဘာသာ ကြိုးစားရမည်တဲ့။

ညတိုင်း ဖေဖေ့ကို မေမေနှင့်အတူ ကန်တော့တိုင်း ဤစကားမျိုးကို ဖေဖေ ပြောတတ်။ ဆုံးမတတ်သည်။

ကျောင်းစာတွေပဲကျက်။ ဖေဖေ့လုပ်ငန်းတွေကို ဖေဖေ ခေါ်သည့်အခါ လိုက်သွား၍ကြည့်။ ဖေဖေ့အတွက်က ဖေဖေ့ကုမ္ပဏီနှင့် [illegible] ကို ငယ်စဉ်ကတည်းက စိမ်းမနေဖို့ ဖြစ်နေသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်တယ် ဒေါ်ကြီးရာ .. အိမ်မှာ မိုးက အလကား မနေချင်လို့ ကြုံသလို လုပ်ကိုင်ကူချင်သမျှ .. ဘာမှကိုမ လုပ်ရတော့တာ စိတ်ညစ်တယ်ဗျာ .. သားက ... ကလေး ပဲ ... လူကြီးတွေကို လုပ်ကိုင်ကူတော့ ကသိုလ်တောင် ရသေး .."

ဟု ပြောစဉ်ခိုက် ဒေါ်ကြီးအိ ရယ်ရင်းမှ ...

"ဟော .. လူကြီးလေးက ခုတော့ ကလေးဖြစ်သွားပြန်ပြီ .."

ဟု လက်ညှိုးတုတ်တုတ်နှင့် ချစ်စနိုးလေးလှမ်း၍ နဖူးကို တို့ထိရင်းပြောတော့ သူ ခေါင်းခါ၍ ညှော်ခန်းသို့ ပြန် ထွက်ခဲ့သည်။

တယ်လီဖုန်း မြည်လာတာမို့ ...

"ဟယ်လို .. သိရှိမြိုင်ကပါ ခင်ဗျာ .."

"သားမိုးလား .. ဖေဖေပါ .. သားမေမေကို ပြောလိုက် .. အိမ်အလုပြင်တာတို့ .. ပစ္စည်းထားသို ခင်းကျင်းတာတို့ကို လုပ်ပေးဖို့ ရွှေအိမ်စည်အိမ်အလှပြုပြင်နေရာချထားရေးလုပ် ငန်းက ဒေါ်တင်နိုင်နဲ့ အလုပ်သမားတွေ ရောက်လာကြ လိမ့်မယ်လို့ .. ဖေဖေ လွှတ်လိုက်ပြီ .. သားမေမေ မေ့ နေပြီ မဟုတ်လား .. သူတို့လာတဲ့အထိ ငြိမ်ငြိမ်သက်သက် ပဲ အိမ်မှာအနားယူရင်း စောင့်ပါလို့ပြော .. သားမေမေ လုပ်ကိုင်နေမှာ ဖေဖေ သိတယ် .."

"ဟုတ်ကဲ့ ဖေဖေ၊ မိုး ပြောလိုက်ပါ့မယ်"

"အေး ... ကုမ္ပဏီမှာ အစည်းအဝေး ရှိနေလို့ ဖေဖေ ရောက်မလာနိုင်သေးတာ၊ ဒီနေ့ကို အိမ်ပြောင်းဖို့ ရက်



ကောင်းရက်မြတ်ဆိုပြီး သား မေမေ ဘယ်မှာ သွားတွက် ချက်လာတယ် မသိပါဘူး သားရယ်၊ ဖြန်းစားကြီး ဒီရက် ပြောင်းမယ် ဖြစ်သွားတာ၊ အစည်းအဝေးက ဒီမှာလုပ်ဖို့ ရှိထားပြီးပြီဆိုတော့ ဖေဖေ ရှိမနေနိုင်တော့ဘူးလေ၊ အိမ် မှာ အလုပ်ရှုပ်နေတယ် မဟုတ်လား၊ သား မေမေကို ငြိမ် နိုင်းထား ဒါပဲ"

ဟု ဖေဖေ ပြောပြီး ဖုန်းချသွားတာမို့ သူ တယ်လီ ဖုန်းကို ပြန်၍ ချထားခဲ့ကာ မေမေ့ထံသို့ လျှောက်ခဲ့ရသည်ပါ ပဲ။

သားမယား အပေါ်မှာ ဖေဖေ ချစ်ပုံက အရမ်းကို ဘဝန်တော့။ အရမ်းကိုလည်း သည်းသည်းလှုပ်သည်ပါပဲ။

အိမ်ဟောင်းနေရာမှ ပို၍ ခြံလည်းကျယ်။ အပင် ည်းစုံ။ ဥယျာဉ်လေးလည်း လှပကာ မြက်ခင်းကျယ်ပြန့်ပြန့် ကြည်နူးစရာ ဤခြံကျယ်ကြီးကို ဖေဖေ မျက်စိကျကာ လွန် သည့် အပတ်ကပဲ ဝယ်ခဲ့သည်။

ဆင်ဝင်ကြီးကြီး၊ အဟန့်ထည်ထည်နှင့် အရမ်းကို လည်းကြီး၊ ထုထည်လည်း ကောင်းလွန်းလှပါသည့် နှစ်ထပ် တိုက် ဖြူဖြူကြီးကို ဖေဖေ နှစ်နှစ်သက်သက်လည်း ဖြစ်လှချေ သည်။

မေမေက ဤသို့ပဲ သူ့ကို ပြောပြခဲ့သည်လေ။

ယခုလည်း အိမ်ကြီးနှင့် အခန်းတွေမှာ ထားသိုနေ ရာချို့ ပစ္စည်းတွေကို နေသားတကျနှင့် အားလုံး ဖြစ်သွားစေဖို့ စီစဉ်လိုက်ပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ရွှေအိမ်စည်က ဒေါ်တင်တင်ခိုင်နဲ့ အဖွဲ့သားတွေ ရောက်လာမယ်တဲ့ မေမေ ဖေဖေပြောတယ်၊ မေမေ ဘာမှ မလုပ်ပါနဲ့တဲ့၊ ပင်ပန်းမှာစိုးလို့တဲ့"

ဟု ပြောခိုက် မေမေ ကျွတ်ခနဲ စုတ်သပ်ရင်း ...

"မေမေ လုပ်ကိုင်တတ်ပါတယ် သားမိုးရယ်၊ ကိုကိုက တော့လေ လုပ်ပြန်ပါပြီ .. မလိုပါဘူးလို့ မေမေ မနေ့ညက တည်းက အိမ်ဟောင်းမှာ ခြံထဲဆင်းလျှောက်တုန်း ပြောခဲ့ ရက်နဲ့"

ဟု ပြောနေခိုက် သူ ပြုံးကာ အိမ်ပေါ်မှ ခြံထဲသို့ ဆင်းခဲ့ပါ၏။

ဘာပဲဖြစ်ဖြစ်။ ရင်ထဲမှာ ကျေနပ်သလိုတော့ရှိသည်။ သူ့ကိုကျတော့ မေမေက ဘာမှ ပေးမလုပ်ချင် ..။ ဖေဖေက မေမေ့ကို ပေးမလုပ်တာကိုကျတော့ စိတ်ညစ်နေပြီ။

ဘာပဲဖြစ်ဖြစ် ခုတော့ ကြမ်းတွေ ရေနှင့်ဆေးချ နေသည့် အန်ကယ်ဂျက်လည်း ရေပတ်တိုက်သည့် အဝတ်နှင့် ပလတ်စတစ်ပုံးပြာကြီးကို ဆွဲ၍ ခြံထဲဆင်းသွားရပြီ။ ဆိုဖာတွေ နေရာချဖို့ ပြင်နေသည့် လေးလေးဖေလည်း ဆေးပေါ့လိပ်ခဲကာ နောက်ဖေးဘက် ရောက်သွားရပြီ။

မေမေကျတော့လည်း ကြိမ်ကုလားထိုင်ဝိုင်းကြီးမှာ ခြေပစ်လက်ပစ် ထိုင်ချရင်း ရွှေအိမ်စည်မှ ဒေါ်တင်တင်ခိုင်တို့ကို ထိုင်မျှော်ရင်း ကျန်ခဲ့ရပြီ။

ဖေဖေ့ ဩဇာကိုတော့ ဘယ်သူမှ မလွန်နိုင်ဆန်နိုင်ဘဲ လေ။



"အိမ်မှာ ကိုမြင့်ဖေတို့၊ ဂျက်တို့၊ မိတူးတို့ ရှိရက်နဲ့ကွယ်၊ အလကား မေမေဖြင့် ညှဲ့ရာကိုကျရော၊ မိန်းမဖြစ်ပြီး မလုပ်တတ်တဲ့အတိုင်းဖြစ်ရော"

ဟု မေမေ ညည်းတာကိုတော့ သူ ကြားဖြစ်အောင် ကြားခဲ့ရသေးသည့်အဖြစ်။

ခြံထဲရောက်တော့ ပိတောက်ပင် မြင့်မြင့်ကြီးမှာ ပိတောက်တွေ ပြည့်သိပ်အောင် ဖူးနေကြတာ ဦးစွာ သူသတိထား မိသည်။

သင်္ကြန်မိုးနှင့်အတူ ပိတောက်တွေ ပွင့်ကြချေမည် ထင့်။ ခုတော့ ပိတောက်ဦးတို့ ညွတ်ပြည့်မိုးစွာ ပင်လုံးပြည့်ဖူး နေကြသည့်အဖြစ်။

ခြံစည်းရိုးသစ်သားတန်းက အောက်ခြေမှာ အုတ် တစ်ဝက်ကာပြီးမှ အပေါ်မှာ သစ်သားတန်းရိုက်ထားသည့်အသွင်။ ဇာစ်ဖက်ခြံကြီးကို သူ လှမ်းမြင်နေရသည်မို့ ဘာရယ်မဟုတ်။

ပိတောက်ပင် မြင့်မြင့်ကြီး၏ ပင်စည်ကိုမှီ၍ လက် ပိုက်ရပ်ရင်း ခြံကျယ်ကြီးဘက် ခပ်ငေးငေး ကြည့်မိသည်။

ပထမဆုံး သတိထားအာရုံစိုက်လိုက်မိသည်က အိမ် အိုကြီးကိုပါ။

နည်းသည့်အိမ်ကြီးမဟုတ်။ နှစ်ထပ်အိမ်ကြီး။ ဒါပေမဲ့ သစ်သားအကာတွေက ဟောင်းအိုခြင်း၏ သရုပ်ကို ထင်ရှားစွာ ရှိနေစေသည့်အဖြစ်။ ရေနံရည်ဝနေသည်ကတော့အမှန်။ မှန်ပြောင်း ပေါက်တွေက အများစုမှာ ပိတ်ထားသည်။ မှန်တံခါးရွက်တွေ ပြတင်းတွေမှာ ခန်းဆီးစပြာပြာတွေ ချထား၏။

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှာ အပင်ကြီးတွေလည်း ရှိသည်။ အိမ်ရှေ့မှာ ပန်းဥယျာဉ်လည်းရှိသည်။ ပန်းတွေကတော့ အိမ်အိုကြီးနှင့် ဆန့်ကျင်စွာ နုနုထွေးထွေးနှင့် သစ်လန်းစွာ ဖူးပွင့်လို့ဝေနေကြသည်ပါပဲ။

အိမ်အိုကြီးနှင့် ဥယျာဉ်ပျိုသည် ဆန့်ကျင်ဘက်။

ရှေးဟောင်းအိမ်ကြီးအသွင်ဖြင့် ဆင်ဝင်လို နေရာမှာ အပေါ်မှ ကျယ်လွန့်သော အထပ်တစ်ထပ် ရှိနေပြီး လသာဆောင်သဘောလို မျက်နှာစာမှာ ရှိနေ၏။

ဂမုန်းပင်တွေဟု ထင်ရသော မြေစိုက်အိုးကြီးတွေကို ခုံတွေထက်မှာ တင်ထားသည်။

ထိုလသာဆောင်၏ ထောင့်နေရာတွေမှာ ဂမုန်းအိုးတွေကို လှမ်းလင့်တွေ့မြင်နေရသည်ပါပဲ။ အရွက်ကြီးကြီးနှင့် စိမ်းစိမ်းဖားဖားကြီးတွေ ရှိနေသည့် ထိုအပင်ကြီးတွေက သန်စွမ်းလွန်းနေကြတာ အမှန်ပင်။ သူ့နေရာမှ လှမ်းမြင်နေရသည်ပဲ။

ဒေါ်ကြီးအိ ဆိုလျှင်ဖြင့် ဘာဂမုန်းဆိုတာကို ပြောနိုင်လိမ့်မည်။

ဆင်ဝင်အောက်မှာက အပြာနုရောင် ဖောက်ဝက်ဝွန်လိပ်ခုံးပုံ ကားတစ်စီး ရပ်ထား၏။ တစ်အိမ်လုံးကလည်း တိတ်ဆိတ်လွန်းနေသည်။

ထိုအခိုက်မှာပဲ အိမ်ကြီးဆီမှ ကောင်မလေးတစ်ယောက် ထွက်လာတာကို သူ မြင်သည်။

အဖြူရောင် ဂါဝန်ရှည်ရှည်ကြီးကို ဝတ်ထားသည့် ကောင်မလေးက အရမ်းကို အသားဖြူသည်။



ဆံပင်ကလည်း တကယ့်ကို အရှည်ကြီး။ ခေါင်းလျှော်ထားသည့်ထင့်။ ဖားလျားချထားခဲ့သည်ပဲ။

ကောင်မလေးက ဆင်ဝင်အောက်မှနေ၍ သူတို့ခြံဘက်ကို လျှောက်လာနေသည်။

ကောင်မလေး၏ ရင်ခွင်ထဲမှာ အဝါရောင် အရာလေးတစ်ခုပါလာ၏။

ကြောင်ဝါလေး။ တဖြည်းဖြည်း နီးလာလေ။ ကြောင်အဝါလေးမှန်း ပို၍ ထင်ရှားလာရလေ။ ကောင်မလေးက ကြောင်လေးကို ငုံ့ကြည့်ရင်း တစ်ခုခု ချစ်စနိုးပြောဆိုလာနေပုံရ၏။

တိတ်ဆိတ်စွာပဲ သူ ပိတောက်ပင်စည်ကြီးကို မှီရပ်ရင်း ကောင်မလေးကိုပဲ ငေးကြည့်နေမိရဆဲ။

အရမ်းကို အသားဖြူသည့် ကောင်မလေး။

ပိုးဂါဝန်ရှည်နွဲ့နွဲ့သည် ကောင်မလေးနှင့် အရမ်းလိုက်နေသည်ဟု သူ ထင်သည်။

နက်မှောင်သော ဆံနွယ်များကို ဖဲစည်းကြိုးအဖြူရောင်လေးဖြင့် အပေါ်မှ အုပ်စည်းထားကာ ဆံနွယ်နက်နက်ရှည်ရှည်ကြီးများကို ဖားလျားလေးချထားသည်။

နီးလာမှ နှုတ်ခမ်းလေးတွေ သဘာဝ အသွေးဖြင့် နီးထွေးစို့လဲ့နေတာ။ မျက်ခုံးထူထူလေးတွေက နက်မှောင်လျက်အေး ကွေးခုံးခုံး ရှိနေတာ။

သွယ်နွဲ့နွဲ့နှင့် ဂါဝန်ရှည်ကြီးဖြင့် ကြောင်ဝါလေးကို ပိုက်၍ စကားတွေ ငုံ့ပြောနေသည့် ကောင်မလေး၏အသွင်သေးမှာ ပုံပြင်ထဲမှ ဘုရင့်သမီးတော်လေးနှင့်တူနေတာ။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို သူ ပို၍ မြင်မြင်လာနေမိရ၊ ပို၍ တွေး တွေးလာနေမိသည့်အဖြစ်။

"ရွှေဝါ ဒီမှာပဲနေ၊ သရက်သီးတွေ ကောက်မလို့၊ နင် မဆော့နဲ့နော်၊ ဟုတ်လား"

အသံကလည်း ကြည်ကြည်လင်လင်လေး။ သူ ပထမဆုံး ဤကောင်မလေး၏ အသံကို ကြားလိုက်ရစဉ်ခိုက်။ မာထန်သလိုလေးနှင့် ခပ်ဟန့်ဟန့်လေး ပြောနေသည့် ကောင်မလေးကို သဘောကျမိသည်။ ကောင်မလေးကို ကြည့်ရတာ၊ ကြောင်လေးနှင့်ပဲ အဖော်လုပ်နေရပုံရသည်။ ကြောင်ကို အမိန့်ပေးသလိုလေး ခပ်ဟန့်ဟန့်ပြောနေပုံက လူတစ်ယောက်ကို ပြောနေသည့်ဟန်မျိုးလေး။ ဒါကို သူ နှစ်နှစ်သက်သက် ဖြစ်သွားရသည်။ သဘောကျစွာလည်း ပြုံးမိသွားရသည်ပါပဲ။

"ငါနဲ့ ဘဝတူပဲ ထင်ပါရဲ့၊ ငါက ခွေးနဲ့ဆော့၊ သူက ကြောင်နဲ့ဆော့"

ဟု တွေးကာ တိတ်ဆိတ်စွာပဲ ကောင်မလေးကို သူ ငေးစိုက်ကြည့်နေမိရဆဲ။

ခြံစည်းရိုးခြားလျက် မလှမ်းမကမ်းမှာ ကောင်မလေး သရက်ပင်အောက်မှာ ထိုင်လျက် သရက်ကင်းကြွေများကို ကောက်နေသည်။ ဆံပင်ရှည်နွဲ့နွဲ့သည် မြေပြင်ထက်မှာ ဝေ့ဝိုက်ထင်နေသည့်အဖြစ်။

ကောင်မလေးကို ကြည့်နေရသည်မှာ နုနုနယ်နယ် နိုင်လွန်းသည်။ ကြောင်ဝါလေးကလည်း သခင်မလေး၏ ဘေးမှာ ပထမပိုင်းတော့ ငြိမ်ထိုင်နေ၏။



နောက်တော့ ညောင်ခနဲ အော်ရင်းမှ သူ့ခြံဘက်ကို ခြံစည်းကျော်ရင်း ကူးလာသည်။ ခပ်လှမ်းလှမ်းမှာ ရှိနေသည့် မြက်ခင်းထက်မှ စာကလေးအုပ်ကို မြင်ရ၍ဆိုတာ သူနားလည် မိရပါ၏။

"ရွှေဝါ ... လာခဲ့ ... လာခဲ့"

ဟု ကောင်မလေး လှမ်းခေါ်ကာ ...

"မီမီမီ ... မီမီ"

နှင့် ခေါ်နေရင်းမှ ခြံစည်းရိုးဘက် နီးလာတော့မှ သူ့ကို ကောင်မလေး ပထမစ,မြင်သည်။

သူ ပြုံးပြတော့ ပြန်မပြုံးပြဘဲ အလောတကြီးနှင့် ရွှေဝါကို လှမ်းကြည့်ရင်းမှ ...

"ရွှေဝါ ... ရွှေဝါ"

ဟု ခေါ်နိုက်မှာပဲ မမျှော်လင့်တာ ဖြစ်လာရပါပြီ။

ဘယ်ချောင်က ချောင်းနေသည်မသိ။ ဝေါင်းခနဲ ဟိန်းဟောက်ရင်းမှ ရန်လို လွှားခနဲ ရွှေဝါကို လှမ်းခုန်အုပ်လိုက်ခြင်းပါ။

စာကလေး တစ်အုပ်၏ လန့်ပျံသွားရင်းမှ ကျိကျိကျာကျာ ကြောက်လန့်စွာ အော်သံလေးများ၊ ရွှေဝါ၏ လန့်အော်သံ။

"အမယ်လေး ... ရွှေဝါ သေပါပြီ၊ ဟဲ့ခွေး ... ဟဲ့ခွေး"

"ရန်လို ... ရပ် ... ရပ် ... ရပ်စမ်း၊ မလုပ်နဲ့ ... မလုပ်နဲ့ဆို မရဘူးလား"

ဟု သူ့အော်သံ။ ကောင်မလေး၏ ကြောက်လန့်အကြား ခွေးကို မောင်းနေသံ။

www.burmeseclassic.com

www.burmeseclassic.com



ရန်လုံ၏ကုပ်ကို သူ့လက်တွေ လှမ်းဆွဲလိုက်မိရပါ၏။ ရှုပ်ထွေးနေသည်ကတော့ သူတို့နှစ်ယောက်နှင့် ခွေးတစ်ကောင် ... ကြောင်တစ်ကောင်၏အဖြစ်။

ရွှေဝါ၏ ကိုယ်လေးက မလှုပ်နိုင်သလို ငြိမ်နေသည်။ နောက် ... ပေါင်နေရာမှာ သွေးတွေစို့နေ၏။

ရန်လုံ ကိုက်ပစ်လိုက်ပြီဆိုတာ သူ စိတ်မကောင်းစွာ သိလိုက်ရပါပြီ။

အဝါရောင် မျက်လုံးလေးများ ဝိုင်းပြူးနေလျက် သနားစရာလေး မော့ကြည့်ရင်းမှ ချောက်ချားဟန်ဖြင့် အော်လိုက်သည့် ရွှေဝါ၏အသံ။

နာကျင်စွာ အော်ညည်းသံလေးကိုလည်း သူ ကြားနေရသည်။

ရွှေဝါကို သူ ညင်ညင်သာသာ ပွေ့ယူပြီးမှ ဘောင်းဘီအိတ်ကပ်တွင်းမှ လက်ကိုင်ပဝါကို သူ ထုတ်ကာ ရွှေဝါ့ပေါင်လေးကို ပတ်စည်းပေးမိပါ၏။ ကြောင်၏ခေါင်းကိုလည်း ညင်ညင်သာသာ ပွတ်ပေးသည်။ သူ ပွေ့ယူခါစက ကြောက်ကြောက်နှင့် ရွှေဝါ တစ်ချက် သူ့လက်မောင်းကို ကုတ်ခြစ်ပစ်လိုက်သေးတာမို့ လက်မောင်းမှာ စပ်နာနေရသည်ပါပဲ။

"ယူလာပါဦး ... ယူလာပါဦး၊ ရွှေဝါ သေသွားပြီလားဟင်"

ဟု ပြောနေသံကြောင့် သူ လှမ်းကြည့်မိတော့ ခြံစည်းရိုး သစ်သားတန်းကို ကိုင်ထားရင်းမှ မျက်ရည်များ ဝိုင်းလည်နေလျက် ငိုမလို ဖြစ်နေသည့် ကောင်မလေး။



ခြံစည်းရိုး အောက်ခြေဘက် အုတ်တံတိုင်း နေရာမှာ ကောင်မလေး၏ ခြေဖဝါးလေးတွေ ရောက်နေလျက် လက်ချောင်းဖွေးဖွေးလေးတွေက သစ်သားတန်းကို ဆုပ်ကိုင်ထားသည်။

"မသေပါဘူး၊ သူ အော်နေတယ်လေ၊ မကြားဘူးလား"

ဟု ကြောင်လေး ညည်းနေသံကို သတိထားမိအောင် ကောင်မလေးကို သူ ပြောတော့ တအိအိ ပြိုကျလာနေပြီဖြစ်သည့် မျက်ရည်တွေကို သုတ်ပစ်ရင်းမှ ...

"ပေး ... ပေး ... ရွှေဝါ့ကိုပေး"

ဟု ပြောနေတာမို့ သူ ခြံစည်းရိုးကိုကျော်၍ လှမ်းပေးရင်းမှ ...

"အရင်ဆုံး ခြံစည်းထိုး အုတ်တံတိုင်းက ဆင်းဦးလေ၊ ပြုတ်ကျနေဦးမယ်"

ဟု ပြောတော့မှ အုတ်တံတိုင်းလေးထက်မှာ ရပ်ရင်း ခြံစည်းရိုးတန်းကို ကိုင်ထားသည့် အဖြစ်ကို သတိထားမိပုံဖြင့် ကောင်မလေး ချက်ချင်းဆင်းသည်။

ကြောင်လေးကို သူ ခြံစည်းရိုးကျော်၍ လက်ဖြင့် ကျော်ပေးမှတော့ ကောင်မလေး ယူသည်။

ပေါင်မှသွေးတွေက လက်ကိုင်ပဝါလေးကိုပင် စိုနေစေသည်မို့ ကောင်မလေး မျက်နှာပျက်လျက်မှ ...

"အဲဒီခွေးက သိပ်ဆိုးတာပဲ၊ ကြည့် ... ရွှေဝါ သိပ်နာနေပြီ"

ဟု စိတ်ဆိုးသလိုလေး ရန်တွေ့သံဖြင့် ခပ်တိုးတိုးရှာနေတော့ သူ ပြုံးရင်းမှ ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းက သရက်သီးပဲ မဲပြီးကောက်နေတာကိုး ...၊ တော်သေးတာပေါ့၊ မိုးက ဒီမှာရပ်နေမိလို့၊ ဒါမှမဟုတ်ရင် ရန်လုံကိုက်လို့ ရွှေဝါသေမှာ"

ဟု ပြောတော့ ကောင်မလေးမျက်နှာ တည်သွားရင်းမှ ...

"ရွှေဝါ သေရင် ... ဘယ်သူ ... ရန်လုံ။ အဲဒီ ရန်လုံကိုလဲ သတ်ပစ်မှာပေါ့"

ကောင်မလေး၏ မျက်လုံးမှာ မျက်ရည်တွေ အရည်လဲ့နေဆဲ။ ရွှေဝါအတွက် စိုးရိမ်ချောက်ချားနေတာကလည်း မျက်နှာဖြူဥဥလေးထက်မှာ မပြေပျောက်သေး။

ထူထဲသော မျက်တောင်ကော့ကြီးအောက်မှ အရည်လဲ့ မည်းနက်နေသော မျက်အိမ်ဝယ် မျက်ရည်တွေမှ မခြောက်နိုင်သေးဘဲလေ။

ဤကြားထဲမှ စွာနေသေးသည့် ကောင်မလေးကို နောက်ချင်စ,ချင်သေးတာမို့ ...

"ဘာနဲ့ သတ်မှာလဲ၊ ရန်လုံ သေရင်တော့ မင်းပဲ ..."

ဟု ပြောခိုက် မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်သည်။

ပြန်မည့်ဟန် ပြင်နေသည့် ကောင်မလေးကို ...

"ဟိတ် ... နေဦးလေ ...၊ ငါနဲ့ နင် အိမ်နီးချင်းဖြစ်ပြီပဲ ဥစ္စာ ရွှေဝါ့ကိုလဲ ငါကယ်ခဲ့တာပဲ၊ ဒီလို ကျေးဇူးတင်စကားမဆိုဘဲ ပြန်လို့ ကောင်းမလားဟ၊ နင့်နာမည်လဲ ပြောပြဦး၊ ငါ့နာမည်က တင်မိုးညိုတဲ့"



ဟု ခင်မင်လိုစိတ်နှင့် တရင်းတနှီး လေသံဖြင့် သူပြောတော့ ကောင်မလေး ချက်ချင်းမဖြေ။ ကြောင်လေး၏ပေါင်ကို ငုံ့ကြည့်ရင်း သနားလာသမျှ စိတ်လည်းတိုချင်လာပုံရသည်။ မျက်နှာလေး မှုန်တေတေ ဖြစ်ချင်လာ၏။ မျက်လုံးမှာ စိတ်ဆိုးသည့် အရိပ်တွေ ဝေလာသည်။ ဤသို့ကျတော့လည်း မျက်လုံးတွေ တလက်လက်နှင့် စူးတောက်လာလျက် ပို၍ ချစ်စရာကောင်းလာသည်ပါပဲ။

"ရန်လုံကို ငါ သေချာရိုက်လိုက်ပါ့မယ်ဟာ၊ ပြောစမ်း နင့်နာမည်၊ ငါနဲ့ နင်နဲ့ သူငယ်ချင်းဆက်ဖြစ်ကြရမှာ၊ အိမ်နီးချင်းပဲဥစ္စာ၊ ဒီမှာကြည့် ရွှေဝါကုတ်လိုက်လို့ ငါ့လက်မောင်းမှ အစင်းကြောင်းကြီးဖြစ်ပြီး သွေးတွေစို့နေတာပါ၊ စပ်လိုစပ်၊ နာလဲနာတယ်ဟာ၊ ဒါပေမဲ့ အဲဒီလိုကုတ်လို့ဆိုပြီး ရွှေဝါကို ငါ စိတ်မဆိုးပါဘူး၊ သူက ကြောက်လို့လုပ်မိတဲ့ဥစ္စာ"

ဟု ပြောတော့မှ ကောင်မလေး သူ့လက်မောင်းကို လှမ်းကြည့်လာသည်။ တကယ်လည်း ကြောင်ကုတ်ရာ အစင်းတွေ သွေးစို့လျက် ရှိနေတာမို့ ကောင်မလေး မျက်နှာမှာ အားနာစိတ်မကောင်းဟန် ညှိုးသွားလျက်မှ ...

"သိပ်နာနေလားဟင်"

ဟု ခပ်တိုးတိုး မေးရှာသည်။

သူ ခေါင်းယမ်းပြရင်းမှ ...

"မနာပါဘူး ... အိမ်ရောက်ရင် တင်ချာ တို့လိုက်မယ်လေ၊ နင်နဲ့ ငါ မိတ်ဆွေသူငယ်ချင်း ဖြစ်ကြတာကိုပဲ ဝမ်းသာတာ၊ ငါ့မှာ အဖော်မရှိဘူးဟ၊ နင့်နာမည် ပြောဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ထပ်ပြောတော့ ကောင်မလေး သူ့လက်မောင်းမှ ဒဏ်ရာကို တစ်ချက်ငေးကြည့်သည်။

နက်မှောင်သော မျက်ဝန်းတွေမှာ နူးညံ့ပျော့ပျောင်းရိပ်တွေ ဝင်လာ၏။ သနားဟန်ဖြင့်လည်း သူ့ကို လှမ်းကြည့်လာသည်။

"တင်ချာက သိပ်စပ်တာ"

ဟု သနားသံဖြင့် ပြောတော့ သူ ရယ်လိုက်သည်ပါပဲ။

ကောင်မလေး တစ်ချက် သူ့ကိုကြည့်သည်။ နောက် ခွေဝါ၏ခေါင်းလေးကို ယုယုယယ ပွတ်သပ်ပေး၏။

ရပ်လျက် တစ်ခုခုကို စောင့်ဆိုင်းနေသလို ငြိမ်ကြည့်နေသည့် သူ့ကို တစ်ချက် ကောင်မလေး မော့ကြည့်ပြီးမှ ...

"ကျွန်မနာမည် ထားထားတိုး"

ဟု ပြောပြီး ကြောင်လေးကိုပွေ့၍ နေရာမှ လှည့်ထွက်သွားပါ၏။

ထားထားတိုး။

နာမည်လေးက တစ်မျိုးဆန်းနေသည်။ ဆန်းသလား ဆိုတော့လည်း မဆန်း။

ရိုးနေသလား ဆိုတော့လည်း ဆန်းနေသည်။ ဤသည်ကိုက ထူးဆန်းခြင်း မဟုတ်ပါလား။

ထိုနေ့က အဖြူရောင် ပိုးဂါဝန်ရှည်လျားလျားလေးကို ဖာနွဲ့နွဲ့ တိုက်ခတ်နေသည့် လေညင်းနှင့်အတူ ထားထားတိုး၏ ဆံနွယ်ရှည်များသည်လည်း ပျောင်းနွဲ့စွာ ဝေ့ဝဲနေကြချေသည်ပါပဲ။



ပုံပြင်ထဲမှ မင်းသမီးလေး တစ်ပါး ... အိမ်အိုရဲတိုက်ကြီးဆီသို့ ပြန်သွားသည့်နှယ်၊ သူ့ရင်ထဲမှာ ခံစားကျန်ရစ်ခဲ့ရသည့်အဖြစ်။

"သိပ်လှတာပဲ၊ ဒေါ်ကြီးအိရဲ့ ပုံပြင်ထဲက ကောင်မလေးတွေနဲ့ သိပ်တူတာပဲ၊ ညကျရင် ဒေါ်ကြီးအိကို ဒီအကြောင်း ပြောပြရမယ်"

ဟု တွေးခိုက်မှာ ပျောင်းနွဲ့ဖြူစင်သော ထားထားတိုး၏ ပုံရိပ်နွဲ့နွဲ့သည် ဆင်ဝင်အောက်မှသည် အိမ်ကြီးတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားပါ၏။

သူ့ဘဝတွင်းသို့ ထားထားတိုး ဆိုသည့် ကောင်မလေးသည် ဤသို့ စတင်တိုးဝင်လာခဲ့ချေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

သီရိမြိုင်သည် ရွှေအိမ်စည်မှ ဒေါ်တင်တင်နိုင်နှင့် အလုပ်သမားများ၏ လုပ်သော အတွေးနှင့် ထားသိုခင်းကျင်း တတ်မှုတို့ဖြင့် ညနေခင်းမှာဖြင့် အရမ်းကို လှပစွာ ရှိနေပါပြီ။

အမျိုးသားငါးဦး၊ အမျိုးသမီးငါးဦးတို့ဖြင့် လုပ်ကိုင် သွားကြသည်မှာ အားလုံး အစစ သေသပ်ခံ့သန့်နေသည်ပါပဲ။

အပြာနုရောင် ပိုးသားနုနု ခန်းဆီးစရှည်ကြီးများက ပြတင်း၊ တံခါးများမှာ ပြာနုသော မိုးကောင်းကင်နှင့်အပြိုင် လှပ နေကြသည့် အဖြစ်။

စာကြည့်ခန်းမှာလည်း အလှဆွေထည် လက်ရာများ မှာ မှန်ဗီရိုကြီးထဲမှာ ရှိလင့်နေကြပြီ။

တရုတ်ကြွေပန်းအိုးကြီးထဲမှာဖြင့် ဂန္ဓမာအဖြူပွင့် ဆုပ်ဆုပ်ခဲခဲကြီးများက အလှထိုး ရွက်စိမ်းခက်များကြားမှာ လှပ ကြွားဝင့်စွာ ဖွေးဥနုစင်လျက် ရှိနေကြပါ၏။

ကြက်သွေးရောင် ဆိုဖာများ၊ ကြက်သွေးရောင် သားမွေးကော်ဇောကြီးများ။



ပန်းကနုတ် ဖော်ထားသည့် ကျွန်းသားစားပွဲကြီးနှင့် ကတ္တီပါဖုံးထားသည့် ကျွန်းသားဆက်တီကုလားထိုင်ကြီးများ၏ လှပနုကြွနေသော ပန်းကနုတ်လက်ရာများ။

မီးပန်းဆိုင်းကြီးများရှိရာ ဧည့်ခန်းကျယ်ကြီး၏ နံရံ များမှ ပန်းချီကားချပ်ကြီးများ ...

အားလုံးသည် ယခင် အိမ်ဟောင်းဆီမှ ပါလာသည့် ပစ္စည်းများပေမင့် ဤသီရိမြိုင်မှာဖြင့် ထားသိုခင်းကျင်းမှု ပညာ သားပါလှတာမို့ ပို၍ ကြည့်ကောင်းနေ၊ ခံ့ညားနေကြသယောင် ပါ။

နှလုံးရောဂါ အခံရှိသည့် မေမေ့ကို ပင်ပန်းမခံစေ ချင်၍ ဖေဖေမှ ဒေါ်တင်တင်နိုင်ကို သီရိမြိုင်ကို ပြင်ဆင်ခင်းကျင်း ထားသိုပေးဖို့ စီစဉ်ပေးခြင်းပါ။

ယခုတော့လည်း မေမေ့မှာ မပင်ပန်းလိုက်ရဘဲနှင့် သီရိမြိုင်၏ လှပပန်းချီဆန်နေသော အခန်းပြင်ဆင်မှုများ၊ ကြွား ရွားခံ့ထည်နေသော အခန်းများ၏ အပြင်အဆင်တွေကိုပါ ကျေ နပ်ပီတိဖြင့် အခန်းပေါက်ဈေး လိုက်ကြည့်နေရှာသည်ပါပဲ။

မေမေ့ဘေးမှာ သူ လိုက်ရပ်ရင်း မေမေ ရပ်ကြည့် နေသည့် ပြတင်းပေါက်နေရာမှပင် အပြင်ကို သူလည်းလိုက်ကြည့် သည်။

နွေ၏ရနံ့ကို သူ ခံစားရ၏။ ပွှနွေးသယောင် ရှိသော့ သစ်ပင် အုံ့ဆိုင်းဆိုင်းများကြားမှ ဖြတ်သန်းလာရသော လေခံ့ထင်။ လေပူကြီးတော့ မဟုတ်။ ပြီးတော့ ပန်းရနံ့တစ်မျိုးကိုလည်း သူ ရှူရှိုက်ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



တော်တော်မွှေးသော ပန်းရနံ့။ ထိုပန်းရနံ့ကို သူ နှစ်နှစ်သက်သက် ဖြစ်မိတာလည်း အမှန်။ ဒါပေမဲ့ ရနံ့က သူ့အတွက် စိမ်းနေသည်။ သူနှင့် တရင်းတနှီး မရှိဖူးသော ပန်းတစ်မျိုးမျိုး၏ ရနံ့ဖြစ်ချေမည်ပေါ့။

မေမေ့ကို သူကြည့်တော့ ကျက်သရေ ရှိလွန်းစွာ လှလွန်းပါသည့် မေမေ့ မျက်နှာကို ထုံးစံအတိုင်း သူ ငေးကြည့်ဖြစ်မိသည်ပါပဲ။

မေမေ့ကို တွေ့ကြသူတိုင်းကအရမ်းကို လှသည်ဟု ဖွင့်ဟချီးကျူးတတ်ကြသည်ပဲ။

ပျောင်းနွဲ့သော မေမေ၏ ကိုယ်ဟန်သည် ရှည်လျားသော ဆံနွယ်နက်မှောင်မှောင်များဖြင့် ရှေးခေတ်က မင်းသမီးတစ်ပါးနှယ် ကျက်သရေရှိစွာ တင့်တယ်နေတတ်သည်ပါပဲ။

မေမေ၏ လှပနက်မှောင်သော မျက်ဝန်းများသည်လည်း၊ အဘယ်မျှထိ ကြင်နာမှုများဖြင့် ပြည့်သိပ်အေးချမ်းနေတတ်ပါသလဲ။

နက်မှောင်သော မေမေ့မျက်ခုံးသည် သေးသွယ်လျက် ခုံးခုံးလေး ရှိနေသည်။

နှာတံကလည်း ဂျပန်ကားထဲမှ မင်းသမီးနှင့် တူနေသေးတော့သည့်အဖြစ်။

နှုတ်ခမ်းလေးတွေကလည်း အဘယ်မျှထိ လှပလျက် အဘယ်မျှထိ ကြင်နာအေးချမ်းစွာ ပြုံးနေတတ်ပါသလဲ။

မေမေ့ကို သူ အရမ်းချစ်သည်။ ဖေဖေ့ကို ချစ်နေရပေမယ့် ကြောက်စိတ် ရှိသည်။



ဖေဖေက ဒါဆိုလျှင် သူ မလွန်ဆန်ရဲ။ ဖေဖေ့စကားကို နားမထောင်ဘဲ မနေရဲ ...

မေမေ့ကျတော့ သူ ချွဲ၍ရသည်။ နွဲ့၍ရသည်။ မေမေ၏ ရင်ခွင်ထဲမှာ ကလေးလို တိုးဝင်ရချိန်လောက် ပျော်မိရသည့် ကာလမျိုးမရှိ။

မေမေ ငေးကြည့်နေသည့် နေရာကို သူ လိုက်ကြည့်လိုက်တော့ ထားထားတို့၏ အိမ်အိုကြီးကို ခပ်ငေးငေး ကြည့်နေမှန်း မြင်ရသည်မို့ ...

"အဲဒါ ထားထားတို့ရဲ့အိမ်ပဲ မေမေ"

ဟု ပြောတော့ မေမေ တစ်ချက်ငဲ့ကြည့်သည်။ ပြီး၍ ...

"သားက သိတယ် ဟုတ်လား၊ ဘယ်လိုလုပ် သိလိုက်တာလဲ သားမိုး၊ ဒီနေ့ပဲ ရောက်တဲ့ဥစ္စာ"

"ရန်လုံက ထားထားတို့ရဲ့ ကြောင်ကလေးကို ကိုက်တာ မေမေ၊ မိုးက ဝင်ဟန့်ပေးလို့ပေါ့၊ မိုး ခြံထဲဆင်းနေတုန်း အဲဒီလို ဖြစ်ခဲ့တာ၊ သူက ပြောတယ်၊ သူ့နာမည် ထားထားတဲ့ မေမေ၊ သားကသူ့နာမည်မေးလို့ ပြောပြတာပါ"

"ကြောင်လေး ဘာဖြစ်သွားသေးလဲ သားမိုးရယ်၊ ဒီနေ့ပဲ ပြောင်းလာတာ သူများခြံက ကြောင်လေးကို မေမေတို့အိမ်က ရန်လုံက ကိုက်လိုက်တယ်ဆိုတော့ သူတို့ခမျာ စိတ်အနှောင့်အယှက် အတော်ကြီးကို ဖြစ်ရှာမှာ ... ကြောင်ကလေးလဲ ဘယ်လောက် သနားစရာ ကောင်းလိုက်မလဲ ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



မမေ့ မျက်နှာမှာ အားနာရိပ်နှင့် စိတ်မကောင်းရိပ်တွေ ဖြတ်ပြေးသွားကြပါ၏။ သွယ်နွဲ့ရှည်လျားသော မမေ့လက်ချောင်းသွယ်လေးများ တင်ထားရာ ပြတင်းပေါင်ကို သူ မေးမှိုလိုက်ရင်းမှ ...

"ခွေဝါလေးရဲ့ပေါင်ကို ကိုက်မိတယ် မမေ၊ ထားထားတိုးက သူ့ကြောင်လေးကို သိပ်ချစ်တာ၊ သား သိပ်အားနာတာပဲ မမေ"

ဟု ပြောပြီးမှ ...

"သူနဲ့သား သူငယ်ချင်း ဖြစ်ခဲ့ကြပြီ မမေ၊ ထားထားတိုးကလေ ဒေါ်ကြီးအိ ပြောပြောပြတဲ့ ပုံပြင်ထဲက နတ်သမီးလေးလိုပဲ မမေ၊ သိပ်လှတာပဲ"

ဟု ပြောတော့ မမေ ရယ်သည်။ သူ့ခေါင်းကို လက်ဖြင့် ချစ်စနိုးပုတ်ရင်းမှ ...

"အဲဒီအိမ်အိုကြီးက ဆိုတော့ ဥစ္စာစောင့်လေးလားမှ မသိတာ မိုးလေးရယ်"

ဟု ရယ်သံဖြင့် ပြောတော့ သူ ခေါင်းခါသည်။

"မဟုတ်ဘူး မမေ၊ သူက ဂါဝန်ရှည် အဖြူလေးဝတ်ထားတာ၊ ဥစ္စာစောင့် ဆိုတာက ဇာတ်ထဲက မင်းသမီးလို ဝတ်တာဆို"

မမေ၏ မျက်လုံးလေးတွေ ပိုရွှဲပြုံးလာကာ ...

"သားကို ဘယ်သူ ပြောပြလဲ"

"ဒေါ်ကြီးအိ ပြောပြတာပေါ့၊ သိုက်သမိုင်းဇာတ်လမ်းတွေ ဘာတို့ သားဖြင့် သိပ်ကြိုက်တာ"



"သားမေမေ သိရင် ဒေါ်ကြီးအိ ဆူခံထိမှာ၊ မေမေက သားကို ပုံပြင်ပဟေဠိထဲမှာ စိတ်တွေနစ်ဝင်နေတဲ့ မိုးလေးအဖြစ် မြင်ချင်တာ မဟုတ်ဘူး၊ သားရဲ့မေမေ့လုပ်ငန်းတွေကို ဒီအရွယ်ကတည်းက အရမ်းကို စိတ်ဝင်စားပြီး စီးပွားရေးကို စိတ်ပါလက်ပါ တတ်ချင် သိချင်နေတဲ့ မိုးလေးအဖြစ်ပဲ မြင်ချင်တာ"

ဟု ပြောပြီး တစ်ချက် သက်ပြင်းရှိုက်သည်။ နောက်တော့ သူ့ဆံစလေးများကို သပ်တင်ပေးရင်းမှ ...

"သားဟာ ကလေးပဲ ဆိုတာကို မေမေက တစ်ခါ တစ်ခါ မေ့မေ့နေတတ်တာ၊ သူက မျှော်လင့်တာတွေ များနေသလို မျှော်လင့်ချက်ကလဲ ကြီးမားတယ် သားရယ်၊ မေမေ ဖြစ်ချင်တာတွေကို သား နားလည်ရမယ်နော်၊ မေမေ့အလုပ်တွေကိုလဲ တစ်နေ့မှာ သားက ဦးစီးဦးဆောင် လုပ်ကိုင်ရမှာ၊ မေမေက တစ်ခုခု ပြောတဲ့အခါမျိုးမှာ သားက စိတ်ပါလက်ပါ နားထောင်၊ စိတ်ဝင်စားပြ၊ ဒါမှ မေမေ စိတ်ချမ်းသာမှာ၊ မေမေက သားကို သိပ်ချစ်ရှာတာ"

ဟု ထုံးစံအတိုင်း နားဝင်အောင် လေသံတိုးတိုးလေးနှင့် ချော့မော့စွာ ပြောနေပါသည့် မေမေ။

သူကတော့ မေမေ့ကုမ္ပဏီသို့ သူ့ကို ခေါ်သွားချိန်များမှာ စိတ်ရှုပ် စိတ်ညစ် နေမိရတတ်သည့်ပါပဲ။

နိုင်ငံခြားမှ ကားများ၊ လူသုံးပစ္စည်းများကို တင်သွင်း[illegible]တ် ရော်ဘာနှင့်ပဲများ၊ ပိုးထည်ပစ္စည်းများ၊ နိုင်ငံခြားသို့ ပို့[illegible]ကိုတော့ သူ တွေ့မြင်နားလည်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ မွှန်းကျပ်သလို ဖြစ်လာခိုက်မှာပင် စောစော
က ပန်းရနံ့ကို လေနှင့်အတူ ထပ်မံ၍ သူ ရှူရှိုက်မိရတာမို့ ...

"အဲဒါ ဘာပန်းလဲ မေမေ၊ သိပ်မွှေးတာပဲနော်"

ဟု မေးမိလိုက်ရပါပြီ။

"သရဖီပန်းနံ့ပေါ့ သားရယ်၊ ဒီခြံထဲမှာ သရဖီပန်းပင်ကြီး
တစ်ပင်လောက်တော့ဖြင့် အနည်းဆုံး ရှိနိုင်လောက်ပါရဲ့၊
ပန်းလေးတွေက သိပ်လှတာ၊ ကုံကော်ပန်း အသေးစားလေး
တွေလိုပဲ သားရဲ့၊ မွှေးလဲမွှေး၊ လှလဲလှတယ် ..."

ဟု မေမေက ရှင်းပြသည်။

သူက ပန်းလေးတွေကို ချစ်သည်။ စိတ်ဝင်စားသည်။
ကျောင်းစာကို ကျက်မှတ်လျက် အားလပ်ချိန်များမှာ ရန်လုံနှင့်
ဆော့ချင်သည်။ လွတ်လပ်သော ဘဝကို သူ မက်မောသည်။

ဒါပေမဲ့ ဖေဖေကမရ။ ခုကတည်းက စီးပွားရေး
လုပ်ငန်းတွေနှင့် မစိမ်းသော၊ စိတ်ပါနေသော တင်မိုးညို အဖြစ်
သူ့ကို မျှော်လင့်ထားနေသည့်အဖြစ်။

ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ...

သူ့မှာ အဖော်တော့ ရှိလာပြီ။

တစ်ဖက်ခြံ ရှေးဆန်သော ပျဉ်ထောင်အိမ်အိုကြီးဆီ
မှ ထားထားတိုး။

အနည်းဆုံး ထားထားတိုးကို စောစောက မေမေ
ပြောသည့် သရဖီပန်းတွေ သွားပေးရင်းဖြင့် ရွှေဝါနှင့် ပတ်သက်
၍ စိတ်ဆိုးနေလျှင်တောင်မှ ပြေပြေသွားစေနိုင်စွမ်းလိမ့်မည်ဟု
မျှော်လင့်ချင်သည်။



မေမေက ပြောသည်လေ။

ပန်းလေးတွေက လှသည်တဲ့။

မွှေးနေတာကိုတော့ သူ ရနံ့ကို ရှူရှိုက်ရပြီမို့ သိခဲ့
ရပြီးပြီပဲ။

ဖေဖေ ရောက်လာမှ ထမင်းစားဖြစ်ကြမှာမို့ သူ ခြံ
ထဲဆင်းဖို့ စိတ်ကူးရလာလျက်မှ ...

"အဲဒီပန်းပင် သား သွားရှာကြည့်မယ် မေမေ"

ဟု ပြောပြီး ခြံထဲသို့ဆင်းဖို့ မေမေ့အပါးမှ ထွက်
ခဲ့မိပါ၏။

ထိုအခိုက်မှာပဲ ဖေဖေ့ကားသံကို ဆင်ဝင်အောက်
မှာ ရပ်လိုက်သံ ကြားရတာမို့ ခြေအလှမ်းကို တန့်ရပ်လိုက်ရပြီ။

ထမင်းစားပြီးမှပဲ ခြံထဲသို့ ဆင်းဖြစ်ချေတော့မည်
ပဲလေ။

❤ ❤ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

“ဒါကတော့ ကိုမြင်းဖေ ချွန်ဒေါ်ကို တက်တက်အထင် တေးဒါပဲ၊ လူရှိဒါ ဖူးရှာရှိဒယ် ရှိရင် မွန်းမလလချောချော ရမှာပဲ၊ ရဖို့ရှိဒယ်နော် ... ဘယ်လိုမှ မလွဲနိုင်ဘူး၊ ချွန်ဒေါ် အတားမည်းဒယ်နော်၊ ဘားဖြစ်တာလဲ၊ အတားမည်းဒေါ် ပတ္တမြားခဲ ဖြစ်ဒယ်”

မခံချင်သံဖြင့် ဆွာနေသည့် အန်ကယ်ဂျက်၏ အသံနှင့် ခပ်တိုးတိုး ရယ်နေသော လေးလေးဖေ၏ အသံကို ခပ်လှမ်းလှမ်းမှ သူ ကြားနေရပြီ။

လ,ကလည်း ဝိုင်းစက်စွာ သာနေ၏။ လေးလေးဖေတို့နှစ်ယောက် ထိုင်နေကြသည်က ပိတောက်ပင်ကြီးအောက်မှာပါ။

ညစာ စားသောက်ပြီးချိန်မှာ ထုံးစံအတိုင်း လေးလေးဖေထံသို့ သူ ရောက်ရခြင်းပါ။ နောက်ဖေးတန်းလျားအိမ်မှာ မတွေ့ရတာမို့ ခြံထဲဆင်းရှာမိရခြင်းပါ။

“အခု ကိုမြင်းဖေ့ဥစ္စာက ချွန်းဒေါ် မွန်းမ မရှိဒါကိုပဲ ပြောပြောနေဒါ တီတ်များနေပြီ”



မခံချင်အောင် တော်တော်ကြီး လေးလေးဖေ ပြောခဲ့တာ ဖြစ်မည်။ အန်ကယ်ဂျက် ဒေါကန်နေတာ အရမ်းကို သိသာနေ၏။

“ကိုမြင့်ဖေပါဗျာ၊ ဘယ့်နှယ် ကိုမြင်းဖေ့လဲ”

“ရှကားမပီတာကို အပြစ်မပြောနဲ့လေ၊ မပီကလာ ပီကလာ ပြောဒယ်နော်၊ ခင်ဗျား မကြားဖူးဘူးလား။ ရှကားမပီကလာ ပီကလာနဲ့ ပြောဒါဟာ ချစ်ရှရာကန်းဒယ်ဒဲ့”

ဟု မလျှော့စတမ်း ပြန်ပက်နေသည့် အန်ကယ်ဂျက်အပြောကြောင့် သူ ကျိတ်၍ ပြုံးမိရပါ၏။

လရောင်အောက်မှာ တယောကိုပိုက်ထားသည့် လေးလေးဖေ၏ ပုံရိပ်နှင့် သူ့ဘက်ကို ဘေးစောင်းထိုင်လျက်ရှိနေသည့် အန်ကယ်ဂျက်တို့ကို တွေ့နေရပါ၏။

“ကိုမြင်းဖေ့ ဥစ္စာက ဟိုရှကားဗွန်းလို ဖြစ်နေဒယ်”

သူ ထပ်၍ ပြုံးမိရပါပြီ။ ကြားရပါတော့မည်။ စကားပုံတစ်ခု။

“အိုးကားမရှု ... ဖုံးခွက်ပူ ရှိဒဲ့ ရှကားဗွန်းလိုပဲ၊ ချွန်းဒေါ် မွန်းမ မရှိဒါကို ခင်ဗျားက လာပူနေဒယ် ... နေရှမ်းပါဦး၊ ခင်ဗျားရော မွန်းမရှိလို့လား”

လေသံက ငေါက်ဆတ်ဆတ် နိုင်လာပြီ။

“အိုးကားမဆူ ဖုံးခွက်ပူတာ မဟုတ်ပါဘူးဗျ ကိုဂျက်ရ ကျွန်တော်က မယူချင်လို့ မယူတာ၊ ခင်ဗျားက မရလို့မရလို့ ... မရတာ”

www.burmeseclassic.com



အန်ကယ်ဂျက် ရှုံ့မဲ့နဲ့ ဖြစ်လာပြီ။ သူ့ဘေးမှာ ဆောင့်ကြောင့်ထိုင်နေသည့် ရန်လုံကို တစ်ချက်ငုံ့ကြည့်ပြီးမှ ...

"သွားစို့ ရန်လုံ၊ ကြာရင် အန်ကယ်ဂျက် စိတ်တိုပြီး မေ့လဲသွားလိမ့်မယ်"

ဟုခပ်တိုးတိုးရယ်၍ ဆက်လျှောက်လာတော့ ထိုင်နေသည့် ရန်လုံလည်း အမြီးတနှံ့နှံ့နှင့် မြူးကြွစွာ လိုက်ပါလာ၏။

"ယောာ ... မိုးလေး ... လာ"

ဟု လေးလေးဖေ ခေါ်နိုက်မှာ အန်ကယ်ဂျက် တစ်ချက်ငဲ့ကြည့်သည်။ မျက်နှာက မှုန်တေနေ၏။

"အန်ကယ်ဂျက် ... မျက်နှာကြီး ပျက်လို့ပါလားဗျ၊ ဘာဖြစ်တာလဲ"

"ဘာဖြစ်မလဲ ... ကိုမြင်းဖေ့ပေါ့ ... တူများမျက်ရှီးနော်၊ တူကန်းကန်းမြင်ဒယ် ... သူ့မျက်ရှီးနော်၊ တူလုံးဝမမြင်ဘူး၊ တူအတားဖြူဒါနဲ့၊ အရုပ်မြင့်ဒါနဲ့၊ နာ့ကို ကန်းကန်းနိမ်ဒယ်၊ သူက ရုပ်ချော်ဒယ် ရှိဒဲ့တဘော၊ မှုန်းမတွေကို မလိုချင်လို့ မယူဒဲ့တဘော၊ နာ့ကိုကျတော့၊ ရှုပ်ရှီးဒယ် ရှိပြီးဒေါ့၊ နိမ်ပြီးဒေါ့ ပြောဒယ်၊ အပ်ကြောင်းနော် ထပ်နေပြီ"

တိုင်တိုင်တည်တည်နှင့် အန်ကယ်ဂျက် သူ့ကို လူကြီးအရာထား၍ တိုင်ပြောနေတော့ ...

"ဟုတ်သားပဲ ... လေးလေးကလဲ၊ အန်ကယ်ဂျက်က အသားညိုပေမယ့်၊ ဘယ်လောက် မျက်လုံး မျက်ခုံးကောင်းလဲ၊ ပိန်ပိန်ပါးပါးနဲ့ နိုင်ငံခြား ရုပ်ရှင်ထဲက မင်းသားအတိုင်းပဲ၊ သွားတွေဆိုဖွေးပြီး ညီနေတာ"



ဟု ပြောတော့ အန်ကယ်ဂျက် အမြောက်ကြိုက်အစင်းကြီးခများ၊ ခပ်ကြွားကြွားကြီး လေးလေးဖေကို ကြည့်၏။ မှတ်ပြီလား ဆိုသည့်အကြည့်။

လေးလေးဖေကတော့ ထုံးစံအတိုင်း ခပ်တိုးတိုးရယ်နေသည်။ ထိုရယ်သံကြောင့် အန်ကယ်ဂျက် မျက်မှောင်ပိုတွန့်လာ၏။

လှောင်သံထေ့ထေ့ဖြင့် မခံချင်အောင် ရယ်ပြနေသည့် လေးလေးဖေကို မျက်လုံးကြီးပြူး၍ ကြည့်နေပြီ။

"လေးလေးဖေ ... တယောထိုးလေ၊ သီချင်းဆိုလေဗျာ၊ အန်ကယ်ဂျက်ကို ဒီလောက်စရရင် တော်ရောပေါ့"

ဟု ပြောတော့ လေးလေးဖေ တစ်ချက်ထပ်ရယ်သည်။

အန်ကယ်ဂျက်နှင့် လေးလေးဖေမှာ ညတိုင်းထိုသို့ အပေါက်အလမ်း မတည့်ကြဘဲ ရှိစမြဲ။

ပြီးတော့ မဆုံဘဲလည်း မနေနိုင်။

တစ်နေ့တာ သွားလာလုပ်ကိုင်ရသမျှ သစ်ရိပ်တစ်ခုခုအောက်မှာ တယောလေးနှင့် လေးလေးဖေ ရှိနေတတ်၊ အန်ကယ်ဂျက်ကလည်း ရှိနေတတ်စမြဲ။

တစ်ခါတစ်ခါ အန်ကယ်ဂျက်ပင်လျှင် သီချင်းတွေ ဘာတွေ ဝင်ဝင်ဟပစ်တတ်သေးသည်။

မတည့်ကြတာလည်း မဟုတ်။ အစ,အနောက်သန်သည့် လေးလေးဖေနှင့် ဂီတကိုချစ်သည့် အန်ကယ်ဂျက်တို့ ညတိုင်း မဆုံဘဲလည်း မနေနိုင်။

www.burmeseclassic.com

www.burmeseclassic.com



လေးလေးဖေ တယောကြီးကို အရင်ညှိ၏။ လရောင်အောက်မှာ တယောကြီးညှိသံက စတင်ပေါ်လာသည်။ ပိတောက်ပင်စည်ကို သူမှီ၍ လေးလေးဖေကို ငေးကြည့်နေမိရပါ၏။ တယောသံကို သူချစ်သည်။ လေးလေးဖေကလည်း သူ့ကိုတယောထိုးတတ်အောင် သင်ပေးနေတာမို့ အတန်အသင့်တော့ တယောနှင့် သူ မစိမ်းတော့။

ခဏကြာတော့ တယောသံ လွင်ပျပျသည် လရောင်အောက်မှ စတင်စီးမျော ပျံ့လွင့်၏။

"လူရယ်လို့ ဖြစ်လာကြရင် ... ချစ်တာကတော့ သင်စရာမလိုပါတယ် ... မေတ္တာမျှမယ် ... တော်ဝင်သူရယ် ... ရှုပါမူရာကြွယ် ... ခြောက်ဆယ်လေးသွယ် ငေးဖွယ် စာဆိုညီပေကွယ် ... ချောတယ် လှတယ် နမသယ်ရယ် ... အဟုတ်ကို ချစ်ခင်ဖွယ် ... မယ်ဥမှာ ဝင်စားတယ် ထင်မှားဖွယ် ... ကောင်းခြင်း ငါးဖြာရယ် ... အားလုံးပြည့်တယ် ... မောင့်စိတ်ထဲမှာ စွဲလို့နေပြီကွယ် ..."

တယောသံက ညက်ညော ပျောင်းနွဲ့လျက် လရောင်ဝါလဲ့လဲ့အောက်မှာ သစ်ရိပ်များကြားဆီမှ လွင့်လွင့်ပျံ့ပျံ့ ရှိလှသည်။ သူ ... လရောင်ကို ချစ်သည်။ လရောင်အောက်မှ တယောသံကိုလည်း ချစ်သည်။ လရောင်ဆမ်းသောညနှင့် တယောသံသည် အညို့ငင်နိုင်ဆုံးဟု သူ ထင်၏။

ထိုအခိုက်မှာပဲ ရန်လုံ၏ တကိန်ကိန်အော်သံ ပေါ်လာ၏။ ဖောက်ခနဲ ဖောက်ခနဲ လောက်စာလုံးတွေ ရန်လုံကို လာမှန်တာမို့ ...



"ဟော့ ... ဟော့ ... ဘယ်သူလဲကွ"

ဟု တယောပြားကိုချ၍ လေးလေးဖေ အော်ခိုက်မှာဖြင့် သူ လရောင်အောက်မှ လူရိပ်နွဲ့နွဲ့ကို ငေးကြည့်နေမိရပါပြီ။

ထားထားတိုး။

ညနေခင်းတုန်းကလိုပဲ အဖြူရောင် ပိုးဂါဝန်ရှည်ကြီးကို ဝတ်ထားသည့် ထားထားတိုး။

ထားထားတိုး၏ လက်ထဲမှာ လေးခွတစ်လက်ရှိနေ၏။

လေးလေးဖေလည်း ယခုမှ ထားထားတိုးကို မြင်သွားဟန်တူသည်။

လရောင်အောက်မှာ မတ်မတ်လေးရပ်၍ ရန်လုံ့ကို ကြည့်နေသည့် ထားထားတိုး။

"ဟော့ ... ကောင်မလေး၊ ညည်း ဘာလို့ ငါ့ခွေးကို လောက်စာလုံးနဲ့ ပစ်ရတာလဲကွ၊ ဟော ... တော်တော်ရန်လိုတဲ့ ကောင်မလေး"

ဟု လေးလေးဖေ၏ ရန်တွေ့သံ စတင်ပေါ်လာ၏။

သူ ... ဘာမျှ မပြောသေး။ ရင်ထဲမှာ လေးနေတာပဲ ရှိသည်။

ခြံစည်းရိုးအနားသို့ သူ ကပ်သွားတော့ ရန်လုံကို စူးစိုက်ကြည့်နေသည့် ထားထားတိုး၏ မျက်လုံးလေးများကို သူ မိ၍ လရောင်အောက်မှာ ရှင်းပစွာ မြင်လာရ၏။ မျက်ဝန်းထဲမှာ မျက်ရည်တွေ လဲ့ဖြာနေသည်ဟု သူ ထင်သည်။ သရက်ပင်ရိပ်နှင့် မလှမ်းမကမ်း လရောင်ရိပ်မှာ ထားထားတိုး ရပ်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



ထားထားတိုး၏ လက်ချောင်းလေးတွေ ပါးပြင်ထက်သို့ ထင်၍ပွတ်သုတ်လိုက်စဉ်ခိုက် သူ့ရင်ထဲမှာ မကောင်းနိုင်တော့။ ထားထားတိုး ငိုနေသည်ပဲ။

ဒါဆိုလျှင် … ဒါဆိုလျှင် …

"ထားရဲ့ကြောင်လေး ရွှေဝါ သေသွားပြီ"

ဟု ငိုသံဖြင့် ထားထားတိုး ဝမ်းပန်းတနည်း ပြောတော့ သူ ခြံစည်းရိုးကို လက်ဖြင့်ဆုပ်ကိုင်ရပ်ရင်းမှ …

"မိုး စိတ်မကောင်းဘူး ထားထားတိုး၊ ပေါင်မှာပဲ ထိသွားတယ်လို့ ထင်တာ၊ အတွင်းကြေ ဒဏ်ရာရသွားတယ် ထင်တယ်"

ဟု ပြောမိပြောရာ ပြောမိလိုက်ရသည်။ ကောင်မလေးကို အားနာစိတ်၊ သနားစိတ်တွေ ရင်ထဲမှာ ပြည့်နေသည်။

ရွှေဝါလေး သေသွား၍ ထားထားတိုး ဒေါ်ပွခံပြင်းစွာ လေးခွတစ်လက်ဖြင့် ဤခြံစည်းရိုးဘက်ကိုလာကာ ရန်လုံကို ချောင်းပစ်ဟန်တူသည်။

"နင့်ခွေးက ထားရဲ့ကြောင်ကို ကိုက်သတ်ပစ်တာ သိပ်မုန်းတာပဲ၊ ရွှေဝါက သိပ်လိမ္မာတာ"

ဟုပြောပြီး မျက်ရည်ထပ်ကျလာသည့် ထားထားတိုး ချာခနဲလှည့်၍ လရောင် အောက်မှာ ပြေးထွက်သွားတော့ သူရပ်လျက် ထိခိုက်စွာ ကျန်ခဲ့သည်ပါပဲ။

အိမ်ကြီးဆီသို့ လရောင်အောက်မှာ သွယ်နွဲ့သောဖြူနွဲ့နွဲ့ ကောင်မလေး၏ ပြေးနေပုံလေးကို တိတ်ဆိတ်စွာ သူရပ်ငေးကြည့်ကျန်ခဲ့သည်။



အတန်ကြာမှ သက်ပြင်းရှိုက်ကာ နောက်ကိုလှည့်ကြည့်တော့ အကဲခတ်သလို ကြည့်နေသည့် လေးလေးဖေကိုမြင်၏။ အန်ကယ်ဂျက်ကတော့ မနေနိုင်စွာပဲ …

"အဲဒီကန်မလေး ဘာလို့ ငိုတာလဲ၊ ရန်လုံကို ဘာဖြစ်လို့ လောက်ရှားလုံးနဲ့ ပစ်တာလဲ"

ဟု မေးနေပြီ။

သူ အားကုန် အားပြတ်သလိုပင် သစ်ရိပ်အောက်မှာ ဝင်ထိုင်၍ ပင်စည်ကို မှီလိုက်မိပါ၏။

"ရန်လုံက ထားထားတိုးရဲ့ ကြောင်လေးကို ကိုက်ပစ်လိုက်တယ် အန်ကယ်ဂျက်၊ မိုးက ပေါင်လောက်ပဲ ထိသွားတယ် မှတ်တာ၊ ငုံခဲလိုက်တဲ့ ဒဏ်ရာက အထဲမှာ တစ်ခုခုကို ထိသွားတယ်နဲ့ တူတယ်၊ သနားစရာဗျာ … ကြောင်ကလေးက သိပ်လှတာ၊ အဝါရောင်လေး၊ အမွေးလေးတွေ ကရှည်ပြီး လှနေတာ၊ ချစ်စရာလေးဗျာ၊ ထားထားတိုး သိပ်ချစ်ပုံရတယ်"

ဟု ပြောကာ ခပ်တွေတွေ ငိုင်နေမိရသည် အဖြစ်။

"ကောင်မလေး စိတ်အတော်ထိသွားပုံရတယ် မိုးလေး၊ ရန်လုံကို လောက်စာလုံးနဲ့ လာပစ်တဲ့ စိတ်ဆတ်ပုံလေးကို ဖြင့် သဘောကျသကွာ၊ လှပုံလေးကတော့ နွဲ့နွဲ့လေးကွ"

ဟု လေးလေးဖေ မှတ်ချက်ချတော့ သူ ဘာမှ မပြောမိ။

မျက်လုံးဝါဝါလေးတွေ ဝိုင်းနေအောင် ကြောက်လန့်လျက် မော့ကြည့်ခဲ့ရှာသော ရွှေဝါ၏ မျက်နှာလေးကို မြင်မိရဆဲ။

www.burmeseclassic.com

www.burmeseclassic.com



ချွေဝါလေး သေသွားသည့် အတွက် သူကိုယ်တိုင်လည်း ရင်ထဲမှာ မကောင်း။ ဒါဆိုလျှင် ထားထားတိုးက ပို၍ဆိုးချေမည်ပေါ့။ ထားထားတိုး မျက်ရည်ကျတာကို သူကိုယ်တိုင်မြင်ခဲ့ရသည်ပဲလေ။

"ကောင်မလေးက စိတ်တော့ကြီးပုံရတယ် မိုးလေး၊ ဘာတဲ့သူ့နာမည်"

ဟုမေးသည့် လေးလေးဖေကို ခပ်လေးလေး သူဖြေသည်။

"ထားထားတိုးတဲ့ လေးလေးဖေ၊ သူ မိုးကို ဘယ်လိုမှ ခွင့်လွှတ်နိုင်တော့မှာ မဟုတ်ဘူး ထင်တယ်၊ သူ့ကြောင်လေးကို မိုးရဲ့ခွေးက ကိုက်ခဲ့တာကိုး"

ဟု စိတ်ထဲမကောင်းနိုင်စွာ သူ ဖြေသည်။

ဟုတ်သည်။ ရင်ထဲမှာ မကောင်းနိုင်။

ပထမဆုံး ထားထားတိုးနှင့် ဆုံစည်းနိုက်မှာ ချွေဝါလေးကို ရန်လုံက ကိုက်လိုက်သည့်အဖြစ် ကြုံခဲ့သည်။

ယခု ဤညှ။ လရောင်လွှင်သော ဤညမှာ ဒုတိယအကြိမ် ဆုံမိရပြန်နိုက် ချွေဝါလေး သေသွားခဲ့ပြီ ဆိုတာကို သူသိလိုက်ရသည်။

ထားထားတိုး၏ မျက်ရည်များကို လရောင်အောက်မှာ သူ ထိနိုက်စွာတွေ့မြင်ခဲ့ရသည်။ သိပ်မုန်းတာပဲဟု ထားထားတိုး နာကျင်စွာ မျက်ရည်များနှင့်အတူ ပြောခဲ့သည်ပဲ။

ရန်လုံကို သူ သတိရ၍ ကြည့်တော့ နေရာမှာရှိမနေတော့။ ဘယ်မှာ သွားပုန်းနေချေပြီမသိ။



တယောသံလည်း တိတ်ငြိမ်သွားခဲ့ရပြီ။

သီချင်းသံလည်း တိတ်ကျသွားခဲ့ပြီ။

လရောင်ဆမ်းထားသော သစ်ရိပ်အောက်မှာ အတိတ်ကြီး တိတ်လျက်ရှိနေသည့်အဖြစ်၊ သူ့ရင်ထဲမှာ နုတ်ပယ်မရနိုင်စွာ စွဲဝင်သွားသည်က ထားထားတိုးကို သနားစိတ်။

ပြီးတော့ ... အားနာစိတ်နှင့် အနေရခက်စိတ်။

ထားထားတိုး၏ မျက်ရည်စက်များက သူ့ရင်ကို အထိနိုက်ကြီး ထိနိုက်နေစေသည့်အဖြစ်။

❤ ❤ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"မင်းဟာလေ တကယ့်ကို ဝန်ထုပ်ဝန်ပိုးပေးတဲ့ ကောင်လေးပဲ၊ ငါ့မှာ ကြောင်ရှာရ၊ ဟော ... အခု ဒီအိမ်ကြီးထိ ကြောင်လိုက်ပို့ပေးရ"

ဗျစ်တောက် ဗျစ်တောက် လုပ်နေပေမယ့် လေးလေးဖေ၏ မျက်နှာမှာတော့ ညည်းချနေသလောက်ကြီးတော့ စိတ်ရှုပ်ရိပ်မတွေ့ရ။

သူ စိတ်ညစ်နေသမျှကို ကူညီပေးရ၍ စိတ်ထဲကြည်နူးနေပုံပင် ရနေသည့်အဖြစ်။

သူ လေးလေးဖေကို အပူကပ်ခဲ့သည်လေ။

ကြောင်ဝါဝါလေးတစ်ကောင် ရှာပေးဖို့။

ထားထားတို့၏ ရွှေဝါလေး သေပြီးနောက်မှာ ခြံစည်းရိုးအနီး၌ သူ မကြာ မကြာ ရောက်တတ်ပေမယ့် ထားထားတို့ကို နောက်ထပ် မတွေ့ခဲ့ရတာ တစ်ပတ်လောက်ရှိပြီ။ ရွှေဝါအတွက် အရမ်းကို စိတ်ထိခိုက်နေမှာ နားလည်နေရင်းဖြင့်ပင် သူ့မှာ လေးလေးဖေကိုပဲ ကြောင်အရှာခိုင်းနေမိရသည်ပါပဲ။



နောက်တော့ ဤနေ့မနက်ဘက်မှာ လေးလေးဖေကားဖြင့် အိမ်ပြန်ရောက်လာတော့ ကြောင်ဖြူဖြူလေးတစ်ကောင်နှင့် ကြောင်ဝါဝါလေး တစ်ကောင်ကို ပလတ်စတစ်ခြင်းပြာလေးထဲ ထည့်၍ ယူလာတာကို သူ မြင်ခဲ့ရသည်ပဲ။

"မိုးလေးရဲ့ ဖေဖေကို ကုမ္ပဏီ ပို့ပြီးတာနဲ့ မမလေးကို ဈေးပို့ပေးဖို့ ပြန်လာတဲ့အခါ ဒီကောင် နှစ်ကောင်ကို ဝင်ယူခဲ့တာ၊ ကုမ္ပဏီက ဒေါ်ချောအိ အိမ်မှာ ဝင်ယူခဲ့တာ မိုးလေးရ၊ ကြောင်ရှာနေတာ လေးလေးဖေ ပြောပြတော့ သူ့အိမ်မှာ ကြောင်မောင်နှမ နှစ်ကောင် ရှိတယ်တဲ့၊ မိုးလေးတို့ မွေးမယ်လို့ ထင်ပြီးပေးတာ၊ မောင်နှမနှစ်ကောင်ကို မခွဲချင်ဘူးလို့ ဒေါ်ချောအိက ပြောတာနဲ့ နှစ်ကောင်လုံး ယူခဲ့တာ"

ဟု ဖြိုးဖြိုးကြီး ပြောပြသည်။

ရွှေဝါလေး သေသွားသည့် ကိစ္စကို မေမေ့ကိုလည်း အသိမပေးရဲတာမို့ လေးလေးဖေ၏ နောက်ဖေးသစ်သားအိမ်တန်းလျားမှာပဲ ကြောင်လေး နှစ်ကောင်ထား။ ဒေါ်ကြီးအိ မသိအောင် နွားနို့ကို နို့အိုးထဲမှ လက်ဖက်ရည်ခွက်ထဲ လောင်းထည့်ကာ ခိုးသွားတိုက်။

မေမေ ဈေးသို့သွားပြီးသည်အထိ သူ စောင့်ရသည်။ လေးလေးဖေက ကားမောင်းရသည်ကိုး။ ဈေးမှ မေမေ ပြန်ရောက်မှ မီးဖိုဆောင်မှာ ချက်ရေးပြုတ်ရေးကိစ္စ ဒေါ်ကြီးအိနှင့် မေမေ စီမံနေခိုက် လေးလေးဖေကို လက်တို့ခေါ်ခဲ့ကာ ထားထားတို့၏ အိမ်သို့ ထွက်ခဲ့ရခြင်းပါ။

www.burmeseclassic.com



သကြိန်ရက် နီးလာပြီမို့ နွေ၏ရနံ့က ပို၍သင်းပျံ့နေ၏။ စံပယ်ရုံများဆီမှ စံပယ်၏ရနံ့။ သရဖီပင်မြင့်ကြီးဆီမှ သရဖီပန်းရနံ့။ မြေစိုက်သစ်ခွပင်များဆီမှ ရိုးတံရှည်များဖြင့် ဖူးပွင့်ခိုင်ဝေနေသော ပန်းများဆီမှ သင်းပျံ့ချိုအီနေသော မွေးမြမြ ရနံ့များ။

လေနှင့်အတူ စီးမျောလျက် နွေပန်းရနံ့တို့ ဝေယှက်နေသည်ပါပဲ။

ထားထားတိုး၏ သစ်သားခြံတံခါးကြီးကို လေးလေးဖေ တွန်းဖွင့်နိုက်မှာ ပလတ်စတစ်ခြင်းပြာလေးကို လက်ဖြင့်ဆွဲ၍ ဘေးမှ သူ လိုက်လာသည်။

သူ့မျက်လုံးတွေက ခြံထဲသို့ ဝေ့ဝဲကြည့်၏။ အိမ်ကြီးဘက်ကိုလည်း လှမ်းမျှော်ကြည့်သည်။ လူရိပ်မတွေ့။

ဆင်ဝင်အောက်မှာဖြင့် ဘောက်စ်ဝက်ဂွန်ကား အပြာနုရောင်ကို လှမ်းလင့်တွေ့မြင်နေရသည်။

"အိမ်ကြီးကတော့ အိမ်အိုကြီးကွ၊ တစ်ခြံလုံးလဲတိတ်လို့၊ လူမှနေရဲ့လား မသိဘူး၊ ဟိုနေ့က တွေ့လိုက်တဲ့ ကောင်မလေးဆိုတာ ဥစ္စာစောင့်မလေး ထင်ပါရဲ့"

ဟု လေးလေးဖေ ရယ်လျက် လှမ်းနောက်တော့ သူ ခေါင်းယမ်းသည်။

ဘာကြောင့်ရယ် မသိ။ ထားထားတိုးကို ဥစ္စာစောင့်မလေးဟု ပြောလျှင် သူ မကြိုက်။ ထားထားတိုးက လူပဲ။ သူ့လို လူပဲလေ။ ဥစ္စာစောင့် ဆိုတာက လူ့ဘဝကို ခဏလာလည်ရတာမျိုးဟု ဒေါ်ကြီးအိက ပြောပြောပြတတ်သည်။



"မပြောနဲ့ဗျာ ဥစ္စာစောင့်လို့၊ မိုး မကြိုက်ဘူး"

"လေသံကတော့ ကူညီချင်စရာ ကောင်းပါ့ကွာ၊ ခြင်းပြာတစ်လုံး ကြောင်နှစ်ကောင်နဲ့အတူ မင်းကို ဒီနေရာတင်ထားပစ်ခဲ့ရမလား၊ ဘာမှတ်လဲ၊ ကြောင်ကဖြင့် ထားထားတိုးဆီ မရောက်သေးဘူး၊ ခြံထဲထိပဲ ခြေထောက်ချရုံရှိသေးတယ်၊ ဘက်ကန်နေပြီ"

ဟု ခပ်တည်တည်ကြီး ပြောတော့ သူ ချော့သလို လေးလေးဖေ၏လက်ကို ဆုပ်ကိုင်မိပါ၏။ တကယ်က လေးလေးဖေ၏လေသံ တင်းနေတာ။ မျက်နှာတည်နေတာ မှန်ပေမယ့် မျက်လုံးတွေက ပြုံးနေသည်ပဲ။ သူ့ကို စ,နေမှန်းတော့ သူသိသည်ပေါ့။

ဆင်ဝင်အောက်သို့ ဝင်လာသည်အထိ ဘယ်သူ့ကိုမှ မမြင်ရသေး။

အသွေးစုံသော ပန်းဥယျာဉ်တွင်းမှ ပန်းပွင့်လေးတွေသာ ပန်းခိုင်ပန်းခက်တွေအဖြစ် လေအနွဲ့မှာ ယိမ်းနွဲ့လှုပ်ရှားနေကြ၏။ လှုပ်ရှားခြင်းဆို၍ ပန်းပွင့် ပန်းခိုင်နှင့် ပန်းခက်ပန်းလက်တွေပဲ ဤခြံကြီးထဲမှာ လောလောဆယ် မြင်နေရပါသည့်အဖြစ်။

လေးလေးဖေ သူ့ကို တစ်ချက်ကြည့်သည်။ နောက်တော့ လည်ချောင်းရှင်း၍ ချောင်းဟန့်သံ စတင်ပေး၏။ နောက်တော့ ... ကျွန်းတံခါးရွက်ထူကြီးကို လက်ဖြင့်ခေါက်သည်။

ခဏပဲ ကြာသည်။ တံခါးချပ်ကြီး ပွင့်လာ၏။ အသားဖြူဖြူ ခပ်ဖိုင့်ဖိုင့် ကိုယ်လုံးနှင့် ရွှေကိုင်းမျက်မှန်တပ်ထား

www.burmeseclassic.com

www.burmeseclassic.com



ကာ ဆံစများကို သေသပ်စွာ ထုံးဖွဲ့၍ သပ်ရပ်စွာ ဝတ်ဆင်ထားသော ရုပ်ရည်သန့်သန့်နှင့် အဘွားအရွယ် မိန်းမကြီးတစ်ဦး။

ရှေ့ကိုင်းတပ်မျက်မှန်၏ နောက်ဘက်ဆီမှ မျက်ဝန်းတွေက စူးစူးတောက်တောက် ရှိလှပါ၏။

"ဘာကိစ္စလဲ မောင်ရင်"

အသံက တည်တည်တင်းတင်းနှင့် ခပ်ပြတ်ပြတ်နိုင်၏။ လေးလေးဖေ၏ ပြုံးထားသော မျက်နှာကြီးမှာ ဘာဆက်လုပ်ရမှန်း မသိသလိုကြီး အမ်းတမ်းတမ်း ဖြစ်သွားရှာသည်။

အိမ်ရှင်၏ အသွင်က နစ်နစ်လိုလိုမှ မရှိချေဘဲလေ။

"ဒီလိုပါ ဘွားဘွား၊ မိုးရဲ့ခွေးက ကိုက်လိုက်လို့ ဒီအိမ်က ထားထားတို့ရဲ့ ကြောင်လေး သေသွားတာ မိုး စိတ်မကောင်းလို့ပါ၊ သား ကြောင်လေးနှစ်ကောင် ထပ်လာပေးတာပါဘွား"

ဟု သူဝင်ပြောတော့ အဘွား၏ မျက်လုံးတောက်တောက်တွေက သူ့ကို ငုံ့မိုးကြည့်လာသည်။

ခြင်းပြာလေးကို လက်မှဆွဲ၍ ဘွားကို တောင်းပန်သလို ကြည့်နေသည့် ကောင်လေး တစ်ယောက်၏ မျက်ဝန်းတွေကို ဘွားဘွားဒေါ်စုမြတ် အတန်ကြာ ကြည့်သည်။

တကယ့်ကို စိတ်မကောင်း ဖြစ်နေတာ၊ တောင်းပန်နေတာကို ကောင်လေး၏ မျက်လုံးလေးတွေထဲမှာ ဒေါ်စုမြတ် တွေ့မြင်ရသည်ဟု ခံစားမိရလျက် ...

"မင်းနာမည်က ဘာတဲ့လဲ"

ဟု စတင်မေးလာ၏။



"တင်မိုးညိုပါ ဘွားဘွား၊ ဒီမှာ ကြောင်လေးနှစ်ကောင်ပါ၊ ရွှေဝါလို အဝါရောင်လေးရယ်၊ နောက်ပြီးတော့ အဖြူရောင်ကြောင်လေးရယ် သိပ်လှတာပဲ ဘွား"

ဟုပြောတော့ ဒေါ်စုမြတ် ခေါင်းယမ်းသည်။

"မြေးက အဲဒီကြောင်တွေကို ယူမှာမဟုတ်ဘူးကွယ့်"

ဟု ခပ်လေးလေး ပြောတော့ သူ မျက်နှာငယ်သွားသည်။ ဒေါ်စုမြတ်မှ တစ်ချက်ပြုံး၍ ကိုယ်ကို တိမ်းဖယ်လိုက်ကာ ...

"အထဲဝင်ဦးလေ"

ဟုပြောတော့ လေးလေးဖေ သူ့ကို တစ်ချက်ကြည့်သည်။ မျက်နှာလေး ငယ်ကျနေသည့်သူ့ကို လေးလေးဖေ ကြည့်ပြီး ခေါင်းကို တစ်ချက်ပွတ်ပေးကာ ဦးဆောင်၍ အိမ်တွင်းသို့ဝင်သည်။

အိမ်ကြီးနယ်ပင် ပရိဘောဂများကလည်း ဟောင်းအိုနေကြပြီ။ ဒါပေမဲ့ ပွတ်လုံးရာများဖြင့် ကုလားထိုင်နှင့် စားပွဲတွေက ခံ့ထည်နေသည်ပါပဲ။

ရှေးလက်ရာဆန်သော ပန်းကနုတ် လက်ရာများဖြင့် ရှိနေသည့် မှန်ဗီရိုကြီးထဲမှာလည်း ငွေထည်လက်ရာများကို တွေ့ရသည်။

ငွေပေါင်ကွပ်ထားသည့် အမျိုးသားကြီးတစ်ဦး၏ ဓာတ်ပုံကြီး တစ်ပုံကလည်း ဧည့်ခန်းနံရံမှာ နေရာယူထားပါ၏။

အမွေးတိုနေပြီ၊ တုံးနေပြီဖြစ်သော ကြမ်းခင်းကော်ဇော အညိုရောင်ကြီးသည် အရောင်ဝင် လွင့်ပြယ်စ ပြုနေပြီ။

www.burmeseclassic.com



ဧည့်ခန်းစားပွဲထက်မှာရှိသည့် ငွေပန်းအိုးထဲမှာ ပန်းရောင်ဟော်လန်သစ္စာပန်းခက် လေးငါးခက်က လှပစွာ ရှိနေ၏။

"ကြောင်လေးကိုတော့ လက်ခံစေချင်ပါတယ် ဘွား၊ မိုးလေးက ရန်လုံကိုက်လို့ ခွေဝါလေး သေသွားရတာဆိုပြီး အတော်ကြီးကို စိတ်မကောင်း ဖြစ်နေရှာတာပါ၊ ရောက်ရောက်ချင်းမှာ ခုလို အိမ်နီးချင်း အိမ်တစ်အိမ်ကို စိတ်အနှောင့်အယှက် ဖြစ်သွားရတာကိုလဲ ကျွန်တော်တို့ စိတ်ထဲ မကောင်းကြတာလဲ အမှန်ပါ၊ မိုးလေးက ကြောင်လေးကို မရမနေ ရှာပေးဖို့ချည်း ကျွန်တော့်ကို ပူဆာခဲ့တာပါ ဘွားခင်ဗျာ"

ဟု လေးလေးဖေ ပြောတော့ ဒေါ်စုမြတ် ခေါင်းညိတ်သည်။ သူ့ကိုလည်း ကြည့်သည်။ မျက်နှာငယ်လေးနှင့် ကုလားထိုင်မှာ ထိုင်နေသည့် သူ့ကို ပြုံးပြပါ၏။

အိမ်အိုကြီး၏ ဧည့်ခန်းသည် သစ်လွင်မှု ကင်းမဲ့ သော်လည်း ခံ့ထည်မှုကတော့ ရှိနေဆဲပါ။ တစ်ချိန်က အတော်ကြီး ချမ်းသာခဲ့ပုံရသည်ဟု နားလည်လိုက်မိရသည်ပါပဲ။

သပ်ရပ်သန့်ရှင်းမှုဖြင့် ဧည့်ခန်းကျယ်ကြီးသည် သူ သည်နှစ်ယောက်ကို လက်ခံထားသည့်အဖြစ်။

အခန်းထောင့်မှာရှိသည့် သပြေသီးရောင် စန္ဒရားကြီး ကို သူ တစ်ချက်လှမ်းကြည့်မိသည်။ ထားထားတိုး စန္ဒရားများ တီးတတ်ချေသည်လား။

ဒါပေမဲ့ သူ ရောက်ပြီးသည့် ကာလမှ ယခု စန္ဒရားသံကို အိမ်အိုကြီးဆီမှ တစ်ခါမျှ မကြားခဲ့ရ။



"မြေးက စိတ်အစွဲအလမ်း ကြီးတယ်ကွယ့်၊ မြေးလေး တင်မိုးညို၊ ဘာတဲ့ ... မိုးလေး ဟုတ်လား၊ အင်း ... မိုးလေးရဲ့ ကြောင်လေးတွေကို သူ ယူချင်မှာ မဟုတ်ဘူး၊ လာ ... လာ ... ဘွားပြမယ်"

ဟုပြောကာ ဧည့်ခန်းမှ ပြန်ထွက်တော့ သူနှင့်လေးလေးဖေနောက်မှ လိုက်ခဲ့ရပါ၏။

နောက်ဘက်ခြံထောင့်ရှိ စကားဖြူပင် အောက်မှာ ထားထားတိုးကို တွေ့လိုက်ရပါပြီ။

အပြာရောင်ဂါဝန်ရှည်ကြီးနှင့် ထားထားတိုး။ ဆံပင်ကို နှစ်ဖက်ကျစ်ချထားသည်။

ခြေသံကြား၍ထင့်။ ထိုင်နေရာမှ ထားထားတိုးလှမ်းကြည့်သည်။

"မြေးလေးအတွက်တဲ့၊ သူတို့က ကြောင်ဝါလေးနဲ့ ကြောင်ဖြူလေး နှစ်ကောင် ယူလာပေးကြတယ်ကွယ့်"

ဟု ဒေါ်စုမြတ် ပြောသည်။

"သိပ်လှတာပဲ မြေးရယ်၊ ယူထားလိုက်ပါကွယ်"

ဟုလည်း တိုက်တွန်းသည်။ စောစောကပဲ ဘွားပြောသည်လေ။ ထားထားတိုး ယူမှာမဟုတ်ဟု။

ခုကျတော့ ဘွားက တိုက်တိုက်တွန်းတွန်းနှင့် ယူဖို့ ပြောနေသည့် အဖြစ်။

ထားထားတိုး မျက်ရည်ဝဲနေသော မျက်ဝန်းများဖြင့် တစ်ချက် လှမ်းကြည့်ပြီးမှ လက်တွင်းမှ နှင်းဆီပန်းဖြူလေးကို ...ငယ်လေးထက်မှာ တင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ နားလည်လိုက်ရပါပြီ။ ခွေဝါလေးကို ဤနေရာမှာ မြှုပ်ထားရေမည်ဟု။ ခွေဝါကို အဘယ်မျှ ထားထားတိုး ချစ်ရှာမည်ကို ပို၍ နားလည်လာရလေ ...

ရန်လုံကြောင့် ဖြစ်ရတာမို့ ရင်ထဲမှာ အနေရခက်၊ စိတ်ထိခိုက်ရလေပေါ့။

"ခွေဝါက ထားရဲ့အဖော်ပါ၊ ထားနဲ့ ကစားတယ်၊ ဘောလုံးလေးနဲ့ ဆော့တယ်၊ ထားအိပ်ရင် ထားကိုယ်ထဲ တိုးဝင်တယ်၊ မနက်တိုင်း ထားအိပ်ရာက ထအောင် အော်နိုးတတ်တယ်၊ ထားသွားတဲ့နောက် တကောက်ကောက်လိုက်တယ်၊ ထားကျွေးမှ ထမင်းစားတယ်၊ အသွား ကျွေးရင်တောင် စားတာမဟုတ်ဘူး၊ ထား ကျောင်းသွားနေတုန်း၊ ထားပြန်လာချိန်မျိုးမှာ ခြံပေါက်ဝမှာ ကြိုတတ်တယ်၊ အဲဒီခွေဝါကို ဘယ်လိုအစားထိုးပြီး ထားက ရနိုင်မှာလဲ၊ ထား ... ဘယ်ကြောင်ကိုမှ မယူဘူး"

ဟု အသံတုန်လေးနှင့် ပြောပြီးတော့ ထား မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတော့ သူ့တစ်ကိုယ်လုံး တောင့်မတ်သလို ဖြစ်သွား၏။

ထား၏ မျက်နှာနုနုလေးကို ထိထိခိုက်ခိုက် သူ ငေးကြည့်သည်။

ထားထားတိုး၏ ခွေဝါလေးကို ဘယ်လိုမှ သူ အလျော်အစားပေး၍ မရနိုင်။ အဘယ်မျှလှသည့် ကြောင်လေးနှင့်ပဲဖြစ်ဖြစ်၊ အစားထိုးပေး၍ မရနိုင်။ ခွေဝါသည် ထားထားတိုး၏ အဖော်။



ယခုတော့ ထိုအဖော်သည် သူ မွေးထားသော ရန်လုံကြောင့် ထားထားတိုးကို ချန်ထားရစ်ခဲ့ပြီ။

"မိုး ... မိုး ... တောင်းပန်ပါတယ် ထားရယ်၊ မိုး တကယ်လဲ စိတ်မကောင်းပါဘူး၊ သိပ်အားနာတယ်၊ ထားကိုသနားလဲ သနားတယ်"

ဟု သူ ပြောပြီးတာနှင့် နေရာမှ ချာခနဲ လှည့်ထွက်ခဲ့ပါ၏။

ခြင်းပြာလေးကို တင်းတင်းဆုပ်ထားလျက် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခိုက်မှာ ရင်ထဲမှာ ဆို့ကျပ်နေသည်။

ခွေဝါ မရှိခြင်းသည် ထားထားတိုး၏ နှလုံးအိမ်ကို အတိုင်းအဆမဲ့ ကြေကွဲနာကျင်နေစေမှန်း သူ နားလည်နေမိရပါ၏။

ထားထားတိုးသည် အစွဲအလမ်းကြီးလျက်၊ တွယ်တာမှုကို မပြောင်းလဲစွာ ခိုင်မြဲစေသည့် စိတ်ထားရှိသည့် မိန်းကလေးမှန်း ထိုကာလတုန်းကတော့ နက်နဲစွာ နားမလည်လိုက်နိုင်ခဲ့ပေ ...။

စိတ်ထားနူးညံ့တတ်လျက် တစ်ခုခုကို အစားထိုး၍ ရနိုင်တတ်သည့် အကျင့်ကိုတော့ဖြင့် သူ နားလည်မိခဲ့ရသည်ပါပဲ။

သူနှင့် ထားထားတိုးတို့ တတိယအကြိမ် တွေ့ဆုံရချိန်သည်လည်း ကြေကွဲနာကျင်ခြင်းဖြင့်သာ ဖြစ်တည်ခဲ့ရချေသည်အတွက်။

❤ ❦ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

"ဒေါ်ချောအိ သိရင် ရင်ကွဲကိန်းပဲ မိုးလေး၊ သူက သူ့ခွေး အိမ်မှာ သူ့ကြောင်နှစ်ကောင် ကောင်းစားနေပြီလို့ ထင်မှာ၊ ခုလို ဒရိုင်ဘာအိမ်မှာ ရှိတာနဲ့ စားနေရတဲ့ ကြောင်လေးတွေရဲ့ အဖြစ်ကိုမြင်ရင် ငါ့ကို ဒေါပွလိုက်မယ့်အမျိုး"

ပြောပြီး ဆေးပေါ့လိပ်တိုကို ဖွာနေသည့် လေးလေးဖေ၏အသံမှာ သူစိတ်လက်ညစ်လျက် ထိုင်မှိုင်နေသည်ပါပဲ။

လေးလေးဖေ ဆေးလိပ်ဖွာနေရာမှ တစ်ချက် သူ့ကို ငဲ့ကြည့်သည်။ မျက်နှာမကောင်းဘဲရှိနေသည့် သူ့ကို အတန်ကြာ ကြည့်ပြီးမှ ...

"ကြောင် မမွေးရလို့ စိတ်ညစ်နေတာ မဟုတ်မှန်းတော့ ငါ သိပါတယ် မိုးလေး၊ ကောင်မလေး မယူလို့ စိတ်ညစ်နေတာ မဟုတ်လား"

ဟုပြောတော့ သူ တိတ်နေသည်။ ဘာမျှမပြော။

"မိန်းကလေးတွေက ဒီလိုပဲ ဖြစ်တတ်တယ်ကွ၊ သူတို့ချစ်တဲ့ တိရစ္ဆာန်လေးတွေကို ဒီလိုပဲ စွဲလမ်းတတ်တယ်၊ သေ



သွားရင် ငိုလို့မပြီးနိုင်ဘူး၊ တချို့များဆို ကြောင်လေးဖျားလို့ ဆရာဝန်သွားပြရတာတို့၊ သေလို့ တစ်လကိုးသီတင်း ငိုရတာတို့၊ အိမ်ကို ဧည့်သည်လာရင်၊ အလိုက်ကမ်းဆိုးမသိ သူ့သေသွားတဲ့ ကြောင်လေး ဘယ်လိုတော်တာ၊ လိမ္မာတာတွေ ပြောဆိုပြတာတို့ ဘာတို့ ... စိတ်ပျက်ဖို့ကောင်းလောက်အောင်ကို ရှိတတ်ကြတာ ...

"အဲဒါမျိုးကျတော့ .. ဘယ်သူ .. ထားထားတိုးလို ကလေးမဟုတ်ဘူး၊ လူကြီးက လုပ်တာ စိတ်ညစ်ဖို့ကောင်းရော၊ ဧည့်သည်မှာ ကိုယ့်ကိစ္စ ဘာမှမပြောရဘဲ သူ့ကြောင်ကိစ္စ သူ့မျက်ရည်နဲ့ ဘာမှ အဓိပ္ပာယ်မရှိတဲ့ အဲဒီကြောင် လိမ္မာတာတွေကို ထိုင်နားထောင်ပြီး ပြန်ခဲ့ရရော"

ပြောပြီး လေးလေးဖေ စိတ်ပျက်လက်ပျက်ပုံဖြင့် ခေါင်းခါနေသည်။

"လေးလေးဖေ ဘယ်အိမ်မှာ တိုးခဲ့တာလဲဟင်"

သူမေးတော့ တစ်ချက်ရယ်သည်။ နောက်တော့ ... မျက်စိစွေ၍ သူ့ကို ကြည့်သည်။

"ဘယ်သူ့အိမ်မှ မကြုံခဲ့ရဖူးပါဘူး၊ ရှိတတ်တာကို ပြောတာပါ၊ လူချမ်းသာမိန်းမတွေ အလုပ်မရှိ ကြောင်ရေချိုးဆိုတဲ့ အားအားယားယား အမျိုးသမီးတွေအကြောင်း ... ဟဲ ဟဲ ... ဝတ္ထုတွေထဲမှာ အဲသလို ဖတ်ဖူးတာပါ၊ အဲဒါ အမှန်ရှိလို့ ဒီလိုရေးတဲ့ သူကလည်း ရေးတာပေါ့ မိုးလေးရ"

ဟု ပြောတော့ သူ ခပ်လှမ်းလှမ်းမှာ ဖျာပေါ် ကျွမ်းပစ်ဆော့နေကြသည့် ကြောင်နှစ်ကောင်ကို ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်မှာ နွားနို့ပန်းကန်ပြားလေး ချထား၏။

ဒေါ်ကြီးအိ မသိအောင် ခိုးလာသည့်နွားနို့။ နေရာသစ်ဆိုပေမယ့် မောင်နှမ နှစ်ကောင်လုံး အတူရှိနေတာမို့ထင့်။ ကြောင်ငယ်လေးများပီပီ အဆော့မက်လျက် ကျွမ်းသန္တာလန်အောင် ဆော့နေသည်ပါပဲ။

ကြောင်လေးတွေက ဝကစ်ကစ်လေးတွေ။ အဖြူလေးဆိုလျှင်လည်း ဖြူဆွတ်ဆွတ်နှင့် အမွေးရှည်လေးတွေ။ အဝါလေးကလည်း ရွှေဝါရောင် အမွေးအမျှင်လေးများ ရှည်လျားလျက်တောက်နေသည်ပါပဲ။

"ဒီလောက်လှတဲ့ ကြောင်လေးကို ထားထားတိုး မြင်ရင်လက်ခံချင် လက်ခံမှာ၊ ခုဥစ္စာက ကြည့်တောင်မကြည့်ဘဲငြင်းလွှတ်တာ"

ဟု သူပြောတော့ လေးလေးဖေ ခေါင်းခါသည်။

"မထင်ပေါင်ကွာ၊ ယူမှာမဟုတ်ဘူး၊ ငါပဲမွေးရမှာပါပဲ၊ ငါကလဲ ဒေါ်ကြီးအိတို့နဲ့အတူ ထမင်းစားရတာ၊ ဒီကြောင်နှစ်ကောင်အတွက် ထမင်းခိုးယူလာရ၊ ဟင်းခိုးယူလာရနဲ့ အလုပ်ရှုပ်ဦးမှာ"

လူပျိုကြီး လေးလေးဖေနှင့် အန်ကယ်ဂျက်တို့ကလည်း အိမ်ကြီးမှာပဲ ဒေါ်ကြီးအိ၊ မိတူးတို့နှင့်အတူ ထမင်းစားကြရတာမို့ ဤကြောင်နှစ်ကောင်၏ စားရေးသောက်ရေးကိစ္စကို လေးလေးဖေ စိတ်လက်လေးနေခြင်းပါ။

လေးလေးဖေ၏ အခန်းမှာက-ထမင်းအိုး,ဟင်းအိုးမရှိ။ ချက်စားဖို့လည်း လိုမှမလိုဘဲလေ။



"မိုး ပုစွန်ခြောက်တွေ ခိုးလာမယ်၊ ထမင်းကို ပလတ်စတစ်အိတ်ထဲ ခိုးထည့်ယူလာပေးမယ်၊ နွားနို့လဲ ခိုးလာပေးမယ်"

"ခုမှ သူခိုးကျင့် သူခိုးကြံတွေ ပေါ်တော့တယ်"

ဟု ပြောပြီး လေးလေးဖေ ရယ်သည်။

"မင်းကွာ ... ကြက်တူရွေးလဲ မင်းက မွေးချင်တယ်ဆိုပြီး ဝယ်လာတယ်၊ ငါက မွေးပေးရတယ်၊ ခု ... ကြောင်"

ဟု ပြောပြီး ခေါင်းခါသည်။ တစ်နေ့ ကျောင်းသွားတုန်းက ဈေးတစ်ခုကိုဖြတ်စဉ် ဈေးဆောင်းပလက်ဖောင်းမှာ ကြက်တူရွေး ရောင်းနေတာ မြင်တာနှင့် သနားသည်ဆိုကာ သူ ဝယ်ချင်နေတာမို့ လေးလေးဖေ ကားကိုထိုးရပ် ဝယ်ပေးခဲ့ရသည် မဟုတ်ပါလား။

တီရှွာန်မွေးတာကို မကြိုက်သည့် ဖေဖေ့ကြောင့် လေးလေးဖေ အိမ်မှာပဲ မွေးထားရသည်။ ဤသီရိမြိုင်သို့ ပြောင်းလာတော့လည်း ကြက်တူရွေးလှောင်အိမ်ရော ကြက်တူရွေးရော လေးလေးဖေနှင့်အတူ ဤအိမ်ခန်းသို့ ရောက်လာရသည်ပါပဲ။

"အဲဒီကြက်တူရွေး ဘာလုပ်ဖို့လဲဆိုတော့ သတ်စားချင်စားကြမှာဆို၊ အဲဒီတုန်းက အဲသလိုပဲ လေးလေးဖေ ပြောပြီးတော့၊ မိုး သနားလို့ ဝယ်ခဲ့တဲ့ဥစ္စာ"

ဟု သူ ပြောစဉ် လေးလေးဖေ သူ့ပခုံးကိုပုတ်သည်။

"အေးပါ၊ တရားခံက ငါပါပဲ မောင်ရာ၊ အဲဒီတုန်းကတော့ ခရမ်းချဉ်သီးတို့၊ ငရုတ်သီးစိမ်းတို့ ခိုးခိုးလာတဲ့ကောင်၊ ခုတော့ ခိုးစရာပစ္စည်းတွေ အရေအတွက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အမျိုးအစား တိုးလာတာပေါ့၊ ငါလဲ သူခိုးလက်ခံ ဖြစ်ကရော၊ ဟေး ... ဟေး မင်းနဲ့ ပေါင်းရတာ မနိုပ်ပေါင်မိုးလေးရာ”

ဟုပြောတော့ သူ ကြောင်လေးနှစ်ကောင်ကို လှမ်းကြည့်မိသည်။ ကြောင်လေးတွေကတော့ ဆော့ကောင်းတုန်း။

“ကြောင်မွေးတွေ ပါးစပ်ထဲဝင်ရင် ပန်းနာစွဲမယ်ဆိုပြီး ဖေဖေက ကြောင်ကို အိမ်မှာလုံးဝလေးမွေးတာမှ မဟုတ်တာ လေးလေးဖေရာ၊ လေးလေးဖေဆီမှာပဲ ဒီကောင်လေးတွေ ထားရတော့မှာပေါ့”

ဟု ပြောတော့ လေးလေးဖေ သူ့ကို တစ်ချက်ကြည့်သည်။

“အစ်ကိုကြီးက မင်းကို ချာတိတ်လေးလို မြင်တဲ့အခါမှ မြင်တာကွ၊ သူ့စီးပွားမှာ တစ်နေ့ ဦးဆောင်မယ့် လူတော်လေးတစ်ယောက် အဖြစ်ပဲ မြင်မြင်နေတာ ... အင်း”

ဟု တစ်ချက်ညည်းကာ ဘာမျှ ဆက်မပြောတော့ဘဲ ငြိမ်နေသည်။

“တစ်ခါ တစ်ခါတော့လဲ မင်းကို ငါသနားတယ်ကွ၊ ကလေး ကလေးလို မပျော်ရဘူး၊ ဒါပေမဲ့ အစ်ကိုကြီးမျက်ကွယ်မှာတော့ မင်း ကလေးလို စိတ်လွတ်လက်လွတ်နေခွင့်ရသားပဲ၊ အစ်ကိုကြီးက အဲသလို အလုပ်တွေထဲ အချိန်များများမှာ နစ်နေတာ တစ်မျိုးတော့လဲ မင်းအတွက် ကံကောင်းတာကွ၊ အဲဒီအချိန်မှာ မင်း ရန်လုံနဲ့ အိမ်မှာ ဆော့နေနိုင်တယ်၊ ပုတ်သင်ညိုတွေ လိုက်ပစ်နိုင်တယ်”



ဟု အလုပ်ကြီး အကိုင်ကြီး လုပ်ခွင့်ရသူတစ်ယောက်အတွက် ဝမ်းသာနေသည့်အလား လေးလေးဖေ ပြော၏။

“ကျောင်းဖွင့်ရင် မင်း ကိုးတန်းတက်မှာနော်”

ဟု တစ်ချက်ပြောပြီး စကားမဆက်တော့ဘဲ လေးလေးဖေ ငြိမ်သွားသည်။

ထိုအခိုက်မှာပဲ အန်ကယ်ဂျက် သီချင်းလေးတညည်းညည်းနှင့် တစ်ဖက်ရှိ သူ့အခန်းဆီသို့ ပြန်လာ၏။ သူ့ကိုမြင်တော့ သွားဖွေးဖွေးတွေ ဖွင့်ဟလျက် ရယ်ပြသည်။ အသားမည်းသော အန်ကယ်ဂျက်၏ သွားတွေက ဖွေးစင်လျက် အရမ်းကိုညီညာတာတော့ အမှန်။

“ဒီကောင့်မှာ အလှဆိုလို့ သွားပဲရှိရာတာ၊ ဒီလောက်လှတဲ့ သွားတွေတောင် သူ့မျက်နှာကြောင့် ကံဆိုးရာတယ်၊ မထင်ပေါ်နိုင်ရှာတော့တဲ့ ဘဝကို ရောက်ကရော”

ဟု ပြောတော့ လေးလေးဖေကို အန်ကယ်ဂျက် မျက်မှောင်တွန့်ကြည့်သည်။

“မင်းက သွားပိုးရှားတဲ့ကောင်၊ သွားကံမကောင်းတိုင်း နာတွားဒွေကို မနာလို ဖြစ်နေဒါ၊ နင့်ပါးရုပ် ဖြဲလိုက်ရင် ကွမ်းရှားထားဒဲ့ သွားနီနီတွေပဲ မြင်ရဒယ်၊ သွားလဲအံသွားသုံးချောင်းတောင်မှ နုတ်ပစ်လိုက်ရပြီးပြီ၊ အဲဒါ ရှေတနားမန်တော ကံတရားပဲ”

ဟု ထုံးစံအတိုင်း ရှည်လျားစွာ ပြန်ပြောနေသည့် အန်ကယ်ဂျက်ကို လေးလေးဖေကလည်း ရယ်နေသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အခန်းချင်း ကပ်လျက်မို့ သည်လိုပဲ တကျက်ကျက်နှင့် ရှိနေကြသည့်အဖြစ်။

"ဟော ... ကြောင်းကလေး နှစ်ကောင်တောင်ပါလား၊ ဟား ... ကန်းဒယ် ... ကန်းဒယ်၊ အိမ်မှာနော် ကြောင်းရှိဒယ် ရှိရင် ကြွက်ဒွေ ကန်းကန်းပြေးဒယ် ရှိမယ်၊ ကန်းကန်းမွေးပါ"

ဟု ကြောင်မွေးဖို့ တာဝန်ကို အပြတ်ပေးနေသည့် အန်ကယ်ဂျက်ကို လေးလေးဖေ မျက်စိစွေကြည့်သည်။ ကြွက်တူ ခွေးမွေးတုန်းကလည်း ဤသို့ပါပဲ။ ခရမ်းချဉ်သီးတစ်လုံး ရှာပေးဖော်မရ။ ကြွက်တူခွေးမှ မီးလေးရေ ... လေးလေးဖေရေ ... အန်ကယ်ဂျက်ရေဟု ခေါ်တတ်တာကိုတော့ သဘောတကျကျနှင့် နားအရသာခံသည်။ ခွေးခဲရေ ... လူချောလေးရေနှင့်လည်း အန်ကယ်ဂျက် အရမ်းကို အလွမ်းသယ်တတ်သည်။ လှောင်အိမ်သန့်ရှင်းရေးလုပ်လည်း လေးလေးဖေ။ ကျွေးရတာလည်း လေးလေးဖေ။

"နေဦး ... ကြောင်းကို ဘယ်ဘက်က ယူးလာတာလဲ၊ ရှကားဖွန်း အဲ ... မဟုတ်ဘူး၊ ရှေးလူကြီးဒွေရှကား ရှိရိုးရှိဒယ်၊ ခွေးတောင်၊ ကြောင်းမြောက်ဒဲ့၊ တဘောက ခွေးရှိရင် တောင်ဘက်အရပ်က မယူးကန်းဘူး၊ ကြောင်းရှိရင် မြောက်ဘက်အရပ်က မယူးကန်းဘူး၊ နိုက်တတ်တယ်ဒဲ့"

ဟု ပြောခိုက် လေးလေးဖေ ခွတိုက်၍ ကြည့်နေပြီ။

ဘယ်ကဘယ်က သိထားသည်တော့ မသိ။ အန်ကယ်ဂျက်လောက် စကားပုံသိတာ၊ ရှေးစကားသိတာမရှိ။ လက်မြောက်လောက်သည့် အဖြစ်။ စာအုပ်တွေတော့ တကယ့်ကိုဖတ်



သည့် အန်ကယ်ဂျက်။ အတန်းပညာ ရှစ်တန်းထိလည်း အန်ကယ်ဂျက် သင်ဖူးသည်တဲ့။

ဘာမျှမပြောဘဲ လေးလေးဖေ အခန်းနံရံမှ တယောကို သွားယူသည်။ နေ့ခင်း နေ့လယ်ဘက် တယောတစ်ချက် ထိုးမည်ထင်၏။

စကားများသော အန်ကယ်ဂျက် အသံကို တိတ်ကျသွားအောင်၊ နားညည်းသက်သာအောင်လည်း ဖြစ်နိုင်သည်။

တော်ဝင်သူ သီချင်းကိုပဲ လေးလေးဖေ ထိုးသည်။

တယောနှင့်အတူ လေးလေးဖေ အသံတိုးတိုးဖြင့် ဆိုပါ၏။

"မမလေးကိုနော်ဗျာ ... သည်မောင် ကုန်ကုန်ချစ်ပါတဲ့ ... မမလေးကိုနော်ဗျာ ... သည်မောင် ကုန်ကုန်ချစ်ပါတဲ့ ... မှန်နှစ်ကယ် သစ္စာပြုမယ် ... မင်းယုံတော့ကွယ် ... ရိုးမြေကျ အကြောင်းမျှော်ဆတယ် ... ပေါင်းဖော်ပါ့မယ် ..."

ဟု လေးလေးဖေ အဆိုပိုင်ပိုင်နှင့် ဆိုသည်။

နောက်တစ်ကျော့ ထပ်တီး ထပ်ဆိုခိုက်မှာဖြင့် လေးလေးဖေ ခမျာ ချာန်သွင်းထားသမျှ ရေစုန်မျောရပါလေ၏။

"မမလေးကိုနော်ဗျာ ... ဒီမောင် ကုန်းကုန်း ချစ်ပါဒဲ့ ... မုန်နစ်ကယ် တစ်ရှာပြုမယ် ... မင်းယုံးဒေါ့ကွယ် ... ရိုးမြေကျ အကြောင်းမျှော်ရှဒယ် ... ပေါင်းဖော်ဘာ့မယ် ... အရှင်တွေးဒယ် ခင်လေးရယ် ... ထင်းတရေးငေးနဲ့ မြင်းတေးဒယ် ... နဖူးရှာရေး ... ဖူးရှာဒေါ်ရေးဒါလို့ ... တွေးရှတာ ရှာရှိဒါငယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု အန်ကယ်ဂျက်၏ စိတ်ပါလက်ပါကြီး ဝင်ဝင်ဟဲနေသမျှ ဘယ်လိုမှ မတီးဘဲလည်း မရနိုင်မှန်း သိတာမို့ စိတ်ပျက်လက်ပျက်ကြီးပင် တယောကို ဆက်ထိုးနေရရှာပါသည့် လေးလေးဖေကို ကြည့်ကာ သူ ထိန်းမရနိုင်စွာ ရယ်လိုက်မိရပါ၏။

အသံသာမပီသည် တော်ဝင်သူကိုဖြင့် မှတ်မိစွာ သိဆိုနိုင်သည့် အန်ကယ်ဂျက်ပါ။

"ရွှေခဲလေးရေ"

ဟု တစ်ချက် သူ့ ခေါင်းစဉ်ခိုက်မှာ သီချင်းဆိုနေသော အန်ကယ်ဂျက်၏ အသံထူးသည့် ပါရမီသံကြောင့်လားမသိ။ ရွှေခဲပင် ယခင်တုန်းလို မိုးလေးရေ ... ဟု ပြန်မထူး။ အန်ကယ်ဂျက်ကိုသာ ရွှေဂဲ ကြည့်နေသည့်အဖြစ်။

"မမလေးကိုနော်ဗျာ ... ဒီမောင်ကုန်းကုန်းချစ်ပါတဲ့ ... မုန်နှစ်ကယ် တစ်ရှာပြုမယ်"

သစ္စာပြုတေးကိုဖြင့် အန်ကယ်ဂျက် ဆက်ဆိုနေဆဲ။

နေ့ခင်းမှာဖြင့် တယောသံနှင့် မလိုက်ဖက်စွာ အန်ကယ်ဂျက်၏ အသံက တန်းလျားဆီမှ လွင့်ပျံ၏။

❤ ❤ ❤



အခန်း(၆)

"တစ်ပင်တက်ဒယ်ရှိဒါ ဒဒီကန်းရတယ်၊ ရှိတ်ခတ်ငြိမ်တတ်ရတယ်၊ တစ်ပင်မြင်းမြင်းကို တက်ဒယ်နော် ... ပိုပြီးဒေါ် ဒဒီရှိရဒယ်၊ ပြုတ်ကျဒယ်နော် ... အတက်ထွက်မယ်"

အပင်ပေါ်မှ သစ်ပင်တက်သင်တန်း ပို့ချနေသည့် အန်ကယ်ဂျက်ကို သူ ဘာမျှအတွန့်မတက်။ ပြောသမျှ ခေါင်းညည်း ညိတ်ပြနေသည်ပါပဲ။

သစ်ပင်တက်လျှင် သတိရှိဖို့၊ စိတ်ခတ်ငြိမ်သက်မှုပင် တရားဟောနေသည့် အန်ကယ်ဂျက်မှာ လက်တွေ့မှာဖြင့် သစ်ပင်တက်သင်တန်း ပို့ချနေတာမို့ စိတ်နှစ်ခွပြစ်နေတာအမှန်။

ဒါပေမဲ့ သရဖီပင် မြင့်မြင့်ကြီးပေါ်တက်၍ သရဖီပန်းတွေ ခူးပေးနေသည့် မျက်နှာကြောင့် သူ ဘာမျှစကားအတွန့်မတက်။

"ဂျက်နယ် ... နားမည်တစ်လုံးနဲ့ ရှိဒယ်"

ဟုတ်နေသည်။ နာမည်ကိုက ဂျက်၊ တစ်လုံးတည်းပါလေဟု သူ တွေးဖြစ်လျက် မော့ကြည့်ပြုံးမိပါ၏။

www.burmeseclassic.com



ခါးတောင်းမြှောင်အောင်ကျိုက်လျက် မည်းနက်နေသော အသားတွေ လှသိအောင် ထုတ်ပြနေသည့် အန်ကယ်ဂျက်။ လွယ်အိတ်တစ်လုံးကို လည်ပင်းမှာ သိုင်းလွယ်ထားလျက် ကိုင်းတံများမှာ ကပ်တွယ်ပွင့်နေကြပါသည့် သရဖီပန်းတွေကို ခူးပေးနေ၏။

"ဘာပြုံးတာလဲ ကန်ဂလေး၊ ဂျက်နော် ... နားမယ်တစ်လုံးနဲ့ ရှိဒယ်ရှိဒါက တစ်ပင်တက်ဒယ်နော် ... ချုတ်တားဘဝကတည်းက ဂျက်လိုပဲ မြန်းမြန်တက်တတ်ဒယ်၊ တိဒယ်မဟုတ်လား၊ မိုးပေါ်က ဂျက်လိန်ပျံလိုလေ၊ နာ့အာမေ့နော် ကန်းကန်း ဒုတ်နဲ့တီးဒယ်၊ နာနော် ဂျက်ပဲ၊ တစ်ပင်မြင်းမြင့်ကိုနော် ကန်းကန်း အရိုက်ခံပြီးဒေါ့ ကန်းကန်းတက်ဒယ်၊ ငှက်ဥနှိုက်ဒယ် ... ကန်းကန်းပြုတ်ရှားဒယ်"

ဟု ပြောနေသမျှ သူ အောက်မှ နားထောင်ဖော် အမာခံပရိသတ် လုပ်နေရပါ၏။ ဘာပဲဖြစ်ဖြစ် အန်ကယ်ဂျက်က သူ့အပေါ် စိတ်ရှည်အလိုလိုက်တာတော့ အမှန်။

သရဖီပန်း ခူးပေးပါဟု ပူဆာလိုက်တာနှင့် ခါးတောင်းမြှောင်အောင် ကျိုက်ကာ သရဖီပင် အမြင့်ကြီးကို တက်ပေးရှာသည်ပါပဲ။

"လွဲအိတ်နဲ့ တာဝက်ရှိပြီး မိုးလေး၊ နာ ပြန်ရှင်းဒေါ့မယ်"

ဟု ပြောတော့ သူ ခေါင်းညိတ်ပြရသည်။

အောက်သို့ တကယ့်ကိုလည်း ဂျက်လိုပဲ ဆင်း လာသည့် အန်ကယ်ဂျက်ပါ။



သစ်ပင်အောက်ရောက်တော့ အမောဖြေသလို ပင်ခြေမှာ ပင်စည်ကိုမှီ၍ အန်ကယ်ဂျက် ထိုင်၏။ ပန်းလွယ်အိတ်ကို လည်မှပြုတ်၍ ကမ်းပေးတော့ သူ ယူသည်။

ပန်းလေးတွေကို သူ ဖွဖွယူကြည့်မိပါ၏။

ဝတ်ဆံဝါဝါလေးတွေကို ပွင့်ဖတ်လွှာဖြူဖြူလေးတွေက ပုလဲပွင့်များလို ရံထားသည်။ ရနံ့က မွှေးပျံ့လှိုင်ကြူသည့်အဖြစ်။

ပင်ခြေမှာ ကြွေကျနေသည့် သရဖီပွင့်လေးတွေမှာလည်း ဤရနံ့ကတော့ ရှိနေဆဲ။

ပန်းကြွေများ ခင်းထားရာ ပင်ခြေမြေပြင်မှာ သူနှင့် အန်ကယ်ဂျက် ရှိနေသည်။ ရနံ့တွေကတော့ သင်းတပျံ့ပျံ့။

လွယ်အိတ်တွင်းမှ ပန်းလေးတွေကတော့ လန်းသည်။ ဝို၍ မွှေးမြနေသည်ဟု သူထင်၏။

ခါးကြားမှာ ထိုးထားသည့် မီးသေနေသော ဆေးပေါ့လိပ်တိုနှင့် ခါးကြားထဲမှ ဂက်စ်မီးခြစ်ကို အန်ကယ်ဂျက်ထုတ်ကာ မီးညှိရှိုက်ဖွာ အနားယူသည်။

နောက်တော့မှ ...

"ကန်ဂလေး ဒီးပန်းခွေ နင့်အမားကို ပေးဖို့လား"

ဟုမေးတော့ သူ မလိမ်ချင်တာမို့ ...

"တစ်ဝက်က မေမေ့အတွက်၊ တစ်ဝက်က ထားထားတို့အတွက်"

ဟု ပြောတော့ အန်ကယ်ဂျက် သူ့ကိုကြည့်ပြုံးသည်။ နှာက ပြုံးနေ၏။ နောက်တော့ ဆေးလိပ်တိုကို လက်ကြား

www.burmeseclassic.com

www.burmeseclassic.com



မှာညှပ်လိုက်ကာ ပါးစပ်ဖွင့်၍ လွတ်လပ်ကျယ်လောင်စွာပဲ ရယ်သည်။

"အဟေးဟေး ကန်မလေးအတွက်၊ ထားထားတိုး တူ့အတွက် နင်က မျက်နှာလုပ်ပြီးဒေါ့ လက်ရှောင်တွားပေးမယ် ရှိဘာဒေါ့၊ အဲဒီအတွက် နာက ကန်းကန်းတစ်ပင်တက်ပေးဒယ် ရှိဘာဒေါ့၊ မိုးလေး နင်ဟာ ခုချွတ်ကရားလေးပဲ ရှိတေးဒယ်၊ ဘာလဲ ဟိုကန်းကန်းနောက်ပိုးလုပ်တတ်နေပြီ အဟေး ဟေး"

ပြောရယ်ပြီးမှ ဆေးပေါ့လိပ်တိုကို ပြန်၍မွှာရှိုက်သည်။

"ဘယ်တူလဲ ထားထားတိုး ့ ကန်မလေးက တူ့ကြောင်းတေတွားလို့ ကန်းကန်းဝမ်းနဲဒယ် ရှိချိန်မှာ နင်က အလိုက်ကန်းရှိုးမတိဘဲ ပန်းပန်ဖို့ တွားပေးမဲ့ယ်ရှိဒေါ့၊ ကန်းကန်းညှံ့ဒဲ့ ကန့်ဂလေးပဲ ဝမ်းနဲ့ဒဲ့လူက ပန်းပန်မလား မိုးလေးရဲ့+ မျက်နှာတွားလုပ်ဒဲ့ ဥစ္စာကလဲ ကန်းကန်း ပါးရိုက်ခံရမယ့် ကိတ်ရှ ဖြစ်နေဒယ်"

ဟု ပြောတော့ အန်ကယ်ဂျက် စကားက ဟုတ်နေပြန်သည်။

"မိုးက သူ့ကို သနားလို့ပါ၊ ရွှေဝါသေသွားတာ သူအရမ်းစိတ်ထိခိုက်နေတာဗျ၊ အဲဒါ ရန်လုံကြောင့်၊ ရန်လုံက မိုးရဲ့ ရွေး ဖြစ်နေတယ်၊ အဲဒါဆိုးတာပဲ၊ သူ့ကိုသနားတယ်ဗျာ"

ဟု ပြောမိသည်။ ရင်ထဲရှိတာကို အမှန်အတိုင်း ပြောမိခြင်း။



အန်ကယ်ဂျက် ပြောသည့်အတိုင်းဆိုလျှင် ပန်းသွားပေးမိမှ ပိုဆိုးမည့်အဖြစ်။

"ဟော့ကောင် ဂျက်၊ ဒီမှာ ရွှေခဲလွတ်သွားလို့ ဘယ့်နှယ်ဖြစ်တယ် မသိပေါင်ကွာ၊ သူ့လှောင်အိမ် ငါဆေးနေတုန်းအရင်ရက်လိုပဲ ညှော်ခန်းထဲမှာ လွှတ်ထားမိတာ ကြောင်လေးတွေကို ကြောက်လို့လား မသိဘူး၊ ပြတင်းပေါက်က ပျံပြေးပါလေရော၊ ခေါ်လို့လဲ မရဘူး၊ ပြန်ထူးတော့ ထူးပါရဲ့၊ သစ်ပင်တွေမှာ တစ်ပင်ပြီးတစ်ပင် ပျံကူးနေတော့တာပဲ"

ဟု ပြောရင်း မျက်နှာပျက်ပျက်နှင့် လျှောက်သွားသည့် လေးလေးဖေ ...။ သူ့ ချက်ချင်းထရပ်ကာ မျက်နှာပျက်ပျက်နှင့် ...

"ဘယ်မှာလဲ ရွှေခဲ"

ဟု မေးတော့ လေးလေးဖေ ရှေ့မှထွက်သွားတာနှင့် သူနောက်မှ လိုက်ခဲ့မိပါ၏။

မာလကာကိုင်းမှာ နားနေသည့် ရွှေခဲကို တွေ့တော့သူ ချော့ခေါ်သည်။

ရွှေခဲကို သူ ချစ်သည်လေ။ မိုးလေးရေ ... မိုးလေးဟု ပြောတတ်နေသည့် ရွှေခဲ။ လာပြီ လာပြီဟု သူလာတိုင်းအော်တတ်သည့် ရွှေခဲ။

သူယူကျွေးသည့် ငှက်ပျောသီးမှည့်။ ခရမ်းချဉ်သီးနှင့် ဂေရုတ်သီးတို့ကို စားရင်းမှ မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်လုပ်၍ မိုးလေး မိုးလေးဟု အော်တတ်သည့် ရွှေခဲ။

www.burmeseclassic.com



ရွှေခဲကို အပျောက်မခံနိုင်။ ဟိုခြံသည်ခြံ သစ်ပင်များအတိုင်း ကူးသွားရင်း ပျောက်သွားချေမည်ပေါ့။ ခွေးကိုက်ချေမည်ပေါ့။

"ရွှေခဲရေ လာ ... လာ"

ဟု အရင်တုန်းကလို ပခုံးမှာ လာနားချေမည်လား ဟု သူ ချော့ခေါ်ပေမယ့် ရွှေခဲ ဆင်းမလာ။ နောက်ထပ်သစ်ပင်ကို ကူးသွားသည်။ သူ လိုက်ချော့ခေါ်ပေမယ့် မရတော့။ ကျေးငှက်ဘာဝ သစ်ပင်များမှာ ကူးသန်းပျံရင်းဖြင့် တစ်ဖက်ခြံသို့ ရောက်တော့မည့်သဘော။

ရွှေခဲကို သူ စိုက်ကြည့်နေမိရာမှ နောက်ထပ်ချော့ခေါ်သည်။

"ရွှေခဲလေးရေ မိုးဆီကို လာ ... လာ"

ဟု ခေါ်ခိုက် ရွှေခဲ တစ်ချက်ငုံ့ကြည့်ကာ ဂုံခနဲ တစ်ချက်အော်ပြီး အတောင်ပံကို အားယူ၍ နောက်ထပ် သစ်တစ်ပင်ကို ကူးပျံပါ၏။

သူ ... အံခဲ ရွှေခဲကို ကြည့်သည်။

ရွှေခဲသည် တောရိပ် တောင်ရိပ်ကို ပြန်၍တမ်းတလွမ်းနေပြီထင့်။ အခြားနေရာသို့ သွားချေတော့မည်ထင့်။ သစ်ပင်တွေ တစ်ပင်ပြီးတစ်ပင် ကူးလျက် မကြာမလင့်မီ သူ့အပါးမှ အခြားအရပ်သို့ ကျေးငှက်ဘာဝ ပျံသန်းထွက်ခွာသွားချေတော့မည်ထင့်။

သူ အံတစ်ချက်ခဲ၏။



အိမ်ကြီးဆီသို့ ပြေးကာ အပေါ်ထပ်သို့ တောက်လျှောက် သူတက်သည်။ လေသေနတ်ကို သူဆွဲ၍ ပြန်ဆင်းလာ၏။

မီးဖိုခန်းဆီမှ ထွက်လာသော မေမေက ...

"မိုးလေး ... အရေးတကြီးပါလား၊ ဘာလုပ်မလို့လဲ"

ဟု မေးပေမယ့် မဖြေဖြစ်။ ပုတ်သင်ညိုတွေ ပစ်နေကျ လေသေနတ်ကို သူ တင်းတင်းဆုပ်၍ ပြေးနေမိဆဲ။

ရွှေခဲရှိရာဘက်ကို သူ ရောက်ပြီး မော့ကြည့်ကာ နောက်တစ်ကြိမ် သူ ချော့ခေါ်ပေမယ့် ရွှေခဲသည် သူ့ကိုအရေးစိုက်တော့။ သစ်ခက် သစ်ကိုင်းများမှာ နားနေရာမှ တစ်ဖက်ခြံသို့ ကူးပျံဖို့ ရွှေခဲ တောင်ပံတွေကို အားယူဟန်ပြုပြီ။

မိမိအပေါ် အရမ်းကို အလိုလိုက်လျက် စားစရာလေးတွေ ယူလာပေးခဲ့သူ။ ချစ်ခင် သံယောဇဉ်ကြီးသူ အဖြစ် ရွှေခဲ သူ့အပေါ် အမှတ်ထားမိပုံပင် မရတော့။ တိရစ္ဆာန်ဘာဝ ခုမေ့လျော့လျော့ပင် အခြားနေရာသို့ ပျံသန်းထွက်ခွာသွားချေတော့မည့်ဟန်။

ရင်ထဲတွင် ခံပြင်းစိတ်သည် နာကျင်စွာ ဖြစ်တည်၏။

မိုးလေးရေ မိုးလေးရေနှင့် ဆီးကြိုတတ်သော ရွှေခဲဟူ၍ ယုံကြည်ရန်ပင် မရှိတော့သည့်အဖြစ်။ အရမ်းကို စိမ်းကားနိုင်စွမ်းသည့် ရွှေခဲ။

ဤအရပ်မှ ထွက်ခွာချေတော့မည့် ရွှေခဲ။

လေသေနတ်ကို သူ ချိန်လိုက်ကာ မောင်းခလုတ်ကို သူ ကွေးညွှတ် ဆွဲပစ်လိုက်မိပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"တာ ... မိုးလေး၊ ဟော ... မလုပ်ပါနဲ့ကွာ၊ သွားချင်သွားပါစေ"

ဟု လေးလေးဖေ ထိုအခါမှ ရိပ်စားမိပုံဖြင့် စိုးရိမ်တကြီး လှမ်းတားပေမယ့် မရတော့။ လေသေနတ်သံနှင့်အတူ ရွှေခဲသည် သစ်ကိုင်းထက်မှ အားယူပျံမည့် အနေအထား ရှိနေရာမှ ဦးထိုးကျွမ်းစိုက် ပြုတ်ကျလာရပါပြီတည်း။

သူ့ခြေရင်း မြေပြင်မြက်ခင်းထက်မှာ ပြုတ်ကျရင်း အသက်ပျောက်နေပြီဖြစ်သည့် ရွှေခဲကို အံခဲ၍ မျက်ရည်များ ရစ်ဝိုင်းစွာ သူ ငုံ့မိုးကြည့်နေဆဲ။

သူ့တစ်ကိုယ်လုံးသည် ငြိမ်သက်လျက်။ လှုပ်ရှား၍ မရနိုင်တော့သည့်အလား။

"မင်းကွာ ... လုပ်ရက်လိုက်တာ၊ တိရစ္ဆာန်ပဲ မိုးလေးရာ၊ သူ သူ့သဘာဝအရ သစ်ရိပ်ဝါးရိပ် သစ်ပင်ဝါးပင်တွေမှာ ပျံချင်မှာပေါ့၊ ထွက်သွားချင်မှာပေါ့၊ လှောင်အိမ်မှာ ကြာရှည် ဘယ်နေချင်ပါ့မလဲ မိုးလေးရာ၊ ဒီလောက်လိမ္မာတဲ့ ရွှေခဲကို လုပ်ရက်လိုက်တာ မိုးလေးရာ"

ဟု ရွှေခဲကို သံယောဇဉ်ကြီးသူပီပီ လေးလေးဖေ ဆို့ဆို့နင့်နင့်ဖြင့် ပြောတော့လည်း သူ ဘာမှုပြန်မဖြေ။ မပြော။ လေးလေးဖေ တယုတယ ဖွဖွလေး ယူလိုက်သည့် ရွှေခဲကို အံခဲ၍ သူ တိတ်ဆိတ်စွာ မျက်ရည်ဝေနေသော မျက်ဝန်းများဖြင့် အတန်ကြာ ကြည့်သည်။

"သူ့ကို မိုး ဒီလောက်ချစ်တာ ... မိုးကို ထားခဲ့မှာကို မိုး မကြိုက်ဘူး၊ တခြားနေရာမှာ တစ်ခုခုကြောင့် သေသွားမှာကိုလဲ မိုးမလိုလားဘူး၊ မိုးကို ထားခဲ့တာကိုလဲ လက်မခံနိုင်ဘူး၊ ဒါကြောင့် သူ့ကို မိုး သတ်ပစ်တာ၊ ခံပြင်းလို့ နာကျင်လို့ သတ်ပစ်တာ"



ဟု သူ ဖြေရှင်းစကား မပြောချင်တော့။

အပြောင်းအလဲမြန်စွာ မေ့ပျောက်ပစ်နိုင်လွန်းသော ရွှေခဲကို သူ နာကြည်းနေမိတာလည်း ပါသည်။ မယုံတတ်အောင် ဖြစ်သွားတာလည်း ပါသည်။ အဆုံးရှုံး မခံနိုင်တာလည်း ပါသည်။

နောက်ဆုံးတော့ ရွှေခဲကို သူကိုယ်တိုင် သတ်ပစ်လိုက်မိပြီ။

ဤအတွက် သူ့ကိုယ်သူလည်း အံ့သြသည်။ ဒါပေမဲ့ ရင်ထဲမှာ ...

နောင်တ ရမနေတာကိုလည်း အံ့သြစွာ နားလည်နေမိရပြန်သည်။

"မိုးလေးရာ ငှက်ကလေးကို ... တိရစ္ဆာန်ကို တုဖက်ပြီး အငြိုးတကြီးနဲ့ ရက်စက်လိုက်တာကွာ"

နေ့စဉ်နှင့်အမျှ ရွှေခဲကို အဖော်လုပ်၍ ညှိခန်းမှာ လှောင်အိမ်လေးနှင့်ထား၊ စကားပြောနှင့် သံယောဇဉ်ကြီးရှာသည့် လေးလေးဖေ မအောင့်အည်းနိုင်စွာ ဆို့ဆို့နင့်နင့် ပြောနေချိန်မှာ သူ လေသေနတ်ကိုဆွဲ၍ နေရာမှ ချာကနဲ လှည့်ထွက်ခဲ့ပါ၏။

ထိုနေ့က ထားထားတိုးကိုလည်း သရဖီပန်းတွေ သူ မပေးဖြစ်ခဲ့ပါလေတော့ ...။

www.burmeseclassic.com



## အခန်း(၇)

သစ်သားတံခါးရွက်အိုကြီးနှစ်ချပ် ပွင့်သွားချိန်မှာ ဘွားကို တွေ့ရမည်ဟု မျှော်လင့်ရင်း စောင့်ဆိုင်းရပ်နေမိသည့် သူ့စိတ်ထဲ ရုတ်ခနဲ ဝမ်းသာသွားရသည်ပါပဲ။ အဖြူရောင်အစံမှာ အညိုစက်များပါသော ဂါဝန်ကို ဝတ်ထားလျက် ဆံကျစ်နှစ်ဖက်နှင့် ထားထားတိုး။

"နင်ကိုး ..."

ဟု ပြောလိုက်သံ တိုးသဲ့သဲ့သည် ထားထားတိုး၏ နှုတ်မှ တစ်ချက်လွင့်၏။ သူ့ တောင်းပန်သလို ကြည့်ကာ လက်တွင်းမှ ပိတောက်ပန်းစည်းကို ကမ်းပေးမိသည်။

"ထားထားတိုးအတွက် လာပေးတာ၊ ဘွားကိုလဲပေးတာ၊ ဘုရားပန်းလဲ ကပ်ရအောင်၊ ဧည့်ခန်းမှာလဲ ထိုးရအောင်၊ ပြီးတော့ ထားထားတိုးလဲ ပန်ရအောင်"

ဟု ပြောတော့ ထားထားတိုး၏ နက်မှောင်ရွှန်းလဲ့နေသော မျက်ဝန်းတွေက ခပ်စူးစူးလေး တစ်ချက်ကြည့်သည်။ နက်မှောင်သော မျက်နက်သားကို ရံထားသော မျက်သားပြာလဲ့လဲ့



သည် ကောင်းကင်ပြာနှယ် ကြည်စင်၏။ မျက်တောင်ကော့ကော့ ရှည်ရှည်သည် ထူလျက် အနုစားပိုးမျှင်များနှယ်တည့်။

ဖြူနုလျက် သွေးခြည်ဥ ရီးရိပ်ထင်သော၊ သွေးကြောလျှင် စိမ်းမြမြတို့ ရှိမ်းမြမြ ထင်သော မျက်နှာလေးမှာ အရင်တုန်းကလို တင်းမာရိပ် စွက်နေသော နာကျင်နေသည့် အရိပ်တွေ ပျောက်ပါးနေသည်ဟု သူ ထင်သည်။

ပန်းတွေကို ထားထားတိုး တစ်ချက်ငေးကြည့်ပြီးမှ ...

"သိပ်လှတာပဲ၊ ထားတို့ခြံမှာ ပိတောက်ပင် မရှိဘူး၊ မရှိတဲ့ပန်းဆိုတော့ ပိုတန်ဖိုးရှိသလို ဖြစ်နေတယ်၊ ဘွားလဲ ဝမ်းသာမှာ၊ ဘွားက ပိတောက်ပန်းကို သိပ်ကြိုက်တာ၊ ဘာလို့လဲ မသိဘူး၊ ဘွားစိုက်တဲ့ ပိတောက်ကိုင်းတွေက မရှင်ဘူးလေ၊ လာ ... အထဲဝင်ပါ"

ဟု ပြောတော့ အရဲကိုး၍ ပန်းတွေပိုက်ပြီး လာခဲ့ရသမျှ ရင်ထဲ အေးကျသွားရသည်ပါပဲ။

ရှေ့ဝါ ကိစ္စကြောင့် သူ့မှာ အနေရခက်၊ တောင်းပန်ရမှာနှင့် ဖြစ်နေရသည်ပဲ။

ပြီးတော့ ထားထားတိုးကို ခင်လည်း ခင်ချင်သည်လေ ...။

မျက်နှာလေး အတန်လန်းလာသည့် သူ့ပုံစံကို ထားထားတိုး ရိပ်မိပုံရသည်။

ရန်လိုကိုက်၍ ရှေ့ဝါလေး သေသွားရသည့် ကိစ္စအတွက် သူ အရမ်းကို အနေရအထိုင်ရ ခက်လျက်ရှိနေတာကို

www.burmeseclassic.com

www.burmeseclassic.com



လည်း သဘောပေါက်နေပုံ ရသည်ဟု သူ မျှော်လင့်စိတ်ဖြင့် တွေးရသည်ပါပဲ။

ညှော့ခန်းသို့ သူ ဝင်သည်။

"မိုးရဲ့အိမ်က အနံ့ကယ်ဂျက်က အပင်စိုက် သိပ်တော်တာ၊ ပိတောက်ကိုင်း ခုတ်လာပြီး လာစိုက်ပေးမယ်လေ"

ဟု မျက်နှာလိုအားရ သူပြောတော့ ထားထားတိုး ပန်းတွေကို ငုံ့ကြည့်နေရာမှ တစ်ချက် သူ့ကိုကြည့်သည်။ မျက်နှာချင်းဆိုင်မှာ ထိုင်နေသည့် ထားထားတိုးကို ရွှေဝါရောင် ပိတောက်ပန်းတွေနှင့် တွေ့ရသည်မှာ အရမ်းကို လှနေသည်ပါပဲ။

"ဘွားကို ပြောကြည့်လေ၊ ဘွားက စိုက်ဆိုရင်လဲ လာစိုက်ပေးပေါ့"

ဟုပြောတော့ လောလောဆယ်မှာ စကားစမြည်ပြော ရတာ အဆင်ပြေနေ၍ သူ ဝမ်းသာနေမိရပါပြီ။

"ဒီနေ့ သင်္ကြန်အကြိုနေ့၊ သင်္ကြန်မိုးလဲ မနက်ဦးပိုင်းမှာ ရွာလိုက်ရော ခြံထဲက ပိတောက်ပင်ကြီး ညွှတ်နေအောင် ပွင့်တာ"

"ဟုတ်တယ်၊ တစ်ပင်လုံး ဝင်းနေတာပဲ၊ ထား မနက်က အပေါ်ထပ် လေသာဆောင်က ရပ်ကြည့်နေမိသေးတာ"

ဟု ပြောစဉ်ခိုက် ဘွား အပေါ်ထပ်မှ ဆင်းလာသည်။

"ဟော ... မောင်တင်မိုးညိုပါလား၊ ပန်းတွေ လာပို့တယ် ထင်တယ်"

ဟု ပြုံး၍ပြောပြီး ညှော့ခန်းဆက်တီဆီသို့ ဆက် လျှောက်လာသည်။



"ဟုတ်ကဲ့ပါ ဘွား ... ဘုရားပန်းလဲ ကပ်ရအောင်၊ ညှော့ခန်းမှာလဲ ထားနိုင်အောင် ထားထားတိုးလဲ ပန်ရအောင် ပါ"

ဟု သူ တရိုတသေ ပြောတော့ ဘွားပြုံးသည်။

"ကြောင်လေးတွေ ဟိုမှာ ပျော်နေပြီထင်ရဲ့"

ဟု ဘွားပြောတော့ သူ စိတ်ထဲထင့်ခနဲ ဖြစ်၏။ မတော် ထားထားတိုး စိတ်ထဲမှာ ရွှေဝါကို သတိရပြီး မျက်နှာ တည်တင်းသွားလျှင် အခက်။

"ဟုတ်ကဲ့ပါ ဘွား ... သိပ်ဆော့တာပဲ"

ဟု ခပ်တိုးတိုး သူဖြေပြီး ထားထားတိုးကို မဝံ့မရဲ ကြည့်သည်။

ထားထားတိုးကတော့ ပိတောက်ပန်းတွေ ဖွ့လျက် အနေအထားဖြင့်ပင် တစ်နေရာကို ခပ်ငေးငေးကြည့်နေ၏။

"မြေးလေးက ဒီက မြေးမိုးကို မုန့်လုံးရေပေါ်ရယ်၊ အုန်းနို့ ကျောက်ကျောရယ် ... ချိုင့်နဲ့ ထည့်ပေးလိုက်ပါကွယ်၊ မုန့်ဆီကြော်လဲ ထည့်နော်"

ဟု သင်္ကြန်မှာ မုန့်လုပ်ထားသမျှတွေ ဘွားကချိုင့်နှင့် ထည့်ပေးဖို့ ပြောလာတော့ သူ အနေရခက်၏။ စားစရာတွေ ချိုင့်ကြီးနှင့်ဆွဲပြန် အိမ်သယ်သွားရမှာကို ရင်ထဲမှာ ရှက်တက်တက် ဖြစ်ချင်၏။

ဒါပေမဲ့ ထားထားတိုးကတော့ ဘွားစကားအတိုင်း မီးဖိုဆောင်ဘက်သို့ ထွက်သွားပြီ။ ပိတောက်တွေကို စားပွဲထက်မှာ ထားထားတိုး တင်ခဲ့ပါ၏။

www.burmeseclassic.com



"အိမ်မှာလဲ ခေါ်ကြီးအိမ်နဲ့ မေမေ မုန့်လုပ်နေကြတယ် ဘွား၊ ပြီးရင် ဘွားတို့အိမ်ကို ပို့ပေးဖို့ မေမေက စောစောကတည်းက ပြောထားတာ၊ မိုးလာပို့ပေးမယ်နော်၊ ခု ... ပိတောက်တွေ အရင်ပေးချင်လို့ စောစောလာပေးမိတာပါ ဘွား"

ဟု ပြောတော့ ဘွား ပြုံး၍ ခေါင်းညိတ်သည်။

"မြေးမိုးက ဘယ်နတန်းလဲကွယ့်"

"ကိုးတန်းတက်မှာပါ ဘွား"

"ဒါဆို ထားနဲ့ တူတူပဲပေါ့၊ အေးလေ ... ကျောင်းသွားဖော်ရတာပေါ့"

ဟု ဘွားပြောတော့ ရင်ထဲမှာ ပျော်နေသည်ပါပဲ။

ထားထားတိုး ပြန်ထွက်လာတော့ သုံးဆင့်ချိုင့်ကြွေရည်သုတ် အပြာရင့်ရောင်က လက်ထဲမှာဆွဲလျက် ပါလာသည်။

"ဘွားက အသက်ကြီးတော့ အိမ်ကနေပြီး ကိစ္စရှိမှ ထွက်ဖြစ်တာ၊ ထားကို ကျောင်းပို့ပေးတာမျိုး ဆိုပါတော့ ဘွားက ကားမောင်းပို့ရတာ၊ ခုလို ကျောင်းပိတ်ရက်မျိုးမှာတော့ ဈေးဝယ်ထွက်တာမျိုးလောက်ကလွဲပြီး ဘွားအပြင်မထွက်ဖြစ်ပါဘူးကွယ်"

ကြည့်ရတာ တစ်အိမ်လုံးမှာ မြေးအဘွားနှစ်ယောက်ပဲ ရှိသည့်အသွင်။

ကားဒရိုင်ဘာလည်း ထားပုံမရ။

"မိုး ပြန်ပါဦးမယ် ဘွား၊ ထားထားတိုး ... မိုး ပြန်မယ်"



ဟု ပြောတော့ ထားထားတိုး ခေါင်းညိတ်လိုက်သည်။

"နောက်လဲ လာလည်ပါကွယ်" ... ဟု ဘွားပြောတော့ သူ့ရင်ထဲမှာ ပျော်နေမိရသည်ပါပဲ။

ချိုင့်ကိုဆွဲ၍ သီရိမြိုင်သို့ ပြန်ခဲ့တော့ ခြံဝင်းတံခါးဝနှင့် မလှမ်းမကမ်းမှာ ပြုံး၍ ရပ်ကြည့်နေသည့် လေးလေးဖေကို အရင်တွေ့ရ၏။ မျက်ခုံးနှစ်ဖက်ကို ပင့်ထားရင်းမှ လက်ကြီးပိုက်၍ ...

"ချိုင့်တွေ ဘာတွေပါဆွဲပြီး ပြန်လာတယ် ဆိုပါတော့၊ ဂျက်ကို မနက်အစောကြီး ပန်းတက်ခူးခိုင်းတယ်ဆို ... ငါ့မှာဖြင့် အစ်ကိုကြီးကို ဘုရားသွားပို့ပေးရချိန် ... ကုသိုလ်ယူချိန်၊ မင်းကတော့ ပိတောက်ပင်ကြီးပေါ် ကိုယ်မတက်ရဲတိုင်း ဟာနုမန်ဂျက်ကို မြှောက်ပင့်ပြီး အပင်ပေါ်တက်ခိုင်း၊ ပြီးတော့ ပန်းတွေ သွားပို့တယ် ဆိုပါတော့"

ဟု ပြောခိုက် သူ ရယ်သည်။

"ကြောက်တော့ ကြောက်တယ် လေးလေးဖေရ၊ ဧွဝါ ကိစ္စကြောင့် မျက်နှာထားကြီးနဲ့ မယူဘူးလို့ ပြောချထည့်တာကို ခံခဲ့ရမှာ ကြောက်တယ်ဗျ၊ ဒါပေမဲ့ အရဲကိုးပြီး သွားရတာ"

ဟု ပြောရင်း လေးလေးဖေ ဘေးမှ ချိုင့်ပြာကိုဆွဲလျက် ရပ်မိပါ၏။

လေးလေးဖေ သူ့ကို ပြုံး၍ တစ်ချက်ကြည့်သည်။

"ချိုင့်က ပြန်ပို့ပေးရမှာဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဟု သူ ပြောတော့ လေးလေးဖေမှ ပြုံး၍ …

"အိမ်မှာ ဒေါ်ကြီးအိနဲ့ မမလေးတို့ လုပ်ထားတဲ့ မုန့်တွေကို ထည့်သိုပြီးတော့ ဆိုပါတော့၊ ကျလဲကျပါ့ကွာ၊ ဘယ့်နှယ် ပန်းကျတော့ ဂျက်ကို ရှုးနိုင်းပြီးတော့ မျက်နှာသွားလုပ်တယ်၊ ခုလဲ အမေနဲ့ ကြီးတော်အိ လုပ်ထားတဲ့ မုန့်တွေနဲ့ မျက်နှာထပ်သွားလုပ်ဦးမယ်၊ အင်း …"

ဟု ပြောပြီး လေးလေးဖေ ခေါင်းယမ်းသည်။

"မင်းဥစ္စာက ပျာတာပျာတာနဲ့ တယ်ပြီး ယောက်ယက်ခပ်နေတာပဲ မိုးလေးရာ၊ ဒီမှာ မိုးလေး … သကြိန်ရက်မှာ တစ်ဖက်သားကို စိတ်အနှောင့်အယှက် မပေးတတ်ကြတာ၊ နှစ်ကူးမှာ မင်္ဂလာယူကြတာ၊ ပြုံးရွှင်အေးချမ်းစွာ ပြောဆိုနေထိုင်တတ်ကြတာ၊ ဘုရားသွား ကျောင်းတက် လုပ်ကြတာ၊ ဒါ … ငါတို့ရဲ့ ရိုးရာဓလေ့ကွ၊ ဒါကြောင့် မင်း … ပန်းတွေသွားပေးတော့ ထားထားတိုး မင်းကို မျက်နှာတင်းမလွှတ်တာမှတ်၊ ဟွန်း …"

ဟု ပြောတော့ သူ တစ်ချက် တွေခနဲ ဖြစ်၏။

"မိုး … သူ့ကို ခင်ချင်တယ် လေးလေးဖေ၊ သူ့ကို စိတ်ဆင်းရဲအောင်၊ စိတ်ပင်ပန်း ဒုက္ခရောက်အောင် လုပ်မိတဲ့နေ့ကတည်းက ရင်ထဲမှာ သူ့ကို သနားတယ်၊ သူနဲ့ခင်ချင်တယ်၊ သူ မိုးကို ရွှေဝါကိစ္စနဲ့ မျက်ပြီးတော့ တင်းတည်နေရင်လဲ မိုး … သူ့စိတ်ပြေအောင် ကျေအောင် ကြိုးစားမှာပါ"



ဟု ပြောခိုက် လေးလေးဖေ သူ့လက်ထဲမှ ချိုင့်ကို ယူသည်။ အိမ်ကြီး ဘက်ကို လျှောက်သည်။ လေးလေးဖေနှင့် အားချင်းယှဉ်၍ သူ လိုက်လာပါ၏။

"မင်းဥစ္စာ ဟိုဒင်းလို ဖြစ်နေပြီ မိုးလေးရ၊ မင်း ဟိုဘက်အိမ် သွားချင်နေတာ၊ အဲ … သွားလာတာ အားလုံးဟာ ထုပ်ပေါ်ကြွက်လျှောက် မျက်စိနောက် ဆိုသလိုပဲ၊ အဲသလို ဖြစ်နေတာ အမှန်ပဲ"

"ဟာဗျာ … လေးလေးဖေကလဲ"

ဟု မျက်နှာတစ်ချက်ရဲလျက် သူပြောတော့ လေးလေးဖေ ခပ်ဟက်ဟက်ရယ်၏။

ပိတောက်ပင်မြင့်ဆီမှ ပိတောက်ပန်းတို့၏ ရနံ့ကတော့ သင်းပျံ့နေကြသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

“ဟ … သူများအိမ်က မုန့်တွေကျတော့ ချိုင့်ပြာကြီး လက်ကမချမတမ်း အူမြူးခြေကြွနဲ့ ယူချလာပြီးတော့ ကိုယ့်ဆီက မုန့်ကျတော့ မင်းကိုယ်တိုင် သွားမပို့ဘဲ ငါ့ ပို့ခိုင်းရသလားကွ၊ မင်း သွားပို့”

လေးလေးဖေက ပြုံးစိစိနှင့် ပြောတော့ သူ မျက်မှောင်ကုတ်၍ ကြည့်သည်။

မေမေ ထည့်ပေးလိုက်သည့် မုန့်သာကူ၊ ရွှေကြည်ဆနွင်းမကင်း၊ အုန်းကောက်ညှင်းမုန့်ပါသော ချိုင့်ကို ခြံထဲထိ ယူလာပြီးမှ လေးလေးဖေအားမှာ ဂျူတီချိန်းဖို့ ရပ်နေသည့် သူ့ကို လေးလေးဖေ သဘောတကျကျနှင့် ဆေးပေါ့လိပ်ကြီးခဲ၍ ကြည့်နေဆဲ။

အသားဖြူဖြူ၊ အရပ်က မြင့်ချင်လျက် မျက်ခုံးထူ စိမ်းစိမ်း၊ မျက်လုံးတောက်တောက်၊ မျက်တောင်ကြီးတွေ ထူရှည်နေလျက် နှုတ်ခမ်းကအစ ရဲရဲ၊ ပါးလျားကာ မေးရိုးပြန့်ပြန့်နှင့် လူချောပေါက်စလေး ဖြစ်နေသည့် တင်မိုးညို ဆိုသည့် ကောင်က



လေး။ ယခုတော့ မျက်နှာလေး မသိမသာ ရဲနေလျက် နှုတ်ခမ်းကို တင်းစေ့ထား ဘာ ဂျစ်တစ်တစ်ကြီး ပေရပ်နေသည့်အဖြစ်။

လေးလေးဖေ မျက်ခုံးကြီးပင့်၍ …

“ဟ … ဘယ့်နှယ်ကြီးတုန်း သွားပို့လေ”

ဟု ပြောတော့ …

“လေးလေးဖေပဲ မိုးက ကြွက်ဆို၊ မသွားချင်ဘူးဗျာ၊ ရှက်တယ်”

ဟုပြောတော့ လေးလေးဖေ မျက်စိပေါက်ပိတ်အောင် အော်ရယ်သည်။

“ထုပ်ပေါ ကြွက်လျှောက် မျက်စိနောက်ပါကွာ၊ ငါပြောတာက ထုပ်ဆိုတာ သိတယ်မဟုတ်လား၊ အဲဒီထုပ်ပေါကို အရပ်ရှည်ရှည်နဲ့ ကြွက်လျှောက်တာကို မျက်စိနောက်တယ်လို့ ပြောတာပါကွာ၊ ချိုင့်ကြီးကို အကျသားဆွဲလို့ … အဟဲ ဟဲ …”

ဟု ပြောရယ်တော့ သူ မျက်မှောင်ကုတ်၍ မှုန်တေတေလေး ဖြစ်နေရပြီ။

လေးလေးဖေ ရယ်ပြီးမှ …

“ဟုတ်ပါ့ကွာ … ချိုင့်က နှစ်ချိုင့်ကြီး ဖြစ်နေတယ်၊ ဘယ်သူ … ထားထားတို့ အိမ်က ချိုင့်အပြာ့ရယ်၊ တင်မိုးညိုအိမ်က ချိုင့်အဝါရယ်၊ နှစ်ချိုင့်ကို တစ်ဖက်စီဆွဲပြီး သွားရမှာ၊ ရေထမ်းပုံး တစ်ဖက်စီ ဆွဲထားသလိုပဲ ကြည့်လို့မနိုပ်ဘူးကွ၊ ပေး … တစ်ချိုင့် လေးလေးဖေ ဆွဲပေးမယ်”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ချိုင့်ကို လှမ်းယူသည်။ နှစ်ချိုင့်လုံး ယူဖို့ သူပေးပေမယ့် မရ။ လေကလေးချွန်၍ တစ်ချိုင့်ပဲယူကာ ရှေ့မှ ထွက်သွားတာမို့ သူ နောက်မှ လိုက်လာခဲ့ရသည်ပါပဲ။

မေမေမပို့ခိုင်းသည့် ချိုင့်က လက်ထဲမှာ ကျန်နေခဲ့သည်ကိုး။

ခါတိုင်းလို သူ လေးလေးဖေကို လေပေါမလာ။ နောက်မှ မျက်နှာအိုလေးနှင့် ငြိမ်လျှောက်လာသည်။ လေးလေးဖေမှ ပြုံးစိစိနှင့် နောက်ကို လှည့်လှည့်ကြည့်ရင်းမှ ...

"ဟ ... တိတ်လှချေလား ... ဘယ်နှာ ဖြစ်တာတဲ့တုံး"

ဟု ပြောတော့လည်း သူ ငြိမ်ချက်သား ကောင်းနေဆဲ ...။

"စကားပုံတွေ အများကြီးကွ၊ ခေါင်းထဲ ရောက်ရောက်လာတာကို ပြောရမှာဖြင့် လူသွားများ လမ်းဖြစ်တို့ ဘာတို့ပေါ့ကွာ၊ အင်း ... ဒီလမ်းကတော့ လူသွားများ လမ်းဖြစ်မယ့်လမ်းပဲ"

ဟု တစ်ချက် လှည့်ပြောတော့ သူ မျက်မှောင်လေး ကုတ်မြဲကုတ်လျက် တိတ်ဆိတ်စွာပဲ နားထောင် လျှောက်ရသည် ပါပဲ။

လေးလေးဖေမှ လမ်းကို နေ့လျှောက်လိုက်တာမို့ သူ မီရသွားရပြီ။ ဘေးမှ ရင်ပေါင်တန်း လျှောက်ရင်းမှ လေးလေးဖေ တစ်ချက်ငဲ့ကြည့်သည်။

သူ့ကိုနောက်ဖို့ ပြုံးစိစိ ကြည့်နေခြင်း ဆိုတာကို လည်း ကြိုသိနှင့်နေပြီ။



"မပြောနဲ့ဗျာ"

ဟု သူ ပြောတော့ လေးလေးဖေ၏ မျက်လုံးတွေ ပြူးလာလျက် သူ့ကို မျက်ခုံးကြီး ပင့်ကြည့်ကာ ...

"ဟ ... ပြောတောင် မပြောရသေးပါဘူး မိုးလေးရာ၊ ခုမှ ပြောဖို့ဥစ္စာ၊ မတားနဲ့မောင် ပြောကို ပြောရမှာ၊ မင်းဥစ္စာ က ဟိုဒင်းလို ဖြစ်နေပြီ"

ဟု ပြောပြီး စဉ်းစားသလို ခေတ္တငြိမ်နေ၏။ လက်ထဲမှ ဆေးပေါ့လိပ်ကို ပါးစပ်မှာ ပြန်တပ်ကာ ဖွာသည်။ နောက် ပါးစပ်မှ ပြန်ချွတ်ကာ လက်ကြားမှာ ပြန်ညှပ်သည်။ နောက် ပါးစပ်မှာ ပြန်တပ်ကာ သွားဖြင့်ခဲလျက် ဖွာပြန်သည်။ ဆေးလိပ်တို တစ်လိပ်နှင့် အရမ်းကို အိုက်တင်ပေးနေသည့် လေးလေးဖေကို လောလောဆယ်မှာ သူ မျက်စိနောက်ချင်လာ၏။

"မင်းကြည့်ရတာ ငိုချင်နေသလိုပဲ"

"ဘာဆိုင်လို့လဲဗျ၊ မိုးက ဘာလို့ ငိုချင်ရမှာလဲ"

"ဟိုစကားပုံလို့ပေါ့ကွာ"

"အန်ကယ်ဂျက်နားက ကြားသမျှတွေနဲ့ မိုးကို မနောက်နဲ့ ဗျ"

"အေး ... ခုမှ အဲဒီစကားပုံနဲ့ ပိုတူလာတယ်၊ ရှက်နေလိုက်တဲ့ကောင်ကွာ၊ မင်းဘာသာမင်း ထားထားတိုးအိမ် နင်း ကန်သွားချင်နေတာကို ငါက သိနေတဲ့ဥစ္စာကို မင်းက ဘာ ဖြစ်လို့ ရှက်နေရတာတဲ့လဲကွ၊ ငါပြောမယ့် စကားပုံက ကလေးရှက်တော့ငို လူကြီးရှက်တော့ ရယ်ဆိုတဲ့ဟာ

www.burmeseclassic.com



"အဲသဟာကို ပြောမလို့ ပြင်တုန်းရှိသေး၊ မင်းက ငိုတော့မယ်၊ အဲ ... ရှက်တော့မယ်"

ဟု ပြောရယ်နေတော့ သူ စိတ်လက်ညစ်နေရသည်ပါပဲ။

တဖြည်းဖြည်းနှင့် ထားထားတိုး ခြံပေါက်ဝတံခါးကို ရောက်လာပြီ။ တံခါးက ဖွင့်ထား၏။ ဆင်ဝင်အောက်မှာ ရပ်ထားသည့် မောက်စ်ဝက်ဂွန် ကားပြာလေးဘေးမှာ စက်ဘီးဟောင်းလေးတစ်စီး ဒေါက်ထောက် ထောင်ထားတာကို တွေ့ရသည်။

အိမ်တံခါးမကြီးကလည်း အသင့်ဖွင့်နေပြီ။

"မင်းလာမယ်ဆိုတာ သိထားလို့ တံခါးကြိုဖွင့်ထားတာနေမှာကွ"

"ချိုင့်ပြန်လာပို့ရမှာပဲဥစ္စာ ... သိတာပေါ့ဗျ"

ဟု သူပြောတော့ ...

"အေးလေ ... ငါက ဘာပြောရသေးလို့လဲ၊ ငါကလဲ အဲဒါ ပြောမလို့ပါပဲ၊ ချိုင့်ပြန်လာမပေးဘဲ အပိုင်ယူလိုက်မှာ ကြောက်လို့ တံခါးဖွင့်ဖွင့်ပြီး လှမ်းမျှော်နေရတယ် ထင်ပါရဲ့လို့ အဟဲဟဲ"

ဟု ပြောနေတာမို့ သူ အသံနှိမ့်၍ ...

"မနောက်နဲ့ဗျာ ... ကြားသွားမယ်"

ဟု တားယူရသည်။ ဧည့်ခန်းတွင်းသို့ သူနှင့် လေးလေးဖေ မျက်နှာပိုး အသေစားဖြင့် တည်တည်ကြည်ကြည်ပဲ ဝင်



ဖြစ်၏။ လေးလေးဖေ၏ မျက်နှာမှာ စောစောက ရှိနေသည့် ပြုံးစိစိဟန်တွေ ရှိမနေတော့။

ဧည့်ခန်းမှာ ထားထားတိုး ထိုင်နေသည်။ ထားထားတိုး ဘေးမှာက ကာကီဘောင်းဘီ ဒူးဆစ်အုပ်နှင့် ရှပ်အင်္ကျီလက်တို လက်အိုးပွအပြာကို ဝတ်ထားသည့် ကောင်လေးတစ်ယောက် ထိုင်နေသည်။

ထားထားတိုး၏ မျက်ဝန်းတွေမှာ၊ မျက်နှာနုနုလေးဆက်မှာ သူ တစ်ခါမှ မမြင်ခဲ့ရဖူးသည့် အရာကို သူ တွေ့လိုက်ရပြီ။

အေးမြနေသော အပြုံးလှလှလေးများ၊ တရင်းတနှီးနိုင်သော အကြည့်လေးများ။

ထိုအခါ ထားထားတိုးသည် ပို၍လှနေ၏။ ထားထားတိုး၏ မျက်လုံးလေးတွေ ပို၍လှနေသည်။ နှုတ်ခမ်းရဲရဲလေးဆက်မှာ ရှိနေသည့် အပြုံးလဲ့လဲ့သည်လည်း အရမ်းကို ကျက်သရေရှိစွာ လှနေသည်။

"ဟော ... ဦးဦးလဲ ပါလာတာကိုး၊ ဘွားရေ ... ဒီမှာ ဦးဦးနဲ့ ဟိုဘက်ခြံက တင်မိုးညိုတို့ လာကြတယ်"

ဟု ပြောပြီး ထားထားတိုး ထရပ်ကာ သူတို့ထံ လျှောက်လာ၏။ လေးလေးဖေ လက်ထဲမှချိုင့်ကို ထားထားတိုး ခွင့်ယူသည်။ သူ့လက်တွင်းမှ ချိုင့်ကို ကမ်းပေးလျက် ...

"မေမေက မုန့်ထည့်ပေးလိုက်တာ"

ဟု ပြောခိုက်မှာ နောက်ဖေးခန်းမှ ဘွား ထွက်လာက် ...

www.burmeseclassic.com



"သြော် ... မုန့်တွေ ပို့ပေးတာကိုး၊ အိမ်မှာက ဘွားနဲ့မြေး ထားတို့ပဲ ရှိကြတာ၊ အများကြီး ပို့ပေးလိုက်တယ် ထင်ပါရဲ့"

ဟု ကြို၍ သိထားနှင့်သလို ပြောကာ ထားထားတိုးဘက် ကြည့်၍ ...

"ထားရေ ... ချိုင့်ယူလိုက်ပါကွယ်၊ သေချာလဲ သန့်သန့်လေး ဆေးကြောပြီးမှ ပြန်ပေးနော်၊ ထိုင်ကြပါကွယ် ... ထိုင် ... ထိုင်၊ အိမ်နီးချင်းတွေ ဆိုတာ နီးရာနေကြသူချင်း ဆွေမျိုးသားချင်းပဲကွယ့်"

ဟု ဘွားပြောကာ ဝင်ထိုင်တော့ သူနှင့် လေးလေးဖေ လည်း ထိုင်လိုက်ရပါ၏။

သူ့လက်တွင်းမှချိုင့်ကို ထားထားတိုး လာယူတော့ ရနံ့တစ်မျိုးကို သူ ရှူရှိုက်မိလိုက်ရပြီ။ သူနှင့် မစိမ်းတော့သော မွှေးမြမြရနံ့။ သင်းပျံ့ပျံ့ပန်းရနံ့။

အခြယ်အသ ကင်းစင်သော မျက်နှာဥဥလေးကို အနီးတကပ် သူ မြင်ရသည်။

ရှည်လျားသော ဆံကျစ်ရှည် နှစ်ဖက်မှာဖြင့် သီကုံးပန်ဆင်ထားသည့် ပန်းကုံးလေးနှစ်ကုံး။ ခွေခွေဝိုက်ဝိုက်လေးဖြစ်အောင် ကလစ်ဖြင့် သေချာခွေဝိုက် ပန်ဆင်ထားခြင်း။

သရဖီပန်းများပါတကား။

တစ်နေ့က သူပေးရန် ရည်ရွယ်၍ ဆွတ်ခူးခဲ့ဖူးပါသည့် သရဖီပန်း။



ဒါပေမဲ့ ဤပန်းကုံးသည် သူပေးသော ပန်းကုံး မဟုတ်။ ထားထားတိုးကို သရဖီပန်းတွေမှ သွားမပေးဖြစ်ခဲ့ရဘဲလေ။

ဤနေ့တွင်မှ ပိတောက်ပန်းတွေ သူ ယူလာပေးမိခဲ့ရသည့် အဖြစ်။

ဧည့်ခန်းပန်းအိုးတွင်တော့ ပိတောက်ဝါတွေ လှပစွာ ဝေနေကြသည့်အဖြစ်။

ဒါပေမဲ့ ...။

သြော် ... ဒါပေမဲ့ ထားထားတိုး၏ ကေသာထက်တွင်ဖြင့် ပန်းပိတောက်တို့မဝေ။ သရဖီတို့သာ ဝေနေကြချေသည်တကား။

စောစောက သူ ... သရဖီပန်းတွေကို ယူလာပေးဖြစ်မိခဲ့လျှင် အကောင်းသားဟု တွေးဖြစ်လျက် ရင်ထဲမှာ နမြောနေမိရသည့်အဖြစ်။

ဘာကြောင့်ရယ်မသိ။

ထားထားတိုး ပန်ဖြစ်သောပန်း ...။ ထားထားတိုး မြတ်နိုးစွာ ... နှစ်သက်စွာ ပန်သည့်ပန်းသည် သူပေးသောပန်း ဖြစ်စေချင်နေသည်။

"ခွဲရေ ... မပြန်သေးနဲ့ဦးနော်၊ ဒေါ်လေးဖို့ ထားမုန့်ထည့်ပေးမလို့ ချိုင့်စောင့်နေတာ၊ ခု ချိုင့်လဲရောက်လာပြီ၊ ထား ထည့်ပေးလိုက်မယ်နော်၊ ညမှ ထား ဒေါ်လေးကို လာကန်တော့မယ်လို့ ပြောနော်၊ စောင့်ဦးနော် ခွဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ထားထားတိုး မီးဖိုဆောင်ဘက်သို့ ချိုင့်ဆွဲ၍ ဝင်သွားသည်။

သူ့ကို ဤသို့ ရင်းနှီးကျွမ်းဝင် မပြောသည့် ထားထားတိုး။

ရင်ထဲမှာ နာနာကျင်ကျင် သူ ခံစားလိုက်ရသည်။ ဝမ်းနည်းသလိုလည်း ဖြစ်လာမိသည်။ ပြန်သွားမှာစိုး၍ တရရ မှာနေသည့် ဖွဲ့ဆိုသည့် ကောင်လေးကိုလည်း သူ ကြည့်မိသည်။ စိတ်ထားအေးချမ်း စိတ်ရှည်ပုံရသည့် မျက်နှာလေးဖြင့် ရှိနေသည့် ဖွဲ့ ...။

"ဩော် ... ဒါက ဖွဲ့သက်ပိုင်တဲ့ ကလေးရဲ့၊ ထားနဲ့အတန်းတူပေါ့၊ ကျောင်းသွားဖော်ပေါ့ကွယ်၊ မြေး ဖွဲ့ရေ ... ဒါက ဟိုဘက်ခြံကို ပြောင်းလာကြတဲ့ တင်မိုးညိုတဲ့၊ ထားနဲ့ အတန်းတူတူ တက်ဖြစ်ကြမယ် ထင်ပါရဲ့၊ ကိုးတန်းတက်မှာဆို"

ဟု မေးလာတော့ သူ ...

"ဟုတ်ကဲ့ ခင်ဗျ"

ဟု သူပြေပြီး ဖွဲ့သက်ပိုင်ကို သူ ကြည့်သည်။ ဖွဲ့သက်ပိုင်မှ ပြုံး၍ ...

"ဖွဲ့က ထားတို့ ကားကပ်စီးပြီး ကျောင်းတက်တာပါ၊ ဒီနေ့လဲ မေမေက မုန့်လဲ ပို့ခိုင်း၊ ထားအတွက် သရဖီပန်းတွေလဲ ပို့ပေးရင်း ရောက်လာတာ၊ ဖွဲ့အိမ်ကိုလဲ လာလည်ပါ ကိုတင်မိုးညို၊ ဟိုဘက် နှစ်လမ်းကျော်မှာပါ၊ မေမေက မုန့်ဟင်းခါး ကောင်းပါတယ်၊ အိမ်ကို ထား သိပါတယ်"



ဟု ခင်မင်ပြုံးဖြင့် ပြောလာပါ၏။ သူ ပြုံး၍ ...

"တစ်လက်စတည်း မိုးတို့အိမ်ကို ဝင်လည်ပါလား ဖွဲ့၊ ခြံချင်းကပ် နီးနေတာမို့ပါ၊ ထားတို့အိမ်ကအပြန် မိုးတို့အိမ်ကို ဝင်လည်ပါလား"

ဟု ပြောတော့ ဖွဲ့ပြုံး၍ ...

"မနက်ဖြန်မှ လာမယ်လေ၊ မေမေက မြန်မြန်ပြန်လာဖို့ မှာထားလို့ပါ၊ ခုလဲ ထား တားထားလို့ ကြာနေရတာ..."

ဟု ပြောစဉ်ခိုက် ထားထားတိုး ချိုင့်လေးဆွဲ၍ အခန်းတွင်းမှ ထွက်လာ၏။

ဖွဲ့ကိုကြည့်သည့် ထားထားတိုး၏ ရင်းနှီးတွယ်တာသော အကြည့်များစွာကို မြင်ရစဉ်ခိုက် ရင်ထဲမှာ အားငယ်စိတ်ဖြစ်တည်ရပါပြီ။

သူ့ကို ထားထားတိုး မခင်ချင်ဟု နားလည်နေခဲ့ရပြီးသားပါ။

ရွှေဝါလေးကို ကိုက်သတ်ခဲ့သည့် ရန်လုံကြောင့် သူ့ကို ထားထားတိုး ခင်ချင်စိတ် လုံးဝမရှိဟု သူ့ဘာသာသူ နားလည်နေရချိန်မျိုးမှာ ဖွဲ့ကို ခင်မင်စွာ ဆက်ဆံနေသည့် ထားထားတိုးကို မြင်ရသည့်ကာလ သူ အားငယ်မိရပါချေ၏။

သူ ... သူ ... ဤသို့ ဘယ်တုန်းကမှ မခံစားခဲ့ဖူးတာကိုလည်း အံ့ဩစိတ်ဖြင့် သိနေရပါပြီ။ ထားထားတိုး ကမ်းပေးသည့် ချိုင့်ကို သူ လှမ်းယူရင်းမှ ...

"ပြန်ဦးမယ် ထားထားတိုး"

www.burmeseclassic.com



ဟု နှုတ်ဆက်စဥ်ခိုက် ခေါင်းညိတ်ပြပါ၏။ ဝတ္တရားကျေ ခေါင်းညိတ်ခြင်းမျိုးဟု နားလည်ရလျက် ရင်ထဲမှာ ကျင်ခနဲ ဖြစ်သည်။

နေရာမှ သူ ချာခနဲ လှည့်ထွက်ခဲ့ပါ၏။

ထားထားတို့၏ ကေသာထက်မှ သရဖီ၏ ရနံ့က နောက်ပါးဆီမှ ဝေ့ဝဲလိုက်ပါလာနေဆဲ။

❤ ❤ ❤



အသက်နှင်းအပ်
ဘဝထပ်လျက်
မြတ်နိုးသက်ကြာ
ချစ်မိတာတွေ
မင်းသိစေ ...။

သံယောဇဉ်ကင်း
စိမ်းကားခြင်းသာ
မင်းရင်မှာရှိ
ငါမှာသိလည်း
တွယ်မက်စွဲစွာ
မြတ်နိုးကြာရှည်
မင်းသိစေ ...။

မေတ္တာတောင်းခံ
မတုံ့ပြန်လျက်
နောက်ဆုတ်ခက်နေ
ကျိန်စာဝေမှောက်


www.burmeseclassic.com

www.burmeseclassic.com



ဘဝပျက်အောင်
ချည်ဖွဲ့နှောင်ကြိုး
ထားထားတိုးရေ ...
မင်း သိစေ ...
ကြော် ...
မင်း သိစေ ...॥

❤ ❤ ❤





## အခန်း(၉)

“ဟော… မိုးလေး၊ ခရီးရောက်မဆိုက် ဘယ်လဲ သားရယ်”

မေမေ့ အမေးကို အနေခက်စိတ်ဖြင့် အမှန်အတိုင်းပဲ ဖြေမိလိုက်ရသည်ပါပဲ။ သူ ဘယ်တုန်းက မေမေ့ကို ညာပြောဖူးလို့လဲလေ၊ ပြီးတော့ ဘယ်လိုမှလဲ လှည့်ပတ်ဖြေ၍ ရနိုင်ချေသည်မှ မဟုတ်ချေဘဲ။ ဘာလို့ဆို ထားထားတိုး၏ ခြံသည် ဤအိမ်ကြီးပေါ်မှ လှမ်းကြည့်လိုက်ရုံမျှဖြင့် မြင်နေနိုင်သည့် အဖြစ်သပဲ။

“ထားထားတိုးနဲ့ ဘွားဆီကိုပါ မေမေ”

ဟု ပြောတော့ မေမေ တစ်ချက်ပြုံးသည်။ မေမေ့မျက်ဝန်းတွေမှာ သားဖြစ်သူ၏ ရင်ကို သိမြင်နားလည်ရိပ်တွေ ဆပ်နေ၏။ ပြုံးရိပ်များ ပြည့်နေသည့် ကြည်နူးရိပ်များ။

ရေမိုးချိုးပြီးတာနှင့် သူ ထားထားတိုး၏ မြအေးရိပ်ကြီးသို့သွားဖို့ စိတ်စောနေမိခဲ့သည်ပဲ။

မဟုတ်သေး။ သူ တကယ်တမ်း စိတ်စောနေသည် ဗန်ကောက်လေဆိပ်မှာ ရှိနေစဉ်ကတည်းကပါ။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကတော့ ပြန်ပါမလာ။ ဇန်ကောက်မှာ ကျန်ခဲ့သည်။

"ခဏပါ မေမေ၊ မိုး ညကျမှ အေးအေးဆေးဆေး ဖေဖေ့အကြောင်း၊ ဖေဖေ့ အစီအစဉ်တွေ၊ ဖေဖေ့ စီးပွားရေးအစီအမံတွေ၊ အဲဒါတွေ မေမေ့ကို ပြောပြပါ့မယ် မေမေ"

ဟု ပြောတော့ မေမေ တစ်ချက်ပြုံးသည်။ မျက်နှာမှ အပြုံးရိပ်တွင် ပင်ပန်းနွမ်းနယ်ရိပ် စွက်လာသည်ဟု သူ ခံစားရပါ၏။

"ကဲ ... မိုးလေး သွားမယ်ဆို သွားလေ"

ဟု ပြောတာနှင့် သူ ညှိခန်းကျယ်ကြီးကို ဖြတ်၍ ခြံထဲသို့ ဆင်းသည်။

"အဟမ်းဟမ်း ... ကလေးချင်းဘဝ မေတ္တာရည် ငယ်ကချစ်အနှစ်တစ်ရာ မမေ့သည် ... ကျောင်းနေစဉ်ကတည်းက ရွှဲလာတဲ့ စိတ်ထားကြည် ... ဘုရားရှေ့တွင် ဆုပန်ချီ ကံဟောင်းနဲ့ ပေါင်းရပါစေ ပစ်ခွာနိုင်ပဲမို့ သစ္စာခိုင်မြဲတည် ... ငယ်ငယ်ကပေါင်းကို မမေ့ကောင်းပါသည် ... ခင်မင်သူကလေးကို အစဉ်ပဲ တွေးမျှော်ရည် ... ဘုရားရှေ့တွင် ဆုပန်ချီ ကံဟောင်းနဲ့ ပေါင်းပါရစေ ... ပစ်ခွာနိုင်ပဲမို့ သစ္စာခိုင်မြဲတည်"

ကားကို အကျအန ပွတ်တိုက်ရင်းမှ အကျအန ဟဲနေသည့် အချစ်ဒီဂရီတေးသံ။

သူ့ခြေအစုံ ပေါ်တီကိုဆင်းသည့် အုတ်လှေကားထစ်တွေ နင်းအချမှာပဲ ကောက်ကာငင်ကာ ထွက်ပေါ်လာသည့် သီချင်းသံ။



လေးလေးဖေကို သူ ရှက်အမ်းအမ်းဖြင့် ကြည့်တော့ ဘာမှ မသိသလို မှင်သေသေဖြင့် ကားကို အကျအန ပွတ်သုတ်နေမြဲ။

ဒါပေမဲ့ သူ သိသည်။ လေးလေးဖေ၏ နှုတ်ခမ်းတွေမှာ အပြုံးရိပ်ကိုသဲ့သဲ့ သူ မြင်နေရချေသည်ပဲ။

သူ့ခြေသံကို ယခုမှ ကြားလိုက်ဟန်ဖြင့် လေးလေးဖေ မှင်သေသေနှင့် လှည့်ကြည့်သည်။

"သြော် ... သွားတော့မလို့လား"

"ဘာလဲဗျ"

ဟု အနေခက်စွာ သူ မေးတော့ မျက်ခုံးကြီးပင့်၍ အံ့သြနားမလည်သလို အိုက်တင်အပြည့်ဖြင့် လေးလေးဖေ ပါးစပ်ကြီးဟ၍ ...

"ဟ ... သွားတော့မလားလို့ မေးတဲ့ဥစ္စာ ဘာဖြစ်လဲ၊ သွားမယ့်ဥစ္စာ ... သွားမယ် ဖြေလိုက်ပေါ့၊ ဘယ့်နှယ်ကြီး ငါ့ပြန်မေးနေရတာတဲ့တုန်း၊ နို့ ... အခု သွားမှာမဟုတ်ဘူးလား၊ သွားမယ်ဆိုတာ သိလို့ သွားမလားလို့ မေးတဲ့ဥစ္စာကို၊ သွားမယ်လို့ဖြေပြီး သွားချင်တဲ့နေရာကို သွားလိုက်ရင်ပြီးတဲ့ဥစ္စာ၊ ခုလို မသွားဘဲလဲ မနေနိုင်တဲ့ဥစ္စာကို၊ မသွားချင်သလိုလို ဘာလိုလိုနဲ့ ... မသွားဘဲလဲ မနေနိုင်ဘဲ၊ သွားကိုသွားမှ ဖြစ်မယ့်ကိစ္စကို ... အလကားဟန်လုပ်ပြီး ရပ်နေတော့၊ သွားဖို့ အချိန်နောက်ကျသွားတော့ ဘယ်ကောင်းမလဲ ... သွားမှာကို သွားလိုက်ရင် ..."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီဗျာ ... သွားတိုက်ဆေး ကြော်ငြာမှာ ပါဖို့သေချာနေပြီ၊ ဒီလောက် သွားအကြောင်း ကျမ်းကျေနေတာ"

ဟု သူပြောတော့ လေးလေးဖေ ရယ်သည်။ နောက်တော့ ဇောဇောက အရမ်းကို စိတ်ဝင်တစားကြီး အပြတ်တိုက်နေသည့် ကားသုတ်အဝတ်စကို ဘောနက်ပေါ် ပစ်ချထားလိုက်ကာ သူ့ကို ခပ်ပြုံးပြုံးကြည့်သည်။ ကားကိုလည်း အကျအန မှီသည်။

"မင်းဟာလေ ... ငါက သွားကျမ်းကျေတယ်ပဲ ထားပါ၊ မင်းကတော့ အစားအစား ကျမ်းကျေသမှ ကျေကျေမြည်ကရော၊ ဘယ့်နှယ်ကွာ ... ကိုးတန်းကျောင်းသား ဘဝကနေပြီး၊ အခု ဥပဒေဘွဲ့ရပြီ၊ အဖေ့ အလုပ်မှာလဲ လုပ်ကိုင်နေပြီ၊ ဒါပေမဲ့ တခြားဥစ္စာတွေသာ တိုးတက်လာတာရှိမယ်၊ အဲဒီ အစားတာဝန် ကျေပွန်တဲ့ကိစ္စကတော့ဖြင့် ဘာတစ်ခုမှ တိုးတက်ဖော် မရဘဲ မူလနေရာမှာပဲ ချာတူးလန်ပါရစ္စဘွဲ့ခံပြီး ရှိနေတာကိုဖြင့် ငါတော့ ရင်ထဲနင့်နေအောင် စိတ်ဓာတ်ကျချင်ပါရဲ့ မိုးလေးရာ"

ဟု ပြောတော့ သူ မျက်နှာပျက်ချင်၏။

တကယ်တော့ လေးလေးဖေ ပြောလည်း ပြောချင်စရာ။ ထားထားတိုးထံ အစားဝင်ရသည့် အဖြစ်သည် ဘာမျှ တိုးတက်လာခြင်း မရှိသည့် အခြေတစ်ခုကို မြင်နေရ၊ သိနေရ၊ လက်ခံထားနေရသည့် အဖြစ်ဖြင့်ပင် မဟုတ်ပါလားလေ။

တကယ်တော့ ထားထားတိုးထံမှ ရင်းနှီးတွယ်ငင်သံယောဇဉ် အရမ်းကိုကြီးသည့် အရာမျိုးကိုပင် သူ အပြည့်အဝ ရနိုင်ခဲ့ချေသည်မှ မဟုတ်ချေဘဲ။



ဒါပေမဲ့ ... သူ ထားထားတိုးကို မြတ်နိုးစွာ ချစ်နေမိချေပြီးပြီပဲ။

သူ့မျက်နှာ ပျက်ခနဲဖြစ်တော့ အနောက်လှန်သွားသည့် လေးလေးဖေ မျက်နှာပိုး ပြန်သတ်ကာ အားနာသွားပုံဖြင့် ...

"ကဲ ... ကဲ ... သွားတော့"

ဟု ပြောတော့ သူ မျက်မှောင်ကုတ်၍ ...

"ဘာလဲဗျ"

ဟု အနေခက်စွာ ရှက်အမ်းအမ်းဖြင့် ပြန်ပြောမိလိုက်ပါသည့်အဖြစ်။ လေးလေးဖေ ခေါင်းကုတ်ကာ စိတ်ညစ်သံဖြင့် ...

"ဒါက ... မနောက်မပြောင်ဘဲ စေတနာရင်းမှန်နဲ့ ပြောမိတဲ့ သွားတော့ဆိုတဲ့ စကားစုပါ မင်းသားရယ်၊ နောက်တာ မဟုတ်ရပေါင်ဗျာ၊ အတည်ပြောတာပါ"

ဟု ညည်းချတော့ သူ နေရာမှခွာသည်။

ခြေလှမ်းမှန်မှန်ဖြင့် သူ ကွန်ကရစ်လမ်းအတိုင်း လျှောက်လာခိုက် ပန်းဥယျာဉ်မှာ ပန်းပင်တွေ မြေဆွနေရာမှ ...

"ဩော် ... တွားဒေါ့မလို့လား၊ တွားပါ ... တွားပါ၊ လက်ဆောင်တွားပေးမလို့လား၊ ကန်းဒယ် ... ပေးပါ၊ ထားထားတိုးနော် ... များများကံကန်းဒဲ့ ကန်မလေးပဲ"

ဟု နောက်တစ်ယောက်က ထပ်ပြောလာပြန်တာမို့ ကျွမ်းသုတ်သုတ်ဖြင့် ထွက်မိခဲ့ရပါပြီ။

တကယ်တော့ ...။ ဩော် ... တကယ်တော့ ... သူ့ကိစ္စသည် ဘေးလူတွေ အကုန်လုံး သိနေကြရသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ မြတ်နိုးသော ထားထားတိုးကတော့ဖြင့် မမြင်နိုင်ခဲ့ပါချေသည့် အဖြစ်ပါတကား။

မြအေးရိပ်သို့ သူဝင်လာတော့ ခြံထောင့်ရှိ ချေးပင် ကြီးအောက်မှာ ထားထားတိုးကို သူ လှမ်းလင့်တွေ့မြင်ရတာ ငေးခနဲ ကြည့်မိရသည်ပါပဲ။

အဝါရောင် ဇာအင်္ကျီပွပွလေးသည် လည်ပင်းမှာ အထပ်ထပ် ဇာဖွားဖွားလေးများ ကျနေကာ လက်တံတောင်အ အနားပွလေးဖြင့် ရှိပါသော အင်္ကျီ ... အဝါခံတွင် အဖြူပွင့်လေး များပါသော ပါတိတ်ထဘီလေးကို ထားထားတိုး ဝတ်ထားသည်

ထားထားတိုး ဘာဝတ်ထားသည် ဆိုတာကအ ဘယ်ခါဖြစ်ဖြစ် အသေးစိတ် ကြည့်မိတတ်သည်က သူ့အကျ လို ဖြစ်နေပြီ။ မြတ်နိုးလွန်းရသူမို့ အသေးစိတ်ကအစ ကြည့်တ မြတ်နိုးစွာ ငေးနေမိတတ်ရသည်ပဲ။

သြော် ... ဤအဖြစ်များသည် ကာလကြာ ကြာခဲ့ချေပြီပဲလေ ...။

မန်ကျည်းရိပ်နယ်ပင် ဆင်လျက် အပင်ကြီးလ ရွက်ရိပ်မြိုင်သော ချေးပင်ကြီးရှိရာသို့ သူ လျှောက်မိခဲ့ပါ၏။

သူ့ရင်ထဲမှာ မြတ်နိုးခြင်းများဖြင့် လှုပ်လှုပ်ခတ် အေးအေးမြမြ။

သြော် ... ကြည်နူးရချေသည်တည့်။

သူ့ဘက်ကို ကျောပေးလျက် ချေးစေ့နီနီလေးမျာ ကောက်နေသည့် ထားထားတိုးထံသို့ ခြေသံမကြားအောင် လျှောက်လာမိရပါ၏။



ချေးစေ့လေးများသည် အပင်ကြီးထက်မှ အသီးခွံ ကာ ဖောက်ခနဲကွဲလျက် ချေးစေ့နီနီလေးများ ကြွေကြွေကျ ကြချေဆဲ။

ထားထားတိုး၏ ဖြူနုနေသော လည်တိုင်လေးကို နောက်ပါးမှ မြင်နေရပါ၏။

ရှည်လျားနက်မှောင်သော ဆံနွယ်ပျောင်းနွဲ့နွဲ့သည် တ်စွာ မြေပြင်ထက်မှာ ဝဲကျနေ၏။

ချေးစေ့နီလေးများကောက်ဖို့ မဲနေတာနှင့် ဆံနွယ် ဆိုသိမ်း၍ ရင်ထဲ ပွေ့ပိုက်ဝဲ သိမ်းယူထားဖို့ ထားထားတိုး မေ နေတွသည်။ ချေးစေ့နီလေးများကို ကလေးတစ်ယောက်လိုပဲ ထဲနစ်စွာ ကောက်နေသည်ပါပဲ။

သူ ... ထားထားတိုး၏ လက်ချောင်းနုနု လှလှ များကို ငေးကြည့်နေမိရပါ၏။

သြော် ... အဘယ်ကာလတွင်မှ ထိုလက်ချောင်း ထွေးလေးတွေသည် သူ့လက်ကို လက်ခံထွေးဆုပ်နိုင်ပါချေ လဲ။

"ထားထားတိုး ..."

သူ ခပ်တိုးတိုးခေါ်တော့ ထားထားတိုး၏ ခေါင်း လှည့်လာသည်။ ကိုယ်လေးလည်း ထိုင်နေလျက်မှ ခပ်စောင်း လေး လှည့်လာ၏။

ရှည်လျားကော့ညွတ်သော မျက်တောင်များ ရံခ ဝန်း ရွှန်းမြမြသည် သူ့ထံသို့အရောက် အကြည်သည် လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ထားက ခွဲလားလို့ ..."

ဟု ပြောတော့ ရင်ထဲမှာ ကျဉ်ခနဲ ဖြစ်သည်။

"မိုး ... ဒီနေ့ပဲ ရောက်တာ ..."

ဟု သူပြောဖြစ်၏။ ဘယ်တုန်းကရောက်လဲဟု ထားထားတိုး မေးဖော်မရသည့်အတွက် ရင်ထဲမှာ နာနာကျင်ကျင် ဖြစ်နေရသည်ကိုက မျှော်လင့်ချက် ကုန်ဆုံးရမှာ စိုးရိမ်နေရစိတ်တွေ ရင်ထဲမှာ ဖိစီးနှိပ်စက်နေရမှုများကြောင့် ဆိုတာ မိမိသာ သိရသည် အဖြစ်။

"ဒေါ်လေး ပြောတယ်၊ မနေ့က ဘွားဆီကို လာတယ်လေ ကိုမိုး ဒီနေ့ ရောက်မယ်တဲ့၊ ထား သိတယ်"

ဟု ပြောတော့ သူ့ရင်ထဲမှာ ကြေကွဲနေရသည်ပါပဲ

"မိုး ရောက်ရင် ထားဆီ လာမှာပဲ ဆိုတာကို ထားမ တတ်ဘူးလား ထားရယ် ..."

ဟု မေးလိုက်ချင်ပေမယ့် ဘာကိုမျှ မပြောဖြစ်

အလေးအနက် ထားသူနှင့် သာမန် သတ်မှတ်ထား သူ နှစ်ဦး၏ ကြားထဲမှာ ကွာဟခြင်းဆိုတာ ရှိတတ်ချေသည် အဖြစ်ပေပဲလေ ...။

"ဒီနေ့ ခွဲလာမှာလေ၊ ထားနဲ့ခွဲ ချိန်ဘာဆင်းကြမှာ၊ အဲ ကိစ္စ ထားကို လာပြောဖို့ရှိတယ်၊ ချိန်ဘာ မာစတာရ လုပ်စရာရှိတာ လုပ်နေတာ"

ဟု ပြောတော့ သူ ဘာမျှမပြောဖြစ်။

ဥပဒေဘွဲ့ရတာချင်းတူတူ ... သူ အလုပ်သင်ရှေ့နေ ... အချိန်မရတော့။



ဖေဖေ့အလုပ်မှာ သူဝင်ဖို့က ဖေဖေ့အစီအမံ။

ချိန်ဘာဆင်းချင်တာကို မေမေ့ကိုပဲ ပြောကြည့်၊ မူဆာကြည့်ဖို့ သူ ဆုံးဖြတ်ထားသည်။ မေမေက ဖေဖေ့ကို ပြောပေးဖို့ပါ။

သူ ဗန်ကောက်မှ ပြန်လာသည့် ကိစ္စထက် ... လက်ရှိအချိန်မှာ အလုပ်သင်ရှေ့နေဆင်းဖို့အတွက် အလုပ်သင်ဆရာအဖြစ် လက်ခံမည့် ရှေ့နေကြီးတစ်ဦးထံ သွားနိုင်ဖို့ကိစ္စ ဖွဲ လုပ်ကိုင်နေခြင်းကို ထားထားတိုး ပို၍စိတ်ဝင်တစား ရှိချေမည်ပေါ့။

"ထားက ဘွားကို ရှေ့နေလုပ်ပြီး ကျေးဇူးဆပ်ချင်နေတာ ကိုမိုးရဲ့"

ဟု ထားထားတိုး ပြောပြီး သူ့ကို မော့ကြည့်သည်။

"အေးလေ ... ကိုမိုးက အစစ ပြည့်စုံချမ်းသာလွန်းနေတော့ ... အဲဒီလို အလုပ်လုပ်၊ ရတဲ့ချွေးနဲ့စာနဲ့ တစ်ပြန်တစ်လှည့် ကျေးဇူးဆပ်ရတဲ့ ကိစ္စမျိုးကို ဘယ်နားလည်မလဲ"

ဟုပြောတော့ သူ ရင်ထဲမှာ မကောင်းနိုင်တော့။

ဖေဖေ့လက်ရင်း လုပ်ငန်းတွေကို လုပ်ကိုင်ရသည်နှင့်ပဲ မိဘကျေးဇူးဆပ်ခြင်းဆိုသည့် အရာသည် မပါဝင်ချေတော့ပြီတဲ့လား။

ကြွယ်ဝချမ်းသာခြင်းသည် ဘဝကို နားမလည်နိုင်သော့သည့် လူတစ်ယောက်အဖြစ် သေးမှုမြင်စေဖို့ အရေးကြီး အဓိကကျသည့် အကြောင်းအချက်ကြီး အဖြစ် ရှိနေရချေမည်တဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



သူ ထားထားတိုး ဘေးဘက်မှာ ထိုင်ချလိုက်ရင်း သက်ပြင်းရှိုက်မိကာ ထားထားတိုး၏ မျက်နှာနုနုလေးကို တစ်ချက်ကြည့်မိသည်။

"မဟုတ်သေးပါဘူး ထားရယ်၊ ထား ကိုမိုးကို နားမလည်တာပါ"

ဟု ခပ်ညည်းညည်း ပြောသည်။

နောက်တော့ အားယူ၍ ပြုံးလိုက်ရင်းမှ ...

"ဒါကို ထားလိုက်ပါလေ၊ မိုး ထားနဲ့ ဘွားကို လာတွေ့တာ၊ ဒါနဲ့ ထား ရွှေးစေ့လေးတွေ တော်တော်များများ ရနေပြီလား"

ဟု စကားလမ်းကြောင်းကို ပြောင်းသည်။ ထားထားတိုး တစ်ချက်ရယ်၏။ ပုလဲသွယ်တန်းထက်ပင် လှပလက်စင်သော သွားဖွေးနုနုလေးများသည် သွယ်တန်းလျက် ရှိနေသည့်အဖြစ်။

အကြောမျှင် ရှိမ်းမြမြထင်သော မျက်နှာနုနုလေးသည် အခြယ်အသ ကင်းစင်လျက် သနပ်ခါးရေကျဲလေးမျှသာ ရိုးရိုပ်ထင်သည့်အဖြစ်။ သနပ်ခါးနံ့ သင်းသင်းသည် လေပြည်နဝယ် ဝေ့ဝဲနေချေသည်ပဲ။

"ဒီမှာလေ လက်တစ်ဆုပ်စာတောင် ရှိရော့မယ်၊ ရတနာတွေဆိုရင်ဖြင့် မနည်းမနောပဲနော် ကိုမိုး"

ဟု ကလေးလို ပြောရယ်တော့ သူ့ရင်ထဲမှာ ပေါ့ပေါ့ပါးပါး ဖြစ်လာသည်။ ရော၍လည်း ရယ်လိုက်မိရသည်ပါပဲ။ ရယ်ရင်းလည်း ထား၏ တွေ့ရခဲသော ရယ်မောနေသည့် ဟန်လေးကို မြတ်နိုးစွာ ငေးကြည့်မိရသည်ပါပဲ။



မိုးကို ဒီလိုပဲ ရယ်မောပြောဆိုပါလား ထားထားတိုးရယ်ဟု သူ ပြောလိုက်ချင်သည်။

ဒါပေမဲ့ ချစ်သော ထားထားတိုး ငြိုငြင်မှာ သူစိုးရွံ့ မပြောဖြစ်နိုင်ခဲ့။

"ရွှေးစေ့ ဆိုတာက ကံမကောင်းပါဘူး ကိုမိုးရယ်၊ ရွှေကို ဒီရွှေးစေ့နီနီလေးတွေနဲ့ ချိန်တွယ်ကြတာ၊ ဒါပေမဲ့ သူဆုံးဖြတ်ချိန်တွယ်ပေးခဲ့ရတဲ့ ရွှေလို တန်ဖိုးမရှိရရှာဘူး၊ သူ မရှိရင် ရွှေကိုချိန်တွယ်လို့ သတ်မှတ်လို့ မဖြစ်ပေမယ့် သူ့တန်ဖိုးကို လူတွေက အလေးမထားကြဘူး၊ အဖိုးတန်တဲ့ ရွှေအတွက် လူတို့ဆီကို ရွှေးစေ့လေးတွေအဖြစ် အပင်ကနေပြီး အခွံကွဲလို့ ကြွေကျလာပေးကြရတာ"

ဟု ပြောနေပုံလေးကို ခပ်ငေးငေး ကြည့်ရင်း ထားထားတိုး၏ ရင်ထဲမှာ အနိမ်ခံတို့အပေါ် နားလည်ခံစားပေးတတ်သည့် စိတ်ထားလေးတွေ ကိန်းအောင်း တည်မြဲနေတတ်ခြင်းအပေါ် ပို၍ နားလည်လာရသည်ပါပဲ။

"ထား လက်ထဲက ရွှေးစေ့နီနီလေးထဲက မိုးကို နည်းနည်း ပေးပါလား ထားထားတိုး"

ဟု သူ ပြောတော့ ထားထားတိုး တစ်ချက် မော့ကြည့်သည်။ တကယ့်ကို တည်ငြိမ်ဟန်ဖြင့် ငုံ့မိုးကြည့်နေသည့် အကြည့်ကြောင့်ထင့်။ လက်ဖဝါးလေးကို ဖြန့်လျက် လက်ခွင်မှ ရွှေးစေ့နီနီလေးတွေကို တစ်ချက် ထပ်ငုံ့ကြည့်သည်။

နောက်တော့ ...

"ဘာလုပ်ဖို့လဲ ကိုမိုး"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလာသည်။

"ပေးရမှာ ဝန်လေးလို့လား ထားထားတိုး၊ ဒါဆိုလဲ မေ့ ပါစေလေ"

ဟု သူပြောတော့ မျက်နှာတစ်ချက် ပျက်ခနဲဖြစ် သွားသည့် သူ့မျက်နှာကို အကဲခတ်သလို တစ်ချက်ကြည့်ပြီးမှ ချွေးစေ့နီနီရဲရဲလေးတွေထဲမှ အလှဆုံးလေးတွေကို ငါးလုံးရွေးထုတ် ပြီး သူ့ကို ကမ်းပေးသည်။

သူ ထားထားတိုး၏ လက်ဖဝါးနုနုလေးတွေထက် မှ ချွေးစေ့နီလေးတွေကို ကြည်နူးစွာ စိတ်လှုပ်ရှားစွာပဲ ကြည့်မိ ရပါပြီ။

သြော် ... ထားထားတိုး ထံမှ ပေးအပ်လာသည့် ချွေးစေ့လေးများ။

သူ ပိုင်ဆိုင်ခွင့် ရလိုက်ပါသည့် ဤချွေးစေ့နီနီလေး များသည် ထားထားတိုး ကိုယ်တိုင် အလှဆုံးရွေးချယ်၍ ပေးသည့် ပစ္စည်းလေးများသာတည်း။ ကြည်နူးစွာ သူ ယူရစိုက် ရင်ထဲမှာ ချမ်းမြေ့နေရပါသည့် အဖြစ်။

"မိုးအတွက် အရမ်းကို တန်ဖိုးရှိတဲ့ ချွေးစေ့နီနီလေးတွေ ပါ ထားထားတိုးရယ်"

ဟု သူ ပြောလိုက်ချင်သည်။

"မိုးတို့ ဒီအပင်အောက်မှာ ချွေးစေ့ တူတူကောက်ခဲ့တာ၊ ပတ္တမြားဆိုပြီး လက်စွပ် လက်ကောက် လုပ်မယ်လို့ ကလေးတွေလို ပြောခဲ့ကြတာ အမှတ်ရတယ် ထားထားတိုး ရယ် ... နော်"



ဟု ကိုးတန်းကျောင်းသားဘဝက ဤအပင်ကြီး အောက်မှာ ကလေးတွေလို ပျော်ခဲ့ ... ပြောခဲ့ကြတာကို သူပြော တော့ ထားထားတိုး တစ်ချက်ပြုံးသည်။

"ဘွားအတွက် လက်ကောက်တစ်ဖက်စာ လက်စွပ်တစ် ကွင်းနဲ့ လည်ဆွဲတစ်ခုစာ ရပြီလို့ ဘွားကို အော်အော် ပြောခဲ့တာလေ၊ ဘွားကတော့ ရယ်နေခဲ့တာ"

ဟု ထားထားတိုးလည်း ရယ်လျက်ပြောတော့ ခုလို တရင်းတနှီးဟန်လေးတွေ ဝေ့ဝဲရိပ်သန်းလျက် ရှိနေသည့်အဖြစ် အတွက် ရင်ထဲမှာ ချမ်းမြေ့ရသည်ပဲ။

ဒါပေမဲ့ ဖွဲ့နှင့် ထားထားတိုး ဆက်ဆံလျှင် ဤထက် ပို၍ တရင်းတနှီးရှိတာ။ ပွင့်လင်း ကြည်လင်တတ်တာတွေကို သူသိနေရ၊ သတိရရ နေမိရတတ်သည်က သူ့ကို ဝေဒနာဖြစ်နေ စေပါတော့ မြဲပါ။

"ဘွားရော နေကောင်းနေလား"

"အင်း ... ကောင်းတယ်၊ ဘွား ဘုရားဆောင် ဝင်နေတယ် ကိုမိုး"

"ဒါဆို ... မိုး အိမ်ထဲမဝင်တော့ဘူး၊ ဘွားမှာလိုက်တဲ့ ဆေးတွေ မိုး ယူလာတယ်၊ ထားထားတိုးကိုပဲ ပေးခဲ့မယ် လေ၊ ဘွားအတွက် ရှောစောင်လုလုလေးလဲ မိုးယူလာခဲ့ သေးတယ်၊ ပစ္စည်းထုပ်တွေ ဘာမှ သေချာမလုပ်ရသေးလို့ နောက်နေ့မှ ယူလာတော့မယ်၊ လောလောဆယ် ဒီဆေးနဲ့၊ ပြီးတော့ ... ဒီဘူးလေးက ထားထားတိုး အတွက် မိုးယူ ခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီးတော့ ဂျာကင်အပါးစား အင်္ကျီအိတ်ကပ်အတွင်းမှ ဆေးကတ်များနှင့် ကတ္တီပါဖုံးဘူးလေးကို သူ ထုတ်၍ ကမ်းပေးတော့ ထားထားတိုး လက်ကမ်းမလာ။

"မငြင်းပါနဲ့ ထားထားတိုးရယ် ... မိုး စိတ်မကောင်းအောင် မလုပ်လိုက်ပါနဲ့ကွာ၊ ယူပါ ထားထားတိုးရယ် နော်"

ဟု စိုးရိမ်စွာ ခပ်တိုးတိုး သူ တောင်းပန်သလို ပြောတော့ တစ်ချက် ထားထားတိုး ကြည့်သည်။ လက်ခံပါ ထားထားတိုးရယ်ဟု ပြောနေသလို ငုံ့မိုးကြည့်နေသည့် အကြည့်တွေထဲမှာ အားငယ်ရိပ်တွေ ရှိနေသည်ဟု ထားထားတိုး ထင်သည်။

"ငွေပေါ်လို့ ... ချမ်းသာလို့ ဝယ်လာပြီး ပေးတာတော့ မဟုတ်ပါဘူးနော်"

ဟု မေးလာတော့ သူ မျက်နှာပျက်ကျသွားလျက် ခပ်တွေတွေပင် လက်တွင်းမှ ကတ္တီပါဖုံး အပြာနုရောင် ဘူးလေးကို ကြေကွဲစွာ သူ ပြန်သိမ်းလိုက်သည်။

"မိုး အတွက် ထားထားတိုးဟာ ငွေပေါ်လို့ ဆက်ဆံနေတဲ့၊ အသိဖွဲ့နေတဲ့ မိန်းကလေးတစ်ယောက် ဘယ်လိုမှ ဖြစ်လာစရာ မရှိဘူးဆိုတာ ထားထားတိုး သိစေချင်တယ်၊ မိုးရဲ့ ကိုယ်ကျင့်တရားနဲ့ ထားထားတိုးတို့ အပေါ်မှာထားတဲ့ စိတ်ရင်းမှန်ကို တိုင်တည်ပြီး မိုးပြောခဲ့ချင်ပါတယ် ထားထားတိုး၊ ဒါပေမဲ့ ဒီလိုအမေးခံရတဲ့အတွက်တော့ မိုး ဝမ်းနည်းတယ်"

သူ ပြောပြီး ဆေးကတ်ကို ထားထားတိုးထံ ကမ်းပေးသည်။



ရင်ထဲမှာ ဆို့နင့်နာကျင်နေသည်ပါပဲ။ နေရာမှ သူ ခွာသည်။

မေတ္တာကို အတင်သေးခံရသည်ဟု နားလည်ရုံလျက် ရက်စိတ်သည် ရင်မှာပျံ့၏။

"မဟုတ်ပါဘူး၊ ထားပြောတာ တစ်မျိုးပါ၊ ထား မှားသွားတယ် ကိုမိုး၊ သိပ်တန်ဖိုးကြီးတဲ့ ပစ္စည်းများ ဖြစ်နေမလား ဆိုပြီး ထား စိတ်ထဲရှုပ်သွားမိလို့ပါ"

ဟု ထားထားတိုး ထံမှ အားန[illegible]ရာထွေးသော ခပ်တိုးတိုး အသံလေး ေ[illegible]လာတော့ တစ်ချက် သူလှည့်ကြည့်ဖြစ်၏။ တောင်းပန်သလိုလေး အားနာဟန်ကြီး ကြည့်နေတာကို သူ မြင်သည်။ ထားထားတိုး အဘယ်မျှထိ မာနကြီးတာ သူ နားအလည်ဆုံး။ ခုလို အားနာဟန်လေးဖြင့် တောင်းပန်သည်ကိုက တကယ့်ကို စိတ်မကောင်း၍ လှမ်းပြောခြင်းဆိုတာ သူ နားလည်သည်။

ရင်ထဲမှာ ခွင့်လွှတ်ခြင်းသည် ဦးစွာဖြစ်တည်၏။ နောက်တော့ ... ကြည်နူးခြင်းသည် နေရာယူချေသည်ပါပဲ။

"ဒါဆို ထားထားတိုးရဲ့လက် ကမ်းလာလေ"

ဟု ပြုံး၍ သူ ပြောပြီး ထားထားတိုး ရှေ့မှာ သူ ပြန်ရပ်သည်။

တကယ်တော့လည်း ချစ်ရလွန်းသည့်စိတ်ဖြင့် ချစ်ရသူရှေ့မှာ သူ ရပ်မိရသည်ပါပဲ။

ထားထားတိုး ရက်အမ်းအမ်းလေးဖြင့် လက်ဖဝါးလေး ဖြန့်ပေးရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘွားအတွက် ဆေးကတ်တွေကအစ သေချာဂရုတစိုက် ဝယ်လာပေးသည့် ကိုမိုး၏ စေတနာကို စော်ကားဟန်ဖြင့် ပြောမိသည့် အဖြစ်အတွက် ရင်ထဲမှာ အပြစ်ရှိသလိုကြီး ဖြစ်နေရသည်လေ။ ဒါကြောင့်လည်း ကိုမိုး ပေးသည့် လက်ဆောင်ပစ္စည်းလေးကို ငြင်းရမှာ ပိုခက်သွားရသည်ပေါ့။

"တန်ဖိုးကြီးရင် မယူဘူးနော်"

ထားထားတိုး ထံမှ ပြောလာသံကြောင့် ...

"ရွှေတွေ ... စိန်တွေ မဟုတ်ရပါဘူး ထားထားတိုးရယ်၊ မိုးရဲ့သူငယ်ချင်းဟာ ဘယ်ထိ မာနကြီးတယ်ဆိုတာ မိုး သိပါတယ်ဗျာ၊ တန်ဖိုးကြီးတာ ပေးချင်သမျှ ယူမလာရဲတာပါ ထားထားတိုးရယ်"

ဟု ပြောလာတော့မှ စိတ်ချသွားပုံလေးဖြင့် သူပြောတော့ ဘူးလေးကို ထားထားတိုး ယူသည်။

"ဖွင့်ကြည့်လေ၊ စိတ်မချရင်"

ဟု အလိုလိုက် စိတ်ရှည်သောပုံဖြင့် သူ ပြောတော့ ထားထားတိုး ဘူးလေးကို ဖွင့်သည်။

ရွှေရောင်နာရီလေး။ နာရီလေးမှာ အဖြူရောင်ကျောက်လေးတွေ စီထားသည်။ အတော့်ကိုလှသည့် နာရီလေးပါ။

"တန်ဖိုးကြီးမှာ"

ဟု ထားထားတိုး ပြောတော့ သူ မျက်နှာကြီးတည်လျက် ...

"ရွှေလဲမဟုတ်၊ စိန်လဲမဟုတ်၊ နာရီပဲဥစ္စာ၊ ယူလာတဲ့လူ စိတ်မကောင်းအောင် ငြင်းရင်တော့ ဘွားကိုတိုင်မှာဗျ"



ဟု ပြောလာတာမို့ ထားထားတိုး ဘူးလေးကို ပြန်ပေးရဲ့။

ကိုမိုးကို ဘွားကချစ်တာ ထား သိချေသည် မဟုတ်ပါလား။

အရပ်ကြီး ပိုမြင့်လာလျက် မျက်ခုံးထူထူ၊ ရင်အုပ်ကျယ်ကျယ်နှင့် မျက်ခုံးမျက်လုံး ကောင်းစွာဖြင့် နှုတ်ခမ်းရဲရဲ၊ သွားတက်စင်းစင်း၊ မေးရိုးပြန့်ပြန့်နှင့် ဥပဒေကျောင်းသားဘဝမှာ ကိန်းကလေးတွေ အရမ်းကို စိတ်ဝင်စား သည့် ကိုမိုး။

ကိုမိုးသည် ကလေးဆန်သော ကိုမိုးလည်း တစ်ခါတစ်ခါ ဖြစ်တတ်သည်။

တစ်ခါ တစ်ခါကျတော့လည်း ဘွားနှင့်ကိုင်၍ အနိုင်ယူတတ်သည့် ကိုမိုး ဖြစ်နေလျက် ...

တစ်ခါ တစ်ခါ ကျတော့လည်း အရမ်းကို စိတ်ရှည်သည်းခံနေတတ်သော ကိုမိုး ဖြစ်နေတတ်ပြန်သည်။

ဒါပေမဲ့ ဖွဲလောက် ကိုမိုးအပေါ် မခင်မင်။ မတွယ်တာနိုင်တာကိုတော့ဖြင့် ကိုမိုး နားလည်နေမှန်း သိနေရတာမို့ တစ်ခါ တစ်ခါတော့ ထား ... ကိုမိုးကို အားနာမိရသည်ပါပဲ။

သက်ပြင်းငွေ့ငွေ့ချလျက် ကတ္တီပါဘူးလေးကို ထားထားတိုး ပြန်ပိတ်၍ ထွေးဆုပ်ထားလိုက်ရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

"ကျွန်မကို ဒီလောက်ထိ ဒုက္ခပေးထားခဲ့ပြီးရင် ကျေ... လောက်ပါပြီ ကိုလူလေး၊ နောက်ထပ် ကျွန်မကို မနှိပ်စ... ပါနဲ့တော့ရှင်၊ ကျွန်မရဲ့ ခင်ပွန်းသည်လဲ နိုင်ငံရပ်ခြား... ပြန်ရောက်သေးတာ မဟုတ်ပါဘူး"

ကိုင်ထားသော တယ်လီဖုန်းကို ပြန်မချဖြစ်။ အ... ထပ် မေမေ့အခန်းမှ ပြောနေသော ဖုန်းထဲမှ ခပ်လှောင်လှော... ရယ်လိုက်သံကို ကြားနေရပြီ။

အိမ်ရောက်တော့ ထားထားတို့ထံ ဖုန်းဆက်... စိတ် ပေါ်လာတာနှင့် ချက်ချင်းပဲ အောက်ထပ်ဧည့်ခန်းမှ ဖုန်း... ကောက်ကိုင်ဖြစ်ရခြင်းပါ။

"မိုးပေးတဲ့ နာရီလေးကို အမြဲတော့ ပတ်ထားပါ ထား... တို့ရယ်"

ဟု ပြောချင်လွန်းသည့် စကား။

ထားထားတို့ ရှေ့မှာရပ်လျက် မပြောဝံ့ခဲ့သော... စကား။



ထား မပတ်ချင်ဘူး မိုး၊ တစ်ခါတစ်ခါမှပဲ ပတ်မယ်ဟု သူ့ကို ငေါ့ တားလျက် ထားထားတို့ ပြန်ဖြေမှာကို စိုးရွံ့စိတ်ဖြင့် မပြောဖြစ်ခဲ့သော စကား။

ရင်ထဲမှာလည်း ပြောချင်လွန်းနေတာမို့ အိမ်ပြန်ရောက်တာနှင့် ချက်ချင်းပဲ ထားထားတို့ထံ ဖုန်းဆက်ချင်စောဖြင့် ဖုန်းကို ကောက်ကိုင်လိုက်ချိန်မှာ အိမ်ပေါ်ထပ်မှ တွဲလျက်ထားသောဖုန်းမှ မေမေ၏ ငိုသံတွေးတွေးဖြင့် ပြောနှင့်နေသည့် စကားသံကို မထင်မှတ်စွာပဲ ကြားလိုက်ရခြင်းပါ။

လှောင်ထေ့ထေ့ဖြင့် ရယ်နေသော ယောက်ျားသား တစ်ယောက်။

ခယယ တောင်းပန်နေသော မေမေ၏ အသံ။

"ဒီမှာ ဒေါ်လှဲ့လှဲ့နွယ် ဆိုတာ အရမ်းကို ချမ်းသာတဲ့ မိန်းမတစ်ယောက်ပါဗျာ၊ ခင်ဗျားယောကျ်ားက ကျွန်တော် ပြောပြဖွင့်ချလိုက်မယ့် ကိစ္စကြီးကို ကြားလိုက်တာနဲ့ ဘာတွေဖြစ်ကုန်မယ်ဆိုတာ ကြိုတင်သတိထားမယ်လို့တော့ ထင်ပါရဲ့ဗျာ၊ ပြီးတော့ ပိုင်ဆိုင်ထိုက်တဲ့ စကားတွေ ဘာတွေလဲ ပြောကြရမှာ၊ အဲဒါက ခင်ဗျားနဲ့ ပြောကြရမှာပေါ့ဗျာ၊ တစ်သက်လုံး ဖုံးကွယ်ထားတဲ့ ပိပိရိရိကိစ္စကြီးတစ်ခု၊ လူသိရှင်ကြား ဖြစ်သွားချင်သလား၊ ကျုပ်တောင်းတဲ့ကိစ္စကို လိုက်လျောမလား၊ အချိန်မရှိဘူး ဒေါ်လှဲ့လှဲ့နွယ်ဆိုတဲ့ သူဌေးကတော်လေးရယ်"

"စကားပြောတာ ဒီလို ခနိုးခနဲ့ မပြောပါနဲ့လားရှင်ရယ်၊ အရင်တစ်ခါက ကျွန်မဆီက ယူသွားခဲ့တဲ့ ငွေဟာ မနည်း

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကျေနပ်ပါရှင်၊ ကျွန်မ ... ကျွန်မယောက်ျားမသိဘဲ ဘာတစ်ခုမှ မလုပ်ချင်တဲ့ မိန်းမပါ"

"မသိဘဲ မလုပ်ချင်တဲ့မိန်းမ ဟုတ်လား၊ တစ်ခုတော့ လုပ်ခဲ့ဖူးပြီ မဟုတ်လား ဒေါ်လှဲ့လှဲ့နွယ်၊ ဒီမှာ ကျုပ်ပြော မယ်၊ အချိန်ကုန်တယ်ဗျာ၊ ကျုပ် ငွေလိုချင်တယ်၊ ငွေ ပေးပါ၊ အရင်တစ်ခေါက် လာပေးတဲ့ နေရာကိုပဲ စောစော က ပြောထားပြီးတဲ့ အချိန်မှာ လာပေးပါ၊ ဒါပဲ"

ဖုန်းခွက်ကို တစ်ဖက်မှ ချသွားပြီ။ မေမေ့ထံမှ ခ ယယနှင့် တောင်းပန်သံက ငိုသံဖြင့် ရောထွေးလျက် ခဏတော့ ပေါ်လာသေးသည်။ နောက်တော့ ဖုန်းချသွားပြီပဲဟု နားလည် လိုက်ပုံဖြင့် သက်ပြင်းရှိုက်ချသံ တိုးမှျင်မှျင် ကြားရသည်။

နောက်တော့ မေမေ ဖုန်းချပစ်လိုက်ပါပြီ။

တယ်လီဖုန်းကို ညင်ညင်သာသာ သူပြန်ချလျက် ဧည့်ခန်းဆီမှ ခြေလှမ်းကျဲကျဲဖြင့် ပြန်ထွက်ကာ သရဖီပင်ကြီး အောက်သို့ သူ လျှောက်ခဲ့ပါ၏။

မေမေ အောက်သို့ ဆင်းလာလျှင် သူ့ကို အိမ်ဧည့် ခန်းမှာ မတွေ့စေချင်၍ပါ။

ဖုန်းကို သူ နားထောင်ဖြစ်ခဲ့သည့် အဖြစ်ကိုသိ မဆိုထားနှင့် ထိုအချိန်က သီရိမြိုင်အိမ်ကြီးထဲမှာ သူ ပြန်ရောက်နေ ပြီဆိုတာကိုပင် မေမေ့ကို မသိစေချင်။

မေမေ အရှမ်းကို စိတ်ဆင်းရဲနေမှန်းတော့ ငိုသံ နေသည့် မေမေ့အသံ။

ရှိုက်သံစွက်နေသည့် မေမေ့အသံ။



ခယကောင်းပန်နေသည့် မေမေ့ စကားလုံးများဖြင့် င် သူ ခန့်မှန်းနားလည်မိခဲ့ရပြီးပြီ။

ကိစ္စက မေမေ၏ လျှို့ဝှက်ထားသော ကိစ္စတစ်ခု င် ပတ်သက်နေတာကို သူ နားလည်ထားပြီ။

ထိုကိစ္စသည် အဘယ်အတိုင်းအတာထိ မေမေ့ကို ခြိမ်းခြောက်လုန့်နေပါသလဲ။

ငွေတော်တော်များများကို ထိုဦးလူလေး ဆိုသည့်သူ အား မေမေ တစ်ကြိမ်ပေးခဲ့ပြီးပြီ ဆိုရာ၌ ဘယ်လောက်ကြာခဲ့ ပြီလဲ။

သူ ခေါင်းတွေ ဆူဝေလာသည်။

မေမေ့အပူသည် သူ့အပူ။ မေမေ၏ မျက်ရည်စက် သည် သူ၏မျက်ရည်စက်။

မေမေ့ကို သူ ကူညီချင်သည်။ မေမေ့ရှေ့မှာ သူ တည်ပေးချင်သည်။ မေမေ့ အခက်အခဲကို ဖွင့်မေးချ၍ ဖြေ င်းပေးချင်သည်။

ဒါပေမဲ့ သူသိနေသည်က မေမေဖွင့်ပြောမှာ မဟုတ် ၍ ..။

ထို့ပြင် ထိုသို့ မေမေ့ကို ဖွင့်မေးလိုက်တာနှင့် သူ သွားခဲ့ပြီဟု မေမေ နားလည်ကာ ပို၍ ကိုယ်စိတ်ဆင်းရဲချေမည်။

မေမေ ဘာကို လျှို့ဝှက်ထားပါသလဲ။

ထိုအချက်ကို ဖေဖေသိလျှင် အရှမ်းကို အဲ့ခြားအနေ သွားမည်ဟု ဦးလူလေး ဆိုသူကတော့ ခပ်တင်းတင်းပြောသွား သည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို သူ မသိမသာ အကဲခတ်ရမည်။

ထိုဦးလူလေး ဆိုသူနှင့် မေမေ ဘယ်နေ့မှာ ဘယ် အချိန်မှာ သွားတွေ့မည် ဆိုတာကိုလည်း သူ သိမထားနိုင်ခဲ့

"မေမေ အရမ်းကို စိတ်ဆင်းရဲနေတာ ငါသိနေတယ် မေမေ ဘာလုပ်ခဲ့ဖူးပါလိမ့် ... ဘာလုပ်ခဲ့ဖူးပါလိမ့်၊ ဘာ ဖြစ်ခဲ့ဖူးပါလိမ့်၊ ဦးလူလေး ဆိုတာက ဘယ်သူပါလိမ့်"

သူ ပင်စည်ကို မှီထိုင်ရင်း သက်ပြင်းရှိုက်နေစဉ် မှာ ခြေသံကြားတာမို့ လှည့်ကြည့်တော့ ပြုံးစိစိနှင့် ကြည့်လျှော လာနေသည့် လေးလေးဖေ။

"ဘယ့်နှယ်လဲ ... ဘာလက်ဆောင်များ ပေးခဲ့လဲ ငါ့ ကောင်မလေးက ကျေးဇူးတင်ဖော်ရရဲ့လား"

ဟု မေးကာ လာထိုင်၏။ မျက်နှာပျက်လျက် စိ ရှုပ်နေဟန် ပေါ်နေသည့် သူ့မျက်နှာကို အကဲခတ်သလို လေးလေး ဖေ ကြည့်သည်။ နောက်တော့ ခေါင်းယမ်း၏။ သက်ပြင်းရှိုက် ၏။ ဆေးပေါ့လိပ် အသစ်စက်စက် တစ်လိပ်ကို အင်္ကျီအိတ် ထဲမှထုတ်ကာ စတိုင်ထွားလျက် ဖင်စီခံကို သံမီးခြစ်မှာ ခေါ ၏။ ထိပ်ဖျားကို သွားဖြင့်ကိုက်လိုက်ပြီး တစ်ဆက်တည်း ခံနေရာကို လက်ညှိုး၏ လက်သည်းဖြင့် တဂျစ်ဂျစ် ခြစ်

နောက်မှ ... အကျအန ဆေးလိပ်ခဲကာ မီးညှိ ဖွာသည်။

"ငါ ပြောမယ်"

ဤမျှ စတိုင်ထုတ်နေမှာတော့ ပြောတော့မည်ဆို ကြိုသိထားနိုင်ပြီးသည့် အဖြစ်။



ဆေးလိပ်ကို ဖွာနေသည့် လေးလေးဖေကို သူကြည့် သည်။

"ငါက ဒီလိုတွေးတွေးနေမိတာ ကြာပြီကွ၊ ဘယ်လိုတွေး တွေး နေမိသလဲဆိုတော့ ... မင်းကို ကြည့်ကြည့်ပြီးတော့ ပေါ်လာတဲ့အတွေး ဆိုပါတော့၊ အချစ်ဆိုတာဟာ အရိပ် တကြည့်ကြည့်နဲ့ ကြည့်ကြည့်ပြီး ဖွင့်မပြောရဲခြင်းပါ တကား... ဆိုတဲ့ အတွေးပေါ့ကွာ၊ ထွေး ... ညံ့ပါ့ကွာ၊ အရိပ်ကြည့်တာပဲ ကြည့်နိုင်လွန်းတယ်၊ ရှားပါ့ မောင်ရာ၊ ဒီလောက်ကြည့်နေတာ မဝသေးဘူးလားကွ၊ ရှိုးတဲ့မှ ... ကြာရင် သူများလက်ထဲ ပါသွားမယ်"

ဟု ပြောခိုက် သူ သက်ပြင်းရှိုက်သည်။

အပေါ်ကို မော့ကြည့်ခိုက် သရဖီပန်းတွေကို တွေ့ ၏။ ကြွေကျလာသည့် ပန်းလေးတွေက အနီးအပါးမှာ တဝေ့ဝဲဝဲ။

သူများနောက် ပါသွားမယ် ဆိုသည့် စကားကို သူ နားလည်သည်။

ဖွဲ့ ... ဟုတ်သည်။ ဖွဲ့နောက်ကို ထားထားတိုး ပါ သွားမည်ဟု သတိပေးစကား။

ဒါပေမဲ့ ... ဪ ... ဒါပေမဲ့ သူ့ကို ထားထားတိုး လောက် အလေးအနက် မခင်မင်တာကို သူ နားလည်နေနှင့် ပြီးသည့် နောက်မှာ အဘယ်အင်အားဖြင့် ... အဘယ်သတ္တိဖြင့် ချစ်သမျှကို သူ ဖွင့်ပြောရဲနိုင်ပါတော့မည်တဲ့လဲ။

သူ့အဖြစ်က ကြိုတင်၍ အထီးကျန် ကြေကွဲနှင့်နေ ပြီးသည့် အဖြစ်ပေပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဟာကောင် ... ဘယ့်နှယ်ကြီး ငြိမ်နေရတာတဲ့တုန်း၊ မျက်နှာကလဲ အသက်ရှူနေလို့သာ လူမှန်းသိရတယ်၊ ကျောက်ရုပ်ကြီး ထုဆစ်ထားတဲ့ အတိုင်းပဲ"

ဟု ပြောခိုက် သူ တစ်ချက် လေးလေးဖေကို ကြည့်သည်။

"ဘာပြောရမလဲ လေးလေးဖေရာ၊ ထားထားတို့က မိုးကို သူငယ်ချင်းလောက်တောင် ရေရေရာရာ သဘောထားချင်တာ မဟုတ်ဘူး၊ အဲသလို မိုး နားလည်ထားတယ်"

လေးလေးဖေ ဆေးလိပ်ဖွာ၏။ တစ်ခုခုကို အကြံထုတ်နေမှန်း အရမ်းသိသာသည်။

မျက်ခုံးကြီးတွန့်၍ မျက်စိကို စုပိတ်ကာ လက်ညှိုးတချောင်းထောင်၍ မျက်နှာရှေ့နားမှ ရှေ့တိုးနောက်ငင် ပုံစံဖြင့် အတန်ကြာ ရှိနေပြီးမှ ...

"ဟာကွာ ဘာဖြစ်လဲ၊ လူကြီးချင်း နားဖောက်ကွာ၊ ပြတ်ကရော၊ အပြတ်ပဲ ဘာငြင်းစရာရှိလဲ၊ မရှိဘူး၊ အိုကေရော မဟုတ်လား၊ အိုကေတယ်"

လေးလေးဖေကတော့ ကိုယ့်အစီအစဉ်ကို အပြတ်ထောက်ခံ၍ ကိစ္စပြတ်နေပြီ။

"မဟုတ်ဘူး လေးလေးဖေ၊ မိုးက ထားထားတို့ရဲ့အချစ်ကို လိုချင်တာ"

"ဟ ... ဒါဆို အဲဒီလိုချင်တဲ့ အချစ်ကို ထားထားတို့က သဘောတွေ အရမ်းကောင်းပြီး မင်းကို အလိုက်တသိကြီးနဲ့ ရောအင့် ဆိုပြီး အလကားနေရင်း လာပေးမလား မိုး



လေးရ၊ မင်းကတောင်းမှ သူ ပေးချင်ပေးမှာပေါ့ကွ၊ တောင်းပါ ဆိုတော့လဲ ငြင်းမှာကြောက်ပြီး မတောင်းရဲဘူး၊ တောင်းခိုင်းပါ ဆိုတော့လဲ မဟုတ်ပြန်ဘူး"

ဟု ဝေါက်ဆတ်ပြောပြီးမှ ...

"ဒီမှာ မင်းဟာ ငါ့လူမို့ ငါပြောတာ မဟုတ်ဘူး၊ လူချောအရုပ်ကလဲ မြင့်သေး၊ ချမ်းလဲ ချမ်းသာတယ်၊ မိဘမျိုးရိုးလဲ ကောင်းတယ်၊ ပညာလဲ တတ်တယ်၊ အဲသလိုကောင်ကို ဘယ်မိန်းကလေးရှင်ဘက်ကမှ မငြင်းချင်ဘူးဆိုတာ ကြပ်ကြပ်နားလည်ထား ... ကြားလား"

မြှောက်ပင့်ပေးနေမှန်း သိနေသည်ကိုက ဆိုးသည်။ ပြောရဲတာ ပြောရဲလာအောင် ပြောပေးရှာနေခြင်း ဆိုတာကို ည်း နားလည်ထားသည်။

ဒါပေမဲ့ သူ ကြိုသိနေသည့် အဖြေကြောင့် သူ့နှလုံး သည် မငုံ့ရဲနိုင်တော့သည့် အဖြစ်။ ကြေကွဲနေရသည့် အဖြစ်။

လေးလေးဖေ သူ့ကို တစ်ချက် အကဲခတ်သလို ကြည့်သည်။

ငြိမ်လျက်ရှိနေသည့် သူ့ကို ကြည့်လျက် ဘာမှ ာက်မှု မရှိတာကို နားလည်ပုံဖြင့် စိတ်မောလက်မောနှင့် ပြင်းရှိုက်သည်။ နောက်တော့ ... ထရပ်ကာ သူ့ရှေ့မှာ တုံ့ခေါက်တင် လက်နောက်ပစ်၍ လျှောက်၏။ ပါးစပ်မှာ ဆေးပေါ့လိပ်ကြီးခဲလျက် ပုံစံဖြင့် ...

"မင်း ညံ့တာ ငါပြောမယ်၊ ထားထားတို့က သရဖီပန်း ကြိုက်တယ်၊ မင်းက သရဖီကို သွားမပေးဘဲ ပိတောက်

www.burmeseclassic.com



ပန်းတွေ ပွင့်ချိန်ကျမှ သွားသွားပေးတာ၊ ဟိုကလေးဘ
ကတည်းက အဲဒါ ညှံ့ခြင်းတရားမှာ ထိပ်တန်းကပါ
တယ်၊ ပေးပေါ့ကွ၊ သရဖီပန်း ကိုယ့်ခြံထဲမှာလဲ သရ
ပန်းပင်ကြီး ကျောမှီထိုင်နေရတဲ့ အဆင့်"

"ဖွဲက ပေးနေကျဗျ၊ သူများပေးတဲ့ပန်း ... ပေးနှင့်ပြီး
ပန်းကို မိုး မပေးချင်တော့ဘူး"

ဟု ပြောတော့ နားမလည်နိုင်သလို ခပ်တွေတွေ
တစ်ချက်ကြည့်လျက် လေးလေးဖေ သူ့ဘေးမှာ လာထိုင်သည်
ခေါင်းလည်း ယမ်းသည်။

"မင်း ... အဲဒီလို ကြောင်တက်တက် နိုင်တာကိုက မ
တော့တဲ့ အဖြစ်ကြီးပါပဲ မိုးလေးရာ၊ ဒါဆိုလဲ ပြီးရော
မောတယ်"

ဟု ညည်းနေခိုက် လေလေးတချွန်ချွန်နှင့် အန်က
ဂျက် လာနေတာ မြင်ရတာမို့ သူ ပြန်ဖို့ပြင်ခိုက် အန်ကယ်ဂျ
လက်ကာ၍ ...

"ဟား ... ကန်ဂလေး လစ်ဒေါ့မလို့လား၊ လက်ရှေ
တွားပေးဒေါ့၊ ကန်မလေးက ယူပြီဒေါ့ ... ကန်းက
ကျေးဇူးတင်ဒယ်လို့ ပြောတလား"

ဟု မေးလည်းမေး။ ဘေးမှာလည်း လာထိုင်တာ
သူ ငြိမ်ထိုင်ရသည်ပါပဲ။

စိတ်ရှုပ်ထွေးလျက် အိမ်ထဲမှ ထွက်လာသမျှ လေ
လေးဖေနှင့် အန်ကယ်ဂျက် လာရှုပ်နေတာနှင့် စိတ်တွေ ပို
လာရသည့်အဖြစ်။



ထားထားတို့ ဖွဲနှင့် ချစ်သွားမှာကို သူ အရမ်းစိုး
ရိမ်တာ နှစ်တွေ ကြာလှချေပြီပဲ။

ခု ... လေးလေးဖေ လာပြောတော့ ရင်ထဲမှာ မီး
မြိုက်သည့်နှယ် ပူလောင်နေရပြီ။

"ဒီမှာ ဂျက် ... ငါမေးမယ်၊ နင် ဖြေ"

ခပ်ဆတ်ဆတ်ကြီး မျက်နှာထားနှင့် ပြောချသံသည်
ဒေါသသံနှင့် စိတ်မရှည်သံ စွက်နေသည်မို့ အန်ကယ်ဂျက်က
လည်း အားကျမခံ မျက်နှာထားနှင့် မျက်မှောင်ကုတ်ကြည့်ကာ
ပြန်ပက်သည်။

"ဟား ... နာ ဖြေချင်မှ ဖြေမှာပေါ့၊ နင်က ငါ့ကိုမေး
တမျှဒွေ နာက ဖြေရအောင် နင်က ဘာလဲ၊ နာ့ရှရာလား"

မေးသမျှ ဖြေရတာ ဆရာနှင့် ကျောင်းသားပဲရှိသည်
ဟု အန်ကယ်ဂျက်က မြဲမြဲမှတ်ထားသည့် လူစား။ ငယ်က စာ
သင်ပေးခဲ့သည့် ဆရာတွေကို အန်ကယ်ဂျက် ယခုတိုင် ချစ်နေ ...
ရှိသေနေဆဲ။

"ဟ ... ငါက အကောင်းမေးမှာကွ"

"အကန်းကို မေးဒယ်နော်၊ မျက်နှာကိုလဲ ကန်းကန်းထား၊
မျက်နှာနော် မျက်နှာထီး မျက်နှာထားနဲ့ ပြောဒယ်နော် ...
ဘယ်သူက အကန်းပြောဒယ် ထင်မလဲ၊ ပြန်ဖြေချင်မယ့်
အရှား ... ပြန်ထိုးချင်ဒယ်ပဲ ဖြစ်မယ်၊ ရှင်းရှင်းပဲ ပြော
မယ်"

ဟု ပြန်တွယ်နေသည့် အန်ကယ်ဂျက်ကို ဆလံသ
လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွာ၊ ငါ ပြောတာက မိန်းကလေးတစ်ယောက်ကို ချစ်တယ်ကွာ၊ အဲဒါ ဖွင့်ပြောရမလား၊ မပြောဘဲ နေရမလား ... ကဲ"

ဟု ပြောချ မေးချလိုက်တော့ အန်ကယ်ဂျက် ပထမတော့ လေးလေးဖေကို ငေးကြည့်၏။

ပါးစပ်အဟောင်းသားနှင့်။ နောက်တော့ ရယ်သံပေါ်လာသည်။

"ဟား ... ဟား ... တဘောကြိုက်လိုက်ဒါနော်၊ ကန်မဂလေး တစ်ယောက်ကို ကိုမြင်းဖေ့က ကြိုက်နေဒယ်၊ ဖွင့်ပြောမယ် ... ဟုတ်လား၊ ပြောပါ ... ပြောပါ၊ ဒါပေမဲ့ ရှပင်ကွက်တိကွက်ကျား ဖြူဒယ်နော် ... မကန်းတေးဘူး၊ ရှေးအရင်ရှိုးပါ၊ ရှပင်နက်ရှိုးရှေးလေ"

ဟု ပြောတော့ စိတ်လက်ညစ်နေသည့်ကြားမှ သူ မနေနိုင်စွာပဲ ရယ်မိရပါပြီ။ လေးလေးဖေ ခမျာ အောင့်ကျသွားခဲ့ရသည်ကိုး။

"ငါ့အတွက် ပြောတာ မဟုတ်ဘူးကွ၊ သူ့အတွက်၊ သူ့အတွက်"

ဟု သူ့ကို လက်ညှိုးထိုးပြတော့မှ အန်ကယ်ဂျက် နားလည်ဟန်ဖြင့် ခေါင်းညိတ်သည်။

"သြော် ... ဟုတ်တလား၊ ရှောဒီး ... ရှောဒီး"

ဟု ဘိုလိုတောင်းပန်ပြီး ခါးကြားထဲမှ ဆေးပေါ့လိပ်တိုကိုယူကာ လေးလေးဖေ ထံမှ ဆေးလိပ်ကို လက်လှမ်းတောင်းယူပြီး မီးညှိသည်။



"ကဲ ... ဖြေကွာ"

"အဲဒါက တူ့ကိတ်ရှပဲ၊ တူဖွင့်ပြောတင့်ဒယ်လို့ ထင်ဒဲ့ အချိန်မှာ ဖွင့်ပြောပြီးဒေါ့ မပြောတင့်တေးဘူးလို့ ထင်ဒဲ့ အချိန်မှာ အဲ ... မပြောတေးဘဲနဲ့ ရှောင့်ရှိုင်းနေမှာပဲ၊ ရှကားဖွန်းတောင် ရှိဒယ်မဟုတ်လား၊ လက်ဖက်ကန်းရှားချင်ဒယ်ရှိရင် ပလောင် တောင်တက်နေးဒယ် ရှိဒါလေ"

ဟု ပြောတော့ လေးလေးဖေ စိတ်လက်များပင် ညစ်ကျသွားဟန်ဖြင့် ခေါင်းချည်းသာ ဖိခါရှာ၏။ သူ ရယ်မိရပြန်ပါပြီ။

"ဒါဖြင့် မင်းကိစ္စ မေးမယ်ကွာ၊ မင်းကြိုက်တဲ့ ကောင်မလေး တစ်ခါမှ မရှိဖူးဘူးလားကွာ ... ကဲ"

"လူရှိဒါ မုတားမပါရင် လက်ာမရှောဘူးဒဲ့၊ ဒါကြောင့် နာပြေမယ့် ရှကားကို မုတားမပါတဲ့ ရှကားလို့ မှတ်ယူလို့ မရနိုင်ဘူးလို့ တဘောပိုက်ချင်တယ် ရှိရင်လဲ ပိုက်ပါ၊ နာကြိုက်ဒဲ့ ကန်မဂလေးတွေနော် မရှိဖူးဘူး၊ နာ့ကိုကြိုက်ဒဲ့ ကန်မဂလေးဒွေနော် အများကြီးပဲ၊ တူတို့ကို တနားဒါနဲ့ နာ ဒီလိုပဲ နေနေဒါ၊ ဟဲ ဟဲ ဟဲ ..."

ဟဲ ... ဟဲ ... ဟဲ ... ဆိုသည့် ရယ်သံနှင့်ဆိုလျှင် အန်ကယ်ဂျက် ကြွားပြီဆိုတာမှတ်။

လေးလေးဖေ ဒေါကန်နေမှန်း သိတော့မှ အန်ကယ်ဂျက် ချော့သလို ရယ်ပြပါ၏။

"နာကြိုက်ဒဲ့ ကန်မဂလေးဒေါ့ ရှိဖူးဒါပေါ့ ကိုမြင်းဖေရှာ၊ အဲဒီတုန်းက နာရှာတွားပေးတေးဒယ်၊ ပါးရိုက်ခံရဒယ်ရှိ

www.burmeseclassic.com



ဒယ် နာတိတ်ရက်ဒါနဲ့ နောက်ထပ် အဲဒီကန်မဂလေးရှိခဲ့နေရာကိုနော် လမ်းရှေ့တောင် မတွားဒေါ့ဘူး"

ဟု ပြောတော့ လေးလေးဖေ နဖူးသာ ပစ်ပစ်ရိုက်နေ၏။ စာပေးဖို့ မြှောက်ပေးနေချိန်မှာ ပါးရိုက်ခံရသူ၏ အဖြစ်ကို လာဖွင့်ပြနေမှတော့ ဘယ့်နှယ်လုပ်၍ သူ့ကို ဆက်နားချနိုင်ချေတော့မည်တဲ့လဲ။ သူ ပြုံးနေမိရသည်ပါပဲ။

"မိဘတွေနဲ့ရော မစေ့စပ်ခိုင်းဘူးလားကွာ ... ကဲ"

"နာ့အမားနော် နာ့ကို တနားဒယ်နဲ့တူဒယ်၊ အဲဒီကန်မဂလေးရဲ့ အမားနဲ့ အဘားရှိမှာမှာ နာ့အမားနဲ့ အဘားကတွားပြီး ရှေ့ရှပ်ရကား ပြောဒယ်ရှိဒယ် နာတို့နေခဲ့ရွာမှာရှိရင် နာဒို့မိဘဒွေက လယ်ဒွေ နွားဒွေ ရိုတ်ဒွေ အများကြီးရှိဒယ်၊ အိမ်နော် အကြီးကြီး ရှိဒယ်၊ နာက ဒွေကြီးမျိုးကြီး တာထေးမျိုး"

ဟု အကြောင်းဆိုက်ခိုက် ကြွားနေသည့် အန်ကယ်ဂျက်ကို လေးလေးဖေ မျက်လုံးကြီး ပြူးကြည့်သည်။ ဒါပေမဲ့ ပြန်မပက်။

"အဲသလို တောင်းရမ်းတော့ ဘာဖြစ်လဲ"

"ဟား ... တူ့မိဘဒွေနော် နာ့မိဘတွားတောင်းဒေါ့ ဝန်းတာအားရဘဲ လက်ခံဒယ် တဆောဒူတယ်၊ နာက အာရက်လဲ မတောက်ဘူး၊ ရှေးလိပ်လဲ မတောက်ဘူး၊ လောင်းကရှားခဲ့ အာလုပ်နော် မြင်တောင် မမြင်ဖူးဘူး၊ ဒါကြောင့်"

ဟု ပြောခိုက် လေကြောမပြတ်သေးခင်မှာ သူတာချက်ဝင်၍ ထောက်သည်။



"ဟာ ... ခုကျတော့ အန်ကယ်ဂျက် ဆေးလိပ်သောက်ပြီးတော့"

"မနေ့က ရိုးရှင်းတွားခဲ့ မြစ်ရေဟာ ဒီနေ့မှာ ရိုးရှင်းနေခဲ့ ဂျဒွေ မဟုတ်ဒေါ့ဘူးလေ၊ နာရိုတ်ညစ်ဒါနဲ့ ရှေးလိပ်ဒွေ အဲဒီနောက်ပိုင်းမှာ တောက်မိဒါပါကွာ"

ဟု ပြောတော့ လေးလေးဖေ ယုံပုံမရ။ ကြိုက်၍ သောက်တာကိုများဟု ခပ်တိုးတိုး နောက်သည်။ အန်ကယ်ဂျက် ခေါင်းယမ်းပြ၏။

အန်ကယ်ဂျက်၏ မျက်ဝန်းတွေ ရီဝေနေကြတာမို့ သူ ... မပြုံးဖြစ်တော့ဘဲ ခပ်ငေးငေး ကြည့်မိရပါပြီ။

"တူနော် ... တစ်ခါထဲ တူ့ရိုးရှားနောက်ကို နိုးရာလိုက်ပြေးသွားဒယ်၊ နာနဲ့လက်ထပ်ရမှာ ကြောက်လို့ခဲ့၊ နာနော် ရက်ဒယ်နော်၊ မျက်ရိုထဲက မျက်ရေဒွေ မလာနဲ့လို့ တားဒယ်နော် မရဘူး၊ မျက်ရည် ကန်းကန်းကျဒယ်၊ ကန်းကန်းရက်ဒယ်၊ အိမ်းမှာနော် မနေရဲဘူး ရှိဒယ်၊ ရှေးလိပ်နော် ကောင်းတောက်တောက်ဒယ်၊ ပြီးဒေါ့ အဝတ်အရှားထည့်ပြီး တစ်တာတစ်လုံးနဲ့ နာ ... မိုးလေးဒို့အိမ်မှာ မာလီလာလုပ်ဒယ်၊ ရွာကထွက်ခဲ့ဒယ်"

ဟု ပြော်တော့ သူ ရင်ထဲမကောင်း။

လေးလေးဖေပင် မျက်နှာမကောင်းနိုင်ဘဲ အန်ကယ်ဂျက်ကို ခပ်ငေးငေးကြည့်၏။

"ဆောရီးကွာ ... ဂျက်ရာ၊ ငါက ဒီထိဖြစ်မယ်မှန်း မသိတာ ..."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောခိုက် အန်ကယ်ဂျက် ရယ်သည်။

"အာချစ်ရှိဒါဟာ တောင်းတိုင်းလဲ မရဘူး ကိုမြင်းပေ၊ ပေးတိုင်းလည်း မရဘူး၊ အဲဒါ နားကန်းကန်းလည်ထားပါ"

ဟု ပြောပြီး အန်ကယ်ဂျက် ထ,ရပ်၏။

နောက် ... ပြုံး၍ကြည့်သည်။

"ဒါးပေမယ့် နာက နာ့ဘဝကို နာပျော်အောင်နေဒါပဲ၊ နာ့ရွာက ပစ်ရှီးအုပ်ရှာဒွေ လယ်ဒွေ၊ ရှုပါးဒွေ၊ နွားဒွေ၊ နာ့ညီဒွေ၊ ညီမဒွေ အတွက်ဘဲ ထားခဲ့ဒယ်၊ ရွာကိုလဲ မာပြန်ဒေါ့ဘူး၊ ဒီမှာ နေဒယ်နော် ပျော်အောင်ကန်းကန်းနေဒယ်၊ တစ်ယောက်ထဲနေဖို့ ဖူးရှာထဲမှာ ရှိဒယ်နော်၊ ဒီးလိုပဲ တစ်ယောက်ထဲနေရမယ် ရှိဒယ်၊ ဖူးရှာရှိဒါ ကံတရားနဲ့ ရှိုင်ဒယ်၊ မိုးလေးကို နင်းကန်မမြှောက်ပေးပါနဲ့၊ တူ ... ရည်းရှားရှာပေးချင်ဒဲ့ အခါမှ ပေးပါရှေ"

ဟု ပြောပြီး ထ,ထွက်သွားတော့ သူရော လေးလေးဖေရော နှစ်ယောက်သား ငြိမ်ကျန်ခဲ့၏။

"တကယ်ကွာ၊ ငါ ... သူ့အဖြစ်ကို မသိခဲ့တာ အမှန်ပါ"

ဟု မေးမိသည့် စကားအတွက် စိတ်မကောင်းဟန်ဖြင့် လေးလေးဖေ ပြောရှာ၏။

တစ်ယောက်တည်းနေဖို့ ဖူးစာမှာရှိခဲ့ရင် တစ်ယောက်တည်းပဲ နေရသတဲ့။

ဖူးစာဆိုတာက ကံတရားတဲ့။

အချစ်ဆိုတာ တောင်းတိုင်းလည်း မရ။ ပေးတိုင်းလည်း မရတဲ့။



အန်ကယ်ဂျက် ပြောခဲ့တဲ့ စကားပါ ထားထားတိုးရယ်၊ အဲဒီခံစားမှုမျိုး မိုး ခံစားခဲ့ရ၊ ကြေကွဲခဲ့တာ ကြာပါပြီ။

ဒါပေမဲ့ ထားထားတိုးရယ် ...။

ရင်ထဲက အချစ်ကို ဘယ်လိုမှ တားလို့မရနိုင်ဘဲ ချစ်တာဟာ ချစ်နေတာပါပဲ ထားထားတိုးရယ်။

ပြန်မချစ်ဘူးလို့ မိုး နားလည်ထားပေမယ့် ထားထားတိုးကို မချစ်ဘဲ မနေနိုင်တာ အမှန်ပါ။

မိုးပေးတဲ့ အချစ်ကို ထားထားတိုး လက်ခံမှာမဟုတ်သလို ...

မိုးတောင်းတဲ့ အချစ်ကိုလည်း ထားထားတိုး ပေးမှာမဟုတ်ဘူးလို့ ကြိုတင်နားလည်နေမိတာ ဘာကြောင့်လဲသိလား။

ဖွဲ့ ... ဖွဲ့ကြောင့်ပေါ့ ထားထားတိုးရယ်။

ဖွဲ့ကို အရမ်းခင်တွယ်နေမှန်း မိုး နားလည်ထားတာမို့ ထားထားတိုးကို ဘယ်လိုမှ ဖွင့်မပြောရဲနိုင်ခဲ့တာဟာ ကြေကွဲမှာ စိုးလို့ပါ။

ကြေကွဲရမှာ စိုးလို့ပါ ထားထားတိုး။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

"ထိုင်းဟာ အာရှဒေသမှာတော့ ပဉ္စမြောက်ကျားတစ်ကောင် ပါပဲ မေမေ၊ ကိုရီးယား၊ ဟောင်ကောင်၊ စင်ကာပူ၊ ဂျပန် ပြီးတော့ ထိုင်းပေါ့ မေမေ၊ ဗန်ကောက်က ကွင်းဟိုတယ် မှာတည်းခိုဖို့ ဖေဖေနဲ့မိုးကို အဲဒီက မစ္စတာလီက ကြိုတင် စီစဉ်ပေးထားပြီးသားပါ"

မေမေ့ကိစ္စ ဘာမှသိမထားသလိုပဲ သူ ဟန်ဆောင် ကောင်းနိုင်ခဲ့ပါသည်။ စာကြည့်ခန်းမှာ သားအမိနှစ်ယောက် အအေးသောက်ရင်း အေးဆေးစွာပဲ စကားပြောဖြစ်နေကြသည့် အသွင်ပါ။

မေမေ့မျက်ဝန်းတွေ အနည်းငယ် နီရောင်သမ်းလျက် မျက်ခွံလေးတွေ မသိမသာ မို့နေတာကိုလည်း သူ မသိယောင် ပြုခဲ့ရသည်ပါပဲ။

မေမေ ငိုခဲ့သည်ဟု နားလည်ထားသည်နှင့်အမျှ ဦးလူလေး ဆိုသူကို ရင်ထဲမှာ အမုန်းချေ ကြိတ်ပစ်ချင်စိတ်တွေ ထိုးတက်နေရပါသည့် အဖြစ်။



"ဗန်ကောက်မှာ မိုးကို ထိုးတက်နေတဲ့ အဆောက်အအုံကြီးတွေ၊ ခုံထုပ်လမ်းမတွေနဲ့ အရမ်းကို တိုးတက်လှုပ နေတာပါပဲ မေမေ၊ မေမေပါရင် သိပ်ကောင်းမှာ၊ ဒါပေမဲ့ ဒီစီးပွားရေး လုပ်ငန်းကိစ္စတွေ ကြားထဲမှာ မေမေ မပါချင်တာ မိုး သိပါတယ်"

ဟု သူ ပြောတော့ မေမေ ပြုံး၍နားထောင်သည်။

မေမေ ဘာအခက်အခဲ ကြုံနေရတာလဲဟင်၊ မိုးကို ပြောပြပါ ... ဟု သူ မေးကြည့်လိုက်ချင်သည်။ မေမေ့ကို ဒုက္ခပေးနေသည့် လူကြီးကိုလည်း သူ ရင်ဆိုင်ပစ်ချင်လှပြီ။

အရမ်းကို အေးချမ်းစွာ နေချင်တတ်လျက်၊ လောဘသည်း ကင်းတတ်ပါသော မေမေ။

ရုပ်ရည်အေးချမ်းတည်ငြိမ်သလောက် စိတ်ထားသည်း သိမ်မွေ့နူးညံ့ပါသည့် မေမေ။

မေမေ့ကို စိတ်ဆင်းရဲအောင် ဖေဖေ ဘယ်တုန်းကမှ မလုပ်ခဲ့။ မေမေ့ကို ဖေဖေ အရမ်းချစ်တာ သိရှိမြင်မှ အားလုံးအသိ။ နှလုံးရောဂါ အခံရှိသည့် မေမေ့ကို ဘယ်သူကမှ စိတ်မချမ်းသာအောင် မလုပ်ရ။

ယခုတော့ မေမေ့ကို မျက်ရည်ကျအောင် လူလေးဆိုသည့် လူတစ်ယောက်သည် လုပ်ခဲ့ပြီးပြီ။

ဒါပေမဲ့ ... ခက်သည်က ထိုသူနှင့် မေမေ မည်သို့ဆက်သက်ခဲ့သည်ကို သူ မသိနိုင်။ ခန့်မှန်း၍လည်း မရ။

"မစ္စတာလီရဲ့ လျှပ်စစ်ပစ္စည်း တည်ဆောက်တဲ့ လုပ်ငန်းတွေ၊ အစားအသောက် ထုတ်လုပ်တဲ့ လုပ်ငန်းတွေ၊

www.burmeseclassic.com

www.burmeseclassic.com



အထည်အလိပ်နဲ့ သားရေထည်လုပ်ငန်းတွေ အားလုံးကို ဖေဖေနဲ့ မိုးတို့ လိုက်ကြည့်ဖြစ်ကြတယ် မေမေ၊ မိုးတို့နဲ့ အတူ ဒီမှာလဲ အဲဒီလုပ်ငန်းတွေ ၈ အလုပ်ရုံတွေလုပ်ဖို့ ဖေဖေနဲ့ သဘောတူခဲ့ကြပြီးပြီ၊ မိုးတို့သွားတဲ့ ခရီးဟာ စီးပွားရေးအားဖြင့် အောင်မြင်ပါတယ် မေမေ"

မေမေသည် စိတ်ပါဝင်စားဟန်ဆောင်လျက် ငြိမ် သက်စွာထိုင်လျက် သူ့ကို ငေးလျက်ရှိနေပေမယ့် သူ့စကားလုံး များကို လုံးစေ့ပတ်စေ့မှ ကြားပါလေစဟု သံသယ ဖြစ်ချင်လာ သည်။

သူ့စကားဆုံးတော့ မေမေ ကောက်ကာ ငင်ကာ မေးလိုက်သည့် မေးခွန်းမှာ ဘယ်လိုမှ ဆက်ဆက်စပ်စပ်မရှိသဖြင့် ပထမတော့ သူ အမ်းတမ်းတမ်းကြီး ဖြစ်သွားရပါပြီ။

"သားမိုးမှာ ချစ်သူရှိလား"

မှင်တက်လျက် ကြည့်နေမိရာမှ သူ နားမလည်စွာ ပင် မေးမိလိုက်ရပါပြီ။

"ဘာဖြစ်လို့လဲ မေမေ"

ပြောနေသည်က စီးပွားရေးကိစ္စ။ ဖေဖေ ဖြစ်ချင် သည့် လုပ်ငန်းတွေ ဆက်လက် ဖြစ်ထွန်း ဖြစ်တည်လာသည့် ကိစ္စ။

ဒါပေမဲ့ မေမေ စိတ်မဝင်စားဘဲ ရှိနေမည်ဆိုတာ ကိုတော့ သူ နားလည်ထားပါသည်။ မေမေ့စိတ်တွေ ဦးလှုလေး ဆိုသူနှင့် ပတ်သက်သည့် နေရာသို့ လွင့်ပျံနေချေမည်ဟု ထင်မှတ် ထားခဲ့သည်။



ဒါပေမဲ့ ရုတ်ခနဲ မေးလာသည့် မေးခွန်းက ဘယ်လို မှ သူ မျှော်လင့်မထားသည့် မေးခွန်း။ လက်ရှိ ပြောဆိုနေတာ နှင့်လည်း မပတ်သက်။

မေမေ့ကို စိတ်အနှောင့်အယှက် ပေးနေသည့် ဦးလှု လေး ပြဿနာနှင့်လည်း မပတ်သက်။

"ဘာလို့လဲ မေမေ၊ မိုးကို ဘာလို့ ခုလို မေးတာလဲ မေမေ"

သူ မေမေ့ကို နားမလည်နိုင်သလို မေးမိရင်းမှ ဖျတ်ခနဲ ရင်ထဲမှာ ခံစားတွေ့မြင်လိုက်သည်က သူ၏မြတ်နိုးရပ် လေး။ ဪ ... သူ ချစ်ရသည့် နှလုံးသား၏ ရွှေစင်သွန်းရုပ် တုလေး ထားထားတိုး။

"သားမိုးကို မေမေ အိမ်ထောင်ချပေးချင်တယ်ကွယ်"

ဟု မေမေ ပြောတော့ သူ မေမေ့ကို ကြည့်မိပါပြီ။

မေမေ ပြုံး၍ သူ့ကိုကြည့်သည်။ သူ့ဘေးမှာ လာ ရပ်သည်။ ဖြူနုသော မေမေ့ လက်ချောင်းလေးတွေက သူ့ပခုံး ထက်မှာ ဖွဖွညင်ညင် ငြိတင်၏။

နုံ့သာနံ့သင်းသော မေမေ့ ကိုယ်ရနံ့သည် အေးမြစွာ ပျံ့လွင့်၏။

"မိုးလေး ပြောလေ၊ မိုးလေး မေတ္တာသက်ဝင်နေတဲ့ မိန်းက လေးတစ်ယောက်ယောက်များ ရှိနေမလားလို့"

သူ မေမေ့ကို မှောခနဲ ကြည့်မိလိုက်ရပါပြီ။

သူ မေတ္တာသက်ဝင်နေသော မိန်းကလေးတစ် ယောက်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ ဘာကိုရည်ရွယ်ပါသလဲ။ သူတစ်ယောက်တည်း မြတ်နိုးစွာ ချစ်နေမိရပါသည့် မိန်းကလေးဟု မေမေ ဆိုလိုခြင်းလား။

မေမေသည် ထားထားတို့ကို မြတ်နိုးစွာ သူ ချစ်နေကြောင်း သိနေခဲ့ပြီးပြီလား။

သူ့မှာ ချစ်သူရှိသလား။ ဒါမှမဟုတ် သူက ချစ်နေသူရှိနေသလား။

ဤသို့ မေမေ မေးလိုက်ခြင်းပေပဲ။

မေမေ၏ ကြင်နာရိပ်လွှမ်းသာ အေးချမ်းသိမ်မွေ့သည့် မျက်ဝန်းအကြည့်များကို သူ မော့ကြည့်မိရာမှ ဘယ်လိုမှ မေမေ့ကို မညာရက်နိုင်ဘဲ ဖြစ်နေသည်။

ရှက်စိတ်ကြောင့် သူ မေမေ့ကို ညာချင်ပါသည်။

သူ့ကို မချစ်နိုင်ဟု အလိုလို သူနားလည်ထားနေရသည့် မိန်းကလေး တစ်ယောက်အပေါ် သူ ချစ်နေမိခြင်းအဖြစ်ကို ဝန်ခံလိုက်ရမှာ သူ ရှက်သည်။ မေမေ့ကို သူ ရှက်သည်လေ။

ဒါပေမဲ့ မေမေကို သူ မညာရက်နိုင်။

သက်ပြင်းကို သူ ရှိုက်လိုက်မိလျက် ပခုံးထက်မှ မေမေ့လက်တွေကို သူ ဆုပ်ကိုင်လိုက်မိသည်။

"မိုးမှာ ချစ်သူမရှိပါဘူး မေမေ၊ ဒါပေမဲ့ မေမေမေးတဲ့ ဒုတိယမေးခွန်းနဲ့ ပတ်သက်တဲ့ မိန်းကလေးတော့ ရှိပါတယ် မေမေ သိမှာပါ"

ဟု ဖြေခိုက်မှာ မျက်နှာသည် ပူရှိန်းလျက် အနေခက်စိတ်သည် ရင်မှာဖြစ်တည်၏။



သူ့လက်တွင်းမှ မေမေ့လက်တွေက သူ့ခေါင်းထက်မှာ ဖွဖွလာတင်သည်။

"မိုးလေးရဲ့ဖေဖေ ပြန်ရောက်တဲ့အခါမှာ ဖေဖေနဲ့ မေမေ သွားကြောင်းလမ်းပေးမယ်လေ၊ မေမေက ထားထားတို့လေးကို အစကတည်းက ချစ်ပြီးသားပါ၊ သားမိုးနဲ့လဲ မျှော်လင့်ထားချင်ခဲ့တာပါကွယ်"

ဟု မေမေပြောလာတော့ သူ ခေါင်းယမ်းသည်။ နေရာမှ သူထရပ်ကာ ပြတင်းအနီးမှာ သွားရပ်မိပါ၏။ လှမ်းလင့်မြင်ရာ ထားထားတို့၏ အိမ်ကြီးကို အပေါ်ထပ် စာကြည့်ခန်းပြတင်းမှာ ပြတင်းပေါက်ကို လက်ဖြင့်ဖေးထောက်၍ ရပ်ငေးကြည့်ဖြစ်၏။

ပန်းရောင် ခန်းဆီးစများကို ဖြတ်ကျော်လျက် လျှပ်စစ်မီးရောင်သည် မှန်ပြတင်းမှတစ်ဆင့် ထားထားတို့၏ အိမ်ကြီးဆီမှ အလင်းရောင် ပန်းနုနုသည် ညဉ့်တွင် ပျပျထင်၏။

"ထားထားတို့ကို သွားပြီးမကြောင်းလမ်းလိုက်ပါနဲ့ မေမေ၊ မိုး သူ့ဆီကပဲ သူ့မေတ္တာကို တောင်းချင်တယ်၊ သူပေးတာကို မိုး ယူချင်ပါတယ် မေမေ ဒါပေမဲ့ သူ ... သူ ... မိုးအပေါ်မှာ နားလည်လာနိုင်ပါ့မလား ဆိုတာကိုတော့ တွေးမိပါတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ မေမေ၊ ထားထားတို့ကို သားချစ်နေမိတာ မှန်ပါတယ်၊ ဒါပေမဲ့ မိဘအားကိုးနဲ့ သူ့ကို လက်မထပ်ပါရစေနဲ့၊ အဲသလို လုပ်မိရင် မိုးကို သူပိုမုန်းသွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောခိုက် အသံသည် တုန်ခါချင်၏။

မေမေ သူ့ဘေးမှာ လာရပ်တော့ သူကြေကွဲစွာပြုံးလျက် မျက်စိကို တစ်ချက်စုံမှိတ်လိုက်မိရပြီ။ မေမေ့ကို ရက်လိုက်တာဟု တွေးဖြစ်၏။ မိန်းကလေးတစ်ယောက်ကို ချစ်နေသည့်သားဖြစ်သူသည် အချစ်ကို မရနိုင်မှန်း သိနေသူအဖြစ် မေမေ သူ့လက်ရှိအဖြစ်ကို နားလည်သွားချေပြီပဲဟု ရက်စိတ်နှင့်တွေးဖြစ်၏။

"မဟုတ်သေးဘူးလေ မိုးလေးရဲ့၊ မိုးရဲ့ဖေဖေနဲ့ မေမေဟာ လူကြီးမိဘတွေ ပေးစားလို့ လက်ထပ်ဖြစ်ခဲ့ကြတာပဲ၊ ဒီအိမ်ထောင်ရေးဟာ အေးချမ်းတည်ငြိမ်နေတာပဲ၊ ကြင်နာလေးစားမှုတွေ တန်ဖိုးထားမှုတွေနဲ့ ရှိနေတာပဲ"

သူ ခေါင်းယမ်းသည်။

"မဟုတ်ဘူး မေမေ၊ ထားထားတိုးဟာ အတေးအမှတ်ကြီးတယ်၊ ရန်လုံကြောင့် သူ့ကြောင်လေး ရွှေဝါ သေသွားရတာကို မမေ့နိုင်ဘူး၊ ခုထိ သူ့အိမ်မှာ ဘယ်ကြောင်ကိုမှ မမွေးတော့ဘူး၊ ပြီးခဲ့တဲ့နှစ်က ရန်လုံကြီး သေသွားတော့ အန်ကယ်ဂျက် မြှုပ်နေတုန်း ထားထားတိုး ခြံစည်းရိုးမှာ လာမေးတယ်၊ ဘာလုပ်နေတာလဲ ဆိုတော့ ရန်လုံ သေသွားလို့ဆိုတော့ ပြုံးတယ်၊ အဲဒီအချိန်မှာ ထားထားတိုး ဘာမေးတယ် ထင်လဲ မေမေ"

သူ့အသံက အက်ကွဲကွဲနိုင်၏။ ရင်ထဲမှာ နာကျင်နေသည်။ မပြေနိုင်သေးဘူးလား ထားထားတိုးရယ်ဟု ခံစားဖြစ်၏။



"အန်ကယ်ဂျက်ရဲ့ သခင်လေး တင်မိုးညို ဆိုတဲ့ ရန်လုံရဲ့ ပိုင်ရှင်ကြီးရော ငိုနေပြီလား၊ စိတ်ထိခိုက်နေပြီလားတဲ့၊ ရွှေဝါတုန်းကတော့ သူ အရမ်းကို ငိုရတာတဲ့ မေမေ၊ ဒီထိ ကာလကြာတာတောင် သူ မမေ့ဘူး မေမေ"

ဟု ပြောတော့ မေမေ ပြုံးသည်။

"ကလေးတွေ ကျနေတာပါပဲလား၊ ဒါပေမဲ့ ထားထားတိုးလေးဟာ လိမ္မာတဲ့ ကလေးပါ၊ ဘွားစုမြတ်ရဲ့ စကားကို နားထောင်မှာပါ၊ ရန်လုံရဲ့ကိစ္စ ရွှေဝါရဲ့ကိစ္စဆိုတာ အသေးအမွှားပါကွယ်"

ဟု ပြောလာတော့ သူစိုးရိမ်တကြီး မေမေ့ကို ကြည့်မိသည်။

"မိုး တောင်းပန်ပါတယ်မေမေ၊ လောလောဆယ်မှာ အဲဒီလို တောင်းရမ်းမယ့်ကိစ္စကို မလုပ်သေးဖို့ မိုး တောင်းပန်ချင်ပါတယ်၊ ထားထားတိုးရဲ့ ရင်ထဲကစိတ်ကို မိုး ပိုသိတယ် မေမေ၊ သူ မိုးကိုမချစ်ဘူး၊ မချစ်နိုင်ဘူးလို့ ... မိုး ... မိုး ..."

အသံသည် တိမ်ဝင်လျက် ပျောက်သလို ဖြစ်သွားသူ တစ်ချက် မေမေ့ကို တောင်းပန်သလို ကြည့်သည်။ နာကျင်နေသည့် သား တစ်ယောက်၏ ကြေကွဲမှုများ စွန်းထင်နေသည့် မျက်နှာကို မေမေ မြင်နေရချေတော့မည်ဟု သူ နားလည်လျက် မျက်လွှာကို ဖျတ်ခနဲ စိုက်ချလိုက်မိရင်းမှ ...

"သူ မိုးကို လွယ်လွယ်နဲ့တော့ နားလည်နိုင်မှာ ချစ်နိုင်မှာ မဟုတ်ဘူး မေမေ၊ မိုးရဲ့မေတ္တာကို သူ နားလည်နိုင်ဖို့

www.burmeseclassic.com



အချိန်တွေအများကြီး စောင့်ဆိုင်းထားရင်တောင်မှ သူနားလည်ချင်မှ နားလည်မှာ၊ နားလည်တယ်ပဲထား၊ သူတို့ပြန်ချစ်ချင်မှ ချစ်နိုင်မှာပါ"

ဟု ပြောကာ ဆို့ကျပ်နေသောရင်ကို ပွင့်ထွက်နိုင်ပြီ သက်ပြင်းကြမ်းကို ချမိရပါပြီ။

"သူ နားလည်တယ်ပဲထား၊ လူတစ်ယောက်ရဲ့ အချစ်ကို နားလည်ပေးလိုက်တာနဲ့ပဲ တုံ့ပြန်ချစ်ဖို့ ဆိုတာက ဖြစ်ချင်မှ ဖြစ်လာမှာပါ၊ နားလည်ပေမယ့် သူ မချစ်ရင် ဘယ်တုံ့ပြန်နိုင်မလဲ မေမေ၊ ဒါ ... မိန်းကလေးတွေရဲ့ ပိုင်ခွင့်ပဲ ထားထားတို့ရဲ့ ပိုင်ခွင့်ပဲ၊ သူ ချစ်ချင်မှ ချစ်နိုင်မှ ချစ်မှာပေါ့ မေမေ၊ သူ့အချစ်ကို မရဘဲနဲ့တော့ မိုး သူ့ကိုလက်မထပ်ချင်ဘူး မေမေ"

ဟုပြောတော့ မေမေ သက်ပြင်းရှိုက်သည်။ မျက်နှာမကောင်း။

"အေးလေ ... မေမေ့မှာကလဲ မိုးလေးကို အခြေတကျနဲ့ အမြန်ဆုံး နေရာချထားပေးချင်တယ်၊ အမွေအနှစ်ကအစ လွှဲပေးချင်တယ်၊ အဲဒါ မေမေ အဖြစ်ချင်ဆုံး ဆန္ဒပဲသား ကဲပါလေ ... မေမေလဲ ပြန်အနားယူဦးမယ်၊ မိုးလေးလဲ ခဏနားပြီးသွားရင် အိပ်ရာဝင်တော့၊ ဟုတ်လား"

ဟု မေမေ ပြောကာ စာကြည့်ခန်းတွင်းမှ ထွက်ခွာသွားပါ၏။

သူ တိတ်ဆိတ်စွာပဲ နေရာမှာ ရပ်ကျန်ခဲ့သည်။



မေမေ ဘာကြောင့် ချက်ချင်းကြီး အရေးတကြီး လက်ထပ်ပေးချင်လာရပါသလဲ။

ထားထားတို့ကို သူ မြတ်နိုးနေတာ မေမေ ရိပ်မိခဲ့တာ ကြာပြီဟု နားလည်လိုက်မိရပြီးသည့် နောက်မှာ ... ယခု ချက်ချင်း မေမေ ဘာကြောင့် သူ့ကို နေရာချထားပေးချင်လာရပါသလဲ ဆိုတာကို တွေးမရဘဲ ဖြစ်နေရပါပြီ ...။

ထိုအခိုက်မှာပင် ညဥ့်လေပြည်နှင့်အတူ စန္ဒရားသံသည် လရောင်ဆမ်းသော ညမှာ ထားထားတို့၏ အိမ်ကြီးဆီမှ လွင့်မျောပါလာပါ၏။

ဂီတသံဖြင့် သူ သိလိုက်ရပါပြီ။

စန္ဒရားသံသည် လွမ်းလွမ်းဆွတ်ဆွတ်နိုင်၏။ ရှိုက်ရှိုက်ငင်ငင်ရှိ၏။

စန္ဒကိန္နရီ။

ကိန္နရီ-ကိန္နရာတို့ ပျော်ရွှင်မြူးထူးကြခိုက် ဗြဟ္မဒတ် င်းမှ မြားနှင့်ခွင်း၍ ကိန္နရာ မြားသင့်ချိန်မှာ ကိန္နရီနှမ၏ ကြွေးပူဆွေးသည့် တေးဂီတသံ။

သီဆိုသည့် သီချင်းသံကိုတော့ သူ မကြားရ၊ ားထားတို့၏ နှင်းဆီလွှာ နှုတ်ခမ်းဆီမှ တိုးဖွဖွညင်သာပဲ ထွက် လာချေမည်ပေါ့။ သူ ကြားနေရသည်ကတော့ စန္ဒရားသံ။

"သြော် ... ငွေမှုန်ကဲ သဲသောင်ယံမှာ ... လောင်းမြတ်
ကိန္နရာ အို ... မြားနဲ့ခွင်းပါလို့ ... ချစ်မယားမှာ သောတ
ဖြာ ... စီးကျမျက်ရည် ... ထွေထွေ"

www.burmeseclassic.com

www.burmeseclassic.com



စန္ဒရားသံစဉ် တေးသွားသည် သူ့နလုံးအိမ်၌ စီးမျောတိုးဝင်၏။

ထားထားတိုးနှင့် နေရာချထားပေးလိုကြောင်း မေမေ ပြောလာသည့် ညကမှာ တိုက်ဆိုင်လွန်းစွာပင် ထားထားတိုးသည် စန္ဒကိန္နရီကို တီးခတ်နေချေသည်တကား။

သူသည် ကိန္နရီမယ်လေးကို လိုချင်၍ ကိန္နရာကို မြားနှင့်ခွင်းမည့်သူတော့ မဖြစ်ချင်။

မဖြစ်ရက်။ မဖြစ်လို။

ဒါပေမဲ့ နိမိတ်ဦးသည် တိုက်ဆိုင်စွာပင် စန္ဒကိန္နရီ တေးဖြင့် ထားထားတိုး၏ အိမ်ကြီးဆီမှ လွင့်မျောစီးပျံ့စွာ သူ့ထံ တိုးဝင်လာလျက်ရှိနေချေပြီလား။

ဖွဲ ...။

ဖွဲ့သည် ထားထားတိုး၏ ကိန္နရာ ... ကြင်ယာတော် ဖြစ်ချေမည့်သူပေလား။

ရင်ထဲတွင် နာနာကျင်ကျင် မျက်ဝန်းကို စုံမှိတ်ချ မိလိုက်ရပါပြီ။

နလုံးအိမ်သည် စူးရှနက်ရှိုင်းစွာ ကြေကွဲခြင်းကို အတိပိတ်ပိတ်ဖုံးလျက်သာတည်း။

ခြော် ... စန္ဒရားသံသည် လရောင်တွင် စီးမျော လျက် သူ့ထံပါးသို့ တိုးဝင်လာချေပြီပဲ။

"စီးကျမျက်ရည်ထွေထွေ ... လင်ခွေတုံး ဂမုန်းမယ့်သက် လျာ ... အို ... ဆုံးပါပေါ့တစ်ခါ ... အသည်းအူ ပူအောင်



ဖန်လို့သာ ... ပွေ့ယူ ရင်ခွင်ထဲမှာ ငိုမစဲ ... ရှိုက်ငင်သည်း ပဲ့နွှာ ..."၊

ခပ်တိုးတိုး သူ ဆိုမိလျက် မျက်ရည်စသည် မျက်ဝန်း အိမ်မှ စိုစွတ်စွတ် စိမ့်ကျ၏။

သူ မျက်ရည်ကျနေပြီတကား။

ထားထားတိုးကို ဘယ်လိုမှ မခွဲနိုင်သည့်စိတ်။ မြတ်နိုးလိုစိတ်သည် ရင်မှာ ထုထည်နှင့် ရှိနေခဲ့ပြီးပြီ။ သွေးကြော အနှံ့စီးပျံ့လျက် နလုံးအိမ်တွင်းသို့ ဖြစ်တည် ဝင်ရောက်ခဲ့ပြီး ပြီ။

သူ ... ထားထားတိုးကို မခွဲနိုင်။ အဆုံးရှုံးမခံနိုင်။

ဒါပေမဲ့ ချစ်နေကြောင်းကိုလည်း ဖွင့်မပြောဝံ့။

ငြင်းပယ်မှုကို စိုးရိမ်ခြင်းသည် နလုံးအိမ်နှင့် ဘဝ ကိုရင်းရသည့် စိုးရိမ်ခြင်းဆိုတာ ထားထားတိုး နားလည်ချင်မှ နားလည်မည်။

သူ ... သူ ... ထားထားတိုး၏ ကိန္နရာကြင်ယာတော် သာ ဖြစ်လိုက်ချင်သည်။

ချစ်သူ၏ ရင်ခွင်မှာ မြားဆိပ်သင့်လျက် ချစ်သူ၏ မျက်ရည်စက်များ ကြားမှာ ဝိညာဉ် ချုပ်ငြိမ်းရသူသာ ဖြစ်ချင် သည်။

မြားနှင့်ခွင်းသူ ဘဝကို သူ မရောက်လို။

ချစ်သူ၏ မျက်ရည်ကို ခြွေသူအဖြစ်လည်း သူ မခံနိုင်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အချစ်၏ ရင်ခွင်၌ မြားဆိပ်သင့်သူသာ ဖြစ်ချင်ရသည့် အဖြစ်သည် ... ဘဝနှင့်ရင်း၍ မျှော်လင့်သည့် မျှော်လင့်ခြင်းဟုပဲ နားလည်နေမိရပြန်သည့်တည့်။

❤ ❤ ❤



## အခန်း(၁၂)

ယနေ့မနက်စောစောမှာ သူ သီရိမြိုင်မှ အစောကြီး ထွက်ခဲ့သည်။ လမ်းထိပ်မှာ ကားကို ပါကင်ထိုးထားကာ လေးဘီး အငှားကားတစ်စီးကို လက်ပြတားပြီး စောင့်ဆိုင်းနေခဲ့ရသည်။

မေမေ ဘယ်အချိန်မှာ သီရိမြိုင်မှ ထွက်ခွာလာမည် ဆိုတာကိုတော့ သူ မသိပါ။

ဒါကြောင့်လည်း ကျသမျှ ကားခကို ပေးပါမည်ဟု အားသမားကို သူ ကြိုတင်ပြောပြထားကာ စီးကရက်မွှာရင်း အငှားကားတွင်းမှ မေမေ့ကား ထွက်အလာကို သူ စောင့်ရပါ၏။

မနက်ရှစ်နာရီခွဲကျမှ မေမေ ကိုယ်တိုင် မောင်းသည့် ဆစီးဒီးကားနက်ကြီး လမ်းထိပ်ဘက်သို့ ရောက်လာပါ၏။ ဦးထုပ် ကို ငိုက်ကျအောင် ဆောင်းထားသည့် သူ့အသွင်က ငြိမ်ငြိမ်သက် သက်ပါ။ ဒါပေမဲ့ ရင်ထဲမှာတော့ သိလိုဇောဖြင့် လှုပ်ရှားနေ ပြီ။

လေးလေးဖေမြင့် ကားကို မမောင်းစေဲ့တာကိုက ...မ တစ်ခုခုကို လျှို့ဝှက်စွာ လုပ်ဖို့ဆိုတာ သေချာနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မနေ့ညက သူ သိခဲ့ရသည့် ဖုန်းထဲမှ လူကြီးတ
ယောက်ထံသို့ မေမေ သွားတာပဲဖြစ်မည်။ မေမေ၏ လျှို့ဝှက်
ထားသော အတိတ်မှ ဖြစ်ရပ်တစ်ခုကို သူ ပြန်လည်တူးဖော်ကြည့်
ဖို့ ကြိုးစားနေသည့်အဖြစ်သို့ ရောက်နေပြီဆိုတာ မိမိဘာသာလည်
နားလည်နေမိရပြီးပြီ။

ဤသို့ပြုခြင်းသည် မေမေ့ကို ကူညီချင်၍ ဆိုတာ
ကိုယ်စောင့်နတ်တွေ သိကြသည်ပဲလေ။

မေမေ မသိအောင် ခိုးကြောင်ခိုးဝှက် လုပ်ရသည့်
အတွက် ရင်ထဲမှာ လိပ်ပြာမသန့်ဘဲ ရှိရလေသမျှ ထိုသို့ပဲ
သိမ့်တွေးယူလိုက်ရသည့်အဖြစ်။

မေမေ့ကား ဆက်မောင်းထွက်သွားတာနှင့်
နေကာမျက်မှန်နက်ကြီး တပ်ထားလျက် ဦးထုပ်ဒိုက်ဆောင်းသည့်
ပုံစံဖြင့်ပင် ကားသမားကို ကြည့်၍ ...

"ဟို မာစီဒီးအနက် နောက်ကို မလှမ်းမကမ်းက လိုက်
ဗျာ"

ဟု ပြောပြီး မေမေ့ကားကိုပဲ စူးစူးစိုက်စိုက် သူကြည့်
နေမိရပါ၏။

ယခုလို လေးဘီးအငှားကား တစ်စီးထက်မှာ သူ
ဖြစ်သူ ရှိနေချေလိမ့်မည်ဟုလည်း မေမေ မျှော်လင့်ထားပုံမရတာ
ဘယ်လိုမှ မေမေ ငဲ့စောင်းကြည့်ခဲ့တာမဟုတ်။

ကားကိုသာ ဂရုတစိုက် မေမေ မောင်းထွက်သွား
ခြင်းမို့ မေမေ မမြင်ခဲ့ရှာ။ ပြီးတော့ မေမေ စိတ်လှုပ်ရှားနေ
လည်း ဖြစ်မည်ပေါ့။



## အခန်း(၁၀)

"မောင်ကောင်းပြည့်တို့မျှားကွယ်၊ မိုးလေး ဆေးရုံကဆင်း
လာပြီးမှ သိရှိမြိုင်ကို ပြန်ရောက်မှပဲ ဒီအဖြစ်ကို ဘွားတို့
သိရတော့တယ်၊ ဘယ့်နှယ်ကွယ်၊ အရင်းအချာဆိုလို့ ဒီ
မိသားစုတွေပဲ ရှိကြတဲ့ဟာ ပြောရမှာပေါ့"

ဟု ဘွားတဖျစ်ဖျစ် ပြောနေသမျှ မေမေပြုံး၍ နား
ထောင်ပါ၏။

"နှယ် သိသွားမှာပေါ့ ဘွားရ၊ လူနာနှစ်ယောက်ကြားမှာ
ကျွန်တော် ဗျာများသွားရမှာ ဘွားရ"

ဟုပြောတော့ မေမေ မျက်စောင်းလှမ်း...

"မဟုတ်တာ ကိုကိုရယ်၊ နှယ့်ကို ဒီလိုမလုပ်ပါနဲ့ ... ကိုင်
ကိုကို နေ့တိုင်း ပဲခူးကို ကိစ္စရှိတယ်ဆိုပြီး သွား... "

ဟု ပြောလည်းပြော၊ သူ့နဖူးထက်မှာ ထ...
အမာရွတ်ကို လက်ချောင်းနုနုဖြင့် ခပ်ဖွဖွ တို့ထိ...။
ခေါင်းမှ ဒဏ်ရာကိုလည်း ကြည့်သည်။ ခြေလက်တွေ...
ဆာ...စမ်း ရင်စမ်းပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



မာစီဒီးကို မှန်အပြည့်တင်ကာ မေမေ မောင်းခဲ့ခြင်းမို့ ကားသမားကတော့ ထိုကားထဲမှ မေမေ့ကို သိမြင်မှတ်မိစရာမရှိ။

ကားမောင်းသူမှာ မိန်းမသား တစ်ယောက်လော ပဲ ကားမှန်မှာထင်သည့် အသွင်ရိပ်ကို ကြည့်၍ သိကောင်းသိနိုင်မည် ဖြစ်ပေမယ့် ရုပ်ရည်ကိုတော့ သိနိုင်စရာမရှိ။

သူကသာ မေမေမှန်း သိနေရသည့်အဖြစ်။

လမ်းကွေ့လေးအတိုင်း သူ လျှောက်လာသည်။ ခြံဝင်းတွင်းရှိ ဖောက်ထားသော ကားလမ်းသည် ခွေခွေဝိုက်ဝိုက် နိုင်လျက် မြေပြင်က ခပ်မြေမြေ မြင့်တက်သွားသည်ပဲ။

ဘေးတစ်ဖက်စီမှာဖြင့် ဂမုန်းကျားအပင်တွေ စီစီ စွာ စိုက်ထားသည်။

ရက်စ်တော့ရင့်နဲ့ မြက်ခင်းပြင်ထက်မှာ ထိုင်ခုံနှင့် စားပွဲတွေ ချထားတာကို သူ မြင်သည်။ စားသောက်သူတို့ စိတ်တိုင်းကျ မြက်ခင်းမှာပဲဖြစ်ဖြစ်၊ အဆောက်အအုံထဲမှာပဲဖြစ်ဖြစ် မှာယူစားသောက်နိုင်အောင်ပါ။

မေမေ့ကို သူ မြက်ခင်းထက်ရှိ စားပွဲတွေမှာ လိုက် ကြည့်နေမိသည်။

စွက်လုပင် မြင့်မြင့်ကြီးဘေးမှာ သူ ရပ်လိုက်ကာ စားပွဲတွေကို လိုက်ကြည့်တော့ စိန်ပန်းပြာပင်အောက်ရှိ ခြံထော ဘက် မြက်ခင်းပြင်ထက်မှ စားပွဲဝိုင်းနေရာ ထိုင်ခုံမှာ ထိုင်နေသည့် မေမေ့ကို တွေ့လိုက်ရပါပြီ။

ရှားညိုရောင် ရင်ဖုံးလက်ရှည်အင်္ကျီ၊ အနက် အဖြူပွင့်လေးများပါသော ရှန်ထဘီ။ လက်ဝတ်ရတနာကင်း



လျက် ဆံထုံးမြင့်မြင့်ထုံးကာ မျက်နှာမှာ အညိုရောင် မျက်မှန်ကို တပ်ဆင်ထားသည့် မေမေ။

မေမေ့အသွင်က အရမ်းကို တည်ငြိမ်ရင့်ကျက်သည်။ မျက်နှာကလည်း တည်သည်။

မေမေ့မျက်ဝန်းများ၏ အကြည့်ကိုတော့ သူ မှန်းဆ၍ မရ။ မျက်မှန်ညိုက ကာရံထားသည်လေ။

ဘယ်တုန်းကမှ မေမေ နေကာမျက်မှန် တပ်လေ့ တပ်ထမရှိ။

ယခု ဦးလှလေးဆိုသူနှင့် တွေ့ဖို့လာသည့်အခါကျမှ မေမေ တမင်တပ်လာတာ ဖြစ်နိုင်သည်။ မှိုင်းရင့်သော အဝတ်အစား။ လက်ဝတ်ရတနာ ကင်းစင်သော အပြင်အဆင်၊ နေကာမျက်မှန်ကြီး တပ်လျက်ဖြင့် ရုတ်ခနဲဆိုလျှင် မေမေမှန်း တော်ရုံသူက ထင်စရာမရှိ။

အရမ်းကို ချမ်းသာသော သူဌေးကြီးဦးကောင်းပြည့်၏ ဇနီးအဖြစ် တွေးမိထင်မိစရာမရှိ။

မေမေသည် ခပ်တင်းတင်းပင် စားပွဲဝိုင်းမှာ ချထားသည့် ကုလားထိုင်မှာ ထိုင်နေသည်။

မျက်နှာချင်းဆိုင်မှာ ထိုင်နေသည့် လူကြီးတစ်ဦးက တည်ငြိမ်လေးနက်စွာပဲ တစ်ခုခုပြောနေသည်။ နောက်တော့ အိတ်ကို ဖွင့်လိုက်ကာ စက္ကူအိတ်တစ်အိတ်ကို ထိုလူကြီး မှာ ချထားပေးခဲ့ပြီးတာနှင့် ချက်ချင်း ထိုနေရာမှ ခွာခဲ့တာမို့ ကမန်းကတန်းပဲ ခပ်လှမ်းလှမ်းရှိ ပန်းဥယျာဉ်ဘက်ကို လျှောက်သွားရပါ၏။ အဲဒီဖားဂရင်းန်း အပင်တစ်ပင်ဘေးမှာ သူ

www.burmeseclassic.com



ကွယ်ရပ်ရင်း မေမေ့ကို ကြည့်တော့ ခြေလှမ်းမှန်ဖြင့် ကားတွင်းသို့ဝင်ကာ မေမေ ဝေ့ဝဲကြည့်သည် ဆိုရုံမျှ ကြည့်သွားခဲ့သည်။ ဤနေရာမှ အမြန်ဆုံး မေမေ ထွက်သွားချင်နေမှန်း သူ နားလည်နေမိရသည်ပါပဲ။ မေမေနှင့် ပတ်သက်လျှင် သူ နားလည်သည်။

သူသည် မေမေ့သား မဟုတ်ပါလားလေ။

သူ စောစောကနေရာကို ကြည့်တော့ စားသောက်စရာတွေမှာလျက် ဇိမ်နှင့် အချိန်ဆွဲစားနေသည့် လူကြီးကို မြင်သည်။ မျက်နှာကြီးက အရမ်းကို ကျေနပ်နေသည့်အသွင်။

မေမေထားခဲ့သည့် စက္ကူအိတ်ကတော့ စားပွဲထက်မှာ ရှိမနေတော့။ သိမ်းထားလိုက်တာ ဖြစ်ရချေမည်။

တုတ်တုတ်ခိုင်ခိုင် နဖူးကျယ်ကျယ် ဆံပင်က ထူနက်မှောင်သည်။ မျက်လုံးမှေးကာ မျက်ခုံးကြီးက ထူနေသည်။ နှုတ်ခမ်းထူအန်းအန်းနှင့် ဂင်တိုတိုပုံစံကြီးဖြင့် ကျက်သရေမဲ့သော လူကြီးတစ်ယောက်။

ဤလူကြီးကို မေမေ ဘာကြောင့် မလွန်ဆန်နိုင်ပါသလဲ။ မဆက်ဆံချင်ပေမယ့် ဘာလို့ မဆက်ဆံဘဲ မနေရပါသလဲ။ ဒါကို သိချင်နေသည်။

ရုပ်ရည်ကအစ အရမ်းကို အောက်တန်းကျနေသော လူကြီးကို သူ ကြည့်မရချင်။

ရင်ထဲမှာ မုန်းတီးရိပ်က ပြည့်သိပ်လာနေပြီ။

နေရာမှ သူ ထွက်ခဲ့ကာ လေးဘီးကားရှိရာသို့ လျှောက်သည်။ ကားတွင်းသို့ ဝင်ထိုင်ကာ စီးကရက်ကို တွင်တွင်ရှိုက်ဖွာသည်။



"ကျွန်တော် မောင်းဆိုမှပဲ မောင်းတော့ အစ်ကို၊ လောလောဆယ်တော့ ခဏပဲ ကျွန်တော် စောင့်နေဦးမယ်"

ဟု ပြောတော့ ကားဆရာမှ ခေါင်းညိတ်ပြသည်။

စောစောက မေမေ မာစီဒီးကားကြီး ထွက်သွားတာကို ကားဆရာ မြင်ချေမည်သာ။ ယခုလို မာစီဒီးနောက်ကို မလိုက်ဘဲ တစ်ခုခုကို စောင့်နေသည့်အသွင်ဖြင့်ရှိနေသော သူ့ကို အကဲခတ်သလိုတော့ ကြည့်သည်။ ဒါပေမဲ့ ဘာမျှ မစပ်စု၊ မမေးမြန်း။ သည်အတွက်လည်း သူ ကျေနပ်သည်။

မိနစ်နှစ်ဆယ်လောက် ကြာတော့ ဦးလူလေး၏ အဒေါ်ကားလေး မြသီလာ၏ ခြံအထွက် တံခါးဆီမှ မောင်းထွက်လာသည်။ ကြည့်ရတာ ဤကားကို အော်ဒါသဘောဖြင့် ငှားထားတာဖြစ်မည်။ ဤလူကြီး၏ရုပ်ရည်နှင့်ပုံစံ၊ ငွေတောင်းသည့် အောက်တန်းကျသော အကျင့်ဖြင့်ပင် မှန်းဆသိနိုင်နေပြီပဲ။ ကိုယ်ပိုင်ကားဖြင့်လာတာ မဖြစ်နိုင်။ စောစောက မေမေ ပေးလိုက်သော စက္ကူအိတ်ထဲမှာ ငွေတွေပါသည်ဆိုတာကိုတော့ သူ သိနေသည်သာ။ မနေ့က ဖုန်းထဲမှာပြောသည့် စကားထဲမှာ ငွေယူလာဖို့ ဦးလူလေးက ပြောခဲ့သည် မဟုတ်ပါလား။

မေမေ့ကို နိုင်စားသော ထိုလူကြီးကို သူ စူးစိုက်ကြည့်နေမိရဆဲပါ။

ဦးလူလေးကတော့ စီးကရက်ခဲ၍ ဆားမှ ကားသမားကို ရယ်မောပြောဆိုရင်းမှ ရပ်ထားသော သူတို့လေးဘီးကားဆီ ကျော်ကျော်မောင်းထွက်သွားသည်ပဲ။

"အဲဒီကားနောက်ကို လိုက်ပါ အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



ကားဆရာကို သူကလည်း အစ်ကိုဟု ပြောင်းခေါ်သည်။ ကားသမားမှ သူ ပြောသလိုပင် ဦးလူလေး၏ ကားနောက်သို့ မှန်မှန်မောင်းလိုက်လာပါ၏။ ရှေ့မှ ကားကလည်း မှန်မှန်မောင်းနေသည့်အဖြစ်။

နာရီဝက်လောက် မောင်းတော့ တည်းခိုခန်းတစ်ခု ရှေ့ လမ်းဘေး ပလက်ဖောင်းမှာ ကားရပ်သည်။ ကားပေါ်မှ ဦးလူလေး ဆင်း၏။ ထင်သည့်အတိုင်းပါပဲ။

ပိုက်ဆံထုတ် ငွေရှင်းသည်။ ကားသမားကို ပြုံး၍ ရယ်မောလက်ပြ နှုတ်ဆက်လိုက်သေးသည်။ ပုံစံအချိုးကတော့ သူ့ငွေပုံစံ အထင်ခံချင်နေမှန်း အရမ်းကို သိသာသည့် အသွင်ဖြင့်ပါ။

ရန်ကုန်မြို့ လူစည်ရာအရပ်မှာ မြို့ထဲမှ တည်းခိုခန်းတို့ ထုံးစံအတိုင်း ဘေးမှာလည်း လူနေအိမ်ခန်း၊ ဆိုင်ခန်းတွေက ပြည့်သိပ်စွာ ကပ်လျက် တန်းစီရှိနေကြကာ အထပ်တွေကလည်း ခြောက်ထပ်အဆောက်အအုံများ။

တည်းခိုခန်း၏ အဝင်တံခါးသည်ပင် မကျယ်လှပါလှ။ လေအေးစက်ကိုတော့ တပ်ဆင်ထားတာ လှမ်းမြင်ရသည်။

"ရပ်တော့ အစ်ကို၊ ကျေးဇူးပဲ"

ဟု ပြုံး၍ပြောကာ နောက်ထပ်ငွေတစ်ထောင် ထုတ်ပေးတော့ ကားဆရာမှ လက်ကာရှာပါ၏။

"မဟုတ်တာကွာ၊ စောစောကပေးတဲ့ တစ်ထောင်တောင်များလွန်းလှပါပြီ၊ ကဲ ... ညီ ... နောက်လိုရင်လဲ အစ်ကို့ကားနဲ့ ကြုံကြိုက်တဲ့အခါ ခုလိုပဲ လိုက်ပေါ့ကွာ ဟုတ်လား ကျေးဇူးတင်တယ် ညီ"



ဟု ပြောတော့ ပြုံး၍ နှုတ်ဆက်ကာ သူ ကားပေါ်မှ ဆင်းသည်။

ပလက်ဖောင်းထက်မှ ရှုပ်ထွေးလှသော လူများကို ရှောင်၍ သူ လျှောက်လာခိုက် စောစောက နှုတ်ခမ်းမှာ တင်ကျန်နေသည့် အပြုံးသည် မရှိနေတော့။

မျက်နှာက တည်တင်းနေပြီ။ မျက်ဝန်းတွေက လက်ခနဲ တောက်အေးစက်နေကြပြီ။

တည်းခိုခန်း၏ မှန်တံခါးရွက်ကို သူ ဖွင့်၍ ဝင်သည်။

ကိုယ်ဟန်မတ်မတ်ဖြင့် ကောင်တာသို့ သူ လျှောက်သွားသည်။ ချထားသော ထိုင်ခုံနေရာတွေမှာတော့ ဦးလူလေးဆိုသူကို မတွေ့ရ။

တည်ငြိမ်စွာပဲ ကောင်တာနေရာရှေ့မှာ သူ ရပ်သည်။ ... ဟုထင်ရသော မွန်မွန်ရည်ရည်ဖြစ်ပုံရသည့် လူတစ်ယောက်ကို သူ ပြုံး၍ ...

"ကျွန်တော် ဒီမှာတည်းတဲ့ ဦးလူလေးနဲ့ တွေ့ချင်လို့ပါခင်ဗျာ"

"ဟုတ်ကဲ့ ခေါ်ပေးပါ့မယ်၊ ဘယ်သူလို့ ပြောပေးရမလဲ ညီ"

"သူ သိပါတယ် အစ်ကို၊ သူ ခေါ်လို့ ကျွန်တော် လာတာပါ"

ဟု တည်ငြိမ်စွာ ပြုံး၍ပြောတော့ စားပွဲမှ တောက်

www.burmeseclassic.com



"မောင်စိုးရေ နံပါတ်ရှစ်က ဦးလူလေး ညှော်သည်လာ တယ်လို့ ပြောပေးပါကွာ"

ဟု ပြောတော့ ကောင်လေး ထွက်သွားပါ၏။

ရင်ထဲမှာ မုန်းတီးစိတ်သည် ထုထည်နှင့် ဖြစ်တည်နေပြီ။

မေမေ့ မျက်ရည်ကို ခြွေခဲ့သူနှင့် သူ တိတိပပ မျက်နှာချင်းဆိုင်ရချေတော့မည်တည့်။

❤ ❤ ❤



## အခန်း(၁၃)

တည်းခိုခန်း၏ ညှော်ခန်းနေရာဌ ကောင်တာရှေ့မှာ ရပ်နေဆဲ။

ဦးလူလေးမှာ ကောင်လေးနောက်က လိုက်လာတာကို သူ မြင်သည်။ ပြုံး၍ သူ ကြည့်ပါ၏။ တရင်းတနှီးနိုင်သော အပြုံး။ အကျွမ်းတဝင်နိုင်သောအပြုံး။

သူ့မျက်နှာကို လှမ်းကြည့်လျက် ခပ်တွေတွေဖြင့် ဦးလူလေး တစ်ချက် ဇဝေဇဝါ ဖြစ်သွားပုံရ၏။ သူကလည်း ရမ်းကို ရင်းနှီးစွာ ပြုံးနေသည်ကိုး။ မသိသည့်လူတစ်ယောက် မထင်နိုင်လောက်သည့် ကျွမ်းဝင်သောအပြုံး။

နောက်ဆုံးတော့ ဦးလူလေး အလိုက်သင့် တုံ့ပြန်ပြုံးပြသည်။ သူ ခြေလှမ်းမှန်မှန်ဖြင့် ဦးလူလေးထံ လျှောက်လာတာ လက်မောင်းအိုးကြီးကို မလွှတ်တမ်း ဆုပ်ကိုင်၍ ...

"လာ ... ဦးလေး၊ အပြင်မှာ အအေးသောက်ကြရင်း ထုံးစံအတိုင်း အေးအေးဆေးဆေးပဲ ပြောဆိုကြရအောင်၊ ဦးလေး ကျွန်တော့်ကို မမှတ်မိသလိုကြီး လုပ်မပြနဲ့ဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဦးလေးဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာတဲ့ဥစ္စာ"

ဟု ရယ်၍ ပြောတော့ ဦးလူလေးမှာ ရောနှော၍ ရယ်မောရင်း ...

"မှတ်မိပါတယ် ငါ့တူရယ်၊ ရုတ်တရက်ဆိုတော့ အံ့သြနေတာပါ အဟဲ ဟဲ ..."

နှင့် ရောချနေတော့ သူ ရင်ထဲမှာ ကျိတ်ပြုံးမိပါ၏။

သားနားသပ်ရပ်စွာ ဝတ်ဆင်လျက် အရမ်းကို ရုပ်ရည်လည်း သန့်ပြန့်သည့်သူ့ကို ဘယ်သူကမှ သံသယဖြစ်လိုက်ပုံပင်မရ။ ဦးလူလေး ဆိုတာကလည်း တစ်နေရာရာမှာ ပတ်သက်ခဲ့ဖူးသည်ဟု ဇဝေဇဝါ ဖြစ်နေပုံရသည်။

နှစ်ယောက်သား ပလက်ဖောင်းပေါ် ပြန်ရောက်လာကာ လေးဘီးတစ်စီးနှင့် ထွက်ခဲ့ပါ၏။

"ကျွန်တော့်ကားပါတယ် ဦးလေးရ၊ အဲဒီကို အရင်သွားမှာ ..."

ဟု ပြောပြီး ကားသမားကို သူ့ကားရပ်ထားသည့် လမ်းနေရာသို့ လှမ်းပြောပြီး နှစ်ယောက်သား ကားနောက်ခန်းမှာပဲ ထိုင်ဖြစ်ကြ၏။

"ဦးလေး ... စီးကရက်"

စီးကရက်ဘူးကို ထုတ်၍ ကမ်းပေးတော့ ဦးလူလေး တစ်လိပ်ယူကာ မီးညှိရှိုက်ဖွာသည်။ သူ့လက်သူကြွယ်မှာ ဝတ်ဆင်ထားသည့် စိန်လက်စွပ်၊ လက်ပတ်နာရီတို့ကို တစ်ဆက်တည်းလည်း ဦးလူလေးမှ အကဲခတ်ကြည့် ကြည့်ပြီးသွားခဲ့ပြီ။



ကားရပ်ထားရာလမ်းဘေးနေရာသို့ ရောက်တော့ သူ ကားပေါ်မှ အလျှင်ဆင်း၏။ သိရှိမြင်၏ လမ်းထိပ်ဆိုတာကို ဦးလူလေးမှ သတိထားမိပုံဖြင့် သူ့ကို တစ်ချက်အကဲခတ်ကြည့်သည်။ သူ ပြုံး၍ ရှုပါ့ဗွတ်(ဖ်)ကားတံခါးကို ဖွင့်၍ ...

"အထဲဝင်ပါ ဦးလေး"

ဟု ပြောတော့ ဝင်ထိုင်သည်။ ပစ္စည်းမက်သော လူလည်ကျသော လူတစ်ယောက်သည် တစ်ယောက်ယောက်ထံမှ ကော်မောဖွယ်ရာ ငွေကြေးတစ်ခုခုကို ရလိမ့်မည်ဟု မျှော်လင့်ထားလျှင် ထိုသူနှင့် လိုက်ဖို့ ဝန်မလေးတတ်။ အထူးသဖြင့် အကင်းပါးသော၊ ဆင်ခြင်တုံတရားနည်းသော၊ လောဘရမ္မက်ကြီးသော သူများက ပိုဆိုး၏။

သူ ...ကားကို ကန်တော်ကြီးသို့ မောင်းခဲ့၏။ အအေးဆိုင်မှာ အအေးဝင်သောက်ပြီးမှ ...

"အလုပ်ကိစ္စလေးတွေ ဦးလေးနဲ့ကျွန်တော် ဟိုဘက်ကို လမ်းလျှောက်ရင်း ပြောကြဆိုကြတာပေါ့ ဦးလေးရယ်"

ဟု ပြောတော့ ဦးလူလေး၏ မျက်ဝန်းတွေ ပိုတောက်လာသည်။

သူ့ကို မသိဘဲနှင့် သိသယောင်လုပ်နေသည့် ဦးလူလေးကို ကြည့်ကာ ကျိတ်၍ ရင်ထဲမှ ပြုံးမိသည်ပါပဲ။

နှစ်ယောက်သား လူရှင်းရာဘက်သို့ လမ်းလျှောက်လာကြသည်။

"လိုရင်းကို ပြောကြရအောင် ဦးလူလေး၊ ဟိုနားက သစ်ရိပ်အောက်မှာ ထိုင်ကြရအောင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု တည်ငြိမ်စွာ သူ ပြောပြီး ဦးဆောင်၍ သစ်ရိပ်အောက်မှာ ထိုင်တော့ ဦးလူလေး သူ့ဘေးမှာ ထိုင်သည်။

"ဒီမှာ ဦးလူလေး"

ဦးလူလေး၏ လက်မောင်းကို မလွှတ်တမ်း သန်မာစွာ သူ ဆုပ်ကိုင်ထားလျက် လေသံက အေးစက်လွန်းစွာ ခေါ်လိုက်တော့ ဦးလူလေး အံ့ဩဟန်ဖြင့် သူ့ကို ကြည့်သည်။

တရင်းတနှီး နိုင်လွန်းစွာ လာခေါ်တာ။

တည်းသည့် တည်းခိုခန်းသို့တိုင်အောင် ရောက်လာတာ။ ရုပ်ရည်ကအစ အရမ်းကို သန့်ပြန့်နေတာ။

ထိုအရာတို့ ပေါင်းစပ်လျက်ရှိသည့်အပြင် မိမိနာမည်ကိုပါ တပ်တပ်အပ်အပ်ကြီး ပြောနိုင်ခေါ်နိုင်တာမို့ တစ်ချိန်ချိန်က ရင်းနှီးခဲ့ဖူးသည့် ကောင်လေးဟု ထင်ကာ ဦးလူလေး အလိုက်အထိုက်ပြောပြီး လိုက်လာခြင်းပါ။

ဦးလူလေးဆိုတာကလည်း ညီမဖြစ်သူ ခင်လှိုင်ဦး၏ ဆိုင်မှာ ဘီယာလေးတမြမြနှင့် ယမကာလေး တထွေထွေနှင့် ရှိနေတတ်သည့်သူ။ ထိုတုန်းကပဲ သိခဲ့သည့်ကောင်လေးများလား။ ဒါမှမဟုတ် အလောင်းအစားမက်သည့် ဦးလူလေးမှာ ဝိုင်းတစ်ဝိုင်းမှာပဲ တိုးခဲ့တာလားဟု ဇဝေဇဝါ ဖြစ်ခဲ့သည်လေ။

ယခုလည်း ဤကောင်လေးဆီမှ ငွေကြေးတစ်စုံတစ်ရာအထိတော့ လှည့်ပတ်ချေးယူလိုက်နိုင်ကောင်းရဲ့ဟု တွေးကာ လိုက်လာခြင်း။ ချေးပြီးတော့ ပြန်မပေးလည်း ဘာအရေးလဲလေ။ ကိုယ်က သူ့ကို ခေါ်တာမဟုတ်။ သူက လိုက်လာတာပဲဟု ဦးလူလေး တွေးထားခဲ့ခြင်းပါ။



ယခုကျတော့ ကောင်လေးက အချိုးပြောင်းကာ လေသံရော မျက်နှာထားပါ အေးစက်စက် မာကျောကျောလေး ဖြစ်လာပြီ။

"ဘာလဲကွ ... မင်းပဲ ငါ့ ခေါ်လာပြီး လေသံက ဂွစ်တစ်တစ်နဲ့ ဒါဆို ပြန်မယ်ကွာ"

ဦးလူလေး ပြောခိုက်မှာ သန်မာသော လက်ချောင်းတွေက မလွှတ်တမ်း ဆုပ်ကိုင်ထားလျက်မှ ...

"မမေ့ဆီကို ဘာလို့ ဖုန်းဆက်ပြီး ငွေတောင်းနေတာလဲ ဦးလူလေး၊ အဲဒီကိစ္စ ရပ်တမ်းကရပ်ပါ၊ မမေ့မှာ နှလုံးရောဂါရှိတယ်၊ မမေ စိတ်မချမ်းမသာ ဖြစ်နေတာကို ကျွန်တော် မကျေနပ်ဘူး"

ဟု ပြောတော့ ဦးလူလေး၏ မျက်လုံးများ ပြူးကျယ်သွားကာ သူ့ကို အတန်ကြာ မမိတ်မသုန် ကြည့်သည်။ ရုန်းကန်နေတာလည်း ရပ်သွားသည်။ သူ့ပခုံးကို ဆတ်ခနဲ လက်ဝါးဖြင့် ဆုပ်ကိုင်လိုက်ကာ ...

"ဟာ ... နည်းတဲ့ကောင်ကြီးလားကွာ၊ မင်း ဒီအရွယ်တောင် ရောက်မှကိုး၊ ချောပါ့ကွာ၊ ဒါကြောင့် မင်းကို မြင်မြင်ချင်း ငါ့ရင်ထဲ တစ်မျိုးကြီး ဖြစ်တာကိုးကွ"

ဟု ပြောတော့ သူ မျက်နှာတင်းလျက် ...

"ဘာရောနေတာလဲ ဦးလူလေး၊ ခင်ဗျားကတော့ လူတစ်ယောက်ကို အလိုက်သင့် ရောဝင်တတ်တဲ့ အကျင့်ကို ကျွမ်းကျင်နေပြီ ဆိုတာ ကျွန်တော် နားလည်ပါတယ်၊

www.burmeseclassic.com



အမေ့ကို စော်ကားတဲ့လူကို လက်ပိုက်ကြည့်နေမယ့်သားမျိုး မဟုတ်ဘူး ဆိုတာပဲ၊ နောက်ကို ခင်ဗျား မေမေ့ကို ဒီလို ငွေညှစ်နေရင် ကျွန်တော်နဲ့ တွေ့မယ်"

ဟု ပြောသံသည် အေးစက်မာထန်နေ၏။ မျက်ဝန်းအကြည့်ကလည်း အေးစက်တင်းမာနေသည်။ ဦးလူလေးမှ တစ်ချက်ဟက်ခနဲ ရယ်သည်။

"မင်း ... ငါ့ကို လာပြီး ဒီလိုပြောနေတာဟာ ငရဲကြီးမယ့်ကိန်းပဲ၊ ငါ ဘယ်သူလဲဆိုတာ မင်း သိချင်ရင် မင်းအမေကို ပြန်မေး၊ အဟား ဟား ငွေတောင်းတာကိုများကွာ၊ မင်းက တားရတယ်လို့၊ အဟား ဟား မင်းက မတားတဲ့အပြင် တောင်းပြီးတော့တောင်မှ ငါ့ကို ပေးရမှာကွ၊ ဘယ်သူ တင်မိုးညို ... ဟုတ်ပေ့ ... တင်မိုးညိုဆိုတဲ့ သူဌေးလေးရယ် ... အဟဲ ... ဟဲ"

ဟု ပြောလည်းပြော၊ သူ့ကို မထိတရိလည်းကြည့်သည်။

"ဟက် ဟက် ... ငါ့ကိုများ ကြည့်နေလိုက်တာ သူ့အမေအတိုင်းပဲ၊ ဂျစ်တစ်တစ် မာတာတာနဲ့ အယော့ ဟုတ်သယော့"

ဟု ပြောပြီး ဆုပ်ထားသော သူ့လက်ကို ငုံ့ကြည့်သည်။

"ဘာလဲ မင်းက ငါ ထွက်သွားမှာစိုးလို့ ဒီလောက်ကြီးတင်းခဲနေအောင် ကိုင်ထားတာလား၊ စိတ်ချ မင်း ဘယ်သူဆိုတာ ငါသိမှတော့ မပြေးပေါင်ကွာ၊ ဘာလဲ မင်းက



နေတာပဲကွ၊ ခုလို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တစ်နေ့တည်းမှာ ဒေါ်လှဲလှဲ့နှယ်ရယ်၊ ဟော ... မင်းရယ် နှစ်ယောက်စလုံးကို တွေ့လိုက်ရတဲ့အဖြစ်ကိုတော့ ငါလဲပဲ အံ့သြနေတာကွ ဟုတ်ပ"

နည်းနည်းလည်း တွေထားတာမို့ထင့်။ စကားကနှုတ်လျှာပိုသွက်လျက် အကြည့်တွေက လျှောင်ရိပ်တွေ ပါလာ၏။

သူ တစ်ချက် တွေခနဲဖြစ်သည်။ ဦးလူလေးဆိုတာ သူ့ကို ဆက်ဆံလာတော့လည်း ပိုင်စိုးပိုင်နင်း ဆန်နေသည်။ အပြောတွေကလည်း လှောင်သံထေ့သံတွေ ပါနေသည်။ ဂရုမစိုက်ဟန်တွေလည်း ပြည့်နေသည်ပါပဲ။

တကယ်က သူ့မေမေကို ငွေညှစ်နေသည့် ဦးလူလေးကို အပြတ်ပြောဖို့။ မရလျှင် လက်သီးစာ ကျွေးပစ်ဖို့ပါ။ ခုတော့ တစ်မျိုးဖြစ်နေသည်။ အခြေအနေက လှောင်ထေ့ထေ့အပြောခံရဖို့ ရောက်လာသလိုကြီး ဖြစ်နေသည်။

ခက်သည်က မေမေနှင့် ထိုဦးလူအေး၏အခြေအနေကို သူ သိမထားရ။ ဒါကြောင့် ရုတ်ခနဲ ကောက်မေးပစ်လိုက်မိပါပြီ။

"ခင်ဗျား ဘယ်သူလဲ"

ဟု မေးချလိုက်တော့ ဦးလူလေး ရယ်သည်။ ရယ်ရင်းလည်း ခေါင်းယမ်းသည်။ နောက် သူ့ကို ကြည့်သည်။

"ငါ ဘယ်သူလဲ ဆိုတာ သိချင်တယ် ဆိုပါတော့၊ သိချင်ရင် မေးကြည့်ပေါ့ကွာ၊ ငါကတော့ ဒီမနက်ခင်းမှ သူခဲ့တဲ့ ငွေမျက်နှာသောက်ပြီး ကတိတည်တဲ့အနေနဲ့ ဖွင့်မပြောခဲ့

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ မင်း သတ္တိရှိရင် သူ့သွားမေး၊ သူ သတ္တိရှိရင် ဖြေလိမ့်မယ်ပေါ့ကွာ၊ ဒီမှာ မောင်တင်မိုးညို ဆိုတဲ့ ကလေး၊ မင်းကို ပြောလိုက်မယ်၊ သူ သတ္တိမရှိသေးသမျှ ကာလပတ်လုံး ငါကတော့ သူ့ဆီက ဒီလိုပဲ ငွေတောင်းနေမှာပဲကွ၊ မင်း ကျေနပ်ချင်နပ် မနပ်ချင်နေ ဒါပဲ၊ ခု ငါပြန်မို့”

ဟု ပြောတော့ အံ့ကို တင်းခဲနေအောင် ကြိတ်၍ ဦးလူလေးကို ရပ်ထားသော ကားရှိရာသို့ တောက်လျှောက် ခေါ်လာသည်။

ကားထဲသို့ ဝင်ပြီးတာနှင့် ကားမှန်ကို တင်ပစ်ကာ ဦးလူလေး၏ မေးရိုးကို လက်သီးပြင်းပြင်းဖြင့် တစ်ချက်ထိုးသည်။ မထင်မှတ်ထားတာမို့ ဦးလူလေး ငိုက်ခနဲဖြစ်သွား၏။ လျှပ်စစ်လက်သလိုပဲ သူ့လက်သီးတွေက ဖွဲ့အိတ်ကြီးထိုးသလို တရစပ်ကျသွားပြီးတာနှင့် ချက်ချင်း ကားကို မောင်းထွက်ခဲ့ပါ၏။ ငုံ့ကြည့်တော့ ချောင်းတဟွတ်ဟွတ်ဆိုးရင်း ပါးစပ်မှ သွေးတွေကို သုတ်နေတာ မြင်ရသည်။

“နောက်ကို ဒီထက်ဆိုးမယ် ဦးလေး၊ ဒါပဲ”

ဟု ပြောတော့ ဦးလူလေး ရယ်သည်။ ထိုတော့လည်း အရယ်မပျက်သည့် ဦးလူလေးကို သူ ဖျတ်ခနဲ အေးစက်မာထန်စွာကြည့်တော့ ခေါင်းညိတ်ပြုံးလျက် ...

“ငါက အမြဲတမ်း ငွေလိုနေတဲ့ကောင်ကွ၊ အထိုးခံချင်လဲ ခံရပါစေ တင်မိုးညိုရာ၊ တခြားလူထိုးတာမှတ်လို့၊ အယ်ယ် တစ်ခါတစ်ခါ အရက်မူးပြီး ရန်ဖြစ်တဲ့အခါ သူများထိုးတာ တောင် ခံဖူးသေးတာပဲ၊ ဒါပေမဲ့ ငါ့ကိုလဲ အထင်မသေးနဲ့ကွ



ဒီမှာတွေ့လား၊ ငါ့လက်သီးနဲ့ ငါ့ဗလ၊ ငါ ထိုးထည့်တီးထည့်လိုက်တဲ့ကောင်ဆိုတာ မှောက်ရော ... တစ်ချက်ပဲ”

ဟု ပြောတော့ ...

“ခင်ဗျားက ကျွန်တော့်ကို ပြန်ချမယ်၊ ထိုးမယ်လို့ ခြိမ်းခြောက်စိန်ခေါ်တာလား ဦးလူလေး၊ မေမေ့ကို ထိရင် ကျုပ် မခံဘူး၊ သတ္တိရှိရင် စမ်းကြည့်လေ၊ ကျုပ်က ဂျူဒိုသမား၊ လက်ဝှေ့သမား၊ ကျုပ်လက်သီးနဲ့ ခင်ဗျားလက်သီး ဘယ်သူပိုပြင်းမလဲ ဆိုတာ စမ်းကြည့်ချင်သပဆို စမ်းပေါ့ဗျာ”

ဟု ပြောချလိုက်တော့ ဦးလူလေး ရယ်သည်။ ကားကို ရပ်ခိုင်းသည်။

တည်းခိုခန်းထိလည်း ပြန်မပို့ပေးချင်တော့တာမို့ သူ ကားကိုထိုးရပ်၏။

ကားပေါ်မှ ဦးလူလေး ဆင်းသည်။ လှောင်သံဖြင့် ရယ်လျက် ...

“မင်းရဲ့ လက်သီးကတော့ ပြင်းသကွာ၊ အဖေ့လက်သီးပဲ ဟေ့၊ ကောင်းသကွာ၊ အဟက်ဟက် ... ကဲ ... သွားတော့ သွားတော့”

ဟု ပြောကာ တစ်ဖက်လမ်းကို ကူးဖြတ်သွားစဉ်ခိုက် သူ ရင်ထဲ လေးကျသွားရသည်။

သူ့လက်သီးသည် အဖေ့လက်သီးနှင့် တူသည်တဲ့။

ဖေဖေ ... ။ ဖေဖေသည် အဘယ်သူ့ကိုမှ လက်သီးဖြင့် ထိုးကြိတ်ခဲ့ဖူးခြင်း မရှိခဲ့စဖူး။

www.burmeseclassic.com

www.burmeseclassic.com



လူကြီးလူကောင်းပီသလျက် စီးပွားရေးမှာ အရမ်းကို နားလည်ကျွမ်းကျင်သူ။

စကားပြော ပါးနပ်ယဉ်ကျေးသူ။ လူရည်မွန်။

ယခုကျတော့ သူ့လက်သီးသည် အဖေ့ လက်သီးနှယ် ပြင်းသည်တဲ့။ စကားက အရမ်းကို ဆန်းနေသည်။

"အထိုးခံချင်လဲ ခံရပါစေ တင်မိုးညိုရာ၊ တခြားလူထိုးတာမှတ်လို့၊ တစ်ခါတစ်ခါ အရက်မူးပြီး ရန်ဖြစ်တဲ့အခါ သူများထိုးတာတောင် ခံရဖူးသေးတာပဲ"

ဆိုသည့် စောစောက ရယ်သံထောထောဖြင့် ဦးလူလေး ပြောခဲ့သောစကား။

ဦးလူလေးဆိုသူသည် သူနှင့် မည်သို့ပတ်သက်နေပါသလဲ။

ရင်ထဲမှာ ရှုပ်ထွေးနောက်ကျိလာသည်။

ဦးလူလေး ဘယ်သူလဲဆိုတာ သိချင်လျှင် မေမေ့ကို ပြန်မေးတဲ့။ မေမေ သတ္တိရှိလျှင် ပြန်ဖြေလိမ့်မည်တဲ့။ စောစောကပဲ ဦးလူလေး ပြောခဲ့သော စကား။

ဦးလူလေးကို သူ့ လှမ်းကြည့်တော့ အငှားကားတစ်စီးပေါ်သို့ပင် တက်နေပြီဖြစ်၏။

ကားစက်ကို သူ နှိုးစဉ်ခိုက် ရင်ထဲမှာ မေးခွန်းများ ပြည့်သိပ်နေပြီ။

မေမေ့ကို လွှမ်းမိုးလျက်၊ ဩဇာရိပ်မိုးလျက်၊ ထိမထင်ဇွာ ငွေတွေကို လိုသလောက် ထောင်းနေနိုင်စွမ်းပါသည် ဦးလူလေးသည် ...။



မေမေ့ဘဝမှာ မည်မျှအရေးပါသော နေရာမှာ ပါရှိဆက်ဝင်ခဲ့ပါသလဲ။

သူသည်ရော။

သူသည်ရော ... ဦးလူလေးနှင့် အဘယ်အတိုင်းအတာအထိ ပတ်သက်နေပါသလဲ။

ဦးလူလေး၏ စကားလုံးတိုင်းသည် ပိုင်စိုးပိုင်နင်း ဆန်နေသည်။

ဟုတ်သည်။ သူ့အပေါ်မှာ ပိုင်ပိုင်နိုင်နိုင် ပြောပိုင်ခွင့်ရှိနေသူတစ်ယောက် ဆန်နေသည်။

ကတ္တရာလမ်းထက်မှာ ပြေးနေပြီဖြစ်သည့် ကား၏ အမြန်နှုန်းထက် သူ့အတွေးများက ပို၍ ပြေးနေပြီ။

ဒါပေမဲ့ ကား၏ ပြေးနှုန်းက တည်ငြိမ်သည်။

သူ့အတွေးများက မတည်ငြိမ်။ အားလုံး ကစဉ့်ကလျားး။ ရှုပ်ထွေးယွေး ...။

❤ ❦ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

"ငါ မလုပ်ရဲပါဘူးဆိုဟယ် ... နင်ကလဲ"

"မလုပ်ရဲလို့ရမလားဟ၊ မိထားနော်၊ ငါ့မင်္ဂလာပွဲမှာ နင် အပျိုရံလုပ်ပေးမယ်ဆို၊ ကျောင်းတုန်းကတော့ ရှေ့ဆုံးကနေ ပြီး ငါ့ကို အိမ်ထောင်ချချင်နေတဲ့ကောင်မ၊ ခု နင့်စကားနဲ့ နင်ပဲ ငါ့ဝယ်ဒင်မှာ အပျိုရံလုပ်"

"ဟဲ့ ... အဲဒါက လေပစ်ခဲ့တာဟ၊ တကယ်ပြောတာမဟုတ် ဘူး၊ ဆံထုံးကြီးထုံးပြီး ပြုံးပြုံးလေး ရှိုးစမိုးတွေနဲ့ လူ အလယ်မှာရှိရမယ့်ကိစ္စ၊ ငါ တကယ်လုပ်မှာ မဟုတ်ဘူး ဆိုတာ နင် နည်းနည်းလေးမှ မရိပ်မိခဲ့ဘူးလား"

"ထားနော် ... အူတိအူကြောင် လုပ်ပြမနေနဲ့၊ ငါနဲ့ ကိုမျိုး မင်္ဂလာပွဲမှာ နင်နဲ့ ကိုမိုးက လူပျိုနဲ့အပျိုရံ လုပ်ကိုလုပ် ရမှာ"

ခြံထဲရှိ ရွှေပင်ကြီးအောက်မှာ သွယ်သွယ်နှင့် ထားထားတိုးတို့နှစ်ယောက် စိတ်လက်ညစ်စွာပဲ ထိုင်ဖြစ်နေကြ သည်။



မင်္ဂလာပွဲမှာ အပျိုရံမလုပ်ပေးချင်သည့် ထားထားတိုး လည်း စိတ်အိုက်နေပုံ။ ကျောင်းတုန်းက မြွက်ပေးထားတာကို ဟုတ်မှတ်၍ လာပြောရသည့် သွယ်သွယ်ကလည်း ယခုမှ ငြူနေသည့် ထားထားတိုးကို ကြည့်ရင်း စိတ်လက်မောနေသည့် သွင်။

"နင်ပဲ ကျောင်းမှာတုန်းကတော့ ငါနဲ့ကိုမျိုး မင်္ဂလာဆောင် ရင် အပျိုရံလုပ်ပေးမယ်ဆို၊ ပြောပြီးတော့"

စောစောက စကားကို ပြန်ကောက်လျက် မျက်နှာ ထားအို၍ သွယ်သွယ်ပြောတော့ ...

"အဲဒါက အလကားပြောတာဟ၊ အခု တကယ်လုပ်ရမယ် ဆိုတော့ ရှက်တယ်ဆိုမှ"

"မရဘူး၊ ငါ အားလုံးစီစဉ်ပြီးပြီ၊ မလုပ်ရင် နင်နဲ့ အပြတ် ပဲ၊ ခွေးမ"

ချစ်ရသူနှင့် လက်ထပ်ရတော့မည့် သွယ်သွယ်မှာ ထားတိုး ခြေကန်ငြင်းနေသည့် မင်္ဂလာသတို့သမီးအရံ ကိစ္စ ကြောင့် စိတ်လက်မောနေသည့်ဟန်။

"အိမ်မှာပဲ မင်္ဂလာပွဲက လုပ်မှာဥစ္စာ၊ နင် အလကားကပ်ဖို့ လုပ်နေ၊ မိကြူတို့ ဘာတို့ကလဲ နင့်ပဲ လုပ်စေချင် နင်က ချောတယ်ဟ၊ ဒါကြောင့် ပြီးတော့ ကိုမိုးနဲ့ပဲ"

"ဟ ... အဲဒါကြောင့် ပိုမလုပ်ချင်တာ၊ သူက အစ သာတယ်၊ မတွဲချင်ပါဘူး"

နှုတ်ခမ်းလေးစူလျက် ခေါင်းခါပြောသည့် သွယ်သွယ် တစ်ချက်ငဲ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း၏ ရွှေရည်နှင့် လိမ်မော်ရိပ် ဆမ်းထားသော နေခြည်က နက်မှောင်သော ဆံနွယ်မျှင်တို့ကို ဖြတ်သန်းလျက် ထားထားတိုး၏ ဝင်းလဲ့လဲ့ မျက်နှာလေးထက်မှာ ထင်၏။ စိမ်းမှောင်သော မျက်ခုံးကုံးကုံးလေး၏အောက်မှ အရည်လဲ့နေသော မျက်နက်ဝန်းနှင့် ပြာစင်သော မျက်သား။ ထုပိန်းနက်မှောင်လျက် ရှည်လျားသော မျက်တောင်အစုံ။ နှာတံလေးစင်းနေလျက် နှုတ်ခမ်းနုနုသည် နီရဲထွေးအိနေသည်ပါပဲ။

"နင်နဲ့ ကိုမိုးက အရမ်းကိုလိုက်တာ၊ ကိုမိုးက ယောကျ်ားပီသပြီး ချောလဲချောတယ်ဟ၊ အရပ်ကြီးကလဲမြင့်၊ စိတ်ထားလဲကောင်းတယ်၊ ရုပ်ကလဲသန့်ပြီး ချောနေခန့်နေတာ၊ နင်က ဘာကိစ္စနဲ့ သူ့ ချမ်းသာတာကြီးကို အပြစ်မြင်နေရတာလဲ မိထား၊ သူ့ခမျာ နင့်အပေါ် စိတ်ရှည်ရှာတာ ငါတို့အားလုံး အသိ"

တက္ကသိုလ်စာသင်ချိန် ကာလ တစ်လျှောက်မှာ ထားထားတိုးအပေါ် စိတ်ရှည်အလိုလိုက်တတ်ပါသော တင်မိုးညိုကို အားလုံးကနားလည်ကြပေမယ့် ထားထားတိုးဘက်မှ သံယောဇဉ် လျော့ပါးစွာ ဆက်ဆံတတ်ခဲ့တာတွေကို သွယ်သွယ်တို့လည်း စိတ်မကောင်းနိုင်။ ခုလည်းကြည့် ... တင်မိုးညိုနှင့်တွဲ၍ သတို့သမီးအရံလုပ်ရမည့်ကိစ္စကို မျက်စိမျက်နှာပျက်စွာပဲ ထားထားတိုး ငြင်းဖနေသည်။

"နင့်ကြောင်ကို သူ့ ရွှေးက ကိုက်ခဲ့တာ တစ်ခုလေးတည်းနဲ့ နင့်ဥစ္စာက ခုလို ကင်းနေတာကိုတော့ ငါ စိတ်ထဲမကောင်းဘူးဟယ်"



ဟု သွယ်သွယ် ပြောတော့ ထားထားတိုး တစ်ချက်ငဲ့ကြည့်သည်။

"အဲဒါကတော့ ငယ်တုန်းက အစွဲပါ၊ ဒါပေမဲ့ ငါသိတယ် သွယ်၊ သူ့ကို ငါ သံယောဇဉ်မထားချင်ဘူး၊ မခင်ချင်ဘူး၊ သူငယ်ချင်းဆိုတဲ့နေရာမှာ တက္ကသိုလ်မှာ အတန်းဖော်လဲဖြစ်၊ အိမ်နီးချင်းလဲဖြစ်၊ သူက ငါ့အပေါ် စိတ်ရှည်နေတာလဲ ဖြစ်နေတော့ အလိုက်အထိုက် ဆက်ဆံမိ အတန်အသင့်တော့ ခင်မိပေမယ့် ဒါပေမဲ့ သူက တကယ်ကို ခင်နေ ... သံယောဇဉ်ရှိနေတာ နင်တို့လိုပဲ ငါ သိပါတယ်ဟာ၊ အဲဒါအားနာလို့လဲ ဒီလိုပဲ အလိုက်အထိုက် ဆက်ဆံပေးနေတာပေါ့ သွယ်သွယ်"

ထားထားတိုး ပြောတော့ သွယ်သွယ် ရင်ထဲမှာ မကောင်း။

"ဒါကတော့ ဒါပေါ့ဟယ်၊ နင် စဉ်းစားကြည့်စမ်း၊ ကျောင်းမှာတုန်းက ကုံကော်ပင်အောက်မှာ မြက်ခင်းပေါ်ထိုင်ပြီး ငါတို့အုပ်စု လေပေါ်နေကြတုန်း နင်က လက်ဖက်သုပ်လေးပါမှ ဝိုင်းပိုစည်မှာလို့ ပြောလိုက်တုန်းက သူ ဖြုတ်ဆို ပျောက်သွားပြီး လက်ဖက်သုပ်တွေ ကြွပ်ကြွပ်အိတ်လေးတွေနဲ့ လေးငါးခြောက်ထုပ်ဆွဲပြီး ရောက်လာတာလေ၊ နောက် ဗြိတိသျှစစ်သင်္ချိုင်းအောက်မှာ မြန်မာပြည် ဆိုတဲ့ စာအုပ်နှစ်အုပ်တွဲကို ဖတ်ချင်တယ်၊ ရှာလို့မရဘူး ဆိုပြီး တစ်ခါက နင် ညည်းတော့လဲ သူ ရအောင်ရှာပြီး နင့်ကို ပေးခဲ့တာဆို၊ အဲဒါကတော့ နင်ပဲ ပြန်ပြောပြတာ၊ နောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြောရင် အများကြီးဟာ၊ ဥပဒေစာအုပ်တွေ ရှာရှာပြ
နင့်ကို ပေးတာလဲ မနည်းဘူးဆို၊ မယူဘူးဆိုလဲ ပြောမ
ဘူးဆို၊ ဘွားကို သွားတိုင်တာဆို ကဲ … ကဲ”

ဟု စိတ်မရှည်သံလေးဖြင့် ကဲဆိုသည့် စကားအဆုံ
သတ်ကို နှစ်ခါဆင့်ပြောသည့် သွယ်သွယ်ကို ကြည့်ရင်း ထားထား
တိုး ပြုံးသည်။ ထားထားတိုး ပြုံးလိုက်လျှင် မျက်ဝန်းလေးတွေ
ပို၍ လက်တောက်ကြည်စင်လျက် အရမ်းကို ချစ်ဖို့ကောင်းသည
ပဲ။

သွယ်သွယ် ခပ်ငေးငေး ကြည့်ရင်းမှ တင်မိုးညိုနှ
ထားထားတိုးကို အဲဆင့်ပြေစေချင်စိတ်ပဲ ရင်မှာဖြစ်တည်ရသည
အဖြစ်။

“ကဲ … ပြုံးမနေနဲ့အမိ အပျိုရုံကို လုပ်ရမယ်၊ ဘယ့်နှ
တော် သတို့သမီးကိုယ်တိုင်က အဲ … သတို့သမီးလော
ကိုယ်တိုင်က ခုလို လာပြောတဲ့ဥစ္စာ ငြင်းရင်တော့ သေခ
ပြတ်”

“ရှင်ခန်းတော့ မပြတ်ဘူး ဆိုပါတော့”

“ရွှတ်နောက်နောက် မလုပ်နဲ့ မိထား၊ တကယ်ပြောတာ
နောက်မှ ငါ့အဆိုးမဆိုနဲ့ … နင်ပဲ စဉ်းစားကြည့် မကြ
ဘုတ်အိုး … ကျော့ကျော့က မည်းပုပု ညိုတိုတို”

အသားမည်းသော ကျော့ကျော့ကို အားနာစွ
ကွယ်ရာမှာ ပြောမိသမျှကို ပြန်ပြင်၍ ညိုတိုတို စာရင်းပြင်ရေ
လိုက်ရပေမယ့် တကယ်တမ်းကတော့ မည်းပုပုလေးမို့ သုံး
ချင်းနှစ်ယောက် ပြုံးမိလိုက်ကြသည်ပါပဲ။



အစားပုတ်သလောက် အရုပ်လေးပုတစ်စွာပဲ သေး
ညှက်ညှက်ရှိသော ကျော့ကျော့ကို ပုကျော့ခင်ဟုပင် ချစ်စနိုးလေး
ခေါ်မိတတ်ကြသည် မဟုတ်ပါလား။

“မိဦးကျတော့လဲ အရုပ်က ရှည်ပြီး ငါ့ထက်ကို ပိုမြင့်၊
အဲသလိုကြီး ရှိနေတော့ သူတို့အားလုံးက နင့်ကိုပဲ တညီ
တညွတ်တည်း သတို့သမီးအရံလုပ်ဖို့ ဆုံးဖြတ်ကြတယ်”

“အမယ် … ငါ့ထက်စောပြီး သူတို့ကို နင်က အသိပေး
တယ်ပေါ့”

ဟု အရေးထဲ အသိနောက်ကျရသည့် ထားထားတိုး
မျက်နှာလေး အို၍ စွာခိုက် …

“အဲဒါ နင် ဖြေ၊ လုပ်မှာလား မလုပ်ဘူးလား၊ ဘွားကို
တိုင်ပြောပြီးမှ အဆူခံ အပြစ်ပြောခံပြီး သတို့သမီးအရံ
လုပ်မလား၊ အေးဆေးရှောရှူစွာပဲ ခု ခေါင်းညိတ်လိုက်မှာ
လား”

ထားထားတိုး စိတ်လက် ညစ်လိုက်ရသည့်အမျိုး။
လူသူရှေ့မှာ အလှအပပြင်ပြီး လုံးဝ နေချင်စိတ်မရှိ။ မနေတတ်။

ငြင်း၍လည်း ရနိုင်မှာမဟုတ်တာမို့ စိတ်မောလက်
မောဖြင့် သွယ်သွယ့်ကို ကြည့်ကာ …

“ကဲ … မေးမယ်”

“ကဲ … ဖြေမယ်”

ထားထားတိုး လက်ခံမည့်သဘော သက်ရောက်လာ
မို့ သွယ်သွယ် ဝမ်းသာအားရလေးပဲ ပြန်ပြောရှာ၏။ သွယ်သွယ်
က ဤသို့ပါပဲ။ ကလေးလိုပါပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



"သတို့သားအရံအတွက်ကော အဝတ်အစားကို နင့်ကို
ဘက်က တာဝန်ယူမှာလား"

ကောက်ကာငင်ကာ မေးလိုက်တာမို့ သွယ်သွ
နားမလည်သလို တစ်ချက်ကြည့်ပြီးမှ ...

"အဲဒါကတော့ သတို့သမီးအရံအတွက်ရော၊ သတို့သ
အရံအတွက်ရော ငါတို့ဘက်ကပဲ တာဝန်ယူရမှာပေါ့
နင်ကလဲ၊ ဒါပေမဲ့ နင်က ကိုမိုးအတွက် စိတ်ပူပေး
ရတာကိုတော့ ထူးဆန်းတယ်"

"ငါ့မှာ ကြိုးကြီးချိတ်တို့၊ ပိုးလက်ရှည်တို့၊ ဘွားရဲ့ခြုပဝါ
ကတော့ ရှိပါတယ် မိသွယ်ရာ၊ ငါ့အတွက်က နင်ဝယ်
မလိုပါဘူး၊ သတို့သားအရံအတွက်သာ ပြောတာပါ"

"အံမယ် ... ကိုမိုးမှာလဲ ရှိမှာပေါ့ဟ၊ ဒါပေမဲ့ ငါတို့
ရွှေဝါနုရောင်ဝတ်စုံကို အဲဒီအရံအတွက် စီစဉ်ပြီးသ
နင့်ကြိုးကြီးချိတ်ကို ဗီဒိုထဲမှာပဲ ခေါက်ထားလိုက်
ပါ"

နှုတ်လျှာ သွက်စပြုလာလျက် မျက်နှာလေး
ဝင်းကြည်နေသည့် သွယ်သွယ်ကို ထားထားတိုး တစ်ချက်ပြုံးကြ
သည်။ ခုလို လုပ်ပေးဖို့ လက်ခံလိုက်တာနှင့် မိသွယ်က
အဝတ်အစားကအစ စီစဉ်ထားတာတွေ ဖော်ကောင်လုပ်လာ
ပြီတည့်။

"မဟုတ်ဘူး၊ ငါက ဖွဲ့ကိုပဲ သတို့သားအရံ လုပ်ခိုင်းဖို့
ကို ပြောမလို့၊ ကိုမိုးနဲ့တော့ မလုပ်ချင်ဘူးဟယ်၊ ချမ်း
လွန်းတဲ့သူနဲ့ မတွဲချင်ဘူး၊ ငါက သူတို့လောက် မချမ်း



ဘူးဟ၊ တချို့က ဟိုနောက် ဒီနောက်နဲ့ နောက်ချင်နောက်
လာမှာ၊ ရင်းနှီးတဲ့ အထဲကပေါ့၊ နင်လဲ ပါမှာပဲ၊ အဲသလို
ငါ အနောက်မခံနိုင်ဘူး"

ထားထားတိုးမှာ မာနရှိတာကို သွယ်သွယ် သိပြီး
သားပါ။ ဒါပေမဲ့ တင်မိုးညို အပေါ်မှာတော့ ဤသို့ မာနမထား
သင့်ဟု သွယ်သွယ် ထင်သည်။

ပြော၍လည်း ရမှာမဟုတ်တာမို့ သွယ်သွယ် သက်
ပြင်းရှိုက်ရပါ၏။

ဖွဲ့ ဆိုတာကလည်း အတန်းဖော်၊ တွဲဖော်တွဲဖက်
သူငယ်ချင်းပဲမို့ ငြင်းဖို့မလိုတာပဲဟု တွေးလျက် ...

"နင် ... ဖွဲ့ကို ပြောမှာလား"

ဟု သွယ်သွယ်မေးတော့ ...

"နင် သွားပြောပေါ့ဟ၊ ငါ ခေါင်းညိတ်ပြီး လက်ခံထား
လိုက်တာကိုလဲ နင်ပြောပြပေါ့"

ဟု ပြောတော့ သွယ်သွယ် ခေါင်းညိတ်သည်။

နောက်တော့ အကဲခတ်သလို ထားထားတိုးကို
ကြည့်လျက် ...

"နင် ... ဖွဲ့ကိုတော့ သံယောဇဉ် တော်တော် ကြီးတယ်
နော် ... မိထား"

ဟု ပြောတော့ ထားထားတိုး ခေါင်းညိတ်သည်။

"ငါ့မှာက အဖေရော အမေရော မရှိကြတော့တာ နင်အသိ
ပဲ၊ ဘွားပဲ ရှိတော့တာ ...၊ ဖွဲ့မှာက မုဆိုးမ အမေပဲရှိတယ်၊
မိန်းမသား ဦးဆောင်တဲ့ အိမ်ထောင်စု တစ်ခုစီမှာ ငါနဲ့ဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



တို့ ကြီးပြင်းခဲ့ကြရတာ၊ ပြီးတော့ ဖွဲက ငါတို့ထက် နွမ်းပါးတယ်၊ အားငယ်တတ်တယ်၊ စိတ်ရှည်တယ်၊ သူ့ကို ငါသနားတာပါ မိသွယ်ရာ"

ဘဝတူချင်း နားလည်လျက် သနားစိတ် ဖြစ်တည်ခြင်းပဲ ဖြစ်ပါစေဟု သွယ်သွယ် ဆုတောင်းချင်သည်။ တင်မိုးညို၏ မြတ်နိုးရိပ်ကဲသော အကြည့်များကို ထားထားတိုး မသိဟန်ပြုခြင်းလား။ ဒါမှမဟုတ် ဂရုမထား၍ မသိခြင်းလား ဆိုတာကိုတော့ သွယ်သွယ် မသိ။ မိကြူ ပုကျော့နှင့် မိဦးရှည်တို့ကတော့ တင်မိုးညိုနှင့် ရင်ထဲမှာ ကျိတ်သဘောတူနေကြသည် အဖြစ်။

"ဘွားလဲ အသက်ကြီးလာပြီ သွယ်သွယ်ရာ၊ နယ်မှာကျန်ခဲ့တဲ့ လယ်တွေ၊ ယာတွေကရတဲ့ ငွေနဲ့ပဲ ငါနဲ့ဘွား ဒီအိမ်ကြီးတစ်လုံးမှာ နေနိုင်ကြရတာ၊ ဘွားရဲ့ ထားခဲ့တဲ့ လယ်သမား၊ ယာသမားတွေက ဘွားအပေါ်တော့ ခုထိသစ္စာရှိရှိ လုပ်ကိုင်ကြ၊ ငွေကို ဘွားဆီ ပို့ပေးကြနဲ့ပါပဲ၊ ဟိုမှာက ဘွားရဲ့မောင် တစ်ဝမ်းကွဲက အဲဒီကငွေတွေကို စုစည်းပြီး တစ်နှစ် နှစ်ခါ သုံးခါလောက် ပို့ပေးတယ်"

ဟု ပြောပြတော့ သွယ်သွယ် ခပ်ငေးငေး ကြည့်သည်။ တကယ်တမ်း ကျတော့လည်း ထားထားတိုးတို့ မြေးအဘွားမှာ အိမ်အိုကြီးတစ်လုံးမှာ နှစ်ယောက်တည်း နေထိုင်ကြခြင်း။

ဘွားက ခုနောက်ပိုင်းကျမှ ကျန်းမာရေး အနည်းအပါး ချို့တဲ့လာခြင်းပါ။ အရမ်းတော့ အဆိုးကြီးမဟုတ်။



အသက်အရွယ် အိုမင်းလာပြီဖြစ်သည့် အမျိုးသမီးကြီးတစ်ဦးနှင့် နုနယ်ပျိုမျစ်သော မိန်းမချောလေးတစ်ဦး၏ အိမ်ထောင် ဆိုတာကလည်း တကယ်တမ်း နေကြည့်မှ စာနာနားလည်ပေးနိုင်ချေမည်ပေါ့။

အပေါ်ယံကြည့်လျှင်တော့ အတန်အသင့် ချောင်လည်လျက် အဆင်ပြေနေသော အိမ်ထောင်စုလေးအဖြစ်ပဲ မြင်ရချေမည့်အဖြစ်။

"ဖွဲကျတော့လဲ ငါလိုပဲ သွယ်၊ အမေနဲ့ နေရတာ၊ ဒေါ်လေးက မုန့်ဟင်းခါး ရောင်းတယ်၊ ဖွဲက တက္ကစီဒရိုင်ဘာလုပ်နေရပြီး သားအမိနှစ်ယောက် ရုန်းရုန်းကန်ကန်ပါပဲဟာ၊ ဒီကြားထဲ ချိန်ဘာဆင်းဖို့ ဖွဲ စီစဉ်ထားတယ်၊ သူ ရှေ့နေဖြစ်တဲ့အခါကျရင်တော့ ဒေါ်လေးကို နားခိုင်းမယ်တဲ့၊ ငါလဲ တူတူပဲ၊ ငါရှေ့နေဖြစ်တဲ့ အခါကျရင် ဘွားကို ငါ ချွေးနဲ့စာ အားလုံးအပ်မှာ"

ဟု ပြောသံတွင် မျှော်လင့်ခြင်း အရိပ်များ ပြည့်သိပ်လျက် ရှိချေ၏။

"အဲ့သလို ငါနဲ့ ဖွဲမှာ တူတဲ့ဘဝလေးတွေ ရှိကြတော့ သူ့ကို ငါပိုပြီးခင်တယ်၊ နားလည်တယ်၊ အဲဒါပါပဲဟယ်၊ ပြီးတော့ ... သူနဲ့ကျတော့ ဟိုးခြောက်တန်းကျောင်းသူဘဝကတည်းက အတူ ကျောင်းတက်ခဲ့ကြရတာ၊ ကိုမိုးနဲ့က ကိုးတန်းမှာမှ အတူတူ နေဖြစ်တာ"

ဟု ပြောနေတော့ ...

www.burmeseclassic.com



"အေးပါ ... အေးပါ ဖွဲ့ကိုပဲ ပို့ခင်ပါ၊ ငါတို့လို တက္ကသိုလ်မှာ တွေ့တဲ့လူဆို ပိုဆိုးမယ်၊ မတတ်သာလို့ ပေါင်းနေရတဲ့ အဆင့်ပဲ ရောက်တော့မှာပါ"

ဟု အရေးထဲ ကောက်ကာငင်ကာ အငေါ်တူး စိတ်ကောက်နေသည့် သွယ်သွယ့်ကို ထားထားတိုးဖက်၍ ချော့လိုက်ရလည်းပါပဲ။

သရဖီပန်းလေးတွေနှင့် ပန်းရာသီမှာ အစောဆုံးလာ၍ ပန်းလေးတွေ ပို့ပို့ပေးတတ်တာ။

ထားထားတိုး ဆိုးနွဲ့သမျှ စိတ်ရှည်စွာ ... အေးချမ်းစွာ ဖွဲ့ အလိုလိုက်မေးတတ်တာ။ အလယ်တန်းကျောင်းသူဘဝငယ်ကတည်းက ကျောင်းသွားဖော် ဖြစ်ခဲ့တာ။

ဒါတွေကို အသေးစိတ်ကြီး ထပ်ရှင်းပြမနေချင်တော့ပါ။

နွမ်းပါးသည့် ဘဝမို့ ဖွဲ့ တစ်ခါ တစ်ခါမှာ အားငယ်တတ်တာ။ စိတ်ရင်းဖြူစင်တာတွေကို ထပ်ပြောနေလျှင်လည်း ဘာထူးချေမည်လဲလေ။ ဖွဲ့ဆိုတာကလည်း သွယ်သွယ်တို့နှင့် ကျောင်းမှာ အတန်းဖော် သူငယ်ချင်းပဲလေ။ ဖွဲ့စိတ်ရင်းကို သိကြချေသည်ပဲ။

ဒါပေမဲ့ ကိုမိုးနှင့် ပတ်သက်လာလျှင် ဖွဲ့ထက်ပိုပြီး ကိုမိုးကို ထားထားတိုးနှင့် ခင်မင်စေချင်တာကိုတော့ ထားထား၏ သွယ်သွယ်တို့အပေါ်မှာ သတိထားမိသည်ပါပဲ။

"သူက ချမ်းသာတာကိုး"



ဟု တွေးဖြစ်လျက် နွမ်းပါးသော ဖွဲ့ဘက်ကိုပဲ အသနားပိုမိ၊ ပို၍သံယောဇဉ်ကြီးရပါသည့်အဖြစ်။

လောလောဆယ်တော့ စိတ်ကောက်နေသည့် သတို့သမီးလောင်း သွယ်သွယ့်ပခုံးကိုဖက်၍ ထားထားတိုး ချော့ရင်းမှ ...

"သတို့သမီးအရံ လုပ်ပေးပါမယ်ဆိုမှ မျက်နှာကြီး မှုန်တေနေပါလားတော်ရေ၊ ဒါဆို ... ထား ... မိကြူအုတ်အိုးရဲ့လက် အပ်လိုက်မှာနော်"

ဟု ပြောတော့ သွယ်သွယ် မျက်စောင်းထိုးသည်။

❤ ❤ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

ညနေစာ ထမင်းကို ဟုတ်တိပတ်တိ မစားတာကို မေမေ ဂရုပြုမိဟန်ဖြင့် သူ့ကို အကဲခတ်သလို ကြည့်သည်။

မေမေကိုယ်တိုင်ကလည်း ထမင်းသိပ်မစားဖြစ်။

သားအမိနှစ်ယောက်၏ ထမင်းဝိုင်းသည် တိတ်ဆိတ်မှုကဲလျက် ပြီးဆုံးခြင်းသို့ တိုင်၏။

"သားမိုး ... နေမကောင်းဘူးလားကွယ်၊ အေးလေ ... မနေ့ကမှ အိမ်ပြန်ရောက်တာ၊ ဒီနေ့ ကုမ္ပဏီကို သွားနေရပြီဆိုတော့ မိုးလေး ပင်ပန်းရှာမှာ၊ မိုးဖေဖေ ရောက်လာရင်တော့ မိုးလေး သက်သာမှာပါကွယ်"

ပြည်တွင်းမှ ရော်ဘာ၊ ပဲအမျိုးမျိုးနှင့် ယွန်းထည်ပစ္စည်းများ၊ ပိုးထည်များ၊ ရွှေချည်ထိုးလက်ရာအထည်များ၊ နိုင်ငံခြားသို့ပို့ကာ နိုင်ငံခြားမှ ကားနှင့် လူသုံးပစ္စည်း အလှကုန်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းသည့် "ရတနာမိုး"ကုမ္ပဏီလုပ်ငန်းသည် ကျယ်ပြန့်လျက် လုပ်ငန်းများပြားလှသည်ပါပဲ၊ ကုမ္ပဏီ အလုပ်သမားအင်အားပင်



နည်းလှ။ ကုမ္ပဏီသို့ သူ ဤနေ့ရောက်စဉ်ခိုက်မှာလည်း ပစ္စည်းများကို ကုမ္ပဏီဝန်ထမ်းများအား ခွဲဝေပေးဖို့ မန်နေဂျာ အန်ကယ်ဦးကြည်မြင့်ထံသို့ အပ်ခဲ့ကာ ရုံးမှာတံခါးပိတ်၍ တိတ်ဆိတ်စွာ အတွေးများနှင့်အတူ ရှိခဲ့ရသည်ပဲ။

ညနေဘက် အိမ်ပြန်ရောက်တော့လည်း ရင်ထဲမှာ ရှုပ်ထွေးနောက်ကျိသော ဝေဒနာသည် ယှဉ်၍ပါလာဆဲ။

မေမေ့ကို သူ ကြည့်တော့ သူ့မျက်နှာကို ခပ်ငေးငေး ကြည့်နေတာ မြင်ရတာမို့ အားယူ၍ ပြုံးပြမိသည်။

"နည်းနည်းတော့ ပင်ပန်းသလိုပဲ မေမေ၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး မေမေရာ"

ဟု ပြုံး၍ ပြောရင်းပင် ကျက်သရေရှိရှိဖြင့် လှပသွန်းပါသည့် မေမေ၏ မျက်နှာလေးကို တစ်ချက်ငေးကြည့်မိသည်။

မေမေသည် အတိတ်ရှုပ်ရှုပ်ဖြင့်ရှိမည့် အမျိုးသမီးတစ်ယောက် ဘယ်လိုမှ မဖြစ်နိုင်ဟု ရင်ထဲမှာ ယုံကြည်မြဲ ယုံကြည်ဆဲပါ။

ဒါပေမဲ့ ခက်သည်၍ ဦးလူလေး၏ လေသံတွေထဲက အားလုံးကို စိုးပိုးပိုင်နိုင်သော လေငွေ့တွေနှင့်ချည်း ပြည့်သိပ်နေခဲ့သည့် အဖြစ်။

မေမေနှင့် ဦးလူလေး ဘယ်အတိုင်းအတာထိ ပတ်သက်ခဲ့ပါသလဲ။

ဤမေးခွန်းသည် သူ့ဦးနှောက်ကို ဒုက္ခအပေးဆုံး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ဖွင့်မေးရမှာ ကျတော့လည်း မမေးရက်။ ဤအဖြစ်တွေမှာ သူ ပါဝင်လျက် ဦးလူလေးနှင့် ဆုံဖြစ်ခဲ့ပြီဆိုတာကိုပင် သူ အသိမပေးရက်။

"ဆက်ပြီး တိုးချဲ့မယ့် ထိုင်းက မစ္စတာလီနဲ့ ပေါင်းစပ်ပြီးတော့ လုပ်ကိုင်မယ့် လျှပ်စစ်ပစ္စည်းစက်ရုံ တည်ဖို့ကိစ္စ၊ အစားအသောက် ထုတ်လုပ်မယ့်စက်ရုံ၊ အထည်အလိပ်နဲ့ သားရေလုပ်ငန်းတွေလုပ်မယ့် ကိစ္စတွေကိုတော့ မန်နေဂျာအန်ကယ်ဦးကြည်မြင့်ကိုပဲ သိနိုင်အောင် မိုးပြောပြထားတယ် မေမေ၊ ဖေဖေ ပြန်ရောက်မှပဲ ကုမ္ပဏီက အလုပ်သမားတွေ အားလုံးနဲ့ မျက်နှာစုံညီတွေ့ပြီး ဖေဖေကိုယ်တိုင်ပဲ လုပ်ငန်းကို ဘယ်လိုတိုးချဲ့မယ်ဆိုတာ ပြောဖြစ်မှာ၊ ဝန်ထမ်းတွေ အများကြီး တိုးလာမှာတော့ သေချာတယ် မေမေ၊ အခုလက်ရှိ ဝန်ထမ်းတွေထဲကလဲ အများကြီးရာထူးတိုး လစာမြှင့်မယ်ဆိုတာ မိုးသိတယ်၊ ဖေဖေ စိစဉ်ပေးလိမ့်မယ် မေမေ"

ဟု ဟန်မပျက် သူပြောသည်။ လုပ်ငန်းကိစ္စကို သူပြောနေသမျှ မေမေ ငြိမ်သက်နားထောင်နေရင်းမှ သူ့ကို ခပ်ငေးငေးပဲ ကြည့်နေသည်။

ထိုအခိုက် ဖုန်းသံမြည်လာတာမို့ မိတ္တူး သွားကိုင်ပြီးမှ ...

"ကိုကိုလေးတဲ့ ဟိုဘက်ခြံက မမထား ဖုန်းဆက်တာ"

ဟု လာပြောတော့ မေမေ ပြုံး၍ သူ့ကိုကြည့်သည်။

သူ ထ,ရပ်လိုက်ရင်းမှ ...



"တစ်ခုခု ခိုင်းဖို့ရှိမှာ မေမေ"

ဟု ကြိုသိသလို ပြောတော့ မေမေ ရယ်သည်။

"မိုးလေးကလဲ လုပ်ပေးချင်နေတာပါကွယ်"

ဟု ပြောတော့ သူ တစ်ချက်ရယ်မိသည်။

"ဒါကြောင့် မနေ့ညက မေမေ မေးတာ၊ အဲဒါကျတော့လဲ မိုးလေးက ခေါင်းမညိတ်ဘဲကိုး"

ဟု ပြောတာမို့ သူ လက်ကာ၍ ...

"ထားထားတိုး အကြောင်း မိုး ပိုသိလို့ပါ မေမေ"

ဟု ပြောပြီးတာနှင့် တယ်လီဖုန်းရှိရာ ဧည့်ခန်းသို့ ခြလှမ်းကျဲကြီးနှင့် လျှောက်ခဲ့ရပါ၏။

မေမေ ဆက်ပြောနေမှာ စိုး၍ပါ။ ထားထားတိုးနှင့် ရာချထားပေးဖို့ လူကြီးချင်း စကားကမ်းချင်တာ ပြောလာသည့် မေ့ကို သူ ငြင်းခဲ့တာမို့ မေမေ အံ့သြနေဆဲ ဆိုတာကိုတော့ ရိပ်စားမိပါသည်။

မိဘအားကိုး၊ ငွေအားကိုးနှင့် လူကြီးချင်းစကား ...မ်း၍ အနိုင်ယူသည်ဟု အထင်ခံရမှာကို သူ စိုးသည်။ နောက် ...ခံခက သူ့ကို ထားထားတိုး ငြင်းလိုက်မှာ။

ဟုတ်သည်။ ထိုသို့ ငြင်းလိုက်တာနှင့် သူ ရှုံးရချေ ...တည့်။ တယ်လီဖုန်း လက်ကိုင်ကို သူ ကိုင်၍ ...

"ဟယ်လို ... မိုးပါ"

ဟု ထူးစဉ်ခိုက် ထားထားတိုး၏ အသံလေးကို ...ရတော့မှာကို သိနေရသည်ကိုက ရင်ကို ငြိမ်းအေးကြည်နူးနေ ...သည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



"ထားပါ ကိုမိုး ... မင်္ဂလာသတင်းတစ်ခု ပြောမလို့"

ဟု ပြောစဉ်ခိုက် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်၏။ မင်္ဂလာသတင်း ...

ထားထားတိုး ပြောမည့် မင်္ဂလာသတင်း ဆိုတာ မည်သူလဲ။ ရှင်ပျအားတက်စွာ ရယ်သံဖွေ့ဖွေ့ပြေးလျက် ပြောသံကို သူ နားစိုက်ထောင်ရင်း ရင်ထဲမှာ စိုးရိမ်မိရပါပြီ။ လူကြီးမိဘတွေကများ ထားထားတိုးကို သူတို့၏သားနှင့် စေ့စပ်ကာ လှမ်းလိုက်ချေပြီတဲ့လား။

"ဘယ်သူလဲလို့ မမေးတော့ဘူးလား ကိုမိုး"

"မဟုတ်ဘူး ... မေးမှာပါ"

တစ်ဖက်မှ ထားထားတိုး၏ ခပ်တိုးတိုး ရယ်သံ လာ၏။ ကသောင်းကနင်းနိုင်စွာ ပြန်ဖြေသည့် သူ့အဖြေ သဘောကျသွားတာ ဖြစ်မည်။

သူ လိုက်မရယ်နိုင်။ စိုးရိမ်ပင်ပန်းစွာ အားယူ မေးမိလိုက်ရပါပြီ။

"ဘယ်သူလဲ ထားထားတိုး"

"သွယ်သွယ်လေ ... သွယ်သွယ်ပေါ့၊ ကိုမျိုးနဲ့"

ဟု ဖြေသံကြားရတော့ ရင်ထဲမှာ ပေါ့ပါးသွားသည် ကလေးလိုပဲ ဟန်မဆောင်နိုင်စွာ ရယ်လိုက်မိရင်းမှ ...

"တော်သေးတာပေါ့ ထားထားတိုးရယ်"

ဟု လွှတ်ခနဲ ပြောလိုက်မိတော့ တစ်ဖက်မှ တပ်ပျ... ...

"ထားထားတိုး"



ဟု ခေါ်လိုက်မိတော့မှ ...

"ဟင်"

ဟု ပြန်ထူးသံ ကြားရသည်။ သူ့စကားကြောင့် ထားထားတိုး တစ်ခုခုကို တွေး၍ ငြိမ်ကျသွားမှန်း သူနားလည်လိုက်မိရသည်ပါပဲ။

တကယ်က ... ထားထားတိုးသည် ဘယ်သူနှင့်မှ မပတ်သက်သော ထားထားတိုး အဖြစ် ရှိနေခြင်းအတွက် သူ့ရင်ထဲမှာ ကြည်နူးပျော်မြူးလွန်းစိတ်ဖြင့် လွှတ်ခနဲ ပြောလိုက်မိသည့်စကား။ ထိုစကားကို ထားထားတိုး တွေးနေခြင်းပဲ ဖြစ်ချေမည်ပေါ့။

တကယ်တော့ ... မင်း ဟိုးအရင်ကတည်းက မိုးအပေါ်မှာ နားလည်ပေးသင့်ခဲ့တာပါ ထားထားတိုးရယ်ဟု ပြောလိုက်ချင်သည်။

အရမ်းကို အလိုလိုက်စွာ၊ အရိပ်အကဲကြည့်စွာ၊ ဖြည့်ဆည်းပေးလိုခြင်း များစွာဖြင့် ရှိခဲ့ရပါသည့် ကလေးဘဝမှသည် ယခုအရွယ်သို့တိုင် သူ၏အဖြစ်များစွာကို ထားထားတိုး နားလည်ပေးလိုက်စေချင်ပါသည်လေ။ ထိုဆန္ဒထက် ပိုကဲဖြစ်တည်သော အရာသည် ရင်ထဲမှာ မရှိ။

"ထားထားတိုး မိုးကို ဘာပြောမလို့လဲဟင်၊ သွယ်သွယ် မင်္ဂလာဆောင်မှာက မိုးတို့ရဲ့သူငယ်ချင်း ကိုမျိုးနဲ့ပဲ၊ သူတို့ နှစ်ယောက်က မိုးတို့အဖွဲ့ ပေါင်းဖော်ပေါင်းဖက်တွေဆိုတော့ အရမ်းဝမ်းသာတယ် ထားထားတိုးရယ်၊ ထားထားတိုး ဘယ်လိုလုပ် သိလဲဟင်၊ ဖိတ်စာလာပို့တာလား၊ ... ဆီရော

www.burmeseclassic.com



ရောက်နေပြီလား မသိဘူး၊ မေမေ့ကို နောက်မှ မေးကြည့်မယ်၊ မိုး … ဒီနေ့ အလုပ်များနေတာနဲ့ မေမေနဲ့ သိပ်ကို စကားမပြောဖြစ်သေးဘာ၊ ဖွဲ့ဆီတောင်မှ မရောက်နိုင်သေးဘူး"

ဟု သူ ပြောတော့ …

"မဟုတ်ဘူး ကိုမိုး၊ သွယ်သွယ်လာပြောတာ၊ ဖိတ်စာက တော့ ရက်ကမ်မှ လာပို့ဖြစ်မှာ၊ ဖိတ်စာအပ်ထားတုန်းပဲ ရှိသေးတယ်၊ သွယ်တို့အိမ်မှာပဲ လုပ်ဖြစ်မှာ၊ အဲဒါ ကိုမိုး ကိုလဲ ဖိတ်မှာပါပဲ၊ သွားတဲ့အခါ ဖွဲ့ရယ် … ထားရယ် … ကိုမိုးရယ် တူတူသွားကြဖို့ ပြောထားမလို့ပါ"

ဟု ပြောတော့ ရင်ထဲမှာ ကြည်နူးရပါပြီ။ တူတူ သွားဖို့ ထားထားတိုး ပြောလာရုံမျှဖြင့်ပင် သူ့ရင်ထဲမှာ အရှိန် ကို ကြည်နူးလျက် ကံကောင်းလှသည့် အဖြစ်တစ်ခုနှယ် ပျော်မြူး သွားရသည်ပါပဲ။

"သွားလေ … သွားကြမယ်လေ"

ဟု ပြောသံတွင် ကြည်နူးရိပ်သည် စီးမျော ပျော်ဝင်၏။

"မနက်ဖြန်ရှစ်နာရီလောက် သွားကြမှာ ကိုမိုး၊ ထားက သတို့ သမီးအရံလုပ်ရမှာ၊ ဖွဲ့က သတို့သားအရံလေ၊ ကိုမိုး … သွားရမှာဆိုတော့ မထူးပါဘူး၊ တူတူပဲ သွားကြတာပေါ့ အိမ်မှာကတည်းက ထားက ဝတ်စားသွားမှာ၊ သူများအိမ် မှာ ထား ပြင်ဆင်တာ မလုပ်တတ်ဘူး၊ မလုပ်ချင်ဘူး ဖွဲ့ကလဲ သတို့သားအရံ အဝတ်အစားနဲ့ ရှိရမှာဆိုတော့



ကားမောင်းရင် အနေခက်နေတာနဲ့ မကောင်းဘူးလေ၊ ကိုမိုးလဲ သွားရမယ့်အတူတူ ထားတို့နဲ့ အတူတူသွားကြ ရင် ကောင်းတာပေါ့၊ ကိုမိုးက မောင်းပေါ့၊ ကားကတော့ ထားတို့ရဲ့ ဇော့စ်ဝက်ဂွန်ပဲဖြစ်ဖြစ် ရပါတယ်"

ဟု ပြောတော့ ရင်ထဲမှာ အထိမိုက်ကြီး ထိမိုက် လျက် …

"ထားထားတိုးရယ် …"

ဟု ခပ်တိုးတိုး ခေါ်မိလိုက်ရပါပြီ။ ရင်ထဲမှာ ဆို့ဆို့နင့်နင့်။

"မိုးရဲ့ကားနဲ့ပဲ လိုက်ပို့ပေးမှာပေါ့ ထားရယ်"

ဟု ဆို့နင့်နာကျင်နေသမျှ ရင်ကို အားတင်းဟန် ဆောင်ရင်း နောက်ဆက်တွဲစကားကို ကမန်းကတန်း ပြောချလိုက် သည်။

သတို့သမီးအရံနှင့် သတို့သားအရံအဖြစ် ဖွဲ့နှင့် ထားထားတိုးတို့ အတူတွဲသွားကြမည့် ခရီးတစ်ခုမှာ သူသည် ဆောင်သူအဖြစ် ရပ်တည်ရမှာကို ထားထားတိုး သူ့ကိုအသိ ပေးလိုက်ခြင်းပါတကား။

ရင်ထဲမှာ ကြေကွဲနာကျင်နေပေမယ့် ချက်ချင်းပင် အားယူ၍ …

"မိုးရဲ့ကားနဲ့ပဲ လိုက်ပို့ပေးမှာပေါ့ကွာ၊ ဘွားလိုတဲ့အခါ ဇော့စ်ဝက်ဂွန်ကို သုံးပါစေပေါ့၊ လေးလေးဖေနဲ့ မောင်းပို့ ခိုင်းဖို့ မိုး မှာထားမယ်လေ၊ မင်္ဂလာရက်က ဘယ်တော့လဲ"

ဟု ထပ်ပြောခိုက် …

www.burmeseclassic.com

www.burmeseclassic.com



"ရက်လိုပါသေးတယ်တဲ့ ဖိတ်စာကတော့ ရက်ကပ်မှ ရောက်မှာ၊ ဖိတ်စာတွေ အပ်ထားတုန်းလို့ သွယ် ပြောသွားတယ်၊ ဒါနဲ့ ဖွဲ့နဲ့ရော တွေ့သေးလား"

ဟု ထပ်မေးလာတော့ သူ သက်ပြင်းရှိုက်မိလေသည်။

"မတွေ့ရသေးဘူး ထားထားတိုး၊ မနက်ဖြန် မနက်မှ သွားတွေ့မှာ"

ဟု ဖြေသည်။ စောစောကပဲ ဖွဲ့နှင့်သူ မတွေ့ရသေးတာကို သူ ပြောခဲ့သေးသည်ပဲ။ ထားထားတိုး မှတ်မိပုံမရ။ သူနှင့် ပတ်သက်လာလျှင် ထားထားတိုးသည် အလေးအနက်မထား တတ်စွာပဲ မေ့ပစ်လိုက်၊ မမှတ်မိဘဲ ရှိလိုက်တတ်သည်ပဲလေ။

"ဒါဆို ထား ဖုန်းချလိုက်တော့မယ် ကိုမိုး၊ အဲဒီကိုသွားဖို့ကိစ္စ သွယ်က ထားကို ပြောခဲ့တာ၊ ကိုမိုးကို ပြောပေးပါတဲ့လေ၊ သူတို့ကားကလဲ ဟိုမှာ သုံးနေမှာဆိုတော့ ထားတို့ကို လာကြိုဖို့ ခက်မှာစိုးလို့တဲ့၊ သွယ် ပြန်သွားတော့ ထား ဖုန်းဆက်သေးတယ်၊ ကိုမိုး အလုပ်က ပြန်မလာသေးဘူးဆိုလို့ ဒေါ်လေးနဲ့ပဲ တိုးတာ"

ဟု ပြောတော့ သူ အရာရာကို ဆုံးရှုံးနှင့်နေရသနယ် ရင်ထဲမှာ နာကျင်ကြေကွဲနေသည်ပါပဲ။

"မင်း ငါ့ကို ဘယ်တော့မှ နားမလည်နိုင်တော့ဘူးလား ထားထားတိုးရယ်"



ဟုသာ စိတ်ထိခိုက်စွာ ငြိမ်သက် တွေးနေမိရသည့်အဖြစ်။

ထားထားတိုးဘက်မှ ဖုန်းချသွားတော့ သူ ခပ်ငိုင်ငိုင်ပင် ဖုန်းကိုချသည်။

နောက်ကို လှည့်ကြည့်တော့ တိတ်ဆိတ်စွာ ရပ်လျက်ကြည့်နေသော မေမေ့ကို ထမင်းစားခန်းမှ ဧည့်ခန်းသို့ကူးသော တံခါးအနီးမှာ တွေ့ရပါ၏။

"ဘာတဲ့လဲ သား"

"မိုးရဲ့သူငယ်ချင်း မင်္ဂလာဆောင်တော့မှာကို ပြောတာပါ မေမေ၊ နှစ်ယောက်စလုံးက မိုးတို့နဲ့ အတန်းဖော် တွဲဖော် သူငယ်ချင်းတွေပါ"

ဟု ဖြေတော့ အကဲခတ်သလို မေမေ ကြည့်နေဆဲ။ ဧည့်ခန်းသို့ လျှောက်လာကာ ဆိုဖာမှာ မေမေ ထိုင်သည်။ သူ့ကိုလည်း လှမ်းကြည့်သည်။ အကဲခတ်ကြည့်။

မင်္ဂလာသတင်း ဆိုတာကိုတော့ မေမေ သိထားပြီ။ ရုက်နှာမကောင်းဘဲ ရှိနေတာမို့ သတို့သမီးနှင့် ပတ်သက်၍ သူခံစားနေရသည်ဟုများ မေမေ ထင်သွားလေသည်လား မသိ။

"မိန်းကလေးက ဘယ်သူတဲ့လဲ မိုးလေး"

ဟု မေးလာတော့ သူ ပြုံး၍ ...

"သွယ်သွယ်ပါ မေမေ၊ ကိုမျိုးနဲ့က ကျောင်းမှာကတည်းက သုံးနှစ်လောက် ချစ်ခဲ့ မေတ္တာရှိခဲ့ကြတာပါ၊ သူတို့နှစ်ယောက်ကို မိုးတို့ တစ်အုပ်လုံးက သဘောတူထားကြတာ"

www.burmeseclassic.com



ဟု ပြောတော့ မေမေ နားမလည်နိုင်သလို ဖြစ်ရှာ၏။ သဘောတူထားသည့် လူနှစ်ယောက် လက်ထပ်မည့်ကိစ္စ သူက မျက်နှာပျက်နေရချေသည်ကိုးလေ။

"သား ပင်ပန်းတယ် မေမေ၊ ခဏ နားမယ်နော်"

ဟု ပြောတော့ မေမေ ခေါင်းညိတ်ကာ ...

"မိတ္တူနဲ့ အအေးပို့နိုင်းလိုက်မယ် သား၊ အခန်းမှာ အနားယူလိုက်ကွယ်၊ အေးလေ ... သားလေး ပင်ပန်းရှာပါတယ်၊ သားဖေဖေ ပြန်လာတာ မြန်စေချင်တယ်"

ဟု ပြောတော့ သူ ပေါ့ပါး ကြည်စင်သော အပြုံးတစ်ခုကို ဖန်တီးရင်း ...

"မေမေ လွမ်းနေတာပါ"

ဟု ပြောတော့ မေမေ ရှက်စနိုး ရယ်သည်။ မေမေ စိတ်ကြည်လင်အောင် ပေါ့ပါးကြည်စင်သောအပြုံးကို သူ ဖန်တီး ပြောမိသည့် စကားဖြင့်ပင် တကယ်လည်း မေမေ ရယ်မောဖြစ် သွားသည်ပါပဲ။

အပေါ်ထပ်သို့ သူ တက်ခဲ့ကာ စာကြည့်စားပွဲမှာ သူ ထိုင်သည်။

ရင်ထဲမှာ ထိခိုက်နာကျင်နေသည်။ ကြေကွဲမှုလည်း အင်အားနှင့် နှလုံးအိမ်ကို ဖိစီးနေသည့် အဖြစ်။

ဖွဲ ...

ဖွဲနှင့် ပတ်သက်လျှင် မိမိသည် အာစဉ်အမြဲ နှောင်တော်ပါးမှာ ရောက်နေရပါသည့် အဖြစ်။ ၎င်း၏ မြတ်နိုးမှု



အလိုလိုက်မိရပါသည့် အဖြစ်ကို အသိအမှတ်ပြုရန်ထက်၊ ဖွဲအပေါ် သံယောဇဉ် ပိုကြီးနေတတ်ပါသော ထားထားတိုး။ ထိုအဖြစ်ကို သိနေရသည်ကိုက သူ့ရင်ကို ဆိုးရွားစွာ နာကျင်ကြေကွဲနေစေသည့် အဖြစ်။

ထားထားတိုးကို သူ့ရင်ထဲမှ နှစ်ကာလကြာရှည်စွာ ဖြစ်တည် တည်မြဲနေရပါသည့် အချစ်များ ဖွင့်ဟရန် ဝန်လေးနေမိတတ်ရသည်ကလည်း ဖွဲကြောင့်ပါ။

သူ့ကို ထားထားတိုး ချစ်မှာ မဟုတ်ဟု အားငယ်ကြေကွဲစွာ နားလည်နေမိရသည်ကိုး။

အစိုးရိမ်လွန်ကဲခြင်းလည်း ဖြစ်နိုင်ချေမှန်း သူနားလည်ထားမိပေမယ့် ထိုနားလည်ခြင်းသည်ပင်လျှင် လက်မလွှတ်ချင်သော မျှော်လင့်ခြင်းကြောင့် ဆိုတာ မိမိဘာသာ နားလည်နေမိရသည်ပဲ။

စားပွဲပေါ် လက်တံတောင်ကိုထောက်၍ ဆံစများကြားမှာ လက်ချောင်းတွေကို ထိုးသွင်းကာ အတန်ကြာ သူငြိမ်သက်နေမိရပါ၏။

"ငါ တစ်ခုပဲ သိတယ် ထားထားတိုးရယ် ...၊ မင်းကို ငါ ချစ်တယ်၊ အရမ်းချစ်တယ် ထားရယ်၊ ခွဲရမှာ၊ ဝေးရမှာ အရမ်းစိုးရိမ်တယ်၊ ဒါပေမဲ့ ငါဟာ ရှုံးနှင့်နေတဲ့ လူတစ်ယောက်ပါ ထားထားတိုး"

ဟု ဆို့ဆို့နှင့်နှင့် တွေးနေမိရပါသည့် အဖြစ်။

သူ့အကြည့်က စာရေးစက္ကူကတ်ပေါ်သို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



လျက် ခပ်တွေတွေ ကြည့်မိသည်။ နောက်တော့ စာရေးစက္ကူကတ်ကို လှမ်းယူမိလျက် ဖွင့်လိုက်ကာ ဘောလ်ပင်ကို ကောက်ကိုင်သည်။

သူ့ရင်ထဲမှာ ထားထားတိုးပဲ ရှိနေသည်။ သူ၏ အချစ်တွေပဲ ရှိနေသည်။

ဩော် … သူ၏နှာကျင်နေသော အချစ်များ။ မျက်ရည်များစွန်းထင်နေသော ရှုံးနှင့်နေသည့် အချစ်များသာတည် …။

အသက်နှင်းအပ်
ဘဝထပ်လျက်
မြတ်နိုးသက်ကြာ
ချစ်မိတာတွေ
မင်း သိစေ …။

သံယောဇဉ်ကင်း
စိမ်းကားခြင်းသာ
မင်းရင်မှာရှိ
ငါမှာသိလည်း
တွယ်မက်စွဲစွာ
မြတ်နိုးကြာရှည်
မင်းသိစေ …။

ကဗျာလေးကို အဆုံးမသတ်ဖြစ်သေးမီမှာပင် ရင်ထဲမှာ ကြေကွဲနေရပြီ။

*



သူ့လက်က ဘောလ်ပင်ကို စာရေးစက္ကူကတ်ပေါ်မှာ ချထားလိုက်မိပြီးတာနှင့် ရုပ်အကျႌ အိတ်ကပ်ဆီသို့ ရောက်၏။

အိတ်ကပ်တွင်းမှ လက်ကိုင်ပဝါကို သူ ထုတ်၏။ ပြီးတော့ ညင်သာစွာဖြန့်သည်။ ဝါဂွမ်းစဖြူဖြူဖြင့် ထည့်ထားသော ချွေးစေ့နီနီလေးများကို သူ ဖြေ၍ မျက်တောင်မခတ် ငေးစိုက်ကြည့်နေမိရဆဲ။

မြတ်နိုးစွာ သူ … ရတနာများနှယ် သိမ်းဆည်းလျက်သွားလေရာ ယူဆောင်ရပါသော ချွေးစေ့နီနီချောချောလေးများ။

ဩော် … ချစ်ရ၊ မြတ်နိုးရ၊ စွဲလမ်းရလွန်းသူလေး၏ လက်နုနုတွေဖြင့် ရွေး၍ပေးခဲ့လေသော ချွေးစေ့နီနီငါးလုံး။

ချွေးစေ့လေးတွေကို ပြန်သိမ်း၍ လက်ကိုင်ပဝါလေးဖြင့် စောစောကလိုပဲ သူ ပြန်ထွေးပတ် ခေါက်ထားလိုက်သည်ပေါ့ပဲ။

စားပွဲထက်မှာရှိသော တယောအိတ်ကို သူယူပြီးတော့ အသာဆောင်သို့ သူ လျှောက်ခဲ့သည်။ လရောင်ကျနေသော အသာဆောင်ထက်မှာ ကြိမ်ကုလားထိုင်မှာ သူ ထိုင်သည်။

ခြေချိတ်ထိုင်လိုက်ကာ တယောပြားကို ပခုံးထက်မှာတင်လျက် မေးဖျားဖြင့် တယောအိုးပေါ် မေးတင်ဖိထားပြီးမှ တယောဘိုးတံနှင့် အသာအယာ ကြိုးထက်မှာ ထိုးသည်။ တယောကြိုးကို ပြန်ညှိကာ ထိုးကြည့်ပြီးတော့မှ နှလုံးအိမ်ဆီမှ တိုးဝင်ပျံ့ပါချေသော တေးကို ခပ်နွဲ့နွဲ့ တယောသံဖြင့် မျှောလွှင့်စေခဲ့ချေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကိန္နရီ။

သစ္စာတည်သော ချစ်မြတ်နိုးသော အရာများဖြင့် ထုံမွှန်းပါလေသည့် စန္ဒကိန္နရီ။ ချစ်သူအပေါ် ချစ်ရသည့် သူ၏ အချစ်သည် ကိန္နရာဖို၏ အချစ်နှယ် ရှိနေသည့်အဖြစ်။

ပြီးတော့ သူသည် စန္ဒကိန္နရီမှ ကိန္နရီပျိုလေး၏ အချစ်ကို ပိုင်ဆိုင်ရသည့် ခင်ပွန်းသည် ကိန္နရာဖို၏ဘဝမျိုးကို တောင့်တပိုင်ဆိုင်ချင်သည်။

စန္ဒကိန္နရီတေးသည် လရောင်အောက်မှ စီးမျော ပျံ့လွင့်လျက်ရှိ၏။

သူ့အကြည့်တွေက ထားထားတို့၏ အိမ်ကြီးရှိရာ သို့ ခပ်ငေးငေး ရောက်သည်။ မင်းနဲ့ငါ့မှာ တူညီတဲ့ အချက်လေး တစ်ခု ရှိနေတယ်ဆိုတာကိုရော မင်း မသိဘူးလား ထားထားတို့ ရယ်၊ ဂီတကို မြတ်နိုးတဲ့ မင်း မသိဘူးလားကွယ်။ တကယ်တော့ ငါနဲ့ ပတ်သက်လာရင် မင်းအရာရာကို မသိနိုင်လောက်အောင် ရှိတတ်တာကို ငါ နားလည်ထားပါတယ်၊ ဒါပေမဲ့ ဒီအချက်လေး ကိုတော့ ဘယ်လိုပဲဖြစ်ဖြစ် မင်းသိသင့် သတိပြုသင့်တာပေါ့ ထားရယ်။ မင်းရော ငါရော ဂီတကိုချစ်ကြတယ်လေ ထားထား တို့။

ဒါကိုလဲ မင်း ဂရုထားမိဖို့ သတိလေးတောင်မှ မရ ခဲ့ဘူး မဟုတ်လား။ တကယ်တော့ ငါဟာ မင်းအတွက် မင်းကို ချစ်မြတ်နိုးဖို့ သက်သက်အတွက် ငါ့နှလုံးသားဟာ ငါ့ရှေ့မှာ ဖြစ်တည်နေရသလိုပါ။



အတွေးနှင့်အတူ ရင်ထဲတွင် ကြေကွဲနာကျင်၏။

"ဂန္ဓမာ ... စန္ဒာတောင် ... စုံမြိုင်တန်းမှာ ဖူးပွင့်ကြတဲ့ ပန်းမာလာ ... သင်းရနံ့ကဖြာ ... ငှက်ပေါင်းရယ် သာရ ကာ ... သံစာစာနဲ့ မြူးထူးပျော်ကြရှာ"

တယောသံနှင့် တေးသံသည် လွမ်းစရာညဝယ် လရောင်အောက်၌ လွင့်မျောစီးပျံ့နေသည်တည့်။

❤ ❦ ❤

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

"ဟော ... မိုးလေးပါလား ...၊ သားရေ ... မိုးလေး လာ
တယ်ဟေ့"

မုန့်ဟင်းခါးဆိုင်သိမ်းပြီး ရေမိုးချိုး သနပ်ခါးလေ
ဝင်းစိုနေအောင် လူးထားသည့် ဒေါ်ခင်သိုက်မှ ပြုံး၍လှမ်းခေါ်ပြ
ဖွဲ့ကိုလည်း လှမ်းအော်ပြောစဉ်ခိုက် ...

"ခဏလေး မိုးရေ ... ရေချိုးနေလို့ကွ"

ဟု နောက်ဖေးဘက်ဆီမှ လှမ်းအော်ပြောသံ ကြာ
ရပါ၏။

သူ ပြုံး၍ ဒေါ်ခင်သိုက်၏ဘေးမှာ ထိုင်သည်
ဝရန်တာနေရာလေးမှာ သင်ဖျူးဖျာလေးခင်း၍ ရေနွေးကြမ်
ခွက်ဘူးနှင့် လက်ဖက်သုပ်ပွဲလေး ချထားကာ စိတ်အေးလ
အေး အနားယူနေသည့် ဒေါ်ခင်သိုက်။ မျက်နှာမှာ ဖြူစင်လှ
ရိုးစင်းစိတ်ရှည်တတ်ခြင်းနှင့် သည်းခံတတ်ခြင်းများကို မျက်
မြင်ရုံမျှဖြင့်ပင် သိသာလောက်အောင် ရှိနေပါသည့် ဒေါ်ခင်သို



ဒေါ်လေး ဒေါ်ခင်သိုက်ကိုလည်း သူ ခင်သည်ပါပဲ။ လေးလည်း လေးစားသည်။ ရုပ်ရည်ကအစ ချောမောလျက် သား တစ်ယောက်အမေ မဆိုးမဘဝဖြင့် သားကို လုပ်ကျွေးပါသည့် ဒေါ်လေး ဒေါ်ခင်သိုက်ကို သူ လေးစားမိသည်မှာလည်း အမှန် ပါ။ တကယ်ဆို ဒေါ်လေး နောက်အိမ်ထောင် ထူနိုင်သည်ပဲ။ ရုပ်ရည်က တကယ့်ကိုချောသည့် ရုပ်ရည်မျိုး မဟုတ်ပါလား။ ဤကြားထဲမှာ ရိုးစင်းဖြူစင်သည့် အတွင်းမနောကလည်း မျက်နှာ မှာ ပေါ်နေသေးသည့်အဖြစ်။

ဖွဲ့ပြောပြသည့်အတိုင်းဆို ... ဖွဲ့ ခြောက်လသား လောက်ကတည်းက ဖွဲ့၏ဖေဖေ ဆုံးခဲ့သည်တဲ့။

ခင်ပွန်းဆုံးပါးရာ အရပ်မှာ မနေလိုတော့တာမို့ ဤနေရာသို့ ပြောင်းရွှေ့နေထိုင်ကာ၊ မုန့်ဟင်းခါးဆိုင် ဖွင့်ခဲ့သည်တဲ့။

"မိုးလေးရေ ... ဖွဲ့ကဖြင့် ညဘက်လဲ မနားပေါင်ကွယ်၊ တက္ကစီကို ညဘက်လဲ ဆွဲတာခက်တယ်၊ နားပါလို့ ဒေါ်လေး ပြောလဲ မရဘူး ကလေးရယ်"

ဟု ခပ်ညည်းညည်း ပြောခိုက်မှာ ...

"အိမ်မှာနေတော့ ပိုက်ဆံဘယ်ရမလဲ အမေရ၊ ညဘက် တက္ကစီထပ်ဆွဲတော့ ပိုရတာပေါ့၊ နေ့ခင်းဘက်လဲဆွဲ၊ ည ဘက်ကျတော့လဲ ညစာစားပြီးဆွဲ၊ အလကားနေ အလကား ပဲ အမေရ"

ဟု ပြောပြောဆိုဆိုနှင့် ရေစိုဆံပင်ကို တဘက်ဖြင့် သုတ်ရင်း အိမ်တွင်းဘက်မှ ထွက်လာသည့်ဖွဲ့ကို သူ ပြုံး၍ကြည့် သည်။

www.burmeseclassic.com

www.burmeseclassic.com



"လာကွာ ... ငါ မင်းဆီ လာချင်နေတာ၊ ကုမ္ပဏီကို ချက်ချင်းပဲ နောက်နေ့ ဝင်ရတာ၊ အလုပ်များနေတာနဲ့ကွာ၊ ခုလဲ မင်းဆီက အပြန်ကျမှ ဘွားကို သွားတွေ့ရမှာ"

ဟု ပြောတော့ ဖွဲ့ရယ်သည်။ မျက်ခုံးထူကြီးပင့်၍ ကြည့်ကာ ...

"ဒါကတော့ ...ချမ်းသာတာကိုးကွ၊ အလုပ်ပိုများတာပေါ့ ဟုတ်ဘူးလား အမေ"

ဟု ပြောတော့ ဒေါ်ခင်သိုက် ရယ်သည်။

"လက်ဖက်သုပ် စားဦး ကလေး"

ဟု ပြောကာ လက်ဖက်ပွဲကို ရှေ့သို့ချပေးတာမို့ ...

"ဒေါ်လေး အရင်စားလေ၊ နောက်မှ မိုး ယူစားပါ့မယ်"

ဟုပြောတော့ ဒေါ်ခင်သိုက် ရယ်၍ ...

"အဲဒါကြောင့် ပြောတာ ဖွဲ့ကတော့ကွယ်၊ လက်ဖက်ပွဲမြင်တာနဲ့ ဖွန်းကောက်ကိုင်တာ၊ အမေကို နောက်မှသတိရတာ"

ဟု ပြောသည်။ ဒေါ်ခင်သိုက် လက်ဖက်သုပ် တစ်ဇွန်း ယူစားပြီးတော့ သူ ဖွဲ့ကို ပြုံးကြည့်ကာ ...

"စားပါ ဖွဲ့၊ မင်းပြီးမှ ငါစားပါ့မယ်၊ ခဏနော်"

ဟု ပြောရာ ရပ်ထားသော ကားရှိရာသို့ သူလျှောက်သည်။ နောက်ခန်းမှ ကြွပ်ကြွပ်အိတ်ကြီး နှလုံးကို သယ်ယူလာသည်။

"ဒီထဲမှာ ဒေါ်လေးအတွက် ထဘီစရယ်၊ အင်္ကျီစရယ်၊ အားဆေးရယ် ပါတယ် ဒေါ်လေး၊ ဖွဲ့ ဒါက မင်းအတွက် ရယ်ဒီမိတ် ရှပ်အင်္ကျီတွေရယ် ဂျင်းဘောင်းဘီရယ်"



ဟု ပြောပေးတော့ ...

"အများကြီးပဲလား ကလေးရယ်၊ မဟုတ်တာ"

"ဟုတ်သားပဲ မိုးရ၊ တစ်အိတ် တစ်အိတ်မှာ နည်းတာ မဟုတ်ဘူး၊ ဖောင်းပြည့်နေရော"

ဟု ပြောတော့ သူ ပြုံး၍ ဖွဲ့၏ လက်မောင်းအိုးကြီး ဆုပ်ကိုင်သည်။

"မငြင်းနဲ့ ဖွဲ့၊ ဒေါ်လေး မိုး ရောက်ကတည်းလာချင်တာ၊ အလုပ်များနေလို့၊ ဒေါ်လေးကို ခရီးပြန်အနေနဲ့ ကန်တော့ပါတယ်၊ မိုး ခရီးသွားနေတုန်း အားမသိ ရန်မခဖို့ ဒေါ်လေး ဆုတောင်းပေးနေမှာ မိုးသိတယ်"

ဟု ပြောလည်းပြော။ တကယ်လည်း တရိုတသေ ...န်တော့ပါ၏။ ဒေါ်ခင်သိုက်မှာ မျက်ရည်ဝဲလျက် သူ့ကိုငေး ...ကြည့်ရင်း ...

"သာဓု ... သာဓု ... သာဓုပါ သားရယ်၊ ဒေါ်လေးကတော့ ကလေးတို့တစ်တွေကို အမြဲဆုတောင်းပေးနေကျပါကွယ်"

ဟု အသံတုန်တုန်ဖြင့် ပြောရှာ၏။

ကလေးတို့တစ်တွေ ဆိုတာကြောင့် ထားထားတိုးကို သတိတရဖြင့် ပြောရှာမှန်း သူ နားလည်၏။

"ကဲ ... မိုး၊ ငါတော့ တက္ကစီဆွဲဖို့ လစ်ဦးမယ်၊ သြော် ... ဒါနဲ့ ငါတို့ ချိန်ဘာ ဆင်းကြတော့မှာ၊ မန်းဒေးကစပြီးတော့ပေါ့၊ မိကြူတို့ ပုကျော့တို့ မိဦးရှည်တို့လဲ ပါမယ်၊ ထားလဲ ပါမှာပေါ့၊ မင်းလဲ ဆင်းဖြစ်ရင် ကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သင်ရှေ့နေ ဆင်းဖို့ကိစ္စကို ပြောတော့ သူ ဖျော့တော့စွာပဲ ပြုံးသည်။

ဖေဖေက သူ့ကို ကုမ္ပဏီမှာပဲ လုပ်နေစေချင်သည် မဟုတ်ပါလား။

သြော် ... သူ ချစ်ရပါသော ထားထားတိုးသည် ဖွဲ့နှင့်အတူ နေ့စဉ် ချိန်ဘာတူတူ ဆင်းဖြစ်ကြချေဦးတော့မည် တကား။

အလုပ်သင်ရှေ့နေအဖြစ် ဂျူတီကုတ်အနက်၊ လည် ထောင်အင်္ကျီလေးနှင့် ကျက်သရေရှိစွာ ဖူးဖူးစင်စင်လေး လှနေ မည့် ထားထားတိုး၏ မျက်နှာတော် ဝါဝါဝင်းလေးကို စိတ်ကူး ဖြင့် မြင်ယောင်မိရပါသည့် အဖြစ်။

သူသည် အရာရာတိုင်းမှာ ဖွဲ့နှင့် ယှဉ်လိုက်လျှင် ထားထားတိုးနှင့် ဝေးကွာစွာပဲ ရပ်တည် ဖြစ်တည်ရပါသည့်အဖြစ်။

သြော် ... သူ့ဘဝသည် ချစ်ဦးသူနှင့် ဝေးကွာလွမ်း ရစ်ရသည့် အဖြစ်နှင့် မကြုံကြိုက်ပါစေနှင့်။

မကြုံကြိုက်ပါရစေနှင့်လား ထားထားတိုးရယ်။

❤ ❦ ❤



## အခန်း(၁၇)

"မြေးရယ် ဘွားအတွက် ဆေးလဲဝယ်ခဲ့တယ်၊ ခုလိုအင်္ကျီထည်နဲ့ ထဘီစတွေ ရှောတာဘက်တွေ မနည်းမနောကြီး ဝယ်ခဲ့သေး တာကိုး၊ ဘွားဖြင့် အားလဲနာတယ်၊ ယူလဲ မယူရက်ပါဘူး မြေးရယ်"

ဘွား ဒေါ်မြတ်စု ခမျာ တကယ့်ကိုလည်း အားနာ ည့်ပုံပါ။

ဝယ်လာသည့် လက်ဆောင်ပစ္စည်းများကို ယူရမှာ းနေရှာသည့် အသွင်။

"မဟုတ်တာ ဘွားရယ်၊ မိုးရောက်တဲ့နေ့က ချက်ချင်း မြအေးရိပ်ကို ရောက်တာပါ၊ ဘွား ဘုရားခန်းဝင်နေလို့ ပြန်သွားတာပါ၊ ထားထားတိုးဆီမှာပဲ ဘွားအတွက် ဆေး မေးထားခဲ့ရတာ၊ နောက်နေ့ကျတော့လဲ ကုမ္ပဏီကို ပြေး တာနဲ့ ဘွားဆီ မရောက်ဖြစ်ဘူး၊ ဒီညမှပဲ ရောက်ဖြစ်ရတာ ပါ၊ ဖွဲ့ဆီတောင်မှ စောစောကပဲ ရောက်ခဲ့တာပါ၊ ယူပါ ဘွားရယ်၊ ဘွားရဲ့မြေးက ကန်တော့တာပဲ ဥစ္စာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြောဆိုဆို တကယ်လည်း ထိုင်ကန်တေ
တာမို့ ဘွားမြတ်စုမှာ တတွတ်တွတ်နှင့် ဆုပေးရှာပါ၏။ မျက်ဝ
မှာ မျက်ရည်ဝဲနေသည်။

နေခဲ့သည့် ကာလကလည်း ခြံနီးချင်း ကြာခဲ့ပြ
ဆွေမျိုးသားချင်းနယ် လူကြီးချင်းကအစ ဖြစ်နေကြတာမို့ မ
အရင်းလိုပဲ ဘွား သူ့ကို ချစ်ရှာပါ၏။

သူ ကန်တော့ပြီး ကြမ်းပြင်မှ ကုလားထိုင်မှာ ပြ
ထိုင်ခိုက် နောက်ဖေးခန်းမှ ရေနွေးကြမ်းနှင့် လက်ဖက်ပွဲပြင်
လင်ပန်းနှင့် သယ်လာသည့် ထားထားတိုးကို သူ လှမ်းမြင်သည
ခန်းဆီးစသည် ထားထားတိုး၏ ပခုံးထက်မှာ ငြိတင်၏။ မျ
နှာလေးကတော့ ထုံးစံအတိုင်း တည်တည်ငြိမ်ငြိမ် မူပိုင်ဟန်
ဖြင့်ပါ။

သူရောက်လာတိုင်း တရင်းတနှီး ဟက်ဟက်
ပက် မရှိတတ်တာကိုလည်း ဖွဲ့ကိုမြင်ခိုက်မှာ ထားထားတိုး
ဝမ်းပန်းတသာ ဆက်ဆံသည့် ပေတံဖြင့် ပြန်တိုင်းကြည့်ရင်း
ထဲမှာ သိမ်ငယ်ခံစားတတ်မိရတာ ထုံးစံကြီးလိုပါပဲလေ။

"ဘွား အဲဒီထဲမှာ ထားအတွက် အကျီစနဲ့ ပိုက်ဆံ
လေးလဲ ပါတယ် ဘွား၊ နောက်မှ ဘွားပဲ ပေးလိုက်

ဟု သူ ပြောဖို့ အခွင့်အရေး မရလိုက်။ ထားထား
က နောက်ဖေး ထမင်းစားခန်းဘက်မှ ထွက်လာချေပြီကိုး
ကိစ္စမရှိ။ ဘွားပစ္စည်းတွေကြည့်လျှင် သိနေ
သာ။



"ဒီကောင်မလေး လုပ်ပုံကွယ်၊ ဘယ့်နှယ် သူ့သူငယ်ချင်း သွယ်သွယ်က သတို့သမီးအရံလုပ်ဖို့ဆိုပြီး လာပြောတယ်၊ သတို့သားအရံက မြေးမိုးကို မှန်းထားတာ၊ အဲဒါ မြေးမိုးက ကုမ္ပဏီအလုပ်တွေ ပိနေတာတဲ့၊ အားနာတယ်ဆိုပြီး အလုပ်မပျက်အောင်တဲ့လေ၊ မြေး ဖွဲ့နဲ့ပဲ လုပ်နိုင်းဖို့ သွယ်နဲ့ စီစဉ်သတဲ့၊ ဘွားမေးတော့ အဲသလို မိထား ပြောတာလေ"

ဟု ပြောတော့ ...

"ဘွားကလဲ"

ဟု ထားထံမှ အသံတိုးတိုး ထွက်လာ၏။ သူ့ကို
သည်း ထားထားတိုး လှမ်းကြည့်သည်။

သူ့ရင်ထဲမှာ နင့်နေအောင် ကြေကွဲခံစားရင်းဖြင့်
ထားထားတိုး၏ မျက်နှာလေးကို ရိုဝေစွာပဲ သူငေးကြည့်မိရပါပြီ။

"ဘယ့်နှယ်ကွယ်၊ ဖွဲ့လေးက တက္ကစီနဲ့ အလုပ်များရှာတာ၊ ဟိုခမျာမှာ အားရှာတာလဲမဟုတ်၊ ပိုအလုပ်ပျက်မယ့်ဥစ္စာ၊ မိုးလေးနဲ့လုပ်လဲ ပြီးတဲ့ကိစ္စကွယ်၊ ဖွဲ့ကိုသွားပြီး ဝန်ပိစေတဲ့ မိန်းကလေး"

ဟု ဘွားပြောတော့ သူ ဘာတစ်ခွန်းမျှ ဝင်မပြော
င်။ ရင်ထဲမှာ နာကျင်ကြေကွဲနေတာပဲ ပိတ်ဖုံးနေသည်။ ထိခိုက်
ံစားရခြင်းသည် တစ်ကိုယ်လုံးကို ဆွဲယူနှစ်မြှုပ်ထားလိုက်သည့်
ယ်သာတည်း။

"ကိုမိုးတို့က တစ်နာရီ အလုပ်ပျက်လဲ ငွေတွေက အရမ်း ထိခိုက်တာ ဘွားရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု မျက်နှာလေးတည်လျက် သူ့ကို တစ်ချက် ကြည့်ပြီးမှ စားပွဲပေါ် လင်ပန်းကိုချရင်း ဟန်မပျက်စွာပဲ နိုင်သည့် ထားထားတိုးကို သူ တစ်ချက်ကြည့်ပြီးမှ ဆို့နင့်လျှ နေပြီဖြစ်သည့်ရင်ကို အားယူထိန်းရင်း ရေနွေးကြမ်းပန်းက သို့ ရေနွေးကြမ်းကို ဟန်မပျက်အောင် သူ လောင်းထည့် သည်။

"စောစောကပဲ ဘွား အဲဒါကို မီထားကို ဆူနေတာ၊ သူ က ဘွားကိုပါ တွေ့သွား ပြောသွားတာ၊ မိုးလေးနဲ့ ဖို့ဥစ္စာတဲ့၊ မီထားလုပ်လို့ ဖွဲနဲ့ဖြစ်ရရောတဲ့၊ ဟိုခမျာ ကို ဘာများလွန်ဆန်နိုင်လို့လဲ၊ ဖွဲဆိုတာ ငယ်ကတည် သူ့အနွံအတာ ခံနေရတာပဲဥစ္စာ၊ တက္ကစီဆွဲပျက်၊ ဝင်ငွေ ထိ၊ ဒါပေမဲ့ ဘယ်ငြင်းနိုင်မလဲ၊ လက်ခံရှာတာပေါ့"

ဟု ပြောစဉ်ခိုက် စောစောက ဖွဲနဲ့ဆုံခဲ့ရစဉ်က ကိစ္စကို ဖွဲ သူ့ကိုမပြောခဲ့တာ ပြန်သတိထားမိလာသည်။

ဖွဲ မေ့သွားတာလည်း ဖြစ်နိုင်သည်ပဲဟု ဖြေ တွေးမိပေမယ့် ရင်ထဲမှာ မကောင်း။

"မိုးလေးတို့က ကုမ္ပဏီအလုပ်နဲ့ ရှိတာတော့ ဟုတ် ပေါ့ မီထားရယ်၊ ဒါပေမဲ့ ကိုယ့်သူငယ်ချင်း မင်္ဂလာ မှာ ဒီလောက်တော့ အချိန်ပေးနိုင်တာ ဘွား သိပါ ဟိုခမျာ မရှိတဲ့ကလေး၊ အလုပ်မပျက်ပါစေနဲ့ကွယ် လေးနဲ့ပဲ လုပ်နိုင်းလိုက်ပါ မြေးရယ်၊ ဖွဲနဲ့ မခင်သို ကို အားနာပါတယ်၊ သူတို့ခမျာ နေထွက်နေဝင် မုန့် ခါးဆိုင်လေးမှာ လေးဘီးကားလေးမှာ အချိန်ကုန် နေ



ရတာ၊ ညည်းလေးဟာလေ၊ စိတ်ထဲထင်တာ စွတ်လုပ်တတ် တာ ခက်တယ်"

ဟု ဘွားဆူတော့ ထားမျက်နှာလေး ညိုနေ၏။

ကြည့်ရတာ သူ မရောက်ခင်ကလည်း ဤကိစ္စကို ဘွားဆူနေတာ ဖြစ်နိုင်သည်။

ဖွဲ ... တက္ကစီဆွဲပျက်ကာ ဝင်ငွေ ထိခိုက်မှာကို ဘွား အားနာနေပုံရ၏။

ဒါပေမဲ့ သူ တစ်ခုနားလည်လိုက်မိပြီးပြီ။

သူနှင့်တွဲ၍ ထားထားတိုး သတို့သမီးအရံ မလုပ်လို ဟူ၍ ...။

အထိခိုက်ကြီး ထိခိုက်လျက် ကြေကွဲခံစားနေရသမျှ ကို အားယူထိန်းရင်းမှ သူ ပြုံး၍ ဘွားကို ကြည့်ရပါ၏။

ထားထားတိုးကိုလည်း သူ တစ်ချက်လှမ်းကြည့်မိ သည်။ ထားထားတိုး သူ့ကိုမကြည့်။ မျက်နှာလေးညိုလျက် ပြတင်းခန်းဆီးစကိုပဲ ခပ်ငေးငေး ကြည့်နေသည်။

"ဒါနဲ့များ ထားထားတိုးရယ်၊ မင်း ငါ့ကို ဖုန်းဆက်ပြီး ဖွဲနဲ့ မင်းကို ငါကိုယ်တိုင် ကားမောင်းပို့ပေးဖို့ ပြောရက် တယ်ကွယ်"

ဟု တနင့်နင့်တွေးရင်း ရင်ထဲမှာ အကြေကြေအကွဲကွဲ ဖြစ်နေရပေမယ့် ...

"အဲဒီရက်ပိုင်းအတွင်းမှာ မိုး အရမ်း အလုပ်များနေမှာ ဘွားရဲ့၊ ဖေဖေလဲ ပြန်ရောက်မှာလေ၊ ကုမ္ပဏီလုပ်ငန်းတွေ တိုးချဲ့မှာ၊ စက်ရုံတည်မှာတွေနဲ့ မိုး လက်လည်မှာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အဲဒီအကြောင်းတွေ ထားထားတိုးကို ဟိုနေ့က အမှတ်မထင်ဘဲ ညည်းညည်းညူညူ ပြောပြမိတာ၊ အဲဒီ တုန်းက သွယ်တို့ မင်္ဂလာကိစ္စက မိုးတို့ မသိရသေးပါ ဘူး၊ နောက်မှ သွယ်လာပြောတာကို ထားထားတိုးက အလိုက်တသိ ဖွဲ့နဲ့ စီစဉ်လိုက်တာ ဖြစ်မှာပါ၊ ကျေးဇူးပဲ ထားထားတိုး"

ဟု သူ ပြုံး၍ပြောတော့ တစ်ချက် ထားထားတိုး သူ့ကို ငေးကြည့်သည်။ မျက်နှာမှာ အနေခက် အားနာရိပ်ကို သူ မြင်၏။ သူ ပြုံး၍ ထားထားတိုးကို ကြည့်နေမိဆဲပါ။ အရာရာကို နားလည်ပေးတတ်၊ ဖေးကူပေးချင်တတ်တာ ခုမှမဟုတ်ပါဘူး ထားထားတိုးရယ်ဟု သူ ပြောလိုက်ချင်သည်။

ထားထားတိုးကို ဘွားဆူနေမည့် ကိစ္စထဲမှ ဆွဲယူ ဖယ်ရှားချင်စိတ်ဖြင့် သူ ပြောပေးခြင်းဆိုတာ ထားထားတိုး နားလည်လိုက်နိုင်မည် ဆိုလျှင်ပင်၊ သူ ကျေနပ်နိုင်ပါပြီ။ ကြည်နူး နိုင်ပါပြီ။

"ထားထားတိုးကသာ အဲသလို မစီစဉ်ပေးရင် မိုး အရှမ်း ကို ကသီမှာ၊ သွယ့်ကိုလဲ မိုးကိုယ်တိုင်က ငြင်းလို့ ဘယ် ကောင်းမလဲ၊ ကိုမျိုးရော သွယ်ရောက သူငယ်ချင်းတွေ မဟုတ်လား၊ ခုလို ကူညီပြီး ထားထားတိုး ဝင်ပြောပေး တာ၊ ဖွဲ့နဲ့ စီစဉ်ပေးတာ အရမ်းကျေးဇူးတင်တယ် ထား"

ဟု တည်ငြိမ်စွာပဲ သူ ပြောပြီး ရေနွေးကြမ်းကို မှုတ်သောက်သည်။

လက်ဖက်ပွဲကို ဟန်မပျက် သူ ဖွင့်နှိုက်သည်။



ဘွားကိုကြည့်တော့ ခပ်ငေးငေး ကြည့်နေတာကိုမြင် ၏။ သူ့စကားကို တကယ်ရော ဘွား ယုံကြည်ရဲ့လားမသိ။

"မိုး ပြန်ဦးမယ် ဘွား၊ ထားထားတိုး မိုး ပြန်မယ် ..."

ဟု သူ တည်ငြိမ်စွာ ထားထားတိုးကို ကြည့်ကာ ပြုံးလျက်ပြောတော့ ထားထားတိုး သူ့ကို ခေါင်းညိတ်ပြသည်။ ဘွားကတော့ သူ့ကိုကြည့်လျက် ...

"မိုးလေးခမျာ အရွယ်နဲ့မမျှ စီးပွားရေးထဲ နစ်နေရတာပါ ပဲကွယ်၊ မိုးရဲ့မေမေ မနွယ်က အဲဒါကို တဖွဖွပြောရှာ တာ၊ မိုးလေးကို နားနားနေနေ ရှိစေချင်တာ"

ဟု ပြောရှာ၏။ မေမေနှင့် ဘွားကတော့ မကြာမကြာ တွေ့နေကျပါ။ ဘွားထံသို့ မေမေ ရောက်တတ်သည်ပါပဲ။

"ဖေဖေက မိုးကို အရမ်းအောင်မြင်တဲ့ စီးပွားရေးလုပ်ငန်း ရှင်ကြီး ဖြစ်စေချင်တာ ဘွား"

ဟု ပြောတာကတော့ ဖေဖေ့ကို ချစ်စိတ်ဖြင့်ပါ။

သူ အိမ်တွင်းမှ ထွက်တော့ ထားထားတိုး နောက် ပါးမှ လိုက်လာသည်။

ခြံတံခါးဝအနီးထိ ထားထားတိုး လိုက်လာ၏။ ရပ် ထားသောကားနား သူရောက်တော့ တစ်ချက် သူ့ကိုကြည့်သည်။

လရောင်ဖြာစပြုနေသည့် ညဉ့်ဦးယံဝယ် ထားထား တိုး၏ မျက်နှာလေးထက်သို့ ရွှေရည်ရိပ် ဆမ်းနေသော လမျှင် တန်းက မထိရက်ရက် ထိရက်ရက် ကျနေသည့် အဖြစ်။ သူ ခြတ်နိုး၍ မဝနိုင်ပါသည့် မျက်နှာနုနုထွေးကို တစ်ချက်ကြည့်မိ လျက်မှ ရင်ထဲမှာ နာကျင်ဆို့နင့်နေရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မျက်နက်ဝန်း ရွှန်းလဲ့လဲ့သည် ပြာစင်သော မျက်သားအလယ်မှာ ကြည်စင်ညို့ငင်နိုင်စွမ်းပါသည့်အဖြစ်။

နှာတံလုံးလုံးလေးသည် ထင်းနေလျက်မှ လှပချွန်အိသော နှုတ်ခမ်းဖူးသည် ရှမ်းစိုနထွေးလျက် ပန်းသွေးရောင်ပြေးချေသည့်အဖြစ်။ ဝင်းမွတ်ကြည်စင်သော အသားရွှေစင်သွန်းသည် လရောင်ဝါပြေပြေဝယ် ဝင်းဝင်းစင်စင် ရှိလှပါဘိ။

သူ၏ရင်ကိုနှစ်၍ ချစ်မြတ်နိုးရပါသည့် မိန်းကလေး

မြတ်နိုး၍မဝ။ ချစ်၍မဝနိုင်ပါသည့် မိန်းကလေး

သူ့ကို အစိုးမိုးကြီး စိုးမိုးလျက် ... ထိုမြတ်နိုးချစ်ရပါသည့် အချစ်ဆိုသည့်အရာ၏ ထံတော်ပါးဝယ် အခဲကြီး ခံစားနေမိရပါသည့် သူ့နှလုံးသားကို သူ မညှဥ်းဆဲချင်တော့။ ထားထားတိုးကို ချစ်မြတ်နိုးနေခြင်းသည် မိမိ၏နှလုံးသားသွေးကြောမျှင်များကို တစ်စချင်း ဖြတ်တောက်ပစ်နေခြင်း ဆိုတာနားလည်နေမိရသည့်အဖြစ်။

ဒါပေမဲ့ ... ဪ ... ဒါပေမဲ့ ... သူ ... သူ ... ထားထားတိုးကို မချစ်မြတ်နိုးဘဲ မနေနိုင်။ နေနိုင်စွမ်းလည်း မရှိ။

ငိုကြွေးနေသော နှလုံးသား၏ ရှိုက်သံမျှင်မျှင်တို့ကို သူမှတစ်ပါး ကြားနိုင်စွမ်းသူမှ မရှိချေပဲလေ။ ရှိုက်သံသည် မှင်မှင်မျှသာ။ ဒါပေမဲ့ ဝေဒနာက ပြင်းထန်ချေသည်ကော ထားထားတိုးရယ်။

မမှိတ်မသုန် သူ ထားထားတိုးကို ခပ်တွေတွေ တစ်ချက် ကြည့်မိပြီးမှ ကားတံခါးကို ဖွင့်ဝင်သည်။



ကားတွင်းမှနေ၍ ထားထားတိုးကို သူ မော့ကြည့်ဖြစ်၏။ ရပ်နေသည့် ထားထားတိုးကို ကြေကွဲစွာ ခပ်တွေတွေ ကြည့်မိသော အကြည့်။

ကားနားထိ လိုက်မပို့လျှင် ဘွားဆူမှာစိုး၍ လိုက်ပို့ခြင်း ... ဟု မိမိဘာသာ နားလည်လျက် ရင်ထဲမှာ ထိခိုက်ခံစားနေရသည်ပဲလေ။

ဒါပေမဲ့ ... အားနာရိပ်ကို သူ မြင်ရသည်ဟု ထင်မိပြန်သည်။ ဖွဲ့နှင့်အတူ သတို့သမီးအရံ တွဲ၍လုပ်မည့်ကိစ္စအတွက် ထားထားတိုး သူ့ကို အားနာနေချေသည်လား။

သူနှင့် မလုပ်ချင်၍ ဖွဲ့နှင့်လုပ်သည့် ကိစ္စကို သူသိသွားပြီမို့ ထားထားတိုး အနေခက်နေခြင်းများလား။

ဪ ... ချစ်ရပါသည့် မိန်းကလေး။ စိတ်အနေမခက်ပါစေနှင့်တော့လေ။

"မိုး သွားမယ် ထားထားတိုး၊ ဖွဲ့ဆီကို အရင်သွားခဲ့တာ၊ အပြန်မှ ဒီကိုဝင်တာ"

ဟု ပြုံး၍ ပြောမိသည့် အဖြစ်။ ထိုအပြုံးသည် နှလုံးအိမ်ကို ညှစ်ယူလျက် သွေးစက်တို့ စွန်းထင်းပြီးမှ ဖြစ်တည်ရသည့် အပြုံးဆိုတာကိုတော့ မိမိဘာသာပဲ သိနိုင်သည့်အဖြစ်။ ဪ ... မိမိသာပဲ သိနိုင်သည့် အဖြစ်သာတည့်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

"အင်း … မင်း ငါ့ဆီ လာလိမ့်ဦးမယ်လို့ ထင်ထားခဲ့တာ မှန်နေတာပဲ၊ တကယ်က မင်း လာမယ်လို့ ငါယုံကြည်နေမိတာကြောင့်လဲ ခုထိ ငါ မပြန်သေးဘဲ ဒီမှာရှိနေတာ၊ ကဲ ငါတို့ ဟိုနေ့ကလိုပဲ အဲဒီနေရာကို သွားကြတာပေါ့ကွာ၊ လာ … မောင်တင်မိုးညို"

တည်းခိုခန်း ကောင်တာမှာ သူနှင့် ဦးလူလေးတို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်နေမိကြပါ၏။

ကောင်တာစာရေးမှ တစ်ဆင့် သူ ဦးလူလေးကို ခေါ်ခဲ့သည်ပဲ။ ဦးလူလေးကလည်း ရှောရှောရှူရှူပဲ သူ့ကိုလာတွေ့သည်။ ဤအကြိမ်မှာတော့ ဦးလူလေး အရက်သောက်ထားပုံမရ၊ အေးဆေးတည်ငြိမ်သည့်ဟန်ဖြင့် သူ့ကို ကြည့်သည်။

ထိုအကြည့်များမှာ ရန်လိုရိပ်လည်း မရှိ။ ထိုးကြိတ်ခဲ့သည့် လူတစ်ယောက်ကို လာတွေ့သည့် အသွင်မျိုးမဟုတ်၊ တကယ်က ဦးလူလေးကို သွေးထွက်အောင် သူ ထိုးခဲ့သည် မဟုတ်ပါလား။



အေးဆေးတည်ငြိမ်စွာပဲ ဦးလူလေး သူနှင့်အတူ တည်းခိုခန်းမှ ထွက်သည်။ သူနှင့်အတူ သူ့ကားတွင်းသို့ဝင်သည်။

စီးကရက်ဘူးကို သူ ကမ်းပေးတော့ တည်တည်ငြိမ်ငြိမ်ပဲ သောက်ပြီး သူ့ကိုကြည့်၏။

သူကိုယ်တိုင် ဘာမျှမပြောဖြစ်သေး။

ကန်တော်ကြီးသို့ တောက်လျှောက် သူ မောင်းလာခဲ့သည်။ ယခင်နေ့ကလိုပဲ အအေးသောက်ဖို့ သူပြောတော့ ဦးလူလေး လက်ကာ၏။ သူ့ကိုပြုံးကြည့်သည်။

"ဒီလောက် တကူးတက ငါ့ကို လာခေါ်တာ လာတွေ့တာဟာ ငါ့ကို စီးကရက်တိုက်ဖို့နဲ့ အအေးတိုက်ဖို့ အတွက် မဟုတ်ဘူးဆိုတာ မင်းရော ငါရော နားလည်ထားကြတာပဲ မောင်တင်မိုးညို၊ ကဲ … အရင်နေရာလေးကို လျှောက်ကြရအောင်"

ဟု ပြောကာ ဦးလူလေး ယခင်ရက်က ထိုင်ခဲ့သည့် သစ်ရိပ်နေရာဆီသို့ လမ်းအတိုင်း ဦးတည်လျှောက်သည်။

သစ်ရိပ်အောက်မှာ ထိုင်မိတော့ ဦးလူလေး သူ့ကို ကြည့်ပြီး ပြုံးသည်။

"ကဲ … စလိုက်ကြရအောင်၊ မင်းက စပြောမလား ငါက စပြောရမှာလား"

သူ သက်ပြင်းရှိုက်မိရပါ၏။ ရင်ထဲမှာ ရှုပ်ထွေးနေဆဲ။ ဦးလူလေး၏ အသွင်က ရန်လိုရိပ် ကင်းနေပြန်သည်။ တရင်းတနှီး နိုင်နေပြန်သည်။ စိတ်ရှည်နေသည့် အသွင်မျိုး။ ကလေးတစ်ယောက်ကို အလိုလိုက် မေးနေသည့်ဟန်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



တကယ်က မေမေနှင့် ပတ်သက်တာကို သိလိုစိတ် ပြင်းလွန်းတာမို့ နောက်ထပ် တစ်ကြိမ် ဦးလူလေးထံသို့ သွားတွေ့ဖို့ သူ ဆုံးဖြတ်ခဲ့ကာ၊ ယနေ့မနက်မှာ သူ ထွက်လာခဲ့ခြင်းပါ။

ငွေလိုလျှင် ငွေပေးမည်။ ပြီးတော့ ... မေးမည်။ ငွေမက်သည့် ဦးလူလေးကလည်း ဖြေလိမ့်မည်ဟု သူ ထင်ထားသည်လေ။ ယခုကျတော့ ဦးလူလေးက ပြုံးပြုံးကြီး မေးနေသည့် အဖြစ်။

စီးကရက်တစ်လိပ်ကို သူထုတ်ယူ၍ မီးညှိရှိုက်ဖွာပြီး တစ်ချက် သူ စဉ်းစားသလို ငြိမ်နေသည်။ တကယ်က ပြောရမည့် စကားကို ဘယ်လို အစပျိုးရမည်ဆိုတာ စဉ်းစားမိခြင်းပါ။

"လိုရင်းပြောကြတာပေါ့ ဦးလူလေး၊ မေမေနဲ့ ပတ်သက်တာကို ကျွန်တော် သိချင်တယ်၊ မေမေ့ဆီက ဘာလို့ပိုက်ဆံယူနေတယ် ဆိုတာကိုလဲ ကျွန်တော် သိချင်တယ်၊ ကျွန်တော်နဲ့ ဦးလူလေး ဘယ်လိုပတ်သက်နေသလဲ ဆိုတာကိုလဲ သိချင်တယ်၊ အဲဒီအတွက် ဦးလူလေး လိုချင်တဲ့ ငွေကြေး အတိုင်းအတာကို ပြောပါ၊ ကျွန်တော်ပေးမယ်"

သူ့အသံက ပြတ်ပြတ်သားသား။

မေမေ့ကို စိတ်ဆင်းရဲနေစေသည့် ကိစ္စတစ်ခုဟူ၍တော့ သူ နားလည်ထားသည်။ ဒါကြောင့်လည်း သူ မေမေ့ကို မမေးရက်နိုင်။ ဒါပေမဲ့ မေမေ့ကို ထိုသို့ အနိုင်ယူနေသည့်ကိစ္စကို သိထားချင်သည်။ နောက်ကို ထိုသို့ အနိုင်ကျင့်လာလျှင် မည်သို့ရင်ဆိုင်ရမည် ဆိုတာကိုလည်း ထိုအဖြစ်ကိုသိမှ သူစဉ်းစားဆုံးဖြတ်၍ ရမည်လေ။



လောလောဆယ်တော့ ဦးလူလေးကို ငွေနှင့်မျှား၍ ရအောင် မေးရမည်။

ဦးလူလေး သူ့ကိုကြည့်သည်။ နောက်တစ်ချက်ရယ်သည်။

ပြီးတော့ ... ခေါင်းခါသည်။

"အရင်တုန်းက ဆိုရင်တော့ ငါ အတော်ကြီးကို ပျော်မှာကွ၊ ပိုက်ဆံရမယ့်ကိစ္စကိုး၊ ဒါပေမဲ့ ခုကျတော့ မဟုတ်တော့ဘူး တင်မိုးညို၊ ငါ့စိတ်ပြောင်းသွားပြီ၊ မင်းဆီက ငွေမလိုချင်ဘူး၊ ဒေါ်လှလှနွယ် ဆိုတဲ့ မင်းမေမေဆီကလဲ ငါ မလိုချင်တော့ဘူး၊ ဟိုနေ့က ယူထားတဲ့ ငွေထဲက တချို့ကို မင်းနဲ့ ငါ ပြန်ထည့်ပေးလိုက်ချင်တယ်၊ ငါဒီမှာ နေစရိတ်၊ စားစရိတ်နဲ့ ပြန်စရိတ်လောက်တော့ ငွေယူသုံးရမှာပေါ့၊ ငါက ဆင်းရဲတယ် မဟုတ်လား၊ အဲဒီလောက်တော့ ယူမှဖြစ်မှာ၊ ကျန်တာအားလုံး ပြန်ပေးမယ်လို့ ဆုံးဖြတ်ထားတယ်"

ပြတ်သားတည်ငြိမ်စွာ ပြောလာသည့် ဦးလူလေးကို မယုံနိုင်သလို သူ အံ့သြစိတ်ဖြင့် ခပ်တွေတွေကြည့်သည်။ သူ ဘယ်လိုမှ မျှော်လင့်မထားသော စကားပါတကား။

"ဘာလို့ အဲသလို ငါ ဆုံးဖြတ်ခဲ့သလဲ သိလား တင်မိုးညို၊ သံယောဇဉ်နဲ့ သွေးသားဆိုတဲ့ အသိကြောင့်ပဲကွ၊ မင်းငါ့ကို ထိုးတဲ့နေ့က ငါ ပြန်ရောက်ပြီး ငါ့အခန်းမှာပုံ့ရင်း ရင်ထဲမှာ ကြေကွဲခံစားရတယ်ကွ၊ အဲဒါကြောင့်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်မှာ သူ ဘာပြောရမှန်း မသိအောင် ဖြစ်နေရသည်။ သူ မျှော်လင့်ထားတာ ဖြစ်မလာဘဲ၊ မမျှော်လင့်တာကို လက်တလော ကြုံကြိုက်လိုက်ရတာမို့ ဘာကိုပြောရမှန်း မသိ။ စကားလုံးကို ရွေးချယ်၍လည်း မရ။

ဦးလူလေး သူ့ကိုကြည့်သည်။ မျက်ဝန်းတွေက တည်ငြိမ်နေသည်။ နှုတ်ခမ်းက ပြုံးနေ၏။ အကြည့်သည်မရွေ့လျား။

“မင်းမေမေကို မေးမကြည့်ဘူးလားကွ၊ ဟော ...”

သူ ခေါင်းခါသည်။ မသောက်ဖြစ်ဘဲ ရှိနေသည့် စီးကရက်ပြာတောင့်ကို ခြွေပစ်ပြီး တစ်ချက် သူ ရှိုက်ဖွာသည်။

“မမေးရက်ဘူး ဦးလူလေး၊ မေမေက သိပ်စိတ်ထားသိမ်မွေ့နူးညံ့တာ၊ မေးရမှာ ရင်ထဲမကောင်းနေဘူး၊ မေမေ့ကို သနားတယ်”

ဟု ဖြေတော့ ဦးလူလေး ငြိမ်သက်စွာ သူ့ကိုငေးငေးကြီးကြည့်သည်။ မျက်ဝန်းမှာ မျက်ရည်တွေ ဝေလာ၏။

“မင်း ... သူ့ကို အတော်ကြီး ချစ်တာပဲ၊ အေးလေ ... သူက အမေလိုပါပဲ ... အမေလိုပဲကိုး”

ဟု ခပ်ညည်းညည်း တစ်ချက်ပြောပြီး ခေါင်းခါသည်။ လွယ်လာသည့် လွယ်အိတ်အတွင်းမှ စက္ကူအိတ်ကို ထုတ်ယူပြီး သူ့ကိုကမ်းပေးသည်။

“အဲဒါ ပြန်ယူသွားကွာ၊ မင်းရဲ့အမေ၊ အင်း ... အမေဆီ ပါတော့၊ သူ့ကို ပြန်ပေးလိုက်ပါကွာ၊ ငါက ... ငါ့အိမ်ပြန်တော့မယ်”



ဟု ပြောတော့ ရင်ထဲမှာ ရှုပ်ထွေးနေရပြီ။ ဦးလူလေး၏ စကားတွေက ထူးဆန်းလွန်းနေသည်။ သံယောဇဉ် ... သွေးသားဆိုသည့် အသိ။ ထိုစကားကို ဦးလူလေး သုံးထားခဲ့ပြီးပြီ။ ဦးလူလေးသည် အဘယ်သူပါလဲ၊ ဒါကို သိချင်နေပြီ။

ငွေကို သူ မယူ။ လက်ကာ၍ ခေါင်းခါငြင်းသည်။

“မေမေ မသိအောင် ဦးလူလေးနဲ့ လာတွေ့တဲ့ ကျွန်တော်ဟာ ဘယ်လိုလုပ်ပြီး ဦးလူလေး ပေးလိုက်တဲ့ ငွေတွေပါလို့ မေမေ့ကို ပြောနိုင် ... ပြန်ပေးနိုင်ပါ့မလဲဗျာ၊ ဦးလူလေးပဲ ယူထားလိုက်ပါတော့၊ ဒါပေမဲ့ ခင်ဗျား ဘယ်သူလဲဆိုတာတော့ ကျွန်တော် သိမှဖြစ်မယ် ဦးလူလေး”

ရန့်လိုခြင်း ကင်းစင်နေသော တွေ့ဆုံမှုသည် ရုတ်ခြည်း တိတ်ဆိတ်ငြိမ်သက်သွားပါ၏။ ဘယ်သူမှ စကားမပြောဖြစ်သေး။ ဦးလူလေး ခပ်တွေတွေကြီး တစ်ခုခုကို ငြိမ်၍ချင့်ချိန်စဉ်းစားနေပုံရသည်။ နောက်တော့မှ ခေါင်းခါ၍ ...

“ဟာ ... မဖြစ်ပါဘူးကွာ၊ ငါ ဖွင့်ပြောရင် အရင်က ငါ ယူခဲ့တဲ့ ပိုက်ဆံတွေ အဲဒီအပေါ်မှာ ငါ ကတိမတည်ရာ ကျမှာ ...”

“မရဘူး ဦးလူလေး၊ ပြောမှဖြစ်မယ်၊ ကျွန်တော်က ငယ်ကတည်းက သိချင်တာကို သိရမှ၊ အစွဲအလမ်း ကြီးတယ်ဗျ”

ဟု ပြောတော့ ဦးလူလေး သူ့ကို ခပ်ငေးငေးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ... မင်းဟာ ... ငါ့တူအရင်း ခေါက်ခေါက်
တင်မိုးညို၊ ငါ့ညီမဟာ ဒေါ်လှဲ့လှဲ့နွယ်တော့ မဟုတ်ဘ
မင်းအမေလို့ သိထားတဲ့ ဒေါ်လှဲ့လှဲ့နွယ် ဆိုတာ ငါ့ည
မဟုတ်ဘူးကွာ၊ မင်းဟာ ... မင်းဟာ ..."

ဦးလူလေး စကားမဆက်နိုင်သလို ခဏတန့်
ဖြစ်စဉ်ခိုက်မှာတော့ သူ့တစ်ကိုယ်လုံးရှိ သွေးတွေ ရပ်ဆိုင်း
သည့်နှယ် ခံစားနေရပြီ။

အဖြစ်သည် ယုံနိုင်စရာမရှိ။

ယုံနိုင်စရာမရှိပါတကား။

"ငါ့ညီမ နာမည်က မိလှိုင်ဦးတဲ့၊ သူဟာ ... မင်းရဲ့အမေ
ဟု ပြောချိန်မှာ သူ့မျက်နှာတွင် သွေးဆုတ်သ
ဖြစ်သွားသည်။

မေမေသည် သူ့အမေရင်း မဟုတ်။ အဖေ
မဟုတ်။ ဒါဆိုလျှင် ဖေဖေသည် ဒေါ်လှိုင်ဦး ဆိုသည့် အမျိုးသ
မဟုတ်သေး ... သူ့မိခင်နှင့် အကြောင်းပါခဲ့လေသည်တဲ့

ဘုရားရေ ...။ ဒါမှမဟုတ် ... ဒေါ်လှိုင်ဦးသ
ဖေဖေဦးကောင်းပြည့်နှင့် အိမ်ထောင်ကျခဲ့ခြင်းမှ ရှိမှရှိပါမည်
သို့ဆိုလျှင် သူ့အဖေ။ ဟုတ်သည်။ သူ့အဖေသည် အဘ
နည်း။

"ကျွန်တော့်အဖေဟာ ... ဘယ်သူလဲ ဦးလေး"

သူ မေးချစဉ်ခိုက် ဦးလူလေး တစ်ချက် သူ့ကို
သည်။ ပြောမထွက်သလို ဖြစ်နေပြီးမှ ...



"သူ မရှိတော့ဘူး တင်မိုးညို၊ မင်းမမွေးခင်ကတည်းက မင်းကိုယ်ဝန်နဲ့ မိလှိုင်ဦး ရှိနေတုန်းမှာပဲ၊ ဆုံးတယ်၊ အရက်ဝိုင်းမှာ စကားများပြီး လူတစ်ယောက်ကို ဓားနဲ့ထိုးတာ ပွဲချင်းပြီးတယ်၊ သေတဲ့လူရဲ့ အဖော်တွေက ဝိုင်းပြီး ပြန်ထိုးကြိတ်ကြ၊ ဓားနဲ့ ထိုးကြလို့ သူလဲ အဲဒီမှာပဲဆုံးတယ်"

သူ မျက်ရည်ဝဲလျက် ငြိမ်သက် နားထောင်နေသည်။
ဤအဖြစ်သည် အမှန်ပဲလား။ အမှန်ဖြစ်ချေမည်တဲ့လား။ မဖြစ်ပါစေနှင့်။ လူသတ်သမား။ အရက်သမား၏သား။ ထိုအဖြစ်သည် သူလူ့ဘဝသို့ မရောက်မီကပင် သူ့ဘဝအတွင်းသို့ တိုးဝင်ဖြစ်တည်ခဲ့ပြီးချေပြီတဲ့လား။

တစ်သက်တာပတ်လုံး ဖေဖေ ဦးကောင်းပြည့်နှင့် မေမေ ဒေါ်လှဲ့လှဲ့နွယ်တို့၏ သားအဖြစ် သွားလာရပ်တည် လှုပ်ရှားခဲ့ရသမျှ လိပ်ပြာမသန့်စွာ။ အားငယ်စွာ။ အနေရခက်စွာဖြင့် သူ စတင်၍ ခံစားရချေပြီတည်း။

"မင်း ငါ့ကို ဒေါသဖြစ်ဖြစ်နဲ့ ထိုးခဲ့တယ် မဟုတ်လား၊ မဟုတ်တာ လုပ်မိတဲ့ ငါ့လိပ်ပြာကို ငါပြန်ရှက်လာတယ် တင်မိုးညို၊ ငါတို့ရဲ့ စိတ်နှလုံးကို ဆင်းရဲစေ၊ ဒေါသဖြစ်စေ၊ နာကြည်းစေတဲ့ အလုပ်ကို ငါ လုပ်မိပါပေါ့လားလို့ တွေးမိလာတယ်၊ မင်းကို မမြင်ရခင်တုန်းကတော့ တစ်မျိုးကွ၊ အဲသလို မတွေးဖြစ်ဘူး၊ အဲဒီ ဒေါ်လှဲ့လှဲ့နွယ် ဆိုတဲ့ မိန်းမဆီက ရမယ့်ငွေကိုပဲ မက်နေခဲ့တာ၊ အဲ ... မင်းလဲ

www.burmeseclassic.com



လိုက်လာရော၊ မင်းမှန်းလဲသိရော ငါ့ရင်ထဲကွာ ဘယ် ကြီးမှန်း မသိဘူး ခံစားရတယ်"

ပြောပြီး ခပ်ငေးငေးပင် ကန်ရေပြင်ကို ဦးလှ ကြည့်သည်။

မျက်နှာတွင် ရှက်ရိပ်သည် ပြည့်မှီးစွာ အုပ်မိုးနေသ အဖြစ်၊ သက်ပြင်းရှိုက်၍ ဦးလှလေး သူ့ကိုကြည့်လာသည်

"မင်း ငါ့ကိုထိုးတော့ ငါမှိန်းလည်လာတယ်၊ ငါသိပ် တွင်းနက်ပါလားလို့ ကိုယ့်တူ ကိုယ့်သားကို ကျွေးမွေး တဲ့ ဒေါ်လှဲ့လှဲ့နွယ်ကို အစော်ကားကြီး စော်ကားမိ လားလို့၊ မင်းကိုလဲ ငါ ဒီဒုက္ခဆက်မပေးရက်တော့ ကွာ၊ ရှက်လဲ ရှက်တယ်၊ အဲ ... မင်းကို ခုလိုသန့်ပြန် ချောမောနေတဲ့ လူကုံထံလေးအဖြစ် မြင်ရတော့ ရင်ထဲ ကြည်နူးတယ်၊ ချစ်လဲ ချစ်တယ်ကွာ၊ ငါ့တူကြီးရာ တက ပါ"

ဟု ပြောပြီး ဦးလှလေး စတင်၍ မျက်ရည်ကျသည် သူ့ပခုံးကို စတင်၍ ကျစ်နေအောင် ဖက်ထားသည်။

"ဦးကြီးဟာ အရက်သောက်လိုက် ဆိုးလိုက် တော လူတွေကို လူလည်ကျလိုက်နဲ့ တစ်လျှောက်လုံး ဆိုး မိုက်ခဲ့တာ အမှန်ပါ၊ ငါ့တူကြီးကို မြင်လဲမြင်ရော လိုက်တာကွာ၊ နောက်တော့ ငါ့အခန်း ပြန်ရော စဉ်းစားမိလေ ငါ့တူကြီးရဲ့ ခန့်ချောသန့်ပြန့်တဲ့ ရုပ် သန့်သန့်လေးကို မြင်မိလေ ချစ်မိလေ နောင်တရ



တစ်ခါတည်း ဆုံးဖြတ်လိုက်တယ်၊ ငါ ဒေါ်လှဲ့လှဲ့နွယ်ဆီ က ဘာပိုက်ဆံကိုမှ မယူတော့ဘူးလို့ ငွေတွေ ပြန်ပေးလိုက် တော့မယ်လို့"

ဟု ပြောရှာသည်။ အပြစ်ရှိသူနှယ် အနေခက်နေပုံ လည်း မျက်နှာထားရ ခက်နေရှာသည်ပါပဲ။

"ဦးကြီး ..."

သူ့ခေါ်သံသည် ဆို့ဆို့နင့်နင့်။ တကယ်ပြောနေခြင်း သည်း ဦးလှလေးကို သူ ယုံကြည်စ ပြုလာပြီ။ အစစ လူလည် ဘတ်သည့် ဉာဉ်ဗီဇ ရှိပုံရသည့် ဦးလှလေးကို အရမ်းကြီးတော့ ပုံချ မယုံရဲသေးပေမယ့် တကယ် အမှန်တွေကို ပြောနေခြင်း သူ့အတွင်းစိတ်က ယုံကြည်ချင်နေသည့် အဖြစ်။

ဦးလှလေး၏ မျက်ရည်ကျနေသည့် အဖြစ်ကို ကြည့် တာ ရင်ထဲမှာ မကောင်းနိုင်တာမို့ မျက်နှာကို မသိမသာလွှဲ က်မိလျက်မှ ...

"အဖြစ်စုံကို ပြောပြပါလား ဦးကြီးရယ်၊ မေမေ ဒေါ်လှိုင်ဦး ရဲ့အကြောင်း၊ ဖေဖေ့အကြောင်း၊ ပြီးတော့ ဘယ်လိုမေမေ နဲ့ ဖေဖေ ဦးကောင်းပြည့်တို့ရဲ့သား တင်မိုးညို ဖြစ်လာရတဲ့ အကြောင်း၊ ဒါတွေကို ကျွန်တော် သိမှဖြစ်တော့မယ် ဦးကြီး၊ သိလဲ သိချိန်တန်ပြီ၊ သိသင့်ပါပြီ၊ ဦးကြီး ပြောပြ ပါလားဗျာ"

မေးစဉ်ခိုက် သူ့ရင်ထဲမှာ နာကျင်နေသည်။ အလဲလဲ ပြီ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖမဲ့သား။ ပြီးတော့ မိမိနေထိုင်ရာ နေအိမ်နှင့် ဝန်းကျင်မှာ။ ဖေဖေနှင့် မေမေ ဒေါ်လဲ့လဲ့နွယ်တို့၏ သားအဖြစ် ပိုင်နိုင် ပိုင်စိုးစွာ သွားလာလှုပ်ရှားခဲ့သော အတိတ်မှ ဖြစ်ရပ်များ။

တကယ်တော့ သူသည် ဘာမျှမဟုတ်သည့် တင်မိုးညို ဖြစ်နေပါလားဟု နားလည်နေရချိန်မှာ ရင်ထဲတွင် ရှက်စိတ်ဖြစ်တည်၏။ ကြေကွဲနာကျင်၏။ ချောက်ချားမှုသည် တုန်တုန်လှုပ်လှုပ်ပင် သူ့ရင်ကို လာဆောင့်နေသည့် အဖြစ်။

❤ ❦ ❤



## အခန်း(၁၉)

ရတနာမိုးကုမ္ပဏီရုံးခန်းကျယ်ကြီးတွင်းမှာ တောက်ပနေသော ကျွန်းစားပွဲကြီးထက်၌ သေသပ်စွာ ရှိနေသည့် ဖိုင်တွဲများ၊ စာရွက်စာတမ်းများဖြင့် ရှိနေသည့် အလုပ်စားပွဲမှာ ထိုင်နေရသည့် အဖြစ်အတွက် ရင်ထဲမှာ ရှက်ချင်၏။

ဦးကောင်းပြည့်နှင့် ဒေါ်လဲ့လဲ့နွယ်၏ တစ်ဦးတည်းသော သား။

ရတနာမိုး၏ မန်နေဂျင်းဒါရိုက်တာ တင်မိုးညိုတဲ့ လားလေ။

တကယ်က သူသည် ကွယ်လွန်ရမည့် ကာလတိုင်အောင် အရက်ဝိုင်းမှာ ရှိနေလျက် မူးရမ်းကာ လူသတ်ခဲ့သည့် လူတစ်ယောက်၏သား။ ထိုအရက်ဝိုင်းမှာပင် သေဆုံးခဲ့ရသည့် လူတစ်ယောက်၏သား။

မေမေ ဒေါ်လှိုင်ဦးကို စိတ်ဆင်းရဲအောင် လုပ်ခဲ့သည့် အဖေ။ သေခြင်းတရား မလှပခဲ့ပါသည့် အဖေ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ... အမေ။ ဟုတ်သည်။ သူ၏အမေရင်း ဒေါ်လှိုင်ဦး။

လောလောဆယ်မှာ အမေသည် နောက်အိမ်ထောင်နှင့် ဖြစ်နေပြီ။

ကလေးခြောက်ယောက် ရှိနေပြီ။

ဦးကြီးဦးလူလေးသည် အမေ၏ နောက်အိမ်ထောင်နှင့် ပတ်သက်၍ သိပ်ပြောပြချင်ပုံမရ။

အမေ့အပေါ် ကောင်းမှာမဟုတ်ဟူ၍ပဲ သူတွေးယူနားလည်ပေးခဲ့ရသည်ပဲလေ။

"ငါဟာ ဒီအဖြစ်တွေကို မသိခဲ့ရခင်တုန်းကတော့ ဖေဖေ မေမေတို့ရဲ့သား ... ရတနာမိုးနဲ့ အပတ်သက်ဆုံး လူတစ်ယောက်အဖြစ် ငါ့အလုပ်ကို ငါလာတဲ့အခါ ... ငါ့ဝန်ထမ်းတွေနဲ့ ငါဆက်ဆံရတဲ့အခါ ... ရင်ထဲမှာ လုပ်ပိုင်ခွင့်ရှိတဲ့ လူတစ်ယောက်အဖြစ်၊ ပိုင်နိုင်တဲ့ လူတစ်ယောက်အဖြစ် ပြောဆို လုပ်ကိုင်ခဲ့တယ်၊ ကိုယ့်ဟန်ကိုမတ်ပြီး သွားလာခဲ့တယ်၊ အခု ငါဟာ ဘာကောင်မှ မဟုတ်ဘူး ဆိုတာကို သိရပြီးတဲ့နောက်မှာ ငါ့ရင်ထဲမှာ လိပ်ပြာမသန့်ဘူး၊ သူတို့တွေ သိသွားကြတဲ့အခါ ငါ့အဖြစ်ကို တစ်နည်းနည်းနဲ့ သိသွားကြတဲ့အခါ ငါ ရင်ဆိုင်ရမှာ ဘယ်လောက်ထိ ရှက်ဖို့ကောင်းနေမလဲ"

သူ တွေးနေရင်းမှ မျက်စိကို စုံမှိတ်ချလိုက်ရင်း ကုလားထိုင်ကျောမှီကို မှီချလိုက်မိရသည်။ သားရေဖုံး ကျောမှီ ကုလားထိုင်ပေါ်မှ ကတ္တီပါဖုံး၏ အထိအတွေ့သည် နူးနူးညံ့ညံ့ရှိ၏။



မျက်နှာကြက်ဆီမှ မီးပန်းဆိုင်းကြီးကို မျက်စိဖွင့်အကြည့်မှာ မော့ကြည့် တွေ့မြင်ရတော့လည်း အကြည့်ကို လွှဲလိုက်မိသည်။ ဤနေရာ၊ ဤဝန်းကျင်သည် သူနှင့် မည်သို့မျှ ပတ်သက်သည့် နေရာတစ်ခုအဖြစ် ခံစားနေရ၊ သိနားလည်နေမိရခြင်းသည် ရင်ကို အဆိုးရွားဆုံးသော နှိပ်စက်မှု ဖြစ်နေသည်။

"ဒေါ်လှဲ့လှဲ့နွယ် ... အဲ ... မင်းရဲ့မေမေပဲ ဆိုပါတော့ကွာ၊ မင်းရဲ့မေမေဟာ ဒီကိစ္စကို ဦးကောင်းပြည့် မသိအောင် လျှို့ဝှက်ထားတယ်ကွ"

ဟူ၍ ပြောပြခဲ့သည့် ဦးလူလေး၏ စကားကို ပြန်ကြားယောင်မိလျက် မေမေ့ကို သနားစိတ်ဖြင့် မျက်ရည်ဝဲနေမိ၏။

ဖေဖေသိအောင် လုပ်လိုက်မည် ... ဟု ခြိမ်းခြောက်လိုက်တာနှင့် မေမေ့ခမျာ ငွေထုပ်ပိုက်၍ ဦးလူလေးကို သွားတွေ့ခဲ့ရှာသည် မဟုတ်ပါလား။

မေမေသည် ဖေဖေ သိသွားမှာကိုလည်း စိုးရိမ်ခဲ့ရှာသည်။ သူသိသွားမှာကိုလည်း ချောက်ချားကြောက်ရွံ့ခဲ့ရှာသည်။ နောက်ပြီး ... လူတွေ သိသွားမှာကိုလည်း စိုးရိမ်ခဲ့ရှာသည်။ ထိုစိုးရိမ်ချောက်ချားမှုများသည် အတိုင်းအဆမဲ့နေကြချေမှန်း သူနားလည်နေမိလျက် ရင်ထဲမှာ ကြေကွဲဆို့နင့်ရသည်။ မေမေ့ကိုအသနားကြီး သနားနေမိရသည်။

"မင်းအမေ မိလှိုင်ဦးကတော့ မင်းကို သားတစ်ယောက်မွေးခဲ့ဖူးတယ် ဆိုတာနဲ့ ချမ်းသာနေပြီ ဆိုပြီး စိတ်အေးနေ

www.burmeseclassic.com

တာကလွဲလို့ သူ့သားသမီး ခြောက်ယောက်၊ သူ့လင်အဖိုး တန်ကြီးရဲ့ ဓာတ်ပုံတွေကပ်ပြီး တဲမ်းတမ်းတတရယ်လို့ မင်းအပေါ် ဖြစ်မနေပေါင်ကွာ ... ထွပ် ... အလကား"

ဟု ယောက်ဖကို ကြည့်မရဟန်ဖြင့် ဦးလူလေး ပြောခဲ့တာကိုလည်း နားထဲမှ မထွက်။

သူသည် သူ၏မွေးမေရင်းနှင့် ပတ်သက်၍လည်း သူစိမ်းတစ်ယောက်နှယ်သာ အသိအမှတ်ပြု ခံနေရသည့် အဖြစ်ပါတကား။

တံခါးခေါက်သံ ကြားရတာမို့ သူ အတွေးကို ကြိုးစားဖြတ်ယူရသည်။ အတွေးတွေက ကြေကွဲနာကျင်နေခြင်းများနှင့်အတူ ပျောက်မသွားနိုင်အောင် စိုးမိုးနေသည့်အဖြစ်။

"ဝင်ခဲ့ပါ"

မန်နေဂျာ ဦးကြည်မြင့် ဝင်လာကာ သူ့စားပွဲရှေ့ ကုလားထိုင်မှာ ထိုင်သည်။

"ပို့ကုန်အတွက် လက်မှတ်ထိုးဖို့ စာရွက်စာတမ်းတွေ ဖိုင်ထဲမှာ ထည့်ပြီး မောင်တင်မိုးညိုရဲ့ စားပွဲမှာ ထားခဲ့တာ တွေ့မိရဲ့လားကွယ်"

ဟု အေးချမ်းသည့် မူပိုင်ဟန်ဖြင့်ပဲ မေးလာတော့ သူ အားနာစိတ် ဖြစ်ရသည်။

ရောက်ကတည်းက စိတ်တွေ မငြိမ်မသက် ဖြစ်နေရတာမို့ ဖိုင်ကိုဖွင့်၍ပင် မကြည့်ဖြစ်သေး။ ယခင်တုန်းကဆိုလျှင် ရောက်တာနှင့် ဖိုင်ကိုဖွင့်။ စာရွက်စာတမ်းများကို ဖတ်။ ပြီးလျှင် လက်မှတ်ထိုး။ နောက် အန်ကယ်ဦးကြည်မြင့်ကို ရုံးခန်းတွင်းသုံး



နှုန်းဖြင့် ခေါ်၍ပေး။ ဒါ ပြီးပြီကိစ္စ။ ဤနေ့မှာ သူ ပျက်ကွက်ရသည့် အဖြစ်။

သူ ကမန်းကတန်း ဖိုင်ကိုဖွင့်၍ စာရွက်စာတမ်းများကို တောက်လျှောက်ဖတ်။

လက်မှတ်လည်း ထိုးသည်။ အန်ကယ်ဦးကြည်မြင့်ကို သူ ကြည့်မိတော့ အကဲခတ်သလို ကြည့်နေတာကို မြင်၏။ အလုပ်မှာ ပေါ့လျော့သူအဖြစ် အန်ကယ် မြင်သွားချေမည်လားဟု တွေးဖြစ်လျက်၊ အနေခက်ရသည်ပါပဲ။

လက်မှတ်ထိုးပြီးတော့ ဖိုင်တွဲကို အန်ကယ်ဦးကြည်မြင့်ထံ ကမ်းပေးလျက် ...

"ကျေးဇူးတင်ပါတယ် အန်ကယ်"

ဟု ပြောမိသည်။ ထုံးစံအတိုင်း အန်ကယ်ဦးကြည်မြင့်ကတော့ ပြုံးပြခေါင်းညိတ်ကာ စကားအပို မပြောတတ်စွာပဲ အခန်းတွင်းမှ ပြန်ထွက်သွားပါ၏။

ထိုအခိုက် ဖုန်းခေါ်သံ မြည်လာတာမို့ ကောက်ကိုင်လိုက်ကာ ...

"ဟုတ်ကဲ့ ... ရတနာမိုးကုမ္ပဏီက တင်မိုးညိုပါ ခင်ဗျာ"

"မိုးလေးရေ ... အိမ်ကို အပြန်ပြန်ခဲ့ပါကွယ် ... ဒီမှာ မနွယ် သတိလစ်နေလို့၊ မောင်မြင့်ဖေလဲ မနွယ်ကုနေကျ နှလုံးအထူးကု ဒေါက်တာဦးဘထက်ဆီကို အပင့်သွားနေပြီ"

ဒေါ်ကြီးအိ၏ မူပန်သလဲ ငိုသံစွက်လျက် ပြောသံကြောင့် သူ့သွေးကြောတွေ ဆိုင်းကုန်သည်သို့ ခံစားလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ စကားကို ဘာမျှထပ်မပြောတော့ဘဲ တယ်လီဖုန်းကိုချ၍ ရုံးခန်းတွင်းမှ သူ ဒရောသောပါး ပြေးထွက်မိခဲ့ရပါပြီ။

ဝန်ထမ်းတွေကတော့ အပြေးပြေး အလွှားလွှား ထွက်သွားသည့် သူ့ကို အံ့သြစိတ်ဖြင့် လှမ်းကြည့်ကျန်ရစ်ခဲ့ကြသည့် အဖြစ်။

တစ်ခုခု အရေးတကြီးကိစ္စဖြစ်၍ ဆိုတာကိုတော့ တွေးမိနိုင်ကြချေမည်ပေါ့။

"မေမေ ဘာမှမဖြစ်ပါစေနဲ့ ... ဘာမှမဖြစ်ပါစေနဲ့"

သူ အထပ်ထပ် ပူပန်ခြင်းကြီးစွာဖြင့် ဆုတောင်းနေမိရပါပြီ။

ကားတွင်းသို့ဝင်ကာ အရှိန်နှင့် သူ သိရိမြိုင်သို့ ထွက်ခဲ့ရပါ၏။

❤ ❦ ❤



## အခန်း(၂၀)

စိုးရိမ်ဇောကြီးလျက် တောက်လျှောက်ပဲ မေမေ့ အခန်းသို့ သူ တက်ခဲ့သည်။ အန်ကယ်ဦးဘထက်၏ ကော်ရိုလာ ကားဖြူမလေး ဆင်ဝင်အောက်မှာ ရပ်ထားတာမို့ ရောက်နေပြီ ဆိုတာကိုတော့ နားလည်မိရသည်။ မေမေ့ကို ဆေးဝါးအကူအညီ ဖြင့် ဝေဒနာမှ သက်သာလွန်မြောက်အောင် အန်ကယ် ဆောင် ရွက်ပေးနေချေပြီထင့်။

မေမေ မည်သို့နေရှာပါလိမ့်။

အခန်းတွင်းသို့ သူ စိတ်လောတကြီးဖြင့် ခြေလှမ်း ကျဲကြီးတွေနှင့် ဝင်လာခိုက်မှာ အန်ကယ်ဦးဘထက် သူ့ကိုလှမ်း ကြည့်ပြီး လက်ကာပြသည်။ နှုတ်ခမ်းကို လက်ညှိုးဖြင့် ကပ်ပြ သည်။ စကားမပြောနဲ့ဆိုသည့် သဘော။

သူ ... ခြေလှမ်းကို တန့်ရပ်လိုက်ပြီးမှ မေမေ့ကို မျက်တောင်မခတ် လှမ်းကြည့်ရင်းမှ ခြေသံညင်ညင်ဖြင့် လျှောက် ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုတင်ထက်မှာ ပိုးသားဖုံး စောင်ပါးလေးကို ခြုံထားလျက် ငြိမ်သက်စွာ ရှိနေပါသည့် မေမေ့ မျက်နှာလေးကို ငုံ့မိုး၍ သူ ကြည့်သည်။ မေမေ့အသားတွေမှာ သွေးရောင်ဖျော့နေကြတာ အမှန်။

အသက်မှန်မှန်ရှူလျက် မေမေ အိပ်မောကျနေပါ၏။

အန်ကယ်ဦးဘထက်မှ လက်ရိပ်ပြ၍ အခန်းပြင်ဘက်သို့ ခေါ်ထွက်လာတာမို့ သူ လိုက်လာရပါ၏။

"သတိမေ့နေပေမယ့် မလဲ့လဲ့နွယ်ဟာ မိုးလေးရဲ့ နာမည်ကို တောက်လျှောက် ခေါ်နေတာ၊ တယ်လီဖုန်း ပြောနေရင်းက အဲသလို သတိမေ့သွားတာပဲလို့ ဒေါ်ကြင်အိ ပြောပြတယ်၊ တစ်ခုခု စိတ်ထိခိုက်စရာများ ကြားလိုက်သလား မသိဘူး မိုးလေး၊ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မလဲ့လဲ့နွယ်ကို စိတ်ချမ်းသာအောင်၊ သောကကင်းအောင်ထားကြဖို့ အရေးကြီးတယ်၊ အခု အန်ကယ် လိုအပ်တဲ့ဆေးတွေ ထိုးပေးခဲ့တယ်၊ အိပ်လဲ အိပ်ပျော်နေလိမ့်မယ်၊ သူ နိုးလာတဲ့အခါ စိတ်ချမ်းသာအောင် နေပေး၊ ပြောပေးဖို့ အရေးကြီးတယ်၊ အိမ်ကလူတွေကိုလဲ ပြောပြထား မိုးလေး"

ဟု ပြောတော့ သူ ခေါင်းညိတ်သည်။ မေမေ ဖုန်းပြောရင်း သတိမေ့သွားသည်ဆိုတော့ မည်သူနှင့် ဖြစ်ချေမည်လဲ။

ဦးလူလေးမှ ဆက်ခြင်းများလား။

ဒါပေမဲ့ ဦးလူလေးက ပြောခဲ့သည်ပဲလေ။ မေမေ့ကို စိတ်ဆင်းရဲအောင် ငွေမတောင်းတော့ ... ဟူ၍။



ဖုန်းသည် အဘယ်ကဖုန်း ဖြစ်ပါသလဲ။

မေမေသည် သတိလစ် လဲကျသွားပြီးသည့်နောက်မှာ သားဖြစ်သူ၏ အမည်ကိုပဲ တမ်းတနေရှာသည်တဲ့။

မေမေသည် သူ့ကို အရမ်းချစ်ရှာမှန်း နားလည်ထားပြီးသားပါ။

ရင်ထဲမှာ မေမေ့အတွက် စိုးရိမ်ခြင်းတွေပဲ ရှိနေသည်။ သူ့ကို မေမေ အရမ်းချစ်နေမှန်း ပို၍သိနားလည်လာရလေ၊ သားအရင်းမဟုတ်ပါဘဲနှင့် ချစ်ရှာသည့် မေမေ့ကို အတိုင်းအဆမဲ့စွာ ချစ်ရ လေးစားရလေပါ။

"မြတ်ဘုရားရှင် ... တပည့်တော်ရဲ့ မိခင်ကြီးအား ကျန်းမာတဲ့ဘဝကို အသက်ရှင်သည့်ဘဝကို ပေးသနားတော်မူပါ ဘုရား"

ဟု ဆုတောင်းနေမိလျက်မှ မျက်ရည်တွေ ဖြိုင်ခနဲ ကျလာတော့ အန်ကယ်ဦးဘထကမှ ...

"ကောင်းသွားမှာပါ ကလေးရယ်"

ဟု သူ့ပခုံးကိုဖက်၍ နှစ်သိမ့်ရှာပါ၏။

"သားရဲ့ဖေဖေ ပြန်မလာသေးဘူးနော်"

"ဟုတ်ပါတယ် အန်ကယ်၊ အခုလာမယ့် ဆန်းဒေးမှာ ပြန်လာမယ်လို့ မေမေ့ဆီကို ဒီမနက်ဘဲ ဖုန်းဆက်ပြောပါတယ်၊ မေမေ ပျော်နေတာပါ၊ မိုးသိရှိမြိုင်က ဒီမနက်ထွက်ခဲ့တဲ့ အချိန်ထိ မေမေ ရွှင်ရွှင်လန်းလန်းပါပဲ။ ဖေဖေ ပြန်လာမယ်ဆိုလို့ မေမေ ပျော်နေတာမို့ မိုးလေးတောင်မှ နောက်ခဲ့သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ အန်ကယ်ဦးဘထက် ငြိမ်၍ တစ်ေ ကို တွေးသလိုလုပ်ပြီးမှ ...

“ဖုန်းနားထောင်ရင်း ဖြစ်တာဆိုတော့ တစ်ခုခု စိတ်ထိခိုက် စရာ ကြားရလို့ ဖြစ်မှာပဲ မိုးလေး ... ဘာမှန်းသာ မသိ တာ ...”

ဟု ခပ်ညည်းညည်း ပြောရှာသည်။

အန်ကယ်ဦးဘထက်မှာ နောက်ထပ် တစ်နာရီကျော် မျှ သိရိုမြိုင်မှာပဲ နေသွားသည်။

နောက်တစ်ခေါက် ထပ်လာခဲ့ဦးမည်ဟု ပြောပြီး အန်ကယ် ပြန်သွားပါ၏။

သူ မေမေ့အခန်းတွင်းသို့ ဝင်သည်။ အိပ်မော နေရှာသည့် မေမေ့ မျက်နှာလေးကို မမိုတ်မသုန် ကြည့်နေမိ သည်။ အရမ်းကို ကျက်သရေရှိစွာ လှပချောမွေ့လွန်းပါသည် မေမေ။

သူ့အပေါ် အရမ်းကို ချစ်ရှာသည့် မေမေ။

မကြာလင့်ခဲ့သော ရက်ပိုင်းအတွင်းကမှ သူ့ကို ထားထားတိုးနှင့် နေရာချထားပေးချင်တာကို ပြောခဲ့ရှာသည် မေမေ။

မေမေသည် သူ့အပေါ် မိခင်ရင်းပမာ ပြုစုပျိုးထောင် ခဲ့သည်။ ယခုတိုင်လည်း ချစ်နေဆဲ။ ပူဝန်ပေးနေဆဲ။ မိခင်၏ ဝတ္တရား ကျေနေဆဲ။

မေမေ့အချစ်သည် မိခင်ရင်းပမာ အေးချမ်းပြည့်ဝ လွန်လှချေသည်တည့်။



မေမေ့လက်ကို ညင်သာစွာ သူ ဆုပ်ကိုင်ထားလျက် မှ မေမေ့ မျက်နှာကို ကြည့်နေရင်းဖြင့်ပင် တိတ်ဆိတ်ငြိမ်သက် လွန်းစွာ သူ မျက်ရည်များ ကျနေမိရပါသည့် အဖြစ်။

မေမေ့အပါးမှ သူ မခွာ။ မေမေ့လက်ကို မလွှတ် တမ်း ဆုပ်ကိုင်ထားလျက် မေမေ့ မျက်နှာကို သူ အစဉ်တစိုက် ကြည့်နေမိရပါ၏။

ဒေါ်ကြီးအိ ဝင်လာကာ မျက်ရည်ဝေနေသော မျက် ခန်းများဖြင့် သူတို့သားအမိကို ကြည့်သည်။

အသံတိုးတိုးဖြင့် ဒေါ်ကြီးအိ ပြောပြနေသမျှကို သူ တိတ်ဆိတ်စွာပဲ နားစိုက်ထောင်နေမိရပါ၏။

“ညှော်ခန်းမှာ မနွယ်ရော ဒေါ်ကြီးအိရော ရှိနေတာ၊ မနွယ်က တရားစာအုပ် ဖတ်နေတာ၊ ဖုန်းလာလို့ မနွယ်ပဲ သွားကိုင်တယ်၊ ဘာလုပ်ဖို့လဲ ပြန်မပေးပါနဲ့တော့၊ ပေးပြီး ပြီပဲလို့ ပြောနေသံကို ဒေါ်ကြီး ကြားရတယ်၊ နောက်တော့... ဟိုဘက်က ဘာတွေပြောနေတယ် မသိဘူး၊ အငြိမ်ကြီး ငြိမ်သွားပြီး ... ဟင် ... ပြောပြလိုက်ပြီလား၊ ဒါဆို ကလေး သိသွားပြီပေါ့လို့ ပြောပြီးတာနဲ့ သတိမေ့သွားတာပဲ၊ မိုးလေး နာမည်ကိုတော့ တစ်လျှောက်လုံး ယောင်ယမ်း ခေါ်နေတာ၊ မိုးလေး ... မေမေ့သားလေး၊ မေမေ့ဆီမှာနေ ပါ၊ မေမေ့ဆီမှာ နေပါနဲ့ကွယ်”

ဟု ပြောခိုက်မှာ သူ မျက်ရည်များ တန့်ဆည်မရ ကျလာလျက် ရှိုက်သံတိုးတိုး စတင်ထွက်လာသည်။ နှုတ်ခမ်း တင်းနေအောင် စေ့ပိတ်ထားလျက်မှ မေမေ့ မျက်နှာကို မျက်

www.burmeseclassic.com

www.burmeseclassic.com



တောင်မခတ် ငေးစိုက်ကြည့်နေမိရာမှ မျက်ဝန်းကို ပိတ်ချလိုက်မိပါ၏။ မျက်ရည်လုံးကြီးများ ဖြိုင်ကျနေရပါသည့် အဖြစ်။

မေမေ့ လက်ဖမိုးလေးထက်မှာ မျက်နှာကို ဖေးတင်ထားရင်းမှ မေမေ့ လက်ဖမိုးလေးကို ပင့်ယူထားရင်းမှ သူ မျက်ရည်များ လူးနေသည့် မျက်နှာကို ပွတ်လူးနေမိပါ၏။

"မေမေ့ကို မိုးလေး ဘယ်တော့မှ မခွဲနိုင်ပါဘူး မေမေ မေမေဟာ မိုးရဲ့မေမေပါ ... မိုးရဲ့မေမေပါဗျာ၊ မေမေ သတိလစ်ရအောင် ဘယ်က ဖုန်းဆက်တယ်ဆိုတာ မိုး သိနေပါပြီ မေမေ၊ ဦးလူလေးဆီက ငွေတွေကို ပြန်ပေးမယ် လို့ ပြောခဲ့တာ ဖြစ်မှာ၊ ဒီအဖြစ်တွေကို သား သိသွားပြီ ပြောပြလိုက်ပြီလို့ ပြောခဲ့မှာတွေကို သား မှန်းဆနားလည် လိုက်ပါပြီ မေမေ၊ မေမေဟာ မိုးလေးရဲ့အမေရင်း မဟုတ် ဘူးဆိုပြီး မေမေ့ ရင်ခွင်ထဲက မိုးလေး ထွက်သွားတော့မှာ ဆိုတာကို မေမေ စိုးရိမ်ခဲ့မှာ မိုးနားလည်ပါတယ် မေမေ မေမေ့ကို မိုး ဘယ်တော့မှ မခွဲပါဘူး မေမေ"

သူ တွေးရင်း ရင်တစ်အုံလုံး ဆုပ်ညှစ်ထားသည်သို့ ခံစားနေရသည်။ မေမေ့လက်ကို မလွှတ်နိုင်စွာဘဲ ထွေးဆုပ်ယူထားရင်းမှ မျက်နှာနှင့် အပ်ထားမိရဆဲပါ။ မျက်ရည်များသည်လည်း မေမေ့ လက်ဖမိုးနုနုထက်မှာ စွန်းထင်းနေဆဲပါ။

သားရင်းပမာ မေမေ ချစ်ခဲ့၊ ပြုစုပျိုးထောင်ခဲ့ရသော သမျှ။ အမေရင်း မဟုတ်ဟု သားဖြစ်သူ သိသွားချေပြီကောလို့ မေမေ သိလိုက်ရချိန်မှာ အဘယ်အထိ မေမေ ရင်ကွဲချောက်ချား ခဲ့ရှာချေလိမ့်မည်လဲ။ နှလုံးအိမ် တစ်ခုလုံး အပြိုပြိုအလဲလဲ



...ခင် မိခင်တစ်ဦး၏ လောင်မြိုက်နေသော အပူမီးကြောင့် ...မေ သတိလစ် လဲကျသွားခဲ့ရှာခြင်း ဆိုတာကို သူ နားလည် ...ရသည်။

"မေမေရယ်"

ဟု မေမေ့ လက်ဖမိုးကို ပင့်မ,ယူထားရင်း နမ်း... ထိကပ်ထားကာ သူ ငိုကြွေးနေမိရဆဲ။ ဤလက်များသည် ...ကို ထွေးပွေ့ ချော့မြူခဲ့သော လက်များ။ ပိုက်ထွေးယုယခဲ့ ...သော လက်များ။

"မေမေဟာ သားရဲ့မေမေပါပဲ မေမေရယ်၊ မေမေ့သွေး ကြောတွေထဲမှာ စီးဝင်နေတဲ့ သွေးတွေဟာ သားရဲ့သွေး ကြောတွေထဲမှာ ကူးစက်ပျံ့နှံ့ စီးဝင်နေသလိုပါ၊ မေမေ့ကို သား ချစ်ပါတယ် မေမေ"

ဟု တွေးရင်း မေမေ့ လက်များကို သူ နမ်းဖြင့် ...ပ်ထားရာမှ ပါးပြင်ဖြင့် ပွတ်မိသည်။ နှုတ်ခမ်းများဖြင့် နမ်း ...မိသည်။ မေမေ့ကို သူ အရမ်းချစ်သည်လေ။

ထိုအခိုက် ခြေသံညင်ညင်ကို သူ ကြားရတာမို့ ...ါးရှိရာဘက်ကို ကြည့်မိတော့ တံခါးပေါင်ကို ဖြူဥနေသော ...က်ချောင်းလေးများဖြင့် ဖေးကိုင်ထားရင်းဖြင့် ခပ်ငေးငေးကြည့် ...သော ထားထားတိုး။ ထားထားတိုး၏ မျက်ဝန်းတွေထဲမှာ ...သော ကြင်နာရိပ်များ ပြည့်နေသည်။

အရမ်းကို ထိခိုက်ခံစားနေရသည့် သူ့အသွင်ကို ...ထားတိုး ငေးကြည့်နေရင်းမှ မျက်ဝန်းမှာ မျက်ရည်ကြည် ...သာတာကို သူ မြင်နေရသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များ စွန်းထင်းဖြိုင်ကျနေသော သူ့အသ ကို ဘယ်တုန်းကမှ ထားထားတိုး မြင်ဖူးခဲ့တာ မဟုတ်။ မိ အတွက် လောင်မြိုက်နေသော ရင်ဖြင့် သောက၏ ဖိစီးမှုအော မှာ စုန်းစုန်းမြုပ်နေသည့် သားတစ်ယောက်၏ မျက်ရည် စွန်းထင်းနေပါသော မျက်နှာကို ထားထားတိုး မကြည့်ရက်သ ခံစားနေရသည်။

ပြာလဲ့သော မျက်သား၏ အလယ်မှ မျက်နက် သည် အရည်ပိုလဲ့လာ၏။

နူးညံ့ကြင်နာခြင်းဆိုသည့် အရာကို ထားထားတိုး မျက်ဝန်းများမှာ သူ ပထမဆုံး သူနှင့်ပတ်သက်၍ ခံစားတွေ ရခြင်း။

သူ အရမ်းထိခိုက် ခံစားရင်း မျက်ရည်များ ဖြိုင် နေတာကို ထားထားတိုး ဘယ်အချိန်ကတည်းက ကြည့်နေ လိမ့်။

ထားထားတိုး၏ လက်ချောင်းလေးတွေက ထ ပေါင်ကို ဖေးကိုင်ထားဆဲ။

နေရာမှာ ရပ်နေဆဲ။

ထိုအခိုက် ဘွားဒေါ်စုမြတ် တံခါးဆီသို့ ရောက် ၏။

"မိတူးရယ် ခုမှ အိမ်ကိုပြေးလာ ပြောပြလို့ သိရ ချက်ချင်း လာပြောရမှာကို မွန်ထူပြီး မေ့နေလို့တဲ့ မကြင်အိလဲ ဖုန်းဆက်ပြောဖို့ သတိလစ်သွားလို့ ထ ရဲ့၊ အေးလေ ... ပူပန်သလဲနဲ့ စိတ်ပူနေကြရတာ



မိတူးတောင်မှ ဖုန်းနဲ့ပြောပြဖို့သတိမရဘူးတဲ့၊ ခုမှ ပြေး ပြောဖို့ပဲ စိတ်ကူးထဲ သတိရလို့ ပြေးပြောရတာတဲ့၊ မောင် မြင့်ဖေနဲ့ ဂျက်က ဆရာဝန်အပင့် သွားခဲ့တာဆို ...၊ ဆရာ ဝန်ကြီးတောင်မှ ပြန်သွားပြီဆို၊ အင်း ... ဘွားဖြင့် အိမ် ချင်းသာ နီးရတာ၊ ခု ... မိတူး လာပြောမှ သိရတာ၊ မနွယ် အိပ်ပျော်နေတယ်နဲ့ တူရဲ့"

ဟု မေမေ့ ခုတင်ဘေးမှာ ဘွားထိုင်ကာ မေမေ့ခြေ က်တွေ စမ်းကြည့်။ နဖူးစမ်းကြည့်နှင့် ခပ်တိုးတိုး ပြောပြ သည်။ နောက်တော့ ဘုရားစာရွတ်သည်။ နေကောင်းဖို့ တောင်းပေးရှာသည်။

သူ ဘာမျှမပြော။ မေမေ့လက်ကိုလည်း မလွှတ်။ ခဲ့ မျက်နှာကိုသာ ငေးစိုက်ကြည့်ရင်း မျက်ရည်သာ ကျနေ ည်။

မေမေ ဘာကြောင့် ယခုလို ဖြစ်သွားရတာ သူသိ သည်လေ။

သားဖြစ်သူကို ချစ်လွန်းသည့်ဖော။

အမေရင်း မဟုတ်ဟူ၍ သိသွားချိန်မှာ သားဖြစ်သူ စိမ်းကားခြင်းနှင့် အချစ်လျော့ခြင်းကို ခံစားရမှာကို ချောက် ကြကွဲနေသည့် သောက။

အဖြစ်မှန်ကို သား သိသွားချေပြီပဲဟု တုန်လှုပ် က်ချားမှုများစွာ။

ထိုအရာများကြောင့် မေမေ့ခမျာ သတိလစ် မေ့လဲ သည်အထိ ဝေဒနာကြီးမားခဲ့ရရှာချေသည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မိုးလေး ... ငါ့မြေး စိတ်အရမ်းပူနေတယ် ထင်ပါ
ဆရာဝန်ကြီး လာကြည့်သွားတယ်ဆို၊ ကောင်းသွားမှာ
မြေးရယ်၊ အခြေအနေကောင်းလို့ ဆရာဝန်ကြီး ခဏ
သွားတာပေါ့၊ စိုးရိမ်ရရင်ဖြင့် ဆေးရုံတင်မှာပေါ့၊ သူ
ဘယ်ပြန်ပါ့မလဲ ကလေးရယ်၊ အင်း ... အမေကို ချ
သားလေး ...၊ ကြည့်စမ်း ... မျက်ရည်တွေ ကျထားလို
တာကွယ်"

ဟု တတွတ်တွတ် ပြောရင်း သူ့မျက်ရည်များ
ဘွား တယုတယ သုတ်ပေးရှာသည်။ ဆံစများကို သပ်ပေးရှာသည်

"ထားလဲ ကြားကြားချင်း ဘွားနဲ့ လိုက်လာရတာ"

ဟု ထားထားတိုး ခပ်တိုးတိုး ပြောတော့ သူ
ကြည့်ဖြစ်၏။ သူ့ဘေးမှာ ထားထားတိုး ရပ်နေသည်။ မျက်
အကြည့်မှာ သိမ်မွေ့ကြင်နာခြင်းတွေ ရှိနေဆဲ။

ဪ ... ထားထားတိုး၏ မျက်ဝန်းတွေမှာလ
မျက်ရည်တွေ ဝေနေဆဲ။

သူ့ ထိခိုက်စွာ၊ အစိုးရိမ်ကြီးစွာ၊ ကြေကွဲခံစား
များစွာဖြင့် ငိုကြွေးနေခြင်းကို ကူးစက်ခံစားရလျက်ဖြင့် ထားထား
မျက်ရည်များ ဝဲနေခြင်း။

ထိုသို့ သူ ခံစားနားလည်လျက် ထားထားတိုး
မျက်နှာကို သူ မော့ကြည့်နေမိရဆဲ။

"ကျေးဇူးတင်ပါတယ် ထား၊ ထိုင်လေ"

ဟု သူပြောတော့ ထားထားတိုး သူ့ဘေး
ကုလားထိုင်တစ်လုံးကို ဆွဲယူ၍ ထိုင်သည်။



သင်းပျံ့သော ရနံ့ကို သူ ရှူရှိုက်မိလိုက်ရသည်။
သရဖီပန်းရနံ့။

ဖွဲ့ပေးခဲ့သော ပန်း၏ရနံ့အဖြစ် သူ နားလည်ထားမိ
သည်။

ထားထားတိုး၏ သနပ်ခါးအစင်းကြောင်းလေးများ
ဝိုးဝါးထင်နေသည့် မျက်နှာနုနုလေးကို သူ တစ်ချက်ကြည့်မိ၏။
သူ့ကို ထားထားတိုး ကြည့်နေဆဲ။

ဖေးကူလိုခြင်းနှင့် သနားကြင်နာခြင်းများ ယှက်ဖြာ
နေသည့် အကြည့်များဟု သူ နားလည်မိသည်။

"ဒေါ်လေးကို ထား စောင့်ကြည့်ပေးမယ်လေ ...၊ ကိုမိုး
အရမ်းကို စိတ်ထိခိုက် ပင်ပန်းထားတာ၊ အနားယူလိုက်
ပါလားဟင်"

သိမ်မွေ့ညင်သာစွာ ပြောလာသည့် ထားထားတိုးကို
သူ ခေါင်းယမ်းပြမိသည်။ မေမေ့ကို သူ ကြည့်လျက်မှ ...

"မေမေ သတိရချိန်မှာ ... မိုးရှိမှ ဖြစ်မှာ ထား၊ မိုး ...
မေမေ့ကို အရမ်းချစ်တယ်၊ အဲဒါကို မေမေ့ကို မိုးပြောပြ
မှ ဖြစ်မယ် ထား"

ဟု ပြောနေမိသည်။ သူ့အသွင်က မိမိဘာသာ
ရေရွတ်နေသည့် လူတစ်ယောက်နှယ် ဖြစ်နေသည်။ မေမေ့လက်
ကို သူ ဆုပ်ကိုင်ထားဆဲ။

"မေမေဟာ မိုးဘဝမှာ အရေးအကြီးဆုံးနဲ့ အလေးစားရဆုံး၊
အချစ်ရဆုံး မေမေပါ၊ အဲဒါ မေမေ သိထားပါ မေမေရယ်၊
သိထားပါဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



ကို ဆိုဆိုနင့်နင့် ပြောနေမိရင်းမှ ဘယ်လိုမှ ထိန်းချုပ်မရနိုင်စွာ မေမေ့ ရင်ခွင်ထက်မှာ ခေါင်းကို တင်ထားမိရင်းမှ သူ ငိုကြွေးနေမိရပါပြီတည်း ...။

❤ ❤ ❤



## အခန်း(၂၁)

ဘာပဲဖြစ်ဖြစ်ပေါ့ သားရယ်။ သားဟာ မေမေ့ရဲ့ သားပါ။

မေမေ့ရင်ကိုနှစ်ပြီး ချစ်ရတဲ့ သားလေးပေါ့ကွယ်။

ဒါကြောင့် သားကို အခုပြောပြတဲ့အခါမှာ ဖေဖေ မေမေဆိုတဲ့ အသုံးကိုပဲ မေမေ သုံးနိုင်တယ် သား။ ပြောင်းလဲပြီး မေမေ ဘယ်လိုနည်းနဲ့မှ မသုံးနိုင်တာကို သား နားလည်ပေးစေချင်တယ်။

သားရဲ့ ဖေဖေနဲ့ မေမေဟာ လူကြီးမိဘတွေရဲ့ စီမံမှုအရ အိမ်ထောင်ဖက်တွေ ဖြစ်ခဲ့ကြတယ် မိုးလေး။

ကိုကောင်းပြည့် ဆိုတာဟာ ကြွယ်ဝချမ်းသာတဲ့ တစ်ဦးတည်းသောသားဖြစ်သလို လဲ့လဲ့နွယ်ဆိုတာကလဲ ကြွယ်ဝချမ်းသာတဲ့ မိသားစုရဲ့ တစ်ဦးတည်းသောသမီးမို့ ဖေဖေနဲ့ မေမေတို့ရဲ့ အိမ်ထောင်ရေးမှာ ငွေရေးကြေးရေးနဲ့ ပတ်သက်လို့ ပူပင်သောကရယ်လို့ မရှိခဲ့ကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



မိုးလေးရဲ့ ဖေဖေဟာ စီးပွားရေးမှာ အရမ်းကို မြင်တတ်တယ်၊ စီမံလုပ်ကိုင်ကတတ်တယ်။ စိတ်ကို နှစ်ပြီးတော့လဲ လုပ်ကိုင်တယ်။

မေမေ့အပေါ်မှာလဲ ကြင်နာ၊ ဂရုစိုက်ရှာပါတယ်ကွယ်။ ဒီနေ့ထိ မေမေ့ကို သားရဲ့ဖေဖေဟာ စိတ်ဆင်းရဲအောင် ဘာတစ်ခုမှ မလုပ်ခဲ့ရှာသူပါ။

မေမေကသာ မိုးလေးရဲ့ ဖေဖေ့အပေါ်မှာ အရေးကြီးတဲ့အကြောင်းတစ်ခုအပေါ်မှာ လျှို့ဝှက်လိမ်ညာခဲ့တဲ့သူတစ်ယောက်ပါ မိုးလေးရယ်။

ဒါပေမဲ့ ဒီလို လိမ်ညာလျှို့ဝှက်ထားတာဟာ မိုး သားမှာတစ်ခုရယ်လို့တော့ မေမေ မသတ်မှတ်ချင်ဘူး။ မိုးလေး ချစ်လွန်းလို့ရယ်။

သားတစ်ယောက်ကို လိုချင်လွန်းရှာတဲ့ သားရဲ့ ဖေဖေ့ရင်ကို ငြိမ်းအေးပြည့်ဝစေချင်လို့ရယ်၊ ဒီအတွက် မေမေ လျှို့ဝှက်လိမ်ညာခဲ့ရတာပဲ့ အပြစ်ကင်းသော လျှို့ဝှက်မှုလို့ မေမေ ခံယူထားပါတယ် မိုးလေး။ သားရဲ့ဖေဖေနဲ့ မေမေ အိမ်ထောင်ကျပြီး သုံးလေးနှစ်အထိ ရင်သွေးမရခဲ့ဘူး မိုး။ သားဖေဖေဟာ သူ့မျိုးဆက်ပွင့်ကို အရမ်းလိုချင်တယ်။

ထူးချွန်တဲ့သားတစ်ယောက်ကို တမ်းတတယ်။ အဲဒီသားဟာ သူ့လိုပဲ ထူးချွန်တဲ့ စီးပွားရေးအမြင်ရှိတဲ့လုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်စေချင်နေတာယ်။

မေမေ့မှာ ရင်သွေးလေး ရှိနေပြီဆိုတော့ မေမေရော ဖေဖေရော သိရချိန်မှာ အရမ်းကိုပျော်ခဲ့ကြတယ် သား။



ဒါပေမဲ့ မိုးလေးရယ်။ သား ဖေဖေ မသိအောင် လျှို့ဝှက်မိမှာ ရှိသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ရင်သွေးလေး ရှိနေပြီဖြစ်တဲ့ မေမေ့မှာ နှလုံးရောဂါကလဲ ရှိနေနှင့်ပြီဆိုတဲ့ အဖြစ်ကိုပါပဲ။

နှလုံးတုန်လိုက်၊ မောလိုက်၊ မိုက်ခနဲ ဖြစ်လိုက်နဲ့ ရှိတဲ့ဝေဒနာကို ရင်သွေးရှိနေတဲ့ မေမေ့မှာ နှလုံးရောဂါယှဉ်ဖြစ်နေပြီဆိုတာ သမားတော်ကြီးက စမ်းသပ်ပြောပြလာတဲ့အခါ မေမေ အရမ်းကိုစိတ်ပူခဲ့တယ်။ အဲဒါ ဘာလဲသိလား သား။

မေမေ့ ရင်သွေးလေးကို ကျန်းမာစွာ မွေးဖွားနိုင်ခွင့်မှ ရှိပါ့မလားဆိုတဲ့ ပူပင်ခြင်းတရားပါ။

မေမေ့မှာ နှလုံးရောဂါရှိနေတယ်ဆိုတာကိုတော့ သားဖေဖေကို အသိမပေးခဲ့ဘူး။ မေမေ့ဆရာဝန်ကိုလဲ အဲဒီကိစ္စ အသိမပေးဖို့ မေမေ အရမ်းကိုတောင်းပန်ထားခဲ့တာ။

အဲဒီအချိန်တုန်းက သား ဖေဖေမှာ ခေါက်ဆွဲစက်ရုံတည်တဲ့ကိစ္စနှင့် လုံးပမ်းပင်ပန်းနေရှာတာ။ အရွယ်နှင့်မမျှ စီးပွားရေးလုပ်ကိုင်ဖို့ လောဘကြီးရှာတဲ့ သား ဖေဖေ့ကို မေမေ့ရောဂါကို အသိမပေးရက်လို့ပါကွယ်။ ဆရာဝန်ကိုလဲ အဲသလိုပဲ မေမေ တောင်းပန်ရတာ။ မေမေ့အတွက် ပူပင်မှုတိုးရင်ဖြင့် သားဖေဖေ့ အရမ်းကိုပင်ပန်းပြီး စိတ်ပန်းလူပန်းနဲ့ ရောဂါရမှာကို မေမေ စိုးရိမ်ခဲ့တယ် သား။

မေမေဟာ သားဖေဖေရဲ့ လုပ်ငန်းကိုင်ငန်းတွေနဲ့ ပတ်သက်တဲ့ စာရင်းဇယား ငွေကြေးကိစ္စ တွက်ချက်တဲ့နေရာမှာ သားဖေဖေကို အတင်းကူညီလုပ်ကိုင်ပေးတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သားဖေဖေရဲ့ ရတနာဆိုင်ကိုလဲ နေ့ခင်းပိုင်းတွေမှာ ဝင်ထိုင်တတ်တယ်။

သားဖေဖေက မေမေ့ကို နားနားနေနေ ရှိစေချင်တယ်။

မေမေကလဲ သားဖေဖေကို ကူညီလုပ်ကိုင်ပေးချင်တယ်။

နောက်တော့ မေမေဟာ ရင်တုန်တာပိုဖြစ်လာတယ်။ မူးလာတာ ပိုများလာတယ်။

သားဖေဖေက မေမေ့ကို အနားယူဖို့ပြောလို့မရတော့ မေမေ့ဆရာဝန်ကို သွားညည်းတော့တာပဲ။

သားဖေဖေနဲ့ မေမေတို့ အတူမြို့တစ်မြို့မြို့မှာ တစ်ပတ်လောက်ဖြစ်ဖြစ် အနားယူပါလားလို့ ရယ်မောပြီး ဆရာဝန်ကြီးက ပြောတယ် သား။

ကိုကောင်းပြည့်လဲ အနားယူဖို့ မေ့နေတာကိုး ဆိုပြီး ဆရာဝန်ကြီးက ပြောတော့ သားဖေဖေက မေမေနဲ့ အတူ ကလောမြို့လေးကို သွားပြီး အနားယူကြမယ်လို့ ဆုံးဖြတ်ခဲ့တယ်။

အဲဒါဟာ ... မေမေနဲ့ သားတို့ ဆုံစည်းဖို့ အခြေခံ အကြောင်းတရားပဲ သား။

ကလောမြို့လေးကို သားရဲ့ဖေဖေရယ် မေမေရယ် ဒေါ်ကြင်အိရယ် လေယာဉ်နဲ့ သွားကြတယ်။ ဟဲဟိုးလေဆိပ်ကနေ အငှားကားနဲ့ ကလောဟိုတယ်ကို ရောက်တယ်။ ကလောမြို့လေးဟာ အေးချမ်းသာယာတဲ့ တောင်ပေါ်မြို့လေးတစ်မြို့ပဲ သား။



တောင်ကုန်းတွေ၊ တောင်တန်းတွေ၊ အသွေးစုံတဲ့ ပန်းတွေ၊ ထင်းရှူးတောတွေနဲ့ အေးမြတဲ့ လေပြည်တွေရှိတယ်။ လတ်ဆတ်တဲ့ သီးနှံတွေရှိတယ်။ စိုက်ခင်းတွေရှိတယ်။

သားဖေဖေနဲ့ မေမေတို့ အဲဒီမှာ အေးအေးလူလူ အနားယူရတာ ရင်ထဲမှာ အနှောင်အဖွဲ့ကင်းလိုက်တာ သားရယ်။ ငွေကြေးကိစ္စတွေနဲ့ ကင်းရှင်းနေလိုက်တာ သားဖေဖေ စီးပွားရေးဇောကြီး၊ မျှော်လင့်ချက်ကြီးနေလို့သာ မေမေ့မှာ သားရဲ့ဖေဖေ့ လုပ်ငန်းတွေမှာ တတ်စွမ်းသလောက် ဝင်လုပ်ကိုင်ကူနေရပေမယ့် အဲဒီငွေတွေကြားမှာ နစ်မြုပ်နေရတာကို မေမေ ပင်ပန်းတယ် သား။

အဲဒီကလောမြို့လေးမှာ မေမေနေခဲ့တဲ့ ကာလလေးကို ခုထိ တမ်းတနေမိတတ်၊ လွမ်းနေမိရတတ်တယ်ကွယ်။

နောက်တစ်ခုက အဲဒီမြို့လေးကို မေမေ ရောက်ရှိသွားခြင်းဟာ သားနဲ့ မေမေတို့ရဲ့ ရေးရေစက်အကြောင်းကံကြောင့်ပဲလို့ မေမေ ယုံကြည်ထားတယ် သားမီး။

တစ်နေ့မှာ ကလောဟိုတယ်က သားဖေဖေ့ဆီကို ရန်ကုန်က ဖုန်းဝင်တယ်။

ခေါက်ဆွဲစက်ရုံ မန်နေဂျာ ဦးသောင်းဌေးဆီကပဲ သား။

ဂျုံတွေ ပို့ရဖို့ကိစ္စ နယ်တွေက ပို့မလာဘူးလို့ ပြောတယ်။

ခေါက်ဆွဲစက်ရုံမှာ ကုန်ကြမ်းကပြတ်တော့မှာ၊ စက်ရုံ လည်ပတ်မှုကျတာနဲ့ လုပ်ငန်းမှာ အရှုံးပေါ်မယ်လေ၊ အလုပ်သမား

www.burmeseclassic.com

www.burmeseclassic.com



ခ၊ စက်ရုံရဲ့စရိတ်စကဆိုတာက နည်းတာမဟုတ်ဘူး။ ကုန်ထွက်နည်းရင် ကုန်ကျစရိတ်နဲ့ ဘယ်လိုမှ ထေနိုင်တော့မှာမဟုတ်ဘူး။

အဲဒါကြောင့် သားဖေဖေက ကလောကနေပြီး တိုက်ရိုက်ပဲ ဂျုံပို့ပေးတဲ့နယ်တွေကို ချက်ချင်း ဖုန်းနဲ့ဆက်သွယ်။ ပြီးတော့ လူကိုယ်တိုင် လိုက်သွားတယ်။

ကလောမြို့မှာ အေးအေးဆေးဆေးဆက်ပြီး အနားယူဖို့ မေမေ့ကို ဒေါ်ကြင်အိနဲ့ အတူထားခဲ့တယ်။ မေမေက ကလောမြို့လေးမှာ တစ်ပတ်ကျော် အနားယူလိုက်တာနဲ့ပဲ ပါးပြင်လေးတွေမှာ ပန်းရောင်သန်းနေပြီ။ လတ်ဆတ်တဲ့ အသီးအနှံနဲ့ အေးမြချမ်းငြိမ်းတဲ့ နေရာလေးမှာ နေရတဲ့ ကျေးဇူးပေါ့ကွယ်။

ဒါကြောင့် သားဖေဖေက မေမေ့ကို ဆက်ပြီး ကလောမြို့လေးမှာ နှစ်ပတ်လောက် နားစေနေစေချင်သေးတာ။

နောက်မှ မေမေ့ကို သားဖေဖေက လာကြိုမယ်။ လာခေါ်မယ်လို့ မှာပြီး ထွက်သွားတယ်။ အဲဒီအထိ အားလုံးဟာ အဆင်ပြေနေတယ် သား။

ဒါပေမဲ့ သားရယ် ... သား၊ ဖေဖေ ထွက်သွားပြီး သုံးရက်မှာပဲ မေမေဟာ ရေချိုးခန်းမှာ ချော်လဲခဲ့တယ်။ သွေးတွေဆင်းလာတယ်။

ဘယ်လိုမှ မမျှော်လင့်ခဲ့တဲ့အဖြစ်ပဲ သားမိုးရယ်။

မေမေ့ကိုယ်ဝန်က ခုနစ်လထဲမှာ ရှိနေပြီ။

မေမေ့ကို ဟိုတယ်မန်နေဂျာရဲ့ စီစဉ်ကူညီပေးမှုကြောင့် ဆေးရုံကို မေမေ ရောက်ခဲ့တယ်။ ကလေးကတော့ ပျက်ကျသွားခဲ့တယ် သားရယ်။



အဲဒီအပြင် မေမေ ချောက်ချားစွာ ထပ်သိခဲ့ရတာကတော့ ထိခိုက်ခဲ့တဲ့ သားအိမ်ရဲ့ဒဏ်ကြောင့် မေမေဟာ နောက်ထပ် ဘယ်တော့မှ သန္ဓေသားကိုမှ မလွယ်နိုင်တော့ဘူးဆိုတဲ့ အဖြစ်ကိုပါပဲ။

တာဝန်ကျဆရာဝန်ရဲ့ပြောပြမှု၊ အသိပေးမှုကြောင့် မေမေဟာ အရူးတစ်ယောက်လိုပဲ ငိုကြွေးမိတယ်။

မေမေဟာ ဘယ်တော့မှ ကလေးမရနိုင်တော့ဘူးတဲ့၊ ကလေးလိုချင်လွန်းတဲ့ မေမေဟာ ကလေးမရနိုင်တော့ဘူးလို့ သိလိုက်ရခြင်းအတွက် ဘယ်လိုမှ ဖြေလို့မရနိုင်အောင် အထိခိုက်ကြီးထိခိုက်၊ အငိုကြွေးကြီးငိုကြွေးနေမိရတာပါပဲ။

မေမေ ဆေးရုံတက်ရတာကို သားဖေဖေ့ဆီ အကြောင်းမကြားဖို့ ဒေါ်ကြင်အိကို မေမေ မှာခဲ့မိတုန်းကတော့ သား ဖေဖေ စိတ်ပင်ပန်းတကြီးနဲ့ ပြေးလာမှာကို သနားလို့ပါကွယ်။

ခုလို ကလေးပါ မရနိုင်တော့ဘူးဆိုတာ သိရချိန်ကျတော့ မေမေ့ရင်ထဲ ချိနိုင်တော့အောင် ငိုနေမိတော့တာပါပဲ။

သားဖေဖေက ဘယ်ထိ သူ့မျိုးဆက်သွေးကို လိုချင်တောင့်တတယ်ဆိုတာ မေမေ အသိဆုံး မဟုတ်သေး။

မေမေ ဆေးရုံကဆင်းတော့ ဒေါ်ကြင်အိနဲ့ ကလောဟိုတယ်ဝန်းကျင်လမ်းအဝိုင်း ထင်ရှူးတောမှာ လမ်းလျှောက်တယ်။

အဲဒီမှာ လမ်းဘေးအိမ်ဆိုင်လေးဖွင့်ထားတဲ့ အမျိုးသမီးတစ်ယောက်နဲ့ လမ်းသွားလမ်းလာရင်း မျက်မှန်းတန်းမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဆိုင်လေးဆိုပေမဲ့ တိုလီမိုလီ နည်းနည်းကျဉ် ကျဉ်းသား ရောင်းနိုင်ရှာတာ။

မနက်ဆို မုန့်ပြားသလက် ဝင်ဝယ်စားရင်းနဲ့ သူ အဖြစ်လေးတွေကို သိခဲ့ရတယ် သား။

သူ့ခများ မုဆိုးမပါ၊ နာမည်က မလှိုင်ဦးတဲ့ ယောက်ျားက အရက်ဝိုင်းမှာ စကားများပြီး လူသတ်မိတယ် အသတ်ခံရတဲ့လူရဲ့ ပတ်သက်ရာ ဝိုင်းထဲကလူတွေကဝိုင်းပြ ထိုးကြိတ်ကြ၊ ဓားနဲ့ထိုးတာနဲ့ သူလဲ ဆုံးရှာတယ်တဲ့၊ မလှိုင်ဦ မှာ အစ်ကိုတစ်ယောက်ရှိတယ်၊ အရက်သမား၊ ဖဲသမား၊ လူ လူတေတစ်ယောက်တဲ့ကွယ်၊' နာမည်က ကိုလူလေးတဲ့။

လူသတ်သမားရဲ့ မယားဆိုပြီး မလှိုင်ဦးခများ မျက်နှာငယ်ရရှာတယ်။

ကလေးက မွေးခါစပဲရှိသေးတာ၊ သွေးနုနုနဲ့ ခများ မှာ မုန့်ပြားသလက် ဖုတ်ရောင်း၊ ကွမ်းယာဆေးလိပ်နဲ့ တိုး မိုလီ အိမ်ဆိုင်လေး ထိုင်ရနဲ့ ပင်ပန်းရှာတယ်၊ စိတ်ဓာတ်ရေးရာ မှာလဲ ထိခိုက်နေရှာတာပါပဲ။

မွေးလာတဲ့ ကလေးကိုလဲ လူသတ်သမားသားဆို မျက်နှာငယ်ရှာမှာကို မလှိုင်ဦး ကြိုတင်နားလည်ထားနေပြီးပြီ

နောက်တစ်ခုက သူ့ခများ အရမ်းကို ဆင်းရဲနွမ်းပါ ရှာတယ် သား။

အဲဒီမှာ တစ်ညနေခင်းမှာ မေမေဟာ တစ်ယော တည်းပဲ မလှိုင်ဦးဆီကို သွားခဲ့တယ်၊ ဘာလုပ်ဖို့လဲ ဆိုတာ သာ ရိပ်မိမှာပါကွယ်။



သားကို မွေးခွင့် မေမေ အသနားခံခဲ့တယ် သားရယ်။

မေမေ ပြောတဲ့ အထဲမှာ အသနားခံခဲ့တယ်ဆိုတာ တယ်နော်။

မေမေ ငိုပြီး အသနားခံတာပါ သားရယ်။ မေမေ လေးလိုချင်တယ် သား။

မေမေ့ဘဝမှာ မေမေ့သားသမီးဆိုတာကို မေမေ ချင်တယ်။

ပြီးတော့ သားရဲ့ ဖေဖေအတွက်လဲ သားဆိုတာကို မေ ရှိမှဖြစ်မယ်။

သွေးနုသားနုရှိနေတဲ့ မိန်းမသားနှစ်ယောက်ဟာ စ်ယောက်ကိုတစ်ယောက် ငေးကြည့်ရင်း မျက်ရည်ဖြိုင်ဖြိုင် နေတယ် မိုးငွေလေးရယ်။

တစ်ယောက်က မုဆိုးမ လင်လူသတ်သမားရဲ့ း။ ကလေးတစ်ယောက်အမေ သူဆင်းရဲမ။

တစ်ယောက်က ဘယ်တော့မှ သားသမီးမရနိုင်တော့ ကလေးချစ်လွန်းလိုချင်လွန်းတဲ့ မိခင်ဘဝကို မက်မောလွန်းတဲ့ ။

အဲဒီမိန်းမသားနှစ်ယောက်ဟာ တစ်ယောက်ကိုတစ် က် စာနာနားလည်စွာနဲ့ ဖေးဖေးမမ ပြုချင်စိတ်တွေနဲ့ င်း မျက်ရည်ကျနေကြတယ် သား။ ကလေး မျက်နှာမငယ် င် လူသတ်သမားရဲ့သားဆိုတဲ့ အမည်းစက်က လွန်မြောက် လွန်ရအောင်ဆိုတဲ့ စကားကို မေမေ ပြောပြရင်းပြရင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



သားကို မလှိုင်ဦးဆီက အသနားခံ တောင်းခဲ့တာပါ သားရယ်။ မေမေ့မေတ္တာတွေ ပုံပြီး ပေးခွင့်ပေးပါ။ ဒီကလေးကို မေမေ မေမေ့သားအဖြစ် ချစ်သွားပါရစေ။ ပြုစုပျိုးထောင်ပေးပါရစေ ပြီး အသနားခံခဲ့တာပါကွယ်။

သားမေမေ မလှိုင်ဦးဟာ ချက်ချင်းကြီးတော့ မဆုံးဖြတ်နိုင်ခဲ့ရှာပါဘူး သားရယ်။ နောက်နှစ်ရက်နေမှ ခေါင်းညိတ် ရှာတာပါ။ သားကို တစ်သက်လုံး သားအရင်းပမာ ချစ် သားဘဝအမည်းစက်ကို ဘယ်တော့မှ မပေါက်ကြားပါစေနဲ့ ငိုပြီး ပြောရှာတယ်။

သားကို သားရဲ့မေမေ မလှိုင်ဦးက မေမေ့ ပေးအပ်ခဲ့ခြင်းမှာ တစ်ယောက်နဲ့တစ်ယောက်ကြားမှ ငွေကြေး ကိစ္စ တစ်စွန်းတစ်စတောင်မှ မပါခဲ့ မပြောခဲ့ကြပါဘူး သား သားရဲ့ မေမေကလဲ ငွေပေးဖို့ မပြောခဲ့သလို မေမေကလဲ ဘယ်လောက်ပေးပါ့မယ်လို့ မပြောခဲ့ပါဘူး။ မေတ္တာနဲ့ ပေး မွေးဖြစ်ခဲ့ကြတဲ့အဖြစ်ပါ သားရယ်။

မေမေဟာ နောက်ပြီးမှ မေမေ့ စိန်ဆွဲသီး၊ လက် နားကပ်နဲ့ ရွှေကြိုးတွေ အားလုံးကို သား မေမေကို ပေးခဲ့တယ် မေမေ့ဆီမှာ ပါလာတဲ့ ငွေကြေးတွေလည်း ပေးခဲ့တယ်။ ရင် စားသောက်နိုင်အောင်ပါကွယ်။ ဒါက မလှိုင်ဦးကို မေ တတ်စွမ်းသမျှ ကူညီတာပါ။ မေတ္တာတုံ့ပြန်ခြင်းပါ။ မလှိုင်ဦး အစ်ကို ဦးလူလေးဆိုတာကတော့ အရက်တမြဲမြဲနဲ့ပါ။ မေ လည်း သားလေးကို မွေ့ယူပြန်တဲ့နေ့မှာ သူ မြင်ခဲ့တယ်။



ကလေးတာဝန်ကင်းလို့ဆိုပြီး ဝမ်းတွေတောင် သာ ခဲ့တာ။

မေမေ ရန်ကုန်ကို တန်းပြန်ခဲ့တယ် သား။ ကလောမြို့ မေမေ ခုနစ်လတည်းနဲ့ ကလေးမွေးဖြစ်ခဲ့တယ်လို့ အိမ်မှာ သိပေးခဲ့တယ်။

သား ဖေဖေ ရန်ကုန် ခေါက်ဆွဲစက်မှာ ရောက်နေ လေ။

လေးငါးရက်နေရင် မေမေ့ကို ပြန်ခေါ်ဖို့ သားဖေဖေ စီစဉ်ထားတာ။ ရေချိုးခန်းမှာ တစ်ချက် လဲမလိုဖြစ်ပြီး ည က်ရောက်တော့ ဗိုက်နာလာတာနဲ့ ဆေးရုံတက်။ ဟိုမှာပဲ က်နာမြင်ဖြစ်ကြောင်း။ ဖုန်းခေါ်ပေမယ့် ရန်ကုန်ဖုန်းလိုင်းတွေ နေလို့ ကလောကနေပြီး ခေါ်လို့မရခဲ့ကြောင်း မေမေ ပြောခဲ့ ကို သားဖေဖေ ယုံခဲ့ရှာတယ်။

ဖြစ်ချင်တော့ အဲဒီရက်တစ်ပတ်အတွင်းမှာ တကယ် ည်း ကလောကို ရန်ကုန်ကလည်း ခေါ်လို့မရဘူး။ လိုင်းကျနေ လည်း အမှန်ပဲဆိုတော့ နောက်မှ မေမေ သိခဲ့ရတာ။

ကလောကနေပြီး မေမေ ဖုန်းဆက်ပေမယ့် မရဘူး တာ ယုတ္တိရှိသွားတာပေါ့။

ဒေါ်ကြင်အိမျာလည်း မေမေ့ အစီအမံအတိုင်း သေသေနဲ့ပဲ အိမ်ကို သူ ဖုန်းဆက်ပေမယ့် လိုင်းကျနေလို့ဆို ကို ဝိပိရိရိ ပြောပေးရှာပါတယ်။

ဒီအဖြစ်ကိုသိတာ ဒေါ်ကြင်အိတစ်ယောက်တည်းပါ။

www.burmeseclassic.com



သားဖေဖေမျာ ဖြူဖြူဖွေးဖွေးလေးနဲ့ အရမ်းကို ချစ်စရာကောင်းတဲ့ မွေးကင်းစအရွယ် နီတာတာလေးရှိနေတဲ့ သားလေးကို လက်ထဲကမချ ပွေ့ချီမဝ ဖြစ်ရှာတာ။

ကလောမြို့မှာ သူမရှိဘဲ မေမေ တစ်ယောက်တည်း ရင်ဆိုင်မွေးခဲ့ရတာဆိုပြီး မေမေ့ကိုလည်း အရမ်းသနား အကြင်နာ ပိုရှာပါတယ်ကွယ်။ ဂရုစိုက်ရှာပါတယ်။

တကယ်တော့ သားရယ်။

မိုးလေးဟာ မေမေ့ သားပါ။ ဖေဖေ့သားပါကွယ်။

သားမိုးကို မေမေ့လက်တွေ မေမေ့ရင်ငွေ့ မေမေ့မေတ္တာ မေမေ့အနမ်းတွေနဲ့ ကြီးပြင်းလာစေခဲ့တာပါ။ မေမေလေ သားကို ဘယ်ထိ ချစ်တယ်ဆိုတာ ရှင်းမပြတတ်ဘူး မိုးလေး ရယ်။

အဲဒါကို မိုးလေး သံသယမရှိပါနဲ့ သားရယ်။

အမေးရင်း မဟုတ်လို့ဆိုပြီး မေမေ့ကို အချစ်လည်း မပေါ့လိုက်ပါနဲ့ သားရယ်။

ဖေဖေ့အပေါ်မှာလည်း အဖေရင်း မဟုတ်ဘူးဆိုပြီး အချစ်မလျော့လိုက်ပါနဲ့ မိုးလေးရယ်။ သားဖေဖေမျာ အဖြစ်ကို ခုထိ မသိရှာတဲ့သူပါ။ ဘယ်တော့မှပဲ သိခွင့်ရှိမှာလည်း မဟုတ်ပါဘူး သားရယ်။

သားဟာ ဦးကောင်းပြည့်နဲ့ ဒေါ်လှဲ့လှဲ့နွယ်တို့ရဲ့ တစ်ဦးတည်းသောသား တင်မိုးညိုအဖြစ် အမြဲရှိသွားဖို့ မေမေ ဆန္ဒအရှိဆုံးပါကွယ်။



တစ်လျှောက်လုံးမှာ အေးချမ်းခဲ့တဲ့ မေမေတို့ သား အမိရဲ့ ရင်ထဲကို မုန်တိုင်းမွှေခဲ့တဲ့အဖြစ်ကို မေမေ ပြောပြမယ်။

သားနဲ့ သားဖေဖေ ထိုင်းကိုသွားတုန်းမှာ ကိုလူလေး မေမေ့ဆီကို ဖုန်းနဲ့ ဆက်သွယ်လာတယ်။ ဘယ်တုန်းကမှ မဆက်သွယ်ဖူးတဲ့ လူတစ်ယောက်။ မေမေ့ လိပ်စာကိုလည်း မပေးခဲ့တာမို့ သိနိုင်စရာမရှိတဲ့ ကိစ္စမှာ ဘယ်လိုဖုန်းဆက် ငွေတောင်းလာနိုင်သလဲ ဆိုတာ နောက်မှ မေမေ သိခဲ့ရတာ။

သား ဖေဖေရဲ့ စီးပွားရေးလုပ်ငန်းတွေ များပြားမှု။ အောင်မြင်မှုတွေကြောင့် အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးရဲ့ မဟေသီအဖြစ် အင်တာဗျူးတစ်ခု မေမေ လက်ခံခဲ့ရတယ်။ အဲဒါကလည်း သား ဖေဖေဆီမှာ အဲဒီမဂ္ဂဇင်းအယ်ဒီတာက ကိုယ်တိုင်လာပြီး ခွင့်တောင်းခဲ့တာ။ သား ဖေဖေက လက်ခံခွင့်ပြုလိုက်တာဆိုတော့ မေမေ အငြင်းရခက်ပြီး လက်ခံခဲ့ရတယ်။ မေးတဲ့မေးခွန်းတွေကို ဖြေပေးခဲ့ရတယ်။

အဲဒီမှာ မေမေ့ ဓာတ်ပုံတွေလည်း ပါသွားခဲ့တယ်လေ။ အဲဒီဓာတ်ပုံတွေကြောင့်ပေါ့ သားမိုးရယ်၊ မေမေ ဘယ်သူဆိုတာ ... ဘယ်မှာနေတယ်ဆိုတာ ကိုလူလေး သိသွားပြီး လိုက်လာနိုင်ခဲ့တာ။

သားရဲ့ မေမေ မလှိုင်ဦးဆိုတာက ပြတ်သားရှာပါတယ်။ မေမေ့လိပ်စာသိရင် စိတ်မထိန်းနိုင်ဘဲ တစ်နေ့ ဆက်သွယ်ခဲ့ ... သားကို တွေ့မိမှာစိုးလို့ဆိုပြီး လိပ်စာကို မတောင်းဘဲ ရင်ကွဲခံပြီး မသိအောင်နေခဲ့ရှာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သိတတ်ရှာတဲ့ မလှိုင်ဦးရဲ့ အစ်ကိုဖြစ်တဲ့ ကိုလှ...
ကတော့ တခြားစီပါ။

မေမေ့ဆီကို ဆက်သွယ်လာတယ်။ အဖြစ်စုံတွေ...
ဖွင့်ချမခံချင်ရင် ငွေပေးရမယ်ဆိုလို့ မေမေ တစ်ခါသွား...
တယ်။ ငွေငါးသောင်းပါ သားမိုး။

အဲဒီလိုပေးပြီး နှစ်ပတ်ပဲကြာတယ်။ သားမိုး ထို...
က ပြန်လာတဲ့အချိန်မှာ ထပ်ဆက်တယ်။ ပထမအကြိမ်တုန်း...
တော့ သားတို့သားအဖ ထိုင်းမှာရှိနေတာ။ နောက်တစ်ကြိမ်...
တော့ သား ပြန်ရောက်ပြီ။

ငွေတစ်သိန်းတဲ့ သား။

မေမေလေ မေမေ့လက်ဝတ်ရတနာကို ရောင်း...
သွားပေးခဲ့တယ်။

ဘဏ်က ငွေထုတ်ရင် သားဖေဖေ သိကိုသိ...
မဟုတ်လား။ တစ်ခုခု ရတနာဝယ်တယ်၊ ပစ္စည်းဝယ်တယ်...
ပြောရင် ဖြစ်ပေမယ့် သား ဖေဖေ မေးလာမှာကို မေမေ မလို...
တာမို့ ပစ္စည်းကိုပဲ မေမေ ရောင်းခဲ့တာပါ။

အဲဒီလို ငွေတစ်သိန်းကို ဘာလို့ မေမေ သွား...
ခဲ့ရသလဲဆိုတာ သား သိလား။

သားကို ချစ်လွန်းလို့ပါ မိုးလေးရယ်။

မိုးလေးရယ်လို့ မေမေ တဖွဖွခေါ်ရ ... ချစ်...
ကြည့်မဝရတဲ့ မေမေ့သားလေးဟာ သားအရင်းမဟုတ်ပါဘူး...
ဘယ်လိုနည်းနဲ့မှ လူသိမခံနိုင်ဘူး၊ ဘယ်သူ့ကိုမှ အသိမခံနိုင်...



သားဖေဖေလည်း မသိစေချင်ဘူး။ သားလည်း မသိစေချင်ဘူး။ အို ... ဘယ်သူ့ကိုမှ မသိစေချင်ဘူး။ သိရှိမြင်ရဲ့ ဝန်းကျင်။ ပတ်သက်သူတွေ။ ဘယ်သူမှ အသိမခံနိုင်ဘူး။

သားဟာ မေမေ့သားအဖြစ်ပဲ ရှိနေစေချင်တယ်။ ငွေတွေ ဘယ်လောက်ပဲ ပေးရပေးရ ပေးနိုင်ပါတယ်။ မေမေလို့ ခေါ်ပြီး မေမေ့ရင်ခွင်မှာ သား ခေါင်းရွေ့ပူဆာတာတွေ ချွဲတာတွေ။ အမေဆိုပြီး ချစ်စိတ်နဲ့ကြည့်တာတွေ။ အဲဒါတွေကို မေမေ ရမယ်ဆိုရင် ဘာကိုမဆို မေမေ အဆုံးရှုံးခံလိုက်နိုင်ပါတယ် မေမေ့သားရယ်။

သားကို မေမေ အဆုံးရှုံးမခံနိုင်တာပါ။ သားရဲ့ အချစ်တွေကို မေမေ အဆုံးရှုံးမခံနိုင်တာပါ မိုလေးရယ်။

ဒါပေမဲ့ ... မေမေ ချောက်ချားတဲ့ အဖြစ်ကို ရင်ဆိုင်လိုက်ရတယ် ကလေးရယ်။

မေမေ သတိလစ်ရတဲ့နေ့မှာ မေမေ့ဆီကို ကိုလှလေးဆီက ဖုန်းထပ်ဝင်လာတယ်။

မေမေ့ ပိုက်ဆံတွေကို သူ ပြန်ပေးမယ်တဲ့။ မလိုချင်တော့ဘူးတဲ့။ အဖြစ်မှန်ကိုလည်း ကလေးကို သူ ပြောပြလိုက်ပြီတဲ့။ သူ မှားပါတယ်တဲ့။ ငွေကို ဘယ်တော့မှ ထပ်မတောင်းတော့ မယူတော့ပါဘူးတဲ့။ သူ့တူ စိတ်ထိခိုက်တာကို မကြည့်ရက်ဘူးတဲ့။

အဲဒီမှာ မေမေ အရမ်းကို ချောက်ချားခဲ့တယ် သား။

www.burmeseclassic.com

www.burmeseclassic.com

မေမေ ချစ်တဲ့ မေမေ့သားဟာ မေမေ့ကို စိမ်းကားသွားတော့မယ်။

မေမေဟာ သားအမေရင်း မဟုတ်ဘူးဆိုတာ သားသိသွားပြီ မဟုတ်လား။

အဲဒီအဖြစ်တွေကို သား လာမေးတဲ့အခါ ... မေမေ ဘယ်လိုအင်အားကိုမွေးပြီး ပြောပြရမလဲဆိုတာ မတွေးရဲ ... မတွေးဝံ့လောက်အောင်ပါ။

သားဟာ ... သားလေးကို အစဉ်တစိုက် ရင်ငွေ့ပေးခဲ့၊ ချစ်ခဲ့။ ပြုစုစောင့်ရှောက်ခဲ့တဲ့ ရင်ခွင် ... ပြီးတော့ ထွေးပိုက်ခဲ့တဲ့လက်တွေ၊ နောက် ... ချစ်ခင်လွန်းစွာ ကြည့်ခဲ့တဲ့ မျက်ဝန်းရဲ့ အရိပ်တွေဆီက ဖယ်ခွာသွားတော့မလား။

မေမေ့ရင်ကို ဟင်းလင်းပြင်ကြီးလို ထားရစ်ခဲ့ပြီး ချန်ထားရစ်ခဲ့တော့မလား သားမိုးရယ်။ မေမေဟာ သားကို ဝမ်းနဲ့လွယ်ပြီး မမွေးခဲ့ရတဲ့ အတွက် သားရဲ့မေမေ မဟုတ်ဘူးလို့ သတ်မှတ်ခံလိုက်ရတော့မှာ လား။

သားကိုချစ်တဲ့ မေမေ့အချစ်တွေ။ ချစ်လို့မဝ ... အရိပ်တကြည့်ကြည့်နဲ့ ရှိခဲ့ရတဲ့ မေတ္တာတွေ။ အဲဒါတွေဟာ အမေရင်း မဟုတ်ဘူးဆိုတဲ့အဖြစ်တစ်ခုကြောင့် တန်ဖိုးမဲ့သွားရတော့မှာလား။

သား ... လို့ ခေါ်ခွင့် မရတော့ဘူးတဲ့လား သားမိုးရယ်။

မေမေလေ ...။



သားရဲ့မေမေအရင်းလိုပဲ အသတ်မှတ်ခံပါရစေ။ အသက်မှတ်ခံပါရစေလား သားမိုးရယ်။ မေမေ့ကို သနားပါ မိုးလေးရယ်။ မိုးလေးကို မေမေလေ အမေတစ်ယောက်အဖြစ် ချစ်နေပါရစေ။ စောင့်ရှောက်နေပါရစေ။ သားရဲ့ အချစ်တွေကို အမေတစ်ယောက်အဖြစ် ပိုင်ဆိုင်နေပါရစေ။

မေမေ့ကို စိမ်းကားတဲ့အကြည့် ... အမေမှ မဟုတ်ဘဲဆိုပြီး သံယောဇဉ် ဖြတ်သွားနိုင်စွမ်းတဲ့ စိတ်တွေနဲ့ မထားရစ်ခဲ့ပါနဲ့ သားရယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

ရှိုက်သံများဖြင့်ရှိနေရပါသော မေမေ့စကားသံများ

စိုးရိမ်ချောက်ချားစိတ်ဖြင့် ပြောမြနေရှာပါသော မေမေ့သွင်ပြ

များ။

ဆိုးရွားသောအဖြစ်အပျက်တစ်ခုကို ရင်ဆိုင်ရသော

မှာ စိုးရိမ်ချောက်ချားခြင်းအတိဖြင့် ရင်မဆိုင်ရဲနိုင်လောက်အော

အားအင်များ ကုန်ခန်းနေရှာသည့် မိခင်တစ်ဦး၏ ချုံးချုံးကျ

သည့် အသွင်များ။

ထိုအရာများကို သူ ကြားနေရသည်။ မြင်နေရသည်

မေမေ၏ ကျနေသော မျက်ရည်ဥများကို သူ ရင်တနင့်နင့်

မြင်နေရသည့်အဖြစ်။

ရှည်လျားသော စကားသည် ဆုံးခန်းတိုင်ချေပြီတည်

နှစ်များစွာ မေမေ လျှို့ဝှက်ထားခဲ့သော အဖြစ်သည်

အမှန်တရားကို ဝန်ခံအသိပေးခြင်းဖြင့် ရှိနေချေပြီတည်။

ကာလကြာရှည်စွာ ... နှစ်များစွာ ဖုံးကွယ်ထား

သော ထိုအဖြစ်သည် သူ၏ ဘဝမှန်။ ထိုဘဝမှန်ကို မေ



ရင်တစ်အုံလုံး ကြေပြုန်းနေစေလျက် မျက်ရည်စက်လက်ဖြင့် သူ့ကို ဖွင့်ဟပြောပြခဲ့ရှာပြီ။ ထိုသို့ပြောရခြင်းအဖြစ်သည် မေမေ့ကို ဆိုးရွားစွာ နှိပ်စက်လျက် မေမေ့အားအင်များကို နှုတ်ယူသွားသည့်နှယ်သာ။

ကြိမ်ကုလားထိုင်ဝိုင်းကြီးမှာ မေမေ ထိုင်နေပုံသည် ကြုံးပြတ်ကျသွားသည့် ရုပ်သေးရုပ်လေးနှယ် ပုံပုံကျနေ၏။

မေမေ့အနီးသို့ သူ ခြေသံဖွဖွဖြင့် လျှောက်ခဲ့သည်။

အခန်းတွင်းဝယ် တိတ်ဆိတ်ခြင်းက လွှမ်းမိုးလျက် ရှိနေ၏။ သူ့ခြေ အရွေ့မှာ တိုးဖွဖွမြည်သည့် အသံတစ်ခုသာ သက်ဝင်လှုပ်ရှားနေသည့်အဖြစ်။

မေမေ သတိလည်လာစဉ်တုန်းက မေမေ့လက်ကို သူ ထွေးဆုပ်လျက်။

"မေမေ့ကို သား ချစ်တယ် မေမေ၊ သား ချစ်တယ်၊ သားရဲ့ မေမေ့ကို သား ချစ်တယ်"

ဟု သူ မျက်ရည်များကျလျက် တောက်လျှောက် ပြောလည်းပြော။ မေမေ့ကိုလည်း ကျစ်နေအောင် ဖက်ထားမိလျက် သူ မျက်ရည်ကျခဲ့ရပြီးသည့်နောက်မှာ သူ စိတ်ကို ထိန်းထားနိုင်ခဲ့သည်။ မေမေ ကျန်းမာရေး ပိုမိုကောင်းမွန်လာချိန်ထိ ဦးလှလေးနှင့် ပတ်သက်တာ ... မေမေ ဒေါ်လှိုင်ဦးနှင့်ပတ်သက်တာ ... ကလောမြို့လေး၏ အမည်ကအစ ဘာတစ်ခုကိုမျှ သူ မပြောခဲ့။

ဒါပေမဲ့ မေမေ သတိလည်ပြီး ငါးရက်မြောက်နေ့ည။ ဤညမှာဖြင့် စကားရှည်ကြီးကို မျက်ရည်စက်များဖြင့် ပြောပြခဲ့ရှာသည်။ အခန်းတံခါးကို ချက်ချ၍ သူ့ကို မေမေ ပြောပြစေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ သားအမိနှစ်ယောက်သည် အခန်းတွင်းဝယ် တစ်ယောက်ကိုတစ်ယောက် မျက်ရည်များ ပိတ်ပိတ်ဖုံးနေသော မျက်ဝန်းများဖြင့် ကြည့်နေမိကြရပါပြီ။

သူ ... ညင်သာစွာ မေမေ့ ကြိမ်ကုလားထိုင်ဝိုင်းကြီးရှေ့ ကြမ်းပြင်မှာ ဒူးထောက်ထိုင်ချလိုက်သည်။

အေးစက်နေသော မေမေ့လက်များကို ဆုပ်ကိုင်ထားမိလျက်မှ မေမေ့ မျက်နှာကို သူ မော့ကြည့်မိပါ၏။ မေမေ၏ နက်မှောင်သော ကြင်နာရိပ်လွှမ်းနေသည့် မျက်ဝန်းများကလည်း မျက်ရည်များဝေနေလျက် သားဖြစ်သူကို ကြည့်နေရှာသည်ပါပဲ။

မေမေ၏ မျက်ဝန်းတွေမှာ နာကျင်နေသော အငွေ့အသက်များ၊ ချောက်ချားနေသော အရိပ်များ ထိုးကျနေကြတာကိုလည်း သူ နားလည်တွေ့မြင်နေရပါ၏။

မေမေ့ လက်များကို သူ ငုံ့ကြည့်မိသည်။ ဤလက်များသည် သူ့ကို ထွေးပိုက်ခဲ့သော လက်များ ...။ သူ၏ ချေးသေးကအစ မရွံမရှာ သုတ်သင်ခဲ့သော လက်ချောင်းများ။

သူ့ကို ကလူမြူခဲ့သော ကျီစယ်ခဲ့သော လက်ချောင်းနုနုလေးများ။ မေမေ၏ ရင်ခွင်သည်ကော။

သြော် ... မေမေ့ရင်ခွင်ကိုလည်း သူ၏ ခြေဖဝါးနုနုလေးများ တိုးဝှေ့ကန်ကျောက်ခဲ့မည်သာ။ မေမေ၏ ရင်ခွင်မှာ ခေါင်းတိုးဝင်၍ ခိုးခိုးခစ်ခစ် ရယ်မောခဲ့သောသားအဖြစ် သူ ရှိခဲ့မည်သာ။ သူ့ကို လက်ကမချ မေမေ ပွေ့ချီချစ်လှန်းခဲ့သည့် အဖြစ်များကို ဒေါ်ကြီးအိ မကြာမကြာ သူ့ကို အရွယ်ရလာချိန်များမှာ ပြောခဲ့ဖူးသည်ပဲ။



သူ မှတ်မိသိတတ်စ ကလေးအရွယ် ကာလများဆီမှာ မေမေသည် သူ့ကို အရမ်းပွေ့ချီခဲ့၊ ပိုက်ထွေးယုယခဲ့၊ ဆုံးမသွန်သင်ခဲ့တာတွေကိုဖြင့် သူ မှတ်မိနေမိရဆဲ။

သူ ဖျားနာစဉ်များမှာ မေမေ အဘယ်မျှ ပူပန်ခဲ့ရှာပါသလဲ။ ပင်ပန်းခဲ့ရှာပါသလဲ။ သူ ဝက်သက်ပေါက်စဉ်တုန်းက မေမေသည် ညညများမှာ မအိပ်နိုင်စွာ သားဘေးမှာ ငုတ်တုတ်ရှိခဲ့သည်ပဲ။

ဖေဖေသည်လည်း အရမ်းကို စိတ်ပူခဲ့။ ဆရာဝန်ကိုကိုယ်တိုင် ကားဖြင့် သွားပင့်ခဲ့သည် မဟုတ်ပါလား။

ငယ်စဉ်က ယခုဘဝတိုင် ပြုစုပျိုးထောင်ခဲ့။ ကြင်နာခဲ့ပါသော အဖြစ်များကို သူ ခံစားနားလည်နေမိလျက်မှ ...

"မေမေ ... သား ... သားကို မေမေ အရင်တုန်းကလို မချစ်မှာကို သား ပူရမှာပါ၊ မေမေ့ကို သား သိပ်ချစ်ပါတယ် မေမေ၊ မိုး သိပ်ချစ်ပါတယ်၊ သားရဲ့ အချစ်တွေကို ရပါရစေလို့ မေမေ တောင်းပန်ပြီး မပြောပါနဲ့ မေမေရယ်၊ မေမေ့ အချစ်တွေကို သား ခုလိုဆက်ပြီး ရနေတာကို သား ကံကောင်းလွန်းသူအဖြစ် ခံစားနားလည်ရင်း မေမေ့ ကျေးဇူးတွေကို ကြာလေ ... ပိုသိလာရလေ ဖြစ်နေတဲ့ မေမေ့သားပါဗျာ"

ဟု အသံအက်အက်နှင့် တိုးတိမ်စွာ ပြောရင်းမှ မေမေ့ရင်ခွင်ထဲ ကလေးတစ်ယောက်လို တိုးဝင်ရင်း၊ ကလေးတစ်ယောက်လိုပင် ငိုချလိုက်မိရပါပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ငါးနှစ်ခြောက်နှစ်အရွယ် ကလေးတစ်ယောက်၏ ဝမ်းပန်းတနည်း ငိုကြွေးနေသည့်နှယ်ပင် မေမေ့ရင်ခွင်မှာ သူ ချုံးချုံးချ ငိုကြွေးနေမိရပါပြီကောလေ။

"သားရယ် မေမေ့ သားမိုးလေးရယ်၊ မိုးလေးကို မေမေ အရင်တုန်းကလိုပဲ ချစ်ရမှာပေါ့ ကလေးရယ်၊ မိုးလေးဟာ အရင်ကလဲ ဒီမိုးလေးပဲ၊ ဒီသားပါပဲ ဘာပြောင်းလဲနေလို့လဲ ဟင်၊ သား ဘာပြောင်းလဲနေလို့လဲ၊ သားနဲ့ မေမေ့ကြားမှာ မေမေတို့သားအမိကြားမှာ ဘာမှ မပြောင်းလဲဘူးဆိုတာ မမေ့နဲ့လေ၊ မေမေကသာ အမေရင်း မဟုတ်ဘူးဆိုပြီး မိုးလေး မေမေ့အပေါ် စိမ်းသွားမှာ စိုးနေခဲ့ရတာပါ သားလေးရယ်၊ ကြည့်စမ်း မေမေ့သားလေး ငိုနေလိုက်တာ"

ဟု ကြင်နာစွာ ပြောလည်းပြော၊ သူ့ဆံစများကို နူးညံ့သော လက်ချောင်းလေးများဖြင့် သပ်ပေးနေရှာသမျှ ကလေးတစ်ယောက်နှယ် သူ ငြိမ်သက်ခံနေမိရပါသည့်အဖြစ်။

"မေမေရယ်"

ဟု သူ ခေါ်နေမိရင်းမှ မေမေ့ရင်ခွင်ထဲ ဟန်မဆောင်စတမ်း တိုးဝင်လျက် မျက်ရည်များသာ ဖြိုင်ကျနေရဆဲ။

သူသည် မေမေ၏ ရင်သွေးအဖြစ် လူ့ဘဝသို့ ရောက်လာခွင့်မကြုံရဘဲ မွေးစားခဲ့သော သားအဖြစ်သာ ဖြစ်ခွင့်ကြုံရသည့်အတွက် ရင်ထဲမှာ နာကျင်နေသည်။

မေမေ ဒေါ်လှိုင်ဦး၏အဖြစ်ကို သိရသည့်အတွက်လည်း ရင်ထဲမှာ နာကျင်နေရသည်။



အားလုံးသည် ရင်တစ်အုံလုံးကို ဆုပ်ညှစ်လျက် ကြီးမားသော ဖိစီးမှုနှင့်အတူ ဖြစ်တည်လာရပါသော နာကျင်ခြင်း ဝေဒနာ …။ နှလုံးအိမ်နှင့် မတန်အောင် ပြင်းထန်လွန်းစွာ ဖိစီးသားပါသော ဝေဒနာသာတည့်။

"တစ်ခုပဲ သား ရင်ထဲမှာ မကောင်းဘူး မေမေရယ်၊ သားဟာ ဖေဖေ့အချစ်ကို လိမ်ညာထိန်ချန်လျှို့ဝှက်ပြီး မရိုးသားစွာ ရယူထားသလို ဖြစ်နေတယ်၊ အရင်တုန်းကတော့ တစ်မျိုးပေါ့ မေမေ၊ ခု အဖြစ်မှန်ကို သား သိနေရပြီးတဲ့နောက်မှာ ဖေဖေ့ကို ဖွင့်မပြောဘဲ နေနေရမယ့်အဖြစ်အတွက် သား ရင်ထဲမှာ မရိုးသားဘဲ၊ အို … မရိုးသားစွာပဲ ဖေဖေ့အချစ်ကို မတရား ရယူနေတယ်လို့ နားလည်နေမိရတယ် မေမေ"

ဟု ပြောခိုက် မေမေ သူ့ဆံစများကို သပ်ပေးသည်။ သူ့မျက်နှာကို ဆွဲမော့၍ မျက်ရည်များကို ကလေးတစ်ယောက်ကို သုတ်ပေးသည့်နှယ် ဖွဖွသုတ်ပေးသည်။ မေမေ့မျက်ဝန်းမှလည်း မျက်ရည်များ ကျနေရှာသည်ပါပဲ။

"မိဘဆိုက အချစ်ကို ရဖို့အတွက် ဒါကို မရိုးသားခြင်းလို့ ပြောလို့ ဘယ်ရမလဲ သားမိုးရယ်၊ သားဟာ ဖေဖေနဲ့မေမေရဲ့သားလေ၊ သား အဲဒါကို လက်မခံနိုင်ဘူးလား"

ဟု ငုံ့မိုးကြည့်ရင်းမှ မျက်ရည်ကျနေလျက်ဖြင့်ပင် အားယူပြုံး၍ မေးလာတော့ …

"ဒါပေမဲ့ မေမေရယ် … ဖေဖေက မေမေမွေးတဲ့သားလို့ ယုံကြည်ထားတာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု တိုးဖျော့စွာ စိတ်ထဲထိခိုက်လျက် ခေါင်းငုံ့ရှ ပြောတော့ မေမေ ခေါင်းခါသည်။

"မေမေဟာ မိုးလေးကို မွေးဖွားခဲ့တဲ့ မေမေလို့ မိုးလေး လက်ခံထားတယ်ဆို … ဟင်၊ 'မေမေ့သား အဲသလိုပဲ ခံစားရတယ်ဆို၊ ဒါဆို အားလုံးဟာ ရိုးသားနေပါတယ် သားမိုးရယ်၊ တရားနေပါတယ်၊ သားဖေဖေဟာ သားကို သိပ်ချစ်တာ၊ သူ မျှော်လင့်သလို အောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းရှင်တစ်ယောက် ဖြစ်လာအောင် သား ကြိုးစားဖို့၊ ဖေဖေနဲ့ မေမေ့ကိုချစ်ဖို့ အဲဒါပဲ အရေးကြီးပါတယ် သား မိုးရယ်၊ လိမ္မာတဲ့ သားမို့ မေမေ ဒီထက်ရှင်းပြဖို့လိုမယ် မထင်ပါဘူးကွယ်၊ မငိုနဲ့လေ သား၊ မငိုပါနဲ့ သားလေး ရယ်"

ဟု ပြောနေသည့် မေမေ့ကို သူ မေမေ့လက်ဖမိုး ကို ဆွဲယူလျက် မျက်နှာမှာ အပ်ထားကာ မျက်နှာကိုမှောက်ချ ထားမိလျက် နောက်ထပ်တစ်ကြိမ် ကလေးတစ်ယောက်နယ်ပင်၊ သူ ဟန်ဆောင်မရစွာ ငိုကြွေးလိုက်မိရပါချေပြီတည်း။

သူသည် သားအရင်း မဟုတ်ဟူ၍ တစ်နည်းနည်း ဖြင့် ဖေဖေ သိသွားခဲ့လျှင် …

ဩော် … ဖေဖေ သိသွားခဲ့လျှင်ဖြင့် သူ့ကို ဖေဖေ လက်ခံပါတော့မည်လား၊ ချစ်ပါတော့မည်လား။

ထိုအခါ သူ ဘယ်လိုခံနိုင်ရည်စွမ်း ရှိပါမည်တဲ့လဲ။

ဖေဖေ့ကိုချစ်သော သူ့နှလုံးအိမ်သည်ရော အဘယ်မျှ ထိ ခံနိုင်ရည်စွမ်း ရှိပါမည်တဲ့လဲ။



သူ … သူ ချောက်ချားစွာ နားလည်ထားနှင့်မိနေ သည့် အဖြစ်သည် ဖေဖေ သူ့ကိုချစ်တော့မည် မဟုတ်ဟူ၍ပါ။

ဖေဖေ၏ စိမ်းကားခြင်းကို သူ ရင်ဆိုင်တွေ့မြင်နေ ရလျက်ဖြင့် သိရှိမြင်မှာ သူ နေနေရမည့် ဘဝသည် အနာဂတ် ကာလတွင် ကြိုလင့်လျက် ရှိနေချေပြီတဲ့လား။

ဤရင်ဆိုင်မှုသည် သေးသေးမွှားမွှား မဟုတ်။ သာမန်ပေါ့ပေါ့တန်တန် ကိစ္စမဟုတ်။ အဖေ … ဟူ၍ လူမှန်း သိတတ်စ အရွယ်ကတည်းက ပိုင်နိုင်စွာ စိတ်ချယုံကြည်စွာ ချစ် ရပါသော သားတစ်ယောက်၏ နှလုံးအိမ်ကို ချေမွပျက်ပြုန်းစေ သည့် ရင်ဆိုင်မှုဆိုတာ သူ ကြိုတင်၍ ခံစားနှင့်နေရလျက် မွန်း ကျပ် ပိတ်လှောင်သော ဝေဒနာကို ရင်နှင့်တစ်လုံး သူ ခံစားနေရ ချေပြီတကား။

❤ ❦ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

"ကိုကို လေဆိပ်ရောက်မှ သိရတာ နွယ်၊ ဒီလောက် ဖြစ်တာကိုတော့ ကိုကို စိတ်မှတာယ် နွယ်၊ သတိလစ်သွား တဲ့အထိ ဆိုတာ ပေါ့ပေါ့တန်တန် ထားရမယ့်ကိစ္စ မဟုတ် ဘူး၊ နွယ် လာမကြိုဖြစ်ကတည်းက နွယ့်မျက်နှာ မမြင်ရ တာနဲ့ ကိုကို သိနေပြီ၊ နွယ် တစ်ခုခု ဖြစ်နေပြီဆိုတာ ... မြင့်ဖေကို မေးကြည့်တော့မှ သူပြောတာ၊ သားမီးကလ ထိုင်းက မစ္စတာလီရဲ့အိမ်ကို လှမ်းဖုန်းဆက် ပြောရော ဖုန်းနံပါတ် မီးလေး သိထားတာပဲဥစ္စာ"

ဖေဖေ အရမ်းကို စိတ်ပူလျက် မေမေ့လက်တွေကို ထွေးဆုပ်ကာ မျက်နှာပျက်ပျက်နှင့် ပြောနေတော့ မေမေပြုံး မော့ကြည့်ကာ ...

"ကိုကို့ဆီက ဒီဆန်းဒေးမှာ ပြန်လာမယ် ဆိုတာ သိထားရပြီးပြီ မဟုတ်လား၊ နောက် သတိပြန်ရလာချိန်မှာ လဲ ကိုကို့ဆီ ဖုန်းမဆက်ဖို့ တားထားလို့ပါ၊ ကိုကို ဟိုမှာ အလုပ်အကိုင် လုပ်ရမှာ ဘယ်ဖြောင့်နိုင်မလဲ"



"ဘယ်ဖြောင့်နိုင်မလဲ ဟုတ်လား နွယ်၊ ဘယ်သူက အဲဒီ မှာ ဆက်နေပြီး လုပ်နေမှာမို့လဲ၊ ချက်ချင်း ပြန်လာမှာဗျ၊ တစ်ခါတစ်ခါ နွယ်ဟာ သိပ်ခေါင်းမာတယ်၊ ကိုကို့ကို အသိပေးသင့်တာကို အသိပေးရမှာပေါ့၊ ဒါ ... ပေါ့သေး သေးကိစ္စ မဟုတ်ဘူး နွယ်၊ နောက်ကို ဒါမျိုးမလုပ်နဲ့"

ဟု ပြောတော့ မေမေ ရယ်နေသည်။ မြက်ခင်းပြင် ...က်မှာ ကြိမ်ကုလားထိုင်ဝိုင်းကြီး ချထားလျက် ကဲ့ကော်ပင်ရိပ် ...ာ မေမေ ထိုင်နေသည်။ မေမေ့ဘေးမှာ ဖေဖေ ရပ်နေလျက် ...က်နှာမကောင်းနိုင်ဘဲ တောက်လျှောက် ဆူနေခြင်းပါ။

ယခုတိုင် ဖေဖေ အဝတ်အစား မလဲရသေး။ ...နောက်တိုင်းဝတ်စုံ မီးခိုးရင့်ရောင်သည် ဖေဖေ၏ ဖြူသောအသား ...င် မြင့်မားသော အရပ်ဖြင့် သန့်ရပ်ခန့်သန့်စွာ ရှိနေသည်ဝါပဲ။

ဖေဖေ့ကို သူနှင့် လေးလေးဖေတို့ သွားကြိုခဲ့ကြ ...င်းပါ။

မေမေ မပါကတည်းက ဖေဖေ မျက်နှာမကောင်းခဲ့ ... ညှိသည်ပါလာသည့်ကြားမှ ဟန်မလုပ်နိုင်စွာဘဲ မေမေ ဘာ ...်နေသလဲဆိုသည့် မေးခွန်းကို ချက်ချင်းမေးချလာသည်ပါပဲ။

လေးလေးဖေမှ မေမေ သတိလစ် မေ့သွားသည့် ...ဖြစ်ကို ပြောခဲ့သည်။ သူကတော့ ဖေဖေ ဆူတော့မှာကို ထိုစဉ် ...တည်းက နားလည်ထားနှင့်နေပြီးသားပါ။

ဖြစ်ဖြစ်ချင်းတော့ မေမေ့ဘေးမှာ မစ္စာစတာမ်း ရှိနေ ... ရင်ထဲဖောက်ပ်နေတာမို့ ဖေဖေ့ကို အကြောင်းကြားဖို့ ဖြစ် ...ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



မေမေ သတိပြန်ရလာတော့လည်း ဖေဖေ့ထံ အကြောင်းကြားမည်ဟု သူ ပြောခဲ့စဉ်က မေမေ တားခဲ့တာ မပြောပြခဲ့ရသည့် အဖြစ်။

“ကိုကိုကလဲ မျက်နှာကြီး တည်တင်းနေလိုက်တာ၊ ဆ ဝန်ကြီး အန်ကယ် ဦးဘထက် ကိုယ်တိုင် လာကြည့် တာပါ၊ စိတ်မပူရဘူး ဆိုတာ သိရလို့လဲ ဟိုမှာ ကို အေးအေးဆေးဆေး ဆက်လုပ်ဖို့ ရှိတာ၊ နောက်ဆံမငင် လုပ်နိုင်အောင်ပါ၊ မိုးလေးရေ ... သားဖေဖေရဲ့ ပစ္စည်း အိမ်ထဲရောက်အောင် ယူသွားလိုက်ပါကွယ်”

ဟု မေမေ ပြောလာတာမို့ ဖေဖေ့လက်ထဲမှ အ ချိကေ့(စ်)ကို လှမ်းယူတော့ ဖေဖေ ပေးသည်။ လေးလေးဖေက ကားနောက်ခန်းမှ သားရေသေတ္တာနှစ်လုံးကို အိမ်ပေါ်ထပ် သယ်သွားပြီးပြီ။

မစ္စတာလီကိုတော့ ကမ်းနားဟိုတယ်မှာ တည်းခို ဖို့ သူ ကြိုတင်စီမံထားရသည်။ မစ္စတာလီကို ဟိုတယ်သို့ ပို့ ခဲ့ကာ အစစ စီစဉ်ပြီးမှ သူတို့သားအဖနှင့် လေးလေးဖေတို့ သ မြိုင်သို့ ပြန်ရောက်ကြရခြင်းပါ။

မေမေ့ကိစ္စအကြောင်းမကြားရကောင်းလားဟု ဖေ ဆူနေတာမို့ သူ့အနေရ အထိုင်ရ ကျပ်နေသည့်အချိန်မှာ ထိုနေ မှ ထွက်ခွာခဲ့ရသည့်အတွက် ရင်ထဲမှာ နေသာထိုင်သာ ဖြစ်ရသည်

ဖေဖေနှင့် မေမေ့အခန်းသို့ တောက်လျှောက်အ ထပ်ထိ တက်ခဲ့ကာ အတာချိကေ့(စ်)ကို စားပွဲထက်မှာ တင် ခဲ့သည်။



အောက်ထပ်သို့ သူ ဆင်းခဲ့ကာ နောက်ဖေးဘက်မှ ည့်ထွက်လာစဉ်နိုက် ဒေါ်ကြီးအိကို အအေးခွက်ထည့်ထားရာ င်ပန်းနှင့်အတူ တွေ့ရပါ၏။

“သြော် ... မိုးလေး၊ ဘာလဲ သားဖေဖေ စိတ်ဆိုးနေပြီ မဟုတ်လား၊ နှယ်လေးကတော့ ပြောသား၊ သိရင်ဆူမှာပဲ တဲ့လေ”

ဟု ရယ်မောပြောပြီး ထွက်သွားတော့ နေရာမှ သူ ငွေကြီး ကျန်ရစ်ခဲ့သည်။ ဒေါ်ကြီးအိ၏ ကျောပြင်ကို သူ ငေးကြည့်နေမိရဆဲ။

သူ့ဘဝမှန်ကို သိသူမှာ သီရိမြိုင်တွင် နှစ်ယောက် သည်းပဲ ရှိသည်။ မေမေနှင့် ဒေါ်ကြီးအိ။ ဟုတ်သည်။ ဒေါ်ကြီးအိ သည် သူ ဘာကောင်ဆိုတာ သိထားသည်ပဲ။

ဖေဖေနှင့် မေမေ့သားအရင်း မဟုတ်တာကို သိထား သည်ပဲ။

ထိုသို့ သိထားသည့် ဒေါ်ကြီးအိရှေ့မှာ သွားလာနေ သည့် အချိန်တိုင်းမှာ ရင်ထဲ၌ အနေခက်သည့် ဝေဒနာသည် ရှားစွာ ရင်ကို နှိပ်စက်နေတတ်ချေပြီတည်း။

ယခင်တုန်းကတော့ ဖေဖေ မေမေတို့၏ သားအဖြစ်။ ဆိုးနွဲ့နေမိတတ်သည်။ သီရိမြိုင်၏ အရိပ်မှာ ပိုင်နိုင်စွာ၊ ပိုင် မှာ နေထိုင်သွားလာနေရသူအဖြစ် သူ နေခဲ့ဖူးသည်။ ယခုကျ တော့ မခံစားထိုက်သော နေရာမှာလာ၍ ရပ်တည်နိုကပ်နေသူ ယောက်အဖြစ် ဒေါ်ကြီးအိရှေ့မှာ သူ အနေခက်စိတ်ဖြင့် နေကျုံ့နေမိရတတ်ခြင်းသည်လည်း ဝေဒနာဆိုး တစ်ခုသာတည်း။

www.burmeseclassic.com

www.burmeseclassic.com



သရဖီပင်ကြီးအောက်သို့ သူ ရောက်ကာ စိတ်ေ… လက်မောဖြင့် ထိုင်နေမိစဉ်ခိုက် အန်ကယ်ဂျက် ဘီဒီဆေးလ… လေးခဲလျက် သူ့ထံ လျှောက်လာသည်။

"ဟား … မိုးလေး ကန်းကန်း အရှုံးခံခဲ့ဒယ် မဟုတ်လာ… ဒါးပေမယ့် ဒါက ဘာလဲရှိဒေါ့ ချစ်ခြင်းမေတ္တာကြော… အဲ … ဘယ်လိုလဲ ရှိရင် ချစ်ခြင်းကြောင့် ရိုးရှင်းလ… ရှမ်းရေရှိုးတဲ့လို တတ်မှတ်ရမယ်၊ မိုးလေးရဲ့ ဖေးဖေ… တှူ့မွှန်းမကို တိတ်ပြီးဒေါ့ ချစ်ဒဲ့အတွက် ရိုတ်ပူပြီးဒေါ့ … ပူဒါ ကြားဖူးဒယ် မဟုတ်လား၊ ဂရုနာဒေါ်တော… ရှုံကားလေ့"

ဟု ပြောတော့ သူ သက်ပြင်းရှိုက်သည်။

"မိုးလေး နားလည်ပါတယ် အန်ကယ်ဂျက်ရာ၊ အဲဒီအတွ… လဲ မေမေ့အတွက် စိတ်ပူပြီး အရမ်းကိုချစ်တဲ့ ဖေဖေ… မိုးလေးက ပိုချစ်လာတာပါ၊ ဖေဖေက ဒီလိုပဲ မဟုတ်… အန်ကယ်ဂျက်ရဲ မိုးလေး တစ်ခုခုဖြစ်ရင်လဲ ဒီလိုပဲအ… ကို ပူတာပဲ မဟုတ်လား"

ဟု ပြောတော့ အန်ကယ်ဂျက် ရယ်သည်။

"ဟုတ်ဒယ်လေ၊ နင် ချွတ်တားလေးတုန်းက ဘာလဲ … နိုးပါလိတ်လုပ်တမ်း ကရှားမယ် ရှိုပြီးဒေါ့ ကန်းကန်… ရှာဒါနဲ့ နာက တာခိုးလုပ်ရှဒယ် နင်က ကန်းကန်းပါ… လုပ်ဒယ်၊ ကရှားရှရာ တာနတ်နဲ့ နာ့ကို ကန်းကန်… လိုက်ဒယ်၊ ဒါးပေမယ့် နင်နော် ကန်းကန်းရှိုးဒယ်… ကရှားရှရာ တာနတ်က ပြောင်းဝမှာ ဖော့တပ်ထား…



နော်၊ အတဲကန်းကန်းမြည်ဒယ်၊ နင်နော် အဲသလို မပစ်ဖူး၊ ပြောင်းထဲမှာနော် ကျောက်ခဲချွတ်တားလေးဒွေ ကန်းကန်း ထည့်ပြီးဒေါ့ ပစ်ဒယ်နော် နာ့ကို ထိဒယ်၊ နင်နော် တိတ် ပြီးဒေါ့ ရှေဉာဏ်ဒေါ်ရှုံးဒဲ့ ညဏ်တမားပဲ"

ဟု ပြောတော့ သူ ရယ်မိသည်။

ဟုတ်သည်။ ထိုစဉ်တုန်းက သူ ရှစ်နှစ်လောက် ရှိပြီ။ အန်ကယ်ဂျက်ကို ဗိုလ်ကျ၍ သူ ကစားခဲ့သည်ပဲ။

"အဲဒီမှနော် နင် ခါလုပ်တိုက်လဲဒယ် လက်ဒွေ ဒီနေရာမှာ ကန်းကန်းပြဲတယ်၊ ဒူးနော် ကန်းကန်းဒွေးထွက်တယ်၊ နင်နော် ကန်းကန်းအတဲပြဲကြီးနဲ့ အော်ငိုဒယ်၊ ဟား … ဘာပြောကန်းမလဲ အားကို့ဂျီးနော် နင့်ငိုတဲ့ကြားဒယ်နော် ပြေးထွက်လာဒယ်၊ နင့်ဒွေးဒွေ မြင်ဒယ်နော်၊ ဘာပြောကန်း မလဲ၊ နာအရှုံးခံလိုက်ရဒါ၊ တစ်ပတ်ကြာဒယ်၊ တဒိရတိုင်း ရှုံနေဒါ တောချင်ရှော်နံ့တွားဒါပဲ"

ခေါင်းခါခါ လည်ခါခါနှင့် လောလောလတ်လတ် အဆုံခံထိထားသလို ပြောနေတော့ သူ ရယ်မိပြန်သည်။ အရမ်းကို ချစ်တတ်သည့် ဖေဖေ၏အချစ်ကို ခံရသည့်အတွက်လည်း ရင်ထဲ မှာ ကြည်နူးချမ်းမြေ့သွားရသည်ပါပဲ။

"ခုလဲ မေမေ့ မမြင်ရင် သိမှာဆိုတာ မိုးလေး ကြိုသိထား တာပေါ့၊ ဒါကြောင့် ဆုံခံထိရင် နှစ်ယောက်မျှထိအောင် လေးလေးဖေကို ဖွတ်ခေါ်သွားရတာ၊ အရင်တုန်းက မိုးလေး တစ်ယောက်တည်း သွားကြိုတတ်တာ …၊ ခုတော့ကြောက် လို့ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကောင်းတာပေါ့ ကျေးဇူးရှင်ရယ်၊ မင်းကောင်းမှုနဲ့ ငါလဲ ဆုခံထိတာပဲ၊ ဘာရမလဲ၊ ငါက လူလည်ပဲဂျက်လို လူအ,မှုမဟုတ်တာ၊ ဟာ ... အစ်ကိုကြီးရာကျွန်တော် အင်္ဂလိပ်လို မပြောတတ်တာ၊ ဘယ့်နယ်လုပ်ထိုင်းက မစ္စတာလီဆိုကို ဖုန်းလှမ်းဆက်ပြောတတ်ပါ့မလဲ ဆိုတဲ့ တစ်ခွန်းတည်းနဲ့တင် ကိစ္စက ပြတ်သွားရပြီ အံမယ် ... မင်းမေမေက မပြောနဲ့ဆိုတာကျတော့ ... စိတ်ပူလို့ ပြောရတာ၊ စေတနာနဲ့ ပြောရတာတဲ့၊ ကြားလူက သိတတ်ရမှာပေါ့ဆိုကွ၊ အကြောင်းကြားရမှာပေါ့တဲ့ဗျ အစ်ကိုကြီးကတော့လေ ပြောတတ်ပါ့ကွာ"

ဟု ပြောပြီး ခေါင်းခါခါ လည်ခါခါနှင့် နောက်တစ်ယောက်သည်လည်း ဆေးပေါ့လိပ်ကြီးခဲ၍ သူ့ဆောမှာ လာထိုင်ပြန်၏။ ပြီးတော့ ... သူ့ကိုကြည့်သည်။

"မင်းလဲ ထူးမှာမဟုတ်ပါဘူး၊ အဖေတူသားနေမှာ"

ဟု ပြောတော့ ...

"ဘာလဲဗျ ..."

"ဟ ... ဘာရမှာလဲ မိုးလေးရ၊ မင်း တစ်နေ့ ဟိုကောင်မလေးနဲ့များ ညားရင် နေကောင်း ကျန်းမာပါစေလို့ _ ဆုတောင်းဖို့ တာဝန်ပိုလာမှာ ငါတို့နှစ်ယောက်ပဲ၊ ငါတို့ကျန်းမာဖို့ဆုမတောင်းဘဲ နေမိရင် ဖြစ်တယ်၊ နှင်ကောင်မလေး နေကောင်းဖို့၊ ခလုတ်မတိုက်ဖို့၊ ချော်မလဲမိဖို့၊ မီးပိုချောင်မှာ ဆီပူမလောင်ဖို့၊ မဖျားဖို့ အဲသဟာတွေကို မမေ့မလျော့ သေချာဆုတောင်းရမှာ၊ အဲဒီအထဲက တစ်ခုခု



ဖြစ်ရင် မင်းကောင်မလေး အောကပ်ပြီး၊ စိတ်ပူနေရတာနဲ့ မြင်မြင်သမျှ မကြည်မလင်ဖြစ်၊ ဟိုငေါက် ဒီဟောက်နဲ့ ခုနစ်ရက်သားသမီး စိတ်ဆင်းရဲကြရမှာ၊ အဲ ... ဒီကနှစ်ရက်သားသမီး စိတ်ဆင်းရဲကြရမှာ"

ဟုပြောတော့ ...

"ဟုတ်ဒယ်ကန်ဂလေး၊ ကိုမြင်းဖေ့ ပြောခဲ့ရှကားဟာ အမှန်ပဲ ဖြစ်ဒယ်"

ဟု တက်ညီ လက်ညီဖြင့် အန်ကယ်ဂျက်ကလည်း ထောက်ခံသည်။

သူ ငိုင်နေ၏။ ထားထားတို့နှင့် လေးလေးဖေရော အန်ကယ်ဂျက်ရော သဘောတူနေကြသည်။ ပြီးတော့ ... ထားထားတို့ကို သူ မြတ်နိုးစွာ ချစ်နေသည်ဟုလည်း ထင်မှတ်နားလည်နေကြသည်ပဲ။ တကယ်လည်း လေးလေးဖေနှင့် အန်ကယ်ဂျက်တို့ မမှားကြချေသည့် အဖြစ်။

ဒါပေမဲ့ သူ ဝန်မခံခဲ့။ ဟုတ်သည်။ ဘယ်တုန်းကမှ ဝန်မခံခဲ့။

"သရဖီတွေ ပွင့်လိုက်တာ၊ အဲဒါကျတော့ မင်း ဘာလို့ မပေးတာလဲ မိုးလေး၊ ပြောရင်လဲ မထုံတက်တေးနဲ့၊ ထားထားတို့က သရဖီပန်းကြိုက်တာ၊ မင်းသိနေတာပဲဥစ္စာ၊ မကြိုက်တဲ့ ပိတောက်ပန်းကျတော့ သွားပေးတယ်"

"ဘွား ကြိုက်တယ်ဗျာ ... ဘွားကို သွားပေးတာ"

ဟု တိုးဆိတ်စွာ သူ ဖြေတော့ လေးလေးဖေ ပြုံးစိစိဖြင့် သူ့ကိုကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ လူကြီးက ဒီကလေး လိမ္မာတယ်ဆိုပြီး မဲပို ပေးအောင် လုပ်တာပေါ့ ဟုတ်လား၊ ဒါပေမဲ့ သရဖီပန်း လဲ ရှိနေတာပဲဥစ္စာ၊ ပေးပေါ့ကွ"

"ဟုတ်ဒယ်၊ ဒီပန်းပင်နော် ... အပွန့်နော် ကန်းကန်းပွန့် ဒယ်၊ ဘားလို့ တွားမပေးတလဲရှိဒါ နာရှင်းရှားလို့ မရဒူး ရှိတယ်၊ ကြာပြီ"

"မင်း စဉ်းစားသလို ထားထားတိုးလဲ စဉ်းစားမှာပဲ ဂျက် ရ၊ ဒီငတုံးတစ်ကောင်ဟာ ဘာလို့ ငါကြိုက်တဲ့ပန်းကို မပေးချင်ရပါလိမ့်လို့၊ အင်း ... နမြောလို့ပဲလို့ ထင်မှာ ပေါ့ကွာ"

ဟု ပြောနေပေမယ့် သူ ငြိမ်နေသည်။ ဘာမှမပြော ဖြစ်။

ရင်ထဲမှာ နာကျင်နေသည်။ သရဖီပန်းကို သူပေး ဖို့ ရည်ရွယ်ခဲ့သည့် အဖြစ်ကို သူ မမေ့။

ဒါပေမဲ့ မပေးဖြစ်ခဲ့။ တကယ်တမ်းကျတော့ ခွဲက ပေးဖြစ်ခဲ့သည်လေ။

ခွဲပေးပြီးသည့်နောက်မှာ သရဖီပန်းကို ထားထားတိုး ကို ပေးဖို့ သူ လုံးဝစိတ်မကူးခဲ့သည်မှာ နှစ်ကာလ ကြာခဲ့ချေပြီပဲ။

ပိတောက်တွေ ဝေလျှင်သာ သူ သွားသွားပေးတတ် သည်။ တစ်နေ့မှာ ထားထားတိုး သူ့ပိတောက်တွေကို ပန်ဆင် ကောင်းချေရဲ့ဟူ၍။

ယခုကျတော့ သူသည် ရွှေပင်မှာ လာနားရသည့် ရွှေကျေးလေးအဖြစ် နားလည်နေရလျက် တစ်နေ့မှာ ဘဝမှန်ပေါ်



ချေရဲ့ဟူ၍ ကြေကွဲအားငယ်နေနင့်ရသည်မို့ ထားထားတိုးကို သူ့အချစ်တွေ မဖွင့်ဟရက်နိုင်တော့ပါ။

ဖေဖေ မေမေတို့၏ သားအရင်းအဖြစ် နေထိုင်ဟန် ဆောင်လျက် ထားထားတိုး၏ အချစ်ကို ရယူသူအဖြစ် သူ အသတ်မှတ် မခံနိုင်ပါ။

အရက်သမား လူသတ်သမား တစ်ယောက်၏သား အဖြစ်သိလျှင် မျိုးရိုးကို အရမ်းတန်ဖိုးထားသည့် ဘွား။ ပြီးတော့ ထားထားတိုးတို့ သူ့ကို ဆက်ဆံချင်ပါတော့မည်တဲ့လား။

သူ ခေါင်းယမ်းမိသည်။ မဖြစ်နိုင်။

ဘယ်လိုနည်းနှင့်မျှ ဆက်ဆံချင်မည် မဟုတ်။

"ဟော့တောင် ... ဘာ ခေါင်းခါတာလဲ"

ဟု လေးလေးဖေ မေးခိုက်မှာ သူ သက်ပြင်းရှိုက် သည်။

"မိုး ... ခုတလော စိတ်ပင်ပန်းတယ် လေးလေးဖေ၊ ကုမ္ပဏီအလုပ်တွေနဲ့လဲ ဝေးဝေးမှာ နေချင်တယ်၊ တစ်နေ ရာကို ခရီးထွက်ချင်နေတယ်ဗျာ"

ဟု ခပ်ညည်းညည်း ပြောတော့ ...

"သွားလေ ... ခွင့်တောင်းပေါ့ကွ၊ ငါလဲ လိုက်မယ်၊ ရေ ပြောင်း မြေပြောင်းပေါ့ကွာ၊ အနားယူရတာပေါ့"

ဟု ခရီးထွက်ချင်သည့် လေးလေးဖေက မြှောက်ပေး သည်။

"တူများကြားရင် ရယ်နေပါဦးမယ်၊ ခင်ဗျားက ဘာအလုပ် တွေနဲ့ ရှိတ်ရော လူရော ပင်ပန်းနေရလို့လဲ ခွတ်ခပဲ"

www.burmeseclassic.com



ဟု အန်ကယ်ဂျက် ပြောတော့ မျက်စိစွေ၍ ရန်လို ကြည့်ဖြင့် လေးလေးဖေ ကြည့်သည်။

"ဘယ်သွားမှာလဲ၊ ဘယ်လို စိတ်ကူးထားလဲ ငါ့လူ"

ဟု မေးလာသည့် လေးလေးဖေကို သူ တစ်ချက် ကြည့်သည်။

"ကလောမြို့ကိုပါဗျာ ... မိုး တစ်ယောက်တည်း သွားမှာ ပါ၊ လေးလေးဖေက ဖေဖေ့ကို ကားမောင်းပေးရမှာ၊ မေမေ နေကောင်းရင် စိတ်ချရရင် ခွင့်တောင်းမယ်လို့ စိတ်ကူးထားတယ်"

ဟု ပြောတော့ အန်ကယ်ဂျက် ဝမ်းသာအားရဖြင့် ...

"ကန်းဒယ်"

ဟု ဟန်မဆောင်စတမ်း ပြောချ၏။ လေးလေးဖေ မလိုက်ရတော့ဟူ၍ သိလိုက်ရချေသည်ကိုး။ လေးလေးဖေ မျက်ထောင့်နှင့် အန်ကယ်ဂျက်ကို လှမ်းကြည့်သည်။ စောစောက အပျော်ရိပ်တွေ အားတက်ပါးတက် အရိပ်တွေ ပျောက်ကုန်ပြီ။ လေးလေးဖေ စိတ်ကျသွားပုံရ၏။

သူ လှမ်းကြည့် တွေ့မြင်ရာဘက်မှာဖြင့် ပိတောက် တွေ ဖူးနေသည့် ပိတောက်ပင် မြင့်မြင့်ကြီးကို မြင်၏။

သြော် ... မကြာလင့်မီတွင်ဖြင့် ပိတောက်တွေ ပွင့် ခွင့် ကြုံကြချေဦးမည်တည်း။

သင်္ကြန်မိုးနှင့်အတူ ပိတောက်တွေ ဝေကြချေဦးမည် ပေါ့။



ဒါပေမဲ့ ဤတစ်ကြိမ်တွင်ဖြင့် ပိတောက်ဦးတို့ကို သူ မြတ်နိုးရပါသော မိန်းကလေးထံသို့ သူ မပို့ဖြစ်တော့။ ဒါကို သူ သိနေနှင့်သည်။

နောင်ကိုလည်း ဘယ်သောအခါတွင်မျှ သူ ပို့ဖြစ် ချေတော့မည် မဟုတ်။ သူ ပို့ခဲ့လေသမျှ ပိတောက်ဦးတို့သည် သူ မြတ်နိုးရပါသော မိန်းကလေး၏ ကေသာထက်တွင် ပန်ဆင် ခွင့် မရရှာဘဲ အဆုံးသတ်ခဲ့ရသည့် အဖြစ်အတွက်တော့ ပိတောက် ဦးတို့ သူ့ကို နားလည်ခွင့်လွှတ်ကြချေမည်သာတည်း။

သြော် ... ပိတောက်ဦးတို့ နားလည်ခွင့်လွှတ်ကြချေ မည်သာတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

ထားထားတိုး၏ ရွှေရည်ရောင်လှသော ပါးပြင်ထက်သို့ နေခြည်နုသည် မထိရက်ရက်၊ ထိရက်ရက်နှင့် ဖြာကျ၏။ အကြောမျှင် ရှိမ်းမြမြသည် ပို၍ ပါးပြင်နုနုထက်ဝယ် နေခြည်နုများကြားဝယ် ဖြာဖြာယှက်ယှက် ထင်၏။

ဩော် ... မထိရက်စရာ အလှရှင် မိန်းကလေး။

သူ ခပ်ငေးငေး တစ်ချက် ထားထားတိုးကို ကြည့်မိသည်။ မေမေ နေမကောင်းဖြစ်ပြီးသည့် ရက်များ၏ နောက်ဝယ် ထားထားတိုး၏ အပြောအဆိုတွေ သူ့အပေါ် သိမ်မွေ့အေးချမ်းခြင်းများဘက်သို့ ပို၍နွယ်လာမှန်း ခံစားနေမိ။ နားလည်နေမိရပါ၏။

သူ၏ မျက်ရည်စက်များကို ထားထားတိုး စတင်တွေ့မြင်ခဲ့ချေသည်ပဲ။

မေမေ့ကို ချစ်စိတ်ဖြင့် ပူပန်ခြင်းကြီးစွာ ထွေးပိုက်ထားလျက်။ မေမေ့ရင်မှာ မျက်နှာကို အပ်ထားလျက်။ သူ ငိုကြွေးမိခဲ့သည်ကိုး။



ဤနံနက်ဦးမှာ ထားထားတိုး သီရိမြိုင်သို့ ရောက်လာသည်။ သူ ပန်းခြံထဲမှာ တစ်ယောက်တည်း ရှိနေခိုက်ရောက်လာခြင်း။

လက်တွင်းမှာ ပလတ်စတစ် ခြင်းပြာလေးကို ထားထားတိုး ကိုင်လာသည်။

သူ့ထံသို့ ထားထားတိုး လျှောက်လာတော့ ဟော်လန်သစ္စာပန်းခင်းဘေးမှာ ရပ်လျက်-သူ တိတ်ဆိတ်စွာပဲ စောင့်ဆိုင်း၏။

မေမေ့ဆီသို့ လာခြင်းဆိုတာကိုတော့ သူ နားလည်၏။ ပန်းခြံထဲမှာ သူ့ကိုတွေ့၍ ဦးစွာ ထားထားတိုး သူ့ထံသို့ လျှောက်လာတာပဲ ဖြစ်မည်။

“ဘွားက ဒေါ်လေးအတွက် ဘွားကိုယ်တိုင် ဖော်ထားတဲ့ ဆင်တုံးမနွယ်ဆေးလုံး ပို့ခိုင်းတာ၊ ပြီးတော့ ဒါက ပျားရည်အစစ် နယ်က ပို့လာတာ ဒေါ်လေးသက်သာနေတယ် မဟုတ်လား”

ပလတ်စတစ် ခြင်းပြာလေးထဲမှာ ပျားရည်ပုလင်းနှင့် ဆင်တုံးမနွယ် ဆေးလုံးလေးတွေ ထည့်ထားသော ဖန်ပုလင်းတစ်လုံးရှိ၏။ နောက် တရားစာအုပ်တစ်အုပ်။

“မေမေ သက်သာနေပါပြီ ထားထားတိုး၊ အပေါ်ထပ် မေမေ့အခန်းမှာ ရှိတယ် ထား လိုက်သွားလိုက်လေ၊ မေမေ့အတွက် ခုလို ထားထားတိုးရော ဘွားရော တိုင်းရင်းဆေးကအစ ပို့ပေး၊ ဂရုစိုက်တာ မိုး ကျေးဇူးတင်ပါတယ်”

www.burmeseclassic.com



သူ တည်ငြိမ်စွာပဲ ပြောတော့ ထားထားတိုး သူ့ကို အကဲခတ်သလိုကြည့်သည်။ ယခင်တုန်းကလို အရမ်းကိုအလိုလိုက် လျှော့ပေးတတ်သော သွင်ပြင်များ ပြောင်းလဲစွာ ပျောက်ကွယ်သွားလျက် အရမ်းကို တည်ငြိမ်နေသည့် သူ့ကို အကဲခတ်နေခြင်းဆိုတာ သူ ရိပ်မိပါ၏။

ဩော် ... ထားထားတိုးသည် သူ့အပေါ် ဂရုမစိုက် နားမလည်ခဲ့ဟု သူ ထင်ခဲ့ဖူးသည်။ သူ၏ လိုက်လျှော့မှုများ အလျှော့ပေးတတ်မှုများကို ဂရုပင်မပြုခဲ့ဟု ကြေကွဲခဲ့ဖူးသည် မဟုတ်။ ယခု သူနားလည်မိရပါပြီ။ ထားထားတိုးသည် ထိုအရာများကို နားလည်ထားချေသည်ပဲဟု။

ဒါပေမဲ့ ထိုနားလည်ထားခြင်းသည် အသိအမှတ်ပြုခြင်းခံရသော နားလည်မှု မဟုတ်တာကိုလည်း သူ တစ်ဆက်တည်း ယခု သိနေရပြန်သည်။

သူ့ဘဝမှန်ကို သူ သိခဲ့ရပြီးသည့်နောက်မှာ ထားထားတိုးသည် သူနှင့် အရမ်းကို အလှမ်းဝေးကွာသည့် တော်ဝင်ပန်းလေးတစ်ပွင့်ဟုသာ မှတ်ယူလိုက်ရလျက် အရာရာဆုံးရှုံးနှင့်ခဲ့ပြီးသည့် ချစ်ခြင်းကို ပြန်၍ ကြေကွဲစွာ သိမ်းဆည်းထားမိခဲ့ရချေသည်ပဲလေ။

ဒါကြောင့်လည်း သူ ထားထားတိုးနှင့် ဆက်ဆံလျှင် အေးစက်စွာ၊ တည်ငြိမ်စွာပဲ ဆက်ဆံမိတတ်အောင် ဂရုစိုက်မိရတတ်သည်။

ဒါကို ထားထားတိုး အကဲခတ်နေခြင်း။ ဘာကြောင့်ဤသို့ သူ့ဆက်ဆံရေး ပြောင်းသွားရချေသည်လဲဟု အကဲခတ်ခြင်း။



"ကိုမိုး ... နေမကောင်းဘူးလားဟင်"

ခပ်ကိုးတိုး ထားထားတိုး မေးတော့ သူ ခေါင်းခါသည်။ အကြည့်ကို ခပ်လှမ်းလှမ်းမှာမြင်ရသည့် ပိတောက်ပင်ဆီသို့ ...င်း၏။ ပိတောက်ဖူးတို့ကတော့ အရမ်းကို ဖူးဝေနေကြချေသည်ပဲ။

"ကောင်းပါတယ် ထားထားတိုး၊ ထား မေမေ့ဆီ သွားမယ်ဆို ... သွားလေ၊ ဆေးလုံးတွေရလို့ မေမေ ဝမ်းသာရှာမှာ"

ဟု အားနာမိစိတ်ဖြင့် သူ တစ်ချက် ပြုံး၍ ပြောပါ၏။ သူ ခပ်တန်းတန်းကြီး နေလိုက်တော့ ထားထားတိုး ...ရှုပ်နေပုံရရှာသည်ပဲ။ သည်လိုဆိုတော့လည်း ထားထားတိုး သူ အားနာရသည်လေ။

"ဆင်တုံးမနွယ်ဆေးလုံးက ထားကိုယ်တိုင် လုပ်ပေးရတာ၊ ဘွားက ဆေးက ခိုင်းတာပေါ့၊ ဆင်တုံးမနွယ်ရဲ့ နွယ်ပင်ကို အတုံးလေးတွေတုံး၊ အခြောက်ခံ၊ ဆေးဆုံမှာ ထောင်းပြီးတော့ ပျားရည်နဲ့တေ၊ ပြီးတော့ အလုံးလေးတွေလုံး၊ အခြောက်ခံ၊ ပုလင်းထဲထည့်၊ ဘွားအတွက်လဲ တစ်ပုလင်း၊ ဒေါ်လေးအတွက်လဲ တစ်ပုလင်း၊ အဲသလို ထားတာ"

ထားထားတိုး ပြောပြတော့ သူ ငြိမ်သက်စွာ နား...င်သည်။

ထားထားတိုး၏ အလှတရားများ ခစားနေပါသည့် ...နှာလေးကိုလည်း တစ်ချက်ငေးကြည့်မိသည်။

"ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ထားထားတိုး၏ စကားအဆုံးမှာ အေးစက်သော သူ့စကားသံက ဝတ်ကျေတမ်းကျေ ပြန်ပြောသည့် သွင်ဟန်မျိုး ဖြစ်နေသည်။

"ကောင်းတာပေါ့၊ ကဲ ... ထားထားတိုး သွားလိုက်ဦး"

ဟု ပြောတော့ ထားထားတိုး သူ့ကို ထပ်ကြည့် သည်။ မျက်ဝန်းလေးတွေထဲမှာ လက်တောက်သော အရိပ် တွေ အုပ်မိုးယှက်ဖြာနေ၏။

ဤအကြည့်လေးကို သူ မမေ့။ သူ အရမ်းကို ဖျောက်ပစ်၍မရတော့သောအကြည့်။

ရန်ကုန်လုံမှ ခွေဝါလေးကို ကိုက်လိုက်စဉ်က ခေါ် နှင့် မခံချင်စိတ်။ မကျေနပ်စိတ်များဖြင့် ကြည့်သည့် ခပ်စွာ အကြည့်လေး။

ထိုအကြည့်လေးသည် လက်တောက်နေလျက် မျက် ဝန်းလေးထဲမှာ စိန်ပွင့်လေးတွေ ဝင်ခိုနေသည့်နှယ်သာတည် အရမ်းကို ချစ်ဖို့ကောင်းသော အကြည့်လေး။ ကလေးဆိုး နှင့်တူသော အကြည့်လေး။

"ကိုမိုးကို ပြောဖို့ရှိတယ်၊ ပြောရမလား"

"ပြောလေ"

"အခု ဆန်းဒေးမှာ သွယ့် ဝယ်ဒင်ရှိတယ်၊ အဲဒါ ကို လိုက်မပို့နဲ့တော့၊ ဖွဲ့ပဲ ကားမောင်းလိမ့်မယ်၊ လိုက်ပို့ နေရင် ကိုမိုးမှာ တာဝန်ကြီးနေမှာ၊ ခုတလော ကို စိတ်ရှုပ်ရ၊ ပင်ပန်းရနဲ့မဟုတ်လား"



ဟု ပြောလာတော့ ထားထားတိုး သူ့ကို စိတ်ကောက်နေပြီဆိုတာ နားလည်၏။

"အစတုန်းကတော့ ဖွဲ့ကလဲ သတို့သားအရံဝတ်စုံ ခွေဝါနရောင် ဝတ်စုံကိုဝတ်ရ၊ ထားထားတိုးကလဲ အဲသလိုပဲ၊ ပိုးသားချိတ်နဲ့ ခွေဝါနရောင်ဝတ်စုံကို ဝတ်ရနဲ့၊ ဖွဲ့လဲ ကားမောင်းလို့ စိတ်အိုက်၊ ထားထားတိုးလဲ မောင်းရမှာ မဟုတ်နဲ့ဆို၊ ကိုမိုး လိုက်ပို့ပေးပါဆို၊ ကိုမိုးလဲ သွယ်နဲ့ ကိုမျိုးတို့ရဲ့ ဝယ်ဒင်မို့ သွားရမှာမို့ တစ်ခါတည်းပို့ဝါဆို ဟင် ..."

ဟု မေးချင့်သည်။ ခပ်ချော့ချော့ပြုံး၍ ...

"ကိုမိုး လိုက်ပို့ပေးမှာပေါ့"

ဟုလည်း ပြောချင်သည်။ ထားထားတိုး စိတ်ထဲမှာ ထိုသို့ဖြစ်ချင်နေသည်ပဲလေ။

ဒါကို သူ နားလည်သည်။

ဒါပေမဲ့ ချက်ချင်း သူ မပြောဖြစ်။ ခပ်ဆဆ ချင့်ချိန်နေသလို သူ ခပ်တွေတွေ ငြိမ်နေ၏။

ထားထားတိုးကို သူ လိုက်ပို့ရပြန်လျှင်လည်း ရင်ထဲမှာ ကြီးမားသော ကြေကွဲခြင်းသည် နာနာကျင်ကျင် တိုးဝင်ကြချသည်သာတည့်။

သူချစ်သော မိန်းကလေးကို သတို့သမီးအရံဝတ်စုံလေးဖြင့် ဖွေးနုဥစင်နေအောင် လှလှပပလေး တွေ့မြင်ရမည်။ ပြီးတော့ သတို့သားအရံဝတ်စုံနှင့် ရှိနေမည့်ဖွဲ့နှင့် တွဲတွဲယှဉ်ယှဉ် မြင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေက ... လူတွေက။ သူ ... မတွေးချင်သော အတွေး။ သူ မမြင်ချင်သော အဖြစ်တစ်ခုကိုလည်း လူတွေက ထားထားတိုးနှင့် ဖွဲ့အပေါ်မှာ ပြောကြဆိုကြမည်။

ထိုအရာကား သူ့နလုံးအိမ်ကို နာကျင်ခြင်းတရားကို အဆုံးစွန်တိုင်အောင် ဆုပ်ညှစ်ကြေပြုန်းစေမည့်အဖြစ်။ ဟုတ်သည်။ ကြေပြုန်းစေမည့် အဖြစ်သာတည်း။

ဖွဲ့နှင့် ထားထားတိုးကို လူတွေက လိုက်ဖက်သော စုံတွဲတစ်တွဲအဖြစ် နောက်ကြမည်။

သတို့သား သတို့သမီးအရံအဖြစ် ...သည် သတို့သား သတို့သမီးဖြစ်ကြဖို့ နိမိတ်ဦးဟု နောက်ပြောင်ကြမည်။ တိုက်တွန်းကြမည်။

ထိုအခါ ရှက်ရိပ်သန်းနေသော ...က်နှာပန်းနုလေးဖြင့် ထားထားတိုး အနေခက်စွာ ရယ်မောချေမည်လား။ ဖွဲ့ကရော ထားထားတိုး၏ မျက်နှာလေးကို စိတ်လှုပ်ရှားစွာ ငေးစိုက်ကြည့်နေချေမည်လား။

ထိုအဖြစ် ... ထိုမြင်ကွင်းကို သူ ရှောင်လွှဲ၍ မရနိုင်စွာ တွေ့မြင်ရချေမည့်အဖြစ်။

ထိုအရာများကို သူ ရှောင်ကွင်းချင်သည်။ မမြင်ချင်။ သူ့နလုံးအိမ်ကလည်း ခံနိုင်ရည်စွမ်း ရှိနိုင်မည်မဟုတ်။

ဒါပေမဲ့ ... ဩော် ... ဒါပေမဲ့ ... ထားထားတိုးသည် ထိုအဖြစ်အတွက်ကို တစ်ချိန်က သူ့ထံသို့ တယ်လီဖုန်းဖြင့် ပြောဆိုခဲ့ပြီးပြီ။ သူ လိုက်ပို့ပေးပါမည်ဟုလည်း ကတိခံခဲ့ပြီးပြီ။ ထားထားတိုး ဖြစ်လိုသော အရာများစွာကို သူ လိုက်လျောပေး



ခဲ့ပြီးပြီ။ ဤအကြိမ်တွင်ဖြင့် သူ လိုက်လျောပေးလိုက်ခြင်းဖြင့် သူ၏ အချစ်သည် ပို၍ နက်ရှိုင်းစွာ ... ပြင်းထန်စွာ နာကျင်ကြေကွဲခြင်းဖြင့် သိုသိပ်မျိုသိပ်လိုက်ရချေပြီပဲ ... ဟု အထိမ်းအမှတ်တစ်ခုအဖြစ် သူ့နလုံးအိမ်ဝယ် မှတ်တိုင်အဖြစ် ရှိရစ်စေလိုက်တော့မည်သာတည်း။

"မိုး လိုက်ပို့ပေးပါမယ် ထားထားတိုး၊ မိုး လက်ခံထားပြီးတဲ့ ကိစ္စတစ်ခုကို ဘယ်တုန်းကမှ ပြန်ဖျက်ရိုးထုံးစံ မိုးမှာမရှိဘူး၊ ထားထားတိုးနဲ့ ဖွဲ့ကို မိုး လိုက်ပို့ပေးပါမယ်၊ မိုးဆီကိုလဲ သွယ်နဲ့ ကိုမျိုးတို့ဆီက ဖိတ်စာရောက်ပြီးပြီ၊ သတို့သား အရံဝတ်စုံနဲ့ ဖွဲ့ကို မိုး လိုက်ပို့ပေးပါမယ်၊ သတို့သား အရံဝတ်စုံနဲ့ ဖွဲ့ ကားမောင်းရင် အနေခက်မှာ၊ ပိုးချိတ်ပုဆိုး ... ပိုးတိုက်ပုံတွေ ဘာတွေနဲ့ မဟုတ်လား၊ ကားနောက်ခန်းမှာ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းပဲ ထားထားတိုးတို့ လိုက်ခဲ့ပါ၊ မိုးရဲ့ စူပါရှတ်ဖ်နဲ့ပဲ လိုက်ပို့ပေးပါမယ်"

ဟု သူ ပြောတော့ ထားထားတိုး သူ့ကို မော့ကြည့်သည်။

"ထားက ဒေါ်လေးအတွက် ကိုမိုး စိတ်ရော လူရော ပင်ပန်းထားတာကို နားလည်ပြီး အားနာလို့ပါ"

ဟု ခပ်တိုးတိုးပြောတော့ ...

"မေမေ သက်သာလာတာ ထားထားတိုးလဲ တွေ့သားပဲ၊ အန်ကယ်ထက်ကလဲ ပြောတယ်၊ စိတ်ချရပါပြီတဲ့ ကဲ ... မေမေ့ဆီ သွားမယ်ဆို၊ ထားထားတိုး သွားလိုက်တော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး တစ်ချက်ပြုံးပြတော့ ထားထားတို့ တစ်ချက်ကြည့်သည်။

ဟိုယခင်တုန်းကလို ထားထားတို့ သိရိုမြို့သို့ လာလျှင် သူ့ ဘေးမှာ အစဉ်ရှိနေတတ်တာ။ ဝမ်းသာသွားတတ်တာ တွေကို ထားထားတို့ တွေးနေချေမည်လား။

ဪ ... ထိုစဉ်တုန်းက ဘွား တစ်ခုခုခိုင်း၍ ထားထားတို့ စိတ်လက်မပါဘဲ သိရိုမြို့သို့ ရောက်လာခဲ့ရတာကို သူ နားလည်ထားပေမယ့် ထားထားတို့ ရောက်လာခြင်းအတွက် သူ အရမ်းကို ဝမ်းသာရတတ်သည်ပဲ။

ထားထားတို့အတွက် အအေးခွက်ကို ကိုယ်တိုင်ယူ ပေးရ။ မုန့်ပွဲချပေးရနှင့် ပျာယာခတ်နေသမျှ ဒေါ်ကြီးအိန္ဒြ မေမေပင် ပြုံးရိပ်သန်းလျက် ကြည့်ကြည့်နေတတ်ခဲ့သည်ပဲ။

"ဪ ... ထိုအရာများသည် ကျန်ရစ်ခဲ့ချေပြီကော ထားထားတို့ရယ်"

ဘာမျှမဟုတ်သည့် တင်မိုးညို အဖြစ် သိရပြီးသည့် နောက်မှာ ထိုအရာများကို သူ ကျန်ရစ်ခဲ့ချေပြီပဲလေ။

ထားထားတို့နေရာမှ ချာခနဲ လှည့်၍ သိရိုမြို့ ပေါ်တီကိုအောက်ဆီသို့ ဦးတည်လျှောက်ခိုက် သူ သက်ပြင်းကို မှုဉ်းချမိသည်။

ရင်ထဲတွင် ဆုံးရှုံးနှင့်နေရသည့် ကြေကွဲနာကျင်ခြင်း သည် ဆိုးရွားစွာ ဖိစီးနှိပ်စက်နေချေသည့် အဖြစ်။

သူ ကြားနေရသည်ပဲ။ သူ့နှလုံးသား၏ ငိုရှိုက်သံ ကို သူ ကြားနေရချေသည်ပဲ။



ဪ ... မိုးကြားနေရချေသည့် နှလုံးသားရှိုက်သံ ... မင်း မကြားနိုင်ပါလား ထားထားတို့။

ကြားနိုင်ခွင့်လည်း ရှိမလာနိုင်တော့ပါ ထားထားတို့ ...ယ်။

ဤအဖြစ်သည် ငါ၏နှလုံးသား လှို့ဝှက်ခြင်းအဖြစ် ...သွားရချေမည်သာတည့်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

"ဟော ... သားမိုး၊ လာလေ"

ညနေခင်းနေခြည်သည် မေမေ လဲလျောင်းနေသည့် ဒရင်းဘက် အပြာနုပေါ်သို့ ခပ်စောင်းစောင်း တိုးဝင်၏။ တရား စာအုပ်ကို မေမေ ချလိုက်ကာ ပြုံး၍ သူ့ကို လှမ်းခေါ်သည်။

သူ ကြမ်းပြင်တွင် ထိုင်လိုက်ကာ မေမေ၏ ခြေ သလုံးများကို ညင်ညင်သာသာ နှိပ်နယ်ပေးမိပါ၏။ မေမေ့ခြေ ချောင်းကလေးတွေကို ဖွဖွလေး ဆတ်ချိုးပေးသည်။ အသံတိုးတိုး မြည်လာတော့ မေမေ ရယ်မောလျက် ...

"အညောင်းကို ပြေရောကွယ်၊ မေမေ့သားလေးက အနှိပ် ကောင်း အပြုစုကောင်းလေး"

ဟု ပြောတော့ မေမေ့ကို သူ မော့ကြည့်သည်။ အေးချမ်းသော မေမေ့ မျက်ဝန်းတွေထဲမှာ မိခင်၏ မေတ္တာရိပ်များ ပြည့်သိပ်ဝေယုက်နေကြသည်ပါပဲ။

"မေမေ နေကောင်းရဲ့လားဟင်"



"ကောင်းပါတယ် သားမိုးရယ်၊ ဘယ့်နှယ်လဲ အလုပ်ကိစ္စတွေနဲ့ ပင်ပန်းခဲ့ပြီလား"

"မစ္စတာလီနဲ့ စက်ရုံတည်မယ့်မြေနေရာကို ဒီနေ့ သွားပြတယ် မေမေ၊ သားတို့ မြေကွက်နဲ့ မြေနေရာကို မစ္စတာလီကလဲ သဘောကျပါတယ်၊ လျှပ်စစ်ပစ္စည်းစက်ရုံတည်ဖို့ ကိစ္စကတော့ မကြာခင် လုပ်ငန်းစဖြစ်မှာပါ၊ ဖေဖေနဲ့ ကုမ္ပဏီရုံးခန်းမှာ မစ္စတာလီ အကြာကြီးစကားပြောခဲ့ပါတယ်၊ သားကိုလဲ မစ္စတာလီက သဘောကျတယ်"

ဟု လုပ်ငန်းနှင့်ပတ်သက်၍ တိုတောင်းသော အချိန်ဖြင့် မေမေ သဘောပေါက်နားလည်အောင် ရှင်း၍ သူ ပြောပြတော့ မေမေ ခေါင်းညိတ်၏။

သူ့ဆံစများကို သပ်တင်ရင်းမှ ...

"မိုးလေးရဲ့ဖေဖေ မျှော်လင့်ထားတာလဲ အဲဒါပါပဲကွယ်၊ သူ့သားကို အရမ်းထွန်းပေါက်အောင်မြင်တဲ့ စီးပွားရေး အမြင်ကျယ်တဲ့ လုပ်ငန်းရှင်ဖြစ်စေချင်တာ"

ဟု ပြောတော့ သူ ဘာမျှမပြောဖြစ်။

ပြောရမည့်စကားအတွက် သူ ခပ်ဆဆ ချင့်ချိန်နေမိပြီးမှ ...

"မေမေ ... မေမေ့ကို မိုး ခွင့်တောင်းချင်လို့"

ဟု ပြောတော့ မေမေ ပြုံး၍ ...

"ဘာများလဲ မိုးလေးရယ် ... ပြော"

ဟု ပူဆာမည့် ကလေးကို စိတ်ရှည်အလိုလိုက်သည့် အပြုံးဖြင့် ပြောရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



"မစွတာလီ မနက်ဖြန်ပြန်မယ် မေမေ၊ မိုးလေး နောက်နှစ်ရက် သုံးရက်မှာ ကလောကို သွားပါရစေ မေမေ"

ဟု ပြောတော့ မေမေ့ကိုယ်လေးနောက်သို့ လျှောခနဲ မှိုကျသွားကာ သူ့လက်တွေကို တင်းတင်းဆုပ်၍ ခပ်ငေးငေး ကြည့်ရှာသည်။ စောစောက မြင်ခဲ့ရသော တောက်ပသည့် အကြည့်မျိုးမဟုတ်တော့။ ခပ်ဖျော့ဖျော့အကြည့်။ တုန်လှုပ်သော အကြည့်။

သူ မေမေ့လက်တွေကို ဆုပ်ကိုင်အုပ်မိုးထားရင်းမှ...

"မေမေ့ကို သား အရမ်းချစ်ပါတယ် မေမေ၊ ဒီလိုပြောလို့ ခွင့်တောင်းလို့ မေမေ့ကို မချစ်တော့ဘူးလို့ မေမေ ခံစားသွားမှာ သား အစိုးရိမ်ဆုံးပါ"

ဟု အရေးတကြီးပြောတော့ မေမေ သူ့ကို အတန်ကြာ ငေးငေးကြီးကြည့်သည်။ မေမေ့မျက်ဝန်းတွေမှာ မျက်ရည်များ ဝေတက်လာနေတာကို မြင်တော့ သူ့ရင်ထဲမှာ မချိ။

"ကလောမှာ အမေရှိနေတယ်ဆိုတာကို မိုးလေး သိနေရပါတယ် မေမေ၊ အမေဟာ အကြောင်းအမျိုးမျိုးကြောင့် မိုးလေးကို မေမေ့ကို ပေးခဲ့တယ်၊ ဒီအဖြစ်ကို သိခွင့်ရလိုက်တဲ့မိုးလေးဟာ အမေ့ကို သွားတွေ့သင့်ပါတယ် မေမေ၊ အဖြစ်မှန်ကို သိနေပါရက်နဲ့ အမေ့ကို ဥပေက္ခာပြုပြီး နေဖို့အထိတော့ သားရဲ့စိတ်တွေ မဲမာကျောနိုင်တာ အမှန်ပါ မေမေ၊ ဒီလိုတွေ့ချင်နေတာကိုလဲ မေမေ့အပေါ်မှာ သား မလျှို့ဝှက်ထားချင်တာမို့ ခွင့်တောင်းအသိပေးတာပါ၊ ဒီလို သွားတွေ့တဲ့အတွက် တွေ့ချင်နေတဲ့အတွက် မေမေ့ကို ချစ်တဲ့ သားရဲ့အချစ်တွေဟာ လျော့ပါးသွားတာ မဟုတ်ဘူးဆိုတာ မေမေ ယုံပါဗျာ"



ဟု မေမေ့လက်ပေါ် ခေါင်းတင်ရင်း သူ ပြောနေရာမှ မျက်ရည်များ ကျလာရပါပြီ။

"သူ မိုးလေးကို တွေ့ရင် ဘယ်လိုမှ တင်းထားနိုင်မှာ မဟုတ်ဘူး မိုးလေး၊ သူ သိရှိမြင်ထိ တစ်နေ့မှာ လိုက်လာလိမ့်မယ်၊ မေမေ သိတယ်၊ မလှိုင်ဦး လိုက်လာလိမ့်မယ်"

မေမေ့အသံတွေ တုန်ခါနေသည်။ မေမေ့ကို မော့ကြည့်တော့ မေမေ မျက်ရည်ကျနေရှာ၏။ သူ့ကို ကြည့်နေသော အကြည့်သည် တောင်းပန်ကြည့်ဖြစ်နေသည်။

"မေမေ့ကို မတရားဘူးလို့ ပြောမလား မိုးလေးရယ်၊ မေမေ့သားလေးနဲ့ သူ့ကို မေမေက ပေးမတွေ့စေချင်ဘူးလို့ ပြောတော့မလို့လား ကလေးရယ် မေမေ ပြောပြမယ်၊ ရှင်းပြမယ် သား"

ဟု အားယူ၍ မေမေ ပြောသည်။ မျက်ရည်ကိုလည်း သုတ်ရှာ၏။ မေမေ့ လက်ချောင်းလေးတွေ တုန်နေရှာ၏။ မေမေ့ကို စိတ်ပင်ပန်းအောင် ပြုမိချေပြီကောဟု ရင်ထဲမှာ မချိတင်ကဲ ဖြစ်မိရပြန်သည်။ တစ်ဖက်ကလည်း မွေးမေရင်းကို တွေ့ချင်ဇောသည် သားတစ်ယောက်၏ရင်၌ ဖြစ်တည်နေမိရပြန်သည့်အဖြစ်။

"သားကို သူ မြင်တဲ့အခါ သားမိုးဟာ သူ့သားပဲဆိုတာ သိသွားခွင့်ရတဲ့အခါ မြင်ခွင့်ရတဲ့အခါ သူ ဝမ်းသာရှာမယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ မေမေ သိပါတယ်ကွယ်၊ နောက် ... သားကို ကြည့်မဝ ရှုမဝ ဖြစ်ရမယ်၊ သားမိုး သီရိမြိုင်ကို ပြန်လာပြီးတဲ့နောက်မှာ တွေ့ချင်နေရှာမယ်၊ နောက်ဆုံးတော့ သူ ဘယ်လိုမှ တင်းမထားနိုင်တော့တဲ့အခါ သီရိမြိုင်ကို သားဆောနဲ့ ရောက်လာလိမ့်မယ်၊ သူ့ဘက်က တရားနေပါတယ် သားရယ်၊ သူ့သားကို၊ ဒါပေမဲ့ သားရယ်၊ အဲဒါတွေကို မေမေ ဘယ်လိုရင်ဆိုင်နိုင်ပါ့မလဲ ကလေးရယ်၊ မေမေ့သားကို ရင်ခွင်ထဲက ဆွဲယူပြန်ခေါ်သွားမယ့်အဖြစ်ကို မေမေ ဘယ်လို ရင်ဆိုင်နိုင်ပါ့မလဲ၊ အဲဒါ သား တွေးမိရဲ့လား၊ မေမေ့သားလေးကို သူ ယူသွား၊ ခေါ်သွားမှာကို တည်တည်ငြိမ်ငြိမ်နဲ့ မေမေ ကြည့်နေနိုင်မယ်လို့ သား ထင်သလား"

မေမေ့အသံက တိုးဖျော့ကျနေရာမှ ပျောက်လုမတတ် တိုးတိမ်ကျသွားသည်။

မေမေ့ မျက်ဝန်းမှ မျက်ရည်များ တန့်ဆည်မရ ကျနေကြသည့်အဖြစ်ကို မြင်ရတော့ သူ မေမေ့လက်တွေကို တင်းတင်းဆုပ်ထားမိရင်းမှ တိတ်ဆိတ်စွာ မျက်ရည်များ စီးကျလာရပါပြီတည်း။

"သား တစ်ခုကတိပေးပါတယ် မေမေ၊ အဲသလို အမေ့ကို သား သွားတွေ့တာကို အမေ မသိစေရပါဘူး"

ဟု သူ အသံအက်အက်ဖြင့် ပြောလာတော့ မေမေ သူ့ကို နားမလည်သလို ကြည့်လာရှာ၏။

သူ မလိပ်မညာစတမ်း ရင်ထဲမှ စကားကို ဖွင့်ပြောမိရပါပြီ။



"အမေ့ကို သား တွေ့ဖူးချင်လွန်းလို့ပါ မေမေရယ်၊ မြင်ဖူးချင်လွန်းလို့ပါဗျာ"

ဟု ပြောလည်းပြော။ မေမေ့ ရင်ခွင်ထဲ ကလေးတစ်ယောက်နယ် သူ တိုးဝင်၍ ကလေးလိုပင် ငိုရှိုက်မိရပါပြီတည်း။

မေမေ့ကို စိတ်ဆင်းရဲ ကြေကွဲစေသည့်အဖြစ်ဖြင့် ရင်းနှီး၍ အမေ့ကို သူ မတွေ့တော့ ..။ အမေ့ကို သူ မြင်ဖူးခွင့်ရရှိမှုဖြင့် ကျေနပ်ယူတော့မည့် အဖြစ်မျိုးဖြင့်ပင် အမေ့ကို သူ သွားတွေ့ချင်ပါသည်။

မိမိရင်မှာ လွယ်၍ မွေးထားရပါသော သားတစ်ယောက်သည် တစ်ထောင့်တစ်နေရာမှနေ၍ မိမိ မသိအောင် ကြေကွဲလှိုက်ခါနေသောရင်ဖြင့် ခပ်ငေးငေး ကြည့်နေပါလားဆိုသည့် အသိတစ်ခုကိုလည်း အမေ့ကို မခံစားစေချင်တော့ပါ။ အမေ ကြေကွဲစွာ ငိုကြွေးရှာမှာကိုလည်း မမြင်ရက်နိုင်စွမ်းပါ။

သူသာလျှင် ငါ့အမေ ... ငါ့အမေ ... ဟူသော ခံစားမှုဖြင့် တိတ်ဆိတ်သိုသိပ်စွာ တဆို့တနင့်ကြီး ခံစားရင်း အငေးကြီးငေးကြည့်ခဲ့ပါတော့သည်။

သူ့ကို မွေးဖွားခဲ့ပါသော အမေ့မျက်နှာကို သူ မြင်ဖူးနိုင်ခွင့်ရရှိမှုဖြင့်ပင် သူ ဖြေသိမ့်ကျေနပ်ယူပါတော့မည်။ ဒါပေမဲ့ ထိုခံစားမှုသည် ရင်ကို ပြင်းထန်စွာနာကျင်စေမည်။ နာကျင်ချေမည်။

"ငါဟာ မွေးစားသားဆိုတဲ့ အသိကြောင့် ဖေဖေနဲ့ မေမေ့ အပေါ်မှာ အရင်တုန်းကလို ပိုင်ပိုင်ကြီး ဖေဖေ မေမေရယ်

www.burmeseclassic.com



လို့ ခေါ်ရမှာ လိပ်ပြာမသန့် အားငယ်ရတယ်၊ အမေရင်းကိုကျတော့လဲ အမေလို့ ခေါ်ပိုင်ခွင့် မရှိတော့တဲ့ သားတစ်ယောက် ဖြစ်နေရတယ်၊ အဲဒီအတွက် မေမေ့မှာလဲ အပြစ်မရှိဘူး၊ အမေ့မှာလဲ အပြစ်မရှိဘူး၊ ဒါပေမဲ့ ငါ့ရင်ထဲမှာ ခံစားနေရတဲ့ ပြင်းထန်တဲ့ ဝေဒနာဟာ ဘယ်တော့မှ အကင်းသေ ပျောက်ကွယ်သွားနိုင်တော့မှာ မဟုတ်ဘူးဆိုတာ ငါ သိနေရပြန်တယ်"

သူ မေမေ့ ရင်ခွင်ထဲမှာ ကလေးလိုပဲ တိုးဝင်ရင်း မေမေ့ကို ငယ်တုန်းကလိုပဲ ဖက်တွယ်ထားရင်းမှ အသံမဲ့သော ရှိုက်သံ ကွယ်ပျောက်သွားပြီဖြစ်သော ငိုကြွေးခြင်းဖြင့် မျက်ရည်များသာ ပြိုကျနေရပါပြီ။

မိခင်ကို ဆုံးရှုံးနေရသည့် သားတစ်ယောက်၏ မျက်ရည်စက်များ။

သူ့ကိုချစ်နေသော မိခင်တစ်ယောက်သည် သူ့ဘေးမှာ ရှိနေသည်။ အဝေးတွင် သူနှင့် မပတ်သက်စွာ ရှိနေရရှာသော မိခင်တစ်ယောက်သည်လည်း ရှိနေသည်။ ဒါပေမဲ့ ထိုမိခင် နှစ်ယောက်စလုံးကို သူ ပိုင်နိုင်စွာ ပိုင်ဆိုင်ရသည့် သားအဖြစ်ကို မရရှိဟု အားငယ်ကြေကွဲစိတ်ဖြင့် ခံစားနေရသည်က စိတ္တဇဝေဒနာဆိုးတစ်ခုနှယ် ရင်ကို နှိပ်စက်ချေ၏။

မေမေ့လက်ချောင်းတွေက သူ့ကျောပြင်ကို ဖွဖွညင်သာ ပွတ်သပ်ပေးရှာ၏။

နောက်တော့ မေမေ့ လက်ချောင်းလေးတွေက သူ့ဆံစများကို ပွတ်သပ်ပေးရှာ၏။



ကလေးလေးလိုပဲ သူ့မျက်နှာကို ဆွဲမော့ကာ နဖူးပြင်ကို ငုံ့နမ်းရှာသည်။ မေမေ့မျက်ဝန်းတွေမှာ မျက်ရည်များ အိုင်ကျနေတာမြင်တော့ ရင်ထဲမှာ မချိနိုင်ပြန်။

"မေမေ့ စိတ်ဆင်းရဲမယ်ဆိုရင်လဲ သား အမေ့ကို မမြင်ဖူးချင် နေပါစေတော့ မေမေရယ်"

ဟု နောင်တဖြင့် သူ ပြောတော့ မေမေ ခေါင်းခါသည်။

အားယူပြီး၍ သူ့ကို ကြည့်သည်။ မေမေ့နှုတ်ခမ်းတွေ တုန်နေရှာ၏။

"မေမေ ခွင့်ပြုတယ် သား၊ သူ့ကို သွားတွေ့လိုက်ပါ၊ တစ်ခုပဲရှိတယ် သားမိုးရယ်"

မေမေ့အသံ တိမ်ကျသွားသည်။ တားစီးမရနိုင်တော့ပြီဖြစ်သည့် မျက်ရည်စက်များသည်လည်း မေမေ့ ပါးပြင်ပေါ်သို့ ပြိုကျနေကြပါ၏။

"မေမေ့ကို သားမိုး ဒီလိုပဲ ချစ်နေရင် မေမေလို့ အရင်တုန်းကလိုပဲ ချွဲနွဲ့ပူဆာနေရင် မေမေ ကျေနပ်ပါပြီ မိုးလေး ရယ်၊ မေမေ့သားအဖြစ်က မိုးလေး ထွက်ခွာမသွားဘူး၊ မေမေ့ကို မချန်ရစ်ဘူးဆိုရင် မေမေ ကျေ ... နပ်ပါပြီ"

မေမေ့အသံသည် တိုးတိမ်နေရာမှ ပျောက်ကွယ်လုမတတ် ဖြစ်နေပြီ။

စကားအဆုံးတွင် အားယူ၍ ပြောနေသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ငုံ့မိုး၍ ကြည့်မဝနိုင်စွာ ချစ်မဝနိုင်စွာ ကြည့်နေရှာသည့် မေမေ၏ မျက်ရည်ဝေနေသော ... မျက်ဝန်းများကို သူ မော့ကြည့်မိရင်းမှ ...

"မေမေရယ် ..."

ဟု ရှိုက်သံများ ရောထွေးနေသည့်အသံဖြင့် သူ ခေါ်မိလိုက်ရင်းမှ မေမေ့ရင်မှာ ခေါင်းကို တိုးဝင်မိရပါပြီ။

အခန်းလေးသည် မေတ္တာ၏ အငွေ့အသက်များဖြင့် လွှမ်းခြုံရစ်ပတ်လျက်ရှိသည်ဟု သူ ခံစားမိရပါ၏။



## အခန်း(၂၆)

ပေါင်းစည်းမရနိုင်သည့် ဘဝနှစ်ခုပေပဲဟု နားလည်နေရပေမယ့် ရင်ထဲမှာ ဖြေသိမ့်ယူနိုင်စွမ်းမရှိစွာပဲ နာကျင်နေရသည့်အဖြစ်။

ကားနောက်ခန်း ဆိုဖာမှာ လှပစွာ ရွှေဝါနုရောင်ဝတ်စုံဖြင့် ရှိနေသည့် ဖွဲ့နှင့် ထားထားတိုးတို့ကို သူ တည်ငြိမ်စွာကြည့်နိုင်ဖို့ ကြိုးစားခဲ့ရခြင်းသည်ပင်လျှင် ကြီးမားသော အားစိုက်ထားမှုဖြင့်ပါ။

ထားထားတိုးကို သူ နောက်မှ ဝင်ကြိုသည်။

ဖွဲ့ကို အလျင်ဝင်ကြိုပြီးမှ တစ်ခေါက်ဝင်၍ ထားထားတိုးကို သူ ဝင်ကြိုခြင်းပါ။

မိန်းကလေးဆိုတော့ အလှအပ ပြင်ဆင်တာက ယောကျာ်းလေးတွေထက် ပိုကြာတတ်သည်ကိုး။

ပိုးသား ရွှေဝါနုရောင် ဝတ်စုံလေးနှင့် ဆံမြိတ်ချ ဆံထုံးထက်မှာ သစ်ခွတွေ ဝေနေလျက် အရမ်းကိုလှသော ထားထားတိုး။

www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်ရိပ်သန်းသော အသားနုနုသည် ရွှေဝါနုရော
ပိုးဝတ်စုံလေးနှင့် ရွှေရည်ရိပ်ကို သူနိုင်ကိုယ်နိုင် လုနေသည့်အဖြ
သြော် ... နောက်ဆုံးတော့ သူ၏ ထားထားတိုး၏ ရွှေရည်
အသားတော် နုနုထွေးသည် ပိုးသားထက်မှာ တင်သည့် ရွှေဝါရော
နုနုကို အနိုင်ယူသွားချေသည်ပဲ။

ထားထားတိုး၏ အသားနုနုထွေးသည် ပိုးသား
ရွှေရည်ရိပ်ထက် ပို၍ ဝင်းဝင်းနုနု ရှိချေသည်ပဲ။

နက်မှောင် အရည်လဲ့နေသော မျက်နက်ဝန်းသည်
ဤနေ့တွင် ပို၍ ရွှန်းလဲ့နေချေသည်လား။ ဖွဲ့နှင့် ယှဉ်၍ ထိုင်
သည့် ထားထားတိုးကို နောက်ကြည့်မှန်မှတစ်ဆင့် သူ အကဲခ
သလို ကြည့်ကြည့်နေမိခြင်းသည် သဝန်တိုစိတ်ကြောင့် ဆိုတာ
တော့ သူ မငြင်းသာ။

ချစ်လွန်းသည့်မို့ သဝန်တိုမိပါသည် ထားထားတိုး

ဒါပေမဲ့ ဤဝန်တိုခြင်း မကင်းနိုင်သည့် အချစ်သည
ကြေကွဲအားငယ်စွာပဲ သိုဝှက်ထားခြင်းဖြင့် အဆုံးသတ်သွားရ
မည့် အဖြစ်သာတည်။

"လုလိုက်တာ ထားထားတိုးရယ် မင်း လှလိုက်တာ"

ဟု တွေးနေမိရင်းမှ သက်ပြင်းကို ရှိုက်ချမိသည်
ဖွဲ့နေရာမှာ သူ့ကို သွယ်တို့မှ မှန်းထားပေမယ့် ထားထားတ
ငြင်းခဲ့သည်ပဲ။

တကယ်တော့ ဖွဲ့နှင့် ယှဉ်လိုက်တိုင်း သူသည်
နောက်တော်ပါးသို့ အလိုလို ရောက်သွားရချေသည်ပဲလေ။ ဤအဖြ
သည် ရင်ကို နာကျင်စေပေမယ့် ကာလကြာခဲ့ပြီဖြစ်သည့် ကြေ



ရှုမှုများမို့ ဟန်ဆောင်ဖုံးဖိထားသည့် အတတ်ကို သူ ကျွမ်းကျင်
တတ်မြောက်ခဲ့တာလည်း ကြာခဲ့ချေပြီပဲ။

"ထားကို ခုလို ပုံမျိုးနဲ့ ငါ ခုတစ်ခါပဲ တွေ့ဖူးတာ၊ ခုလို
ကျတော့လဲ သားသားနားနားပဲ"

ဖွဲ့၏ ခပ်တိုးတိုး နောက်သံကို သူ ကြားနေရသည်။

"ဖွဲ့နော် ... အရင်တုန်းကတော့ ထားက စုတ်ပြတ်နေတယ်
ဆိုပါတော့"

ခပ်တိုးတိုး ပြန်စွာတော့ ဖွဲ့ ရယ်သည်။

"တကယ်ပြောတာဟ ထား ဘယ်တုန်းက ဆံထုံးတွေ
ဘာတွေ ထုံးဖူးလို့လဲ၊ အမယ် ... ခုလို ပန်းတွေ ဘာတွေ
နဲ့ ဆံထုံးနဲ့ဆိုတော့ တစ်မျိုးပဲဟ"

"အဝတ်အစားတွေက ပိုးစတွေနဲ့ တောက်တောက်ပြောင်
ပြောင်ဖြစ်လို့ စိတ်ရှုပ်ရတဲ့ကြားထဲမှာ နောက်မနေနဲ့ ဖွဲ့၊
သွယ့်ကြောင့် ထား ဒီအလုပ်ကိုလုပ်ရတာ အားနာလို့၊
ဆံထုံးတွေ၊ ပန်းတွေ၊ မိတ်ကပ်တွေနဲ့ နှုတ်ခမ်းနီဆိုး ဘာ
ဆိုးနဲ့ဆိုတော့ မနေတတ်ဘူး၊ အိမ်မှာလဲ ဘွားက ရယ်နေ
တာ၊ ထားကိုကြည့်ပြီးတော့ပေါ့"

"ဟုတ်လား ... ငါ ထင်သားပဲ၊ နင့်ပုံက ရယ်စရာကြီး
ဉစ္စာ"

"ကိုမိုး ဒီမှာ ဖွဲ့ နောက်နေတာ မတားပေးတော့ဘူးလား၊
တစ်ဖွဲ့တည်းလုပ်နေတယ်"

ငြိမ်နေသော သူ့ကို ထားထားတိုး လှမ်းစွာတော့
သူ တစ်ချက်ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖွဲက နောက်တာပါ ထားထားတိုးရယ်၊ ဒီနေ့မှာ ထားက
သိပ်လှနေတာပါ၊ ဖွဲလဲ ခန့်နေတာပါပဲ"

ဟု သူ ပြောတော့ ဖွဲ ရယ်သည်။

"ငါ့ကို ခန့်တယ်လို့ပြောတာ ကြားတယ်နော်"

"ကြားနေတာပဲ"

နောက်ပါးမှ အသံကို သူ ကြားနေရသည်။ ချိန်ဘာ
ဆင်းသည့် အခါများမှာလည်း ထားထားတိုးနှင့် ဖွဲတို့ ဤသို့
ဤနှယ်ပင် နောက်လိုက် စလိုက်၊ စိတ်ကောက်လိုက်နှင့် ရှိနေကြ
ချေမည်လား။ မိကြူ၊ ပုကျော့နှင့် မိဦးရှည်တို့မှ ကြားဝင် ဖျန်
ဖြေလိုက်နှင့် ရှိခဲ့ချေမည်လား။ ရင်ထဲမှာ ကျဉ်ခနဲ ထပ်ဖြစ်၏။

ဖျတ်ခနဲ နောက်ကြည့်မှန်မှ ကြည့်တော့ စိတ်တိုနေ
သော ထားထားတိုး၏ မှုန်တည်တည် မျက်နှာလေးကို မြင်ရ
သည်။ ဖွဲကို စိတ်ကောက်နေခြင်းဟု နားလည်မိပြန်၏။

"မိုးကို တစ်ခါမှ အဲသလို မှုန့်ဖွဲ့ဖွဲ့နဲ့ မင်း စိတ်မကောက်
ဖူးဘူး ထားထားတိုး"

ဟု တွေးဖြစ်လျက် သက်ပြင်းကို မှုိင်း၍ချသည်။
ဖွဲကတော့ ကလေးတစ်ယောက်ကို ချစ်စနိုး နောက်နေသည့် အသွင်
ဖြင့်ပါ။

သွယ်တို့အိမ်ကို ရောက်တော့ အစောကြီးရှိသေးတာ
မို့ ဧည့်ပရိသတ်တွေ မရောက်သေး။

ကြိုရောက်အောင်လည်း တမင်စောလာခြင်းပါ။

ကားပေါ်မှ ထားထားတိုး ဆင်းခိုက်မှာ မိကြူနှင့်
ပုကျော့တို့ အိမ်ထဲမှ ပြေးထွက်လာကြသည်။



"မိုးနတ်ဒေဝီပဲဟော့"

ဟု ပြောပြီးတော့ သူ့ကို လှမ်းကြည့်ကာ ပုကျော့
ခပ်ကျယ်ကျယ် ထပ်အော်သည်။

"မိုးနတ်ဒေဝီမှ မိုးနတ်ဒေဝီဟော့"

"နတ်ဆိုတဲ့ စာလုံးကို မကြိုက်ဘူး ဖြုတ်ပါ"

မိကြူ ပြောပြီး ရယ်ကျဲကျဲနှင့် ထားထားတိုး အနီး
သို့ ကပ်ကာ ခြေဆုံးခေါင်းဖျား ကြည့်သည်။

မိုးဒေဝီဆိုတော့ သူနှင့် ထားထားတိုးကို နောက်နေ
ခြင်းဆိုတာ နားလည်လာလျက် ထားထားတိုးကို တစ်ချက် သူ
ငဲ့ကြည့်မိတော့ ခပ်တည်တည်လေး မိကြူနှင့် ပုကျော့တို့ကို
ကြည့်နေတာမြင်၏။

ကြည့်နူးပြုံးသည် သူ့နှုတ်ခမ်းထက်မှ လွင့်ခနဲ ပျောက်
သွားရသည်ပါပဲ။

"မင်း ... အဲလို နောက်တာကို မကြိုက်ဘူးဆိုတာ မိုး
သိပါတယ် ထားထားတိုးရယ်"

ဟု နားလည်စိတ်ဖြင့် သူ တွေးမိရင်း အကြည့်ကို
အဝေးသို့ လွှဲယူသည်။

"ဟိုဘက်က တောက်တောက်ပြောင်ပြောင်နဲ့ ဖြစ်နေတာ
ဘယ်သူများလဲ"

"ဖွဲလေ ... ဖွဲပေါ့ဟဲ့၊ နင်တို့နှစ်ယောက် ငါတို့ကိုပဲ
နောက်နေ"

ထားထားတိုး စွာလည်းစွာ၊ ရှေ့မှ အိမ်ထဲသို့ဝင်
သွားတော့ ဖွဲ မျက်နှာနီနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သတို့သားအရံဝတ်စုံနှင့် ရှိနေသည်မို့ အနေခက်ရသည့်ကြားထဲ ဆီး၍ မိကြူနှင့် ပုကျော့တို့ နောက်နေကြတော့ ဖွဲ မျက်နှာရဲနေသည်။

တစ်လမ်းလုံး တပြုံးပြုံးနှင့် ထားထားတိုးကို နောက်ခဲ့သမျှ ဝဋ်လည်နေသည့် ဖွဲကို သူ တစ်ချက်ကြည့်ပြုံးမိရသည့် အဖြစ်။

"အံမယ် ... ပိုးတိုက်ပုံတွေ ဘာတွေနဲ့၊ တိုက်ပုံကလဲ ရင်ဖုံးတိုက်ပုံကြီးနဲ့တော့၊ ဖွဲကိုတော့ မိုးကြိုးပစ်တော့မှာပဲ၊ မတန်မရာကြီးဆိုပြီးတော့"

အမြဲတမ်း ဂျင်းဆောင်းဘီနှင့် နေတတ်သည့် ဖွဲကို ပိုးချိတ်ပုဆိုး၊ ပိုးတိုက်ပုံတွေနှင့်ဖြစ်နေတာ ဝိုင်း၍ နောက်နေကြတော့ ဖွဲ ဆလံပေးရင်း ...

"ထားကို ငါ နောက်ခဲ့သမျှ နင်တို့နဲ့ကျမှ ငါလဲ မိုးကြိုး ထိတော့တာပဲ"

ဟု ပြန်ပြောရှာသည်။

သူ မိကြူကို ကြည့်လျက် ...

"ကိုမျိုးနဲ့ သွယ်တို့ရော"

ဟု မေးတော့ ...

"မိသွယ် ရှိုးထုတ်နေတယ်၊ လှမယ်ထင်ပြီးတော့ မျှော်လင့်တကြီးနဲ့ အလှပြင်နေရှာတာ၊ သနားပါတယ်"

ဟု သတို့သမီးပါ မကျန်အောင် မြှက်ခင်းပြင်မှာ ထိုင်ရင်း ပျော်ခဲ့တာကို ပြန်၍သတိတရ လွမ်းမိလိုက်ရသည်ပါပဲ။



"ကိုမျိုးကတော့ ခုထိ စွပ်ကျယ်ချိုင်းပြတ်နဲ့ ဧည့်ခန်းထဲမှာ ဘာတွေ လုပ်နေတယ် မသိဘူး၊ သတို့သားအရံ ဖွဲကတောင် ရှိုးနဲ့မိုးနဲ့ အိမ်ပေါ်ရောက်ပြီး သူကတော့ စားပွဲကုလားထိုင်ခင်းတဲ့ကိစ္စမှာ ပါကောင်းတုန်း"

ဟု အတင်းအုပ်နေခိုက် ပုကျော့ကို သူ ပြုံး၍ ကြည့်သည်။

"ဘယ်မှာလဲ လက်ဆောင်၊ နိုင်ငံခြားပြန်ကြီး"

လက်ဝါးဖြန့်၍ ကျော့ကျော့စွာခိုက် ...

"အိမ်မှာ ရှိနေပါတယ်ဟာ အလုပ်များနေလို့၊ နင့်အိမ်ဘက်ကို မရောက်နိုင်တာ၊ မိဦးရှည်အတွက်ရော ... မိကြူအတွက်ရော၊ သွယ့်အတွက်ရော၊ ကိုမျိုးအတွက်ရော ပါပါတယ်၊ ဒီနေ့တောင် တစ်လက်စတည်းယူလာပြီး နင်တို့ကို ပေးလိုက်ဖို့ စိတ်ကူးသေးတယ်၊ မကောင်းတတ်ပါဘူးဆိုပြီး ထားခဲ့တာ"

"ဟာ ... ဘယ့်နှယ်ကြီးပြောတာတုန်း၊ ယူလာခဲ့ပြီးရော"

ပုကျော့ ရယ်၍ပြောတော့ သူ သဘောကျစွာ ရယ်မိသည်။

"အိမ်လာယူလိုက်ရမလား"

"အကောင်းဆုံးပဲ မေမေ့ဆီ ပေးထားခဲ့မယ်၊ ဝင်ယူလိုက်ပါလား"

"ပုကျော့နော်၊ အရပ်လေးပုနေတာနဲ့ ကလေးလို လုပ်ပြီး သကြားလုံးတောင်းသလို တောင်းနေတာပဲ၊ မရှက်ဘူးလား၊ လက်ဆောင်ဆိုတာ လာပေးမှ ယူရတာတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုး လာပေးမှဆိုရင် နင်ရော ငါရော မင်္ဂလာဆောင်ဖြစ်ရင်တောင်မှ ရနိုင်တော့မှာမဟုတ်ဘူး၊ ခုပဲကြည့် ကိုမျိုးနဲ့သွယ် မင်္ဂလာဆောင်နေပြီ၊ သူ့လက်ဆောင်က သူတို့ခများ နှစ်ယောက်ဆီကို မရောက်နိုင်သေးဘူး၊ ဒါကြောင့်သွားပြီးတော့ပဲ အလိုက်တသိနဲ့ ဒေါ်လေးဆီမှာပဲ ယူလိုက်တော့မယ်"

ပုကျော့ကို သူတို့အုပ်စုက ပို၍ ချစ်ကြတာလည်း ဒါကြောင့်ပါပဲ။ အရမ်းကို ကလေးဆန်သည်။ အနောက်သန်သည်။ စိတ်ထားလည်း ဖြူသည်လေ။

မိကြူနှင့် အတွဲလည်းညီသည်။ နှစ်ယောက်ပေါင်းလျှင် ထိုဝိုင်းထဲမှာ ရယ်သံတွေ မစဲတတ်။

သူ ရယ်လျက် ပုကျော့ကို ခေါင်းပုတ်မိကာ အိမ်တွင်းသို့ဝင်သည်။

ကိုမျိုးကို တကယ်ပဲ စားပွဲဝိုင်းတွေမှာ စွပ်ကျယ်ချိုင်းပြတ်နှင့်တွေ့ရ၏။

ဖွဲကတော့ ပိုးတိုက်ပုံကြီးကို ချွတ်ပို့ပြင်နေပြီ။ အဝတ်အစား ပြန်လဲပြီးနေမှ စိတ်အိုက်ပြေမည်ပုံ။ ထား အစီအစဉ်ဖြင့် ဟိုက အဝတ်တွေ ကြိုတင်ဝတ်လာခဲ့ရပုံရှာဟန်တူ၏။ ယခုကျတော့ မနေတတ်စွာဘဲ ပြန်လဲတော့မည်။ ပြီးလျှင် စားပွဲတွေခုံတွေ လိုက်၍ နေရာချရဦးမည်။

"ဖိတ်ထားတာ နည်းနည်းပိုများသွားလို့ ခုံနဲ့ စားပွဲလေးဝိုင်းစာလောက် ပြန်တိုးနေရတာ ကိုမိုး"



ကိုမျိုး ပြောပြတော့ သူ စားပွဲဝိုင်းတွေ နေရာဝင်ရွှေ့ခုံတွေ နေရာချနှင့် ဝင်လုပ်ဖြစ်၏။ အားလုံး လုပ်ကိုင်ပြီးမှ ကုလားထိုင်မှာ သူ ထိုင်သည်။

ချွေးတွေကို သူ သုတ်ပြီးတော့ ကိုမျိုးကို သူ ကြည့်သည်။

"ငါ စောလာလိုက်တယ်လို့ပဲ သဘောထားတော့ ကိုမျိုး၊ ကုမ္ပဏီကို ပြေးရဦးမှာ၊ အပြန်ကို ထားထားတိုးနဲ့ ဖွဲကို ငါ ဝင်ခေါ်မယ်"

"အေးကွာ ... အလုပ်တွေများတဲ့ကြားထဲက မင်း လာပေးတာ ငါ ဝမ်းသာပါတယ် ကိုမိုး၊ သွယ့်ကိုလဲ ပြောပြလိုက်မယ်၊ သူက ရှိုးထုတ်နေတယ်ကွ ... အဟဲ"

ဟု ရယ်လျက် ကိုမျိုး ပြောသည်။

"ထားနဲ့ ဖွဲကို ငါတို့အိမ်ကပဲ ဆက်ပြီး စီစဉ်ပို့ပေးလိုက်မယ်၊ ကဲ ... စားတော့စားသွားကွာ"

"ဟာ ... မဟုတ်တာ၊ ဧည့်သည်တွေတောင် မရောက်သေးဘူး၊ ဦးဦးဖျားဖျား ငါ မစားတတ်ဘူးဆိုတာ မင်း သိပါတယ်၊ နောက်မှ လာခဲ့မယ် ... ညနေမှ"

ဟု သူ ငြင်းတော့ ကိုမျိုး လက်လျှော့၏။ ပြော၍ မှာမဟုတ်တာကို ကိုမျိုး နားလည်ပုံရသည်။

လက်ဖွဲ့ပစ္စည်းထုပ်ကို သူ ကားတွင်းမှ သွားယူကာ ကိုမျိုး လက်ထဲပေးတော့ ...

"မလိုပါဘူးကွာ ... မင်းကလဲ"

ဟု အားတုံ့အားနာ ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်နဲ့ အန်တီတို့ကို ငါချက်ချင်းပြန်ဖြစ်တာ အခု မသိစေနဲ့ဦး၊ ညနေမှ လာဦးမယ်ဆိုတာကိုတော့ ငါ ပြန်သွားပြီးမှ မင်း ပြောပြလိုက်ကွာ၊ ငါ မစ္စတာလီကို လေယာဉ်ကွင်း လိုက်ပို့ရမှာ"

ဟု သူ ပြောခိုက် ကိုမျိုး ခေါင်းညိတ်သည်။

သူ ကားတွင်းသို့ ဝင်သည်အထိ ကိုမျိုး လိုက်ပို့ပါ၏။

ပြုံး၍ လက်ပြပြီးမှ သူ ကားမောင်းထွက်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် ထားထားတိုးနှင့် ဖွဲတို့ တူယှဉ်တွဲလျက် သတို့သားသတို့သမီးအရံအဖြစ် ရှိနေတာကို သူ ထပ်၍ မမြင်ဖြစ်ရသည့်အတွက် ရင်ထဲမှာ နေသာရသည့်အဖြစ်။

မြင်ရလျှင် ပို၍ သူ့ရင်တွေ ဆို့နင့်နာကျင်ကြရချေမည်။ ချစ်မြတ်နိုးရလွန်းသူလေးကို သူ ... သူ့ဘဝသခင် အဖြစ် စိတ်ကူးယဉ်မိခဲ့ဖူးသည်။

ယခုတော့ မဖြစ်နိုင်သည့် ဘဝပေးပဲဟု နားလည်နေမိရပေမယ့် သူ၏ မြတ်နိုးရုပ်လေးကို ဖွဲနှင့် ယှဉ်၍ လှပလွန်းစွာ မြင်နေရမည့်အဖြစ်ကို မြင်နေရသည့်အထိတော့ ကြာရှည်သူ ရင်မဆိုင်နိုင်။

လူသတ်သမားတစ်ဦး၏ သားနှင့် ဘွားသည် ဘယ်သောအခါတွင်မျှ ထားထားတိုးကို သဘောမျှနိုင်ချေမည်မဟုတ်။

တစ်နေ့မှာ သူ၏ မေတ္တာကို နားလည်နိုင်မည်ဟု မျှော်လင့်ခဲ့သော မဝံ့မရဲ ဖြစ်တည်ရပါသည့် အိပ်မက်တစ်ခုလည်း ပျောက်ကွယ်ခြင်းအတိဖြင့် ဆုံးခန်းတိုင်ချေသည်ပဲ။



ထားထားတိုးနှင့် သူသည် ဘယ်လိုမှ မထိုက်တန်သည့်အဖြစ်။

ပြီးတော့ ... ထားထားတိုး၏ နှလုံးအိမ်တွင်လည်း သူသည် ဘယ်သောအခါတွင်မျှ အသိအမှတ်ပြုခံ လူတစ်ယောက်အဖြစ်ပင် ရှိမလာနိုင်တော့သည့်အဖြစ်။

ဒါတွေကို သူ ... ကြာလေ သိလာရလေမို့ ...

သိုသိပ်ထားရပါသော အချစ်များဖြင့် နှလုံးအိမ်ကို နာနာကျင်ကျင် တားမြစ်ဟန့်တားရင်း သူ၏ အချစ်တွေကို ဖွင့်ဟခွင့်မရှိသောအရာအဖြစ် ရင်မှာ ဖြစ်တည်စေပါတော့မည်။

နှလုံးအိမ်ကို ဆုပ်ညှစ်သည်သို့ သူ ခံစားရ၏။

နှလုံးအိမ်တွင်းမှ သွေးကြောမျှင်တို့ ပြတ်တောက်ကုန်သည်သို့ ခံစားရသည်။

သူ၏ အချစ်သည် တုနှိုင်းဖွယ်မရှိသည့်အချစ်။

အတိုင်းမသိ ချစ်ရသည့်အချစ်။

ထိုချစ်ခြင်းသည် သူ၏နှလုံးအိမ်ကို ကြေကွဲဖွယ်အတိဖြင့် ဖိစီးနှိပ်စက်လျက် ရှိချေပြီတည့်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၇)

"တကယ်ဆို ကိုမိုး မအားရင်လဲ လိုက်မပို့ဘဲ နေလိုက်ရော ပေါ့၊ မစ္စတာလီကို လိုက်ပို့ရမယ့်ဥစ္စာ၊ ထားနဲ့ဖွဲ့ကို လိုက် ပို့ပေးတဲ့ တာဝန်ပါ ပိုသွားရတာကိုး၊ ကိုမိုး သွားလိုက် ပြီးမှ ကိုမျိုး ပြောပြလို့ ထား သိရတာ"

ထားထားတိုး၏အသံက အေးချမ်းနေသည်။ မျက်နှာ တွင် အားနာရိပ်သည် သိသိသာသာ အရိပ်ထင်၏။

သူ မြအေးရိပ်၏ ရွှေပင်ကြီးအောက်မှာ ထားထား တိုးနှင့်အတူ ရှိနေခြင်းပါ။

ညနေခင်း၏ အေးမြမြ ညင်းလေပြည်သည် သူတို့ အပါးဝယ် တိုးတိုးဝှေ့ဝှေ့။

ယခု သူ တွေ့မြင်ရသော ထားထားတိုးသည် မနက် တုန်းက အပြင်အဆင်မျိုး မဟုတ်တော့။

ဆံကျစ်ရှည်နှစ်ဖက် ကျစ်ချထားကာ အဝါရောင် ရင်စေ့အင်္ကျီလက်ပြတ်လေးနှင့် အဝါပွင့်များ နွယ်နွယ်ခက်ခက်ရှိ သော အညိုရောင် ပါတိတ်ထဘီလေးကို ဝတ်ထားသည်။



ထားထားတိုး၏ ဝါဝင်းသော လက်မောင်းနှစ်သွယ် သည် အိအိစက်စက် လှရိပ်ထင်၏။

မွေးညင်းနုတို့ ရိုးရိပ်ထင်သော လက်ကောက်ဝတ် ထက်မှာ အနက်ရောင် ပိုးကြိုးပတ် လက်ပတ်နာရီလေးသည်လည်း ထင်းထင်းပပ။ ဤလက်ပတ်နာရီလေးသည် သူ လက်ဆောင်ပေး ခဲ့ဖူးသော လက်ပတ်နာရီလေး မဟုတ်။

ထားထားတိုးသည် သူ့လက်ဆောင် လက်ပတ်နာရီ လေးကို ဗီရိုထဲမှာ သတိမေ့လျော့စွာပဲ ထားလိုက်ခဲ့ပြီးဟန် တူ သည်ပဲ။

အနက်ရောင် ကတ္တီပါကြိုးတပ် ဖိနပ်ကြောင့် ထား ထားတိုး၏ ခြေအစုံသည် ပို၍ဝင်းစိုနေချေသည်လား။ ခြေချောင်း လေးတွေကအစ ပြည့်ပြည့်လေးနှင့် သွယ်လျက် ပန်းနုရောင်နုနု သည် ခြေဖျားနှင့် ဖနောင့်ထက်မှာ ထင်၏။

တကယ်တော့ အလှတရားများစွာသည် ထားထား တိုးထံမှာ အခစားကြီး ခစားနေကြချေသည်ပဲ။

သားတိုက်အံနေအထားမို့ ထားထားတိုး၏ စင်းတန်း နေသော နှာတံအလှ၊ ထင်းပသော မျက်ခုံးနက်နက်နှင့် ကြည်စင် ဘာလုံသော မျက်သားအလယ်မှ နက်မှောင်ရွှမ်းစိုသည့် မျက်ဝန်း တို့ကို ရံခရံ ကော့ညွတ်ရှည်လျားလျက် ထူပိန်းနေသည့် မျက် တောင်အလှတို့ကို သူ မြတ်နိုးစွာ တွေ့မြင်နေရသည်။ ဟုတ်သည်။ မြတ်နိုးစွာဖြင့် တွေ့မြင်နေရခြင်း။ ချစ်ရလွန်း၍ မြတ်နိုး၍ မ ခင်ပါလား ထားထားတိုးရယ်၊ အရုပ်လေး ရှေ့ချထားသလို ချထား၍ ငေးကြည့်ခွင့်များ ရလျှင်ဖြင့် ...

www.burmeseclassic.com



သူ ကြည့်မဝနိုင်စွာ တမြတ်နိုးနိုးဖြင့် ကာလကြာရှည် ကြည့်လိုက်ချင်တော့သည့်အဖြစ်။ ညနေခင်းဘက် မြအေးရိပ်သို့ သူ ရောက်တော့ ထားထားတိုးကို ဈေးပင်ကြီးအောက် မှာ သူ တွေ့ရတာမို့ တောက်လျှောက်ပဲ သူ လျှောက်လာခဲ့ခြင်းပါ။

ယခုကျတော့လည်း ဈေးသီးတို့ ကြွေမကျတော့။ ဈေးပင်ကြီးသာ အရွက်စိပ်စိပ် ရွက်ရိပ်မြိုင်မြိုင်ဖြင့် အေးမြသောလေညင်းတို့ကို သယ်ဆောင်လျက် သူ့ကို ကြိုလင့်ချေသည်။

"မစ္စတာလီကို လိုက်ပို့ဖို့ ရှိပေမယ့် ထားထားတိုးတို့က လိုက်ပို့လို့ ဖြစ်သေးတယ်လေ၊ ဒါကြောင့် မိုးလိုက်ပို့တာပါ၊ အပြန် လာကြိုပေးဖို့ပါပဲ၊ ကိုမျိုးက သူပဲစီစဉ်မယ်ဆို လို့"

ဟု သူ တည်ငြိမ်စွာပြောတော့ ထားထားတိုး သူ့ကို အကဲခတ်သလို ကြည့်သည်။ သစ်မြစ်ဆုံမှာ အေးအေးဆေးဆေးပုံဖြင့် ထိုင်ရင်း ပြုံး၍ပြောသည့် သူ့ကို ထားထားတိုး အကဲခတ်မိသည်။ အလိုလိုက်ချင်လွန်း၍ လိုက်ပို့သည့်ပုံမျိုးလည်း မဟုတ်။ အေးအေးဆေးဆေး နိုင်သည်။ ပြီးတော့ ... ယခင်တုန်းကလို ဖြည့်ဆည်းပေးလိုသော အစေားပုံမျိုးလည်း မဟုတ်တော့။

မျက်နှာထက်တွင် အရာရာကို စိတ်လျှော့ထားလိုက်သည့် ဟန်လေးတွေတော့ တစ်ချက် တစ်ချက် သူ့မျက်နှာတွင် တွေ့ရသည်ဟု ထားထားတိုး ထင်သည်။

"ဘွားကလဲ ဆူတယ် ကိုမိုး၊ ကိုမိုးကို အရမ်း သွားပြီ ဟိုပို့နိုင်၊ ဒီပို့နိုင် လုပ်တာကိုးတဲ့လေ"

ဟုပြော်တော့ သူ ပြုံးသည်။



"ဒါတောင် မိုးက လူပို့ရုံလုပ်ရသေးတာ မဟုတ်ဘူး ထား"

ဟု လွတ်ခနဲ တစ်ချက်ပြောမိပြီးမှ ချက်ချင်းပြန်ထိန်းလိုက်ရသည်။ အကြည့်ကို ခပ်ဝေးဝေးဆီသို့ ငေးရီရီပို့လွှတ်မိရင်းမှ သက်ပြင်းကို ခပ်ငွေ့ငွေ့ချမိသည်။

ခွင့်လွှတ်ပါ ထားထားတိုးရယ်။

ရင်ထဲက ချစ်ရလွန်းတော့ တစ်ချက်လေး သတိလက်လွှတ်ဖြစ်ပြီး ပြောမိလိုက်တဲ့ ဝန်တိုရိပ်လွှမ်းနေတဲ့ စကားကို ခွင့်လွှတ်ပေးလိုက်ပါ ထားရယ်။

တကယ်တော့ ... ဒီလောက်လေးတောင်မှ ပြောပိုင်ခွင့်မရှိတော့တဲ့ မိုးရဲ့ဘဝကို မိုးသိနေပါလျက်နဲ့ ပြောမိတာကိုက မိုးရဲ့အလွန်ပါ။

ထားကို သူ ငဲ့ကြည့်တော့ မော့ကြည့်နေသည့် မျက်နှက်ဝန်းနှင့်ဆုံ၏။ သူအရမ်းကို မြတ်နိုးစွဲမက်ရလွန်းပါသည့် မျက်နက်ဝန်းရေးအစုံ။

ထိုမျက်နက်ဝန်းလေးတွေဆီမှ ချစ်မြတ်နိုးခြင်းများကို တစ်နေ့မှာ သူ့အတွက် တွေ့မြင်လိမ့်နိုးဖြင့် အဘယ်မျှထိ သူ အိပ်မက်ရှည်ကြီး တစ်ခုကို မက်မောစွာ မက်ခဲ့ဖူးသလဲ။

ယခုတော့ ထိုမျှော်လင့်ခြင်း တစ်ရပ်သည် နှလုံးအိမ်ကို ချိုးဖျက်၍ အပြုံပြုံ အလဲလဲ နာကျင်ကြေကွဲခြင်း ဝေဒနာကို ပိုင်ဆိုင်စေခဲ့ချေပြီတည်း။

"မိုး ... ဘွားကို လာကန်တော့တာ"

သူ တိုးသက်သက် ပြောသည်။ အကြည့်ကို ထားတိုးထံမှ ရွှေ့ပြောင်းစေလျက် ...

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမျှော်တွေ့မြင်ရာ သရက်ပင်ဆီသို့ ကြည့်နေမိသည်။

အေးမြသော လေပြည်ထဲတွင် သနပ်ခါးနံ့သည် စီးမျောပါလာ၏။ ဪ ... ချစ်ရသူလေး၏ အသားတော် ဝါဝါဝင်းဝင်းထက်မှာ တင်ငြိခွင့် ရပါလေသည့် သနပ်ခါးရနံ့။

သူသည် ထားထားတိုးနှင့် ဤသို့ပင် အတူယှဉ်တွဲထိုင်နေလျက် ထား၏ချစ်သခင်အဖြစ် ဖြစ်ခွင့်ရမည်ဆိုလျှင် အရာရာကို ပေးဆက်နိုင်စွမ်းလိမ့်မည်ဟု တစ်ချိန်တုန်းက ခံစားခဲ့ဖူးသည်။

ဒါပေမဲ့ ယခုတော့ ထိုခံစားမှုသည် ရှေးရည်စိမ်ထားသည့် ရှေစင်မဟုတ်သော ဘဝမှန်ကို သိရပြီးသည့်နောက်မှာ အရှက်သည်းစွာဖြင့် နောက်ဆုတ်လိုက်ရချေသည့် အဖြစ်။

"ဘွားကို ကန်တော့မလို့ ... ဟုတ်လား"

"ဟုတ်ဇဲ့ယ် ထားထားတိုး၊ မိုး မနက်ဖြန် ကလောကို ခရီးထွက်မလို့၊ ဒါကြောင့် ဘယ်ကိုခရီးထွက်ထွက် ဘွားကို လာကန်တော့နေကျမို့ မိုး လာကန်တော့တာ ..."

သူ ပြောပြီး ထားထားတိုးကို တစ်ချက်ငဲ့ကြည့်သည်။

"သကြံန်မှာတော့ ရှိမယ်မဟုတ်လား ... ကိုမိုး"

သူ ခေါင်းယမ်းသည်။ သကြံန်ကျချေတော့မည်၊ ဒါပေမဲ့ ... ရက်နှစ်ဆယ်လောက်တော့ လိုသေးသည်။ သူ့စိတ်ထွေထွေနှင့် ကလောမှအပြန်ရှေ့ခရီးဆက်ချင်လည်း ဆက်နိုင်သေးသည်။ သကြံန်မီချင်မှ မီမည် ...။ ပြန်မရောက်ဖို့ များသည် ...



ဪ ... ခြံထဲမှ ပိတောက်ပင်ကြီးဆီမှ ပိတောက်ပါရွှေရည်သွေးမှုံသည်လည်း ဝင်းလှိုင်စွာ ပွင့်ကြချေဦးတော့မည်။

ထားထားတိုး၏ ကေသာထက်တွင် ပန်ဆင်ခွင့်မရသော်မှ လက်ဖဝါးတော် နုနုလေးတွင်ဖြင့် ရှိနေခွင့် ရစေသည်ဟု တွေးယူဖြေသိမ့်လျက် နှစ်စဉ် သူ ပေးခဲ့ဖူးသည့် ပိတောက်ဦးသည် ဤနှစ်တွင် ထားထံသို့ ရောက်ခွင့်မရှိနိုင်တော့ပြီတည့်။

သူ၏လက်ဖြင့် ပေးဆက်ပါသော ပိတောက်ဦးတို့သည် နောင်နှစ်များတွင်လည်း ထားထားတိုး ထံသို့ မရောက်နိုင်တော့ပြီဆိုတာ မိမိဘာသာ သိထားရသည်ပဲ။

"ဘွားကို ကန်တော့ရင်း ထားကို မိုး အမှတ်တရ တစ်ခု ပေးခဲ့ချင်တယ်၊ ရာဇဝင်ကြွေးဆိုတာ တောင်းပန်ရင် ကျေရိုးထုံးစံ ရှိပါတယ် ထားရယ်၊ ငယ်ကြွေးကို မိုး ကျေချင်တယ်"

သူ ပြောပြီး ထားထားတိုးကို ရိဝေစွာ တစ်ချက်ကြည့်မိသည်။ ထူထဲသော မျက်ခုံးတန်းကြီးအောက်မှာ အစဉ်အမြဲဝင်းတည်မြဲခဲ့ဖူးသည့် သူ၏ချစ်ရိပ်များကို အရှက်သည်းခြင်းနှင့် ကြကွဲခြင်းတည်းဟူသော ကန့်လန့်ကာ ခပ်ပါးပါးလေး ချထားလိုက်နိုင်ရုံမျှသာ ရှိချေမည်ကော ထားထားတိုးရယ်။

ချစ်ရလွန်းသည့်စိတ်ကို ကာဆီးထားသည့် ကန့်လန့်ကာသည် အဘယ်မျှ ထူထဲလုံခြုံနိုင်ပါမည်လဲ။ ချစ်ရလွန်းသည်နှင့်အမျှ အချစ်ကြီး ချစ်မိရလေသည်နှင့်အမျှ မသိရအောင် ဖုံးကာထားနိုင်ဖို့ ကြိုးစားရပါသည့် ကန့်လန့်ကာသည် ပါးပါးမျှင်မျှင်သာ ဖြစ်တည်နိုင်မည်ပေါ့ ...။

www.burmeseclassic.com

www.burmeseclassic.com



သူ အဘယ်မျှထိ ထားကိုချစ်တာ ထားသိနေလိ
မည်ဟု တစ်ခါ တစ်ခါ ထင်မှတ်ခံစားရင်း နားလည်နေမိခြင်
သည်လည်း မိမိကိုယ်ကို အထင်ကြီးမိခြင်းများ ဒါမှမဟုတ် 
သွပ်နေမိခြင်းများလားဟု ခံစားနေမိရသည်ပဲ။

သူ ထားထားတိုးကို ခပ်တွေတွေ တစ်ချက်ကြည့်
ပြီးမှ သက်ပြင်းရှိုက်ချမိကာ ထရပ်၏။

"မိုး ... ဘွားကို သွားကန်တော့လိုက်ဦးမယ်"

ဟု ပြောလည်းပြော။ ခြေလှမ်းကျဲကြီးနှင့် သူထွက်
သွားတော့ ထားထားတိုး နေရာမှာ နားမလည်နိုင်စွာပဲ ကျန်ရ
ခဲ့ပါ၏။

အမှတ်တရ ပေးမည်ဆိုသော စကား။ ပြီးတော့ 
ဘာကိုမှ မပေးဘဲ ထွက်သွားသည့်အဖြစ်။

ထားထားတိုး သူ့အပေါ် နားမလည်နိုင်ဘဲ ဖြစ်
ရသည်။ လတ်တလောမှာ သူ့အမူအရာတွေ အရမ်း ကို ပြောင်း
နေသည် ဆိုတာကိုတော့ ထားထားတိုး သတိထားနေမိခဲ့ရသည်
လေ။

ထားထားတိုး အိမ်ကြီးဆီသို့ လျှောက်ခဲ့ကာ ဧည့်ခ
သို့ဝင်တော့ ဘွားကို ကန်တော့နေပြီဖြစ်သည့် သူ့ကို မြင်ရ
ဧည့်ခန်းရှိ ကျွန်းသား ပက်လက်ကုလားထိုင်ထ
မှာ ဘွားထိုင်နေသည်။

"အေးကွယ် ... ဘွားရဲ့မြေးလေး၊ သွားလေရာ ခလု
မထိ ဆူးမငြိပါစေနဲ့ကွယ်၊ သာဓု ... သာဓု ... သာဓု
မြေးရယ်"



ဟု ဘွား ဆုပေးသည်။ နောက်တော့ ရွှေကိုင်းတပ်
ချက်မှန်ဝိုင်းလေးကို ချွတ်၍ တရားစာအုပ်ထက်မှာ တင်ရင်း ...

"အလုပ်ကိစ္စနဲ့လား မြေး"

"ရှိုးရှိုးပါ ဘွား"

ဘွား၏အမေးကို သူ ခေါင်းငုံ့ဖြေသည်။

"အေးအေး ... စိတ်အပန်းဖြေပေါ့ကွယ်၊ ခုလို ပူတဲ့ရာသီ
မှာ ကလော ဆိုတာ ရာသီဥတု မျှတအေးမြမှာပေါ့၊ ကဲ ...
ကဲ ... မြေး ခရီးသွားရမှာ မဟုတ်လား၊ ပြင်ဆင်စရာရှိ
ရင် ပြင်ဆင်ချေဦး"

ဟု ပြောတော့ သူက တရိုတသေပင် ...

"ဟုတ်ကဲ့ပါ ဘွား၊ ဘွား မှာချင်တာလဲ မှာရအောင်
ကန်တော့လဲ ကန်တော့ရအောင် မိုး လာတာပါ"

ဟုပြောတော့ ဘွား ပြုံး၍ ...

"ထင်းရှူးမြစ်ကို သွေးလိမ်းရင် သွေးသားမျှတတယ် သွေး
လျှောက်တယ်လို့ ပြောကြတယ်၊ အဲဒီမှာ ထင်းရှူးမြစ်
ပေါမှာပါ၊ ယူခဲ့ပေါ့ မြေးရယ်"

ဟု ပြောတော့ ...

"ဟုတ်ကဲ့ပါ ဘွား"

ဟု တရိုတသေ သူပြောပြီး ကြမ်းပြင်မှ ထရပ်သည်။

သူ အခန်းတံခါးဘက် လှည့်လိုက်တော့ တံခါးအနီး
ရပ်၍ ကြည့်နေသည့် ထားထားတိုးကို မြင်၏။

သူ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာသည်။ ထား
ထားတိုး၏ ဘေးမှ ဖြတ်လျှောက်စဉ်ခိုက် ...

www.burmeseclassic.com

www.burmeseclassic.com



"မိုးကို ခြံဝထိ မလိုက်ပို့တော့ဘူးလား ထားထားတိုး"

ဟု ပြုံး၍ပြောတော့ ထားထားတိုး ဘေးမှ လိုက်လာသည်။

"ထားရော ... ဘာမှာဦးမလဲ"

သူမေးတော့ ထားထားတိုး ခေါင်းခါသည်။ တစ်ခုခု ကြားမှာ ဖုထစ်ကြားခံထားသလို မပြေမပြစ် ဖြစ်နေသည်ဟု ထား ခံစားနေရသည်။

သူစိမ်းတစ်ယောက်နှယ် တဖြည်းဖြည်း နောက်ပါးဆီမှာ ချန်နေရစ်နိုင်ဖို့ ကြိုးစားနေသည်ဟု သူ့ကို ထားထင်သည်။ ဘာ့ကြောင့် သူ ... ထားကို မကျေမချမ်း ဖြစ်နေပါသလဲဟု ထား တွေးနေမိတတ်တာကလည်း ထူးဆန်းနေသည်။

ချမ်းသာသော မိသားစုတစ်စုမှ အရမ်းကို သန့်ပြန့်မွန်ရည်သောရုပ်ရည်နှင့် အရုပ်မြင့်မြင့် ကျစ်ကျစ်ကြီးနှင့် ရှိနေပါသော သူ့ကို ကျောင်းမှာ မိန်းကလေး တော်တော်များများကလည်း စိတ်ဝင်တစား ရှိခဲ့ကြတာ ထားသိသည်။

ထိုမိန်းကလေးများနှင့် တစ်တန်းစားတည်း ထားအဖြစ်မခံနိုင်။

ငယ်ကတည်းကလည်း မိဘများ၏ အရမ်းကိုချစ်တာခံရင်း အလိုလိုက် ခံထားရသည့် သူ့ကို ထား အမြင်ကတ်ချင်ချင်။

ဒါပေမဲ့ ငယ်ကတည်းက သူ ထားကို ချော့ပေါင်းပေါင်းခဲ့ရှာတာ ထားအသိ။



ထားဆိုးသမျှ သူ စိတ်ရှည်သည်းခံတတ်စွာ အလိုလိုက်တာတွေကို ထားကြည့်ရင်း ရင်ထဲမှာ ကျေနပ်နေမိတတ်တာ အမှန်ပါ။ ကျေနပ်စိတ်ဖြင့် ဆက်၍ ဆိုးနေမိတတ်တာ အမှန်ပါ။

ဒါတွေကို ထား ဟန်ကောင်းစွာပဲ တစ်ယောက်တည်း ခံစားရင်း ဆိုးနေမိခဲ့သည်ပါပဲ။

ယခုကျတော့ သူ ထားအပေါ် အရမ်းကို တည်ငြိမ်စိမ်းရိပ်တွေနှင့် ဆက်ဆံနေတတ်တာ ရက်မနည်းတော့ပြီပဲ။

တစ်ချိန်လုံး ဆိုးခဲ့တာမို့ ချော့မေးလေးတောင်မှ ထားမမေးရဲ။ ရှက်သည်။ ဒါကြောင့် သူ့ကို ထား ဘာဆိုဘာမျှ မမေးဘဲ ငြိမ်သက်စွာဖြင့် သူ့ထံမှ ပြောင်းလဲသွားသည့် ဟန်တွေကို ကြည့်နေရသည့်အဖြစ်။

"မိုး ... ပစ္စည်းတချို့ သွားဝယ်လာတာ၊ အဲဒီကအပြန် ဘွားဆီ တစ်ခါတည်းဝင်တာ၊ ဒီကမှ သီရိမြိုင်ကို ပြန်မှာလေ၊ ဒါကြောင့် ကားပါလာတာ"

သူ ပြောနေသမျှ ထားဘေးမှ ငြိမ်သက်နားထောင်ရင်း လိုက်လာရသည်ပါပဲ ...။

သူ ကားရှေ့တံခါးကို ဖွင့်သည်။ ဆိုဖာထက်မှာ တင်ထားသည့် ရွှေရောင်စက္ကူနှင့် ပတ်ထားသော ဘူးတစ်ဘူးကို ယူသည်။ ဘူးက အတော်လေးတော့ ကြီးသည်။ ဖဲပြားဖြူဖြူလေးနှင့် လှပစွာ စည်းနှောင်ထားသည်။

"သွယ်တို့ကို လက်ဖွဲ့ပေးပြီးပြီဆို၊ ဒါ လက်ဖွဲ့ပစ္စည်းတော့ ဟုတ်မယ် မထင်ပါဘူး၊ ဟုတ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ထားထားတိုး ပြောတော့ သူ တစ်ချက်ငုံ့မိုး၍ အတန်ကြာ ကြည့်သည်။

"ငယ်ကြွေးတစ်ခု ကျေခဲ့တန်ကောင်းရဲ့လို့ မရဲတရဲ တွေးရင်း ပေးခဲ့တဲ့ ပစ္စည်းလေးပါ ထားရယ်၊ ကဲ ... မိုး သွားမယ်"

ဟု ဘူးကို ထားထားတိုး လက်ထဲ ပေးထားခဲ့ပြီး သူ ချက်ချင်းကြီး ကားတွင်းသို့ ဝင်တော့ ထားထားတိုး ရှေ့သို့ တိုးကာ ...

"ဟင့်အင်း ... ကိုမိုး မသွားသေးနဲ့ဦး၊ ခဏနေပါဦး"

ဟု တံခါးပေါင်ကို လက်ဖြင့်ထိကိုင် ပြောလာတာ သူ ကားစက်နှိုးထားရာမှ စက်ကိုပြန်သတ်ကာ စောင့်လိုက်ရသည် အဖြစ်။

ဘယ်လိုမှ မထင်မှတ်သော အဖြစ်။

ကားတံခါးကို ထားထားတိုး ဆွဲဖွင့်လိုက်ကာ သူ့ဘေးမှ ထားထားတိုး ထိုင်သည်။

နောက် သူ့ကို မော့ကြည့်၏။

"ပေးချင်တာ ပေးပြီး ထွက်သွားလို့ မရအောင် ထား ဝင်ထိုင်ထားတာ"

ဟု ဗိုလ်ကျ အငေါ်တူးသံလေးနှင့် ပြောတော့ သူ့အကြည့်ကို ဘယ်လိုမှ ထား၏မျက်နှာတော် ဝါဝါနုထံမှ ခွဲ၍မရနိုင်စွမ်းတော့။ မြတ်နိုးစွာပဲ တစ်ချက်ငေးကြည့်မိလိုက်သည့်အဖြစ်။

ကလေးဆိုးကြီးလို မျက်နှာအိုလေးနှင့် မျက်စောင်းလေး ချိတ်ပြောတာလေးကို သူ ချစ်စနိုး ကြည့်မိရသည်ပဲ။



နောက်တော့ တော်ဝင်ပန်းလေး တစ်ပွင့်သည် သူနှင့်မထိုက်တန်ချေသည်ပဲဟု ခံစားရလျက် အကြည့်ကို ရှေ့တည့်တည့်ဆီသို့ ငေးငေးကြီး ကြည့်နေမိရပြန်ပါ၏။

သူ့ဘေးမှာ ထား ထိုင်နေတာ သူသိနေရသည်။ စက္ကူပြတ်တွေကို ခွာနေပြီ ဆိုတာကိုလည်း သိနေရသည်။ ဒါပေမဲ့ သူ လှုပ်ရှားခြင်း ကင်းမဲ့စွာပဲ အငြိမ်သက်ကြီး ငြိမ်နေမိရပါ၏။

ထား စက္ကူဘူးလေးကို ဖွင့်နေပြီဆိုတာ သိရခိုက်မှာ သူ့ရင်သည် အတုန်လှုပ်ကြီး တုန်လှုပ်နေမိရပြီ။ ထားထားတိုး ထိုဘူးတွင်းမှ ပစ္စည်းကိုတွေ့လျှင် ဘာဆိုတာကို သဘောပေါက်ချေမည်သာ။

ထားထားတိုး အရမ်းကို ဒေါပွစွာ ထိုပစ္စည်းကို လွှင့်ပစ်လိုက်ချေမည်လား။

သူ ကားရှေ့မှန်ကို ငေးစိုက်ကြည့်နေမိရဆဲ။

ထား ဘူးတွင်းမှ ပစ္စည်းကို ခပ်ငိုင်ငိုင် ကြည့်နေပြီဆိုတာကို သူ ဘေးတိုက် ထိုင်နေရသည်မို့ သိနေရသည့်အဖြစ်။

"ကိုမိုး"

ခပ်တိုးတိုးလေး ထားထားတိုး ခေါ်တော့ သူ ခေါင်းငုံ့၍ ကြည့်သည်။ ထားထားတိုး သူ့ကို မော့ကြည့်နေပါ၏။ ထားထားတိုး၏ မျက်ဝန်းများမှာ မျက်ရည်များ ဝိုင်းလဲ့နေကြပြီဆိုတာ သူ ထိတ်လန့်စွာ တွေ့မြင်လိုက်ရပါပြီ။

"ထားထားတိုး"

သူ လတ်တလောမှာ အရာရာကို မေ့လျော့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လူသတ်သမားတစ်ဦး၏သား ဖြစ်နေတာ။

ဖေဖေနှင့် မေမေတို့၏ မွေးစားသား ဖြစ်နေတာ။

ထားထားတို့ သူ့အပေါ် အရမ်းကို သူစိမ်းဆန်စွာ နေခဲ့တာ။

ဖွဲ့နှင့်ပတ်သက်လျှင် သူသည် အရာရာမှာ နောက်ကျော်ပါးဆီမှာပဲ ကျန်ခဲ့ရတတ်တာ။

ထိုအရာများစွာကို လက်တလောမှာ မေ့လျော့သွားသည်။

သူ့ရင်ထဲမှာရှိသည့် အချစ်နှင့် သူပဲ ရှိနေသည်။

ထားထားတို့၏ မျက်ဝန်းများဆီမှာ မျက်ရည်များ လှိုတက်ဝိုင်းစုလာတာကို မြင်လိုက်ရတာနှင့် ထားထားတို့ သူ့ကို ဟိုးကလေးဘဝတုန်းကနယ်ပင် နာကြည်းစွာဖြင့် မော့ကြည့် မျက်ရည်ဝဲနေခြင်းဟု နားလည်နေရသည်။

ထားထားတို့၏ စိတ်ကို သူ ပင်ပန်းစေချေပြီပဲ … ဟု နှောင်တ ဖြစ်တည်ရသည်။

ထားထားတို့၏ မျက်နှာနုနုထွေးလေးကို သူငုံ့မိုး ကြည့်ရင်းမှ …

"မိုးလေ … ထားထားတို့ဆီက တစ်ခုပဲ လိုချင်လွန်းလို့ပါ၊ ထားထားတို့ကို စိတ်ဆင်းရဲအောင်၊ အဟောင်းက အသစ်ဖြစ် ခံစားနာကျင်စေအောင်လုပ်တာ မဟုတ်ပါဘူး ထားထားတို့ရယ်၊ ငယ်ကြွေးကို ကျေချင်လွန်းတဲ့စိတ်နဲ့ မိုး ဒါလေးကို ယူလာပေးမိတာပါ၊ မိုး မှားသွားပါတယ် ထားထားတို့ရယ်၊ မိုး ဇာတ်ကိုယ်ကောင်း ဆန်သလိုကြီး



ဖြစ်သွားတယ်၊ မိုး ဖြစ်ချင်တာကိုပဲ မိုး စိတ်ဇောကြီးသလို ဖြစ်သွားတယ်"

သူ ဘယ်လိုမှ စိတ်မကောင်းနိုင်စွာ တောင်းပန်နေမိရင်းမှ …

"ငယ်ကြွေး ကျေချင်ဇောနဲ့ပါ ထားရယ်"

ဟု တစ်ချက် ခပ်ညည်းညည်း ပြောမိပြီး ယူကျုံးမရစိတ်ဖြင့် …

"ခုတစ်ခါလဲ မိုး အမှားကြီး မှားခဲ့ပြန်ပြီ ထင်ပါရဲ့"

ဟု မရှိသောရင်ဖြင့် ပြောချေမိရပါပြီတည်း။

ထားထားတို့ သူ့ကို မော့ကြည့်နေဆဲ။ ထားထားတို့၏ မျက်ဝန်းများဆီမှ မျက်ရည်လေးများသည်လည်း ဝေ့ဝေ့ဝဲနေဆဲ။

ထားထားတို့၏ အကြည့်လေးတွေက စက္ကူဘူးဆီသို့ တစ်ဖန် ပြန်ရောက်၏။ အဝါရောင် အမွေးဖွားဖွားလေးနှင့် ချစ်စရာကြောင် ရုပ်လေး။

ဝကစ်ကစ်နှင့် အရမ်းကို ဆော့သော ခွေဝါနှင့် အရွယ်တူ ကြောင်ရုပ်လေး။

"ထားအပေါ်မှာ ဒီထိ လေးလေးနက်နက် ထားတယ်ဆိုတာ နားလည်ရပါပြီ ကိုမိုးရယ်"

ဟု ထား ပြောလိုက်ချင်သည်။

ဒါပေမဲ့ ထား ရင်ထဲမှာ ဆို့နေရသည် အဖြစ်။ ကလေးဘဝက ကြောင်ငယ် သေဆုံးခဲ့ရသည့် အဖြစ်တစ်ခုကြောင့် ငယ်ကြွေးမကျေစွာဘဲ မာထန်နေခြင်းဟု သူ နားလည်ခံစားရင်းမှ

www.burmeseclassic.com

www.burmeseclassic.com



ဤကြောင်ရုပ် လှလှဝါဝါလေးကို ထားအား သူ ပေးခဲ့ခြင်းဟု ထား နားလည်နေမိရသည့်အဖြစ်။ နှစ်ပေါင်းကြာရှည်စွာ သူသည် ဤအဖြစ်တစ်ခု၏ ခြောက်လှန့်ခြင်းကို ခံစားခဲ့ရချေမည်ပေါ့။

ကားလေးသည် တိတ်ဆိတ်နေသော လူသားနှစ်ဦးနှင့်အတူ ရှိနေဆဲ။

ထားထားတိုး စက္ကူဘူးကို ပြန်၍ထုပ်ပတ်နေသည်။

နောက်တော့ … ကားတံခါးကို ဖွင့်၍ဆင်း၏။

ထိုအချိန်ထိ သူ ထားထားတိုးကို မကြည့်။ ကားလက်ကိုင်ပေါ် လက်နှစ်ဖက်ကို ဖေးတင်ထားရင်းမှ ရှေ့ကိုသာ ကြည့်နေသည်။

"ကိုမိုး …"

ခပ်တိုးတိုး ခေါ်သံလေး။ ရှိုက်သံနွဲ့နွဲ့ထင်သော ခပ်တိုးတိုး ခေါ်သံလေး။

သူ … ခေါင်းငဲ့ကြည့်တော့ ကိုယ်လေးငုံ့ကိုင်း၍ ကားရှေ့ခန်းမှ သူ့ကို ထားထားတိုး ကြည့်နေတာကို မြင်၏။

"ငယ်ကြွေး ကျေပါပြီ ကိုမိုးရယ် … ကျေပါပြီ"

ဟု တိုးတိုးတိမ်တိမ်လေး ထားထားတိုး ပြောပြီးတာနှင့် မျက်ရည်စလေး ပေါက်ခနဲ အကျမှာ ချာခနဲလှည့်၍ ခြေလှမ်းသုတ်သုတ်ဖြင့် အိမ်ကြီးဆီသို့ လျှောက်သွားတော့ သူ မှင်တက်ကျန်ခဲ့ရသည်ပါပဲ။

အမျှော်လင့်ကြီး မျှော်လင့်ထားမိရပါသည့် အဖြစ်။ တကယ်တမ်း ဖြစ်တည်လာရသောအခါ ယုံကြည်ဖို့ မဝံ့ရဲစွာဖြင့် မှင်မှင်တက်တက် ကျန်ရစ်ခဲ့ရပါပြီတည်း။



ငယ်ကြွေး ကျေပါပြီတဲ့လား ထားထားတိုးရယ်။

သူ … ခပ်ဖွဖွ ရွတ်ကြည့်နေမိရာမှ ရင်ထဲတွင် ကြည်နူးခြင်းသည် ကြေကွဲခြင်းနှင့်အတူ ဖြစ်တည်ရချေ၏။

သူသည် ထားထားတိုး အတွက် မထိုက်တန်သော လူတစ်ယောက်အဖြစ် နားလည်ထားမိရချိန်တွင်မှ ဤအဖြစ်သည် လာ၍ ဖြစ်တည်ရချေပြီကော။

တကယ်တော့ သူသည် ရူးသွပ်စွာပဲ ငယ်ကြွေးကျေချင်ဇောဖြင့် ဤကြောင်ရုပ်ကို ဝယ်ယူကာ ထားထားတိုးကို ပေးမိခဲ့သည်ပဲ။

ရင်ထဲတွင် ချမ်းမြေ့ခြင်းသည် ဖြစ်တည်ဖို့ အားယူဆဲမှာပင် လောင်မြိုက်စွာ ကြွေလွင့်သွားရချေပြန်သည့်အဖြစ်။

"ဟင့်အင်း … ငယ်ကြွေးကို မကျေလိုက်ပါနဲ့လား ထားထားတိုးရယ်၊ မကျေလိုက်ပါနဲ့လား"

ဟု မချိတင်ကဲ သူ ပြောမိရလျက်မှ ကားကိုအရှိန်နှင့် မောင်းထွက်ကာ သီရိမြိုင်တွင်းသို့ မဝင်တော့ဘဲ တောက်လျှောက် မောင်းမိမောင်းရာ မောင်းချမိရပါတော့သည့်အဖြစ်။

"တကယ်တော့ ဖွဲ့နဲ့ယှဉ်ပြီး သတို့သမီးအရံအဖြစ် မင်းကို လှလှပပ ကြော့ကြော့စင်စင်လေး မြင်ရပြီးကတည်းက ငါ အရူးတစ်ယောက်လို ဖြစ်နေရတာပါ ထားထားတိုး၊ ခွေဝါလေးကို ရန်လုံ့ ကိုက်သတ်ခဲ့လို့ မင်း ငါ့ကိုမုန်းနေတာဆိုပြီး ရင်ထဲမှာ စွဲနေမိရသမျှ ဒီကြောင်ရုပ်ကလေးကို ဒီနေ့မှာ အရူးတစ်ယောက်လိုပဲ ငါဝယ်မိခဲ့ပြန်တယ်၊ မင်း ဆီက အချစ်ကို မရရင်တောင်မှ အမုန်းကို ချခွင့်ကျေခွင့်

www.burmeseclassic.com

www.burmeseclassic.com



ငါ ရချင်နေမိပြန်တယ်၊ အဲဒါ ငါမှားခဲ့တာပဲ၊ မင်းဆီက အမုန်းကို ငါ ရနေတာတောင်မှ မင်းကိုချစ်နေမိတဲ့ ငါဟာ ဒီငယ်ကြွေးကိုကျေပြီး အမုန်းကျေပြီးတဲ့အခါ မင်းကို ငါ မချစ်ဘဲ ဘယ်လိုဆက်နေနိုင်ပါ့မလဲ ထားရယ်"

သူ ဆို့ဆို့နင့်နင့် တွေးနေမိရင်းမှ အံကိုတင်းခဲနေအောင် ဖိကြိတ်ထားမိသည်။

"အမုန်းကို ရင်ဆိုင်နေရချိန်မှာ ငါက မင်းကို ချစ်နေမိတယ်၊ အခု အဲဒီအမုန်းဟာ ကွယ်ပျောက်သွားခဲ့ပြီ၊ မင်းကို ငါ တွေ့ရချိန်တိုင်းမှာ အမုန်းကင်းမဲ့တဲ့ ရင်းနှီးခင်မင်ခြင်းဆိုတဲ့ အရာနဲ့ ငါ ရင်ဆိုင်ရတော့မယ်၊ အဲဒီအခါ ငါ့နှလုံးသားက ဘယ်ထိ တင်းခံထားနိုင်ပါတော့မလဲ၊ မင်းကို တော်ရုံအချစ်နဲ့ ငါချစ်နေမိတာ မဟုတ်ဘူး ထားထားတိုး၊ ဘဝနဲ့ရင်းပြီး အသက်နဲ့ထပ်တူ ငါချစ်တာ ... ငါ ချစ်နေမိတာ"

သူ ကားမောင်းနေရင်းမှ မျက်ဝန်းအိမ်ဆီမှ မျက်ရည်များ ပြိုကျနေပါလား ဆိုတာကို သိနေရသည့်အဖြစ်။

မင်းကို ... မင်းကို ငါ ချစ်လိုက်ရတာ ထားထားတိုးရယ်။ သက်အပ်နှင်းလို့ မြတ်နိုးစွာ တမ်းမက်စွာ စွဲလမ်းတည်မြဲပွန်းစွာ ချစ်လိုက်ရတာ။

အဲဒီအချစ်ကို ဖွင့်ဟခွင့် ဘယ်တော့မှ ငါ့ရှိလာနိုင်ဘူးမှာ မဟုတ်ဘူးဆိုတာ ငါသိနေရတယ်။

သည်အဖြစ်ထက် ကြေကွဲစရာ ဘယ်မှာရှိဦးမှာလဲ ထားထားတိုး။



မင်းရဲ့ ရင်ထဲမှာ အမုန်းမရှိတော့ဘူးဆိုတာ ငါ ချောက်ချောက်ချားချား သိလိုက်ရတယ်၊ ကြည်နူးနိုင်တန်ကောင်းရဲ့လို့ မျှော်လင့်စိတ်နဲ့ မင်းဆီက အမုန်းကို ပြေကျေစေဖို့ ငါ လုပ်ခဲ့ပေမယ့် တကယ်တမ်းကျတော့ ငါ ချောက်ချားနေမိခဲ့ရတယ် ထားရယ်။

မင်း ငါ့ကို ပြေကျေပြီဆိုတာ ဘာနဲ့ ငါသိခဲ့ရသလဲလို့ မင်း သိချင်မလား ထား၊ မင်းရဲ့မျက်ရည်ဥလေးတွေပေါ့ ထားထားတိုးရယ်။

ကြောင်ဝါရုပ်လေးကို ငေးကြည့်ရင်း မျက်ရည်ဥလေးတွေ စီရီသွယ်ကျလာတဲ့ မင်းရဲ့မျက်ရည်စက်တွေကြောင့်ပေါ့ ထားရယ်။

ဟင့်အင်း ...

အရင်တုန်းကလိုပဲ မင်း ငါ့ကို မုန်းနေပါလား ထားထားတိုး။

မင်းကို သိပ်ချစ်နေတဲ့ ယောက်ျားတစ်ယောက်။ မင်းနဲ့ မထိုက်တန်တဲ့ ယောက်ျားတစ်ယောက်အတွက် မင်းရဲ့အမုန်းဟာ လိုအပ်နေပါတယ် ထားရယ်။

ဒါ ... မင်းကို ချစ်လွန်းလို့ ခံစားရင်း ငါပြောနေမိတာပါ။

မင်းရဲ့အမုန်းကိုပဲ ငါ ရမှဖြစ်မှာ။

ဒါမှ ငါ့အချစ်တွေကို ငါမျိုသိပ်နိုင်လိမ့်မယ် ထား။

ဒါမှမဟုတ်ရင်ဖြင့် တစ်နေ့နေ့မှာ ငါ မင်းကိုဖွင့်ပြောမိလိမ့်မယ် ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့အချစ်တွေကို ငါ ... တားဆီးနိုင်စွမ်း ကင်းမဲ့စွာ ဖွင့်ပြောမိရင် ...

ငါ့လောက် မိုက်မဲသူ ရှိနိုင်တော့မှာ မဟုတ်ဘူး။

ဘာလို့ဆို ငါဟာ ဘယ်လိုမှ မင်းနဲ့မထိုက်တန်လို့ပါပဲ။

ငါ ဘာကောင်လဲ ဆိုတာ မင်းသိရင်၊ ဘွားသိရင် ငါဟာ မင်းနဲ့ ဘယ်လိုမှ မထိုက်တန်သူ တစ်ယောက်အဖြစ် အသတ်မှတ် ခံလိုက်ရမှာပါပဲ။

ငါဟာ မင်းနဲ့ မထိုက်တန်ဘူး ဆိုတာ ဘယ်သူမှ မသိရင်တောင်မှ တစ်ယောက်ကတော့ သိနေတယ်လေ။

အဲဒါ ... ငါ ကိုယ်တိုင်ပဲ ဖြစ်နေတယ် ထားထားတိုး။



## အခန်း(၂၈)

လှပမှိုင်းညို့သော တောင်စဉ်တောင်တန်းနှင့် စိမ်းမြမှိုင်းရီသော ထင်းရှူးတောများကို တွေ့မြင်နေရပါလျက် တဆွတ်ဆွတ်ပျံ့ပျံ့ ကြည်မောနိုင်မှု ကင်းပစွာ ...။

အေးမြသော လေနုအေးနှင့် ဆန့်ကျင်စွာ ...။

သူ၏စိတ်ဝယ် အလှုပ်ရှားကြီး လှုပ်ရှားနေမိရသည့် အဖြစ်။

ကတ္တရာလမ်း ကွေ့ကွေ့ဝိုက်ဝိုက်များကို ဖြတ်ကျော်မောင်းနှင်ခဲ့ရသည့် တောင်ကွေ့လမ်း များစွာကို ဖြတ်ကျော်ခဲ့ပြီးသည့်နောက် ... နောက်ထပ် တောင်ပတ်ကွေ့တစ်ခုကို ဖြတ်ကျော်လိုက်စဉ်ခိုက် ကလောမြို့ကို သူ စတင်၍ လှမ်းလင့်တွေ့မြင်ရပါ၏။

နှလုံးသွေးခုန်နှုန်း မြန်လာနေသည်သို့ ခံစားရပါ၏။

အမေ ...။

အမေရှိနေသောမြို့။

သားဖြစ်သူ ရောက်လာနေသည့် အဖြစ်ကို မသိနိုင်။ သိခွင့်မရနိုင်ရှာသည့် မိခင်၏ နေထိုင်ရာမြို့။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်မြို့လေး၏ ခြံဝင်းတွင်းမှာ၊ ခြံစည်းရိုးရှေ့နေရာများမှာ ပန်းလေးတွေ ပွင့်လှိုင်ထုံစီနေသည့် မြို့လေးသည် ပန်းချီကားချပ် တစ်ခုတွင်းမှာ တွေ့မြင်နေသည့်အလား လှပလွန်းနေသည်ပါပဲ။

အလှုပ်ရှားကြီး လှုပ်ရှားနေသည့်ရင်ကို ငြိမ်သက်နိုင်စေဖို့ ကားကို လမ်းဘေးမှာ ခဏထိုးရပ်လိုက်ကာ ကားလက်ကိုင်ဘီးပေါ်မှာ မျက်နှာကိုမှောက်၍ မျက်စိကို စုံမှိတ်ချထားမိရသည့်အဖြစ်။ အမေ့ကို သူ တွေ့ရတော့မည်လေ။

ဦးကြီးဦးလှလေး ပြောခဲ့သည့် လိပ်စာထဲမှာ "လှိုင်စားတော်ဆက်ဆိုတာ ပါသည်။ လှိုင်စားတော်ဆက်ကို သူ ဦးစွာရှာဖွေရမည်။ ထိုနေရာသို့ သူ ရောက်လျှင် အမေ့ကို သူ တွေ့ခွင့်ရတော့မည်။

အမေ၏ အသွင်သည် မည်သို့ရှိနေချေမည်တဲ့လဲ။

ဖြူဖြူနွဲ့နွဲ့ ဖြစ်ချေမည်လား။ တုတ်တုတ်ဖိုင့်ဖိုင့်ဖြစ်ချေမည်လား။

သူ့ကိုမြင်လျှင် အမေ၏ မျက်ဝန်းတွေထဲမှာ ထင်လာမည့် အရိပ်တွေသည် မည်သို့ရှိနေချေမည်တဲ့လဲ။ သွေးက စကားပြောသည်ဆိုသည့် စကားကို သူ ကြားဖူးသည်။

အမေသည် သူ့ကိုမြင်လျှင် ရင်ထဲမှာ မည်သို့ခံစားမိချေမည်တဲ့လဲ။

အမေ့ကို မြင်ဖူးရုံမျှဖြင့်ပင် ကျေနပ်ယူရမည့် သားတစ်ယောက်၏ ရင်ထဲမှာ ကြေကွဲခြင်းတွေ ထုထည်နှင့် ဖိစီးနှိပ်စက်နေသည်ကို အမေ သိနိုင်ရှာချေမည် မဟုတ်။



"အမေရယ် ..."

သူ တိုးတိုးသဲ့သဲ့ ခေါ်မိရင်းမှ ဝိုင်းလာသည့် မျက်ရည်ကို အံခဲ၍ထိန်းသည်။ ခရီးရှည်ကို မောင်းလာရသည်မို့ လူကလည်း ပင်ပန်းနေသည်။ စိတ်ကလည်း လှုပ်ရှားနေသည့်အဖြစ်။

ရင်တွေ အတန်အသင့် ငြိမ်သက်အောင် သူကြိုးစားယူပြီးမှ ကားကိုစက်နှိုးမောင်းထွက်ခဲ့ပါ၏။

မြို့တွင်းသို့ သူ့ကားဖြူလေး ဝင်လာပြီ။ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့မှာ ကားကို ဦးစွာထိုးရပ်ပြီး ကားပေါ်မှ သူ ဆင်းသည်။

လက်ဖက်ရည်တစ်ခွက်မှာပြီး ထိုင်ချလိုက်ပါ၏။ လက်ဖက်ရည် လာချသည့် ချာတိတ်လေးကို ...

"ဒီမှာ ညီလေး၊ လှိုင်စားတော်ဆက်က-ဒေါ်လှိုင်ဦးဆိုတာ ညီလေး သိလား၊ အခု အဲဒီဆိုင် ဖွင့်နေတုန်းပဲလား"

သူ စိုးရိမ်ထားတာ တစ်ခုရှိသည်လေ။

လှိုင်စားတော်ဆက် ဆိုတာ ရှိနေပေမယ့် အမေဆိုင်ကို ရောင်းချသွားခဲ့တာမျိုး ရှိသွားလျှင် အခြားလူသစ်တစ်ယောက်ယောက်က ဆက်၍ ဆိုင်ဖွင့်ရောင်းချနေမှာမျိုးကို သူစိုးရိမ်သည်။

သူတွေ့လိုသည့် အမေ့ကို မှားယွင်းစွာ တွေ့မြင်မှတ်ယူလျက် ပြန်သွားရတာမျိုးကို သူ စိုးရိမ်သည်။ လှိုင်စားတော်ဆက်မှာ ရှိနေမည့် အမျိုးသမီးတစ်ယောက်ကို သူ၏အမေအဖြစ် မှားယွင်းမှတ်ယူသွားရမည့် အဖြစ်မျိုးကို သူ မဖြစ်စေချင်။

www.burmeseclassic.com

www.burmeseclassic.com



သချာအောင် သူ မေးကြည့်ဖြစ်ခြင်းပါ။

"ဒေါ်လှိုင်လား ရှိပါတယ်၊ ဟိုဘက်လမ်းချိုးကို ကွေ့လိုက်ရင် ဆိုင်ရောက်တာပဲ"

ဟု ဖြေမှ ရင်ထဲမှာ တစ်ထစ်အေးသွားရသည်။ ဒါဆိုလျှင် အမေ့ကို သူ တွေ့ခွင့်ရချေပြီလေ။

ဦးကြီးဦးလူလေး ပြောခဲ့သည့် စကားတွေထဲမှာ အမေ့ဆိုင်၏ ဝင်ငွေနှင့်ထွက်ငွေ မမျှတာတွေ ပါသည်။ အမေ စီးပွားကျတာတွေ ပါသည်။ အမေ့ နောက်အိမ်ထောင်၏ မူးယစ်နေမှုတွေ ပါသည်။

ဒါကြောင့် အမေ ဆိုင်ကို အခြားသူတစ်ယောက်ထံ ရောင်းချပြီး အခြားစီးပွားတစ်ခုခု လုပ်ကိုင်စဉ်ခိုက်မှာ သူ ရောက်လာခြင်းမျိုးဖြစ်မှာ စိုးရိမ်လျက် မေးရခြင်းပါ။

"ဒေါ်လှိုင်နဲ့ သိလား"

ဟု ချာတိတ်လေးက မေးလာတော့ သူ ခေါင်းညိတ်ပြလိုက်သည်။

"ဒေါ်လှိုင့်အစ်ကိုကြီး ဦးကြီးလူလေးတောင်မှ ဘုန်းကြီးဝတ်သွားပြီဗျ၊ တောကျောင်းတစ်ကျောင်းမှာ တရားအားထုတ်ရောဗျ၊ ဦးကြီးကိုရော သိလား"

ဟု မေးတော့ သူ ခေါင်းပဲ ထပ်ညိတ်ပြခဲ့ကာ လက်ဖက်ရည်ကို မော့သောက်ပြီး ငွေရှင်း၏။

ချာတိတ်လေးက လေတော်တော် ပေါတတ်သည့် ချာတိတ်လေး ဖြစ်ပုံရသည်။ လေကြောရှည်လေးနှင့် ဦးကြီးဦးလူလေးကိစ္စပါ ထည့်ပြောလာသည်။



ကြည့်ရတာ ရန်ကုန်မှ ပြန်ရောက်တာနှင့် ဦးကြီးဦးလူလေး တကယ့်ကို တရားဘောင် ဝင်သွားတာ ဖြစ်မည်။ ရန်ကုန်မှာတုန်းက ...

"ဦးကြီး အသိတရား ရပါပြီကွာ၊ တရားဘောင်ပဲ ဝင်လိုက်ချင်တော့တယ်၊ ဆိုးခဲ့မိုက်ခဲ့တာတွေ များလှပါပြီ၊ နောင်တရပါပြီ သားရယ်"

ဟု ပြောခဲ့တာ။

"လောဘမီးရဲ့ လောင်မြိုက်ခြင်းဟာ အဆုံးမသတ်ဘူးဆိုတာ ဦးကြီး သိပြီးတဲ့နောက်မှာ အေးမြငြိမ်းအေးတဲ့တရားရိပ်မှာ ဦးကြီးရဲ့ ကျန်တဲ့သက်တမ်းကို ကုန်လွန်စေဖို့ ဆုံးဖြတ်ထားတယ်"

ဟု ပြောခဲ့တာ ပြန်၍အမှတ်ရဖြစ်လျက် ဦးကြီးကို ချစ်ကြည်ညို မဆုံးနိုင်ပြန်။

တရားရိပ်မှာ နေနေပါသည့် ဦးကြီးကို မနှောင့်ယှက်လိုတော့တာမို့ သွား၍ မတွေ့တော့ဟု ဆုံးဖြတ်လိုက်မိပါ၏။

ကားလေးထက်မှာ သူ ဝင်ထိုင်ကာ ကားစက်နှိုး၍ မောင်းထွက်ခဲ့ပါ၏။

လှိုင်စားတော်ဆက် ဆိုသည့် ဆိုင်လေးကို ချာတိတ်လေးပြောသည့်နယ်ပင် လမ်းချိုးလေးကို ချိုးကွေ့လိုက်တာနှင့် တွေ့ရပါပြီ။

လှိုင်စားတော်ဆက် ဆိုသည့် ဆိုင်းဘုတ်သည် သဘော်ဆေးသားမှိန်လျက် ခပ်ဟောင်းဟောင်း ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားရပ်ကာ ဆိုင်တွင်းသို့ သူဝင်၏။ စွပ်ကျ
ချိုင်းပြတ်နှင့် မျက်နှာနီအန်းအန်း ဖြစ်နေသော အသက်ငါးဆ
အရွယ် လူကြီးတစ်ယောက် ကောင်တာနေရာမှာ ထိုင်နေသည်
စားသောက်နေသူ လေးငါးယောက်လည်း ရှိနေ၏
ယခုတိုင် ဆိုင်တွင်းမှာ အမေ့ကို မမြင်ရသေး။

"အစ်ကို ဘာစားမလဲ"

ကာကီရောင် ဘောင်းဘီတိုပွပွ ဒူးဆစ်အုပ်နှင့် စွ
ကျယ်လေး ဝတ်ထားသည့် ကောင်လေးတစ်ယောက်။ အသားဖြ
လျက် မျက်လုံးမျက်ခုံး ကောင်းသည့် အသက်ဆယ့်သုံးနှစ်အရွယ
လောက်ရှိမည့် ကောင်လေးတစ်ယောက်။

ငါ့ညီလေးများလား ... ဟု တွေးဖြစ်လျက် ရင်ထဲ
မှာ ချစ်စိတ်ဖြင့် ပြုံးကြည့်မိသည်။

နွမ်းပါးရှာပါလား ... ဟု နားလည်ရလျက် ရင်ထဲ
မှာမကောင်း။ အပြုံးတွင် ထိခိုက်နာချင်ခြင်းသည်လည်း ရောထွေ
၍ ပါလာနေသည့်အဖြစ်။

"ကြက်သားနဲ့ ခေါက်ဆွဲကြော် ရမလား ညီလေး"

ဟု မေးတော့ ခေါင်းညိတ်ပြလျက် ...

"အမေ ... ကြက်သားနဲ့ ခေါက်ဆွဲကြော်တစ်ပွဲတဲ့ ... ဆယ့်နှစ်မျိုးဟင်းချိုရော မှာမလား အစ်ကို"

သူ အလိုလို ခေါင်းညိတ်မိရလျက်သား ဖြစ်ရပါပြီ။

ငါ့ညီလေး ... ငါ့ညီလေး ... ဟု တွေးမိလျက်
မျက်ရည်ဝဲချင်သည်။ ချာတိတ်လေးကို ချစ်ခင်စွာ ပွေ့ဖက်အား
လိုက်ချင်သည်။



ဒါပေမဲ့ မဖြစ်။

သူ ထိုသို့လုပ်မိလျှင် အားလုံးသိသွားမည်။ အမေ
သိသွားမည်။ သိလျှင် သားဖောနှင့် သီရိမြိုင်သို့ အမေရောက်လာ
ည်။

မေမေ နှစ်ကာလကြာရှည်စွာ လျှို့ဝှက်ထားခဲ့သည့်
အဖြစ်သည်လည်း သီရိမြိုင်မှာ ဘူးပေါ်သလို ပေါ်မည်။

သားအရင်း မဟုတ်ဘူးဆိုသည့် အဖြစ်ကို လူသိ
ရှင်ကြား အဖြစ်ခံလိုက်ရလျှင် သားကိုချစ်သည့်ဖောဖြင့် မေမေ
ရင်ကျိုးမည်။ ရင်ကွဲရရှာမည်။ စိတ်ထိခိုက်ရတော့မည်။ ပြီးတော့
အဖေသည်လည်း မေမေ့ကို ခွင့်လွှတ်ချင်မှ ခွင့်လွှတ်မည်။

သီရိမြိုင်တွင် အမေရင်းနှင့် မွေးစားမိခင် မေမေတို့
သည်း သားဖောကပ်လျက် ပြောကြ ဆိုကြမည်။

ဤအဖြစ်မျိုး ဖြစ်၍ ဘယ်နည်းမှ မဖြစ်နိုင်။
အဖြစ်ခံ၍လည်း မဖြစ်။ ဒါကြောင့် စိတ်ကို သူ ထိန်းရသည်။

အမေရင်းဆီမှာ နေလိုက်ပြန်လျှင်လည်း မေမေရင်
ကျိုးမည်။ သားဖောနှင့် မေမေ ဆုံးပါးသွားနိုင်သည်။

ပြီးတော့ မေမေ့ကို သူ ချစ်သည်။ မရက်စက်နိုင်။

လက်ရှိဘဝမှာ အသားကျနေပြီဖြစ်သည့် အမေ့ကို
အတ်စွမ်းသမျှ ကူညီပေးနိုင်ခွင့်နှင့် အမေ့မျက်နှာကို မြင်နိုင်ခွင့်
လောက်ပင် ကျေနပ်ဖြေသိမ့်ယူလိုက်ပါတော့မည် ...။

ဒါပေမဲ့ ထိုသို့ ဆုံးဖြတ်နေရခြင်းသည် ရင်ထဲမှာ
ကြီးမားသော ကြေကွဲမှု၊ ထိခိုက်မှုများနှင့် ဆို့ဆို့နင့်နင့်ကြီး ရင်
နင့်တစ်လုံး ဆို့ကျပ်နေလျက် ဆုံးဖြတ်ရခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဆယ့်နှစ်မိုးဟောင်းချိုလဲ ပါတယ် အဖေ"

ညီလေး၏ ချစ်ရာ့အသံ စာစာလေးကို နားထောင်ရင်း ချစ်စရာ့မျက်နှာလေးကို ကြည့်ရင်း သူ အားယူပြုံးရသည်။

"ညီလေး ... ကျောင်းနေလား"

ဟု မေးခိုက် ချာတိတ်လေး ခေါင်းညိတ်သည်။

"ခုနစ်တန်းရောက်ပြီ အစ်ကို"

ဟု ဖြေခိုက်မှာ ...

"ဟေ့ကောင် ဖိုးတွတ်၊ နင့်အမေ ခုထိပြန်မရောက်သေးဘူးလား၊ စားတဲ့ သောက်တဲ့လူက ရောက်နေပြီ၊ ဘာလုပ်နေတာတုန်း"

"ခရမ်းချဉ်သီး ကုန်နေလို့တဲ့ အဖေ၊ လာတော့မှာ၊ လေနာသက်သာဆေးလဲ သွားဝယ်တာ"

ဖိုးတွတ် အဖေလုပ်သူထံသွား၍ ခပ်တိုးတိုးပြောသည်။

"ဒီမိန်းမ အားတိုင်း လေနာနေတာပဲ၊ ငရုတ်သီးကျတော့ အစားမလျှော့ဘူး၊ သေမှငြိမ်းမယ့် မိန်းမ၊ ငါ သွားစရာရှိတယ်၊ ပြန်မရောက်တာ ခက်တယ်ကွ"

ဟုပြောပြီး ဗီရိုထဲမှ ဘီယာဘူးတစ်ဘူးကို ဆွဲယူ၍ ဖောက်ခနဲ သံဘူးကို ဖောက်သောက်တော့ ဖိုးတွတ် ငေးကြည့်နေသည်။ မပြောရဲရှာ၍သာ ကြည့်နေရပေမယ့် ဘီယာဘူးဖိုးငွေ မနည်းတာမို့ ဖောက်ဖောက်သောက်ပစ်တာကို နှမြောနေမှန်း မျက်ဝန်းအကြည့် ညှိုးဖျော့ဖျော့လေးဖြင့်ပင် သူ နားလည်နေမိရပါ၏။



ရင်ထဲမှာ မကောင်းနိုင်။

အမေ့မှာ သားသမီးခြောက်ယောက် ရှိတာကို ဦးကြီးဦးလှလေး ပြောပြထားသည်ပဲ။

သူ၏ ညီ၊ ညီမလေးများကို အမေ ရှာဖွေကျွေးမွေးနေရ၊ ရုန်းကန်နေရရှာမှန်း လတ်တလော မြင်ကွင်းဖြင့်ပင် သူ နားလည်မိရပါ၏။

ရောင်းဖို့ထားသည့် ဘီယာဘူးထဲမှ နောက်ထပ်တစ်ဘူး ဖောက်သောက်နေတော့ ဖိုးတွတ် မျက်နှာလေး ပိုပျက်ချင်၏။ အဖေကို ပြောရဲပုံလည်း မတူ။

"အဖေ ခေါက်ဆွဲကြော်ပေးပါလား"

မရဲတရဲစကား။

"မင်းသွားကြော်ပါလား၊ ငါကြော်ခဲ့ရတာ ကြာပြီ၊ မင်းတို့ကို ရှာကျွေးခဲ့ရတာ ကြာပြီ၊ အခု မင်းကြော် ... မကြော်ချင်ရင် မင်းအမေကိုစောင့်၊ ငါစောင့်နေရတာက ပိုက်ဆံယူပြီး သွားဖို့ကွ၊ ကိစ္စရှိတယ်၊ ဒီမိန်းမ အလကားကြာနေတယ်၊ ဘယ်သူ့သွားတွေ့နေတယ် မသိဘူး"

သူ စိတ်ညစ်နေမိရသည်ပါပဲ။

အမေ့ဆိုင် အရောင်းပျက်ရ၊ ပါးရတာ ဘာကြောင့်ဆိုတာ အချိန်တို အတွင်းမှာပဲ နားလည်နေမိရပါပြီ။

ဖိုးတွတ် နောက်ဖေးဘက်သို့ ဝင်သွား၏။ အသုပ်သမားလည်း ငှားထားနိုင်ပုံမတူ။ မိသားစု ဝိုင်းလုပ်ရှိုင်းစားပုံဖြင့် ဤဆိုင်ကို ရပ်တည်နေရဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ မီးဖိုဆီမှ ကြော်လှော်သံ ပေါ်လာ၏။ ဖိုးတွတ် ကြော်နေတာ ဖြစ်သည်။

မျက်လုံးများ နီရဲနေလျက် မျက်နှာမှာ အဆီပျံနီအန်းနေသည့် မျက်နှာပွပွကြီးဖြင့် တုတ်ခိုင်ခိုင်၊ အရပ်မြင့်မြင့်ဖြင့် ရှိနေသည့် လူကြီးကို ငေးကြည့်ရင်းမှ …

"အမေကို သနားလိုက်တာ"

ဟု ခံစားလျက် အကြည့်ကို လွှဲပစ်လိုက်မိပါ၏။

"မင်းနဲ့ ပတ်သက်လို့တော့ မီလှိုင်ကို ငါမပြောပြဘူး၊ ဘာလို့လဲ သိလား၊ သူ့လင် အဖိုးတန်ကြီးက ငါ့ထက်တောင် လောဘကြီးတယ်၊ ဆိုးတယ်၊ လက်ကြောမတင်းဘူး၊ ငါတောင် ဒီအထိ အသုံးမကျတာ၊ ငါ့ယောက်ဖ ဘယ်ထိကန်းကုန်အောင် အမိုက်တုံးကြီး ဖြစ်နေမလဲ ဆိုတာ တွေးယူ"

ဟု ပြောခဲ့သော ဦးကြီးဦးလူလေး၏ စကားကို အမှတ်ရမိသည်။ နောက်ထပ်တော့ အမေ့အိမ်ထောင်နှင့် ပတ်သက်၍ ဘာမျှမပြောတော့။ ပြောချင်ဟန်လည်း မတူ။

ယခုတော့ ဦးကြီးဦးလူလေး ပြောသလိုပင် အမေ့အိမ်ထောင်သည် အတော်ကြီးကို တစ်ကိုယ်ကောင်းဆန်သည့် လူတစ်ယောက် ဖြစ်နေသည်ပဲ။

ဖိုးတွတ် ခေါက်ဆွဲကြော် ပန်းကန်ပြားနှင့် ရောက်လာ၏။ အဖွေ့တထောင်းထောင်းနှင့် ချွေပဲသီးတောင့်၊ မုန်လာပွင့်နှင့် မုန်လာထုပ်ဖတ်များ အနေတော်လှီးကြော်ထားသည့် ခေါက်ဆွဲကြော်။ ငံပြာရည်ရောင် ညိုညိုသည် ခေါက်ဆွဲကြော်မှာ စွဲနေသည်။



"အစ်ကို ခေါက်ဆွဲကြော် အချိုပေါ့ရင် ပြောနော်၊ ဟင်းချိုမှုန့် ထပ်ထည့်ပေးမယ်၊ ဒါက ငံပြာရည်ပုလင်း။ ဒါက ချဉ်စပ်ပဲန်းကန်၊ ဒီမှာ ဟင်းချို"

ဟု ပြောရှာသည်။

သူ … ပြုံး၍ ခေါင်းညိတ်ကာ ခေါက်ဆွဲကြော်ကို ၊န်းခက်ရင်းကိုင်ကာ မြိန်ယှက်စွာပဲ စားပြသည်။ ဖိုးတွတ်ခမျာ ခေါက်ဆွဲကြော်တတ်နေပြီပဲဟု တွေးဖြစ်လျက် ကရုဏာစိတ်ဖြင့် သူ ကြည့်မိ၏။ သူ … ဖိုးတွတ်အရွယ်တုန်းက ကလေးလိုပဲ ပျော်နေနိုင်ခဲ့သည်။

ဖေဖေ့အလုပ်သို့ ခေါ်ခေါ်သွားတာတွေကိုတောင်မှ တ်ရှုပ်စရာဟု ထင်ခဲ့ဖူးသည်။ ဖိုးတွတ်ကျတော့ ဆိုင်မှာခေါက်ဆွဲ ကြော်နေရသည့်အဆင့်။

"ကောင်းရဲ့လား အစ်ကို"

ဟု အားမှာရပ်နေရင်းမှ တစ်ခုခုလိုမှာစိုးပုံဖြင့် နေးရှာသည့် ဖိုးတွတ်ကို ခေါင်းညိတ်ပြသည်။ ပြုံး၍လည်း …

"ကောင်းတယ် ညီလေးရ"

ဟု ပြောတော့ ဖိုးတွတ် မျက်နှာလေး ပြုံးကြည်နေ ပါ၏။

ကျန်သည့် ညီလေး ညီမလေးတွေကို မြင်ချင်စိတ် ဖြစ်လျက် ဟိုဟိုသည်သည် ကြည့်ပေမယ့် မတွေ့ရ။

ထိုအခိုက်မှာပဲ ဆိုင်တွင်းသို့ အသားဖြူဖြူ၊ ကိုယ် ခန့်ပါးပါးလျားလျားနှင့် အမျိုးသမီးကြီးတစ်ဦး ဝင်လာ၏။ လက်ထဲမှာ ပလတ်စတစ်ဆွဲခြင်းအပြာလေး ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော ... အမေ ပြန်လာပြီ"

ဖိုးတွတ် ဝမ်းသာအားရပြောပြီး ပြေးကပ်သွားစဉ်ခိုက် စားလက်စ ခေါက်ဆွဲကြော်ဖွန်းကို ပန်းကန်မှာ ဖြုတ်ခနဲ ချမိလျက် အငေးကြီး ငေးကြည့်မိရပါပြီ"

"ဟော့ ... မြန်မြန်လာ"

ဖြူ...ဖျော့ဖျော့ အမေ့မျက်နှာ သွယ်သွယ်သည် စိတ်ရှုပ်ထွေးနေသည့်... ပွင့်။ လှမ်းခေါ်သည့် ခင်ပွန်းသည်ကို ကြည့်ရင်း သက်ပြင်းချလျက် ...

"မောလာလို့ပါ အစ်ကိုရယ်"

ဟု ပြောရှာသည်။

"သွားရင် သော့ယူယူသွားတာ ဘယ်ကောင်းမလဲကွ၊ ပိုက်ဆံယူမလို့ စောင့်နေတာ၊ မြန်မြန်လုပ်"

ဟု...တော့ အမေ အင်္ကျီအိတ်ကပ်တွင်းမှသော့ကို ဖိုးတွတ်လက်ထဲ ထည့်ပေးလိုက်ကာ စားသောက်သူ မရှိသည့် စားပွဲဝိုင်းမှ ကုလားထိုင်ထက်မှာ မောမောပန်းပန်း ထိုင်ချရှာ၏။

"အမေ ... အမေရယ်"

ထွ...နေသော မျက်ခုံး။ မျက်ဝန်းသည် မှိန်ဖျော့လျက် မျက်တွင်း...နေ၏။ တန်းနေသော နှာတံ၏အဆုံးမှာရှိနေသည့် နှုတ်ခမ်း...သည် သွေးရောင်ဖျော့နေ၏။ ပါးလျားသော ကိုယ်ဟန်ဖြင့်ပင် အ... မကျန်းမာဆိုတာ သူ နားလည်နေရသည်။

အလို... ကမ်းတရားမသိ၊ ဆိုးရွားလွန်းလှပါသည့် ခင်ပွန်းသည်နှင့် သာ... သမီးခြောက်ယောက် တာဝန်ကို မကျန်းမာသည့်ကြားမှ အမေ ...န်းကန်နေရှာပါလားဟု တွေးမိလျက် ရင်



ထဲမှာဆို့နင့်နေမိရသည်ပါပဲ။ အမေ့ကို သနားစိတ်ဖြင့် မျက်ရည်ဝဲလာသည်မို့ ကမန်းကတန်း ခေါင်းငုံ့ချမိရပါ၏။

အံဆွဲကို သော့ဖြင့်ဖွင့်၍ ပိုက်ဆံယူကာ ထွက်သွားသည့် ခင်ပွန်းသည်ကို အမေသည် ညှိုးဖျော့နေသည့် မျက်ဝန်းများဖြင့် ရီဝေစွာ လိုက်ကြည့်နေပေမယ့် ဘာမျှမပြောတော့။ စိတ်ကုန်စိတ်လျှော့ထားလိုက်ဟန် တူသည်။

သူ ခေါက်ဆွဲကြော်ကို ဟန်မပျက်အောင် ထိန်းစားနေရရင်းမှ အမေနှင့် ညီလေးကို တစ်ချက် တစ်ချက် ကြည့်နေမိသည်။

ဩော် ... အမေသည် အမေဝမ်းနှင့်လွယ်၍ မွေးဖွားခဲ့ရပါသည့် သားဖြစ်သူ ရောက်နေခြင်းကို မသိရှာ။

အမေ့ကို ကြည့်နေခြင်းကိုလည်း မသိရှာ။

အမေ့ကို ကြည့်နေသည့် သား၏ရင်တွင်းမှာ လောင်မြိုက်နေသော မီး၏အတိုင်းအဆ ပမာဏကိုလည်း မသိနိုင်ရှာ။ သိနိုင်ခွင့်လည်း မရှိရှာ။

အမေကို မြင်နေရပါလျက်၊ ညီငယ်ကို မြင်နေရပါလျက် ဖွင့်ပြောခွင့်မရ၊ အသိပေးခွင့်မရ၊ ပွေ့ပိုက်ခွင့်မရ၊ စကားလက်ဆုံ ပြောခွင့်မရစွာ အရာရာကို ဆုံးရှုံးနေရသည့် သားတစ်ယောက်အဖြစ်ကိုလည်း အမေ့ကို မသိစေချင်တော့ပါ အမေရယ်။

ပူလောင်နေသော ရင်တွင်းမီးဖြင့်ပင် မိသားစုတာဝန်ကို မနိုင်ဝန်ထမ်းနေရရှာသည့် အမေ့ရင်ကို ထပ်မလောင်မြိုက်စေချင်တော့ပါ အမေ။

www.burmeseclassic.com

www.burmeseclassic.com



အမေ၏ မျက်ရည်စက်များကို သူ မကြည့်ရက်တော့ပါ။

အမေ့သားကြီးရယ်ဟု ပွေ့ပိုက်ရင်း အမေ ငိုကြွေးရှာမှာကိုလည်း သူ မမြင်ရက်ပါ။ အမေ့ရင်ကိုလည်း မပင်ပန်းစေရက်တော့ပါ။

သူ့ကို မေမေသည် ဘယ်လိုမှ မစွန့်လွှတ်နိုင်ရှာ။ အမေ့ရင်ခွင်သို့လည်း မေမေ မထည့်နိုင်ရှာ။

ဒါကို သူသိနေသည်။ သားဖြစ်သူကို ပိုင်နိုင်စွာ ခေါ်ပိုင်ခွင့်မရှိသည့် အမေ့ကို ထပ်၍ ဒုက္ခမပေးရက်တော့ပါ။ ရင်ကို မနာကျင်စေချင်တော့ပါ။ မပင်ပန်းစေချင်တော့ပါ အမေ။

သူ့ ရင်ထဲမှာ ဆို့ကျပ်လာလျက် ခေါက်ဆွဲကြော်ကို ဆက်မစားနိုင်တော့။

ဒါပေမဲ့ ကုန်အောင်မစားခဲ့လျှင် ညီလေး ဖိုးတွတ်ခများ ကြော်ပေးတာ မကောင်း၍များလားဟု ထင်ရှာမည်ကို သူ စိုးသည်မို့ ကုန်အောင်စားရပါ၏။

"ဘယ်လောက်ကျသလဲ ညီလေး"

သူမေးတော့ ဖိုးတွတ် ပြေးလာကာ ...

"ခုနစ်ဆယ့်ရှစ်ကျပ်ပါ အစ်ကို"

ဟု ဖြေတော့ သူ ငွေထုတ်ပေးသည်။ ဖိုးတွတ်ယူက ကောင်တာသို့ သွား၏။ ငွေပြန်အမ်းဖို့ ပိုက်ဆံကို ရေတွက်နေသည်။ အမေကတော့ စောစောကအတိုင်း ကုလားထိုင်မှာ ခြေကုန်လက်ပန်းကျပုံဖြင့် ထိုင်နေဆဲ။ လမ်းမဘက်ကို ငေးလျက် အမေ ဘာတွေတွေးနေရှာပါလိမ့်မဟု သူစဉ်းစားဖြစ်၏။



"အမေ့ကို အမေ့သား လာကြည့်နေပါတယ် အမေ၊ အမေ့ကို မြင်ဖူးချင်လွန်းတဲ့စိတ်နဲ့ အမေ့သား လာခဲ့တာပါ အမေရယ်၊ ခု ... မြင်ရတော့ သားရင်ထဲမှာ မချိလိုက်တာဗျာ၊ ညီလေး ညီမလေးတွေကိုလဲ အားလုံး မြင်ချင်နေပါရက်နဲ့ သား မြင်ခွင့်မရနိုင်ဘူး အမေ၊ ဖိုးတွတ်ကိုပဲ တွေ့ရတာ၊ နောက်ထပ်ရက်ကြာကြာ ထပ်နေမိရင် ဒီမှာလာလာစားနေတဲ့သားကို မြင်ဖန်များရင် သား ဟန်ဆောင်ထိန်းထားနိုင်မှာ မဟုတ်ဘူး အမေ၊ သား ပြန်မှဖြစ်တော့မှာ"

ဟု ရင်ထဲမှာ မချိစွာ တွေးဖြစ်လျက် ခေါင်းတွေကိုက်ခဲတက်လာသည်ပါပဲ ...။

ဦးစွာ ပြဿနာတက်မည်က အမေ့အိမ်ထောင်နှင့်ပါ။ အမေ့ကို ဗိုလ်ကျ၊ အနိုင်ကျင့်နေတာကို သူ လက်ပိုက်ကြည့်နေနိုင်မှာ မဟုတ်၊ ဆွဲထိုးမိမှာ သေချာသည်။

ပိုက်ဆံပြန်အမ်းငွေကို သူ ယူ၏။ ပြီးတော့ ကောင်တာသို့သွားကာ ဘီယာနှစ်ဘူး ဝယ်သည်။ စီးကရက်တစ်ဘူးဝယ်သည်။ ဖိုးတွတ်က အရောင်းသမား။

ပိုက်ဆံအိတ်ကို ကောင်တာမှာ သူတင်လျက် ဘီယာဘူးကို သူယူသည်။ ကြွပ်ကြွပ်အိတ်ငယ်လေးမှာ ဘီယာနှစ်ဘူးရှိနေ၏။ စီးကရက်ဘူးကို အိတ်ကပ်ထဲမှာ ထည့်သည်။

ပြီးတာနှင့် ဖိုးတွတ်ကို ပြုံးပြကာ ခြေလှမ်းကျဲကြီးနှင့် ခပ်သုတ်သုတ် ဆိုင်မှထွက်သည်။

အမေ့ကို သူ ကြည့်မိလျက် ...

www.burmeseclassic.com

www.burmeseclassic.com



"သား ... သွားပြီ အမေ။ အမေ့ကို သားစိတ်ထဲက ရည်စူးကန်တော့ခဲ့ပါတယ် အမေရယ်"

ဟု ရင်ထဲ ဆို့ကျပ်လျက် မိုက်ခနဲ မိုက်ခနဲ ဖြစ်ချင်နေပေမယ့် ခြေလှမ်းကို သွက်သွက်လှမ်းနေရဆဲပါ။ ကားတွင်းသို့ဝင်ပြီး ကားစက်နှိုးခိုက် ...

"ဟာ ... အမေ ... အမေ ... ဒီမှာ ပိုက်ဆံအိတ်ကျန်ခဲ့ပြီ၊ ဟိုအစ်ကို ပိုက်ဆံအိတ် ကျန်ခဲ့ပြီ"

ဟု ဖိုးတွတ်လေး၏ အော်သံ။

"လူလေး ... လူလေး နေပါဦး၊ နေပါဦး ... ဟဲ့ ဖိုးတွတ် ပြေးအော်ပါကွယ်"

နှင့် အမေ့ ပြောသံ ခေါ်သံတို့သည် နောက်ပါးဝယ် ကျန်ရစ်ခဲ့ပါပြီ။

အမေ့အတွက် မမေ ထည့်ပေးလိုက်သော ငွေများ။

သူ စုဆောင်းထားသည့် ငွေများဖြင့် အမေ့အတွက် ထားရစ်ခဲ့ခြင်းများကို သူနှင့် မေမေသာ သိရသည့်အဖြစ်ပါ။

ဤငွေများဖြင့် အမေသည် နောက်ထပ်စီးပွားကို အားဖြည့်လုပ်ကိုင်နိုင်ပါလိမ့်မည်။

"အမေရေ ... အမေ"

ကားမောင်းနေရင်းမှ ပေါက်ကွဲနာကျင်စွာ သံကုန်ဟစ်၍ သူ အော်ခေါ်မိရပါ၏။

ကတ္တရာလမ်း ခွေဝိုက်ဝိုက်ထက်မှာဖြင့် တောင်တန်းတို့ကို ခွေဝိုက်ပတ်ပြေးလျက် ထင်းရှူးနံ့သင်းသော လေထုကြားမှာ ကားလေးသည် မြားတံနှယ် ပြေးချေ၏။



သူ အရှုးတစ်ယောက်နှယ် အော်ဟစ်ငိုကြွေးနေမိပါလားဟု သိနားလည်လာမိရချိန်မှာ မျက်ရည်များသည် ပါးပြင်ထက်၌ စိုနစ်နေကြချေပြီတည်း။

❤ ❦ ❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၉)

"ဟယ်လို ... သိရိုမြိုင်ကပါ၊ ဦးကောင်းပြည့် ပြောနေပါ
တယ်"

"ဗျာ ... ပဲခူးဝင်ကာနီးမှာ သင်ပင်ကို တိုက်မိတယ် ...
ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... အစုချက်ချင်း လာခဲ့ပါမယ်
ဒဏ်ရာပြင်းထန်ပါသလားခင်ဗျာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ ...၊ ကျေးဇူးတင်လှပါတယ်
ဒေါက်တာ"

ဦးကောင်းပြည့် မျက်နှာမှာ သွေးရောင်ဖျော့ကျ၏။ အပေါ်ထပ် ဘုရားဆောင်မှာ ရှိနေမည့် ဇနီးသည့်ကို အသိပေးရမှာ ရင်ထဲ လေးနေမိရပါသည့် အဖြစ်။

နောက်ဆုံး ဦးကောင်းပြည့် ဆုံးဖြတ်လိုက်သည်။ လောလောဆယ် အသိမပေးသင့်ဟု။ တယ်လီဖုန်းကို ကိုင်မိသည့် အဖြစ်အတွက်ပင် တစ်နည်းအားဖြင့် ကောင်းသွားသည်ဟု ဦးကောင်းပြည့် တွေးမိသည်။



ဇနီးဖြစ်သူ နွယ်သာ ကိုင်မိလျှင် သတိလစ်မေ့မြော သွားနိုင်သည်။

ပဲခူးမြို့ ဝင်ခါနီးမှာ သားဖြစ်သူ တင်မိုးညို မောင်းနှင်သည့်ကားသည် သစ်ပင်ကြီး တစ်ပင်နှင့် ဝင်တိုက်မိခဲ့သည်တဲ့။

ဦးခေါင်းပိုင်း ထိထားသည်ဟုတော့ သိထားရသည်။

ချက်ချင်း ဦးကောင်းပြည့် အပေါ်ထပ်သို့တက်၊ အဝတ်အစား လဲမနေတော့ဘဲ ပိုက်ဆံအိတ်ကို ဆွဲယူ၊ ကားသော့ ယူကာ အိမ်ပေါ်မှ ဆင်းသည်။

"မိတူး ... နင့်ဒေါ်လေးကို အန်ကယ် ကိစ္စရှိလို့ ပဲခူးခဏ
သွားတယ်လို့ပြော ... ဟုတ်လား"

ဟု ပြောပြောဆိုဆို ထွက်ခဲ့ပါ၏။

ကားကို တောက်လျှောက် မောင်းလာခဲ့သည်။ ရင်ထဲမှာ ပူပန်ခြင်းပဲ ရှိနေသည်။

သား ... ဘာမှမဖြစ်ပါစေနဲ့၊ ဘာမှမဖြစ်ပါစေနဲ့ ... ဟု ဆောကပ် ဆုတောင်းနေမိရသည်ပါပဲ။

ပဲခူးပြည်သူ့ဆေးရုံသို့ သူ ရောက်တော့ မွန်းလွဲပိုင်း ဖြစ်နေပြီ။ ကမန်းကတန်းပင် တာဝန်ကျ ဆရာဝန်အခန်းသို့ ဦးကောင်းပြည့် သွားသည်။

သားဖြစ်သူရှိမည့် အခန်းကို စုံစမ်းရသည်။ တာဝန်ကျ ဆရာဝန်လေးကိုယ်တိုင် လိုက်ပြပေးရှာပါ၏။

တွေ့ရပါပြီ။ ခေါင်းတွင် ပတ်တီးစည်းနှောင်ထားကာ လက်တွင်လည်း သွေးသွင်းပိုက်နှင့် တစ်ဖက်တွင် ဆေးသွင်းပိုက် ... ဘန်လန်းဖြင့် မိန်းမောနေရှာသည့် သား။

www.burmeseclassic.com

www.burmeseclassic.com



"သား ... သား ... မိုးလေး ...။ ဖေဖေ ရောက်နေတယ် သား၊ ဖေဖေ ရောက်နေတယ်၊ ဖေဖေ ခေါ်နေတာ ကြာ ရဲ့လား သား ... ဟင် ..."

ဟု ဆို့နင့်နေသောရင်ဖြင့် ပူပန်တကြီး ဦးကောင်းပြည့် ခေါ်နေခိုက်မှာ ဆရာဝန်ကြီး ရောက်လာပါ၏။

"မောင်တင်မိုးညိုရဲ့ မှတ်ပုံတင်မှာပါတဲ့ လိပ်စာရယ်၊ မှတ်စုစာအုပ်ထဲမှာရှိတဲ့ လိပ်စာနဲ့ တယ်လီဖုန်းနံပါ ရယ်ကြောင့် ဦးကောင်းပြည့်ရဲ့ သီရိမြိုင်ကို ဖုန်းဆ အကြောင်းကြားနိုင်ခဲ့တာပါ၊ လူနာရောက်လာပြီး အဲဒီဖု နံပါတ်နဲ့ လိပ်စာတွေကို တွေ့ရပြီးတာနဲ့ အကြောင်းကြ နိုင်းခဲ့တာပါ ဦးကောင်းပြည့်၊ လူနာက အတွင်းဒဏ်ရာ ခေါင်းမှာထိထားပါတယ်၊ ဒါပေမဲ့ စိတ်မပူပါနဲ့တော့"

ဟု ပြောတော့ ဦးကောင်းပြည့်မှာ သားဖြစ်သူ လက်တွေကို ဖွဖွထိ၍ ကတုန်ကယင်ဖြင့် မျက်ရည်များ ဝဲတ စွာ ...

"ကျေးဇူးကြီးလှပါတယ် ဒေါက်တာ"

ဟုသာ အနိုင်နိုင် ပြောနိုင်ရှာတော့သည်။

မိမိ၏သွေး။ မိမိ၏ တစ်ဦးတည်းသော မျိုးဆ သွေး။ မိမိ၏ရင်ကို နှစ်၍ချစ်ရပါသော သွေး။ အမျှော်လင့်ပြ မျှော်လင့်ရပါသော ဤသားသည် ကံကောင်း၍ အသက်မဆုံး ခဲ့ရခြင်းသာ။

"သားမေမေ ခွင့်ပြုလို့သာ ဖေဖေ မတားခဲ့ရတာ ဒီခေါ ကို မသွားစေချင်တာ အမှန်ပါ သားရယ်၊ လုပ်ငန်း



များ တာဝန်တွေများပြီး ပင်ပန်းနေတဲ့ သားမိုးကို အပန်းဖြေ ရက်တိုခရီးလေး ခွင့်ပြုလိုက်ပါလို့ နွယ် ပြောတုန်းက ဖေဖေ ငြင်းချင်နေတာ၊ တကယ်လဲ သားမိုး ပင်ပန်းရှာပါတယ်ဆိုပြီး ဖေဖေ မတားရက်လို့ ခွင့်ပြုမိတာ သားရယ်၊ ခုတော့ ဒုက္ခရောက်အောင် ခွင့်ပြုမိသလိုပါလား"

ဟု မချိတင်ကဲ တွေးမိရင်း သား၏ပတ်တီးတွေ အုပ်မိုးစည်းနှောင်ထားပါသည့် ခေါင်းကို စိုးရိမ်တကြီး ကြည့်မိသည်။ ခေါင်းများထိခိုက်သွားလျှင် ...။

ရင်ထဲမှာ လောင်မြိုက်နေသည်ပါပဲ။

သားမိုး ကားမောင်းတာ စည်းကမ်းရှိတာ ဦးကောင်းပြည့် အသိ။

စိတ်လှုပ်ရှားလျှင် ကားမောင်းမြန်တတ်တာ တစ်ခုတော့ရှိသည်။ တစ်ခါ တစ်ခါ အေးမှုပါသွားသည့် အခါမျိုးမှာ လုပ်ငန်း၌ စိတ်အခန့်မသင့်စရာ တစ်ခုခုကြုံတတ်ခဲ့သည့် သားမိုးသည် ကားမောင်း မြန်နေတတ်တာမို့ ဦးကောင်းပြည့် သတိပေးခဲ့ရတာမျိုးတော့ ရှိဖူးသည်။

ဒါပေမဲ့ ခု အပန်းဖြေခရီးမှ ပြန်ခဲ့သည်ပဲ။

ပြီးတော့ ပြန်လာတာကလည်း မြန်လွန်းနေပေသည်။

"လူနာအတွက် သွေးသွင်းဖို့ လိုအပ်နေသေးတယ် ဦးကောင်းပြည့်၊ ဘီအမျိုးအစားသွေးပါ ... လောလောဆယ်လည်း သွေးသွင်းထားပါတယ်"

"ဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းပြည့် ခေါင်းထဲ ရိပ်ခနဲ တစ်ချက်ဖြစ်ေ မယုံနိုင်သလို ခံစားလိုက်ရသည့်အဖြစ်။

ဒါပေမဲ့ ချက်ချင်းပြန်ထိန်းကာ စိတ်ကိုတည်ငြိ အောင် ကြိုးစားယူသည်။

"ကျွန်တော် လျှုပါ့မယ် ဒေါက်တာ၊ ကျွန်တော့်သွေးအမျိုး အစားက အိုအမျိုးအစားပါ"

ဟုပြောတော့ ဆရာဝန်ကြီးမှ ...

"သွေးပေါင်ချိန် တိုင်းကြည့်ပါဦးမယ် ဦးကောင်းပြည့် နှလုံးတွေ ဘာတွေလဲ စမ်းသပ်ကြည့်ပါမယ်၊ ကောင်းတ က လှူငယ်ဆိုရင် ပိုကောင်းပါတယ်"

ဟုပြောတော့ ဦးကောင်းပြည့် ခပ်ဆဆ တွေးေ သည်။

နောက်တော့ တယ်လီဖုန်းဆက်ခွင့် တောင်းကာ မိုးကုမ္ပဏီသို့ ဖုန်းဆက်ရသည်။

ကုမ္ပဏီဝန်ထမ်းထဲမှ သွေးလှူမည့်လူကို စုံစမ်းသည် တင်မိုးညို အတွက်ဆိုတာ သိရတော့ စိုးရိမ်တကြီးနှင့် ကုမ္ပဏီ လူငယ်ဝန်ထမ်း ခြောက်ဦးလောက် လာကြမည်ဟု ပြောသည် ကုမ္ပဏီမှကားဖြင့်ပဲ လာကြမည်။

"မင်းတို့မမလေး နွယ့်ကို မသိစေနဲ့၊ သိရှိမြို့ကို ဘယ်သူ အကြောင်းမကြားကြစေနဲ့ဦး၊ ဟုတ်လား"

ဟု ဦးကောင်းပြည့် ပြောပြီး စိတ်မောစွာဖြင့် ဖုန်း ခွက်ကို ချရသည်။



သားဖြစ်သူ၏ဘေးမှာ ပြန်ထိုင်လျက် သွေးပုလင်းမှ တစ်စက်ချင်း ကျနေသည့် သွေးစက်များကို ရီဝေစွာ ငေးကြည့် နေမိသည်။ သားဖြစ်သူ၏ မျက်နှာလေးကိုလည်း ငုံ့မိုးငေးစိုက် ကြည့်မိပြန်၏။

နွယ်၏ သွေးအမျိုးအစားကို ဦးကောင်းပြည့် သိ သည်။

ဒါပေမဲ့ စီးပွားရေးဇောဖြင့် သွားလာလုပ်ကိုင်နေရ သည့်အတွက်မို့ သား၏ သွေးအမျိုးအစားကို ဦးကောင်းပြည့် သိဖို့ အာရုံမစိုက်လိုက်မိ။

ဒါကလည်း အများအားဖြင့် သာမန်ကာလျှံကာဖြင့် နေထားမိတတ်သည့် အဖြစ်မျိုးပဲလေ။

ယခုမှ သူသိရသည့်အဖြစ်။ သားတင်မိုးညို၏ သွေးအမျိုးအစားသည် ဘီအုပ်စု။

သူနှင့် နွယ်၏သွေးအမျိုးအစားက အိုအမျိုးအစား အုပ်စု။

အိုသွေးအုပ်စုရှိသော မိဘနှစ်ပါးမှ မွေးဖွားလာရ သည့် သားတင်မိုးညို၏သွေးသည် ဘီအုပ်စုအမျိုးအစား ဖြစ် နေသည်။

နွယ် ...။ နွယ်သည် ဖောက်ပြားတတ်သော အမျိုး သမီးတစ်ယောက် မဟုတ်တာကို ဦးကောင်းပြည့် ယုံကြည်သည်။

သားဖြစ်သူကို ဦးကောင်းပြည့် ငေးကြည့်မိရဆဲ။

မျက်ခုံးထူခြင်း၊ မေးရိုးပြန့်ခြင်း၊ အသားဖြူခြင်းသည် မိမိနှင့် တူနေသည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဤကလေးသည် မိမိနှင့် တူညီနေသည့် အရာများကို မျက်နှာထက်တွင် ရှိနေသည့်အဖြစ်။

ခနိုးသည် နွယ် ကိုယ်ဝန်နှင့်ရှိစဉ်က မွေးဖွားချိန်မှာ လိုအပ်မည့် သွေးအမျိုးအစားကို ဦးကောင်းပြည့် မှတ်သားထားရသည်။ အိုအမျိုးအစား။ မိန်းမောနေရှာသည့် သားဖြစ်သူ၏ လက်ကို ဦးကောင်းပြည့် ထွေးဆုပ်ထားမိရင်းမှ ...

"သား ... မိုးလေး ... မိုးလေး ... ဖေဖေ ရောက်နေပြီလေ"

ဟု တတွတ်တွတ် ခေါ်နေမိရပါ၏။

အခန်းလေးသည် တိတ်ဆိတ်မြဲ။ သားဖြစ်သူ၏ ခပ်မှျင်းမှျင်း ရှူနေသည့် အသက်ရှူသံနှင့် သားဖောဖြင့် ပူပြင်းလောင်မြိုက်နေသော ခံစားမှုတို့သာ အခန်းတွင်းဝယ် လွှမ်းခြုံနေပါချေ၏။



# အခန်း(၃၀)

"မောင်ကောင်းပြည့်တို့များကွယ်၊ မိုးလေး ဆေးရုံကဆင်းလာပြီးမှ သိရိမြိုင်ကို ပြန်ရောက်မှပဲ ဒီအဖြစ်ကို ဘွားတို့ သိရတော့တယ်၊ ဘယ့်နှယ်ကွယ်၊ အရင်းအချာဆိုလို့ ဒီမိသားစုတွေပဲ ရှိကြတဲ့ဟာ ပြောရမှာပေါ့"

ဟု ဘွားတဖျစ်ဖျစ် ပြောနေသမျှ ဖေဖေပြုံး၍ နားထောင်ပါ၏။

"နွယ် သိသွားမှာပေါ့ ဘွားရ၊ လူနာနှစ်ယောက်ကြားမှာ ကျွန်တော် ဗျာများသွားရမှာ ဘွားရ"

ဟုပြောတော့ မေမေ မျက်စောင်းလှမ်းခဲရင်း ...

"မဟုတ်တာ ကိုကိုရယ်၊ နွယ့်ကို ဒီလိုမလုပ်ပါနဲ့၊ ဒါကြောင့် ကိုကို နေ့တိုင်း ပဲခူးကို ကိစ္စရှိတယ်ဆိုပြီး သွားခဲ့တာကိုး"

ဟု ပြောလည်းပြော၊ သူ့နဖူးထက်မှာ ထင်နေသည့် အမာရွတ်ကို လက်ချောင်းနုနုဖြင့် ခပ်ဖွဖွ တို့ထိကြည့်သည်။ ခေါင်းမှ ဒဏ်ရာကိုလည်း ကြည့်သည်။ ခြေလက်တွေကိုပင် ... ကျောစမ်း ရင်စမ်းပြုသည်။

www.burmeseclassic.com

www.burmeseclassic.com

"မသေကောင်း မပျောက်ကောင်း မိုးလေးရယ်၊ မေမေ ရင်ထိတ်လိုက်တာ သားရယ်"

"ဟော ... တွေ့တယ် မဟုတ်လား ဘွား၊ ခု လူကောင်း သူကောင်း ဖြစ်ပြီး ဆေးရုံက ဆင်းလာပြီးတာတောင်မှ သူ က ရင်ထိတ်နေတုန်း၊ ဟိုအချိန်တုန်းများ ပြောပြလိုက်ရင် အသက်ပါသွားမှာဗျ"

ဟု ဖေဖေ ပြောတော့ မေမေ မျက်စောင်းထပ်ခဲ့ သည်။ ဖေဖေ ပြုံးကြည့်နေပါ၏။ သူ ပဲခူးဆေးရုံမှ ဆင်းခဲ့ကာ သီရိမြိုင်ကို ပြန်ရောက်မှ အဖြစ်စုံ သိကြရ။ ဘွားကို ခြေမြန်တော် မိတွားမှ ပြေးသတင်းပို့ဖြစ်နှင့် ရင်ဖိသူဖိနှင့် ဖြစ်ကုန်ကြရသည့် အဖြစ်ပေ။

ပဲခူးဝင်ကာနီးမှာ သူ့ကားကလည်း အရှိန်များများ။

တစ်ဖက်က မောင်းလာသည့် ကားကလည်း အရှိန် များများ။ အရေးထဲ တစ်ဖက်ကားထဲမှ လူတွေက အရက်ထွေ ထွေနှင့် ဖြစ်နေကြသေးသည်။

ခပ်လှမ်းလှမ်းမှာကတည်းက ဘီယာဘူးခွံ ပစ်လိုက် တာကို သူ တွေ့လိုက်ရသေးသည်ပဲ။

တစ်ဖက်ကားဆီမှ ကျယ်လောင်စွာ ဖွင့်ထားသော ကက်ဆက်သံကလည်း ဆူညံနေသည်။ ထိုအခိုက် နွားပေါက်လေး တစ်ကောင် လယ်ကွင်းထက်မှ ပြေးတက်အလာ၊ နွားကျောင်းသား ချာတိတ်လေးက ကားနှင့်နွား တိုက်မိမှာစိုး၍ အတင်းလိုက်ပြေး ဖမ်းနှင့်ရှိခိုက် တစ်ဖက်ကားမှ တိုက်မိမှာစိုးရိမ်လျက် ဒရောသော ပါး တစ်ဖက်ကို ဆွဲအချ။



သူ့ကားဘက် ခေါင်းတည့်လာတာမို့ လမ်းဘေးကို သူ ဆွဲမောင်းမိစဉ်ခိုက် အရှိန်မသတ်နိုင်စွာ သစ်ပင်ကြီးဘက်ကို ထိုးဝင်သွားတာပဲ မှတ်မိလိုက်နိုင်တော့သည့်အဖြစ်။

ကားမောင်းစဉ်မှာ အမေနှင့် ညီလေးအတွက်၏ အသွင်ကလည်း တဝေ့ဝဲဝဲနှင့် စိတ်တွေမငြိမ်မသက် ဖြစ်နေရသမျှ ကြေကွဲနေမိရသမျှ စိတ်က အလွင့်လွင့်နှင့် ဟိုမျှောသည်တင် ဖြစ်နေတာကလည်း သူ့အမှား။

နောက်ဆုံး ဆေးရုံမှာ သူရှိနေရလျက် သူ့ကိုတဖွဖွ ဖြင့် စိုးရိမ်တကြီး ခေါ်နေသံကို ကြားရသည်။ မျက်ဝန်းကို အား ယူဖွင့်ကြည့်ခဲ့စဉ်က စိုးရိမ်တကြီးဖြင့် ငုံ့မိုးကြည့်နေသည့် ဖေဖေ့ မျက်ဝန်းများ မျက်နှာနှင့် ခေါ်သံများကို တွေ့မြင်ခဲ့ရ ကြားခဲ့ရ သည့်အဖြစ်။

"ဒီခရီးကို နွယ်ပဲ လွှတ်တာ ဘွား၊ ကျွန်တော်က လွှတ် ချင်တာ မဟုတ်ဘူး"

ဟု ဖေဖေ ပြောတော့ မေမေ သူ့ကိုကြည့်ရင်း ...

"သားမိုး ... ခေါင်းမူးနေသေးသလားဟင်"

ဟု နှုတ်ခမ်း လက်စမ်းနှင့် ကလေးလေးကို ကြည့် သလို စမ်းကြည့်နေရှာသည်ပါပဲ။

ညှော်ခန်းဆိုဖာထက်မှာ နားနားနေနေ သူ ထိုင်နေ စဉ်ခိုက် အားလုံးက သူ့ကို ဝိုင်းကြည့်ကြ။ စိတ်ပူကြနှင့် ဖြစ်နေ တာကို မြင်နေရသည်မို့ ...

"ရုံသွင်းလို့ ဖြစ်ပြီထင်တယ်နော် ဖေဖေ"

ဟု ရယ်၍ သူပြောတော့ ဖေဖေ ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဟုတ်ဖြစ်ပြီဟော့၊ ဟဲ့ … မိတူး၊ အိမ်မှာ လူကျန်သေးရဲ့လား"

ဟု မေမေမေးတော့ အားလုံး စိတ်လက်ပူနေရသည့်ကြားမှ တစ်ချက် ရယ်ဖြစ်ကြသည်။

ဟုတ်လည်း ဟုတ်သည်လေ။ ဒေါ်ကြီးအိ၊ မိတူးနှင့် လေးလေးမေရော အန်ကယ်ဂျက်ရော ဧည့်ခန်းမှာ မိုးတိုးမတ်တတ်ကြီးတွေနှင့် ဟိုထောင့် သည်ထောင့်မှ ရပ်ကြည့်ကြ။ ဖေဖေမေမေတို့ကြားထဲထိ တိုးဝင်လျက် သူ့ကိုကြည့်ရမှာ ခက်နေကြသည့်အသွင်။ ပြီးတော့ ဘွားတာလည်း ဘေးမှာကပ်ထိုင်နေ၏။

ပြီးတော့။ ခြော် … ပြီးတော့ ထားထားတိုး။ သူမြတ်နိုးရပါသည့် ထားထားတိုးသည်လည်း သူနှင့် မျက်စောင်းထိုးဆိုဖာထက်မှာထိုင်လျက် သူ့ကို ကြည့်နေချေသည်ပဲ။

ဆံကျစ်ရှည်နှစ်ဖက် ကျစ်လျက် ဇာနားကွပ်ဘလောက်ဖားဖားပွပွ အဝါရောင်လေးနှင့် ထားထားတိုး၏ အသွင်လေးက အထက်တန်းကျောင်းသူလေးနှယ် နုနုထွေးထွေး နိုင်လှပါ၏။

ထား၏မျက်ဝန်းများမှာ သူ တွေ့လိုက်ရသည်က စိုးရိမ်ခြင်း။ ဟုတ်သည်။ စိုးရိမ်ခြင်း။

သူ့အတွက် ထားထားတိုး စိတ်ပူတတ်နေခြင်းကို သူ တွေ့မြင် နားလည်ရခိုက် ရင်ထဲတွင် ပထမဆုံးအကြိမ် ကြည်နူးစိတ် ဖြစ်တည်ရပါ၏။ ဟုတ်သည်။ ပထမဆုံးအကြိမ် …။ ဘယ်တုန်းကမှ ထားထားတိုး သူ့အတွက် စိတ်ပူခဲ့တာမျိုးကိုမှ မမြင်ခဲ့ရစဖူးပဲလေ …။



"သားမိုး လေကောင်းလေသန့်ရှူရင်း ခြံထဲဆင်းနေလိုက်ပါလား၊ သမီးထား ဘေးက အဖော်လိုက်ပေးပါကွယ်၊ မိတူး ညည်းကိုကိုလေးအတွက်နဲ့ ထားအတွက် အအေးလုပ်ပေးပြီး ပို့ပေးလိုက်ဦး၊ ဘွားလဲ ဒီမှာ အနားယူပါဦး၊ မိတူး … ဘွားအတွက်လဲ အအေးဖျော် ကြားလား"

ဟု မေမေ ပြောရှာ၏။ စိတ်ထဲ ငြိုးစီစီ ရှိနေတာကို မေမေ ရိပ်မိပုံရ၏။

ဆေးရုံမှာ ဆေးရုံခုတင်ထက်၌ ရှိနေရရင်း ဆေးရုံရှိ အခန်းထဲမှာ နေရရင်းဖြင့် အချိန်တွေ ကုန်ခဲ့ရသမျှ ခြံထဲမှာ သုံ့ဆင်း၍ ခဏလောက်တော့ နေချင်နေတာလည်း အမှန်ပါ။

ဖေဖေကတော့ မေမေ့အတွက် မေမေ သောက်နေကျဆေးနှင့် အအေးဖန်ခွက်လေးကိုကိုင်၍ ဆေးတိုက်ဖို့ ယူလာရှာပါ၏။

"မိတူး ညည်းဘဘကြီးအတွက်လဲ အအေးဖျော်ခဲ့ဦး"

ဟု တစ်ယောက်ပြီး တစ်ယောက်အတွက် တစ်ခါချင်း မှာနေရသည်ကိုက မေမေ စိတ်လှုပ်ရှားလွန်းနေ၍ တစ်လက်စတည်း မမှာဖြစ်ခြင်း၏ သဘောကို ထင်ရှားနေစေသည်ပါပဲ။ သူ ထရပ်တော့ ဘေးမှာ ထားထားတိုး လာရပ်သည်။

သူ ငုံ့ကြည့်တော့ စိုးရိမ်သလိုလေး မော့ကြည့်နေတာမို့ ပြုံးပြရင်း …

"လာ … ထားထားတိုး"

ဟု ပြောကာ ဧည့်ခန်းတွင်းမှ ထွက်၏။ ဘေးမှ ထားထားတိုး လိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြားကြားချင်း ထားဖြင့် အရမ်းကို စိတ်ပူသွားတာ၊ မသေကောင်း မပျောက်ကောင်း ကိုမိုးရယ်"

ခြံထဲရှိ မြက်ခင်းပြင်ကို ဖြတ်အလျှောက်မှာ ထားထားတိုး စတင်ပြောလာတော့ သူ ပြုံး၍ကြည့်သည်။

"စိတ်အရမ်းပူတာပဲလား ထားရယ်"

ဟု မေးလိုက်ချင်သည်။ ဘာပဲဖြစ်ဖြစ်၊ အခိုက်အတန့်လေးမှာတော့ သူ ထားထားတိုး၏ ပူပန်ခြင်းကို ခံယူရင်း ရင်ထဲမှာ ကြည်နူးမိရပါ၏။

ပူပန်ခြင်းကို ကြည့်လျက် ကြည်နူးရခြင်းအတွက် ခွင့်လွှတ်ပါ ထားထားတိုးရယ်၊ တစ်ခါဖူးမျှ ဤသို့ ဂရုတစိုက် ပြုဖော်မရခဲ့သည့် ထားထားတိုး ထံမှ ပူပန်ခြင်းအရိပ်တွေ ပြည့်မိုးနေသည့် အကြည့်များ။

မျက်နှာ နုနုထွေးလေးထက်မှာ ထင်ဟပ်နေသည့် သောကရိပ်များ။ စကားသံလေးများကို သူကြည်နူးစိတ်ဖြင့် ခံယူနေမိလိုက်သည့်အတွက် မတရားဟု ဆိုချေမည်လား ထားထားတိုး။

"ထိုင်ကြရအောင် ထားထားတိုး"

ကုံကော်ပင်အောက်မှ ခုံတန်းပြာထက်မှာ သူ ဦးဆောင်၍ ထိုင်တော့ ဘေးမှာ ထားထားတိုး ထိုင်သည်။

သနပ်ခါး၏ ရနံ့နှင့် နံ့သာနံ့တို့ ထွေးသော လေပြည်ကို သူ ရှူရှိုက်ခံစားမိနေရပါ၏။

သနပ်ခါး အစင်းကြောင်းလေးတွေ ထင်းနေသော ပါးပြင်နုနုကို သူ တစ်ချက် ငုံကြည့်မိသည်။ ရှည်လျားကော့ညွတ်



သော မျက်တောင်လေးတွေ ပင့်မော့ကြည့်နေသည့် အကြည့်နှင့် ဆုံသည်။

"ထား အိပ်မက်တွေ မက်တယ်၊ ကိုမိုးကို မိုးရေတွေထဲမှာ တွေ့ရတယ်လေ၊ ပိတောက်ပန်းတွေနဲ့ လာတာ၊ ဒါပေမဲ့ ထားဆီကို မရောက်ဘူး၊ မှန်တိုင်းထဲ ကိုမိုး လွင့်ပြီးပါသွားတယ်တဲ့"

ဟု ထားပြောတော့ တစ်ချက် သတိလက်လွတ်ကြီး ငေးစိုက်ကြည့်မိသည်။

သူ့ထံမှ ပိတောက်ပန်းများကို ထား မျှော်လင့်နေပါသလား။

"အဲဒီကတည်းက ထား စိတ်ပူနေမိတာ၊ ကိုမိုးများ တစ်ခုခု ဖြစ်မလားလို့လေ"

ဟု ပြောတော့ ခပ်တွေတွေပင် ထားထားတိုးကို ကြည့်မိသည်။

တဖြည်းဖြည်းနှင့် သူ့ မျက်ဝန်းတွေထဲမှာ နူးညံ့ရိပ်တွေ အုပ်မိုးကျလာလျက် ချစ်ကြင်နာစွာပဲ တစ်ငံ့မိုးမိုး ကြည့်မိခြင်းမှ ...

"ထားထားတိုးရယ်"

ဟု ခပ်ညည်းညည်း ခေါ်မိလိုက်ရစဉ်ခိုက်မှာ ...

"ဒွဲ သိရင်လဲ အရမ်းကို စိတ်ပူပြီး ပြေးလာမှာ"

ဟု ပြောလာသည့် စကားကြောင့် ...

"ဒွဲဟာ မင်းရဲ့အတွေးတွေဘိုင်းမှာ မပါဘဲ မနေနိုင်လောက်အောင် မင်းအပေါ်မှာ လွှမ်းမိုးလှချေလား ထားရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးမိလျက် အကြည့်ကို အဝေးဆီသို့ ပြောင်းမိလျက် စောစောက ကြည်နူးလှုပ်ရှားရသည့် ခံစားမှုတွေ လွင့်စဉ်ပျောက်ကွယ်သွားရသည်ပါပဲ။

မိုးရွေ့ပါသော လေနုအေးကတော့ဖြင့် ခပ်ဝေ့ဝေ့ ဖြတ်တိုက်သွားပါ၏။

မကြာမီ မိုးရွာတော့မည်ထင်၏။ သင်္ကြန်မိုးသည် မကြာလင့်မီ ရွာတော့မည်ထင်၏။

"မနက်ဖြန် သင်္ကြန်အကြိုနေ့နော်, ထားထားတိုး"

ဟု သူ ပြောမိကာ ထားထားတိုး ခေါင်းညိတ်သည်။

သင်္ကြန်ကာလမှာ သူ ရန်ကုန်မှာ ရှိမနေဟု မှတ်ထင်ခဲ့ပေမယ့် မေမေ မျှော်နေရှာမှာသိလျက် ... သူပြန်မရောက်မချင်း မေမေ စိတ်ချောက်ချားနေမှာ ... သူ ပြန်မလာတော့ပြီလားဟုတွေးရင်း ငိုကြွေးနေမှာ သိနေမိရပြန်သည်မို့ ... ကဲလောမချက်ချင်းကြီးပဲ သူပြန်ထွက်ခဲ့တာမို့ ဆေးရုံကဆင်းလာတော့ သင်္ကြန်အကြိုရက်မှ ရောက်တော့မည်။ သင်္ကြန်ရက်များကို ရန်ကုန်မှာပဲ ကုန်လွန်စေရတော့မည်ပဲ။

"ရေပက်ခံထွက်ဖို့ ရှိလား ထားထားတိုး၊ မိကြူတို့ ပုကျော့တို့ မိဦးရှည်တို့နဲ့ အတူပေါ့၊ ဖွဲ့နဲ့လေ"

သူမေးတော့ ထားထားတိုး တစ်ချက် စူးခနဲမော့ကြည့်သည်။ လက်တောက်သော အရိပ်လေးတွေ မျက်ဝန်းနက်ထက်မှာ ကြယ်ပွင့်လေးလို လက်ခနဲ ထင်သည်။ ငယ်တုန်းကတည်းက မြင်ရဖူးသော မကျေနပ်ရိပ်ထင်သည့် အကြည့်လက်လက်လေး။ သူ မြတ်နိုးရပါသော အကြည့်လေး။



"ထား ဘယ်တုန်းက လည်ဖူးလို့ လေကုန်ခံ မေးနေတာလဲ ကိုမိုး၊ ခုလို ကိုမိုး ဒဏ်ရာရထားချိန်မျိုးဆို ပိုတောင်မလည်သေးတယ်၊ ငယ်ကြွေးကို ကျေချင်တယ်ဆိုပြီး သူစိမ်းလိုပဲ ပြောပြောနေတာက ကိုမိုးပါ"

အသံတိမ်လေးနှင့် ထားထားတိုး ပြောတော့ သူ့ကိုယ်ကို လှည့်လိုက်ကာ ...

"မိုးက ထားထားတိုးများ အဲသလို လည်ချင်နေမှာလားဆိုပြီး မေးတာပါ ထားရယ်"

ဟု ချော့သလို ပြောမိပေမယ့် သဝန်တိုစိတ်ဖြင့် မေးနေမိခြင်း ဆိုတာကိုတော့ မိမိဘာသာ သိနေရသည့် အဖြစ်။

ထားထားတိုး ခေါင်းလေးမော့၍ သူ့ကို ခပ်စူးစူးကြည့်သည်။

ဖွဲ့ ဆိုသည့် နာမည်ကို ကြားလိုက်ရတာနှင့် သူ့ရင်ထဲမှာ သဝန်တိုစိတ်တွေ ဝင်ဝင်မွှေနေမိတတ်တာ ကာလကြာခဲ့ပြီပဲ။ ခုတော့ ... ဟန်ဆောင်မရချင်နိုင်လောက်အောင် ဝန်တိုစိတ်က ထုထည်နှင့် ကြီးမားလာရသည့် အဖြစ်ကို မိမိဘာသာပဲ သိနေရသည့်အဖြစ်။

ထိုအခိုက် မိတူးမှ အအေးဖန်ခွက်လေးများ ထည့်ထားရာ လင်ပန်းလေးနှင့် ရောက်လာပါ၏။

"ကိုမိုးနဲ့ ပတ်သက်ရင် မိတူးလို ကလေးတောင်မှ စိတ်ပူတတ်တာ သိဖို့ကောင်းတယ်၊ သူ့ခမျာ မျက်ရည်တွေဝဲပြီး ပြေးပြောရှာတာ"

www.burmeseclassic.com

www.burmeseclassic.com



ထားထားတိုး မျက်နှာလေးတင်း၍ ပြောတော့ သူ တစ်ချက် ရယ်မိသည်။

"ဒါဆို လူကြီးဖြစ်တဲ့ ထားထားတိုးက ပိုပြီးပူတာပေါ့၊ ဟုတ်လား ဟင် ... ထား"

ဟု ချစ်စနိုးလေး ငုံ့မိုးမေးတော့ ထားထားတိုး၏ မျက်နှာနုနုသည် ပန်းနုရိပ်ပြေး၏။

ဪ ... အသားတော် ရွှေရည်သွေးမှာ ပန်းနုရိပ်သည် ရိုးရိုးရိပ်ရိပ် ထင်ချေသည်တည်း။

"ရော့ ... အအေးသောက်လိုက်ပါဦး၊ စိတ်ပူပေးတဲ့ ထားကို အအေးခွက်နဲ့ မျက်နှာလုပ်ရတာပါ ထားရယ်"

ဟု ချော့သလို သူပြောတော့ ထားထားတိုး မော့ကြည့်ကာ သူ့လက်တွင်းမှ အအေးခွက်ကို မျက်နှာညိုညိုနှင့် လှမ်းယူသည်။

"စိတ်ပူတဲ့လူကို သနားရမှန်းမသိဘဲ လှောင်ရက်တယ် ကိုမိုးရယ်"

ဟု ဝမ်းနည်းသံလေးနှင့် ထားထားတိုး ပြောတော့ ရင်ထဲတွင် ကြည်နူးရိပ်သည် ချမ်းချမ်းမြေ့မြေ့ တိုးဝင်ချေသည်တည်း။



## အခန်း(၃၁)

နောက်နေ့ ညနေဘက်မှာဖြင့် ဖွဲ့နှင့် ဒေါ်လေး ဒေါ်ခင်သိုက် သီရိမြိုင်သို့ ရောက်လာသည်။

ဒေါ်လေးက အိမ်မှာ ကိုယ်ခွဲလက်ခွဲရှိတာ မဟုတ်၍ ဘယ်တုန်းကမှ အိမ်ကိုထားရစ်ခဲ့ကာ ဟိုဟိုသည်သည်သွားတာမျိုးမရှိ။

ဈေးဝယ်သွားချိန် စောစောဘက် ဆိုလျှင်လည်း ဖွဲ့က အိမ်စောင့်။

နောက်တော့ ဖွဲ့က တက္ကစီဆွဲ။ ဒေါ်လေးက မုန့်ဟင်းခါးရောင်း။ ဆိုင်သိမ်းချိန် ညနေပိုင်းကျတော့လည်း ရေမိုးချိုး။ ဘုရားဆောင်ဝင်။ ညစာစား။ အနားယူ။ ပုတီးစိပ်နှင့်မို့ သီရိမြိုင်ကိုပင် အလည်အပတ်သဘောမျိုး ရောက်ခဲ့ရဖူးတာမဟုတ်။

နေ့ကြီးရက်ကြီးဆိုလည်း သူပဲ ဒေါ်လေးကို သွားကန်တော့ဖြစ်ခဲ့တာ။

သီရိမြိုင်သို့ ရောက်နိုင်သည်က ဖွဲ့နှင့် ထားထားတိုး။ ...တော့ ဘွား။ ဒေါ်လေးကတော့ မရောက်ဖြစ်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



မေမေသာ တစ်ခါ တစ်ခါ ဒေါ်လေးလက်ရာ မုန့်ဟင်းခါးဆိုင်လေးရှိရာ တစ်ဖက်လမ်းသို့ ကားလေးနှင့်ရောက်တတ်၊ မုန့်ဟင်းခါး စားတတ်ပါ၏။

… ယနေ့တော့ ဒေါ်လေးခမျာ သူ၏သေကောင်ပေါင်းလဲ သတင်းကို သိရတာမို့ထင့် မျက်နှာပျက်ပျက်နှင့် ဖွဲ့နှင့်အတူ ရောက်လာရှာပါ၏။

"ဒေါ်လေးဖြင့်ကွယ် ဒီနေ့ညနေမှ သိရတာ၊ ထားက ဖွဲ့ကို မနက်ကတည်းက လာပြောပြတာတဲ့၊ ဒေါ်လေး စိတ်ပူမှာ စိုးလို့ ဖွဲ့မပြောပြဘူးလေ၊ ညနေကျမှ ဒေါ်လေးကို ပြောလဲပြောပြ၊ ဒေါ်လေးကို လိုက်လဲပို့ပေးတာ"

ဟုပြောတော့ သူ ပြုံး၍ …

"ဖွဲ့ မနက်က ဝင်သွားသေးတယ်၊ သက်သာနေကောင်းနေတာ ဖွဲ့ သိသားပဲ၊ အလကား စိတ်ပူပြီး လိုက်လာတယ် ဒေါ်လေးရယ်၊ ဆိုင်သိမ်းပြီး နားချိန်မှာ နားနေရောပေါ့ဗျာ"

ဟု သူပြောနိုက် ဆေးမှာ ဒေါ်လေး ဝင်ထိုင်။ သူ့နဖူးမှ အမာရွတ်ကို စုတ်တသပ်သပ်နှင့် ကြည့်ရင်း …

"ရုပ်ကလေး ချောနေတဲ့ဥစ္စာ၊ ဒီအမာရွတ်လေးကြောင့် အလှပျက်ရတယ် ကလေး"

ဟု ပြောတော့ သူရယ်၍ …

"လက်မဝက်လောက်ပါ ဒေါ်လေးရာ၊ နောက်တော့လဲ အသားကျက်၊ အမာရွတ်ပျောက်သင့်သလောက် ပျောက်မှာပါ၊ ယောက်ျားလေးပဲဗျာ၊ လှဖို့အရေးမကြီးပါဘူး"



ဟုပြောတော့ မေမေ သက်ပြင်းရှိုက်၍ ဒေါ်လေးကို ကြည့်သည်။

"အဲဒါသာကြည့်တော့ ခင်ရယ်၊ ပြောလိုက်ရင် ပေါ့တန်တန်ချည်းပဲ၊ ခေါင်းမှာလဲ ဒဏ်ရာနဲ့၊ နှယ်ဖြင့် အဖြစ်ကို သိရချင်းချင်း ရင်ကိုထိတ်ရော"

"ဖွဲ့ကတော့ ပြောပါတယ်၊ မေမေ စိတ်ပူမှာစိုးလို့ မနက်ဘက် အရင်ဝင်ကြည့်ပြီးမှ ညနေမှ ပြောမြတာပါတဲ့လေ၊ ကောင်းနေပါတယ်တဲ့လေ၊ ဒါပေမဲ့ ဘယ်နေနိုင်ပါ့မလဲ နှယ်ရယ်၊ ဒီကလေးကို သားလိုပဲ ချစ်ရတဲ့ဥစ္စာ၊ လာကြည့်မှဖြစ်မှာပေါ့၊ ပြီးတော့ … ခင်စိတ်ပူမှာစိုးလို့များ ကောင်းနေပါပြီလို့ ဖွဲ့လိမ်သလားလို့လဲ မသင်္ကာချင်တာလဲ ပါတယ် နှယ်ရဲ့"

"ကြားတယ် မဟုတ်လား မိုး၊ မေမေတို့ သည်းသည်းလှုပ်နေတာ၊ မင်းကတော့ကွာ … ဒေါ်လေးနှယ်ကလဲချစ်၊ မေမေကလဲချစ်၊ အားလုံးကဝိုင်းချစ်နဲ့ တော်တော်ကြီးကိုကံကောင်းတဲ့ကောင်"

မှာ ပြောတော့ သူပြုံး၍ ဖွဲ့လက်မောင်းကို ထုသည်။

မင်းကို ထားထားတိုးက ပိုပြီးခင်တွယ်တာ၊ သံယောဇဉ်ကြီးတာကို မေ့ထားလိုက်ပြီလား ဖွဲ့ရာဟု ရင်ထဲမှာ တွေးဖြစ်သော်လည်း ဖွင့်ပြော၍ရသော စကားမှ မဟုတ်ချေဘဲလေ။

"ဘာပဲဖြစ်ဖြစ်ပါ၊ ခုလို မိုးလေး နေမကောင်းဖြစ်မှ ခင်လဲ သိရှိမြိုင်ကို ရောက်ဖြစ်တော့တာ၊ နည်းတဲ့နှစ်လား ရှင်းနီးခဲ့တာ၊ ခင်ကဖြင့် တစ်ခေါက်တောင် ရောက်ခဲ့တာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ပြည့်စုံတဲ့ဘဝမှ မဟုတ်တာ နွယ်ရယ်၊ ရှန်းရကန်ရ ပင်ပန်းရနဲ့ မဟုတ်လား၊ မိုးနဲ့ ဖွဲ့တို့၊ ထားတို့ ကလေးချင်းရင်းနှီးရင်း ကျောင်းတက်ရင်းနဲ့ လူကြီးချင်း ရင်းခဲ့ကြရပေမယ့် နှစ်တွေလဲကြာ၊ ဆွေမျိုးတွေလိုပဲ သံယောဇဉ်ဖြစ်ကြရတာကိုး"

ဟု ပြောပြီးမှ သက်ပြင်းရှိုက်လျက် ...

"စိတ်ကခင်ပေမယ့် လူက အလည်ရောက်ဖို့ဆိုတာ အချိန်ဆင်းရဲတာကိုး နွယ်ရယ်"

ဟု ပြောရှာသည်။

"ခွဲ သီရိမြိုင်ကို ရောက်တဲ့အခါ ကိုကိုနဲ့တိုးရင် သားသူငယ်ချင်းဆိုပြီး ခင်ရှာမေးရှာပါတယ်၊ မှုဆိုးမသားဆိုပြီး သိရတော့ မင်းအမေနေကောင်းရဲ့လား၊ ဂရုစိုက်ဆိုပြီးတော့ပေါ့ လူချင်းသာ ကိုကို့မှာ မမြင်ဖူးတာ၊ သားရဲ့သူငယ်ချင်း ဖွဲ့ရဲ့မေမေဆိုတော့ ကလေးရဲ့မေမေ နာမည်က ဘာတဲ့ ... နေကောင်းရဲ့လား စသဖြင့် မေးတာမျိုး၊ နောက်ပိုင်း ... တိုးတဲ့အခါတိုင်း မင်းရဲ့အမေ နေကောင်းရဲ့လား၊ လုပ်ငန်းကိုင်ငန်း အဆင်ပြေရဲ့လားနဲ့ မေးတတ်တာ ... တွေ့ ... ကတော့ ကိုကိုနဲ့ ဖွဲ့တို့ နည်းကြပါတယ် ခင်ရယ်၊ ဖွဲ့က ... သီရိမြိုင်ကို မကြာ မကြာ ရောက်ဖို့ဆိုတာက အလ ... မဟုတ်လား၊ ကိုကိုကလဲ သူ့လုပ်ငန်းတွေနဲ့ အိမ်ပြန် ... ဆိုတာ ညနေပိုင်း မှောင်စပျိုးမှ ဖြစ်တတ်တာက ခပ် ... များ"



ဟု မေမေ ပြောရှာ၏။

"ဖွဲ့ကိုတော့ ကိုကို ချစ်ပုံရပါတယ်၊ ကောင်လေးက ဘဝကို ရုန်းကန်ပြီး နာမည်နဲ့လိုက်အောင် ဖွဲ့ကြီး မာနကြီးမယ့်ပုံမျိုးလို့ ပြောတတ်တယ်"

ဟုဆက်ပြောသည်။

"ဖွဲ့ကလဲ ပြောပြပါတယ် နွယ်ရယ်၊ သီရိမြိုင်က သူ့ကို သံယောဇဉ်ကြီးကြတယ် ဆိုတဲ့အကြောင်း ဒီအိမ်က မိုးလေးရဲ့ဖေဖေဆိုတာ အကူအညီလိုရင် ပြောဆိုပြီးတော့တောင် ပြောတာတဲ့"

"ကိုကိုက လူတိုင်းကိုတော့ အဲသလို မခင်ဘူး၊ ဖွဲ့ကိုကျတော့ လိမ္မာတာကို သဘောကျပုံလဲ ရတယ်လေ"

ဟု မေမေနှင့် ဒေါ်လေးတို့ စကားကောင်းနေချိန်မှာ ဖွဲ့ကတော့ မျက်စပစ်လျက် ...

"ခုမှ သီရိမြိုင်ကို ရောက်ဖူးလို့ ပြောနေလိုက်ကြတဲ့ စကားတွေ၊ မင်းနဲ့ ငါ ဝင်ပြောဖို့ အချိန်တောင် မရလိုက်ဘူးကွ"

ဟု ရယ်မောပြောတော့ သူ ရယ်မိပါ၏။

မိတူးမှ အအေးခွက်နှင့် ရောက်လာတာမို့ ...

"အအေးသောက်လိုက်ပါဦး"

ဟု မေမေ ပြောခိုက်မှာ ဒေါ်လေးပြုံး၍ ယူသောက်သည်။ သူ့အခန်း ခုတင်ထက်မှာ ဖွဲ့ထိုင်နေသည်။ စာကြည့်စားပွဲဘေးမှ ကုလားထိုင်မှာ မေမေနှင့် ဒေါ်လေးတို့ ထိုင်နေကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် သူ့အခန်းတံခါးဝမှာ ဖေဖေ ရောက်လာသည်။ ကားသံကိုပင် မကြားလိုက်မိကြဘဲ စကားကောင်းနေကြတာမို့ မေမေ ကမန်းကတန်းလေး ထ၍ ...

"ဟော ... ကိုကိုတောင် ပြန်လာပြီ၊ ဒီနေ့ နည်းနည်းစောတယ်နော်၊ ဒီမှာ မိုးလေးကို လာကြည့်တာလေ၊ ဖွဲ့ရဲ့မေမေ မခင်သိုက် ဆိုတာပေါ့ ကိုကို၊ ခုမှပဲ သိရိုမြိုင်ကို ခင်ရောက်တော့တယ်"

ဟု မေမေ ပြောပြခိုက် ဖေဖေ၏ အကြည့်တွေက ဒေါ်လေးထံပါးမှ ကြက်သေ သေကြီး ကျရောက်လျက် ရှိနေပါပြီ။

ဒေါ်လေးကို သူ ကြည့်လိုက်တော့လည်း မှင်တက်ခြင်းမက မှင်တက်စွာ။ ထိခိုက်ခြင်းမက စိတ်ထိခိုက်စွာဖြင့် မျက်တောင်ခတ်ရန်ပင် မေ့လျော့စွာ ငေးကြည့်နေမိသည့်အဖြစ်။

မထင်မှတ်စွာ တွေ့ကြရသည့် လူနှစ်ဦး၏ အသွင်အပြင်ကတော့ ဘေးလူတွေ ရိပ်စားမိနိုင်သည့် အဆင့်ထိ ထင်းထင်းပပကြီး ပေါ်လွင်နေသည်။

"မ ... မ ... မသက်ပန်"

ဖေဖေ့နှုတ်မှ အက်အက်ကွဲကွဲ ခေါ်သံ ပေါ်လာ၏။ အသံက ဆို့ဆို့နင့်နင့် နိုင်သည်။

"ကျွန် ... ကျွန်မ ပြန်မယ် ... ပြန်တော့မယ်၊ သား ... ဖွဲ့ မေမေတို့ ပြန်ကြရအောင်"

မျက်နှာတွင် သွေးရောင်ဖျော့လျက် ဖွဲ့၏လက်ကို ဒေါ်လေးဆွဲခိုက် သူ့ရော မေမေရော နားမလည်နိုင်စွာ ဖေဖေနှင့် ဒေါ်လေးကို တစ်လှည့်စီ ကြည့်နေမိကြရသည်ပါပဲ။



ဖွဲ့ခမျာ ပို၍ဆိုးသည်။

ဒေါ်လေး ထွက်သွားမည်ပြုသည့် တံခါးဝမှ ဖေဖေ မဖယ်ရှား။

တည်ငြိမ်သည့် အသွင်ဘက်ကို ဖေဖေ့ ဟန်မူရာများက ကူးပြောင်းလာခဲ့ပြီ။

အရာရာကို အလျှော့ပေးမည့်ဟန်မျိုးလည်း မရှိ။

"မင်း ဒီလိုပဲ ဒီကလေးရဲ့လက်ကိုဆွဲပြီး သိရိုမြိုင်က ထွက်သွားလို့ ဘယ်ရမလဲ မသက်ပန်၊ အစ်ကိုလေး သိချင်တာတွေ အားလုံးသိမှ ... သိပြီးမှ မင်း ဒီအိမ်က ငါ့မျက်စိရှေ့က ထွက်ခွာခွင့် ရမယ်ဆိုတာ နားလည်ထားစမ်းပါ၊ အစ်ကိုလေး အကြောင်းကို အရင်ကတည်းက မင်း သိထားပြီးသားပါ၊ ဘယ်လောက် ပြတ်သားခေါင်းမာတတ်တယ် ဆိုတာလေ၊ ကဲ ... လာခဲ့"

ဘယ်သူ့ကိုမှ ဂရုမစိုက်စွာဘဲ ဖေဖေမှ ဒေါ်လေး၏ လက်ကို ပိုင်နိုင်စွာ ဆွဲယူ၍ ခေါ်သွားတော့ ဘာကိုမှ နားမလည်နိုင်စွာ။

ပြီးတော့ ဘာလုပ်ရမှန်းလဲ မသိစွာပဲ အခန်းတွင်းဝယ် လူသားသုံးဦးတို့ ကျန်ခဲ့သည်။

မေမေ ...။ ဖွဲ့နှင့် ... သူ။ သုံးယောက်။ ဘာကိုမျှ နားမလည်နိုင်စွာ။ ရှုပ်ထွေးနေသော အံ့ဩမှင်တက်နေသော။ မထင်မှတ် မမျှော်လင့်ထားသော ခံစားမှုများစွာဖြင့် ကျန်ရစ်ခဲ့ကြရခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးသည် ရှန်းကန်နိုင်ဖို့ ကြိုးစားပေမယ့် မအောင်မြင်နိုင်စွာဘဲ ဖေဖေ့၏ ခေါင်းအောင်ရာနောက်သို့ မျက်ရည်ဝဲလျက် ပါသွားသည်။

တစ်ခုတော့ သူ နားလည်နေမိ၏။

ဒေါ်လေးကို ဖေဖေ ခေါ်လိုက်သည်က မသက်ပန်။

ပြီးတော့ ... ဖေဖေသည် မိမိကိုယ်ကို အစ်ကိုလေးဆိုသည့်စကားကို သုံးခဲ့သည်။ ဒေါ်လေးနှင့် ဖေဖေ ယခင်တုန်းက သိခဲ့ကြဖူးသည်။

ဒေါ်လေး၏ အမည်သည်လည်း ယခုလို ဒေါ်ခင်သိုက် မဟုတ်။ မသက်ပန် ဆိုသည့် အမည်။

မေမေ့ကို သူကြည့်တော့ တစ်ခုခုကို ခပ်တွေတွေစဉ်းစားနေသည့် အသွင်ကို မြင်နေရပြီ။

စောစောက မြင်တွေ့ခဲ့ရသည့် အံ့သြမှင်တက်ခြင်းများနေရာတွင် တစ်ခုခုကို တွေးတောစိုးရိမ်နေသည့် အရိပ်များကူးပြောင်းလာနေသည်သို့ သူ ထင်သည်။ မေမေ၏ မျက်ဝန်းတွေထဲမှာ တုန်လှုပ်ချောက်ချားရိပ်ကို သူ တွေ့မြင်လာနေရပါပြီ။

ဖွဲကတော့ ဘာဆိုဘာမျှ တွေး၍ မရနိုင်သူတစ်ယောက်နှယ် သူ့ခုတင်ထက်မှာ ထိုင်ချလိုက်ပါ၏။ ခေါင်းကို ခပ်ကြမ်းကြမ်းပင် ဖွဲမှ လက်ချောင်းတွေနှင့် ထိုးဖွပစ်လိုက်ရင်း ...

"နားမလည်တော့ဘူးကွာ"

ဟု တစ်ယောက်တည်း ညည်းသလို ညည်းနေသည်။

သူ ချက်ချင်းပင် ခုတင်ထက်မှ ထခဲ့ပါ၏။



သူ ဖေဖေနှင့် ဒေါ်လေးတို့ စာကြည့်ခန်းထဲမှာ ရှိနေကြချေလိမ့်မည်ဟု ထင်သည်လေ။

အဖြစ်မှန်တစ်ခု 'အဖြေမှန်တစ်ခုကို သိဖို့ လိုအပ်နေသူ တစ်ယောက်သည် ထိုအဖြေမှန် ရနိုင်မည့်နေရာကို ... ရနိုင်မည့်နည်းလမ်းကို ရှာဖွေရမည်ပေါ့။

၄

❤ ❤ ❤

www.burmeseclassic.com



## အခန်း(၃၂)

"အစ်ကိုလေး မန္တလေးတက္ကသိုလ်က ပြန်ရောက်လာတော့ မသက်ပန် အိမ်မှာရှိမနေတော့ဘူး၊ မင်းကို မေမေတို့ ငွေခြောက်သောင်းပေးပြီး အိမ်ကထွက်သွားဖို့ ပြောတော့ မင်းလက်ခံမယ်လို့ ဖြေခဲ့သံတွေကို အသံသွင်း၊ ငွေယူတာကို ဓာတ်ပုံရိုက်ယူထားပြီး ပြတာတွေကို ငါကြားခဲ့ကြည့်ခဲ့ရတယ်၊ မင်း အဲသလောက် ငွေမက်လိမ့်မယ်လို့ မထင်မိခဲ့တဲ့ ငါ့မှာ မင်းကို ချစ်မြတ်နိုးမိခဲ့ရသမျှ အရှုံးကြီးလိုပဲ ခံစားခဲ့ရတယ် မသက်ပန်၊ မင်းဟာ ငါ့အိမ်မှာ အိမ်ဖော်ဆိုပေမယ့် မင်းကို ငါတန်ဖိုးထားပြီး မြတ်မြတ်နိုးနိုးချစ်တာ မင်းနားလည်မယ်လို့ ထင်ခဲ့မိသမျှ တန်ဖိုးပြန်ထားလိမ့်မယ်လို့ ယုံကြည်ထားသမျှတွေ အားလုံးဟာ ရှက်စရာအဖြစ်နဲ့ ဓာတ်သိမ်းသွားခဲ့ရတယ်၊ ပိုပြီးခံစားရတာက မင်းမှာရှိတဲ့ရှိနေတဲ့ ငါ့ရင်သွေးပဲ၊ အဲဒီအတွက် ငါ ပိုခံစားရတယ်၊ မင်းကို ငါ ဘယ်ထိချစ်ရသလဲ ဟင် … မသက်ပန် မင်းကို ငါ့မိဘမသိအောင် တရားရုံးမှာ ငါလက်ထပ်ထား



ခဲ့တာပါ၊ မေမေ သဘောမတူနိုင်ဘူးဆိုတာ သိလို့ လက်ထပ်ထားခဲ့ပြီးသားပါ"

ဖေဖေ့ အသံတွေ ဆို့နင့်လှိုက်ခါနေသလို ဒေါ်လေး၏ ရှိုက်သံတွေကလည်း လွင့်လွင့်ပျံ့ပျံ့။ ဖေဖေသည် အဘယ်အရာကိုမျှ ဂရုစိုက်ဖို့၊ ဆင်ခြင်ဖို့ အာရုံစိုက်နိုင်ဟန်မတူ။

သိလိုသမျှ ခံစားရသမျှတွေကို သိရှိမြင်မှာပင် လှို့ဝှက်လိုခြင်းကင်းစွာ ဒေါ်လေးကို ပြောဆိုနေသည့် အဖြစ်ဟု တံခါးချပ်ခြားလျက် နားထောင်ရင်းမှ သူ နားလည်နေမိရပါ၏။

"အခု မင်းနဲ့ပါသွားတဲ့ ငါ့ကလေးဟာ ဖွဲလား၊ ငါသိချင်တယ် မသက်ပန်၊ မင်းအပေါ်မှာ ရိုးစင်းစွာ မြတ်မြတ်နိုးနိုးချစ်တဲ့ ငါ့အချစ်၊ မင်းကို လက်ထပ်ခဲ့တဲ့ လူအဖြစ်နဲ့ ဒီမေးခွန်းကို ငါမေးပိုင်ခွင့်ရှိတယ်၊ အဲဒါကို ငါသိမှဖြစ်မယ် မသက်ပန်"

ဖေဖေ့အသံက အရမ်းကို ပြတ်သားနေသည်။

"ကျွန်မ ရှင်းပြပါရစေ အစ်ကိုလေးရယ်၊ အစ်ကိုလေး မန္တလေးတက္ကသိုလ်ကို ကျောင်းပြန်တက်ဖို့ သွားလိုက်ပြီး တစ်ပတ်အကြာမှာ မေမေကြီးက မသက်ပန်ကို ခေါ်တယ်၊ အစ်ကိုလေးနဲ့ သဘောမတူတာကိုလဲ ရှင်းရှင်းပဲပြောတယ်၊ သားကို တားမရနိုင်တာသိလို့ ကြည့်နေလိုက်ရတာလို့လဲ ပြောတယ်၊ မသိဟန်ဆောင်ပြီး အစ်ကိုလေး မရှိတော့မှ မသက်ပန်ကို တောင်ကြီးက မြရိပ်ငြိမ်မှာ အေးနေခွင့် မပေးနိုင်တော့တာ ပြောပါတယ်"

www.burmeseclassic.com



ဒေါ်လေး၏ အသံက ရှိုက်သံထွေးထွေးဖြင့်ပါ။

"အစ်ကိုလေးကို ပညာတတ်၊ လူချမ်းသာ၊ သိပေါ်သူ မိန်းကလေးတစ်ယောက်နဲ့ နေရာချထားပေးချင်တာ ပြောပါတယ်၊ အစ်ကိုလေး ကောင်းစားဖို့ မသက်ပန်က နောက်ဆုတ်ပေးမှ ချစ်ရာရောက်မှာပေါ့လို့လဲ ချော့မော့ ဖျောင်းဖျ နားချပါတယ်၊ ရွှေထည်လက်ဝတ်ရတနာတချို့နဲ့ ငွေခြောက်သောင်းကိုလဲ ပေးမယ်လို့ ပြောပါတယ် အစ်ကိုလေး"

သူ ရင်ထဲမှာ မောဟိုက်ကျဉ်းကျပ်လာ၏။ အရာရာကို သူ နားလည်လာနေရပြီ။

ဖေဖေနှင့် ဒေါ်လေးတို့၏ အတိတ်မှ အဖြစ်ကို တဖြည်းဖြည်း သဘောပေါက်လာနေရပြီ။

အခန်းတွင်းဝယ် ဖေဖေနှင့် ဒေါ်လေးတို့ မျက်ရည်များ ဝေနေသော မျက်ဝန်းများဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်နေကြပြီထင့်။ အခန်းတံခါးရွက်ကို သူ မဖွင့်ရဲ။ မြင်ကွင်းကိုလည်း မကြည့်ရက်။

မေမေ့ကို သူ ချက်ချင်း သတိရနေမိသည်။ မေမေ သိလျှင်။ ဤအဖြစ်များကို မေမေသိလျှင်။

ဖေဖေကတော့ မေမေ သိသွားမှာကိုလည်း သတိရ စိုးရိမ်နိုင်ဟန်မတူ။

ဖေဖေ့ကို ညှို့ငင်ထားသော အရာတစ်ခု ရှိသည်လေ။ ရင်သွေးဟူသော အရာ။



"ငွေတွေကိုရော၊ ရွှေလက်ဝတ်ရတနာကိုရော၊ မသက်ပန် မလိုချင်တာ အမှန်ပါ အစ်ကိုလေးရယ်၊ ဒါပေမဲ့ မသက်ပန်ရဲ့ ရင်သွေးလေးအတွက် ရှေ့ရေးကလဲ ရှိတာမို့ မျက်စိမှိတ် ဖွတ်နှစ်ယူခဲ့ရတာပါ၊ နောက်တော့ တောင်ကြီးကနေ ရန်ကုန်ထိ ဖာတ်မြုပ်ခဲ့၊ အဲဒီငွေတွေ ပစ္စည်းတွေ ထုခွဲပြီး အခုနေတဲ့ နေရာလေးကို ဝယ်ခဲ့၊ လုပ်ကိုင်စားခဲ့တာပါ၊ ဒီလို လုပ်ခဲ့ရတာတွေဟာ အစ်ကိုလေး ချမ်းသာတဲ့မိန်းကလေးတစ်ယောက်၊ ပညာတတ်တစ်ယောက်နဲ့ ဂုဏ်ရှိရှိ လက်ထပ်ဖြစ်နိုင်အောင်ပါရှင်၊ အစေခံရဲ့ခင်ပွန်းသည်အဖြစ် လူပုံအလယ်မှာ ရှိရမှာကို ချစ်ဖောနဲ့ မဆင်ခြင်မိပေမယ့် မေမေကြီး နားချဖျောင်းဖျမှ အစ်ကိုလေးကို ရှောင်ထွက်ပေးခြင်းဟာ ချစ်ရာရောက်ပါလားလို့နားလည်လာရတာမို့ လုပ်ခဲ့ရတာပါ၊ ဘဝပုံရိုက်ပြီး ငွေယူတဲ့ပုံကအစ လုပ်တာကိုလဲ အစ်ကိုလေး စိတ်နာအောင် မသက်ပန် မတားခဲ့၊ အရိုက်ခံပေးခဲ့တာပါ"

ဟု ပြောခိုက် တက်ခေါက်သံသည် ပေါ်လာ၏။ ဖေဖေ အရမ်းကို စိတ်ထိခိုက်လျက် ယူကျုံးမရဖြစ်လျက် ရှိနေရချေပြီဟု သူ နားလည်မိရပါ၏။

"ဘာလို့ အဲသလို လုပ်ခဲ့ရတာလဲ မသက်ပန်၊ ဟင် ... တကယ့်ကို အစ်ကိုလေး မင်းကို စိတ်နာခဲ့မိတာ၊ ခုတော့ လွန်ကုန်ပြီကော ဟင် ..."

မအိမချင့် ပြောနေသည့် ဖေဖေ့စကားသံများကို သူ ဆက်လက်နားထောင်နိုင်စွမ်း မရှိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေးလဲဘွဲ့ရ၊ နှယ်နဲ့ လက်ထပ်ဖြစ်ပြီးတဲ့နောက်မှာ ရန်ကုန်မှာ အခြေလာချတာ၊ စီးပွားရေးကို ဖောက်ချနှစ်ပြီး လုပ်ငန်းကြီး လုပ်ချင်ရင် ရန်ကုန်ဟာ အကောင်းဆုံးမဟုတ်လား၊ နှယ်ကလဲ သဘောတူတယ်၊ နှစ်ဖက်မိဘကလဲ သဘောတူတယ်၊ ငွေကြေးဘက်ကလဲ အခက်အခဲမရှိတော့ အစ်ကိုလေး တကယ့်ကို လုပ်ငန်းကြီးတွေကို လုပ်ကိုင်လာနိုင်ခဲ့တာ အမှန်ပဲ မသက်ပန်၊ မင်းနဲ့လက်ထပ်ပြီးရင် ငွေကြေးစုဆောင်းပြီး လုပ်ကိုင်ဖို့ တွေးခဲ့သမျှတွေဟာ နှယ်နဲ့ လက်ထပ်ဖြစ်ပြီး အစ်ကိုလေး လုပ်ကိုင်ဖြစ်ခဲ့တယ် မသက်ပန်"

ဟု ဖေဖေ ပြောနေသံသည် ဆွေးဆွေးမြည့်မြည့်နိုင်၏။

ကြေကြေကွဲကွဲ နိုင်နေ၏။

"ဖွဲ့ပြောပြတတ်တဲ့ ဦးကောင်းပြည့် ဆိုတာ အစ်ကိုလေးမှန်း မသက်ပန် မသိခဲ့ရပါဘူး၊ ဟိုမှာတုန်းက အစ်ကိုလေးနာမည်က လှိုင်ပြည့် မဟုတ်လား"

"ဘာထူးလို့လဲ မသက်ပန်၊ မင်းလဲ မခင်သိုက် ဖြစ်နေတာပဲ၊ ငါ့နာမည်ကို ကောင်းပြည့် ဆိုပြီးတော့ ပြောင်းပစ်ခဲ့တာကိုက မင်းကို စိတ်နာလွန်းလို့ပဲ၊ နှယ်နဲ့လက်ထပ်ပြီး ဘဝသစ် လူသစ် တည်မည်လို့ ဆုံးဖြတ်ခဲ့တာ"

"မသက်ပန်ကတော့ ဇာတ်မြှုပ်ခဲ့တာပါ အစ်ကိုလေးရယ်၊ နာမည်ကအစ ပြောင်းခဲ့ရတာ အစ်ကိုလေးကို မုန်းစိတ်နဲ့ မဟုတ်ရပါဘူး၊ မူလဇာတ်ကို မြှုပ်ပစ်ချင်လို့ပါရှင် ..."



သူ့သက်ပြင်းရှိုက်ကာ နေရာမှခွာဖို့ ပြင်ခိုက်မှာ ... ဖေဖေ့ မေးခွန်းတစ်ခုကြောင့် ခွာမရဖြစ်ရပါပြီ။ ဖေဖေနှင့်ဒေါ်လေးတို့၏ အဖြစ်ကို ကြားရက်နိုင်စွမ်း မရှိတော့တာမို့ နေရာမှခွာဖို့ ပြင်ခိုက်မှာ သူ့ကို လှမ်းဆွဲထားလိုက်သလို မေးချလိုက်သည့် ဖေဖေ့မေးခွန်းကြောင့် ခြေအစုံက မရွေ့မလျား။

"ဖွဲ့ဟာ ငါ့သားလား မသက်ပန်၊ အစ်ကိုလေးရဲ့ သားလား ... ဟင်၊ ဖြေစမ်းပါ မသက်ပန်ရယ်"

သူ့တစ်ကိုယ်လုံးရှိ သွေးကြောတွေ ဆိုင်းကုန်ပြီ။

ကြားရမည့် အဖြေအတွက်လည်း ရင်ထဲမှာ ကြိုတင်သိနေရသည်ပါပဲလေ။

ဒေါ်လေးသည်သစ္စာရှိသော မိန်းမသားတစ်ယောက်။ မုဆိုးမဟူသော အမည်ကို ခံယူထားသည်ကိုက အိမ်ထောင်မထူချင်၍ ဆိုတာ သူ ယခုနားလည်နေမိရသည်ပဲ။

ဖွဲ့သည် ... ဖွဲ့သည် မည်သူ့ဖြစ်ချေမည်ဆိုတာ သူနားလည်နေမိရပါပြီ။

"ဟုတ်ပါတယ် အစ်ကိုလေးရယ်၊ ဖွဲ့ဟာ အစ်ကိုလေးရဲ့သားပါ၊ မသက်ပန် အစ်ကိုလေးကလွဲလို့ ဘယ်သူ့ကိုမှ လက်မထပ်ခဲ့ပါဘူးရှင်"

ဟု ငိုကြွေးသံဖြင့် ဖြေသံကို သူ ကြားရသည့်နောက်မှာ၊ နေရာမှ သူ ချာခနဲ လှည့်ထွက်ခဲ့ကာ အပြေးတစ်ပိုင်းဝင် အောက်ထပ်သို့ လှေကားထစ်တွေ ကျော်လွှားလျက် ဆင်းလာမိခဲ့ရပါပြီ။

အရာရာကို သူ သိခဲ့ရပါပြီတည်း။

www.burmeseclassic.com



ဤအဖြစ်တွေကို အဘယ်အင်အားဖြင့် မေမေ့ကို သူ အသိပေး၍ ဖြစ်ပါချေမည်တဲ့လဲ။

မေမေသည်ရော ဘာကြောင့် ဖေဖေနှင့် ဒေါ်လေး နောက်သို့ သူ့လို သိလိုခြင်းကြီးစွာဖြင့် နောက်ပါးမှ လိုက်မလာခဲ့ရပါသလဲ၊ ဘာကြောင့် နားမထောင်ခဲ့ရပါသလဲ။

မေမေသည် ရရှိလာမည့် အဖြေ။ ကြားလိုက်ရမည့် စကားများအတွက် ကြိုတင် တွက်ဆမိနိုင်ခဲ့လေသည်မို့ နားထောင်နိုင်ရဲခြင်း မရှိတာမို့ လိုက်မလာခဲ့ခြင်းများလေလား။

ယခု ဤအဖြစ်ကို သူ သိခဲ့ရပြီ။

မေမေ့ကို သူ ပြောရမည်တဲ့လား။ ပြောပြလိုက်ရမည်တဲ့လား။

သူ မပြောရက်။ ဖေဖေကိုယ်တိုင်ပဲ မေမေ့ကိုဖွင့်ပြောပြလိုက်ပါစေတော့ဟု တွေးဖြစ်လျက် ခြံထဲတိုင်အောင် သူ တောက်လျှောက် ထွက်ခဲ့မိရပါပြီ။

သိရိုမြို့မှာ မွေးစားသားအဖြစ် ရှိရပါသည့် သူ့ရိုင်မြို့တွင်းမှာဖြင့် ဖေဖေ၏ သားအရင်းတစ်ယောက် ရောက်လာချေဦးတော့မည်။ ဖေဖေ၏ မေတ္တာများကို ရရှိချေဦးတော့မည်။

ထိုသူသည် ဖွဲ့။

သူ့ဘဝမှာ ယခင်ကတည်းက အလိုလို အလျှင်ဦးစွာ နေရာယူထားတတ်သည့် ဖွဲ့။

လူ့ဘဝသို့လည်း ဖေဖေ၏ သားအဖြစ် ဦးစွာနေရာယူလာခဲ့သည့် ဖွဲ့သည် ထားထားတိုးထံမှ သံယောဇဉ်ကိုလည်း သူ့ထက်ပို၍ လွှမ်းမိုးရယူခဲ့သည်ပဲ။



ဖွဲ့နှင့်ပတ်သက်လျှင် သူသည် အမြဲနောက်ဘက်မှာ ကျန်ရစ်ခဲ့ရတတ်စွာ ရပ်တည်နေခဲ့ရသည်တည့်။

သူ မွေးစားသားဖြစ်ကြောင်း ဖေဖေသိသွားလျှင်။ တစ်နည်းနည်းဖြင့် သိသွားလျှင် ဖေဖေ့မေတ္တာများသည် ဖွဲ့ ကစ်ဦးတည်းထံ၌သာ ပြိုကျစီးဆင်းချေမည်။

ဖေဖေအရင်း၊ မေမေအရင်းအဖြစ် ငယ်ကတည်းက ရင်ခွင်ဝယ် တိုးဝှေ့ရင်း ချွဲနွဲ့ ပူဆာဆိုးနွဲ့ရင်းဖြင့် ကြီးပြင်းခဲ့၊ မိဘမေတ္တာကို ပိုင်ဆိုင်ခဲ့ရပါသည့် ဘဝသည် တိုတောင်းသောလတ်တလော ကာလအတွင်းမှာပဲ လက်လွှတ်ဆုံးရှုံးလိုက်ရချေမည်တဲ့လား။

မိဘအဖြစ် သူချစ်ရပါသော အချစ်သည်လည်း ရင်ထဲမှာ ယနေ့တိုင် မပြောင်းလဲနိုင်စွာပဲ အာကိုးစွာ မခွဲနိုင်စွာ အရမ်းကို ချစ်နေမိရပါသော အချစ်များသည် ဘယ်လိုပြောင်းလဲနိုင်စွမ်းမှ မရှိ။

သူ့ဘက်က ဖေဖေနှင့် မေမေ့အပေါ် ချစ်ရလေသမျှတို့သည် ချောင်ထိုးခံရသော အပယ်ခံသားအဖြစ်ဖြင့် ခံယူရင်း အဆုံးသတ်ခံလိုက်ရချေတော့မည်လား။

သူ့ရင်တွေ ပေါက်ကွဲကုန်ပြီ ထင်သည်။ နှလုံးအိမ်တွေ ဖြန်းခနဲ ပွင့်ထွက်လာသည့်နှယ် ခံစားနေရသည်။

သူ ... တောက်လျှောက်ကြီး လျှောက်လာနေမိရာမှ သရဖီပင်အောက်သို့ ရောက်တော့ ပင်ပန်းစွာပဲ ခြေကုန်လက်ပန်းကျသူလို ပင်စည်ကို ကျောမှီထိုင်ချလိုက်မိပါ၏။ ခေါင်းကို ပင်စည်မှာ မှီထားသည်။ မျက်စိကို စုံမှိတ်ချထားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတွေ တဆစ်ဆစ်ကိုက်နေသည်။

ဤအဖြစ်တွေကို မေမေ သိလျှင် ...။

မေမေ မည်သို့ခံစားရှာချေမည်မသိ။

မေမေ့ကို သူ သနားနေမိရပါ၏။

မနက်ကတည်းက မေမေ မျက်နှာမကောင်းဘဲ ရှိနေတာ။ ဖေဖေ မျက်နှာမကောင်းဘဲ ကုမ္ပဏီကို သွားခဲ့တာ တစ်နေ့လုံးလည်း မေမေ တစ်ခုခုကို ကျိတ်မျို ထိခိုက်ခံစားနေ ဟန်ရှိတာ။ သူမေးတော့လည်း မဖြေခဲ့ဘဲ ဟန်ဆောင်၍ ရယ်မော လျက် ဘာမှမဖြစ်ပါဘူး သားမိုးရယ်ဟု ဖြေခဲ့တာတွေကို အမှတ် ထင်ထင် ပြန်အမှတ်ရမိပြန်၏။ မေမေနှင့် ဖေဖေ တစ်ခုခု ဖြစ် ထားခဲ့ဟန် တူသည်ပဲ။ ရင်ထဲတွင် မောနေမိရပါသည့်အဖြစ်

❤ ❤ ❤



## အခန်း(၃၃)

"နွယ့်ကို ... ကိုကို အဖြစ်မှန်တွေ အားလုံး ဖွင့်ပြောပြပြီး ပြီပဲ၊ ဖွဲ့ဟာ ဘယ်သူလဲဆိုတာ နွယ်သိပြီးပြီ၊ မသက်ပန်နဲ့ ကိုကိုတို့ရဲ့ ဇာတ်လမ်းက ဆုံးခန်းတိုင်ခဲ့ပြီးပြီ၊ နွယ့်အပေါ် မှာ ကိုကို သစ္စာမပျက်ဘူး၊ အချစ်မပျက်ဘူး၊ နွယ့်ကို ကိုကို ချစ်မြတ်နိုးနေမြဲပဲ၊ ဒါပြောင်းလဲဖို့ မရှိဘူး၊ ဒါပေမဲ့ ဖွဲ့ကိစ္စက ရှိနေတယ်လေ၊ ဖွဲ့ဟာ ကိုကို့သား၊ ဖွဲ့နဲ့ပတ်သက် ပြီး ကိုကို့မှာ တာဝန်ရှိတယ်၊ မွေးလာကတည်းက အဖေ ရယ်လို့ မသိခဲ့ရ မရှိခဲ့ရ မေတ္တာကို မရခဲ့ရရှာတဲ့ ဖွဲ့နဲ့ပတ် သက်လို့ ကိုကို ရင်ထဲမှာ မချိတာအမှန်ပဲ"

ဖေဖေနှင့် မေမေ့ကို အိပ်ရာမဝင်မီ ကန်တော့ပြီးမှ ဖေဖေနှင့် မေမေ့ အခန်းသို့ လျှောက်လှမ်းလာစ ခြေလှမ်းသည် ခမ်းဆီးစ ကွယ်ထားသော တံခါးဝမှာ တန့်ရပ်၏။ ညစာကို ဆိုမြိုင်၏ ထမင်းစားခန်းမှာ သူတို့သားအမိ သားအဖ သုံးယောက် ပျော်ပျော် စားဖြစ်ခဲ့ကြပေမယ့် အတွေးကိုယ်စီ နစ်နေကြတာမို့ သားသည် ဆိတ်ခဲ့သည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ညကျတော့ သူ့ဖေဖေနှင့် မေမေ့ကို ကန်တော့ပြီး အိပ်နေကျမို့ ခါတိုင်းညများထက် နောက်ကျစွာ သူရောက်လာ ဖြစ်ခဲ့ခြင်းပါ။

သူတစ်ယောက်တည်း လသာဆောင်မှာ ကြာမြင့် စွာ စီးကရက်တစ်ဘူးနှင့် အချိန်ကုန်သွားခဲ့သည်ပဲ။ သူရောက် လာတော့ဟု ဖေဖေနှင့် မေမေ ထင်လိမ့်မည်။

အချိန်ကလည်း ညဉ့်ဆယ့်တစ်နာရီနား ကပ်နေ ပဲလေ။

"မိုးလေးရဲ့ သွေးအုပ်စုနဲ့ ကိုကိုတို့ နှစ်ယောက်ရဲ့ သွေး အုပ်စု မတူတာမို့ မနေ့ညကမှ နွယ့်ကို ကိုကိုဖွင့်မေး တာပဲ၊ အဖြစ်မှန်ကို ရိုးရိုးစင်းစင်း ပြောပြစေချင်တယ် နွယ့်ကို ကိုကိုယုံကြည်တယ်လို့လဲပြောခဲ့တာပဲ၊ နွယ် ကို ကို အမှန်အတိုင်း ပြောခဲ့တုန်းက ကိုကို ဘာပြောခဲ့ နွယ်၊ မျိုးဆက်သွေးကို လိုချင်လွန်းတဲ့ ကိုကို့ဆန္ဒ ပြည့် အောင် လုပ်ပေးတာမို့ ဘယ်မှာ ကိုကို အပြစ်ပြောခဲ့လို့ မိုးလေးဟာ ကိုကိုတို့ သားပါပဲ နွယ်ရယ်လို့ပဲ ပြောခဲ့ မဟုတ်လား"

ဖေဖေ ပြောနေသမျှ နားထောင်ရင်း ရင်ထဲမှာ "ဖေဖေ သိသွားပြီ၊ ငါ ဖေဖေ့သားအရင်း မဟုတ် တာ ဖေဖေ သိသွားခဲ့ပြီးပြီ"

ဟု တွေးနေမိရလျက် ရင်ထဲမှာ ဆို့ကျပ်နေ မို့ ခြေလှမ်းကိုရွှေ့၍ တံခါးနှင့်ကပ်လျက် နံရံကို ဖေးမှီလို သည်ပါပဲ။



သူ ချောက်ချားကြောက်ရွံ့ခဲ့ရသော အဖြစ်သည် သူ့ကို ဖြတ်ကျော်သွားခဲ့ပြီပဲ။ သူ၏နှလုံးသား၊ သူ၏ဘဝ။ အား လုံးကို နင်းဖြတ်၍ ကျော်လွန်ခဲ့ပြီ။ စူးရှနက်ရှိုင်းသော ဆူးခက် များနှင့် အတိပြီးသော ဖိနပ်ကြမ်းကြမ်းကြီးဖြင့် ဖြတ်ကျော်သွား သည့်နှယ် သူ့နှလုံးအိမ်သည် သွေးစိမ်းရှင်ရှင် စီးကျနေရသည့် အဖြစ်ပါတကား။

သိရိမြိုင်အိမ်ကြီးတွင် သူသည် ဘာမျှမဟုတ်တော့ သည့် အသေးအမွှားလေးနှယ် သိမ်ကျုံ့သွားရသည့် ခံစားရမှုသည် အားငယ်ချောက်ချားခြင်းဖြင့် ရင်ကိုဖိစီး၏။

"ဒါပေမဲ့ ကိုကိုရယ် … ရတနာမိုးရဲ့ မန်နေဂျင်းဒါရိုက်တာ နေရာကို ဖွဲ့နဲ့ပြောင်းပြီး ထားလိုက်မယ် ဆိုတာကို နွယ် ဘယ့်နှယ်လုပ်ပြီး ဝမ်းမနည်းဘဲ နေပါ့မလဲ၊ မိုးလေးဟာ နွယ့်သားပါ၊ ကိုကို့သားပါ၊ ဖွဲ့ကို မန်နေဂျင်းဒါရိုက်တာ ပေးချင်တာကလဲ ကိုကို့သွေးသားရင်းမို့ ဆိုတာ နွယ်နား လည်ပါတယ်၊ ဒါပေမဲ့ မိုးလေးကို ထည့်မတွက်တော့ဘူး လား ကိုကို၊ ခုလို ဒီအဖြစ်မှန်တွေကို ကိုကို သိသွားပြီးပြီ ဆိုတာ သူ မသိရှာသေးပေမယ့် သူ့ကို မန်နေဂျင်းဒါရိုက်တာ နေရာက ဆင်းခိုင်းပြီး ဖွဲ့ကို နေရာပေးမယ်၊ မိုးလေးကိုတော့ လျှပ်စစ်ပစ္စည်းစက်ရုံမှာ မန်နေဂျာ လုပ်ခိုင်းမယ်၊ အဲဒီမှာလဲ ဖွဲ့က စက်ရုံရဲ့ဥက္ကဋ္ဌနေရာကို ရစေမယ်ဆိုတော့ နွယ် … နွယ် … တားပါရစေ ကိုကို၊ သားမိုးရဲ့ နှလုံးအိမ်ကို ကြေကွဲစေမယ့် အဖြစ်မို့ တားပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ ငိုကြွေးသံကြောင့် သူ့နှလုံးအိမ်သည် ပွင့်ထွက်လာတော့မတတ် နာကျင်နေရပါပြီ။

ပြောင်းလဲသွားပြီလား မေမေရယ် ... ဟု မေမေ့ကို မပြောရက်တော့ပါ။

သားအရင်းနှင့် သူ့စိမ်းမွေးစားသား၏ပွဲလေ၊ မေမေ ဆုံးဖြတ်တာ မှန်ချေသည်ပဲဟု မေမေ့ဘက်မှ တွေးပေးမိနေရပေမယ့် မျက်ရည်တွေကတော့ အသံတိတ် ဖြာကျနေရပါပြီ။ နှလုံးအိမ်ဆိုသည်မှာ နာကျင်လွန်းလာလျှင် ကြေကွဲလွန်းလာလျှင် မျက်ရည်ကို တားဆီးနိုင်စွမ်း ရှိချေသည်မှ မဟုတ်ချေပဲလေ။

ဦးနှောက်မှ ပေးလာသည့် ဖြေသိမ့်မှုကို နှလုံးအိမ်က လက်ခံနိုင်ဖို့ ကြိုးစားနေရင်းဖြင့်ပင် မျက်ရည်တို့က တားမနိုင်ဆီးမရ ပြိုကျလာတတ်ချေသည်ပဲ။

"မေမေ ငါ့ကို မချစ်တော့ပါလား၊ ဖွဲ့နဲ့ယှဉ်လိုက်ရင် ငါဟာ မေမေ့အတွက် အနှောင့်အယှက်ပေးဖို့ ကြိုးစားနေတဲ့ သတ္တဝါတစ်ကောင် ဖြစ်မှန်းမသိ ဖြစ်လာနေပါလား"

ဟု တွေးနေမိလျက် နံရံကို အားကိုးမှီထားရပါ၏။

"ကိုကို့ရင်သွေးဖြစ်တဲ့ ဖွဲ့ကို သားတစ်ယောက်လို နွယ်က မချစ်နိုင်လို့ ဒီလိုပြောတာလား နွယ်"

ရုတ်ခြည်း တင်းမာမလို ဖြစ်လာသည့် စကားကြောင့် သူ မေမေ့အတွက် စိတ်ပူသွားရပါပြီ သားဇောနှင့် မေမေ့အသံ ပြတ်ပြတ်တောင်းတောင်း နိုင်လာချေသည်ပဲ။



"မဟုတ်ဘူး၊ ဖွဲ့ကို နွယ် သားလိုချစ်ပါတယ်၊ ဒါပေမဲ့ မိုးလေးကို သူစိမ်းတစ်ယောက်လို မထားနိုင်၊ မခံစားနိုင်ဘူး ကိုကို၊ မိုးလေးဟာ နွယ့်သား"

မေမေ့ အသံကလည်း သားဇောနှင့် နောက်ဆုတ်ပေးနိုင်တော့သည့် လေငွေ့များဖြင့် ပြည့်နေ၏။

အခန်းတွင်းမှာ ဘာတွေဖြစ်နေပြီလဲ။ ဖေဖေနှင့် မေမေတို့ တစ်ယောက်ကို တစ်ယောက် စူးစူးဝါးဝါး ကြည့်နေကြချေပြီလား။

သူ့ကြောင့် ဖေဖေနှင့် မေမေတို့ကြားမှာ မပြေလည်မှုတွေ ဖြစ်လာကြ၊ စိတ်ဝမ်းကွဲလာကြရချေတော့မည်တဲ့လား။

"ဟုတ်ပါပြီလေ၊ ကိုကိုကလဲ မိုးလေးကို မန်နေဂျာနေရာ ပေးထားတာပဲ၊ သူ့လက်အောက်မှာ ကိုကို့သား ဖွဲ့ကလုပ်ပေးရမှာလား နွယ် ... ဟင်"

"မိုးလေးကို ဒီလိုပြောတာမျိုး နွယ် မခံနိုင်တာပါ ကိုကို၊ ဖွဲ့ဟာလဲ ကိုကို့သားပဲ၊ မိုးလေးဟာလဲ ကိုကို့သား၊ ဒီနှစ်ယောက်ကို ချိန်ခွင်ညှာ အလေးအပေါ့ မညီတာမျိုးကို နွယ် ... နွယ် ရင်ထဲမှာ ကြေကွဲလွန်းလို့ပါ ကိုကိုရယ်"

ဟု ပြောရင်း မေမေ ငိုရှာပြီ။ မေမေ့ ငိုကြွေးသံသည် သူ့နှလုံးအိမ်ဆီသို့ ကြီးမားသော တူကြီးများနှင့် ထုနက်နေသည့်နှယ် နှလုံးအိမ်ကို နှိပ်စက်ကြချေ၏။

"ငါ့အတွက် မေမေ ငိုနေရပြီ၊ ငါ့ကို ချစ်လွန်းတဲ့ မေမေ ငိုနေရပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကြေကြေကွဲကွဲ တွေးနေမိရင်းမှ ဖေဖေနှင့်ဝေး လွန်းသည့် နေရာကို ဖွဲ့သည် တွန်းပို့ဝေးကွာနေစေပြီးပဲဟု နား လည်နေမိရသည့်အဖြစ်။

"ဟင်း ... မငိုပါနဲ့ နွယ်ရယ်၊ ခုကိစ္စက မသက်ပန်လဲ မသိရသေးပါဘူး၊ ဖွဲ့လဲ မသိရသေးပါဘူး၊ ကိုကိုတွေးမိ တာကို နွယ့်ကို ပထမ တိုင်ပင်တာမျိုးပါ နွယ်၊ ဖွဲ့ခများ ခုထိ ကိုကိုဟာ သူ့ဖေဖေ ဆိုတာတောင်မှ မသိရသေးရှာ ပါဘူး၊ စာကြည့်ခန်းမှာ မသက်ပန် တောင်းပန်လွန်းလို့ ကိုကိုလေ ဖွဲ့ကို သားဆိုပြီး ပြေးတွေ့ချင်ပေမယ့် ထိန်း ထားခဲ့ရပါတယ်၊ မသက်ပန်က ဒီအဖြစ်ကို နွယ် သိပြီး နွယ်ကျေနပ်မှ ကလေးကို ဖွင့်ပြောပါဆိုပြီး တောင်းပန် ထားတာ"

ဟု ဖေဖေ ပြော၏။ ဖေဖေပြောသည့် အသံတွေထဲ မှာ ကြင်နာချော့မော့ ဖျောင်းဖျရိပ်တွေ ပြည့်သိပ်ပါလာနေ၏။

"ဖွင့်ပြောပါ ကိုကို၊ ဖွဲ့ဟာ သူ့အဖေရင်းကို သိသင့်ပါ တယ်၊ ဖခင်ရဲ့ မေတ္တာကိုလဲ ပွင့်ပွင့်လင်းလင်း ခံယူထိုက် ပါတယ်၊ မိုးလေး အပေါ်မှာ ကိုကို စိမ်းချင်တာကို နွယ် တားချင်တာ တစ်ခုပဲ ရှိတာပါ ကိုကိုရယ်"

ဟု မေမေ ငိုရှိုက်သံဖြင့် ပြောရှာ၏။

"မနေ့ညကတည်းက ကိုကိုနဲ့ နွယ်တို့ရဲ့ သွေးအုပ်စုနဲ့ မတူတဲ့ မိုးလေးရဲ့သွေးကိစ္စကို ကိုကို ဖွင့်ပေးလာကတည်း က ဒီလိုဖြစ်သွားမှာကို နွယ် စိုးရိမ်ခဲ့တာပါ၊ ခုလို သား အရင်း ဖွဲ့ဆိုတာ ရှိလာတော့ ... မျိုးဆက်သွေးကို ... စီးပွားရေး



လုပ်ကိုင်တတ်တဲ့ လုပ်ငန်းရှင်ကြီးအဖြစ် ကိုကို့ခြေရာနင်း နိုင်သူကို လိုချင်လွန်းလှတဲ့ ကိုကို့ဆန္ဒတွေကြောင့် ဖွဲ့အပေါ် မှာ လုပ်ငန်းတွေပို့ပြီး လွှဲအပ်လုပ်ပိုင်ခွင့်တွေ ပိုပေးပြီး၊ ပြောင်းလဲမှုတွေ၊ ဖွဲ့နဲ့ ‘မိုးလေးတို့ ကြားမှာ လုပ်ငန်းနဲ့ ပတ်သက်ပြီး ဖြစ်လာတော့မှာ နွယ်စိုးရိမ်ခဲ့တယ်၊ တကယ် လဲ ခုဖြစ်လာပြီပဲ"

ဟု မေမေ ပြောပြီး ရှိုက်သံများ ပွင့်ထွက်လာရှာ သည်။

"တကယ်တော့ နွယ်ဟာ ကိုကိုလိုချင်တဲ့ ရင်သွေးလေး တစ်ယောက်ကို မွေးဖွားပေးနိုင်စွမ်း မရှိတော့တဲ့ မိန်းမတစ် ယောက်ပါ ကိုကို။ မသက်ပန်နဲ့ ကိုကိုတို့ရဲ့သား ဖွဲ့ရှိလာ တဲ့အခါ နွယ့်လို ကိုကို့အလိုလားဆုံးဆန္ဒဖြစ်တဲ့ မျိုးဆက် သွေးကို မပေးနိုင်စွမ်းခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ စကား ဟာ အရာမထင်တော့ဘူး ဆိုရင်လဲ ကိုကို့သဘောပါ၊ နွယ် ကိုကို့ကို ဘယ်အထိချစ်တယ်၊ အားကိုးတယ်၊ မြတ်နိုးယုံကြည်တယ်ဆိုတာ ကိုကို သိပါတယ်"

အားငယ်စကားကို ကြေကွဲခြင်းဖြင့် မေမေ ဆိုချေ ပြီတကား။

သူ မေမေ၏ ရှိုက်သံများကို မကြားရက်နိုင်တော့ ပါ။

ဖေဖေ၏ မျှော်လင့်ခြင်းများကို ကန့်လန့်ခံနေသည့် အဖြစ်ကိုလည်း မိမိဘာသာ သိနေရခြင်းအတွက် ဖြေဆည်နိုင်စွမ်း ရှိ။

www.burmeseclassic.com

www.burmeseclassic.com



"မိုးလေးကို နှယ်တို့ရဲ့ဘဝထဲ နှယ်ခေါ်လာတာပါ ကိုကို၊ သူ အတင်းလာခဲ့တာ မဟုတ်ပါဘူး၊ အဖေ အမေ ဆိုတာကိုလဲ မိုးလေးကို ယုံကြည်စေခဲ့၊ ချစ်စေခဲ့၊ ရိုသေစေခဲ့တာလဲ နှယ်ပယောဂပါ၊ ခုမှ မိုးလေးဟာ အပယ်ခံသား ဖြစ်သွားရတော့မှာတဲ့လား၊ သူ့မှာ ဘာအပြစ်ရှိလို့လဲ ကိုကို... ဟင် ...၊ နှယ်တို့ ပြုသမျှ သူ ... ခံဖို့ လူလာဖြစ်ရမှာတဲ့လား"

မေမေ ပြောလည်းပြော။ အရမ်းကိုလည်း ငိုကြွေးနတော့ ဖေဖေ ချော့မော့သံ တိုးတိုးဖြင့် ဖျောင်းဖျနှစ်သိမ့်နိုင်ဖို့ ကြိုးစားစဉ်ခိုက်မှာ ...

သူ ပွင့်ထွက်ကျလာတော့မည့် ရှိုက်သံကို ထိန်းရင်းငှ် နှုတ်ခမ်းကို ဖိကိုက်ကာ ခြေလှမ်းကျဲကြီးများဖြင့် နေရာမှ ၊ုက်ခွာခဲ့မိရပါချေပြီတည်း။

❤ ❤ ❤



## အခန်း(၃၄)

"ဟယ် ... ကိုမိုး၊ ကားမောင်းလာတယ် ဟုတ်လား၊ ဘယ်သွားမလို့လဲ၊ ဆေးရုံက ဆင်းလာတာဖြင့် မကြာသေးဘဲနဲ့"

သိရိမြိုင်မှ မောင်းနေကျ စုပါရွှတ်ဖ် ကားဖြူလေးကို မောင်းထွက်လာခဲ့ကာ မြအေးရိပ်သို့ မောင်းဝင်လာတော့ ပန်းခြံလေးထဲမှာ ပန်းညှပ်ကတ်ကြေးလေးနှင့် ပန်းခြင်းလေး လက်တံတောင်မှာ ချိတ်ထားရင်း ပန်းခူးနေသည့် ထားထားတိုး အံ့သြဟန်လေးဖြင့် မေးရှာ၏။

သူ ကားပေါ်မှ ဆင်းသည်။ ဆံကျစ်ရှည်လေးနှစ်စက် ကျစ်လျက် နံနက်ဦးမှာ သနပ်ခါးအစင်းကြားလေးများ ထင်နေအောင် ပါးကွက်လေး ကွက်ထားသည့် ထားထားတိုး၏ မျက်နှာဝင်းဝင်းလေးကို တစ်ချက် သူ ငုံမိုးကြည့်မိသည်။

ရင်ထဲမှာ နာကျင်နေတာတွေ။ ကြေကွဲနေတာတွေ၊ ပြင်းနေခြင်းတွေ။ ဆုံးရှုံးရမှုတွေနှင့် အောင်မြင်လိုခြင်းတွေသည် ရောမွှေလျက် မုန်တိုင်းနယ် ရှိနေရပါသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် သူ၏ဆုံးဖြတ်ချက်က ပို၍ပြတ်သားလာသည်။

ဒါကြောင့်လည်း ထားထားတိုး၏ ဖူးဖူးစင်စင် မျက်နှာနုနုလေးကို တည်ငြိမ်စွာ ငုံ့မိုးကြည့်ရင်းမှ …

"မိုး … ဆေးတစ်မျိုး သွားဝယ်ရမှာ၊ စိတ်ထဲလဲ ကြည်ကြည်လင်လင်ဖြစ်အောင် အပြောင်းအလဲပေါ့ ထားရယ်၊ ကားနဲ့ ကိုယ်တိုင်ပဲ ထွက်ဝယ်မလို့ မေမေ့ကိုလဲ ပြောခဲ့ပြီးပြီ၊ ဒါပေမဲ့ ခေါင်းထဲမှာ မူးနောက်နောက် ဖြစ်လာရင် မိုးကိုယ်စား ထား မောင်းပေးနိုင်အောင် လာခေါ်တာ၊ လေးလေးဖေကလဲ ဖေဖေ့ကားကို ကားမောင်းပို့နေရတာ"

ဟု တစ်လက်စတည်း ပြောတော့ ထားထားတိုး ပုံကြည့်သွားရှာသည်ပါပဲ။

"ဒါဆို ခဏစောင့်၊ ဘွားကို သွားပြောရဦးမယ်၊ ခဏနော်၊ တကယ်ဆို လေးလေးဖေနဲ့ သွားအဝယ်ခိုင်းဖို့ ကောင်းတာ"

ဟု ထားထားတိုး ပြောပြီး ပန်းခြင်းလေးနှင့် အိမ်ထဲဝင်သွားတော့ ပန်းခြံထဲမှာပဲ သူရပ်စောင့်ဖြစ်၏။ ဘွားကို ဘွားတွေ့ရမှာ ရင်ထဲမှာ လိပ်ပြာမသန့်။ ဘာပဲဖြစ်ဖြစ် ဘွားအပေါ်ကတော့ သူ ရိုးစင်းသန့်စင်ချင်သည်။

လိပ်ညာခြင်းကို မပြောရက်၊ မပြောချင်။

စောင့်သေးသည်။ ဘွား ထွက်မလိုက်လာဘဲ ထားထားတိုး တစ်ယောက်တည်းပဲ ပြန်ထွက်လာသည်။

"ဘွားက ပုတီးစိပ်နေတာ၊ ထားဝင်ပြီး ခွင့်တောင်းခဲ့တယ်၊ ဘွားက ပြောတယ်၊ ထားပဲ မောင်းပို့လိုက်တဲ့"



ထားထားတိုး ပြောတော့ သူ ခေါင်းယမ်းသည်။ ပြုံး၍ ကြည့်မိလျက် …

"မိုး မောင်းနိုင်ပါတယ်၊ အဖော်လဲရအောင် ပြီးတော့ စကားပြောဖော်လဲရအောင်၊ နောက် မူးနောက်နောက်များ ဖြစ်လာခဲ့ရင် မောင်းပေးနိုင်အောင် ထားကို ဝင်အကူအညီတောင်းတာပါ၊ ခုလို အဖော်လိုက်ပေးတာ ကျေးဇူးတင်တယ် ထားထားတိုး"

ဟု ပြောပြီး ကားတွင်းသို့ သူဝင်တော့ ထားထားတိုး ဘေးဘက်မှာ တံခါးဖွင့် ဝင်ထိုင်သည်။ ဦးစွာ ရှူရှိုက်မိသည်က သနပ်ခါးရနံ့။

သကြိန်အကျနေ့မို့ သူ ထားထားတိုးကို တစ်ချက်ငဲ့ကြည့်ရင်း …

"ကားမှန်တင်ထားဦး ထားထားတိုး၊ ဆေးက မိုးရဲ့အသိဆရာဝန်အိမ်မှာပဲ သွားယူရမှာ"

ဟု ပြောတော့ ထားထားတိုး ကားတံခါးကို မှန်တင်သည်။

ကားလေးမောင်းထွက်လာတော့ ထားထားတိုး သူ့ကိုငဲ့ကြည့်ရင်းမှ …

"ခေါင်းထဲမှာ ဘယ်လိုနေသေးလဲဟင်၊ ခဏ ခဏ မူးတာမျိုး ရှိလား"

သူ ခေါင်းယမ်းပြသည်။ စကားတစ်ခွန်းမျှ ထပ်မပြောဖြစ်ဘဲ ကားကို တောက်လျှောက် မောင်းထွက်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သကြိန်ရက်မို့ မဏ္ဍပ်တွေမှာဖြင့် ရေပက်ကစားကြ၊ ပျော်ကြတာတွေကို ကားမှန်တွင်းမှ ထားထားတိုး ငေးကြည့်ရင်း လိုက်ပါလာသည်။

"ဆေးကို ပို့ယူထားတာ မဟုတ်ဘူး ကိုမိုးကလဲ၊ ကြည့်ပါဦး၊ ခုလို သွားယူရတော့ အဖော်မပါရင် လမ်းမှာမူး နောက်နေရင် ဘယ့်နှယ်လုပ်မလဲ"

ထားထားတိုး ပြောတော့ သူ ပြန်မဖြေမိ။ နောက်မှ…

"အခု ထားပါနေတာပဲ ထားရယ်"

ဟု တစ်ချက် ဖြေမိလိုက်ရသည်။ ကားကိုတောက်လျှောက် သူ မောင်းနေဆဲ။

တဖြည်းဖြည်း ထားထားတိုး ဘေးဘီကို ကြည့်သည်။ ကားက မြို့ပြင်ဘက် ထွက်လာနေပြီ။

"ဆရာဝန်အိမ်က ဘယ်မှာလဲ ကိုမိုးရဲ့၊ မြို့ပြင်ရောက်နေပြီ"

ထားထားတိုး မေးတော့ သူ ပြန်မဖြေ။ အံ့ခဲထားရင်းမှ ရှေ့ကိုပဲ မဲကြည့်လျက် အရှိန်မြင့် မောင်းနေတော့ ထားထားတိုး သူ့ကို မျက်မှောင်တွန့်ကြည့်သည်။

"ငြိးစီစီ နိုင်လွန်းလို့ တစ်ချက် မြို့ပြင်ဘက် မောင်းတာပါ ထားထားတိုးရယ်၊ ခဏပါ မြို့ထဲမှာ လူရှုပ် ကားရှုပ်နဲ့ စိတ်ရှုပ်ရလွန်းလို့ပါ၊ ပြီးတော့ မိုး ပြောစရာတွေ အများကြီး ရှိနေတယ်၊ ထားကို ပြောဖြစ်မယ်၊ ဘယ်ကစပြောရမှန်းလဲ မသိဘူး ထား"

သူ့အသံတွေက အက်အက်ကွဲကွဲ။ တစ်ဆို့နေသော လည်ချောင်းထဲဆီမှ ဆို့နင့်နင့် ဝေဒနာက ဆိုးရွားသည်။



"မဟုတ်တာပဲ ကိုမိုးရယ်၊ ပြောစရာရှိ အိမ်မှာပြောပေါ့၊ ရတာပဲ ဥစ္စာ၊ ခုကျတော့ ဆေးဝယ်မှာဆို၊ ဆရာဝန်ကြီးအိမ်မှာ သွားယူမှာဆို၊ ဒါကြောင့် ထားလိုက်လာတာ"

သူ ထားထားတိုးကို ငဲ့ကြည့်သည်။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ဝဲနေပြီ။

သူ့မျက်ရည်တွေကို မြင်တော့ ထားထားတိုး အံ့သြသွားဟန်တူသည်။ နားမလည်နိုင်သလိုလည်း ခပ်ငေးငေးကြည့်သည်။ တစ်ခုခုကို အရမ်းထိခိုက် ခံစားနေရခြင်းဟု ထားထားတိုး နားလည်သွားပုံရ၏။

ရန်မတွေ့ဘဲ ဘေးမှငြိမ်၍ လိုက်လာသည်။

ကားက အရမ်းကို မောင်းနေဆဲမို့ ကြာကြာလည်း မနေနိုင်ရှာ။ ထားထားတိုး သူ့ကိုပြန်၍ မျက်မှောင်တွန့်ကြည့်လာပြန်၏။

"ဘာလို့ ဒီလောက်ထိ မောင်းနေရတာလဲ ကိုမိုး၊ ကားက အရမ်းကို မြို့နဲ့ဝေးလာပြီ၊ ပြန်လှည့်တော့"

သူ ခေါင်းခါသည်။

"မလှည့်ဘူး ထားထားတိုး၊ တောက်လျှောက် မောင်းနေတာ၊ မိုး ထားကို ခိုးပြေးလာတာ၊ အိမ်မှာလဲ အဲသလို စာရေးထားခဲ့တယ်"

သူ ပြတ်သားစွာ ပြောတော့ ထားထားတိုး သူ့လက်မောင်းကို ဆွဲထုလျက် …

"ဘာလုပ်ကာလဲ မိုး၊ ထားကို အဲသလို အကြမ်းမဖက်နဲ့ မရဘူး၊ ကားရပ်ပေး အခုရပ်ပေး"

www.burmeseclassic.com

www.burmeseclassic.com



အော်ပြောနေပေမယ့် သူ ကားကိုမရပ်။ အရှိန်ကို မြှင့်၍မောင်းသည်။

"ဘာသဘောလဲ ကိုမိုး၊ ထားကို ခုလိုခိုးပြေးနေတာ ဘာသဘောလဲ"

နားမလည်နိုင်စွာ၊ ပြီးတော့ ဒေါသဖြစ်စွာမေးနေသည့် ထားထားတိုးကို သူ ငုံ့ကြည့်၏။ ရီဝေနေသော မျက်ဝန်းများတွင် နာကြည်းရိပ် ထင်၏။ နာကြည်းပြုံးကိုလည်း နာနာကျင်ကျင်ပင် သူ ပြုံးသည်။

"ဘာလို့လဲ သိလား၊ အရာရာကို ဆုံးရှုံးရတဲ့ လူတစ်ယောက်ဟာ သူ့သိပ်ချစ်တဲ့ ချစ်ခြင်းတစ်ခုကိုတော့ အဆုံးရှုံးမခံနိုင်တော့ဘူး၊ မခံနိုင်ဘူး၊ အရာရာကို မိုး ဆုံးရှုံးပြီ ထားရဲ့ ဆုံးရှုံးခဲ့ရပြီးပြီ"

သူ့အသံမှာ နာကြည်းခြင်းတွေ ပါနေသည်။ မျက်ရည်များက မျက်ဝန်းအိမ်မှာ ဝိုင်းနေသည်။ ဒါပေမဲ့ အံခဲလျက် မျက်ရည်ကို ထိန်းထားဆဲ။ သူ့အသွင်က ကျားနာတစ်ကောင်နှင့် ပိုတူနေသည်။ မာန်ဖီနေသောကျားနှင့် တူနေသည်။

အရာရာကို ဆုံးရှုံးနေရသည့် လူတစ်ယောက်၏ နာကျင်နေသော မျက်နှာ။

"မိုးကိုချစ်တဲ့ ဖေဖေ့ရဲ့ အချစ်ကိုလဲ မိုး ဆုံးရှုံးရပြီ၊ ဆုံးရှုံးလိုက်ရတဲ့ အချစ်က နီးနီးကပ်ကပ်မှာ ရှိနေတဲ့ လူတစ်ယောက်ဆီကို ချက်ချင်း ပြောင်းသွားတယ် ထား၊ အဲဒါကို မိုးက ကွဲကြေနေတဲ့ရင် ... အားငယ်နေတဲ့ ခံစားမှု၊ သိမ်ငယ်



နေတဲ့ အဖြစ်တွေနဲ့ ဘာမှဝင်ပြောပိုင်ခွင့် မရှိစွာဘဲ ကြည့်နေရတယ်"

သူ စတင်၍ ရယ်သည်။ ရယ်မောနေခြင်းနှင့်မတူဘဲ ငိုကြွေးနေခြင်းနှင့်တူသည့် ရယ်မောမှု။ အသံက တုန်အက်အက်နိုင်သည်။ မျက်ရည်များက ပါးပြင်ပေါ်သို့ ပြိုကျလာနေသည်။ ယောကျ်ားသားတစ်ယောက်၏ အသံမဲ့သော၊ ရှိုက်သံမဲ့သော မျက်ရည်များ ပြိုကျနေခြင်းကို ထားထားတိုးသည် တုန်လှုပ်စွာ ကြည့်နေမိသည်။ ရင်ထဲမှာ သနားစိတ် ဖြစ်တည်ပေမယ့် လောလောဆယ်မှာ ရင်ဆိုင်နေရသည့်အဖြစ်ကြောင့် တုန်လှုပ်နေမိရဆဲ။

"ဘုရား ... ဘုရား ... ကိုမိုး ရူးများရူးနေလား၊ ခေါင်းက ဒဏ်ရာကြောင့် ရူးများရူးသွားသလား မသိ ... ယဉ်ယဉ်လေး ရူးချင်ရူးနေမှာ၊ ငါ မဆင်မခြင် လိုက်လာမိတာများပြီ"

ဟု ထားထားတိုး ကလေးလိုတွေလျက် စတင်၍ မျက်နှာကို လက်ဖဝါးဖြင့် အုပ်မိုး၍ ငိုကြွေးမိရပါပြီ။ ရန်တွေ့စကားလည်း မပြောရဲ။ မတော် ... ရူးနေလျှင် ပိုဆိုးချေမည်လေ။

ထားထားတိုး ငိုနေတော့ သူ ကားအရှိန်ကို လျှော့သည်။

ထား၏လက်ကလေးကို ညင်သာစွာ လက်တစ်ဖက်ဖြင့် ထွေးဆုပ်သည်။ ထားထားတိုး၏ လက်မောင်းနုနုအိအိလေးကို ပထမဆုံးအကြိမ် သူ့လက်ဖြင့် ထွေးကိုင်ခြင်း ...။

www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ ထားရယ် ... မိုးလေ ထားကို အရမ်းချစ်တာ ... အခုမှ မဟုတ်ဘူး၊ ဟိုးအရင်နှစ်များစွာကတည်းက ချစ်ခဲ့တာ၊ ဒါပေမဲ့ ... ထားက ဓွဲကို ပိုခင်တယ်၊ ပိုသံယောဇဉ်ကြီးတယ်ဆိုတာ နားလည်နေရတာမို့ ... မိုး မပြောဖြစ်နိုင်ခဲ့တာပါ ထား"

ဟု တိုးဖွဖွ ချော့သလို ပြောတော့ ထားထားတိုးသူ့လက်တွင်းမှ လက်မောင်းလေးကို ဆောင့်ရုန်းသည်။ စူးစူးရှရှလည်း ကြည့်သည်။

"မဆိုင်တာတွေ ဝင်မပြောနဲ့ ကိုမိုး၊ ထားကိုချစ်တယ်ဆိုရင် ခုလို ဘာလို့ ခိုးပြေးနေရတာလဲ၊ မိသားဖသားပီပီ တောင်းရမ်းပါလား၊ အဲဒါဆို ထား တစ်ခုခု ပြေမှာပေါ့၊ ခုလို တစ်ဖက်သတ်ကြီး အနိုင်ယူခိုးပြေးတာမျိုးကို ထားမုန်းတယ်၊ ထားကို အထင်သေးတာ၊ လွယ်လွယ်နဲ့ရမယ်လို့ သတ်မှတ်ခံရတာ"

ထားထားတိုး၏ အသံက စူးစူးရှရှ၊ ဒေါသသံအထွေးထွေးနှင့်ပါ။ သူ အတန်ကြာ ထားထားတိုးကို ကြည့်သည်။ ရှေ့မှလာနေသည့် ကားကို မီးလာမှ ကမန်းကတန်း သူရှောင်ဖြစ်၏။ တစ်ဖက်ကားဆီမှ လှမ်းအော်သွားသံကို ကြားရသည်။ သေသွားချင်သလားဟု အော်သွားခြင်းဟု ခံစားမိ၏။

"မဟုတ်ဘူး ထား၊ မိုးဟာ ထားကို အထင်သေးတာမဟုတ်ဘူး၊ ချွဲလမ်းတာ၊ ချစ်တာ၊ မြတ်နိုးစွာ ချစ်တာ ဒါပေမဲ့ အရာရာမှာ နောက်ကျခဲ့တတ်တဲ့ မိုးရဲ့ဘဝကြောင့် ဘာဆိုဘာမှ ဖွင့်မပြောခဲ့တာပါ ထားရယ် ... ၊



နဲ့ပတ်သက်လာရင် မိုးဟာ အမြဲနောက်ကော်ပါးကို ရောက်ရတဲ့သူပါ၊ မိုးရဲ့ဘဝ၊ မိုးရဲ့မိဘချစ်ခြင်း၊ မိုးခိုလှုံနေတဲ့ သီရိမြိုင်၊ မိုးလုပ်ကိုင်နေရတဲ့ ရတနာမိုးရဲ့ လုပ်ငန်းအလုပ်အဆိုင် အားလုံးကို ဘယ်သူယူသွားပြီ ထင်လဲဟင် ထား၊ ဘယ်သူက မိုးရဲ့နှလုံးအိမ်ထဲက ဆွဲနုတ်ယူပြီ ထင်လဲဟင်၊ ဖြေစမ်းပါဦး ထားရဲ့၊ ဖြေစမ်းပါ"

ကြေပြုန်းနေသော လူတစ်ယောက်၏ နှလုံးအိမ်မှ ပွင့်ကွဲလွင့်ထွက်လာသည့်နှယ် အသံတွေက အက်ကွဲလိုက်ခါနေသည်။ ထားထားတိုး ဘာပြန်ဖြေရမှန်းမသိ။ သီရိမြိုင်မှာ ဆိုးရွားသော ကြုံကြိုက်ဖြစ်တည်မှုတော့ ရှိခဲ့ ဖြစ်ခဲ့ပြီးပြီဟု နားလည်လာရလျက် သူ့ကိုပဲ ထား တစ်ချက်ငေးကြည့်မိသည်။

မေးကြောများ ထောင်ထလာအောင် အံကိုတင်းခဲနေအောင် သူ ကြိတ်ထား၏။ မျက်ဝန်းများက နီရဲနေသည်။ မျက်ခုံးနှစ်ခုက ဆက်တော့မယောင် တွန့်နေ၏။

"ဓွဲပေါ့ ထား၊ ဓွဲဟာ ဖေဖေ့ဆီက အချစ်တွေကို လုယူသွားခဲ့ပြီ၊ ယူချင်သည်ဖြစ်စေ၊ မယူချင်သည်ဖြစ်စေ ဖေဖေ့အချစ်က သူ့ဆီမှာပဲ စုပုံနေပြီ၊ အဟင်း ဟင်း ... သူ ယူချင်မယ် ဆိုတာကိုလဲ မိုး နားလည်ပါတယ်၊ အဲဒီအချစ်တွေကို ဘာလို့သူက ငြင်းပယ်ရမှာတဲ့လဲ"

ပြောပြီး နာကြည်းစွာ သူ ခပ်မဲ့မဲ့ရယ်သည်။ နဖူးပြင်ပေါ် ဝဲကျနေသည့် ဆံနွယ်များက ဝေ့ဝေ့ဝဲဝဲ။

သူ ထားထားတိုးကို ငုံ့ကြည့်မိ၏။ ချစ်ရမှန်းစိတ်ဖြင့် သူ တောင်းပန်သလို ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိုးကို ခုလို စိမ်းစိမ်းကြီး မကြည့်ပါနဲ့ ထားထားတိုးရယ် ဖွဲ့ဆိမှာ မိုး ပိုင်ဆိုင်ခဲ့ရဖူးတဲ့ အရာတွေအားလုံးကို ပေးလိုက်ရပြီးပေမယ့် တစ်ခုကိုတော့ မိုးမပေးနိုင်ဘူး၊ သူသိပ်လိုချင်တဲ့အရာ၊ မိုးလဲသိပ်မြတ်နိုးတဲ့အရာ၊ အဲဒါကိုတော့ ဆုံးရှုံးရတာတွေ များနေပြီဖြစ်တဲ့ မိုး၊ အဆုံးမခံနိုင်တော့တာမို့ ခု ခိုးယူလာရတာပဲ၊ ထားကို မိုး ခိုးယူလာရတာပဲ"

ပြောပြီး သူ ခြောက်ကပ်စွာ ရယ်သည်။

"အခု သူသိလောက်ပြီပေါ့၊ သိရိမြိုင်ကရော၊ ဖွဲ့ရော အားလုံး သိလောက်ပြီပေါ့၊ ထားကို မိုးယူသွားပြီဆိုတာ သူ ငိုနေမလား၊ ဆုံးရှုံးရခြင်းဆိုတာ ဒီလိုပါလားလို့ သူ သိနေပြီလား၊ အဟင်းဟင်း ... အချစ်ကို လုယူခံရတာ နှလုံးသားနဲ့ ခံစားရမှ နားလည်တာ ထားရဲ့၊ မိုးရဲ့ဖေ အချစ်ကို သူ လုယူသွားခဲ့တာကို သူ ဘယ်ခံစားနားလည် နိုင်ပါ့မလဲ၊ သူက ရတဲ့သူကိုး၊ မိုးမနေ့ညက တစ်ရေး မအိပ်နိုင်ဘူး၊ မျက်ရည်ကျနေမိတာ သူ ဘယ်သိမလဲ အို ... ဘယ်သူမှ မသိပါဘူး ထားရယ်၊ မသိအောင် မိုး ခဲ့တာပဲ၊ နောက်တော့ မိုး ဆုံးဖြတ်လိုက်တယ်၊ ထား မိုး အဆုံးမခံနိုင်တော့ဘူးလို့၊ ဒါကြောင့် ထားကို မိုးခေ လာခဲ့တာ"

သူ ဘာတွေပြောနေမှန်း ထားထားတိုး ဓာတ်ညှိ မလည်။

လောလောဆယ် ထားထားတိုး အိမ်ပြန်ချင်တာ သိနေသည်။ ဒါကြောင့် သူ့ကို ထုရိုက်ပစ်ရင်းမှ ...



"ထားကို ပြန်ပို့၊ ထား ... မိုးကို ဒီလိုနည်းနဲ့ ဘယ်တော့မှ လက်မခံဘူး၊ မိုးကို ထား မုန်းတယ် ... မုန်းတယ်၊ ထားကို အထင်သေးတဲ့ မိုးကို မုန်းတယ်"

ထားထားတိုး မျက်စိကို စုံမှိတ်၍ သူ့ကိုထုရိုက်ရင်းမှ အော်ပြောတော့ သူ့လက်တစ်ဖက်က တား၏ လက်မောင်းကို ဆောင့်ကိုင်ပစ်ရင်းမှ ...

"မပြောနဲ့ မုန်းတယ်ဆိုတဲ့ စကားကို မပြောစမ်းနဲ့ ထား"

ဟု ဝေါက်ဆတ်ဆတ် ပြောလာသည်။ ထားထားတိုး ကြောက်ကြောက်နှင့် မော့ကြည့်တော့ လက်တောက်နေသော ဒေါသရိပ်သင့်သည့် အကြည့်များဖြင့် ကြည့်နေသည့် သူ့မျက်ဝန်းငြင်ဆုံ၏။ ထားထားတိုး၏ ကိုယ်လေး တွန့်ခနဲ ဖြစ်သွားကာ ကလေးတစ်ယောက်လိုပဲ ကြောက်ကြောက်နှင့် အသံတိုးတိုးလေး ငိုတော့ သူ ခပ်တွေတွေကြည့်သည်။

လက်တောက်နေသော ဒေါသမျက်ဝန်းများမှာ ပျော့ပျောင်း ကြင်နာရိပ်တွေ ဝင်လာသည်။ ထား၏ခေါင်းလေးကို ဆွဲယူ၍ ပခုံးထက်မှာ ရုတ်ခနဲ ဆွဲတင်လိုက်ရင်း ဆံစလေးများ ငုံ၍ နှုတ်ခမ်းဖြင့် ဖိနမ်းရင်းမှ ...

"ချစ်လွန်းလို့ပါ ထားရယ်"

ဟု ခပ်ညည်းညည်း ပြောသည်။

သတိဝင်လာလျက် ထားထားတိုး ဆောင့်ခနဲ ရုန်းတော့ သူ တစ်ချက်ကြည့်သည်။ မျက်နှာက ပြန်တင်းလာ၏။

"မင်းကို မိုးချစ်တာ အခုမှ မဟုတ်ဘူး၊ ငယ်ကတည်းက မင်းဟာ ငါ့ရဲ့ငယ်ချစ်ပဲ ထားထားတိုး၊ မင်း ငါ့ကို ရွေး

www.burmeseclassic.com



ထွေးတဲ့ လက်လေးတွေနဲ့ တုံ့ပြန်ဆုပ်ကိုင်လာကောင်းရဲ့လို့ မျှော်လင့်မိခဲ့ပေမယ့်၊ အဲဒါတွေဟာ ဖြစ်မလာနိုင်ဘူးဆိုတာ ငါသိနေရတာကိုက ငါ့ရင်ကို အဆိုးရွားဆုံး နှိပ်စက်နေတာပဲ ထား၊ မင်းကို မိုး ဘယ်ထိ ချစ်တယ်ဆိုတာ မိုးပဲသိတယ်၊ တုန္ဒိုင်းစရာ မမြင်ရတဲ့ အချစ်နဲ့ ချစ်တာ မြတ်နိုးတာ၊ အဲဒီအချစ်ဟာ ပေါ့တန်တန် မဟုတ်ဘူး၊ မင်းကို တန်ဖိုးထားပြီး ချစ်တဲ့ ဒီအချစ်ဟာ ဘယ်အခါမှ ထွက်ခွာသွားမယ် ထင်သလဲ ထား၊ ဟင် … သိရဲ့လား"

အံကို တစ်ချက် ကြိတ်လိုက်ရင်းမှ …

"မိုးရဲ့ဝိညာဉ် … မိုးရဲ့ဝိညာဉ်ဟာ ဒီခန္ဓာက ထွက်ခွာသွားမှပဲ ယှဉ်ပြီးတော့ အဲဒီအချစ်ဟာ လောကကြီးထဲက ထွက်ခွာသွားမှာ၊ အဲဒါ နားလည်ထား၊ မင်းကို ချစ်တဲ့ အချစ်ဟာ မိုးသေတဲ့အထိ ပါသွားမှာ၊ မင်းကို ငါသေမှ ခွဲမယ် ထား"

ဟု ပြောပြီး ကားကို အရှိန်နှုန်း ဖြန်မြှင့်သည်။

ထားထားတိုး သူ့ကို ထုရိုက်၏။ လက်မောင်းကို ငုံ့၍ လုပ်မိလုပ်ရာ ကိုက်ပစ်မိသည် အထိပါ။ သူ မရုန်း။ အော်လည်း မအော်။ အံခဲလျက် ရှေ့ကိုပဲ မဲကြည့်ရင်းမှ ကားရှိန်မြှင်း မောင်းဆဲ။

ရှေ့မှသွားနေသည့် ကုန်တင်ကားကြီးကို ကျော်တက်ဖို့ သူ ဟွန်းတီးလမ်းတောင်းနေသည်။ ရန်ကုန်မြို့နှင့် အဝေးဆုံး နေရာကို မောင်းနေဖို့ပဲ ဇောကပ်နေသည့်အတွက် ရှေ့မှ ကုန်တင်ကားကြီးက ကားတစ်စီး တစ်ဖက်မှ မောင်းလာနေကြောင်း နောက်မီး



ဖြင့် အချက်ပြနေတာကို ထားထားတိုး နောက်ကျသွားပဲ လှမ်းမြင်ရချိန်မှာ ကြောက်လန့်တကြားဖြင့် …

"ကိုမိုး ရှေ့မှာ ကားလာနေတယ် မကျော်တက်နဲ့"

ဟု တားပေမယ့် ကားဖြူလေးမှာ အရှိန်မတန့်နိုင်တော့ဘဲ ကျော်တက်နေပြီမို့ ကားနှစ်စီး ခေါင်းချင်းဆိုင် တိုက်မိကြတာ။

ကားကို တစ်ဖက်သို့ သူ တတ်နိုင်သမျှ ကွေ့ယူပစ်လိုက်တာ …

ထားထားတိုး၏ ကိုယ်လေးကို သိုင်းဖွေ့ယူငင်ရင်း ကျစ်နေအောင် ဖက်ထားတာ။

ဒါတွေအားလုံး ချက်ချင်းကြီး သွေးပျက်မတတ် ကြုံလိုက်ရပါပြီတည်း။ ဆူညံသံတွေကတော့ ပွက်ထနေသည်ပါပဲ။

ကုန်ကားဆီမှလား။ ထား၏ နှုတ်မှလား။ ကိုမိုး၏ နှုတ်မှလား။

တစ်ဖက်ကားဆီမှလား။ မသိရ။ အသံတွေကတော့ ဆူညံကုန်သည်ဟု ထားထင်သည်။

မိုက်ခနဲ ဖြစ်သွားကာ အမှောင်ကိုပဲ ထားသိလိုက်ရပြီးသည့်နောက်မှာ မျက်ဝန်းတွေကို ပြန်ဖွင့်ချိန်မှာတော့ ကားနှစ်စီး တိုက်ထားတာ။ ထားကိုယ်လေး လယ်ကွင်းဘေး မြက်ခင်းစိမ်းထက်မှာ ပွေ့ပိုက်ထားသူတွေ၏ ရင်ခွင်ထဲမှာ ရှိနေတာ။

ကားလမ်းပေါ်မှာ တင်ရှိနေသော မှန်ကွဲစ်များ ခရေချောင်အောက်မှာ လက်တောက်နေတာ။ အားလုံးကို ချောက်ချောက်ချားချား သိနေ မြင်နေရသည်။

www.burmeseclassic.com



လှူးလဲထခိုက် ခေါင်းသည် မိုက်ခနဲ ဖြစ်၏။ နဖူးထက်မှာ သွေးတွေစီးကျနေတာကို သိနေရသည်။ အဝတ်စတစ်ခုဖြင့် ခေါင်းကို ပတ်တီးစည်းသလို စည်းနှောင်ပေးထားတာကို နားလည်လိုက်ရလျက် ဖွေ့ပိုက်ထားသော မိန်းမကြီးကို မော့ကြည့်ရင်း မှုးရိပ်ဝေရီဖြင့် ...

"ကိုမိုးရော"

ဟု မေးမိ၏။

"သတိရလာနေပြီ၊ မိန်းကလေးတော့ သတိရလာနေပြီ၊ သူ့အဖော်ကို မေးနေတာ၊ ဟိုမှာ ဟိုမှာ မြန်မြန်ပြလိုက်ပါဦး၊ ဟိုကလဲ မေးနေတာ ... ခမျာလေး စိတ်ကျေနပ်သွားအောင် ပြလိုက်ပါ"

ဟု ဘေးမှ မိန်းမကြီးတစ်ယောက်က ဝင်ပြောသည်။ ကြည့်ရတာ ကုန်ကားရှိ ရှေ့ခန်းမှ လိုက်လာသော မိန်းမကြီးများဖြစ်ဟန်တူသည်။ အသက်ငါးဆယ်လောက်တော့ ရှိမည်။ နှစ်ယောက်စလုံး တုတ်တုတ်ခိုင်ခိုင်ဖြင့်ပါ။

"လာ ... လာ"

ဟု တွဲခေါ်လျက် အဒေါ်ကြီးနှစ်ယောက် ခေါ်လာတော့ တစ်ဖက်ကားမှာလည်း နောက်ဘက်မှလာသည့် ကားတွေရပ်လျက် လူတွေစုပြုံကြည့်ကြ၏။ လူနာတစ်ယောက်ကို ပြုစုကူညီကြနှင့် ဖြစ်နေကြတာကို မြင်၏။

မိုး၏ကားလေးကို ထားထားတိုး ကမန်းကတန်းကြည့်သည်။ ကားထဲမှာ ကိုမိုး ရှိမနေ။ ရပ်ထားသော ခရီးသွားပါပလေကာ ကားဖြူလေးထက်ဆီမှ ...



"လာခဲ့ ... လာခဲ့၊ အနုပဲ လာခေါ်မလို့ ... သတိရတယ်ဆိုရင် လာခဲ့ဖို့ ခေါ်မလို့၊ ဆေးရုံလဲ ခေါ်သွားတော့မလို့"

ဟု ကားတွင်းမှ ခရီးသွားချင်း ကူညီသည့် ဦးလေးကြီးတစ်ယောက်မှ ပျာပျာသလဲ လှမ်းခေါ်သည်။ မျက်နှာလည်း မကောင်း။

ထားထားတိုး ရင်ထဲ ထိတ်ခနဲ ဖြစ်သည်။ မိုးအခြေအနေမှ ကောင်းပါရဲ့လား။ လူတွေကတော့ ဝိုင်းပြုစုနေကြသည်ပဲ။

"မေးနေတယ်"

ဟု လှမ်းအော်နေတော့ ခြေလှမ်းကို အားယူ၍ သွက်သွက်လှမ်းရသည်။ အဒေါ်ကြီးကလည်း ဘေးမှတွဲယူခေါ်ပေးနေကြသည်ပါပဲ။ ခြေထောက်တစ်ဖက်က နာနေသည်။ အတော်အားယူထောက်နေရသည့် အဖြစ်။

"ဟိုဘက်က ကားကတော့ အခြေအနေ မဆိုးဘူး မိန်းကလေး၊ ခေါင်းပေါက်တာတို့၊ လက်ကိုထိသွားတာတို့ လောက်တော့ ဖြစ်တယ်၊ သူတို့က ကားမောင်းရင်း ထိုင်ခုံခါးပတ်ပတ်ထားတာလေ၊ အဲဒါက ကယ်သွားတာ"

ဟု ဒေါ်ကြီးတစ်ယောက်က ပြောတော့ ခေါင်းညိတ်ပြရင်း တစ်ဖက်ကား အတွက်တော့ ရင်အေးသွားရပါ၏။

"ကိုမိုးရော ... ကိုမိုးရောဟင်၊ ဘာဖြစ်နေလဲ၊ သူဘာဖြစ်သွားလဲ"

ဟု စိုးရိမ်စိတ်ဖြင့် မေးနေမိရဆဲမှာပင် ရပ်ထားသော ခါပလေကာကား နောက်ခန်းဆီသို့ ရောက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ပေးလိုက် ဖယ်ပေးလိုက်၊ မေးနေတာ သူ့ကိုပဲမေး
နေတာ"

ဟု ကားနောက်ခန်းထဲမှ လူကြီးတစ်ဦးက လူတွေကို ဖယ်ခိုင်းသည်။ ကိုမိုးက ထားကို မေးနေသည်တဲ့ဟု တွေးဖြစ်လျက် စိုးရိမ်စိတ်ဖြင့် ကားနောက်ခန်းတွင်းသို့ ထား ဝင်သည်။ ထား ခြေထောက်တွေ လက်တွေ တုန်နေ၏။ ခြေမခိုင် လက်မခိုင် ဖြစ်နေတာလည်း အမှန်။

"ဘုရားရေ ... ကိုမိုး ... ကိုမိုးရယ် သွေးတွေ မြင်မကောင်း
ပါလား"

ဟု ထားထားတို့ စိုးရိမ်တကြီး တွေးမိရင်းမှ အရာရာကို မေ့လျော့သွားလျက်။ နာကျင်ခြင်းများကိုပင် မေ့လျော့စွာ တိုးကပ်မွေ့ပိုက်လိုက်မိရပါပြီတည်း။

မိုး၏ပါးစပ်တွင်းမှ သွေးတွေ အန်ထွက်နေသည်။ ရင်ဘတ်နှင့် ကားစီးရာတိုင် ဆောင့်မိသည်ဟု တစ်ယောက်ပြောနေသံကို ကြားရ၏။

ထား ကိုယ်လေး လွင့်ခနဲ ဖြစ်ခိုက်မှာ မိုး၏ကိုယ်လည်း မြောက်ခနဲ ဖြစ်သွားတာကို ဝိုးဝါးမှတ်မိလျက် ...

"ကိုမိုး ... ကိုမိုး"

ဟု ခေါ်နေမိရပါပြီ။ ခါးလည်း ထိထားပုံရသည်။ လှုပ်ရှားနိုင်ဟန်မတူ။

"ဖယ်ပေးလိုက်ကြပါ၊ သူတို့ အေးအေးဆေးဆေး ပြောပါ
စေ"



ဟု တစ်ယောက်၏ ပြောသံကို ကြားရ၏။ ထားမှ ကိုမိုး၏ ကိုယ်လေးကို မွေ့ထားရင်းမှ ...

"ဆေးရုံပို့ပေးကြပါ"

ဟု ချောက်ချားစွာ ပူပန်စိတ်ဖြင့် ငိုကြွေးပြောမိရပါပြီ။ ထား၏ ငိုသံကို ကြားရပုံဖြင့် သူ့မျက်ဝန်းတွေ အားယူဖွင့်လာသည်။ အမြင်ကြည်လင်ပုံမရ။ ဒါပေမဲ့ အားယူပြုံးရှာ၏။

"ထားထားတို့ ဘာမှမဖြစ်ဘူးနော် ... မဖြစ်ဘူးနော်"

ဟု မေးလာသည်။ စောစောကလည်း ဒါကိုပဲ မေးနေသည်ဟု ထား ကြားခဲ့ရသည်ပဲ။

တစ်ချက် ပြန်၍ သတိလစ်သွားဟန်တူ၏။ ယခု ထားကို တွေ့ရတော့ ရင်ထဲအေးသွားဟန်တူသည်။ လက်ကိုလှုပ်လာတာမို့ သူ့လက်ကို ထား၏လက်လေးတွေ ထွေးယူလိုက်လျက်မှ ...

"ထား ဘာမှမဖြစ်ပါဘူး ကိုမိုးရယ်၊ ကိုမိုး နေကောင်း
သွားမှာပါ၊ အခု ဆေးရုံသွားကြတော့မှာ"

ဟု ပြောတော့ သူ ပြုံးသည်။

ထား၏ လက်လေးကို အားယူ၍ သူ ပြန်ထွေးဆုပ်၏။

"ဖေဖေ့ကို ပြောလိုက်ပါ ထားရယ်၊ ဖေဖေ့ကို မိုး သိပ်ချစ်
ပါတယ်လို့နော် ... မိုး ချစ်တဲ့ မေမေ့ကိုလဲ ထား ဂရုစိုက်
ပေးပါ"

ဟု အားယူပြောတော့ ထား ဟစ်၍သာ ငိုပစ်လိုက်ချင်သည်။ သူ့ကိုချစ်သော အန်ကယ်ပြည့်၏ အချစ်များကို ဗွဲမှ

www.burmeseclassic.com

www.burmeseclassic.com



လုယူသွားသည်ဟု စောစောက မျက်ရည်ဝဲစွာ သူ နာနာကြည်း
ကြည်း ပြောခဲ့သည်ကို ထား ပြန်၍ အမှတ်ရမိပါ၏။

ရင်ထဲမှာ မကောင်းနိုင်။ သူ့ကိုယ်ကို ထွေးပိုက်
သားရင်းမှ ပါးစပ်မှ အန်ကျလာသည့် သွေးတွေကို ကယောင်
ကတမ်းဖြင့် လက်လေးတွေနှင့် သုတ်ပေးနေမိပါ၏။

ကားတွင်းမှာ စောစောက ရှိနေသော လူတွေလည်း
းအာက်သို့ အလိုက်တသိ ဆင်းပေးကြတာမို့ လေတိုက်၍
ကဖျပ်ဖျပ်လွင့်နေသည့် ဆံစများကို ထားထားတိုး သိမ်းဖယ်ပေး
ငြင်းမှ ...

"ကိုမိုး နေကောင်းအောင်နေပါ၊ သတိထားပါ၊ စိတ်တင်း
ထားပါ ကိုမိုးရယ်"

ဟု ငိုရှိုက်ပြောနေမိရပါ၏။ သူ ပြုံးသည်။ ထားထား
ှံးကို မော့ကြည့်၏။

လက်တွေအားယူလျက် ပါးပြင်ထက်မှ မျက်ရည်
 သုတ်ပေးဖို့ သူ ကြိုးစားသည်။ သူ့လက်မှာ သွေးတွေပေနေ
။ ထားထားတိုး ဖွဖွပင်ယူ၍ ပါးပြင်ထက်မှာ တင်ထားပေးမိ
က်ရပါပြီ။

"မငိုနဲ့ ... ထား"

သူ့အသံတွေ လေးလာတာမို့ ထား အရမ်းကို
မြ်လျက် ...

"ဆေးရုံပို့ပေးမှာဆို ... ပို့ပေးကြပါ"

ဟု အထိတ်တလန့် ပြောနေမိရသည်။ သူလက်
၏။ မျက်နှာတစ်ချက် ရှုံ့သည်။



"ထားကို အ ... ဆုံး ... ရှုံး ... မခံနိုင် ... လွန်းလို့ဝါ_
ထားရယ်၊ ချစ် ... လွန်း ... လို့ ... ပါ"

အားယူ၍ တစ်လုံးချင်း ပြောနေသည်မှာ ပင်ပန်း
လွန်းလှမှန်း သိသာသည်။ ဓာဖြင့် ပြောနေခြင်း ဆိုတာလည်း
ဘေးလူများ ရိပ်မိနေစေသည့် အဖြစ်။

"ထား ..."

သူ့အသံတွေက တိုးမျှင်မျှင်။ နှုတ်ခမ်းကို အားယူ
လှုပ်ရှားနေရသည့် အသွင်ကို ထားထားတို့ ကုန်လှုပ်စွာ စိုးရိမ်
တကြီး ကြည့်နေမိရင်းမှ သိမ်းကျုံးပွေ့မိလျက် ...

"ဟင့်အင်း ... ဟင့်အင်း ... ကိုမိုး ဘာမှမဖြစ်ရဘူး"

ဟု ကလေးလိုပဲ ငိုရင်းပြောနေမိရပါပြီတည်း။

သူ ထား၏အသံတွေကို သဲကွဲစွာ ကြားနိုင်ဟန်
မတူတော့။ အားယူ၍ လက်တစ်ဖက်က အင်္ကျီအိတ်ကပ်ကို နှိုက်
ယူသည်။ ထားထားတိုး ယူပေးမည်လုပ်တော့ သူခေါင်းခါသည်။
သူကိုယ်တိုင် ယူပေးလိုသည့် သဘောမို့ ငိုရှိုက်ရင်း လိုက်လျော
ပေးလိုက်ရသည်ပါပဲ။

ဓာနှင့် သူ့လက်တွေက အိတ်ကပ်တွင်းမှ ပစ္စည်း
လေးကို ရယူလိုက်နိုင်ပြီ။

လက်တွင်းပါလာသည်က သွေးတွေစွန်းပေနေသည့်
အပြာစင်းပါသော လက်ကိုင်ပဝါ။

"ဖွင့်ကြည့် ... ပါ ... ထား ..."

သူ့အသံက ပုံမှန်မဟုတ်တော့။ အရမ်းကို တိုးလာ
လျက် လေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထားထားတိုး ငိုရှိုက်ရင်းဖြင့်ဖင် လက်ကိုင်ပဝါလေးကို ဖြေကြည့်တော့ ဝါဝွမ်းစဖြင့် ထုပ်ပတ်ထားသောအရာ။ ဝါဂွမ်းစဖွေးဖွေးမှာလည်း သွေးတွေက လက်ကိုင်ပဝါမှ စိမ့်ကျနေရဲ့နေသည်ပါပဲ။

ထားထားတိုး ဂွမ်းစလေးကို ဖယ်လိုက်ကာ ကြည့်မိစဉ်ခိုက်မှာ မျက်ရည်များ ဘယ်လိုမှ ထိန်းမရစွာ ကျလာလျက်မှ နှလုံးအိမ် တစ်ခုလုံး ပြိုလဲသွားရသည့်နှယ် ခံစားရလျက် သူ့ကို ကြည့်မိတော့ မျက်တောင်များ မှေးပိတ်ကျလျက် ထား၏ရင်ခွင်မှာ အငြိမ်သက်ကြီး ငြိမ်သက်နေသည်ကို ချောက်ချားစွာ၊ ငြင်းပယ်လိုခြင်း များစွာဖြင့် တွေ့လိုက်ရပါပြီတည်း။

ထားထားတိုး၏ ဘဝတစ်ခုလုံး သူနှင့်အတူ လိုက်ပါသွားရသည့်နှယ်ပါတကား။

လူသည် ကျန်ခဲ့လျက် ဝိညာဉ်သည် သူနှင့်အတူ လိုက်ပါသွာရသည့်နှယ်သာတည်း။

"ကိုမိုး ..."

ရင်အုံကို ထွင်းဖောက်ထွက်လာသည့်နှယ် ကြေကွဲစွာ အော်ခေါ်မိရင်း သူ့ကို မလွတ်တမ်း ပွေ့ထားမိလျက်မှ သူ့ရင်ခွင်မှာ ခေါင်းဝင်မိလျက် ...

"ဒီလို လုပ်မသွားပါနဲ့ ကိုမိုးရယ် ...၊ ထားကို ဒီလိုချန်မထားရစ်ပါနဲ့၊ ထားကို ဘယ်လောက်ထိ ချစ်တယ်ဆိုတာ သိအောင် ပြောပြခဲ့ပြီးမှ သက်သေပြခဲ့ပြီးမှ ထားကို ဒီလောကအလယ်မှာ တစ်ယောက်တည်း ဒီလိုမထားရစ်ခဲ့ပါနဲ့လား၊ ထားကို ခေါ်ပါ၊ ထားကို ခေါ်ပါ ကိုမိုးရယ် ..."



ဟု ပြောနေမိရဆဲမှာ ထား၏မျက်ရည်စက်များသည် သူ့ရင်ခွင်ဝယ် သွေးနှင့်အတူ စွန်းထင်း၏။

သူ့ကို တင်းခဲနေအောင် ပွေ့ပိုက်ထားသော ထား၏ လက်ဖဝါးတွင်းဝယ် သူ၏ သွေးစွန်းထင်းနေသော ချွေးစေ့နီနီလေး .. ငါးလုံးသည် မြတ်နိုးမဆုံးသော ရတနာများနှယ် ကြေကွဲစွာ ရှိနေချေသည်တည့်။

ဝိညာဉ်ခန္ဓာ ပျက်ကြေသွားကာမှ
မြတ်နိုးစွာ ဝေယုက်ထားလေတဲ့
မောင့်အချစ်တွေ ယှဉ်တွဲစွာ ဆွတ်ခွာသွားချေမပေါ့
ယုံကြည်တော့ ချစ်တဲ့ခင် ...။

နွေးထွေးစွာ ဆုပ်ကိုင်ထားလေမလားရယ်လို့
ပေးကမ်းလာ မောင့်လက်ဖဝါးတွေကိုဖြင့်
လှမ်းလင့်လို့ ခင်မယူငင်
မတွယ်ငင် ခင်လေ ငြင်းချေတော့
ပျက်ကြေပေါ့ ဘဝအစဉ် ...။

မောင်သာသိလေတဲ့ အချစ်များရယ်က
တုနှိုင်းစရာ ဘယ်မှာမရှိနိုင်စွမ်းတော့ဘို့
ဝန်ထုပ်ဗမာ ရင်မှာဖိစီးကြချေရဲ့.
ဝင်ငုံကာ တစ်ချက်ကြည့်ရင်ဖြင့်
ထောက်ချင့်စွာ မြင်နိုင်လောက်ပါရဲ့.

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းမသိလေတဲ့ ...

မောင့်ရဲ့ ... ချစ်မိတဲ့ ဝန်ကိုပါခင် ...

ဩော် ...

အတိုင်းမသိ ချစ်မိသည့် ဝန်ကိုပါ ... ခင် ...။

မှူးဝေခံစားခြင်းများစွာဖြင့် ...



မဟူရာ(လှိုင်ကော်)

(၁၅-၅-၉၅)

www.burmeseclassic.com